# ခုဒ္ဒကနိကာယ်

# ပဋိသမ္ဘိဒါမဂ်ပါဠိတော်

# နိဿယ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နတွာ ဝတ္ထုတ္တယံ သုခ၊ ဒ္ဒံ သာဓုံဝ နိဿယံ။
လိခိဿာမိ အာစေရဿ၊ ဝါစနတ္ထံ ပရမ္ပရာ။ ။

သုခဒ္ဒံ၊ ချမ်းသာသုံးပါးကို ပေးတော်မူတတ်သော။ ဝတ္ထုတ္တယံ၊ ရတနာသုံးပါးအပေါင်းကို။ နတွာ-နမာမိ၊ ရှိခိုးပါ၏၊ နတွာ၊ ရှိခိုးပြီး၍။ အာစေရဿ၊ ဆင်တဲဆရာတော်၏။ ဝါစနတ္ထံ၊ ချနက်ဖြစ်သော။ နိဿယံ၊ မှီရာနိဿယကို။ ပရမ္ပရာ၊ အဆင့်အဆင့်။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ပေက္ခိတုံ၊ ကြည့်ရှုစိမ့်သောငှါ။ သာဓုံဝ၊ ကောင်းစွာလျှင်။ လိခိဿာမိ၊ ရေးတင်လိုက်အံ့။

## ၁—မဟာဝဂ်

### မာတိကာ

၁။ သောတာဝဓာနေ၊ နာကြားအပ်သော တရားအပေါင်း၌။ ဝါ၊ သောတဒွါရကို အစဉ်မှီး သဖြင့် သိအပ် မှတ်အပ်သော တရားအပေါင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယဉာဏ်မည်၏။ ဝါ၊ သုတဖြင့်ပြီးသော ဉာဏ်မည်၏။

၂။ (သုတမယဉာဏေ၊ သုတမယဉာဏ်၌။ ဝုတ္တံ၊ ဆိုအပ်သော။ ဓမ္မံ၊ တရားကို။) သုတွာန၊ နာကြားပြီး၍။ ဝါ၊ နာကြားရသောကြောင့်။ သံဝရေ၊ လေးပါးသော စောင့်စည်း ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။ ။တနည်းကား၊ သမ္ပယုတ္တာ၊ ယှဉ်သော။) ပညာ၊ ပညာသည်။ သီလမယေ ဉာဏံ၊ သီလမယဉာဏ်မည်၏။ ဝါ၊ သီလဖြင့်ပြီးသော ဉာဏ်မည်၏။

၃။ (သီလမယဉာဏေ၊ သီလမယဉာဏ်၌။ ဝုတ္တသီလသံဝရေန၊ ဆိုအပ်သော သီလသံဝရ ဖြင့်။) သံဝရိတွာ၊ ကောင်းစွာစောင့်စည်း၍။ သမာဒဟနေ၊ (တခုတည်းသောအာရုံ၌စိတ်ကို) ကောင်းစွာထားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ သမာဓိဘာဝနာမယေ ဉာဏံ၊ သမာဓိဘာဝနာမယဉာဏ်မည်၏။ ဝါ၊ သမာဓိဘာဝနာဖြင့်ပြီးသော ဉာဏ်မည်၏။

၄။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းတရားတို့ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။ ဝါ၊ အကျိုးတရားတို့၏ တည်ကြောင်းကို သိသောဉာဏ်မည်၏။

၅။ အတီတာနာဂတပစ္စုပ္ပန္နာနံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော။ ဓမ္မာနံ၊ (ခန္ဓာငါးပါး) တရားတို့ကို။(ဧကေကလက္ခဏော၊ အနိစ္စအစရှိသော တပါးပါးသော လက္ခဏာ၌)။ သံခိပိတွာ၊ ချုံး၍။ ဝါ၊ ပေါင်းရုံး၍။ ဝဝတ္ထာနေ၊ပိုင်းခြားမှတ်သားရာ၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ သမ္မသနေ ဉာဏံ၊ သမ္မသနဉာဏ်မည်၏။ ဝါ၊သုံးသပ်ဆင်ခြင်သော ဉာဏ်မည်၏။

၆။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ (ခန္ဓာငါးပါး) တရားတို့၏။ ဝိပရိဏာမာနုပဿနေ၊ ဖောက်ပြန်ပျက်စီးခြင်းကို အဖန်တလဲလဲရှုရာ၌။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်၏။ ဝါ၊ အဖြစ် အပျက်ကို အဖန်တလဲလဲ ရှုသောဉာဏ်မည်၏။

၇။ အာရမ္မဏံ၊ (ရုပ်အစရှိသော) အာရုံကို။ ပဋိသင်္ခါ၊ ရှုဆင်ခြင်ပြီး၍။ ဝါ၊ ကုန်သည် ပျက်သည်ဟု သိမြင်ပြီး၍။ ဘင်္ဂါနုပဿနေ၊ (ရှုမြင်သော ထိုစိတ်၏) အပျက်ကို တဖန်ရှုရာ၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိပဿနေဉာဏံ၊ ဝိပဿနာဉာဏ်မည်၏။ ဝါ၊ အထူးထူးအပြားပြားအားဖြင့် ရှုသောဉာဏ်မည်၏။

၈။ ဘယတုပဋ္ဌာနေ၊ ဘေးအားဖြင့် ထင်သောအာရုံ၌။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ ။တနည်းကား၊ ဘယတုပဋ္ဌာနေ ပညာ၊ ဘေးဟုထင်မြင်သော ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ်မည်၏။ ဝါ၊ အပြစ်ကို သိသောဉာဏ်မည်၏။

၉။ မုဉ္စိတုကမျတာပဋိသင်္ခါသန္တိဋ္ဌနာ၊ (ဥပ္ပါဒစသည်ကို) စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော။ ပညာ၊ ပညာသည်။ သင်္ခါရုပေက္ခာသု ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ် မည်၏။ ဝါ၊ သင်္ခါရတို့ကို လျစ်လျူရှုသော ဉာဏ်မည်၏။

၁၀။ ဗဟိဒ္ဓါ၊ အပြင်ပဖြစ်သော သင်္ခါရနိမိတ်မှ။ ဝုဋ္ဌာနဝိဝဋ္ဋနေ၊ ထခြင်း ကင်းခြင်း၌။ ဝါ၊ ထခြင်း ဆုတ်နစ်ဖဲခွါခြင်း၌။ ဝါ၊ ထခြင်း မျက်လှဲပြုခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဂေါတြဘုဉာဏံ၊ ဂေါတြဘူဉာဏ်မည်၏။ ဝါ၊ ပုထုဇဉ်အနွယ်ကို ကျော်လွန်သော ဉာဏ်မည်၏။ ဝါ၊အရိယာအနွယ်သို့ သက်ရောက်သော ဉာဏ်မည်၏။

၁၁။ ဒုဘတော၊ နိမိတ္တာ ပဝတ္တာနှစ်ပါးစုံမှ။ ဝုဋ္ဌာနဝိဝဋ္ဋနေ၊ ထခြင်း ကင်းခြင်း၌။ ဝါ၊ ထခြင်း ဆုတ်နစ်ဖဲခွါခြင်း၌။(ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ မဂ္ဂေ ဉာဏံ၊ မဂ်ဉာဏ် မည်၏။ ဝါ၊မဂ်၌ ပါဝင်သော ဉာဏ်မည်၏။

၁၂။ ပယောဂပ္ပဋိပ္ပဿဒ္ဓိပညာ၊ (နှစ်ပါးစုံမှထမှု) မဂ်လုံ့လ၏ ငြိမ်းခြင်းကြောင့် ဖြစ်သော ပညာသည်။ ဖလေ ဉာဏံ၊ဖိုလ်ဉာဏ်မည်၏။ ဝါ၊ (မဂ်၏အကျိုး) ဖိုလ်၌ပါဝင်သော ဉာဏ်မည်၏။

၁၃။ ဆိန္နဝဋုမာနုပဿနေ၊ (ထိုထိုအရိယာမဂ်ဖြင့်) ဖြတ်အပ်ပြီးသော သံသရာ လမ်းကြောင်း (ကိလေသာအပေါင်း)ကို တဖန်ပြန်လှည့်၍ ရှုဆင်ခြင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။)

ပညာ၊ ပညာသည်။ ဝိမုတ္တိဉာဏံ၊ ဝိမုတ္တိဉာဏ်မည်၏။ ဝါ၊ ကိလေသာတို့မှ လွတ်မြောက်ခြင်းကို သိသော ဉာဏ်မည်၏။

၁၄။ တဒါ၊ ထို မဂ်ခဏ ဖိုလ်ခဏ၌။ သမုဒါဂတေ၊ ဖြစ်ပေါ် လာကုန်ပြီးသော။ ဝါ၊ ရအပ် သိအပ်ကုန်ပြီးသော။ ဓမ္မေ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို။ ဝါ၊ သစ္စာလေးပါးတရားတို့ကို။ ပဿနေ၊ ရှုရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပစ္စဝေက္ခဏေ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်မည်၏။ ဝါ၊ တဖန် ပြန်လှည့်၍ ဆင်ခြင်သောဉာဏ်မည်၏။

၁၅။ အဇ္ဈတ္တဝဝတ္ထာနေ၊ အဇ္ဈတ္တမည်သော စက္ခာယတနစသည်တို့ကို ပိုင်းခြားမှတ်သားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝတ္ထုနာနတ္တေ ဉာဏံ၊ ဝတ္ထုနာနတ္တ ဉာဏ်မည်၏။ ဝါ၊ တည်ရာဝတ္ထုအထူးထူးကို သိသောဉာဏ်မည်၏။

၁၆။ ဗဟိဒ္ဓါဝဝတ္ထာနေ၊ ဗဟိဒ္ဓမည်သော ရူပါယတနစသည်တို့ကို ပိုင်းခြားမှတ်သားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဂေါစရနာနတ္တေ ဉာဏံ၊ ဂေါစရနာနတ္တ ဉာဏ်မည်၏။ ဝါ၊ အာရုံအထူးထူးကို သိသောဉာဏ်မည်၏။

၁၇။ စရိယာဝဝတ္ထာနေ၊ သုံးပါးသောစရိယာတို့ကို ပိုင်းခြားမှတ်သားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စရိယာနာနတ္တေ ဉာဏံ၊ စရိယာနာနတ္တ ဉာဏ်မည်၏။ ဝါ၊ ဖြစ်ခြင်း အထူးထူးကို သိသောဉာဏ်မည်၏။

၁၈။ စတုဓမ္မဝဝတ္ထာနေ၊ လေးပါးသော တရားတို့ကို ပိုင်းခြား မှတ်သားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဘူမိနာနတ္တေဉာဏံ၊ ဘူမိနာနတ္တဉာဏ်မည်၏။ ဝါ၊ ဘုံအထူးထူးကို သိသောဉာဏ်မည်၏။

၁၉။ နဝဓမ္မဝဝတ္ထာနေ၊ ကိုးပါးသောတရားတို့ကို ပိုင်းခြား မှတ်သားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မနာနတ္တေ ဉာဏံ၊ ဓမ္မနာနတ္တဉာဏ်မည်၏။ ဝါ၊ တရားအထူးထူးကို သိသောဉာဏ်မည်၏။

၂၀။ အဘိညာပညာ၊ အထူးသဖြင့် သိသောပညာသည်။ ဝါ၊ ရှေးရှုပြု၍ သိသောပညာသည်။ ဝါ၊ တင့်တယ်စွာ သိသောပညာသည်။ ဉာတဋ္ဌေ ဉာဏံ၊ ဉာတဋ္ဌဉာဏ်မည်၏။ ဝါ၊ သိအပ်သိထိုက်သော သဘောကို သိသောဉာဏ် မည်၏။

၂၁။ ပရိညာပညာ၊ ပိုင်းခြား၍သိသော ပညာသည်။ ဝါ၊ နှံ့နှံ့စပ်စပ် သိသောပညာသည်။ တီရဏဋ္ဌေ ဉာဏံ၊ တီရဏဋ္ဌဉာဏ်မည်၏။ ဝါ၊ စူးစမ်းဆုံးဖြတ်သော ဉာဏ်မည်၏။

၂၂။ ပဟာနေပညာ၊ (နိစ္စသညာစသည်ကို) ပယ်သောပညာသည်။ ပရိစ္စာဂဋ္ဌေ ဉာဏံ၊ ပရိစ္စာဂဋ္ဌဉာဏ်မည်၏။ ဝါ၊ စွန့်အပ်စွန့်ထိုက်သော သဘောကို စွန့်သောဉာဏ်မည်၏။

၂၃။ ဘာဝနာပညာ၊ ပွါးစေအပ်သောပညာသည်။ ဧကရသဋ္ဌေ ဉာဏံ၊ ဧကရသဋ္ဌဉာဏ်မည်၏။ ဝါ၊ ကိစ္စတူသောသဘောရှိသော ဉာဏ်မည်၏။

၂၄။ သစ္ဆိကိရိယာ ပညာ၊ (ပဋိဝေဓ၊ ပဋိလာဘ၏ အစွမ်းအားဖြင့်) မျက်မှောက် ပြုသော ပညာသည်။ ဖဿနဋ္ဌေ ဉာဏံ၊ ဖဿနဋ္ဌ ဉာဏ်မည်၏။ ဝါ၊ ထိုးထွင်း၍သိခြင်း, ရခြင်းတို့၏ အစွမ်းအားဖြင့် ထိရောက်သော ဉာဏ်မည်၏။

၂၅။ အတ္ထနာနတ္တေ၊ အနက်အကျိုးတို့၏ အထူးထူးသော သဘော၌။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ အနက်, အကျိုး တို့ကို ခွဲခြား၍သိသော ဉာဏ်မည်၏။

၂၆။ ဓမ္မနာနတ္တေ၊ ဒေသနာ ပါဠိ, အကြောင်းတို့၏အထူးထူးသောသဘော၌။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ ဓမ္မပဋိသမ္ဘိဒေ ဉာဏံ၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ ဒေသနာ ပါဠိ, အကြောင်းတို့ကိုခွဲခြား၍ သိသော ဉာဏ်မည်၏။

၂၇။ နိရုတ္တိနာနတ္တေ၊ ပါဠိသဒ္ဒါတို့၏ အထူးထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။နိရုတ္တိပဋိသမ္ဘိဒေ ဉာဏံ၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ပါဠိသဒ္ဒါကို ခွဲခြား၍ သိသော ဉာဏ်မည်၏။

၂၈။ ပဋိဘာနနာနတ္တေ၊ ထင်မြင်ဉာဏ် ပဋိဘာန်တို့၏ အထူးထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏံ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝါ၊ ထင်မြင်ဉာဏ်တို့ကို ခွဲခြား၍သိသော ဉာဏ်မည်၏။

၂၉။ ဝိဟာရနာနတ္တေ၊ နေထိုင်မှု ဝိဟာရတို့၏ အထူးထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိဟာရဋ္ဌေ ဉာဏံ၊ ဝိဟာရဋ္ဌဉာဏ်မည်၏။ ဝါ၊ အထူးထူးသော နေထိုင်မှု ဝိပဿနာဝိဟာရကို သိသောဉာဏ်မည်၏။

၃၀။ သမာပတ္တိနာနတ္တေ၊ သမာပတ်တို့၏ အထူးထူးသောသဘော၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ သမာပတ္တဋ္ဌေ ဉာဏံ၊ သမာပတ္တဋ္ဌဉာဏ်မည်၏။ ဝါ၊အထူးထူးသော သမာပတ် ဝင်စားမှုကို သိသော ဉာဏ်မည်၏။

၃၁။ ဝိဟာရသမာပတ္တိနာနတ္တေ၊ နေထိုင်မှုဝိဟာရနှင့် သမာပတ်တို့၏ ထူးသော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိဟာရသမာပတ္တဋ္ဌေ ဉာဏံ၊ ဝိဟာရသမာပတ္တဋ္ဌဉာဏ် မည်၏။ ဝါ၊ အထူးထူးသော နေထိုင်မှု ဝိပဿနာဝိဟာရနှင့် အထူးထူးသော သမာပတ်ဝင်စားမှု တို့ကို သိသောဉာဏ်မည်၏။

၃၂။ အဝိက္ခေပပရိသုဒ္ဓတ္တာ၊ မပျံ့လွင့်မှု သမာဓိစင်ကြယ်သည်၏ အဖြစ်ကြောင့်။ အာသဝ သမုစ္ဆေဒေ၊ အာသဝတို့ကို ကောင်းစွာဖြတ်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ အာနန္တရိကသမာဓိမှိ ဉာဏံ၊ အာနန္တရိကသမာဓိဉာဏ်မည်၏။ ဝါ၊ မိမိ၏အခြားမဲ့၌ပင် အကျိုးပေး တတ်သော မဂ်သမာဓိဉာဏ်မည်၏။

၃၃။ ဒဿနာဓိပတေယျံ စ၊ ရှုမှုလျှင် အကြီးအမှူးရှိသော ဝိပဿနာဉာဏ်သည်၎င်း။ သန္တော၊ ငြိမ်သက်သော။ ဝိဟာရာဓိဂမော စ၊ ရအပ်သော ဝိဟာရဟုဆိုအပ်သော အရဟတ္တဖလ သမာပတ္တိ ပညာသည်၎င်း။ ပဏီတာဓိမုတ္တတာ၊ မြတ်သော အရဟတ္တဖလသမာပတ်၌ နှလုံးသွင်း ညွတ်ကိုင်း သည်၏ အဖြစ်ဟုဆိုအပ်သော။ ပညာ စ၊ (အရဟတ္တ ဖလသမာပတ်၏ ရှေးအဖို့၌ဖြစ်သော)ပညာ သည်၎င်း။ အရဏဝိဟာရေ ဉာဏံ၊ အရဏဝိဟာရဉာဏ်မည်၏။ ဝါ၊ ကိလေသာကင်းသော နေထိုင် မှုကိုသိသော ဉာဏ်မည်၏။

၃၄။ ဒွိဟိ၊ နှစ်ပါးကုန်သော။ ဗလေဟိ၊ သမထ ဝိပဿနာခွန်အားတို့နှင့်။ [illegible] ပြည့်စုံသည်၏ အဖြစ်ကြောင့်၎င်း။ တယော တိဏ္ဏံ၊ သုံးပါးကုန်သော။ သင်္ခါရာနံ၊ ဝစီသင်္ခါရ, ကာယသင်္ခါရ, စိတ္တသင်္ခါရတို့၏။ ပဋိပ္ပဿဒ္ဓိယာ စ၊ ငြိမ်းခြင်းကြောင့်၎င်း။ သောဠသဟိ၊ တဆယ့်ခြောက်ပါးကုန်သော။ ဉာဏစရိယာဟိ စ၊ ဉာဏ်၏ဖြစ်ခြင်းတို့ဖြင့်၎င်း။ နဝဟိ၊ ကိုးပါးကုန်သော။ သမာဓိစရိယာဟိ စ၊ သမာဓိ၏ဖြစ်ခြင်းတို့ဖြင့်၎င်း။ ဝသီဘာဝတာ၊ လေ့လာနိုင်နင်းခြင်း ရှိသည်၏ အဖြစ်တည်းဟူသော။ ပညာ၊ ပညာသည်။ နိရောဓသမာပတ္တိယာ ဉာဏံ၊ နိရောဓသမာပတ္တိဉာဏ် မည်၏။ ဝါ၊ နိရောဓသမာပတ်၏အကြောင်းကို သိသောဉာဏ်မည်၏။

၃၅။ သမ္ပဇာနဿ၊ ကောင်းစွာအပြားအားဖြင့် သိသောသူ၏။ ပဝတ္တပရိယာဒါနေ၊ ကိလေသာ ခန္ဓာတို့၏ ဖြစ်စဉ်ကို ကုန်စေရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိနိဗ္ဗာနေ ဉာဏံ၊ ပရိနိဗ္ဗာန ဉာဏ်မည်၏။ ဝါ၊ ပရိနိဗ္ဗာန်ကို သိသော ဉာဏ်မည်၏။

၃၆။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော တေဘူမက သင်္ခါရတရားတို့ကို။ သမ္မာ၊ ကောင်းစွာ။ သမုစ္ဆေဒေ စ၊ ဖြတ်ရာ၌၎င်း။ နိရောဓေ စ၊ ချုပ်စေရာ၌၎င်း။ အနုပဋ္ဌာနတာ အနုပဋ္ဌာနတာယ စ၊ တဖန်မထင်ခြင်း မဖြစ်ခြင်း၌၎င်း။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမသီသဋ္ဌေ ဉာဏံ၊ သမသီသဋ္ဌ ဉာဏ်မည်၏။ ဝါ၊ သုံးပါးသော သမသီသ သဘောကို သိသော ဉာဏ်မည်၏။

၃၇။ ပုထုနာနတ္တ တေဇပရိယာဒါနေ၊ ရာဂစသော သီးခြားတရား, ကာမစ္ဆန္ဒစသော အထူးထူးသောသဘော, ဒုဿီလျစသော တန်ခိုးတို့ကို ကုန်စေရာ၌။ဝါ၊သီးခြားတရား, အထူးထူးသောသဘောတို့၏ တန်ခိုးကိုကုန်စေရာ၌။(ပဝတ္တာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ သလ္လေခဋ္ဌေ ဉာဏံ၊ သလ္လေခဋ္ဌဉာဏ်မည်၏။ ဝါ၊ (သုံးဆယ့်ခုနစ်ပါးသော) သလ္လေခသဘောကို သိသောဉာဏ်မည်၏။

၃၈။ အသလ္လီနတ္တ ပဟိတတ္တ ပဂ္ဂဟဋ္ဌေ၊ မဆုတ်နစ်သော စိတ်ရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိလျက် အားထုတ်ခြင်းသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝီရိယာရမ္ဘေ ဉာဏံ၊ ဝီရိယာရမ္ဘဉာဏ် မည်၏။ ဝါ၊ အပြင်းအထန် အားထုတ်မှုကို သိသောဉာဏ်မည်၏။

၃၉။ နာနာဓမ္မပ္ပကာသနတာ၊ အထူးထူးသောတရားတို့ကို ပြတတ်သည်၏ အဖြစ်တည်းဟူသော။ ဝါ၊ အထူးထူးသောတရားတို့ကို ဟောတတ်သည်၏ အဖြစ်တည်းဟူသော။ ပညာ၊ ပညာသည်။ အတ္ထသန္ဒဿနေ ဉာဏံ၊ အတ္ထသန္ဒဿနဉာဏ်မည်၏။ ဝါ၊ အနက်သဘောကို ပြတတ်သော ဉာဏ်မည်၏။

၄၀။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့၏။ ဧကသင်္ဂဟတာနာနတ္တေကတ္တပဋိဝေဓေ၊တူသောအားဖြင့် ရေတွက်အပ်သည်၏အဖြစ်၊ အထူးထူးသောသဘော၊ တမျိုးတည်းသောသဘောတို့ကို သိရာ၌။ (ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ ဒဿနဝိသုဒ္ဓိဉာဏံ၊ ဒဿနဝိသုဒ္ဓိဉာဏ်မည်၏။ ဝါ၊ အမြင်စင်ကြယ်သော မဂ်ဖိုလ်ဉာဏ်မည်၏။

၄၁။ ဝိဒိတတ္တာ၊ ထင်ရှားသိအပ်ပြီးသည်၏အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ခန္တိဉာဏံ၊ ခန္တိဉာဏ်မည်၏။ ဝါ၊ နှစ်သက် သဘောကျသော ဉာဏ်မည်၏။

၄၂။ ဖုဋ္ဌတ္တာ၊ ဉာဏ်ဖြင့် တွေ့အပ်ပြီးသည်၏အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိယောဂါဟဏေ ဉာဏံ၊ ပရိယောဂါဟဏဉာဏ် မည်၏။ ဝါ၊ သက်ဝင်သောဉာဏ် မည်၏။

၄၃။ သမောဒဟနေ၊ (ခန္ဓာစသည်တို့တွင် တစိတ် တဒေသ ဖြစ်သော တလောကလုံးမှ ဝေဒနာတရားကို) စုပေါင်း၍ရှုရာ၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ပညာသည်။ ပဒေသဝိဟာရေ ဉာဏံ၊ ပဒေသဝိဟာရဉာဏ်မည်၏။ ဝါ၊ ခန္ဓာ အာယတန စသည်တို့တွင် တစိတ် တဒေသမျှ ဖြစ်သော ဝေဒနာကို ရှုဆင်ခြင်၍ နေမှုဝိဟာရကို သိသော ဉာဏ်မည်၏။

(ထိုဝေဒနာမှာ တမျိုးတည်းပင် ဖြစ်သော်လည်း ဘုံ ၃၁-တလောကလုံးမှ ရှိရှိသမျှ ဝေဒနာတို့ကို စုပေါင်း၍ ရှုဆင်ခြင်မှုဖြစ်သောကြောင့် ၎င်းဆင်ခြင်မှုကို 'သမောဒဟန'ဟု ဆိုသည်ဟူ၍ ယူအပ်၏။)

၄၄။ အဓိပတတ္တာ၊ နေက္ခမ္မစသည်ကို အကြီးအမှူးပြု၍ ဖြစ်သော။ ဝါ၊ နေက္ခမ္မစသည်သည် လွှမ်းမိုးအပ်သော။ ပညာ၊ ပညာသည်။ သညာဝိဝဋ္ဋေ ဉာဏံ၊ သညာဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊ သညာကြောင့် ကာမစ္ဆန္ဒစသည်မှ ကင်းခြင်း (သညာဖြင့်မျက်လှဲပြုခြင်း)ကို သိသောဉာဏ်မည်၏။

၄၅။ နာနတ္တေ၊ ကာမစ္ဆန္ဒစသော အထူးထူးသော သဘောကြောင့်။ဝါ။ အထူးထူးသော သဘောကိုပယ်ခြင်းကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စေတောဝိဝဋ္ဋေ ဉာဏံ၊ စေတောဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊ စေတနာဖြင့် ကာမစ္ဆန္ဒစသည်မှ ကင်းခြင်း (မျက်လှဲပြုခြင်းကို) သိသော ဉာဏ်မည်၏။

၄၆။ အဓိဋ္ဌာနေ၊နေက္ခမ္မစသည်တို့၏ အစွမ်းအားဖြင့် စိတ်ကို ဆောက်တည်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စိတ္တဝိဝဋ္ဋေ ဉာဏံ၊ စိတ္တဝိဝဋ္ဋဉာဏ်မည်၏။ဝါ၊ စိတ်ဖြင့် ကာမစ္ဆန္ဒစသည်မှ ကင်းခြင်း (မျက်လှဲပြုခြင်း)ကို သိသောဉာဏ်မည်၏။

၄၇။ သုညတေ၊ ဆိတ်သုဉ်းခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဉာဏဝိဝဋ္ဋေ ဉာဏံ၊ ဉာဏဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊ အတ္တဟု မြဲမြံစွာ နှလုံးသွင်းခြင်းမှ ကင်းသော(မျက်လှဲပြုသော) အသိဉာဏ်မည်၏။

၄၈။ ဝေါသဂ္ဂေ၊ စွန့်လွှတ်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိမောက္ခဝိဝဋ္ဋေ ဉာဏံ၊ ဝိမောက္ခ ဝိဝဋ္ဋဉာဏ်မည်၏။ဝါ၊ လွတ်မြောက်လျက် ကာမစ္ဆန္ဒစသည်မှ ကင်းသော ဉာဏ်မည်၏။

၄၉။ တထဋ္ဌေ၊ မဖောက်မပြန် မှန်ကန်သော သဘော၌။ (ပဝတ္တာ၊ဖြစ်သော။) ပညာ၊ပညာသည်။ သစ္စဝိဝဋ္ဋေ ဉာဏံ၊သစ္စဝိဝဋ္ဋဉာဏ်မည်၏။ ဝါ၊သစ္စာတို့၌သိလျက် နိမိတ္တ,ပဝတ္တမှ ကင်းသော ဉာဏ်မည်၏။

၅၀။ ကာယမ္ပိ၊ ရူပကာယကိုင်း။ စိတ္တမ္ပိ၊ ပါဒကဈာန်စိတ်ကိုင်း။ ဧကောဝတ္ထာနတာ စ၊ တခုတည်း၏ အဖြစ်ဖြင့် ပိုင်းခြားတတ် မှတ်တတ်သည်၏ အဖြစ်ဖြင့်၎င်း။ သုခသညဉ္စ၊ သုခသညာ ကိုင်း။ လဟုသညဉ္စ၊ လဟုသညာကိုင်း။ အဓိဋ္ဌာနဝသေန စ၊ ဆောက်တည်သည်၏ အစွမ်း အားဖြင့်၎င်း။ ဣဇ္ဈနဋ္ဌေ၊ ပြီးစီးပြည့်စုံခြင်း သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ ဣဒ္ဓိဝိဓေဉာဏံ၊ ဣဒ္ဓိဝိဓဉာဏ်မည်၏။

၅၁။ ဝိတက္ကဝိပ္ဖါရဝသေန၊ ကြံစည်မှု ဝိတက်ပျံ့နှံ့သည်၏ အစွမ်းအားဖြင့်၊ နာနတ္တေကတ္တ သဒ္ဒနိမိတ္တာနံ၊ အထူးထူး သဘောရှိသော အသံနိမိတ်, တမျိုးတည်းသဘောရှိသော အသံ

နိမိတ်တို့သို့။ ပရိယောဂါဟဏေ၊ သက်ဝင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သောတဓာတုဝိသုဒ္ဓိဉာဏံ၊ သောတဓာတုဝိသုဒ္ဓိဉာဏ် မည်၏။

၅၂။ တိဏ္ဏန္နံ၊ သောမနဿ, ဒေါမနဿ, ဥပေက္ခာ၏ အစွမ်းအားဖြင့် သုံးပါးကုန်သော။ စိတ္တာနံ၊ စိတ်တို့၏။ ဝိပ္ဖါရတ္တာ၊ ပျံ့နှံ့သည်၏ အဖြစ်ကြောင့်။ ဣန္ဒြိယာနံ၊ စက္ခု အစရှိသော ခြောက်ပါးကုန်သော ဣန္ဒြေတို့၏။ ပသာဒဝသေန၊ ကြည်သည်၏ အစွမ်းအားဖြင့်။ နာနတ္တေကတ္တဝိညာဏစရိယာပရိယောဂါဟဏေ၊ အထူးထူးသဘောရှိသောစိတ်ဝိညာဏ် တမျိုးတည်းသဘောရှိသော စိတ်ဝိညာဏ်တို့၏ ဖြစ်ခြင်းသို့ သက်ဝင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စေတောပရိယဉာဏံ၊ စေတောပရိယဉာဏ် မည်၏။

၅၃။ နာနတ္တေကတ္တကမ္မဝိပ္ဖါရဝသေန၊ အထူးထူး သဘောရှိသောကံ, တမျိုးတည်း သဘောရှိသောကံတို့၏ ပျံ့နှံ့သည်၏ အစွမ်းအားဖြင့်။ ပစ္စယပဝတ္တာနံ၊ အကြောင်းကြောင့်ဖြစ်ကုန်သော။ ဓမ္မာနံ၊ အကျိုးတရားတို့သို့။ ပရိယောဂါဟဏေ၊ သက်ဝင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်မည်၏။

၅၄။ ဩဘာသဝသေန၊ အရောင်အလင်း၏ အစွမ်းအားဖြင့်။ နာနတ္တေကတ္တရူပနိမိတ္တာနံ၊ အထူးထူးသဘောရှိသော အဆင်းနိမိတ်, တမျိုးတည်း သဘောရှိသော အဆင်းနိမိတ်တို့ကို။ ဒဿနဋ္ဌေ၊ မြင်ခြင်းသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဒိဗ္ဗစက္ခုဉာဏံ၊ ဒိဗ္ဗစက္ခုဉာဏ် မည်၏။

၅၅။ စတုသဋ္ဌိယာ အာကာရေဟိ၊ ခြောက်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့်။ တိဏ္ဏန္နံ၊ အနညာတညဿာမီတိန္ဒြေ,အညိန္ဒြေ, အညာတာဝိန္ဒြေအားဖြင့် သုံးပါးကုန်သော။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဝသိဘာဝတာ၊ လေ့လာခြင်းရှိသော သူ၏အဖြစ်တည်းဟူသော။ ပညာ၊ ပညာသည်။ အာသဝါနံ ခယေ ဉာဏံ၊ အာသဝက္ခယဉာဏ်မည်၏။

၅၆။ ပရိညဋ္ဌေ၊ ပိုင်းခြား၍ သိအပ်သော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဒုက္ခေ ဉာဏံ၊ ဒုက္ခဉာဏ်မည်၏။

၅၇။ ပဟာနဋ္ဌေ၊ ပယ်အပ်သော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမုဒယေ ဉာဏံ၊ သမုဒယဉာဏ်မည်၏။

၅၈။ သစ္ဆိကိရိယဋ္ဌေ၊ မျက်မှောက် ပြုအပ်သောသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ နိရောဓေ ဉာဏံ၊ နိရောဓဉာဏ်မည်၏။

၅၉။ ဘာဝနဋ္ဌေ၊ ပွါးစေအပ်သော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ မဂ္ဂေ ဉာဏံ၊ မဂ္ဂဉာဏ် မည်၏။

၆၀။ ဒုက္ခေ ဉာဏံ၊ ဒုက္ခကိုသိသောဉာဏ်။

၆၁။ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခ၏အကြောင်းကို သိသောဉာဏ်။

၆၂။ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ကို သိသောဉာဏ်။

၆၃။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို သိသောဉာဏ်။

၆၄။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ၊ အကျိုးကိုသိသောဉာဏ်။ (ဝါ၊ အနက်ကိုသိသောဉာဏ်။)

၆၅။ ဓမ္မပဋိသမ္ဘိဒေ ဉာဏံ၊ အကြောင်းကို သိသောဉာဏ်။ (ဝါ၊ပါဠိကို သိသောဉာဏ်။)

၆၆။ နိရုတ္တိပဋိသမ္ဘိဒေ ဉာဏံ၊ အမည်သဒ္ဒါကို သိသောဉာဏ်။

၆၇။ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏံ၊ ပညာကို သိသောဉာဏ်။

၆၈။ ဣန္ဒြိယပရောပရိယတ္တေ ဉာဏံ၊ သဒ္ဓါစသော ဣန္ဒြေငါးပါးတို့၏ အမြတ်အယုတ် အရင့်အနုကို သိသောဉာဏ်။

၆၉။ သတ္တာနံ၊သတ္တဝါတို့၏။ အာသယာနုသယေ ဉာဏံ၊ အာသယ အနုသယကိုသိသောဉာဏ်။

၇၀။ ယမကပါဋိဟာရိယေ ဉာဏံ၊ ယမကပါဋိဟာရိယကို သိသောဉာဏ်။

၇၁။ မဟာကရုဏာသမာပတ္တိယာ ဉာဏံ၊ မဟာကရုဏာသမာပတ်နှင့် ယှဉ်သောဉာဏ်။

၇၂။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်။

၇၃။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်။

ဣမာနိ၊ ဤသည်တို့ကား။ တေသတ္တတိဉာဏာနိ၊ ခုနစ်ဆယ့်သုံးပါးသော ဉာဏ်တို့ပေတည်း။ ဣမေသံ တေသတ္တတိယာ ဉာဏာနံ၊ ဤခုနစ်ဆယ့်သုံးပါးသော ဉာဏ်တို့တွင်။ သတ္တသဋ္ဌိဉာဏာနိ၊ ခြောက်ဆယ့်ခုနစ်ပါးသော ဉာဏ်တို့သည်၊ သာဝကသာဓာရဏာနိ၊ သာဝကတို့နှင့် ဆက်ဆံကုန်၏။ ဆ ဉာဏာနိ၊ ခြောက်ပါးသော ဉာဏ်တို့သည်၊ သာဝကေဟိ၊ သာဝကတို့နှင့်။ အသာဓာရဏာနိ၊ မဆက်ဆံကုန်။

မာတိကာ၊ မာတိကာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

## ၁-မဟာဝဂ် ၁-ဉာဏကထာ

### ၁-သုတမယဉာဏနိဒ္ဒေသ

၁။ သောတာဝဓာနေ၊ နာကြားအပ်သော တရားအပေါင်း၌။ ဝါ၊ သောတဒွါရကို အစဉ်မှီးသဖြင့် သိအပ်မှတ်အပ်သော တရားအပေါင်း၌။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ပညာသည်။ သုတမယေဉာဏံ၊ သုတမယဉာဏ်မည်သည်။ ဝါ၊ သုတဖြင့်ပြီးသော ဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။

ဣမေဓမ္မာ၊ ဤတရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ ဝါ၊ ရှေးရှုပြု၍ သိအပ်ကုန်၏။ ဝါ၊ တင့်တယ်သော အခြင်းအရာဖြင့် သိအပ်ကုန်၏။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နာကြားအပ်သော တရားအပေါင်းသည်၊ အတ္ထိ၊ရှိ၏။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ 'မြတ်စွာဘုရားက ဖြစ်စေ၊ တပည့်သာဝက တပါးပါးကဖြစ်စေ' ဟောကြားစဉ်။) သောတာဝဓာနံ၊ နာကြားအပ်သော တရားအပေါင်းသည်။ အတ္ထိ၊ရှိ၏။ ။တနည်းကား၊ ဣတိ၊ ဤသို့။(ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဝါ၊ဟောသော ဒေသကပုဂ္ဂိုလ်၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာနမည်၏။ ဝါ၊ သောတဒွါရကို အစဉ်မှီးသဖြင့် သိအပ် မှတ်သားအပ်သော တရားဖြစ်၏။တံပဇာနနာ၊

ထိုနာကြားအပ်သော တရားအပေါင်းကို သိနားလည်သော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယဉာဏ်မည်၏။ ဝါ၊ သုတဖြင့်ပြီးသော ဉာဏ်မည်၏။ (၁)

ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ ဝါ၊ နှံ့နှံ့စပ်စပ် သိအပ်ကုန်၏။* ။(ဣတိစသည်၌ အနက်ကို နည်းတူသိပါ။) (၂)

ဣမေဓမ္မာ၊ ဤတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ (၃)

ဣမေဓမ္မာ၊ ဤတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ (၄)

ဣမေဓမ္မာ၊ ဤတရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ •မျက်မှောက်ပြုအပ်ကုန်၏။ (၅)

ဣမေဓမ္မာ၊ ဤတရားတို့သည်။ ဟာနဘာဂိယာ၊ ဆုတ်ယုတ်ခြင်းအဖို့ရှိကုန်၏။ (၆)

ဣမေဓမ္မာ၊ ဤတရားတို့သည်။ ဌိတိဘာဂိယာ၊ တည်တန့်ခြင်းအဖို့ ရှိကုန်၏။ (၇)

(ဤအရာ၌ တည်တန့်ဟူသည်မှာ ခိုင်ခံ့သည်ကို ဆိုလိုသည်မဟုတ်၊ မတိုးတက်ဘဲ ရပ်တန့်နေသည်ကိုသာ ဆိုလိုသည်။ ထို့ကြောင့် "တန့်"ကို နငယ်သတ်နှင့်ထားသည်။)

ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ဝိသေသဘာဂိယာ၊ ထူးခြားသော အဖို့ရှိကုန်၏။ (၈)

ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ နိဗ္ဗေဓဘာဂိယာ၊ လောဘစသော ကိလေသာ အစိုင်အခဲကို ဖောက်ခွဲခြင်းအဖို့ ရှိကုန်၏။ (၉)

သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်။ (၁၀)

သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ဒုက္ခာ၊ ဆင်းရဲတို့တည်း။ဝါ၊ဆင်းရဲကုန်၏။ (၁၁)

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ ရုပ်နာမ် တရားတို့သည်။ အနတ္တာ၊ အတ္တကောင် မဟုတ်ကုန်။ (၁၂)

ဣဒံ၊ ဤသည်ကား။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ (၁၃)

ဣဒံ၊ ဤသည်ကား။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ (၁၄)

ဣဒံ၊ ဤသည်ကား။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ (၁၅)

ဣဒံ၊ ဤသည်ကား။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နာကြားအပ်သော တရားအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ နာကြားအပ်သော တရားအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဝါ၊ဟောသော ဒေသကပုဂ္ဂိုလ်၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာန မည်၏။ တံပဇာနနာ၊ ထိုသောတာဝဓာနကို သိသော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယဉာဏ်မည်၏။ (၁၆)

## (၁)အဘိညေယျ နိဒ္ဒေသ

၂။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ တနည်းကား၊ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်သောတရားတို့တည်း။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နားကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟော ကြားစဉ်။) သောတာဝဓာနံ၊ နားကြားအပ်သော တရားအပေါင်းသည်။ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသောမြတ်စွာဘုရား၏။ ဝါ၊ ဟောသော ဒေသကပုဂ္ဂိုလ်၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။)သောတာဝဓာနံ၊ သောတာဝဓာနမည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ တံပဇာနနာ၊ ထိုသောတာဝဓာနကိုသိသော။ ပညာ၊ ပညာသည်။ သုတမယေဉာဏံ၊ သုတမယဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။

ဧကော၊ တခုသော။ ဓမ္မော၊ တရားကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ တနည်းကား၊ ဧကော၊ တခုသော။ ဓမ္မော၊ တရားသည်။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်သော တရားပေတည်း။ (ကတမော၊ အဘယ်နည်းဟူမူ။) သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အာဟာရလျှင် တည်ရာရှိကုန်၏။ (အယံ၊ ဤတရား တပါးပင်တည်း။)

ဒွေ ဓမ္မာ၊ နှစ်ပါးသော တရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ တနည်းကား၊ ဒွေ ဓမ္မာ၊ နှစ်ပါးသော တရားတို့သည်။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားဖြစ်ကုန်၏။(ကတမေ၊ အဘယ်သည်တို့နည်းဟူမူ။) ဒွေ ဓာတုယော၊ (သင်္ခတ, အသင်္ခတအားဖြင့်) နှစ်ပါးသော ဓာတ်တို့တည်း။

တယော ဓမ္မာ၊ သုံးပါးသော တရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ တိဿော ဓာတုယော၊(ကာမ,ရူပ,အရူပအားဖြင့်) သုံးပါးသော ဓာတ်တို့တည်း။

စတ္တာရော ဓမ္မာ၊ လေးပါးသော တရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ စတ္တာရိ အရိယသစ္စာနိ၊ လေးပါးသော အရိယသစ္စာတို့တည်း။

ပဉ္စ ဓမ္မာ၊ ငါးပါးသော တရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ ပဉ္စ ဝိမုတ္တာယတနာနိ၊ ငါးပါးသော ဝိမုတ္တာယတနတို့တည်း။

ဆ ဓမ္မာ၊ ခြောက်ပါးသောတရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ ဆ အနုတ္တရိယာနိ၊ ခြောက်ပါးသော အနုတ္တရိယတို့တည်း။

သတ္တ ဓမ္မာ၊ ခုနစ်ပါးသော တရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ သတ္တ နိဒ္ဒသဝတ္ထူနိ၊ ခုနစ်ပါးသော နိဒ္ဒသဝတ္ထုတို့တည်း။

အဋ္ဌ ဓမ္မာ၊ ရှစ်ပါးသောတရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ အဋ္ဌ အဘိဘာယတနာနိ၊ရှစ်ပါးသော အဘိဘာယတနတို့တည်း။

နဝ ဓမ္မာ၊ကိုးပါးသောတရားတို့ကို။အဘိညေယျာ၊ထူးသောဉာဏ်ဖြင့်သိအပ်ကုန်၏။နဝ အနုပုဗ္ဗဝိဟာရာ၊ ကိုးပါးသော အနုပုဗ္ဗဝိဟာရတို့တည်း။

ဒသ ဓမ္မာ၊ ဆယ်ပါးသောတရားတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ ။တနည်းကား၊ ဒသ ဓမ္မာ၊ ဆယ်ပါးသောတရားတို့သည်။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်သောတရားတို့ပေတည်း။ ဒသ နိဇ္ဇရဝတ္ထူနိ၊ ဆယ်ပါးသော နိဇ္ဇရဝတ္ထုတို့တည်း။

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံသောတရားအပေါင်းကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်သို့သော။ သဗ္ဗံ၊အလုံးစုံသောတရားကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်သနည်း။ ။တနည်းကား၊ ဘိက္ခဝေ၊ ရဟန်းတို့။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်သော။ သဗ္ဗံ၊ အလုံးစုံသော။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။ ကိဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ရူပါ၊ အဆင်း၊ရူပါရုံတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မျက်စိအသိ, မြင်သိမှု, စက္ခုဝိညာဉ်ကို။ ။စက္ခုသမ္ဖဿော၊ မျက်စိအတွေ့, မြင်တွေ့မှု, စက္ခုသမ္ဖဿကို။ ။စက္ခုသမ္ဖဿပစ္စယာ၊မျက်စိအတွေ့,မြင်တွေ့မှု,စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့်။သုခံ ဝါ၊ ချမ်းသာသော်လည်းဖြစ်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲသော်လည်းဖြစ်သော။ အဒုက္ခမသုခံ ဝါ၊ မဆင်းရဲ မချမ်းသာ လျစ်လျူသော်လည်းဖြစ်သော။ ယမ္ပိဒံ- ယမ္ပိ ဣဒံ ဝေဒယိတံ၊အကြင်ခံစားမှုဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တမ္ပိ၊ထိုခံစားမှုဝေဒနာကိုလည်း။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

သောတံ၊ နားကို။ သဒ္ဒါ၊ အသံ,သဒ္ဒါရုံတို့ကို။ ။ဃာနံ၊ နှာခေါင်းကို။ ဂန္ဓာ၊ အနံ့,ဂန္ဓာရုံတို့ကို။ ။ဇိဝှါ၊ လျှာကို။ ရသာ၊ အရသာ,ရသာရုံတို့ကို။ ကာယော၊ ကိုယ်ကို။ဖောဋ္ဌဗ္ဗာ၊အတွေ့,ဖောဋ္ဌဗ္ဗာရုံတို့ကို။ ။မနော၊ စိတ်ကို။ ဓမ္မာ၊ သဘော,ဓမ္မာရုံတို့ကို။ မနောဝိညာဏံ၊ စိတ်အသိ, ကြံသိမှု, မနောဝိညာဉ်ကို။ မနောသမ္ဖဿော၊ စိတ်အတွေ့, ကြံတွေ့မှု, မနောသမ္ဖဿကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်အတွေ့, ကြံတွေ့မှု, မနောသမ္ဖဿဟူသော အကြောင်းကြောင့်။ သုခံ ဝါ၊ ချမ်းသာသော်လည်းဖြစ်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲသော်လည်း ဖြစ်သော။ အဒုက္ခမသုခံ ဝါ၊ မဆင်းရဲ မချမ်းသာ လျစ်လျူသော်လည်း ဖြစ်သော။ ယမ္ပိဒံ-ယမ္ပိ ဣဒံ ဝေဒယိတံ၊ အကြင်ခံစားမှု, ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တမ္ပိ၊ ထိုခံစားမှုဝေဒနာကိုလည်း။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပံ၊ ရုပ်ကို။ ဝေဒနာ၊ ဝေဒနာကို။ သညာ၊ သညာကို။ သင်္ခါရာ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ ဝိညာဉ်ကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

စက္ခုံ၊ မျက်စိကို။ သောတံ၊ နားကို။ ဃာနံ၊ နှာခေါင်းကို။ ဇိဝှါ၊ လျှာကို။ ကာယော၊ ကိုယ်ကို။ မနော၊ စိတ်ကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပါ၊ အဆင်း,ရူပါရုံတို့ကို။ သဒ္ဒါ၊ အသံ,သဒ္ဒါရုံတို့ကို။ ဂန္ဓာ၊ အနံ့,ဂန္ဓာရုံတို့ကို။ ရသာ၊ အရသာ, ရသာရုံတို့ကို။ ဖောဋ္ဌဗ္ဗာ၊ အတွေ့, ဖောဋ္ဌဗ္ဗာရုံတို့ကို။ ဓမ္မာ၊ သဘော, ဓမ္မာရုံတို့ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။

စက္ခုဝိညာဏံ၊ မျက်စိအသိ, မြင်သိမှု,စက္ခုဝိညာဉ်ကို။ပ။ မနောဝိညာဏံ၊ စိတ်အသိ, ကြံသိမှု, မနောဝိညာဉ်ကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

စက္ခုသမ္ဖဿော၊ မျက်စိအတွေ့,မြင်တွေ့မှု,စက္ခုသမ္ဖဿကို။ပ။ မနောသမ္ဖဿော၊ စိတ်အတွေ့, ကြံတွေ့မှု,မနောသမ္ဖဿကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

စက္ခုသမ္ဖဿဇာ၊ စက္ခုသမ္ဖဿကြောင့်ဖြစ်သော။ ဝါ၊ စက္ခုသမ္ဖဿဇဖြစ်သော။ ဝေဒနာ၊ ခံစားမှုကို။ပ။ မနောသမ္ဖဿဇာ၊ မနောသမ္ဖဿကြောင့်ဖြစ်သော။ ဝေဒနာ၊ ခံစားမှုကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပသညာ၊ အဆင်းအမှတ်သညာကို။ပ။ ဓမ္မသညာ၊ သဘောအမှတ်သညာကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပသဉ္စေတနာ၊ အဆင်း၌စေ့ဆော်မှုကို။ပ။ ဓမ္မသဉ္စေတနာ၊ သဘောအာရုံ၌စေ့ဆော်မှုကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပတဏှာ၊ အဆင်း၌တပ်မက်မှု ရူပတဏှာကို။ပ။ ဓမ္မတဏှာ၊ သဘောအာရုံ၌ တပ်မက်မှု ဓမ္မတဏှာကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပဝိတက္ကော၊ အဆင်း၌ကြံမှု ရူပဝိတက်ကို။ပ။ ဓမ္မဝိတက္ကော၊ သဘောအာရုံ၌ကြံမှု ဓမ္မဝိတက်ကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပဝိစာရော၊ အဆင်း၌ဆင်ခြင်မှု ရူပဝိစာရကို။ပ။ ဓမ္မဝိစာရော၊ သဘောအာရုံ၌ ဆင်ခြင်မှု ဓမ္မဝိစာရကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၄။ ပထဝီဓာတု၊ ပထဝီဓာတ်ကို။ အာပေါဓာတု၊ အာပေါဓာတ်ကို။ တေဇောဓာတု၊ တေဇောဓာတ်ကို။ ဝါယောဓာတု၊ ဝါယောဓာတ်ကို။ အာကာသဓာတု၊ အာကာသဓာတ်ကို။ ဝိညာဏဓာတု၊ ဝိညာဏဓာတ်ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ပထဝီကသိဏံ၊ ပထဝီကသိုဏ်းစျာန်ကို။ အာပေါကသိဏံ၊ အာပေါကသိုဏ်းစျာန်ကို။တေဇောကသိဏံ၊ တေဇောကသိုဏ်းစျာန်ကို။ ဝါယောကသိဏံ၊ ဝါယောကသိုဏ်းစျာန်ကို။ နီလကသိဏံ၊ နီလကသိုဏ်းစျာန်ကို။ ပီတကသိဏံ၊ ပီတကသိုဏ်းစျာန်ကို။ လောဟိတကသိဏံ၊ လောဟိတကသိုဏ်းစျာန်ကို။ ဩဒါတကသိဏံ၊ ဩဒါတကသိုဏ်းစျာန်ကို။ အာကာသကသိဏံ၊ အာကာသကသိုဏ်းစျာန်ကို။ ဝိညာဏကသိဏံ၊ ဝိညာဏကသိုဏ်းစျာန်ကို။ အဘိညေယျံ၊ထူးသောဉာဏ်ဖြင့် သိအပ်၏။

ကေသာ၊ ဆံပင်တို့ကို။ လောမာ၊ အမွေးတို့ကို။ နခါ၊ ခြေသည်း လက်သည်းတို့ကို။ ဒန္တာ၊ သွားတို့ကို။ တစော၊ အရေကို။ မံသံ၊ အသားကို။ နှာရု၊ အကြောကို။ အဋ္ဌိ၊ အရိုးကို။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းချဉ်ဆီကို။ ဝက္ကံ၊ အညို့ကို။ ဟဒယံ၊ နှလုံးကို။ ယကနံ၊ အသည်းကို။ ကိလောမကံ၊ အမြှေးကို။ ပိဟကံ၊ အဖျဉ်းကို။ ပပ္ဖာသံ၊ အဆုတ်ကို။ အန္တံ၊ အူမကို။ အန္တဂုဏံ၊ အူသိမ်ကို။ ဥဒရိယံ၊ အစာသစ်ကို။ ကရီသံ၊ အစာဟောင်းကို။ ပိတ္တံ၊ သည်းခြေကို။သေမှံ၊ သလိပ်ကို။ ပုဗ္ဗော၊ ပြည်ကို။ လောဟိတံ၊ သွေးကို။ သေဒေါ၊ ချွေးကို။ မေဒေါ၊ အဆီခဲကို။ အဿု၊ မျက်ရည်ကို။ ဝသာ၊ ဆီကြည်ကို။ ခေဠော၊ တံတွေးကို။ သိင်္ဃာဏိကာ၊ နှပ်ကို။ လသိကာ၊ အစေးကို။ မုတ္တံ၊ ကျင်ငယ်ကို။ မတ္ထလုင်္ဂံ၊ ဦးနှောက်ကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

စက္ခာယတနံ၊ စက္ခာယတနကို။ ရူပါယတနံ၊ ရူပါယတနကို။ သောတာယတနံ၊ သောတာယတနကို။ သဒ္ဒါယတနံ၊ သဒ္ဒါယတနကို။ ဃာနာယတနံ၊ ဃာနာယတနကို။ ဂန္ဓာယတနံ၊ ဂန္ဓာယတနကို။ ဇိဝှါယတနံ၊ ဇိဝှါယတနကို။ ရသာယတနံ၊ ရသာယတနကို။ ကာယာယတနံ၊ ကာယာယတနကို။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာယတနကို။ မနာယတနံ၊ မနာယတနကို။ ဓမ္မာယတနံ၊ ဓမ္မာယတနကို။ အတိညေယျံ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

စက္ခုဓာတု၊ စက္ခုဓာတ်ကို။ ရူပဓာတု၊ ရူပဓာတ်ကို။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်ကို။ သောတဓာတု၊ သောတဓာတ်ကို။ သဒ္ဒဓာတု၊ သဒ္ဒဓာတ်ကို။ သောတဝိညာဏဓာတု၊ သောတဝိညာဏဓာတ်ကို။ ဃာနဓာတု၊ ဃာနဓာတ်ကို။ ဂန္ဓဓာတု၊ ဂန္ဓဓာတ်ကို။ ဃာနဝိညာဏဓာတု၊ ဃာနဝိညာဏဓာတ်ကို။ ဇိဝှါဓာတု၊ ဇိဝှါဓာတ်ကို။ ရသဓာတု၊ ရသဓာတ်ကို။ ဇိဝှါဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတ်ကို။ ကာယဓာတု၊ ကာယဓာတ်ကို။ ဖောဋ္ဌဗ္ဗဓာတု၊ ဖောဋ္ဌဗ္ဗဓာတ်ကို။ ကာယဝိညာဏဓာတု၊ ကာယဝိညာဏဓာတ်ကို။ မနောဓာတု၊ မနောဓာတ်ကို။ ဓမ္မဓာတု၊ ဓမ္မဓာတ်ကို။ မနောဝိညာဏဓာတု၊ မနောဝိညာဏဓာတ်ကို။ အတိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ သောတိန္ဒြိယံ၊ သောတိန္ဒြေကို။ ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေကို။ ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေကို။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေကို။ မနိန္ဒြိယံ၊ မနိန္ဒြေကို။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေကို။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေကို။ သုခိန္ဒြိယံ၊ သုခိန္ဒြေကို။ ဒုက္ခိန္ဒြိယံ၊ ဒုက္ခိန္ဒြေကို သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေကို။ ဒေါမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြေကို။ ဥပေက္ခိန္ဒြိယံ၊ ဥပေက္ခိန္ဒြေကို။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေကို။ သတိန္ဒြိယံ၊ သတိန္ဒြေကို။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမီတိန္ဒြေကို။ အညိန္ဒြိယံ၊ အညိန္ဒြေကို။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေကို။ အတိညေယျံ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

၅။ ကာမဓာတု၊ ကာမဓာတ်ကို။ ရူပဓာတု၊ ရူပဓာတ်ကို။ အရူပဓာတု၊ အရူပဓာတ်ကို။ အတိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

ကာမဘဝေါ၊ ကာမဘဝကို။ ရူပဘဝေါ၊ ရူပဘဝကို။ အရူပဘဝေါ၊ အရူပဘဝကို။ သညာဘဝေါ၊ သညာဘဝကို။ အသညာဘဝေါ၊ အသညာဘဝကို။ နေဝသညာနာသညာဘဝေါ၊ နေဝသညာနာသညာဘဝကို။ ဧကဝေါကာရဘဝေါ၊ ဧကဝေါကာရဘဝကို။ စတုဝေါကာရဘဝေါ၊ စတုဝေါကာရဘဝကို။ ပဉ္စဝေါကာရဘဝေါ၊ ပဉ္စဝေါကာရဘဝကို။ အတိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၆။ ပဌမံဈာနံ၊ ပဌမဈာန်ကို။ ဒုတိယံဈာနံ၊ ဒုတိယဈာန်ကို။ တတိယံဈာနံ၊ တတိယဈာန်ကို။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ အတိညေယျံ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

မေတ္တာစေတောဝိမုတ္တိ၊ မေတ္တာစေတောဝိမုတ္တိကို။ ကရုဏာစေတောဝိမုတ္တိ၊ ကရုဏာစေတောဝိမုတ္တိကို။ မုဒိတာစေတောဝိမုတ္တိ၊ မုဒိတာစေတောဝိမုတ္တိကို။ ဥပေက္ခာစေတောဝိမုတ္တိ၊ ဥပေက္ခာစေတောဝိမုတ္တိကို။ အတိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

အာကာသာနဉ္စာယတနသမာပတ္တိ၊ အာကာသာနဉ္စာယတနသမာပတ်ကို။ ဝိညာဏဉ္စာယတနသမာပတ္တိ၊ ဝိညာဏဉ္စာယတနသမာပတ်ကို။ အာကိဉ္စညာယတနသမာပတ္တိ၊ အာကိဉ္စညာယတန

သမာပတ်ကို။ နေဝသညာနာသညာယတနသမာပတ္တိ၊ နေဝသညာနာသညာယတနသမာပတ်ကို။ အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ သင်္ခါရာ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ ဝိညာဉ်ကို။ နာမရူပံ၊ နာမ်ရုပ်ကို။ သဠာယတနံ၊ သဠာယတနကို။ ဖဿော၊ ဖဿကို။ ဝေဒနာ၊ ဝေဒနာကို။ တဏှာ၊ တဏှာကို။ ဥပါဒါနံ၊ ဥပါဒါန်ကို။ ဘဝေါ၊ ဘဝကို။ ဇာတိ၊ ဇာတိကို။ ဇရာမရဏံ၊ ဇရာမရဏကို။ အဘိညေယျံ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

၇။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ ဒုက္ခသမုဒယော၊ ဆင်းရဲဒုက္ခဖြစ်ကြောင်းကို။ ဒုက္ခနိရောဓော၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်ကို။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။ အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

ရူပံ၊ ရုပ်ကို။ ရူပသမုဒယော၊ ရုပ်၏ ဖြစ်ကြောင်းကို။ ရူပနိရောဓော၊ ရုပ်၏ ချုပ်ရာ နိဗ္ဗာန်ကို။ ရူပနိရောဓဂါမိနီ ပဋိပဒါ၊ ရုပ်၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။ အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

ဝေဒနာ၊ ဝေဒနာကို။ပ။ သညာ၊ သညာကို။ပ။ သင်္ခါရာ၊ သင်္ခါရတို့ကို။ပ။ ဝိညာဏံ၊ ဝိညာဉ်ကို။ပ။ စက္ခုံ၊ စက္ခုကို။ပ။ ဇရာမရဏံ၊ ဇရာမရဏကို။ ဇရာမရဏသမုဒယော၊ ဇရာမရဏ၏ ဖြစ်ကြောင်းကို။ ဇရာမရဏနိရောဓော၊ ဇရာမရဏ၏ ချုပ်ရာနိဗ္ဗာန်ကို။ ဇရာမရဏနိရောဓဂါမိနီ ပဋိပဒါ၊ ဇရာမရဏ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ ပရိညဋ္ဌော၊ ပိုင်းခြား၍ သိအပ်သော သဘောကို။ ဒုက္ခသမုဒယဿ၊ ဆင်းရဲဒုက္ခဖြစ်ကြောင်း တဏှာ၏။ ပဟာနဋ္ဌော၊ ပယ်အပ်သော သဘောကို။ ဒုက္ခနိရောဓဿ၊ ဆင်းရဲဒုက္ခချုပ်ရာဖြစ်သော နိဗ္ဗာန်၏။ သစ္ဆိကိရိယဋ္ဌော၊ မျက်မှောက်ပြုအပ်သော သဘောကို။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်၏။ ဘာဝနဋ္ဌော၊ ပွါးစေအပ်သော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပဿ၊ရုပ်၏။ပရိညဋ္ဌော၊ပိုင်းခြား၍ သိအပ်သော သဘောကို။ရူပသမုဒယဿ၊ ရုပ်ဖြစ်ကြောင်းဖြစ်သော သမုဒယ၏၊ ပဟာနဋ္ဌော။ ပယ်အပ်သော သဘောကို၊ရူပနိရောဓဿ၊ရုပ်၏ချုပ်ရာ နိဗ္ဗာန်၏။သစ္ဆိကိရိယဋ္ဌော၊မျက်မှောက်ပြုအပ်သော သဘောကို။ ရူပနိရောဓဂါမိနိယာ ပဋိပဒါယ၊ ရုပ်၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်၏။ ဘာဝနဋ္ဌော၊ပွါးစေအပ်သော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ဝေဒနာယ၊ဝေဒနာ၏။ပ။ သညာယ၊ သညာ၏။ သင်္ခါရာနံ၊သင်္ခါရတို့၏။ ဝိညာဏဿ၊ဝိညာဉ်၏။စက္ခုဿ၊စက္ခု၏။ပ။ ဇရာမရဏဿ၊ ဇရာမရဏ၏။ ပရိညဋ္ဌော၊ပိုင်းခြား၍ သိအပ်သော သဘောကို။ ဇရာမရဏသမုဒယဿ၊ ဇရာမရဏ ဖြစ်ကြောင်းဖြစ်သော သမုဒယ၏။ ပဟာနဋ္ဌော၊ ပယ်အပ်သော သဘောကို။ ဇရာမရဏနိရောဓဿ၊ ဇရာမရဏ၏ ချုပ်ရာနိဗ္ဗာန်၏။သစ္ဆိကိရိယဋ္ဌော၊မျက်မှောက်ပြုအပ်သော သဘောကို။ဇရာမရဏနိရောဓဂါမိနိယာ ပဋိပဒါယ၊ဇရာမရဏ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်၏။ ဘာဝနဋ္ဌော၊ ပွါးစေအပ်သော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ဒုက္ခဿ၊ ဒုက္ခ၏။ ပရိညာပဋိဝေဓဋ္ဌော၊ ပိုင်းခြား၍ သိသောအားဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ ဝါ၊ ပိုင်းခြား၍သိအပ်, ထိုးထွင်း၍ သိအပ်သော သဘောကို။ ဒုက္ခသမုဒယဿ၊ ဒုက္ခ၏ ဖြစ်ကြောင်း တဏှာ၏။ ပဟာနပဋိဝေဓဋ္ဌော၊ ပယ်သော အားဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ ဒုက္ခနိရောဓဿ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်၏။ သစ္ဆိကိရိယာပဋိဝေဓဋ္ဌော၊ မျက်မှောက် ပြုသော အားဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်၏။ ဘာဝနာပဋိဝေဓဋ္ဌော၊ ပွါးစေသော အားဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။ ။ ရူပဿ၊ ရုပ်၏။ ပရိညာပဋိဝေဓဋ္ဌော၊ ပိုင်းခြား၍ သိသောအားဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ပ။ ရူပနိရောဓဂါမိနိယာ ပဋိပဒါယ၊ ရုပ်၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။ ဘာဝနာပဋိဝေဓဋ္ဌော၊ ပွါးစေသောအားဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ဝေဒနာယ၊ ဝေဒနာ၏။ပ။ သညာယ၊ သညာ၏။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ဝိညာဏဿ၊ ဝိညာဉ်၏။ စက္ခုဿ၊ စက္ခု၏။ပ။ ဇရာမရဏဿ၊ ဇရာမရဏ၏။ ပရိညာပဋိဝေဓဋ္ဌော၊ ပိုင်းခြား၍ သိသောအား ဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ပ။ ဇရာမရဏနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဇရာမရဏ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အကျင့်၏။ ဘာဝနာပဋိဝေဓဋ္ဌော၊ ပွါးစေသော အားဖြင့် ထိုးထွင်း၍ သိအပ်သော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၈။ ဒုက္ခံ၊ ဒုက္ခကို။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ဖြစ်ကြောင်းကို။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ကို။ဒုက္ခဿ၊ ဒုက္ခ၏။ သမုဒယနိရောဓော၊ ပဓာနအကြောင်းဖြစ်သော သမုဒယ၏ ချုပ်ရာ နိဗ္ဗာန်ကို။အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ဒုက္ခဿ၊ ဒုက္ခ၏။ ဆန္ဒရာဂနိရောဓော၊ ဆန္ဒရာဂ၏ ချုပ်ရာကို။ ဒုက္ခဿ၊ ဒုက္ခ၏။ အဿာဒေါ၊ သာယာဘွယ်ကို။ ဒုက္ခဿ၊ ဒုက္ခ၏။ အာဒီနဝေါ၊ အပြစ်ကို။ဒုက္ခဿ၊ဒုက္ခ၏။နိဿရဏံ၊ ထွက်မြောက်ခြင်းကို။ အဘိညေယျံ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။ပ။ ရူပံ၊ရုပ်ကို။ ရူပသမုဒယော၊ ရုပ်၏ ဖြစ်ကြောင်းကို။ ရူပနိရောဓော၊ ရုပ်၏ ချုပ်ရာကို။ရူပဿ၊ ရုပ်၏။ သမုဒယနိရောဓော၊ ပဓာနအကြောင်းဖြစ်သော သမုဒယ၏ ချုပ်ရာကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။ ရူပဿ၊ ရုပ်၏ ။ ဆန္ဒရာဂနိရောဓော၊ ဆန္ဒရာဂ၏ ချုပ်ရာကို။ရူပဿ၊ရုပ်၏။အဿာဒေါ၊ သာယာဘွယ်ကို။ ရူပဿ၊ ရုပ်၏။ အာဒီနဝေါ၊ အပြစ်ကို။ ရူပဿ၊ ရုပ်၏ ။နိဿရဏံ၊ ထွက်မြောက်ခြင်းကို။ အဘိညေယျံ၊ ထူးသော ဉာဏ်ဖြင့်သိအပ်၏။ ဝေဒနာ၊ ဝေဒနာကို။ပ။ သညာ၊ သညာကို။ သင်္ခါရာ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ ဝိညာဉ်ကို။ စက္ခု၊ စက္ခုကို။ပ။ ဇရာမရဏံ၊ ဇရာမရဏကို။ ဇရာမရဏ သမုဒယော၊ ဇရာမရဏ၏ ဖြစ်ကြောင်းကို။ ဇရာမရဏနိရောဓော၊ ဇရာမရဏ၏ ချုပ်ရာကို။ ဇရာမရဏဿ၊ဇရာမရဏ၏။ သမုဒယနိရောဓော၊ ပဓာန အကြောင်း ဖြစ်သော သမုဒယ၏ ချုပ်ရာကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။ ဇရာမရဏဿ၊ ဇရာမရဏ၏။ ဆန္ဒရာဂနိရောဓော၊ ဆန္ဒရာဂ၏ ချုပ်ရာကို ။ပ။ ဇရာမရဏဿ၊ ဇရာမရဏ၏။ နိဿရဏံ၊ ထွက်မြောက်ခြင်းကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ဒုက္ခံ၊ ဒုက္ခကို။ ဒုက္ခသမုဒယော။ ဒုက္ခ၏ဖြစ်ကြောင်းကို။ပ။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အကျင့်ကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။ ဒုက္ခဿ၊ ဒုက္ခ၏။ အဿာဒေါ၊ သာယာဘွယ်ကို ။ပ။ ဒုက္ခဿ၊ ဒုက္ခ၏။ နိဿရဏံ၊

ထွက်မြောက်ခြင်းကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ။ရူပံ၊ ရုပ်ကို။ပ။ ရူပဿ၊ ရုပ်၏။ နိဿရဏံ၊ ထွက်မြောက်ခြင်းကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ဝေဒနာ၊ ဒေဝနာကို။ပ။ ဇရာမရဏဿ၊ ဇရာမရဏ၏။ နိဿရဏံ၊ ထွက်မြောက်ခြင်းကို။ အဘိညေယျံ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

၉။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာကို။ ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿနာကို။ အနတ္တာနုပဿနာ၊ အနတ္တာနုပဿနာကို။ နိဗ္ဗိဒါနုပဿနာ၊ နိဗ္ဗိဒါနုပဿနာကို။ ဝိရာဂါနုပဿနာ၊ ဝိရာဂါနုပဿနာကို။ နိရောဓာနုပဿနာ၊ နိရောဓာနုပဿနာကို။ ပဋိနိဿဂ္ဂါနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ရူပေ၊ ရုပ်၌။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာကို။ပ။ ရူပေ၊ ရုပ်၌။ပဋိနိဿဂ္ဂါနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ဝေဒနာယ၊ ဝေဒနာ၌။ပ။ ဇရာမရဏေ၊ ဇရာမရဏ၌။ ပဋိနိဿဂ္ဂါနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာကို။ အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

၁၀။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းကို။ ပဝတ္တံ၊ ဖြစ်ပွါးခြင်းကို။ နိမိတ္တံ၊ သင်္ခါရနိမိတ်ကို။ အာယူဟနာ၊ အားထုတ်ခြင်းကို။ ပဋိသန္ဓိ၊ တဖန်ဆက်စပ်ခြင်း ပဋိသန္ဓေကို။ ဂတိ၊ လားရာဂတိကို။ နိဗ္ဗတ္တိ၊ ခန္ဓာတို့၏ဖြစ်ခြင်းကို။ ဥပပတ္တိ၊ ဝိပါက်၏ဖြစ်ခြင်းကို။ ဇာတိ၊ ဘဝအသစ်ဖြစ်ခြင်းကို။ ဇရာ၊ အိုခြင်းကို။ ဗျာဓိ၊ နာခြင်းကို။ မရဏံ၊ သေခြင်းကို။ သောကော၊ စိုးရိမ်ခြင်းကို။ ပရိဒေဝေါ၊ ငိုကြွေးခြင်းကို။ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းကို။ အပ္ပဝတ္တံ၊ မဖြစ်ပွါးခြင်းကို။ အနိမိတ္တံ၊ သင်္ခါရ နိမိတ်မရှိခြင်းကို။ အနာယူဟနာ၊ အားမထုတ်ခြင်းကို။ အပ္ပဋိသန္ဓိ၊ တဖန်မဆက်စပ်ခြင်း ပဋိသန္ဓေ မနေခြင်းကို။ အဂတိ၊ လားရာဂတိကင်းခြင်းကို။ အနိဗ္ဗတ္တိ၊ ခန္ဓာတို့၏မဖြစ်ခြင်းကို။ အနုပပတ္တိ၊ ဝိပါက်၏မဖြစ်ခြင်းကို။ အဇာတိ၊ ဘဝအသစ်မဖြစ်ခြင်းကို။ အဇရာ၊ မအိုခြင်းကို။ အဗျာဓိ၊ မနာခြင်းကို။ အမတံ၊ မသေခြင်းကို။ အသောကော၊ မစိုးရိမ်ခြင်းကို။ အပရိဒေဝေါ၊ မငိုကြွေးခြင်းကို။ အနုပါယာသော၊ ပြင်းစွာမပင်ပန်းခြင်းကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

[ဥပ္ပါဒေါ၊ အနုပ္ပါဒေါ၊ ဟူသော ယုဂလဝါရကား-အနက်တူပြီ။]

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းကို။ ဒုက္ခန္တိ၊ ဆင်းရဲဒုက္ခဟူ၍။ ။တနည်းကား။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခတည်း။ ဣတိ၊ဤသို့။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏ ။ပ။ ဥပါယာသော၊ ပြင်းစွာ ပင်ပန်းခြင်းကို။ ဒုက္ခန္တိ၊ ဆင်းရဲဒုက္ခဟူ၍။ ။တနည်းကား။ ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းသည်။ ဒုက္ခံ၊ဆင်းရဲဒုက္ခတည်း။ ဣတိ၊ ဤသို့။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းကို။ သုခန္တိ၊ ချမ်းသာသုခဟူ၍။ပ။ အနုပါယာသော၊ ပြင်းစွာမပင်ပန်းခြင်းကို။ သုခန္တိ၊ ချမ်းသာသုခဟူ၍။ အဘိညေယျံ၊ထူးသောဉာဏ်ဖြင့် သိအပ်၏။

[ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ ဟူသော ယုဂလဝါရကား-အနက်တူပြီ။]

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းကို။ ဘယန္တိ၊ ကြောက်ဖွယ်ဘေးဟူ၍။ပ။ ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းကို။ ဘယန္တိ၊ ဘေးဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းကို။ ခေမန္တိ၊ ဘေးကင်းရာဟူ၍။ပ။ အနုပါယာသော၊ ပြင်းစွာမပင်ပန်းခြင်းကို။ ခေမန္တိ၊ ဘေးကင်းရာဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

[ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ-ဟူသော ယုဂလဝါရကား-အနက်တူပြီ။]

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းကို။ သာမိသန္တိ၊ ဝဋ်ဆင်းရဲအစာ, ကာမဂုဏ်အစာနှင့်တကွ ဖြစ်သည်ဟူ၍။ပ။ ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းကို။ သာမိသန္တိ၊ ဝဋ်ဆင်းရဲအစာ, ကာမဂုဏ်အစာနှင့်တကွဖြစ်သည် ဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းကို။ နိရာမိသန္တိ၊ ဝဋ်ဆင်းရဲအစာ, ကာမဂုဏ်အစာ ကင်းသည်ဟူ၍။ပ။ အနုပါယာသော၊ ပြင်းစွာမပင်ပန်းခြင်းကို။ နိရာမိသန္တိ၊ ဝဋ်ဆင်းရဲအစာ, ကာမဂုဏ်အစာ ကင်းသည်ဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

[ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသံ-ဟူသော ယုဂလဝါရကား-အနက်တူပြီ။]

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းကို။ သင်္ခါရာတိ၊ သင်္ခါရတို့ဟူ၍။ ။တနည်းကား၊ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ပ။ ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းကို။ သင်္ခါရာတိ၊ သင်္ခါရတို့ဟူ၍။ ။တနည်းကား၊ ဥပါယာသော၊ ပြင်းစွာပင်ပန်းခြင်းသည်။သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ ဤသို့။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ။တနည်းကား၊ အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ပ။ အနုပါယာသော၊ ပြင်းစွာမပင်ပန်းခြင်းကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ။တနည်းကား၊ အနုပါယာသော၊ ပြင်းစွာ မပင်ပန်းခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

[ဥပ္ပါဒေါ သင်္ခါရာ- အနုပ္ပါဒေါ နိဗ္ဗာနံ-ဟူသော- ယုဂလဝါရကား-အနက်တူပြီ။]

ပဌမဘာဏဝါရော၊ ပဌမဘာဏဝါရသည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၁။ ပရိဂ္ဂဟဋ္ဌော၊ သိမ်းဆည်းခြင်းသဘောကို။ ပရိဝါရဋ္ဌော၊ အခြံအရံသဘောကို။ ပရိပူရဋ္ဌော၊ ထက်ဝန်းကျင်ပြည့်ခြင်းသဘောကို။ ဧကဂ္ဂဋ္ဌော၊ တည်ကြည်ခြင်းသဘောကို။ အဝိက္ခေပဋ္ဌော၊ မပျံ့လွင့်ခြင်းသဘောကို။ ပဂ္ဂဟဋ္ဌော၊ချီးမြှောက်ခြင်းသဘောကို။အဝိသာရဋ္ဌော၊ ဖရိုဖရဲမပြန့်ကျဲခြင်းသဘောကို။ အနာဝိလဋ္ဌော၊ မနောက်ကျုခြင်းသဘောကို။ အနိဉ္ဇနဋ္ဌော၊ မတုန်လှုပ်ခြင်းသဘောကို။ ဧကတ္တုပဋ္ဌာနဝသေန၊ တခုတည်းသောအာရုံ၌ လွန်စွာတည်သည်၏ အစွမ်းအားဖြင့်။ ဝါ၊ နိရောဓဟူသော တခုတည်းသောသဘောထင်သည်၏အစွမ်းအားဖြင့်။

(အာနာပါနသတိကထာ ၄-ဝေါဒါနဉာဏနိဒ္ဒေသစာမျက်နှာ ၁၆၇ ၌ "နိရောဓုပဋ္ဌာနေကတ္တဉ္စ အရိယပုဂ္ဂလာနံ" ဟူသော ပါဠိနှင့် ညီစေသည်။)

စိတ္တဿ၊ မဂ်စိတ်၏။ ဌိတဋ္ဌော၊တည်ခြင်းသဘောကို။ အာရမ္မဏဋ္ဌော၊ နိဗ္ဗာန်ကို အာရုံပြုခြင်းသဘောကို။ ဂေါစရဋ္ဌော၊ (နိဗ္ဗာန်၌) ကျက်စားခြင်းသဘောကို။ ပဟာနဋ္ဌော၊ ပယ်ခြင်း

သဘောကို။ ပရိစ္စာဂဋ္ဌော၊ စွန့်ခြင်းသဘောကို။ ဝုဋ္ဌာနဋ္ဌော၊ နိမိတ္တ ပဝတ္တနှစ်ပါးလုံးမှ ထခြင်း သဘောကို။ ဝိဝဋ္ဋနဋ္ဌော၊ (နိမိတ္တ, ပဝတ္တတို့မှ) ဆုတ်နစ်ဖဲခွါခြင်း(ကင်းခြင်း)သဘောကို။ သန္တဋ္ဌော၊ ငြိမ်းခြင်း သဘောကို။ ပဏီတဋ္ဌော၊ မြတ်သောသဘောကို။ ဝိမုတ္တဋ္ဌော၊ လွတ်မြောက်ခြင်း သဘောကို။ အနာသဝဋ္ဌော၊ အာသဝေါတို့၏ အာရုံမဟုတ်သောသဘောကို။ တရဏဋ္ဌော၊ ကူးမြောက်ခြင်း သဘောကို။ အနိမိတ္တဋ္ဌော၊ သင်္ခါရ နိမိတ်ကင်းခြင်း သဘောကို။ အပ္ပဏိဟိတဋ္ဌော၊ တောင့်တမှု မရှိခြင်း သဘောကို။ သုညတဋ္ဌော၊ ဆိတ်သုဉ်းခြင်း သဘောကို။ ဧကရသဋ္ဌော၊ တူသော ကိစ္စ ရှိခြင်း သဘောကို။ အနတိဝတ္တနဋ္ဌော၊ (သမထ, ဝိပဿနာအချင်းချင်း) မလွန်ခြင်း သဘောကို။ ယုဂနဒ္ဓဋ္ဌော၊ (သမထ, ဝိပဿနာ) အစုံဖွဲ့ခြင်း သဘောကို။ နိယျာနဋ္ဌော၊ ထွက်သွားခြင်း သဘောကို။ ဟေတုဋ္ဌော၊ (နိဗ္ဗာန်သို့ ရောက်စေသော) အကြောင်းဖြစ်ခြင်း သဘောကို။ ဒဿနဋ္ဌော၊ (နိဗ္ဗာန်ကို)မြင်ခြင်း သဘောကို။ အာဓိပတေယျဋ္ဌော၊ အကြီးအမှူးသဘောကို။ အဘိညေယျ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

၁၂။ သမထဿ၊ သမထ၏။ အဝိက္ခေပဋ္ဌော၊ မပျံ့လွင့်ခြင်း သဘောကို။ ဝိပဿနာယ၊ ဝိပဿနာ၏။ အနုပဿနဋ္ဌော၊ အဖန်တလဲလဲ ရှုခြင်းသဘောကို။ သမထဝိပဿနာနံ၊ သမထ ဝိပဿနာတို့၏။ ဧကရသဋ္ဌော၊ တူသော ကိစ္စရှိခြင်းသဘောကို။ ယုဂနဒ္ဓဿ၊ အစုံ ဖွဲ့အပ်သော သမထ, ဝိပဿနာ၏။ အနတိဝတ္တနဋ္ဌော၊ အချင်းချင်း မလွန်ခြင်းသဘောကို။ သိက္ခာယ၊ အကျင့် သိက္ခာ၏။ သမာဒါနဋ္ဌော၊ ဆောက်တည်အပ်သော သဘောကို။ အာရမ္မဏဿ၊ အာရုံ၏။ ဂေါစရဋ္ဌော၊ ကျက်စားရာဖြစ်သော သဘောကို။ လီနဿ၊ ပျင်းရိဆုတ်နစ်သော။ စိတ္တဿ၊ စိတ်၏။ ပဂ္ဂဟဋ္ဌော၊ ချီးမြှောက်အားပေးအပ်သော သဘောကို။ ဥဒ္ဓတဿ၊ ပျံ့လွင့်သော။ စိတ္တဿ၊ စိတ်၏။ နိဂ္ဂဟဋ္ဌော၊ နှိပ်အပ်သောသဘောကို။ ဥဘောဝိသုဒ္ဓါနံ၊ နှစ်ပါးစုံမှ စင်ကြယ်ကုန်သောစိတ်တို့၏။ အဇ္ဈုပေက္ခနဋ္ဌော၊ လျစ်လျူရှုအပ်သောသဘောကို။ ဝိသေသာဓိဂမဋ္ဌော၊ (အညီအမျှ ဖြစ်သော စိတ်၏ အစွမ်းအားဖြင့်) ဘာဝနာအထူးရရှိသော သဘောကို။ ဥတ္တရိပဋိဝေဓဋ္ဌော၊ (အရိယမဂ်ထင်ရှားဖြစ်ပေါ်သည်၏ အစွမ်းအားဖြင့်) ထို့ထက်အလွန် ထိုးထွင်း၍ သိခြင်းသဘောကို။ သစ္စာဘိသမယဋ္ဌော၊ သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိခြင်းသဘောကို။ နိရောဓေ၊ ချုပ်ရာ၌။ ပတိဋ္ဌာပကဋ္ဌော၊ (ဖလသမာပတ် အလိုအားဖြင့်) တည်စေခြင်းသဘောကို။ အဘိညေယျ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

သဒ္ဓိန္ဒြိယဿ၊ သဒ္ဓိန္ဒြေ၏။ အဓိမောက္ခဋ္ဌော၊ ဆုံးဖြတ်ခြင်း သဘောကို။ ဝီရိယိန္ဒြိယဿ၊ ဝီရိယိန္ဒြေ၏။ ပဂ္ဂဟဋ္ဌော၊ ချီးမြှောက်ခြင်းသဘောကို။ သတိန္ဒြိယဿ၊ သတိန္ဒြေ၏။ ဥပဋ္ဌာနဋ္ဌော၊ အာရုံ၌ကပ်၍တည်ခြင်း ထင်ခြင်းသဘောကို။ သမာဓိန္ဒြိယဿ၊ သမာဓိန္ဒြေ၏။ အဝိက္ခေပဋ္ဌော၊ မပျံ့လွင့်ခြင်းသဘောကို။ ပညိန္ဒြိယဿ၊ ပညိန္ဒြေ၏။ ဒဿနဋ္ဌော၊ မြင်ခြင်းသဘောကို။ အဘိညေယျ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

သဒ္ဓါဗလဿ၊ သဒ္ဓါဗိုလ်၏။ အဿဒ္ဓိယေ၊ မယုံကြည်မှုကြောင့်။ အကမ္ပိယဋ္ဌော၊ မတုန်လှုပ်ခြင်း သဘောကို။ ဝီရိယဗလဿ၊ ဝီရိယဗိုလ်၏။ ကောသဇ္ဇေ၊ ပျင်းရိမှုကြောင့်။ အကမ္ပိယဋ္ဌော၊ မတုန်လှုပ်ခြင်းသဘောကို။ သတိဗလဿ၊ သတိဗိုလ်၏။ ပမာဒေ၊ မေ့လျော့မှုကြောင့်။ အကမ္ပိယဋ္ဌော၊ မတုန်လှုပ်ခြင်းသဘောကို။ သမာဓိဗလဿ၊ သမာဓိဗိုလ်၏။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်မှုကြောင့်။ အကမ္ပိယဋ္ဌော၊

မတုန်လှုပ်ခြင်းသဘောကို။ ပညာဗလဿ၊ ပညာဗိုလ်၏။ အဝိဇ္ဇာယ၊ မသိမှုအဝိဇ္ဇာကြောင့်။ အကမ္ပိယဋ္ဌော၊ မတုန်လှုပ်ခြင်းသဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ ဥပဋ္ဌာနဋ္ဌော၊ အာရုံ၌ ကပ်၍တည်ခြင်း ထင်ခြင်း သဘောကို။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏။ ပဝိစယဋ္ဌော၊ စိစစ်ဆင်ခြင်ခြင်း သဘောကို။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်၏။ ပဂ္ဂဟဋ္ဌော၊ ချီးမြှောက်ခြင်းသဘောကို။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိသမ္ဗောဇ္ဈင်၏။ ဖရဏဋ္ဌော၊ ပြန့်နှံ့ခြင်းသဘောကို။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၏။ ဥပသမဋ္ဌော၊ ငြိမ်းခြင်းသဘောကို။ သမာဓိသမ္ဗောဇ္ဈင်္ဂဿ၊ သမာဓိသမ္ဗောဇ္ဈင်၏။ အဝိက္ခေပဋ္ဌော၊ မပျံ့လွင့်ခြင်းသဘောကို။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်၏။ ပဋိသင်္ခါနဋ္ဌော၊ (အညီအမျှ) ဆင်ခြင်ခြင်း သဘောကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ ဒဿနဋ္ဌော၊ မြင်ခြင်းသဘောကို။ သမ္မာသင်္ကပ္ပဿ၊ သမ္မာသင်္ကပ္ပ၏။ အဘိနိရောပနဋ္ဌော၊ အာရုံသို့ရှေးရှုတင်ခြင်းသဘောကို။ သမ္မာဝါစာယ၊ သမ္မာဝါစာ၏။ ပရိဂ္ဂဟဋ္ဌော၊ (နှုတ်စောင့်စည်းမှုကို) သိမ်းဆည်းခြင်းသဘောကို။ သမ္မာကမ္မန္တဿ၊ သမ္မာကမ္မန္တ၏။ သမုဋ္ဌာနဋ္ဌော၊ (ကိုယ်စောင့်စည်းမှုကို) ကောင်းစွာဖြစ်စေခြင်း သဘောကို။ သမ္မာအာဇီဝဿ၊ သမ္မာအာဇီဝ၏။ ဝေါဒါနဋ္ဌော၊ စင်ကြယ်ခြင်းသဘောကို။ သမ္မာဝါယာမဿ၊ သမ္မာဝါယာမ၏။ ပဂ္ဂဟဋ္ဌော၊ ချီးမြှောက်ခြင်းသဘောကို။ သမ္မာသတိယာ၊ သမ္မာသတိ၏။ ဥပဋ္ဌာနဋ္ဌော၊ အာရုံ၌ကပ်၍တည်ခြင်း ထင်ခြင်းသဘောကို။ သမ္မာသမာဓိဿ၊ သမ္မာသမာဓိ၏။ အဝိက္ခေပဋ္ဌော၊ မပျံ့လွင့်ခြင်းသဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၁၃။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ အာဓိပတေယျဋ္ဌော၊ အစိုးရခြင်းသဘောကို။ ဗလာနံ၊ ဗိုလ်တို့၏။ အကမ္ပိယဋ္ဌော၊ မတုန်လှုပ်ခြင်းသဘောကို။ ဗောဇ္ဈင်္ဂါနံ၊ ဗောဇ္ဈင်တို့၏။ နိယျာနဋ္ဌော၊ ဝဋ်ဆင်းရဲမှ ထွက်သွားခြင်းသဘောကို။ မဂ္ဂဿ၊ မဂ်၏။ ဟေတုဋ္ဌော၊ အကြောင်းဖြစ်ခြင်းသဘောကို။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့၏။ ဥပဋ္ဌာနဋ္ဌော၊ အာရုံ၌ကပ်၍တည်ခြင်း ထင်ခြင်းသဘောကို။ သမ္မပ္ပဓာနာနံ၊ သမ္မပ္ပဓာန်တို့၏။ ပဒဟနဋ္ဌော၊ အားထုတ်ခြင်းသဘောကို။ ဣဒ္ဓိပါဒါနံ၊ ဣဒ္ဓိပါဒ်တို့၏။ ဣဇ္ဈနဋ္ဌော၊ ပြည့်စုံခြင်း သဘောကို။ သစ္စာနံ၊ သစ္စာတို့၏။ တထဋ္ဌော၊ မှန်ကန်ခြင်းသဘောကို။ "မဂ္ဂါနံ၊ မဂ်တို့၏။ ပဋိပ္ပဿဒ္ဓဋ္ဌော၊ ငြိမ်းခြင်းသဘောကို"။ (အဋ္ဌကထာ အလိုအားဖြင့်၊ "ပယောဂါနံ၊ ၄-ပါးသော မဂ်လုံ့လတို့၏။ ပဋိပ္ပဿဒ္ဓဋ္ဌော၊ ဖိုလ်ခဏ၌ ငြိမ်းခြင်းသဘောကို" ဟု ရှိသင့်၏။) ဖလာနံ၊ ဖိုလ်တို့၏။ သစ္ဆိကိရိယဋ္ဌော၊ မျက်မှောက်ပြုခြင်းသဘောကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

ဝိတက္ကဿ၊ ဝိတက်၏။ အဘိနိရောပနဋ္ဌော၊ အာရုံသို့ရှေးရှုတင်ခြင်း သဘောကို။ ဝိစာရဿ၊ ဝိစာရ၏။ ဥပဝိစာရဋ္ဌော၊ စူးစမ်းဆင်ခြင်ခြင်းသဘောကို။ ပီတိယာ၊ ပီတိ၏။ ဖရဏဋ္ဌော၊ ပြန့်နှံ့ခြင်း သဘောကို။ သုခဿ၊ သုခ၏။ အဘိသန္ဒနဋ္ဌော၊ (ယိုစီး) စိုစွပ်စေခြင်းသဘောကို။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂဋ္ဌော၊ တည်ကြည်ခြင်းသဘောကို။ အာဝဇ္ဇနဋ္ဌော၊ (အာဝဇ္ဇန်းစိတ်၏) နှလုံးသွင်းဆင်ခြင်ခြင်းသဘောကို။ ဝိဇာနနဋ္ဌော၊ (ဝိညာဏ်၏) သိခြင်းသဘောကို။ ပဇာနနဋ္ဌော၊ (ပညာ၏) အပြားအားဖြင့် သိခြင်းသဘောကို။ သဉ္ဇာနနဋ္ဌော၊ (သညာ၏) မှတ်သားခြင်း သဘောကို။ ဧကောဒဋ္ဌော၊ (ဒုတိယဈာန်သမာဓိ၏ ဝိတက်ဝိစာရ အဖော်မဲ့၍) တခုတည်း ဖြစ်ခြင်း သဘောကို။

(ပါဠိ၌"ဂေါစရဋ္ဌေ"ဟုရှိ၏။ ကျက်စားရာ ကိစ္စရှိခြင်းသဘောကိုဟု အနက်ပေး။) အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

🗊 အဘိညာယ၊ အဘိညာ၏။ ဉာတဋ္ဌော၊ သိခြင်း သဘောကို။ ပရိညာယ၊ ပရိညာ၏။ တီရဏဋ္ဌော၊ ဆုံးစမ်း ဆင်ခြင်ခြင်း သဘောကို။ ပဟာနဿ၊ ပဟာန၏။ ပရိစ္စာဂဋ္ဌော၊ စွန့်ခြင်း သဘောကို။ ဘာဝနာယ၊ ဘာဝနာ၏။ ဧကရသဋ္ဌော၊ တူသော ကိစ္စရှိခြင်း သဘောကို။ သစ္ဆိကိရိယာယ၊ သစ္ဆိကိရိယာ၏။ ဖဿနဋ္ဌော၊ တွေ့ခြင်း သဘောကို။ ဝါ၊ ရခြင်း သဘောကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ခန္ဓဋ္ဌော၊ အဖို့အစု သဘောကို။ ဓာတူနံ၊ ဓာတ်တို့၏။ ဓာတုဋ္ဌော၊ သတ္တဇီဝမှ ဆိတ်သုဉ်းခြင်း သဘောကို။ အာယတနာနံ၊ အာယတနတို့၏။ အာယတနဋ္ဌော၊ တည်ရာ ဟူသော သဘောကို။ ဝါ၊ ဖြစ်ပွါးကြောင်း သဘောကို။ သင်္ခတာနံ၊ သင်္ခတ တရားတို့၏။ သင်္ခတဋ္ဌော၊ ပြုအပ်သော သဘောကို။ အသင်္ခတဿ၊ အသင်္ခတ တရား၏။ အသင်္ခတဋ္ဌော၊ မပြုအပ်သော သဘောကို။ အဘိညေယျော၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

၁၄။ စိတ္တဋ္ဌော၊ (စိတ်၏) အာရုံကို ကြံသိတတ်သော သဘောကို။ စိတ္တာနန္တရိယဋ္ဌော၊ စိတ်၏ အခြားမဲ့၌ စိတ်ကို ဖြစ်စေနိုင်ခြင်း သဘောကို။ စိတ္တဿ၊ ဂေါတြဘူစိတ် မဂ်စိတ်၏။ ဝုဋ္ဌာနဋ္ဌော၊ (နိမိတ္တမှုဒင်း နိမိတ္တပဝတ္တမှုဒင်း) ထခြင်းသဘောကို။ စိတ္တဿ၊ ဂေါတြဘူစိတ် မဂ်စိတ်၏။ ဝိဝဋ္ဋနဋ္ဌော၊ (နိမိတ္တ ပဝတ္တမှ) ဆုတ်နစ်ဖဲခွါခြင်း(ကင်းခြင်း)သဘောကို။ ဝါ၊ ဝဋ်ကင်းရာ နိဗ္ဗာန်၌ တည်ခြင်းသဘောကို။ စိတ္တဿ၊ စိတ်၏။ ဟေတုဋ္ဌော၊ ဖြစ်စေတတ်သော ဇနက အကြောင်း သဘောကို။ စိတ္တဿ၊ စိတ်၏။ ပစ္စယဋ္ဌော၊ ထောက်ပံ့တတ်သော ဥပထမ္ဘက အကြောင်း သဘောကို။ စိတ္တဿ၊ စိတ်၏။ ဝတ္ထုဋ္ဌော၊ (စက္ခုစသော ဝတ္ထုရုပ်ခြောက်ပါးတို့၏) တည်မှီရာ ဖြစ်သော သဘောကို။ စိတ္တဿ၊ စိတ်၏။ ဘူမဋ္ဌော၊ (ကာမာဝစရ အစရှိသော) ဖြစ်ရာဘုံ သဘောကို။ အာရမ္မဏဋ္ဌော၊ အာရုံပြုခြင်း သဘောကို။ ဂေါစရဋ္ဌော၊ (လေ့ကျက်ဘူးသော အာရုံ၏) ကျက်စားရာ သဘောကို။ စရိယဋ္ဌော၊ (ဝိညာဏစရိယာ အလိုအားဖြင့်) ဖြစ်ခြင်း သဘောကို။ ဂတဋ္ဌော၊ သွားရောက်ခြင်း သဘောကို။ အဘိနီဟာရဋ္ဌော၊ ရှေးရှုဆောင်ခြင်း သဘောကို။ နိယျာနဋ္ဌော၊ ဝဋ်မှ ထွက်သွားခြင်း သဘောကို။ နိဿရဏဋ္ဌော၊ ထွက်မြောက်ခြင်း သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၁၅။ ဧကတ္တေ၊ တခုတည်းသော အာရုံ၌။ အာဝဇ္ဇနဋ္ဌော၊ နှလုံးသွင်းဆင်ခြင်ခြင်း သဘောကို။ ဝိဇာနနဋ္ဌော၊ သိခြင်း သဘောကို။ ပဇာနနဋ္ဌော၊ အပြားအားဖြင့် သိခြင်း သဘောကို။ သဉ္ဇာနနဋ္ဌော၊ မှတ်သားခြင်းသဘောကို။ ဧကောဒဋ္ဌော၊ တခုတည်းဖြစ်ခြင်းသဘောကို။ ဥပနိဗန္ဓနဋ္ဌော၊ ဖွဲ့ခြင်း သဘောကို။ ပက္ခန္ဒနဋ္ဌော၊ ပြေးဝင်ခြင်း သဘောကို။ ပသီဒနဋ္ဌော၊ ကြည်ခြင်းသဘောကို။ သန္တိဋ္ဌနဋ္ဌော၊ ကောင်းစွာ တည်ခြင်း သဘောကို။ ဝိမုစ္စနဋ္ဌော၊ လွတ်ခြင်း သဘောကို။ ဝါ၊ သန္တမိဒံ ပဿနဋ္ဌော၊ ဤတရားကား ငြိမ်သက်သည်ဟု ရှုခြင်း သဘောကို။ ယာနီကတဋ္ဌော၊ ယာဉ်ကဲ့သို့ ပြုအပ်သော သဘောကို။ ဝတ္ထုကတဋ္ဌော၊ တည်ရာကဲ့သို့ ပြုအပ်သော သဘောကို။ အနုဋ္ဌိတဋ္ဌော၊ ရှေးရှုထင်သော သဘောကို။ ပရိစိတဋ္ဌော၊ ကာက်ဝန်းကျင်မှ လေ့လာအပ်သော သဘောကို။ သုသမာရဒ္ဓဋ္ဌော၊ ကောင်းစွာ အားထုတ်အပ်သော သဘောကို။ ပရိဂ္ဂဟဋ္ဌော၊ သိမ်းဆည်းခြင်း သဘောကို။ ပရိဝါရဋ္ဌော၊ ခြံရံခြင်း

သဘောကို။ ပရိပူရဋ္ဌော၊ ထက်ဝန်းကျင် ပြည့်ခြင်း သဘောကို။ သမောဓာနဋ္ဌော၊ ပေါင်းစုခြင်း သဘောကို။ အဓိဋ္ဌာနဋ္ဌော၊ ဆောက်တည်ခြင်း သဘောကို။ အာသေဝနဋ္ဌော၊ မှီဝဲခြင်း သဘောကို။ ဘာဝနဋ္ဌော၊ ပွါးစေခြင်း သဘောကို။ ဗဟုလီကမ္မဋ္ဌော၊ အကြိမ်များစွာ ပြုခြင်း သဘောကို။ သုသမုဂ္ဂတဋ္ဌော၊ ကောင်းစွာ တိုးတက်ခြင်း သဘောကို။ သုဝိမုတ္တဋ္ဌော၊ ကောင်းစွာ လွတ်ခြင်း သဘောကို။ ဗုဇ္ဈနဋ္ဌော၊ သိခြင်း သဘောကို။ အနုဗုဇ္ဈနဋ္ဌော၊ လျော်စွာ သိခြင်း သဘောကို။ ပဋိဗုဇ္ဈနဋ္ဌော၊ တဖန် သိခြင်း သဘောကို။ သမ္ဗုဇ္ဈနဋ္ဌော၊ ကောင်းစွာ သိခြင်း သဘောကို။ ဗောဓနဋ္ဌော၊ သိစေခြင်း သဘောကို။ အနုဗောဓနဋ္ဌော၊ လျော်စွာ သိစေခြင်း သဘောကို။ ပဋိဗောဓနဋ္ဌော၊ တဖန်သိစေခြင်း သဘောကို။သမ္ဗောဓနဋ္ဌော၊ ကောင်းစွာ သိစေခြင်း သဘောကို။ ဗောဓိပက္ခိယဋ္ဌော၊ ဗောဓိဉာဏ် အဖို့၌ ဖြစ်သော သဘောကို။ အနုဗောဓိပက္ခိယဋ္ဌော၊ လျော်စွာ သိသော ဗောဓိဉာဏ် အဖို့၌ ဖြစ်သော သဘောကို။ ပဋိဗောဓိပက္ခိယဋ္ဌော၊ တဖန် သိသော ဗောဓိဉာဏ် အဖို့၌ ဖြစ်သော သဘောကို။ သမ္ဗောဓိပက္ခိယဋ္ဌော၊ ကောင်းစွာ သိသော ဗောဓိဉာဏ် အဖို့၌ ဖြစ်သော သဘောကို။ ဇောတနဋ္ဌော၊ ထွန်းပခြင်း သဘောကို။ ဥဇ္ဇောတနဋ္ဌော၊ အလွန် ထွန်းပခြင်း သဘောကို။ အနုဇောတနဋ္ဌော၊ လျော်စွာထွန်းပခြင်းသဘောကို။ ပဋိဇောတနဋ္ဌော၊ တဖန် ထွန်းပခြင်း သဘောကို။ ကေတ္တွေ၊ တခုတည်းသော အာချို၌။ သဉ္ဇောတနဋ္ဌော၊ ကောင်းစွာ ထွန်းပခြင်း သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၁၆။ ပတာပနဋ္ဌော၊ ထွန်းတောက် တင့်တယ်စေခြင်း သဘောကို။ (ဗျာယ် တပတိ ဗြာဟ္မဏော၊ ဗုဒ္ဓေါ တပတိ တေဇသာ တို့၌ကဲ့သို့ တပဓာတ် ဒိတ္တိ အနက်၌ ဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာ၌ ပတာပေတိဟု မူလဓာတ်ဖြင့် ဖွင့်ပြပြီးလျှင် ၎င်းကို ပဘာသေတိ ဝိရောစာပေတိဟု ထပ်ဆင့်၍ ဖွင့်ပြထားပေသည်။ ပကာသနဋ္ဌောဟု ရှိသော မူကွဲလည်း သင့်သည်ပင်။ အနက်လည်း အတူတူပင်) ဝိရောစနဋ္ဌော၊ တင့်တယ်ခြင်းသဘောကို။ ကိလေသာနံ၊ ကိလေသာတို့ကို။ သန္တာပနဋ္ဌော၊ ပူလောင်စေခြင်း သဘောကို။ အမလဋ္ဌော၊ အညစ်အကြေး မရှိသော သဘောကို။ ဝိမလဋ္ဌော၊ အညစ်အကြေး ကင်းသော သဘောကို။ နိမ္မလဋ္ဌော၊ အညစ်အကြေး မတင်သော သဘောကို။ သမဋ္ဌော၊ ညီညွတ်သော သဘောကို။ သမယဋ္ဌော၊ ကိလေသာကို ပယ်ခြင်း သဘောကို။ ဝိဝေကဋ္ဌော၊ ဆိတ်ခြင်း သဘောကို။ ဝိဝေကစရိယဋ္ဌော၊ ဆိတ်သော နိဗ္ဗာန်၌ ဖြစ်ခြင်း သဘောကို။ ဝိရာဂဋ္ဌော၊ ရာဂကင်းခြင်း သဘောကို။ ဝိရာဂစရိယဋ္ဌော၊ ရာဂကင်းရာ နိဗ္ဗာန်၌ ဖြစ်ခြင်း သဘောကို။ နိရောဓဋ္ဌော၊ ချုပ်ခြင်း သဘောကို။ နိရောဓစရိယဋ္ဌော၊ ချုပ်ရာ နိဗ္ဗာန်၌ ဖြစ်သော သဘောကို။ ဝေါသဂ္ဂဋ္ဌော၊ စွန့်လွှတ် စေလွှတ်ခြင်း သဘောကို။ ဝေါသဂ္ဂစရိယဋ္ဌော၊ စွန့်လွှတ် စေလွှတ်သဖြင့် ဖြစ်ခြင်း သဘောကို။ ဝိမုတ္တဋ္ဌော၊ လွတ်မြောက်ခြင်း သဘောကို။ ဝိမုတ္တိစရိယဋ္ဌော၊ လွတ်မြောက်ရာ နိဗ္ဗာန်၌ ဖြစ်ခြင်း သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ဆန္ဒဋ္ဌော၊ ဆန္ဒ၏ ပြုလိုသော သဘောကို။ ဆန္ဒဿ၊ ဆန္ဒ၏။ မူလဋ္ဌော၊ အကြောင်း အရင်း ဖြစ်သော သဘောကို။ ပါဒဋ္ဌော၊ တည်ရာ အခြေဖြစ်သော သဘောကို။ ပဓာနဋ္ဌော၊ ပြဓာန်းသော သဘောကို။ ဣဇ္ဈနဋ္ဌော၊ ပြည့်စုံခြင်း သဘောကို။ အဓိမောက္ခဋ္ဌော၊ ဆုံးဖြတ်ခြင်း သဘောကို။ ပဂ္ဂဟဋ္ဌော၊ ချီးမြှောက်ခြင်း သဘောကို။ ဥပဋ္ဌာနဋ္ဌော၊ ထင်ခြင်း

သဘောကို။ အဝိက္ခေပဋ္ဌော၊ မပျံ့လွင့်ခြင်း သဘောကို။ ဒဿနဋ္ဌော၊ မြင်ခြင်း သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ဝီရိယဋ္ဌော၊ ဝီရိယ၏ လုံ့လ ပြုခြင်း သဘောကို။ ဝီရိယဿ၊ ဝီရိယ၏။ မူလဋ္ဌော၊ အကြောင်းရင်းဖြစ်သော သဘောကို။ပ။ ဝီရိယဿ၊ ဝီရိယ၏။ ဒဿနဋ္ဌော၊ မြင်ခြင်း သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

စိတ္တဋ္ဌော၊ စိတ်၏ အာရုံကို သိခြင်း သဘောကို။ပ။ စိတ္တဿ၊ စိတ်၏။ ဒဿနဋ္ဌော၊ မြင်ခြင်းသဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ဝီမံသဋ္ဌော၊ ပညာ၏ စူးစမ်းခြင်း သဘောကို။ပ။ ဝီမံသာယ၊ ပညာ၏။ပ။ ဒဿနဋ္ဌော၊ မြင်ခြင်းသဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၁၇။ ဒုက္ခဋ္ဌော၊ ဒုက္ခ၏ ဆင်းရဲခြင်းသဘောကို။ ဒုက္ခဿ၊ ဒုက္ခ၏။ ပီဠနဋ္ဌော၊ နှိပ်စက်တတ်သော သဘောကို။ သင်္ခတဋ္ဌော၊ ပြုပြင်အပ်သော သဘောကို။ သန္တာပဋ္ဌော၊ ပူပန်စေတတ်သော သဘောကို။ ဝိပရိဏာမဋ္ဌော၊ ဖောက်ပြန်တတ်သော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ သမုဒယဋ္ဌော၊ သမုဒယ၏ အကြောင်းဖြစ်သော သဘောကို။ သမုဒယဿ၊ သမုဒယ၏။ အာယူဟနဋ္ဌော၊ အားထုတ်ခြင်း သဘောကို။ နိဒါနဋ္ဌော၊ အကြောင်းဖြစ်သော သဘောကို။ သညောဂဋ္ဌော၊ ဝဋ်နှင့်ယှဉ်ခြင်း သဘောကို။ ပလိဗောဓဋ္ဌော၊ နှောင့်ယှက်ပိတ်ပင်ခြင်း သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ နိရောဓဋ္ဌော၊ နိရောဓ၏ ချုပ်ရာဟူသော သဘောကို။ နိရောဓဿ၊ နိရောဓ၏။ နိဿရဏဋ္ဌော၊ ဝဋ်မှထွက်မြောက်ရာဖြစ်သော သဘောကို။ ဝိဝေကဋ္ဌော၊ ကင်းဆိတ်ခြင်း သဘောကို။ အသင်္ခတဋ္ဌော၊ မပြုပြင်အပ်သော သဘောကို။ အမတဋ္ဌော၊ သေခြင်းကင်းသော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ မဂ္ဂဋ္ဌော၊ မဂ်၏ အကြောင်းဖြစ်သော သဘောကို။ မဂ္ဂဿ၊ မဂ်၏။ နိယျာနဋ္ဌော၊ ဝဋ်မှ ထွက်သွားခြင်း သဘောကို။ ဟေတုဋ္ဌော၊ အကြောင်းဖြစ်သော သဘောကို။ ဒဿနဋ္ဌော၊ (နိဗ္ဗာန်ကို)မြင်ခြင်း သဘောကို။ အာဓိပတေယျဋ္ဌော၊ အစိုးရခြင်း သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

တထဋ္ဌော၊ မဖောက်ပြန်သော သဘောကို။ အနတ္တဋ္ဌော၊ အတ္တမဟုတ်သော သဘောကို။ သစ္စဋ္ဌော၊ မှန်သော သဘောကို။ ပဋိဝေဓဋ္ဌော၊ ထိုးထွင်း၍သိခြင်း သဘောကို။ အဘိဇာနနဋ္ဌော၊ အထူးသိအပ်သော သဘောကို။ ပရိဇာနနဋ္ဌော၊ ပိုင်းခြား၍ သိအပ်သော သဘောကို။ ဓမ္မဋ္ဌော၊ ဓမ္မ၏ မိမိသဘောကို ဆောင်ခြင်းစသော သဘောကို။ ဓာတုဋ္ဌော၊ ဓာတ်၏ သတ္တဇီဝမှ ဆိတ်ခြင်းစသော သဘောကို။ ဉာတဋ္ဌော၊ သိအပ်သိနိုင်သော သဘောကို။ သစ္ဆိကိရိယဋ္ဌော၊ မျက်မှောက်ပြုအပ်သော သဘောကို။ ဖဿနဋ္ဌော၊ ဉာဏ်ဖြင့် တွေ့အပ်သော သဘောကို။ အဘိသမယဋ္ဌော၊ ဉာဏ်ဖြင့် ရအပ်သိအပ်သော သဘောကို။ အဘိညေယျော၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၁၈။ နေက္ခမ္မံ၊ ကာမမှထွက်မြောက်ခြင်းကို။ အဗျာပါဒေါ၊ ဗျာပါဒ ဒေါသမရှိခြင်းကို။ အာလောကသညာ၊ အာလောကသညာကို။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းကို။ ဓမ္မဝဝတ္ထာနံ၊

ဓမ္မကို ပိုင်းခြားခြင်းကို။ ဉာဏံ၊ဉာဏ်ကို။ ပါမောဇ္ဇံ၊ ပါမောဇ္ဇကို။ အဘိညေယျံ၊ထူးသောဉာဏ်ဖြင့် သိအပ်၏။

ပဌမံဈာနံ၊ ပဌမဈာန်ကို။ ဒုတိယံဈာနံ၊ ဒုတိယဈာန်ကို။ တတိယံဈာနံ၊ တတိယဈာန်ကို။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ အာကာသာနဉ္စာယတနသမာပတ္တိ၊ အာကာသာနဉ္စာယတနသမာပတ်ကို။ ဝိညာဏဉ္စာယတနသမာပတ္တိ၊ ဝိညာဏဉ္စာယတနသမာပတ်ကို။ အာကိဉ္စညာယတနသမာပတ္တိ၊ အာကိဉ္စညာယတနသမာပတ်ကို။ နေဝသညာ နာသညာယတနသမာပတ္တိ၊ နေဝသညာ နာသညာယတနသမာပတ်ကို။ အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့်သိအပ်၏။

အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာကို။ ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿနာကို။ အနတ္တာနုပဿနာ၊ အနတ္တာနုပဿနာကို။ နိဗ္ဗိဒါနုပဿနာ၊ နိဗ္ဗိဒါနုပဿနာကို။ ဝိရာဂါနုပဿနာ၊ ဝိရာဂါနုပဿနာကို။ နိရောဓာနုပဿနာ၊ နိရောဓာနုပဿနာကို။ ပဋိနိဿဂ္ဂါနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာကို။ ခယာနုပဿနာ၊ ကုန်ခြင်းကို အဖန်တလဲလဲရှုခြင်းကို။ ဝယာနုပဿနာ၊ ပျက်ခြင်းကို အဖန်တလဲလဲရှုခြင်းကို။ ဝိပရိဏာမာနုပဿနာ၊ ဖောက်ပြန်ခြင်းကို အဖန်တလဲလဲရှုခြင်းကို။ အနိမိတ္တာနုပဿနာ၊ အနိမိတ္တာနုပဿနာကို။ အပ္ပဏိဟိတာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာကို။ သုညတာနုပဿနာ၊ သုညတာနုပဿနာကို။ အဓိပညာဓမ္မဝိပဿနာ၊ အဓိပညာဓမ္မဝိပဿနာကို။ ယထာဘူတဉာဏဒဿနံ၊ ယထာဘူတဉာဏ်အမြင်ကို။ အာဒီနဝါနုပဿနာ၊ အာဒီနဝါနုပဿနာကို။ ပဋိသင်္ခါနုပဿနာ၊ ပဋိသင်္ခါနုပဿနာကို။ ဝိဝဋ္ဋနာနုပဿနာ၊ ဝိဝဋ္ဋနာနုပဿနာကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၁၉။ သောတာပတ္တိမဂ္ဂေါ၊သောတာပတ္တိမဂ်ကို။ သောတာပတ္တိဖလသမာပတ္တိ၊ သောတာပတ္တိဖလ သမာပတ်ကို၊သကဒါဂါမိမဂ္ဂေါ၊သကဒါဂါမိမဂ်ကို။ သကဒါဂါမိဖလသမာပတ္တိ၊ သကဒါဂါမိဖလသမာပတ်ကို။ အနာဂါမိမဂ္ဂေါ၊ အနာဂါမိမဂ်ကို။ အနာဂါမိဖလသမာပတ္တိ၊ အနာဂါမိဖလသမာပတ်ကို။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်ကို။ အရဟတ္တဖလသမာပတ္တိ၊ အရဟတ္တဖလသမာပတ်ကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ အဓိမောက္ခဋ္ဌေန၊ ဆုံးဖြတ်ခြင်းသဘောအားဖြင့်။ ဝါ၊ ဆုံးဖြတ်ခြင်းသဘောရှိသည်ဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေကို။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်ခြင်းသဘောအားဖြင့်။ သတိန္ဒြိယံ၊ သတိန္ဒြေကို။ ဥပဋ္ဌာနဋ္ဌေန၊ ထင်ခြင်းသဘောအားဖြင့်။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်ခြင်းသဘောအားဖြင့်။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ဒဿနဋ္ဌေန၊ မြင်ခြင်းသဘောအားဖြင့်။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ။သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်ကို။ အဿဒ္ဓိယေ၊ မယုံကြည်ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သောသဘောအားဖြင့်။ ဝီရိယဗလံ၊ ဝီရိယဗိုလ်ကို။ ကောသဇ္ဇေ၊ ပျင်းရိခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သောသဘောအားဖြင့်။ သတိဗလံ၊ သတိဗိုလ်ကို။ ပမာဒေ၊ မေ့လျော့ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ သမာဓိဗလံ၊ သမာဓိဗိုလ်ကို။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ ပညာဗလံ၊ ပညာဗိုလ်ကို။ အဝိဇ္ဇာယ၊ မသိမှုအဝိဇ္ဇာကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ။သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိ

သမ္ဗောဇ္ဈင်ကို။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သော သဘောအားဖြင့်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ပဝိစယဋ္ဌေန၊ စိစစ်ဆင်ခြင်သော သဘောအားဖြင့်။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်သော သဘောအားဖြင့်။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်ကို။ ဖရဏဋ္ဌေန၊ ပြန့်နှံ့သော သဘောအားဖြင့်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဥပသမဋ္ဌေန၊ ငြိမ်သက်သော သဘောအားဖြင့်။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ပဋိသင်္ခါနဋ္ဌေန၊ အညီအမျှဆင်ခြင်သော သဘောအားဖြင့်။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိကို။ ဒဿနဋ္ဌေန၊ မြင်သော သဘောအားဖြင့်။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပကို။ အဘိနိရောပနဋ္ဌေန၊ အာရုံသို့ရှေးရှုတင်သော သဘောအားဖြင့်။ သမ္မာဝါစာ၊ သမ္မာဝါစာကို။ ပရိဂ္ဂဟဋ္ဌေန၊ သိမ်းဆည်းသော သဘောအားဖြင့်။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တကို။ သမုဋ္ဌာနဋ္ဌေန၊ ကောင်းစွာဖြစ်စေသော သဘောအားဖြင့်။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝကို။ ဝေါဒါနဋ္ဌေန၊ စင်ကြယ်သော သဘောအားဖြင့်။ သမ္မာဝါယာမော၊ သမ္မာဝါယာမကို။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်သော သဘောအားဖြင့်။ သမ္မာသတိ၊ သမ္မာသတိကို။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သော သဘောအားဖြင့်။ သမ္မာသမာဓိ၊ သမ္မာသမာဓိကို။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

ဣန္ဒြိယာ၊ ဣန္ဒြေတို့ကို။ အာဓိပတေယျဋ္ဌေန၊ အစိုးရသော သဘောအားဖြင့်။ ဗလာ၊ ဗိုလ်တို့ကို။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့ကို။ နိယျာနဋ္ဌေန၊ ဝဋ်မှ ထွက်သွားသော သဘောအားဖြင့်။ မဂ္ဂေါ၊ မဂ်ကို။ ဟေတုဋ္ဌေန၊ အကြောင်းဖြစ်သော သဘောအားဖြင့်။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ကို။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သော သဘောအားဖြင့်။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့ကို။ ပဒဟဋ္ဌေန၊ အားထုတ်သော သဘောအားဖြင့်။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့ကို။ ဣဇ္ဈနဋ္ဌေန၊ ပြည့်စုံသော သဘောအားဖြင့်။ သစ္စာ၊ သစ္စာတို့ကို။ တထဋ္ဌေန၊ မဖောက်မပြန်မှန်သော သဘောအားဖြင့်။ သမထော၊ သမထကို။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ ဝိပဿနာ၊ ဝိပဿနာကို။ အနုပဿနဋ္ဌေန၊ အဖန်တလဲလဲရှုတတ်သော သဘောအားဖြင့်။ သမထဝိပဿနာ၊ သမထဝိပဿနာတို့ကို။ ဧကရသဋ္ဌေန၊ တူသော ကိစ္စရှိသော သဘောအားဖြင့်။ ယုဂနဒ္ဓံ၊ အစုံဖွဲ့အပ်သည်ကို။ အနတိဝတ္တနဋ္ဌေန၊ မလွန်သော သဘောအားဖြင့်။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

သီလဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိကို။ သံဝရဋ္ဌေန၊ စောင့်စည်းသော သဘောအားဖြင့်။ စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိကို။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သောသဘောအားဖြင့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိကို။ ဒဿနဋ္ဌေန၊ မြင်သောသဘောအားဖြင့်။ ဝိမောက္ခော၊ ဝိမောက္ခကို။ မုတ္တဋ္ဌေန၊ လွတ်သောသဘောအားဖြင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာကို။ ပဋိဝေဓဋ္ဌေန၊ ထိုးထွင်း၍သိသော သဘောအားဖြင့်။ ဝိမုတ္တိ၊ ဝိမုတ္တိကို။ ပရိစ္စာဂဋ္ဌေန၊ စွန့်သောသဘောအားဖြင့်။ ခယေဉာဏံ၊ ခယဉာဏ်ကို။ သမုစ္ဆေဒဋ္ဌေန၊ ကောင်းစွာဖြတ်သော သဘောအားဖြင့်။ အနုပ္ပါဒေဉာဏံ၊ အနုပ္ပါဒဉာဏ်ကို။ ပဋိပ္ပဿဒ္ဓဋ္ဌေန၊ ငြိမ်းသော သဘောအားဖြင့်။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

၂၀။ ဆန္ဒော၊ ဆန္ဒကို။ မူလဋ္ဌေန၊ အကြောင်းရင်းဖြစ်သော သဘောအားဖြင့်။ မနသိကာရော၊ မနသိကာရကို။ သမုဋ္ဌာနဋ္ဌေန၊ ကောင်းစွာဖြစ်စေသော သဘောအားဖြင့်။ ဖဿော၊ ဖဿကို။ သမောဓာနဋ္ဌေန၊ (ဒွါရ အာရုံ ဝိညာဏ်တို့၏)ပေါင်းဆုံရာသဘောအားဖြင့်။ ဝေဒနာ၊ ဝေဒနာကို။ သမောသရဏဋ္ဌေန၊ စုဝေးသက်ဝင်ရာ သဘောအားဖြင့်။ သမာဓိ၊ သမာဓိကို။ ပမုခဋ္ဌေန၊ ကုသိုလ်တရားတို့၏ အကြီးအမှူးဖြစ်သော သဘောအားဖြင့်။ သတိ၊ သတိကို။ အာဓိပတေယျဋ္ဌေန၊ အစိုးရသော သဘောအားဖြင့်။ ပညာ၊ ပညာကို။ တတုတ္တရဋ္ဌေန၊ ထိုထိုတရားတို့ထက် လွန်မြတ်သော သဘောအားဖြင့်။ ဝိမုတ္တိ၊ ဝိမုတ္တိကို။ သာရဋ္ဌေန၊ အနှစ်ဖြစ်သော သဘောအားဖြင့်။ အမတောဂဓံ၊ အမြိုက်သို့သက်ဝင်ရာဖြစ်သော။ ဝါ၊ သက်ဝင်၍တည်ရာ အမြိုက်တရားဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရိယောသာနဋ္ဌေန၊ အပြီးအဆုံးဖြစ်သော သဘောအားဖြင့်။ အဘိညေယျံ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။

ယေ ယေ ဓမ္မာ၊ အကြင်အကြင်တရားတို့ကို။ ဝါ၊အကြင်အကြင်တရားတို့သည်။အဘိညာတာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုတရား‘တို့ကို။ ဝါ၊ ထိုထိုတရားတို့သည်။ ဉာတာ၊ သိအပ်ကုန်ပြီးသည်။ ဝါ၊ သိအပ်ပြီးသော ဉာတမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တံဉာတဋ္ဌေန၊ ထိုဆိုအပ်ပြီးသော တရားအပေါင်းကို သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ။တနည်းကား၊ တံ၊ ထိုသုတမယဉာဏ်သည်။ ဉာတဋ္ဌေန၊ (ဆိုအပ်ပြီးသော တရားအပေါင်းကို) သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။

(တံဉာတဋ္ဌေနကို အနက် ၂-နည်း ပြန်ဆိုရာတွင် ပဌမနည်းမှာ အဋ္ဌကထာအဖွင့်နှင့်အညီ ပြန်ခြင်းပေတည်း။ ဒုတိယနည်းမှာ ဉာဏံဟူသော နာမ်ပုဒ်ကိုရင်း ဒုတိယဝိကပ်၌ တံသဒ္ဒါမပါဘဲ ပဇာနနဋ္ဌေန-ဟုရှိသော ဟိတ်ပုဒ်ကိုရင်း ထောက်မျှော်၍ ဆရာအများတို့ ပြန်ဆိုကြသော နည်းပေတည်း။ နောက်ဉာဏ်များအရာ၌ ထိုဒုတိယနည်းအတိုင်း ပြန်ထားသည်ကိုသာ အများအားဖြင့် တွေ့ရလတ္တံ့။ သို့သော် အထက် ၁၄-ခုမြောက် ဝိမုတ္တိဉာဏနိဒ္ဒေသ၏ နိဂုံး၌ မိန့်ဆိုထားသော တံဝိမုတ္တိဉာတဋ္ဌေန ပုဒ်ကို ထောက်လျှင် ပဌမနည်းအတိုင်းပြန်မှ ပဋိသမ္ဘိဒါမဂ်ကို ဟောသော ဒေသကပုဂ္ဂိုလ်၏ အလိုကျဘွယ် ရှိပေသည်)။

ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ‘ဣမေ ဓမ္မာ အဘိညေယျာ’တိ သောတာဝဓာနံ၊ တံပဇာနနာ ပညာ သုတမယေဉာဏန္တိ’၊ ‘ဣမေ ဓမ္မာ။ပ။ သုတမယေဉာဏံ’ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

ဒုတိယဘာဏဝါရော၊ ဒုတိယဘာဏဝါရသည်။ နိဋ္ဌိတော၊ ပြီးပြီ။

## (၂) ပရိညေယျနိဒ္ဒေသ

၂၁။ ဣမေဓမ္မာ၊ ဤတရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နာကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ နာကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ။

တနည်းကား၊ ဉာတံ၊ ဉာ်သို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဝါ၊ ဟောသော ဒေသကပုဂ္ဂိုလ်၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာနမည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ တံပဇာနနာ၊ ထိုသောတာဝဓာနကို သိသော။ ပညာ၊ ပညာသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။

ဧကော၊ တခုသော။ ဓမ္မော၊ တရားကို။ ပရိညေယျော၊ ပိုင်းခြား၍ သိအပ်၏။ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ၊ (အာရုံ အာရမ္မဏိက အလိုအားဖြင့်)အာသဝတရားနှင့် တကွဖြစ်သော။ ဥပါဒါနိယော၊ ဥပါဒါန်၏ အာရုံဖြစ်သော။ ဖဿော၊ ဖဿတည်း။ ဒွေ ဓမ္မာ၊ နှစ်ပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ နာမဉ္စ၊ နာမ်ဒင်း။ ရူပဉ္စ၊ ရုပ်ဒင်းတည်း။ တယော ဓမ္မာ၊ သုံးပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ တိဿော ဝေဒနာ၊ သုံးပါးသောဝေဒနာတို့တည်း။ စတ္တာရော ဓမ္မာ၊ လေးပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ စတ္တာရော အာဟာရာ၊ လေးပါးသော အာဟာရတို့တည်း။

ပဉ္စ ဓမ္မာ၊ ငါးပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ ပဉ္စ ဥပါဒါနက္ခန္ဓာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့တည်း။ ဆ ဓမ္မာ၊ ခြောက်ပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ ဆ အဇ္ဈတ္တိကာနိ အာယတနာနိ၊ ခြောက်ပါးသော အဇ္ဈတ္တိက အာယတနတို့တည်း။ သတ္တ ဓမ္မာ၊ ခုနစ်ပါးသောတရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ သတ္တ ဝိညာဏဋ္ဌိတိယော၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့တည်း။ အဋ္ဌ ဓမ္မာ၊ ရှစ်ပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ အဋ္ဌ လောကဓမ္မာ၊ ရှစ်ပါးသော လောကဓံ တရားတို့တည်း။ နဝ ဓမ္မာ၊ ကိုးပါးသောတရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍သိအပ်ကုန်၏။ နဝ သတ္တာဝါသာ၊ ကိုးပါးသော သတ္တာဝါသတို့တည်း။ ဒသ ဓမ္မာ၊ ဆယ်ပါးသော တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ ဒသာယတနာနိ၊ ဆယ်ပါးသော အာယတနတို့တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံသောတရားကို။ ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်သို့သော။ သဗ္ဗံ၊ အလုံးစုံသောတရားကို။ ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်၏။ ရူပါ၊ အဆင်း ရူပါရုံတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မျက်စိအသိ မြင်သိမှု၊ စက္ခုဝိညာဉ်ကို။ ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်၏။ စက္ခုသမ္ဖဿော၊ မျက်စိအတွေ့၊ မြင်တွေ့မှု၊ စက္ခုသမ္ဖဿကို။ ပရိညေယျော၊ ပိုင်းခြား၍ သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိအတွေ့၊ မြင်တွေ့မှု၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့်။ သုခံ ဝါ၊ သုခသော်လည်း ဖြစ်သော။ ဒုက္ခံ ဝါ၊ ဒုက္ခသော်လည်း ဖြစ်သော။ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမသုခသော်လည်း ဖြစ်သော။ ယမ္ပိဒံ- ယမ္ပိ ဣဒံ ဝေဒယိတံ၊ အကြင်ခံစားမှု ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တမ္ပိ၊ ထိုသုခ, ဒုက္ခ, အဒုက္ခမသုခဝေဒနာကိုလည်း။ ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်၏။ သောတံ၊ နားကို။ပ။ မနောသမ္ဖဿော၊ စိတ်အတွေ့, ကြံတွေ့မှု, မနောသမ္ဖဿကို။ ပရိညေယျော၊ ပိုင်းခြား၍သိအပ်၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်အတွေ့ ကြံတွေ့မှု, မနောသမ္ဖဿ ဟူသော အကြောင်းကြောင့်။ပ။တမ္ပိ၊ ထိုသုခ,ဒုက္ခ, အဒုက္ခမသုခဝေဒနာကိုလည်း။ ပရိညေယျံ၊ ပိုင်းခြား၍သိအပ်၏။ ရူပံ၊ ရုပ်ကို၊ပ။ ဇရာမရဏံ၊ ဇရာမရဏကို။ပ။ အမတောဂဓံ၊ အမြိုက်သို့ သက်ဝင်ရာဖြစ်သော။ ဝါ၊ သက်ဝင်၍တည်ရာ အမြိုက်တရားဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရိယောသာနဋ္ဌေန၊ အပြီးအဆုံးဖြစ်သော သဘော အားဖြင့်။ ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်၏။

ယေယံ ယေယံ ဓမ္မာနံ၊ အကြင်အကြင်တရားတို့ကို။ ပဋိလာဘတ္ထာယ၊ ရခြင်းငှါ။ ဝါယမန္တဿ၊ အားထုတ်သောယောဂီပုဂ္ဂိုလ်အား။ ဝါ၊ အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ တေ တေ ဓမ္မာ၊ ထိုထိုတရားတို့ကို။ ပဋိလဒ္ဓါ၊ ရအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝါ၊ ဖြစ်ကုန်ငြားအံ့။ ဧဝံ၊ ဤသို့ ရအပ်ကုန်ပြီးဖြစ်လတ်သော်။ တေ ဓမ္မာ၊ ထိုတရားတို့သည်၊ ပရိညာတာ စေဝ၊ ပိုင်းခြား၍သိအပ်ကုန်ပြီးသည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တီရိတာ စ၊ ဆုံးဖြတ်အပ်ကုန်ပြီးသည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

၂၂။ နေက္ခမ္မံ၊ ကာမမှထွက်မြောက်သော အလောဘကို။

(နေက္ခမ္မမှ ပါမောဇ္ဇအထိ တရား ၇-ပါးမှာ ဥပစာရစျာန်၌ ပါဝင်သော တရားများသာ တည်း။ အပ္ပနာဈာန် မဟုတ်သေး။ ပဌမံ ဈာနံ စသည်ဖြင့် အပ္ပနာဈာန်ကို ပြလတ္တံ့၊ ထို့ကြောင့် "နေက္ခမ္မံ ဈာန်ကို" ဟု မပြန်အပ်။ ဒါထက်၌လည်း နည်းတူပင်။)

ပဋိလာဘတ္ထာယ၊ ရခြင်းငှါ။ ဝါယမန္တဿ၊ 'အားထုတ်သော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊သည်။ နေက္ခမ္မံ၊ ကာမမှထွက်မြောက်သော အလောဘကို။ ပဋိလဒ္ဓံ၊ ရအပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ရအပ်ပြီးဖြစ်လတ်သော်။ သော ဓမ္မော၊ ထိုတရားသည်။ ပရိညာတော စေဝ၊ ပိုင်းခြား၍သိအပ်ပြီးသည်လည်း။ ဟောတိ၊ဖြစ်၏။တီရိတော စ၊ဆုံးဖြတ်အပ်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။

[ရပြီးဖြစ်လျှင်၊ ထိုရသောတရားသည် ပရိညာတလည်း ဖြစ်သည်။ တီရိတလည်း ဖြစ်သည်၊ တီရဏပရိညာဖြင့် သိပြီးဖြစ်သည်-ဟု ဆိုလို၏။ ။အဗျာပါဒံ ပဋိလာဘတ္ထာယ၊ အစရှိသော ကြွင်းသော ဝါရတို့၌ကား အနက်တူပြီ။]

တံ၊ ထိုသုတမယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ် မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့်သိတတ်သောအနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဣမေ ဓမ္မာ ပရိညေယျာတိ သောတာဝဓာနံ၊ တံပဇာနနာ ပညာ သုတမယေ ဉာဏန္တိ၊ ဣမေ ဓမ္မာ။ပ။ သုတမယေ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

## (၃) ပဟာတဗ္ဗနိဒ္ဒေသ

၂၃။ ကတမေ ဓမ္မာ၊ ဤတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နားကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ နားကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူအသော မြတ်စွာဘုရား၏။ ဝါ၊ ဟောသော ဒေသကပုဂ္ဂိုလ်၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာန မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ တံပဇာနနာ၊ ထိုသောတာဝဓာနကိုသိသော။ ပညာ၊ ပညာသည်။ သုတမယေဉာဏံ၊ သုတမယဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း မူဟူကား။

ဧကော၊ တခုသော။ ဓမ္မော၊ တရားကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။အသ္မိမာနော၊ ငါဟူသောမာနတည်း။ ။တနည်းကား၊ ငါဟူသောမာနကို။ ပဟာတဗ္ဗော၊ပယ်အပ်၏။ ဒွေ ဓမ္မာ၊

နှစ်ပါးသော တရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည်၎င်း။ ဘဝတဏှာ စ၊ ဘဝတဏှာသည်၎င်းတည်း။ တယော ဓမ္မာ၊ သုံးပါးသော တရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။တိဿော တဏှာ၊ သုံးပါးသောတဏှာတို့တည်း။ စတ္တာရော ဓမ္မာ၊လေးပါးသော တရားတို့ကို။ ပဟာတဗ္ဗာ၊ပယ်အပ်ကုန်၏။ စတ္တာရော ဩဃာ၊ လေးပါးသော ဩဃတို့တည်း။ ပဉ္စ ဓမ္မာ၊ငါးပါးသောတရားတို့ကို။ ပဟာတဗ္ဗာ၊ပယ်အပ်ကုန်၏။ ပဉ္စ နီဝရဏာနိ၊ ငါးပါးသော နီဝရဏတို့တည်း။ဆ ဓမ္မာ၊ ခြောက်ပါးသောတရားတို့ကို။ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ဆ တဏှာကာယာ၊ ခြောက်ပါးသော တဏှာကာယတို့တည်း။ သတ္တ ဓမ္မာ၊ ခုနစ်ပါးသောတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ သတ္တာနုသယာ၊ ခုနစ်ပါးသော အနုသယတို့တည်း။ အဋ္ဌ ဓမ္မာ၊ ရှစ်ပါးသောတရားတို့ကို။ ပဟာတဗ္ဗာ၊ပယ်အပ်ကုန်၏။အဋ္ဌ မိစ္ဆတ္တာ၊ ရှစ်ပါးသောမိစ္ဆတ္တတို့တည်း။ နဝ ဓမ္မာ၊ ကိုးပါးသောတရားတို့ကို။ ပဟာတဗ္ဗာ၊ပယ်အပ်ကုန်၏။ နဝ တဏှာမူလကာ၊ ကိုးပါးသော တဏှာမူလတို့တည်း။ ဒသ ဓမ္မာ၊ ဆယ်ပါးသောတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ ဒသ မိစ္ဆတ္တာ၊ ဆယ်ပါးသော မိစ္ဆတ္တတို့တည်း။

၂၄။ သမုစ္ဆေဒပ္ပဟာနဉ္စ၊ သမုစ္ဆေဒပဟာန်၎င်း။ ပဋိပ္ပဿဒ္ဓိပ္ပဟာနဉ္စ၊ ပဋိပ္ပဿဒ္ဓိပဟာန်၎င်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ ပဟာနာနိ၊ ပဟာန်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ခယဂါမိမဂ္ဂံ၊ အာသဝတရားတို့၏ ကုန်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော မဂ်ကို။ ဘာဝယတော၊ ပွါးစေဆဲဖြစ်သော ယောဂီပုဂ္ဂိုလ်၏။ သမုစ္ဆေဒပ္ပဟာနဉ္စ၊ သမုစ္ဆေဒပဟာန်၎င်း။ ဖလက္ခဏေ၊ဖိုလ်ခဏ၌။ ပဋိပ္ပဿဒ္ဓိပ္ပဟာနဉ္စ၊ ပဋိပ္ပဿဒ္ဓိပဟာန်၎င်းတည်း။ ပဟာနာနိ၊ ပဟာန်တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ ယဒိဒံ- ယံ ဣဒံ နေက္ခမ္မံ၊ အကြင် အသုဘစျာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအသုဘစျာန်သည်။ ကာမာနံ၊ ကာမတို့၏။ နိဿရဏံ၊ ထွက်မြောက်ရာပေတည်း။ ယဒိဒံ- ယံ ဣဒံ အာရုပ္ပံ၊ အကြင် အရူပစျာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအရူပစျာန်သည်။ ရူပါနံ၊ ရုပ်တို့၏။ နိဿရဏံ၊ ထွက်မြောက်ရာပေတည်း။ ဘူတံ၊ ဖြစ်ပေါ်သော။ သင်္ခတံ၊ အကြောင်းတရားတို့ကပေါင်းစု၍ ပြုအပ်သော။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းတရားတို့ကိုစွဲမှီ၍ ဖြစ်သော။ ယံ ခေါ ပန ကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော သင်္ခါရတရားသည်။ အတ္ထိ၊ ရှိ၏။ နိရောဓော၊ နိဗ္ဗာန်သည်။ တဿ၊ ထိုသင်္ခါရ၏။ နိဿရဏံ၊ ထွက်မြောက်ရာပေတည်း။ နေက္ခမ္မံ၊ အသုဘစျာန်ကို။ပဋိလဒ္ဓဿ၊ရသောယောဂီပုဂ္ဂိုလ်အား။ဝါ၊ သည်။ ကာမာ၊ ကာမတို့ကို။ ဝါ၊ တို့သည်။ ပဟီနာ စေဝ၊ ပယ်အပ်ကုန်ပြီးသည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိစ္စတ္တာ စ၊ စွန့်အပ်ကုန်ပြီးသည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ အာရုပ္ပံ၊ အရူပစျာန်ကို။ပဋိလဒ္ဓဿ၊ ရသော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပုဂ္ဂိုလ်သည်။ ရူပါ၊ ရုပ်တို့ကို။ ဝါ၊ တို့သည်။ ပဟီနာ စေဝ၊ ပယ်အပ်ကုန်ပြီးသည်လည်း။ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိစ္စတ္တာ စ၊ စွန့်အပ်ကုန်ပြီ သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိရောဓံ၊ နိဗ္ဗာန်ကို။ ပဋိလဒ္ဓဿ၊ ရသော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊ သည်။ သင်္ခါရာ၊ သင်္ခါရတို့ကို။ပဟီနာ စေဝ၊ပယ်အပ်ကုန်ပြီးသည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိစ္စတ္တာ စ၊စွန့်အပ်ကုန် ပြီးသည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ ။ပဟာနာနိ၊ ပဟာန်တို့သည်။ စတ္တာရိ၊ လေ ပါးတို့တည်း။ ဒုက္ခသစ္စံ-ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓံ၊ ပိုင်းခြား၍သိခြင်းအားဖြင့် ထိုးထွင်း၍သိသော ပရိညာပဋိဝေဓအလိုအားဖြင့်။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ သိသည်ဖြစ်၍။ ပဇဟာတိ၊ (ပယ်သင့်သောကိလေသာကို) ပယ်၏။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဟာနပဋိဝေဓံ၊ ပယ်သောအားဖြင့် ထိုးထွင်း၍သိသော ပဟာနပဋိဝေဓအလိုအားဖြင့်။ ပဋိဝိဇ္ဈန္တော၊ သိသည်ဖြစ်၍။

ပဇဟတိ၊ ပယ်၏။နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယာပဋိဝေဓေန၊ မျက်မှောက်ပြုသော အားဖြင့် ထိုးထွင်း၍သိသော သစ္ဆိကိရိယာ ပဋိဝေဓအလိုအားဖြင့်။ ပဋိဝိဇ္ဈန္တော၊ သိသည်ဖြစ်၍။ ပဇဟတိ၊ ပယ်၏။မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဘာဝနာပဋိဝေဓေန၊ ပွါးစေသောအားဖြင့် ထိုးထွင်း၍ သိသောဘာဝနာပဋိဝေဓအလိုအားဖြင့်။ ပဋိဝိဇ္ဈန္တော၊ သိသည်ဖြစ်၍။ ပဇဟတိ၊ (ပယ်သင့်သော ကိလေသာကို) ပယ်၏။ ။ဝိက္ခမ္ဘနပ္ပဟာနဉ္စ၊ ဝိက္ခမ္ဘန ပဟာန်ရင်း။ တဒင်္ဂပ္ပဟာနဉ္စ၊ တဒင်္ဂပဟာန်ရင်း။ သမုစ္ဆေဒပ္ပဟာနဉ္စ၊ သမုစ္ဆေဒ ပဟာန်ရင်း။ ပဋိပ္ပဿဒ္ဓိပ္ပဟာနဉ္စ၊ ပဋိပ္ပဿဒ္ဓိ ပဟာန်ရင်း။ နိဿရဏပ္ပဟာနဉ္စ၊ နိဿရဏ ပဟာန်ရင်း။ ဣတိ၊ ဤသို့။ ပဟာနာနိ၊ ပဟာန် တို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ဝိက္ခမ္ဘနပ္ပဟာနဉ္စ၊ ဝိက္ခမ္ဘနပဟာန်သည်ကား။ ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်၏။ နီဝရဏာနံ၊ နီဝရဏတို့ကို။ ပဟာနံ၊ ပယ်ခြင်းပေတည်း။ တဒင်္ဂပ္ပဟာနဉ္စ၊ တဒင်္ဂပဟာန်သည်ကား။ နိဗ္ဗေဓဘာဂိယံ၊ လောဘ စသော ကိလေသာအစိုင်အခဲကို ဖောက်ခွဲခြင်းအဖို့ရှိသော။ သမာဓိံ၊ ဝိပဿနာသမာဓိကို။ ဘာဝယတော၊ ပွါးစေသောယောဂီပုဂ္ဂိုလ်၏။ ဒိဋ္ဌိဂတာနံ၊ မိစ္ဆာအယူတို့ကို။ ပဟာနံ၊ ပယ်ခြင်း ပေတည်း။သမုစ္ဆေဒပ္ပဟာနဉ္စ၊ သမုစ္ဆေဒပဟာန်သည်ကား။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ခယဂါမိမဂ္ဂံ၊ အာသဝေါတရားတို့၏ ကုန်ရာသို့ ရောက်ကြောင်း ဖြစ်သော အရိယာမဂ်ကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်၏။ (ပဟာနံ၊ ပယ်သင့်သော ကိလေသာတို့ကို ပယ်ခြင်း ပေတည်း။) ပဋိပ္ပဿဒ္ဓိပ္ပဟာနဉ္စ၊ ပဋိပ္ပဿဒ္ဓိပဟာန်သည်ကား။ ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ (ပဟာနံ၊ မဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို တဖန်ငြိမ်းစေသောအားဖြင့် ပယ်ခြင်းပေတည်း။) နိဿရဏပ္ပဟာနဉ္စ၊ နိဿရဏပဟာန်သည်ကား။ နိရောဓော၊ ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန် ပေတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံကို။ ပဟာတဗ္ဗံ၊ ပယ်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်သို့သော။ သဗ္ဗံ၊ အလုံးစုံကို။ ပဟာတဗ္ဗံ၊ ပယ်အပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခု၊ မျက်စိကို။ ပဟာတဗ္ဗံ၊ ပယ်အပ်၏။ ရူပါ၊အဆင်းရူပါရုံတို့ကို။ စက္ခုဝိညာဏံ၊ မျက်စိအသိ,မြင်သိမှု စက္ခုဝိညာဏ်ကို။ စက္ခုသမ္ဖဿော၊ မျက်စိအတွေ့,မြင်တွေ့မှု စက္ခုသမ္ဖဿကို။ပဟာတဗ္ဗော၊ပယ်အပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိအတွေ့,မြင်တွေ့မှု စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့်။ပ။ တမ္ပိ၊ ထိုသုခ, ဒုက္ခ, အဒုက္ခမသုခ ဝေဒနာကိုလည်း။ ပဟာတဗ္ဗံ၊ပယ်အပ်၏။ သောတံ၊ နားကို။ပ။ ရူပံ၊ ရုပ်ကို။ ပဿန္တော၊ အနိစ္စစသည်ဖြင့် ရှုသည်ဖြစ်၍။ ပဇဟတိ၊ ကိလေသာကိုပယ်၏။ ဝေဒနံ၊ ဝေဒနာကို။ပ။ အမတောဂဓံ၊ အမြိုက်သို့ သက်ဝင်ရာ ဖြစ်သော။ ဝါ၊သက်ဝင်၍တည်ရာ အမြိုက်တရားဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရိယောသာနဋ္ဌေန၊ အပြီးအဆုံးဖြစ်သော သဘောအားဖြင့်။ ပဿန္တော၊ရှုသည်ဖြစ်၍။ပဇဟတိ၊ ကိလေသာကို ပယ်၏။

ယေ ယေ ဓမ္မာ၊ အကြင်အကြင်တရားတို့သည်။ ဝါ၊ အကြင်အကြင်တရားတို့ကို။ပဟီနာ၊ပယ် အပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ဝါ၊ဖြစ်ကုန်ငြားအံ့။ တေ တေ ဓမ္မာ၊ထိုထိုတရားတို့သည်။ ဝါ၊ ထိုထိုတရားတို့ကို။ ပရိစ္စတ္တာ၊ စွန့်အပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံ၊ ထိုသုတမယ ဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက် သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာ မည်၏။ တေန၊ ထိုကြောင့်။ဣမေ ဓမ္မာ ပဟာတဗ္ဗာတိ သောတာဝဓာနံ၊တံ ပဇာနနာ ပညာ သုတမယေ

ဉာဏန္တိ၊ ဣမေ ဓမ္မာ ပဟာတဗ္ဗာ သောတာဝဓာနံ၊ တံပဇာနနာ ပညာ သုတမယေ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

တတိယဘာဏဝါရော၊ တတိယဘာဏဝါရသည်။

နိဋ္ဌိတော၊ ပြီးပြီ။

---

## (၄) ဘာဝေတဗ္ဗနိဒ္ဒေသ

၂၅။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နားကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ နားကြားအပ်သောတရားအပေါင်းသည်။ ကထံ ဟောတိ၊ သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာန မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်ပါသနည်း။ တံပဇာနနာ၊ ထိုသောတာဝဓာနကို သိသော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။

ဧကော၊ တခုသော။ ဓမ္မော၊ တရားကို။ ဘာဝေတဗ္ဗော၊ ပွါးစေအပ်၏။ သာတသဟဂတာ၊ သာယာဘွယ် သုခဝေဒနာနှင့် တကွဖြစ်သော။ ကာယဂတာသတိ၊ ကာယဂတာသတိပေတည်း။ ဒွေ ဓမ္မာ၊ နှစ်ပါးသောတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ သမထော စ၊ သမထရင်း။ ဝိပဿနာ စ၊ ဝိပဿနာရင်းတည်း။ တယော ဓမ္မာ၊ သုံးပါးသော တရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ တယော သမာဓီ၊ သုံးပါးသော သမာဓိတို့တည်း။ စတ္တာရော ဓမ္မာ၊ လေးပါးသော တရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန်တို့တည်း။ ပဉ္စ ဓမ္မာ၊ ငါးပါးသော တရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ ပဉ္စင်္ဂိကော၊ အင်္ဂါငါးပါးရှိသော။ သမ္မာသမာဓိ၊ သမ္မာသမာဓိတည်း။ ဆ ဓမ္မာ၊ ခြောက်ပါးသော တရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ ဆ အနုဿတိဋ္ဌာနာနိ၊ ခြောက်ပါးသော အနုဿတိဋ္ဌာနတို့တည်း။ သတ္တ ဓမ္မာ၊ ခုနစ်ပါးသောတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ သတ္တ ဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့တည်း။ အဋ္ဌ ဓမ္မာ၊ ရှစ်ပါးသောတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ မဂ်တည်း။ နဝ ဓမ္မာ၊ ကိုးပါးသော တရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ နဝ ပါရိသုဒ္ဓိပဓာနိယင်္ဂါနိ၊ ကိုးပါးသော ပါရိသုဒ္ဓိ၏ ပဓာနီယအင်္ဂါတို့တည်း။ ဒသ ဓမ္မာ၊ ဆယ်ပါးသောတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။ ဒသ ကသိဏာယတနာနိ၊ ဆယ်ပါးသော ကသိုဏ်းဟူသော တည်ရာတို့တည်း။

၂၆။ လောကိယာ စ ဘာဝနာ၊ လောကီဘာဝနာရင်း။ လောကုတ္တရာ စ ဘာဝနာ၊ လောကုတ္တရာဘာဝနာရင်း။ ဣတိ၊ ဤသို့။ ဘာဝနာ၊ ဘာဝနာတို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ ရူပါဝစရကုသလာနံ၊ ရူပါဝစရ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဘာဝနာ၊ ပွါးစေခြင်း။ အရူပါဝစရကုသ

လာနံ၊ အရူပါဝစရ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊တရားတို့ကို။ဘာဝနာ၊ပွါးစေခြင်း။ အပရိယာပန္နကုသလာနံ၊ လောကသုံးပါး၌ အကျုံးမဝင်သော ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဘာဝနာ၊ ပွါးစေခြင်း။ ဣတိ၊ ဤသို့။ ဘာဝနာ၊ ဘာဝနာတို့သည်။ တိဿော၊ သုံးပါးတို့တည်း။ ရူပါဝစရကုသလာနံ၊ရူပါဝစရ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဘာဝနာ၊ ပွါးစေခြင်းသည်။ ဟီနာ၊ယုတ်သောပွါးစေခြင်းသည်။ အတ္ထိ၊ ရှိ၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ပွါးစေခြင်းသည်။ အတ္ထိ၊ရှိ၏။ ပဏီတာ၊ မြတ်သော ပွါးစေခြင်းသည်။ အတ္ထိ၊ ရှိ၏။ပ။

၂၇။ ဘာဝနာ၊ ဘာဝနာတို့သည်။ စတဿော၊ လေးပါးတို့တည်း။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓံ၊ ပရိညာပဋိဝေဓ အလိုအားဖြင့်။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ သိသည်ဖြစ်၍။ ဘာဝေတိ၊ ပွါးစေ၏။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဟာနပဋိဝေဓံ၊ ပဟာနပဋိဝေဓဒေလို အားဖြင့်။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ သိသည်ဖြစ်၍။ ဘာဝေတိ၊ ပွါးစေ၏။ နိရောဓသစ္စံ၊ နိရောဓ သစ္စာကို။ သစ္ဆိကိရိယာပဋိဝေဓံ၊ သစ္ဆိကိရိယာ ပဋိဝေဓအလိုအားဖြင့်။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ သိသည်ဖြစ်၍။ဘာဝေတိ၊ ပွါးစေ၏။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဘာဝနာပဋိဝေဓံ၊ ဘာဝနာ ပဋိဝေဓအလိုအားဖြင့်။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ သိသည်ဖြစ်၍။ ဘာဝေတိ၊ ပွါးစေ၏။ ဣမာ၊ ဤသည်တို့ကား။စတဿော၊ လေးပါးကုန်သော။ ဘာဝနာ၊ ပွါးခြင်းတို့တည်း။

အပရာပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဘာဝနာ။ ဘာဝနာတို့သည်။ ဧသနာ၊ ရှာမှီးခြင်း ဟူသော။ ဘာဝနာ၊ ဘာဝနာဒင်း။ ပဋိလာဘာ၊ ရခြင်းဟူသော။ ဘာဝနာ။ ဘာဝနာ ဒင်း။ ဧကရသာ၊ တူသော ကိစ္စရှိသော။ ဘာဝနာ၊ ဘာဝနာဒင်း။ အာသေဝနာ၊ မှီဝဲခြင်းဟု ဆိုအပ်သော။ ဘာဝနာ၊ ဘာဝနာဒင်း။ ဣတိ၊ ဤသို့။ စတဿော၊ လေးပါး တို့တည်း။ ဧသနာ၊ ရှာမှီးခြင်းဟူသော။ ဘာဝနာ၊ ဘာဝနာသည်။ ကတမာ၊ အဘယ်နည်း။ သမာပဇ္ဇန္တာနံ၊ သမာဓိသို့ ရောက်ကုန်သော ယောဂီ ပုဂ္ဂိုလ်တို့အား။ တတ္ထ၊ထိုသမာဓိ၌။ ဇာတာ၊ ဖြစ်ကုန်သော။ဓမ္မာ တရားတို့သည်။ ဧကရသာ၊ တူသောကိစ္စ ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ ဧသနာဘာဝနာ၊ ဧသနာဘာဝနာတည်း။ ပဋိလာဘာ၊ ရခြင်းဟူသော။ ဘာဝနာ၊ ဘာဝနာသည်။ ကတမာ၊ အဘယ်နည်း။ သဗ္ဗေသံ၊ အလုံးစုံကုန်သော၊ သမာဓိံသမာပဇ္ဇန္တာနံ၊ သမာဓိသို့ ရောက်ကုန်သော ယောဂီပုဂ္ဂိုလ်တို့အား။ တတ္ထ၊ ထိုသမာဓိ၌။ ဇာတာ၊ ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အညမညံ၊ အချင်းချင်း။နာတိဝတ္တန္တိ၊ မလွန်ကုန်။ ဣတိအယံ၊ ဤသည်ကား။ပဋိလာဘာဘာဝနာ၊ ပဋိလာဘာ ဘာဝနာတည်း။ ဧကရသာ၊ တူသော ကိစ္စရှိသော။ ဘာဝနာ၊ ဘာဝနာသည်။ ကတမာ၊ အဘယ်နည်း။ အဓိမောက္ခဋ္ဌေန၊ ဆုံးဖြတ်သော သဘောအားဖြင့်။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေ ကို။ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်အား။ သဒ္ဓိန္ဒြိယဿ၊ သဒ္ဓိန္ဒြေ၏။ ဝသေန၊ အစွမ်း အားဖြင့်။ စတ္တာရိ၊ လေးပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဧကရသာ၊ တူသောကိစ္စ ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူ သောကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းတည်း။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်သော သဘောအားဖြင့်။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေကို။ပ။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သော သဘောအားဖြင့်။ သတိန္ဒြိယံ၊ သတိန္ဒြေကို။ပ။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ပ။ ဒဿနဋ္ဌေန၊ မြင်သော သဘောအားဖြင့်။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ဘာဝယတော၊ ပွါးစေသောယောဂီပုဂ္ဂိုလ်အား။ ပညိန္ဒြိယဿ၊ ပညိန္ဒြေ၏။ ဝသေန၊ အစွမ်းအားဖြင့်။

စတ္တာရိ၊ လေးပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဧကရသာ၊ တူသောကိစ္စ ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စ ရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းတည်း။

အဿဒ္ဓိယေ၊ မယုံကြည်ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်ကို။ပ။ ကောသဇ္ဇေ၊ ပျင်းရိခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ ဝီရိယဗလံ၊ ဝီရိယဗိုလ်ကို။ပ။ ပမာဒေ၊ မေ့လျော့ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ သတိဗလံ၊ သတိဗိုလ်ကို။ပ။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ သမာဓိဗလံ၊ သမာဓိဗိုလ်ကို။ပ။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ ပညာဗလံ၊ ပညာဗိုလ်ကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်အား။ ပညာဗလဿ၊ ပညာဗိုလ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ စတ္တာရိ၊ လေးပါးကုန်သော။ ဗလာနိ၊ ဗိုလ်တို့သည်။ ဧကရသာ၊ တူသောကိစ္စ ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဗလာနံ၊ ဗိုလ်တို့၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စ ရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းတည်း။

ဥပဋ္ဌာနဋ္ဌေန၊ ထင်သော သဘောအားဖြင့်။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ပ။ ပဝိစယဋ္ဌေန၊ စိစစ်သော သဘောအားဖြင့်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို။ပ။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်သော သဘောအားဖြင့်။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ပ။ ဖရဏဋ္ဌေန၊ ပြန့်နှံ့သော သဘောအားဖြင့်။ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ ပီတိသမ္ဗောဇ္ဈင်ကို။ပ။ ဥပသမဋ္ဌေန၊ ငြိမ်သက်သော သဘောအားဖြင့်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ပ။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ သမာဓိ သမ္ဗောဇ္ဈင်ကို။ပ။ ပဋိသင်္ခါနဋ္ဌေန၊ ဆင်ခြင်သော သဘောအားဖြင့်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်အား။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဆဗောဇ္ဈင်္ဂါ၊ ခြောက်ပါးသော ဗောဇ္ဈင်တို့သည်။ ဧကရသာ၊ တူသော ကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဗောဇ္ဈင်္ဂါနံ၊ ဗောဇ္ဈင်တို့၏။ ဧကရသဋ္ဌေန၊ တူသော ကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းတည်း။

ဒဿနဋ္ဌေန၊ မြင်တတ်သော သဘောအားဖြင့်။ သမ္မာဒိဋ္ဌိံ၊ သမ္မာဒိဋ္ဌိကို။ပ။ အဘိနိရောပနဋ္ဌေန၊ အာရုံသို့ ရှေးရှုတင်တတ်သော သဘောအားဖြင့်။ သမ္မာသင်္ကပ္ပံ၊ သမ္မာသင်္ကပ္ပကို။ပ။ ပရိဂ္ဂဟဋ္ဌေန၊ သိမ်းဆည်းတတ်သော သဘောအားဖြင့်။ သမ္မာဝါစံ၊ သမ္မာဝါစာကို။ပ။ သမုဋ္ဌာနဋ္ဌေန၊ ကောင်းစွာ ဖြစ်စေသော သဘောအားဖြင့်။ သမ္မာကမ္မန္တံ၊ သမ္မာကမ္မန္တကို။ပ။ ဝေါဒါနဋ္ဌေန၊ ဖြူစင်သော သဘောအားဖြင့်။ သမ္မာအာဇီဝံ၊ သမ္မာအာဇီဝကို။ပ။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်တတ်သော သဘောအားဖြင့်။ သမ္မာဝါယာမံ၊ သမ္မာဝါယာမကို။ပ။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သော သဘောအားဖြင့်။ သမ္မာသတိံ၊ သမ္မာသတိကို။ပ။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ သမ္မာသမာဓိံ၊ သမ္မာသမာဓိကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်အား။ သမ္မာသမာဓိဿ၊ သမ္မာသမာဓိ၏။ ဝသေန၊ အစွမ်းအားဖြင့်။ သတ္တ မဂ္ဂင်္ဂါ၊ ခုနစ်ပါးသော မဂ္ဂင်တို့သည်။ ဧကရသာ၊ တူသော ကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။

မဂ္ဂင်္ဂါနံ၊ မဂ္ဂင်တို့၏။ ကေရသဋ္ဌေန၊ တူသော ကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းတည်း။ အယံ၊ ဤသည်ကား။ ကေရသာဘာဝနာ၊ ကေရသာဘာဝနာတည်း။

အာသေဝနာဘာဝနာ၊ အာသေဝနာဘာဝနာသည်။ ကတမာ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပုဗ္ဗဏှသမယမ္ပိ၊ နံနက်အခါ၌လည်း။ အာသေဝတိ၊ မှီဝဲ၏။ မဇ္ဈန္ဟိကသမယမ္ပိ၊ မွန်းတည့်အခါ၌လည်း။ သာယန္ဟသမယမ္ပိ၊ ညနေချမ်းအခါ၌လည်း။ ပုရေဘတ္တမ္ပိ၊ ဆွမ်းမစားမီအခါ၌လည်း။ ပစ္ဆာဘတ္တမ္ပိ၊ ဆွမ်းစားပြီးသော အခါ၌လည်း။ ပုရိမေပိ ယာမေ၊ ပုရိမယာမ်၌လည်း။ မဇ္ဈိမေပိ ယာမေ၊ မဇ္ဈိမယာမ်၌လည်း။ ပစ္ဆိမေပိ ယာမေ၊ ပစ္ဆိမယာမ်၌လည်း။ ရတ္တိမ္ပိ၊ ညဉ့်၌လည်း။ ဒိဝါပိ၊ နေ့၌လည်း။ ရတ္တိန္ဒိဝါပိ၊ ညဉ့်နေ့တို့၌လည်း။ ကာဠေပိ၊ လဆုတ်ပက္ခ၌လည်း။ ဇုဏှေပိ၊ လဆန်းပက္ခ၌လည်း။ ဝဿေပိ၊ မိုးကာလ၌လည်း။ ဟေမန္တေပိ၊ ဆောင်းကာလ၌လည်း။ ဂိမှေပိ၊ နွေကာလ၌လည်း။ ပုရိမေပိ ဝယောခန္ဓေ၊ ရှေးအရွယ်အစု၌လည်း။ (ပဌမအရွယ်၌လည်းဟူ။) မဇ္ဈိမေပိ ဝယောခန္ဓေ၊ မဇ္ဈိမအရွယ်အစု၌လည်း။ ပစ္ဆိမေပိ ဝယောခန္ဓေ၊ ပစ္ဆိမအရွယ်အစု၌လည်း။ အာသေဝတိ၊ မှီဝဲ၏။ အယံ၊ ဤသည်ကား။ အာသေဝနာဘာဝနာ၊ အာသေဝနာဘာဝနာတည်း။ ဘာဝနာ၊ ဘာဝနာတို့သည်။ ဣမာ စတဿော၊ ဤလေးပါးတို့တည်း။

၂၇။ အပရာပိ၊ တပါးလည်းဖြစ်ကုန်သော။ ဘာဝနာ၊ ဘာဝနာတို့သည်။ စတဿော၊ လေးပါးတို့တည်း။ တတ္ထ၊ ထိုဘာဝနာ၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်း မလွန်သော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းဒုင်း။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ကေရသဋ္ဌေန၊ တူသော ကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းဒုင်း။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တနသဘော, ကေရသ သဘောအားလျော်သော ဝီရိယကို ဆောင်သော(ဖြစ်စေသော)သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းဒုင်း။ အာသေဝနဋ္ဌေန၊ မှီဝဲသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းဒုင်းတည်း။ ။တတ္ထ၊ ထိုဘာဝနာ၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်း မလွန်သော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းသည်။ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပယ်စဉ်။ နေက္ခမ္မဝသေန၊ နေက္ခမ္မ၏ အစွမ်းအားဖြင့်။ ဇာတာ၊ ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အညမညံ၊ အချင်းချင်း။ နာတိဝတ္တန္တိ၊ မလွန်ကုန်။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ မလွန်ခြင်းသည်။ တတ္ထ၊ ထိုနေက္ခမ္မဘာဝနာ၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်း မလွန်တတ်သော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ ဗျာပါဒံ၊ ဗျာပါဒကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပယ်စဉ်။ အဗျာပါဒဝသေန၊ အဗျာပါဒ၏ အစွမ်းအားဖြင့်။ပ။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ အာလောကသညာဝသေန၊ အာလောကသညာ၏ အစွမ်းအားဖြင့်။ပ။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။အဝိက္ခေပဝသေန၊ မပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့်။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဓမ္မဝဝတ္ထာနဝသေန၊ တရားကို ပိုင်းခြားမှတ်သားခြင်း၏ အစွမ်းအားဖြင့်။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဉာဏဝသေန၊ ဉာဏ်၏ အစွမ်းအားဖြင့်။ အရတိံ၊ မပျော်မွေ့ခြင်းကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ပါမောဇ္ဇဝသေန၊ ပါမောဇ္ဇ၏ အစွမ်းအားဖြင့်။

နီဝရဏံ၊ နီဝရဏကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ပဌမဇ္ဈာနဝသေန၊ ပဌမဈာန်၏ အစွမ်းအားဖြင့်။ ဝိတက္ကဝိစာရေ၊ ဝိတက် ဝိစာရတို့ကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ် အား။ ဒုတိယဇ္ဈာနဝသေန၊ ဒုတိယဈာန်၏ အစွမ်းအားဖြင့်။ ပီတိံ၊ ပီတိကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ တတိယဇ္ဈာနဝသေန၊ တတိယဈာန်၏ အစွမ်းအားဖြင့်။ သုခဒုက္ခေ၊ သုခဒုက္ခတို့ကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ စတုတ္ထဇ္ဈာနဝသေန၊ စတုတ္ထဈာန်၏ အစွမ်းအားဖြင့်။

ရူပသညံ၊ ရူပသညာကို၎င်း။ ပဋိဃသညံ၊ ပဋိဃသညာကို၎င်း။ နာနတ္တသညံ၊ နာနတ္တသညာကို၎င်း။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ အာကာသာနဉ္စာယတနသမာပတ္တိဝသေန၊ အာကာသာနဉ္စာယတနသမာပတ်၏ အစွမ်းအားဖြင့်။ အာကာသာနဉ္စာယတနသညံ၊ အာကာသာနဉ္စာယတနသညာကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဝိညာဏဉ္စာယတနသမာပတ္တိဝသေန၊ ဝိညာဏဉ္စာယတနသမာပတ်၏ အစွမ်းအားဖြင့်။ ဝိညာဏဉ္စာယတနသညံ၊ ဝိညာဏဉ္စာယတနသညာကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ အာကိဉ္စညာယတနသမာပတ္တိဝသေန၊ အာကိဉ္စညာယတနသမာပတ်၏ အစွမ်းအားဖြင့်။

နိစ္စသညံ၊ နိစ္စသညာကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ အနိစ္စာနုပဿနာဝသေန၊ အနိစ္စာနုပဿနာ၏ အစွမ်းအားဖြင့်။ သုခသညံ၊ သုခသညာကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဒုက္ခာနုပဿနာဝသေန၊ ဒုက္ခာနုပဿနာ၏အစွမ်းအားဖြင့်။ အတ္တသညံ၊ အတ္တသညာကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ အနတ္တာနုပဿနာဝသေန၊ အနတ္တာနုပဿနာ၏ အစွမ်းအားဖြင့်။ နန္ဒိံ၊ နှစ်သက်ခြင်းကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ နိဗ္ဗိဒါနုပဿနာဝသေန၊ နိဗ္ဗိဒါနုပဿနာ၏အစွမ်းအားဖြင့်။ ရာဂံ၊ ရာဂကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ ဝိရာဂါနုပဿနာဝသေန၊ ဝိရာဂါနုပဿနာ၏အစွမ်းအားဖြင့်။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ နိရောဓာနုပဿနာဝသေန၊ နိရောဓာနုပဿနာ၏ အစွမ်းအားဖြင့်။ အာဒါနံ၊ လက်ခံခြင်း ယူခြင်းကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ ပဋိနိဿဂ္ဂါနုပဿနာဝသေန၊ ပဋိနိဿဂ္ဂါနုပဿနာ၏အစွမ်းအားဖြင့်။ ဃနသညံ၊ တခဲနက်ဟူသော သညာကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ ခယာနုပဿနာဝသေန၊ ခယာနုပဿနာ၏ အစွမ်းအားဖြင့်။ အာယူဟနံ၊ အားထုတ်ခြင်းကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ် အား။ ဝယာနုပဿနာဝသေန၊ ဝယာနုပဿနာ၏အစွမ်းအားဖြင့်။ ဓုဝသညံ၊ ဓုဝသညာကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဝိပရိဏာမာနုပဿနာဝသေန၊ ဝိပရိဏာမာနုပဿနာ၏အစွမ်းအားဖြင့်။ နိမိတ္တံ၊ နိစ္စနိမိတ်ကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ အနိမိတ္တာနုပဿနာဝသေန၊ အနိမိတ္တာနုပဿနာ၏အစွမ်းအားဖြင့်။ ပဏိဓိံ၊ တောင့်တခြင်းကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ အပ္ပဏိဟိတာနုပဿနာဝသေန၊ အပ္ပဏိဟိတာနုပဿနာ၏အစွမ်းအားဖြင့်။ အဘိနိဝေသံ၊ အတ္တဟု နှလုံးသွင်းခြင်းကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ သုညတာနုပဿနာဝသေန၊ သုညတာနုပဿနာ၏ အစွမ်းအားဖြင့်။ သာရာဒါနာဘိနိဝေသံ၊ အနှစ်ရှိသည်ဟု ယူဆနှလုံးသွင်းခြင်းကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ အဓိပညာဓမ္မဝိပဿနာဝသေန၊ အဓိပညာဓမ္မဝိပဿနာ၏အစွမ်းအားဖြင့်။ သမ္မောဟာဘိနိဝေသံ၊ တွေဝေသောအားဖြင့် နှလုံးသွင်းခြင်းကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ယထာဘူတဉာဏဒဿနဝသေန၊ ယထာဘူတဉာဏ်အမြင်၏ အစွမ်းအားဖြင့်။

အာလယာဘိနိဝေသံ၊ စွဲငြိတွယ်တာ နှလုံးသွင်းခြင်းကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ အာဒီနဝါနုပဿနာဝသေန၊ အာဒီနဝါနုပဿနာ၏အစွမ်းအားဖြင့်။ အပ္ပဋိသင်္ခံ၊ သင့်လျော်သောအကြောင်းကို မရှုခြင်းကို။ ဝါ၊ လွတ်မြောက်ရန်တဖန်မရှုခြင်းကို။ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ ပဋိသင်္ခါနုပဿနာဝသေန၊ ပဋိသင်္ခါနုပဿနာ၏အစွမ်းအားဖြင့်။ သညောဂါဘိနိဝေသံ၊ ကာမဂုဏ်စသည်နှင့်ယှဉ်တွဲလျက် နှလုံးသွင်းခြင်းကို။ ဝါ၊ သင်္ခါရအာရုံနှင့် ယှဉ်တွဲလျက် နှလုံးသွင်းခြင်းကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ ဝိဝဋ္ဋနာနုပဿနာဝသေန၊ ဝိဝဋ္ဋနာနုပဿနာ၏ အစွမ်းအားဖြင့်။

ဒိဋ္ဌေကဋ္ဌေ၊ ဒိဋ္ဌိနှင့်တကွ တဦးတည်း၌တည်ကုန်သော။ ဝါ၊ ဒိဋ္ဌိနှင့်တည်ရာတူကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ သောတာပတ္တိမဂ္ဂဝသေန၊ သောတာပတ္တိမဂ်၏အစွမ်းအားဖြင့်။ ဩဠာရိကေ၊ ရုန့်ရင်းကုန်သော။ကိလေသေ၊ ကိလေသာတို့ကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ သကဒါဂါမိမဂ္ဂဝသေန၊ သကဒါဂါမိမဂ်၏အစွမ်းအားဖြင့်။ အဏုသဟဂတေ၊ သိမ်မွေ့ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ အနာဂါမိမဂ္ဂဝသေန၊ အနာဂါမိမဂ်၏ အစွမ်းအားဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသောကိလေသာတို့ကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပယ်စဉ်။ အရဟတ္တမဂ္ဂဝသေန၊ အရဟတ္တမဂ်၏အစွမ်းအားဖြင့်။ ဇာတာ၊ ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အညမညံ၊ အချင်းချင်း။ နာတိဝတ္တန္တိ၊ မလွန်ကုန်။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့မလွန်ခြင်းသည်။ တတ္ထ၊ ထိုအရဟတ္တမဂ်ဘာဝနာ၌။ ဇာတာနံ၊ ဖြစ်ကုန်သော၊ ဓမ္မာနံ၊ တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်းမလွန်သော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ ဧဝံ၊ ဤသို့။ တတ္ထ၊ ထိုနေက္ခမ္မစသော ဘာဝနာ၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်း မလွန်သော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသော သဘောအားဖြင့်။ဘာဝနာ၊ ပွါးစေခြင် သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပယ်စဉ်။ နေက္ခမ္မဝသေန၊ နေက္ခမ္မ၏အစွမ်းအားဖြင့်။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးသောဣန္ဒြေတို့သည်။ ဧကရသာ၊ တူသောကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ကိစ္စတူခြင်းသည်။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ပ။ သဗ္ဗကိလေသေ၊ အလုံးစုံသောကိလေသာတို့ကို။ ပဇဟတော၊ ပယ်သောယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပယ်စဉ်။ အရဟတ္တမဂ္ဂဝသေန၊ အရဟတ္တမဂ်၏အစွမ်းအားဖြင့်။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးသော ဣန္ဒြေတို့သည်။ ဧကရသာ၊ တူသောကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ကိစ္စတူခြင်းသည်။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ ဧဝံ၊ ဤသို့။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တနသဘော ဧကရသသဘောအား လျော်သော ဝီရိယကိုဆောင်သော (ဖြစ်စေသော) သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းသည်။ကထံ

ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပယ်စဉ်။ နေက္ခမ္မဝသေန၊ နေက္ခမ္မ၏အစွမ်းအားဖြင့်။ ဝီရိယံ၊ ဝီရိယကို။ ဝါဟေတိ၊ ဆောင်၏။ ဝါ၊ ဖြစ်စေ၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ဝီရိယကိုဖြစ်စေခြင်းသည်။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တနသဘော, ဧကရသ သဘောအား လျော်သော ဝီရိယကိုဆောင်သော (ဖြစ်စေသော) သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ပ။သဗ္ဗကိလေသေ၊ အလုံးစုံသောကိလေသာတို့ကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ပယ်စဉ်။ အရဟတ္တမဂ္ဂဝသေန၊ အရဟတ္တမဂ်၏အစွမ်းအားဖြင့်။ ဝီရိယံ၊ ဝီရိယကို။ ဝါဟေတိ၊ ဆောင်၏။ ဝါ၊ ဖြစ်စေ၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ဝီရိယကိုဖြစ်စေခြင်းသည်။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တနသဘော, ဧကရသသဘောအား လျော်သော ဝီရိယကို ဆောင်သော (ဖြစ်စေသော) သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ ဧဝံ၊ ဤသို့။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တနသဘော, ဧကရသ သဘောအား လျော်သော ဝီရိယကို ဆောင်သော(ဖြစ်စေသော) သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အာသေဝနဋ္ဌေန၊ မှီဝဲသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ နေက္ခမ္မံ၊ နေက္ခမ္မကို။ အာသေဝတိ၊ မှီဝဲ၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့မှီဝဲခြင်းသည်။ အာသေဝနဋ္ဌေန၊ မှီဝဲသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ပ။ သဗ္ဗကိလေသေ၊ အလုံးစုံသော ကိလေသာတို့ကို။ပဇဟန္တော၊ပယ်သည်ဖြစ်၍။အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကို။အာသေဝတိ၊ မှီဝဲ၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့ မှီဝဲခြင်းသည်။ အာသေဝနဋ္ဌေန၊မှီဝဲသောသဘောအားဖြင့်။ဘာဝနာ၊ ပွါးစေခြင်းပေတည်း။ ဧဝံ၊ ဤသို့။ အာသေဝနဋ္ဌေန၊ မှီဝဲသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘာဝနာ၊ ဘာဝနာတို့သည်။ ဣမာ စတဿော၊ ဤလေးပါးတို့ပေတည်း။

ရူပံ၊ ရုပ်ကို။ ပဿန္တော၊ အနိစ္စ, စသော လက္ခဏာ အားဖြင့် ရှုသည်ဖြစ်၍။ ဘာဝေတိ၊ ပွါးစေ၏။ပ။အမတောဂဓံ၊ အမြိုက်သို့ သက်ဝင်ရာ ဖြစ်သော။ ဝါ၊ သက်ဝင်၍တည်ရာ အမြိုက်တရားဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရိယောသာနဋ္ဌေန၊ အပြီးအဆုံးဖြစ်သော သဘောအားဖြင့်။ ပဿန္တော၊ ရှုသည်ဖြစ်၍။ ဘာဝေတိ၊ ပွါးစေ၏။

ယေ ယေ ဓမ္မာ၊ အကြင် အကြင်တရားတို့ကို။ ဝါ၊ တို့သည်။ ဘာဝိတာ၊ ပွါးစေအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုတရားတို့သည်။ ဧကရသာ၊ တူသော ကိစ္စရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံ၊ ထိုသုတမယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘော ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘော ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဣမေ ဓမ္မာ ဘာဝေတဗ္ဗာတိ သောတာဝဓာနံ၊ တံပဇာနနာ ပညာ သုတမယေ ဉာဏန္တိ၊ ဣမေ ဓမ္မာ ။ပ။ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

'ဘာဝေတဗ္ဗနိဒ္ဒေသော', ဘာဝေတဗ္ဗနိဒ္ဒေသပြီး။

## (၅) သစ္ဆိကာတဗ္ဗနိဒ္ဒေသ

၂၉။ ကတမေ ဓမ္မာ၊ ဤတရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်ကုန်၏။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊နာကြားအပ်သောတရားအပေါင်းသည်။ ကထံ ဟောတိ၊ သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ နာကြားအပ်သောတရား အပေါင်းသည်။ ကထံ ဟောတိ၊ သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်)။ သောတာဝဓာနံ၊ သောတာဝဓာန မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ တံပဇာနနာ၊ ထိုသောတာ ဝဓာနကို သိသော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယ ဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။

ဧကော၊ တခုသော။ ဓမ္မော၊ တရားကို။ သစ္ဆိကာတဗ္ဗော၊ မျက်မှောက်ပြုအပ်၏။ အကုပ္ပါ၊ မပျက်သော။ စေတောဝိမုတ္တိ၊ စေတောဝိမုတ္တိတည်း။

ဒွေ ဓမ္မာ၊ နှစ်ပါးသော တရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက် ပြုအပ်ကုန်၏။ ဝိဇ္ဇာစ၊ ဝိဇ္ဇာဂုဏ်။ ဝိမုတ္တိစ၊ ဝိမုတ္တိဂုဏ်တည်း။

တယော ဓမ္မာ၊ သုံးပါးသောတရားတို့ကို။သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်ကုန်၏။ တိဿော ဝိဇ္ဇာ၊ သုံးပါးသော ဝိဇ္ဇာတို့တည်း။

စတ္တာရော ဓမ္မာ၊ လေးပါးသော တရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက် ပြုအပ်ကုန်၏။ စတ္တာရိ သာမညဖလာနိ၊ လေးပါးသော သာမညဖလတို့တည်း။

ပဉ္စ ဓမ္မာ၊ ငါးပါးသောတရားတို့ကို။သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်ကုန်၏။ ပဉ္စ ဓမ္မက္ခန္ဓာ၊ ငါးပါးသော ဓမ္မက္ခန္ဓာတို့တည်း။

ဆ ဓမ္မာ၊ ခြောက်ပါးသော တရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက် ပြုအပ်ကုန်၏။ ဆ အဘိညာ၊ ခြောက်ပါးသော အဘိညာဉ်တို့တည်း။

သတ္တ ဓမ္မာ၊ ခုနစ်ပါးသော တရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက် ပြုအပ်ကုန်၏။ သတ္တခီဏာသဝဗလာနိ၊ ခုနစ်ပါးသော ခီဏာသဝဗလတို့တည်း။

အဋ္ဌ ဓမ္မာ၊ရှစ်ပါးသောတရားတို့ကို။သစ္ဆိကာတဗ္ဗာ၊မျက်မှောက်ပြုအပ်ကုန်၏။ အဋ္ဌ ဝိမောက္ခာ၊ ရှစ်ပါးသော ဝိမောက္ခတို့တည်း။

နဝ ဓမ္မာ၊ ကိုးပါးသော တရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်ကုန်၏။နဝ အနုပုဗ္ဗ နိရောဓာ၊ ကိုးပါးသော အနုပုဗ္ဗနိရောဓတို့တည်း။

ဒသ ဓမ္မာ၊ ဆယ်ပါးသော တရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက် ပြုအပ်ကုန်၏။ ဒသ အသေက္ခာဓမ္မာ၊ ဆယ်ပါးသော အသေက္ခဓမ္မတို့တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံကို။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်သို့သော။ သဗ္ဗံ၊ အလုံးစုံသော တရားကို။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက် ပြုအပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခု၊ မျက်စိကို။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်၏။ ရူပါ၊

အဆင်း ရူပါရုံတို့ကို။ စက္ခုဝိညာဏံ၊ မျက်စိအသိ,မြင်သိမှု စက္ခုဝိညာဉ်ကို။စက္ခု သမ္ဖဿော၊ မျက်စိအတွေ့,မြင်တွေ့မှု စက္ခုသမ္ဖဿကို။ သဉ္ဇာနာတဗ္ဗော၊ မျက်မှောက်ပြုအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိအတွေ့, မြင်တွေ့မှု စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့်။ သုခံ ဝါ၊ ချမ်းသာ သော်လည်း ဖြစ်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲသော်လည်း ဖြစ်သော။ အဒုက္ခမသုခံ ဝါ၊ မဆင်းရဲ မချမ်းသာ သော်လည်း ဖြစ်သော။ ယမ္ပိဒံ-ယမ္ပိ ဣဒံ ဝေဒယိတံ၊ အကြင်ခံစားမှု ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တမ္ပိ၊ ထိုခံစားမှု ဝေဒနာကိုလည်း။ သဉ္ဇာနာတဗ္ဗံ၊ မျက်မှောက်ပြုအပ်၏။ သောတံ၊ နားကို။ပ။ မနောသမ္ဖဿော၊ စိတ်အတွေ့, ကြံတွေ့မှု မနောသမ္ဖဿကို။ သဉ္ဇာနာတဗ္ဗော၊ မျက်မှောက် ပြုအပ်၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်အတွေ့, ကြံတွေ့မှု မနောသမ္ဖဿ ဟူသော အကြောင်းကြောင့်။ပ။ တမ္ပိ၊ ထိုသုခ, ဒုက္ခ, အဒုက္ခမသုခ ဝေဒနာ ကိုလည်း။ သဉ္ဇာနာတဗ္ဗံ၊ မျက်မှောက် ပြုအပ်၏။ ရူပံ၊ ရုပ်ကို။ ပဿန္တော၊ အနိစ္စစသော လက္ခဏာအားဖြင့် ရှုသည်ဖြစ်၍။ သဉ္ဇာနာတိ။ မျက်မှောက်ပြု၏။ ဝေဒနံ၊ ဝေဒနာကို။ပ။အမတောဂဓံ၊ အမြိုက်သို့ သက်ဝင်ရာ ဖြစ်သော ။ဝါ၊ သက်ဝင်၍ တည်ရာ အမြိုက်တရားဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရိယောသာနဋ္ဌေန၊ အပြီးအဆုံး ဖြစ်သော သဘောအားဖြင့်။ ပဿန္တော၊ ရှုသည်ဖြစ်၍။ သဉ္ဇာနာတိ၊ မျက်မှောက်ပြု၏။

ယေ ယေ ဓမ္မာ၊ အကြင် အကြင် တရားတို့ကို။ သစ္ဆိကတာ၊ မျက်မှောက် ပြုအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုတရားတို့ကို။ ဖဿိတာ၊ တွေ့ထိအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။'တံ၊ ထိုသုတမယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘော ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘော ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဣမေဓမ္မာ သစ္ဆိကာတဗ္ဗာတိ သောတာဝဓာနံ၊ တံ ပဇာနနာ ပညာ သုတမယေဉာဏန္တိ၊ ဣမေ ဓမ္မာ ။ပ။ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

## (၆-၉) ဟာနဘာဂိယ စတုက္က

၁၀။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဟာနဘာဂိယာ၊ ဆုတ်ယုတ်ခြင်းအဘို့ ရှိကုန်၏။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဌိတိဘာဂိယာ၊ တည်တန့်ခြင်းအဘို့ရှိကုန်၏။ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဝိသေသဘာဂိယာ၊ ထူးခြားသောအဘို့ ရှိကုန်၏။ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ နိဗ္ဗေဓဘာဂိယာ၊ လောဘစသော ကိလေသာ အစိုင်အခဲကို ဖောက်ခွဲခြင်းအဘို့ရှိကုန်၏။ ဣတိ၊ ဤသို့။ သောတာ ဝဓာနံ၊ နားကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ။ တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ နားကြား အပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဝါ၊ ဟောသော ဒေသက ပုဂ္ဂိုလ်၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာန ,မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ တံပဇာနနာ၊ ထိုသောတာဝဓာနကို သိသော။ ပညာ၊ ပညာသည်။ သုတမယေဉာဏံ၊ သုတမယဉာဏ်မည်သည်။ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ပဌမဿ ဈာနဿ၊ ပဌမဈာန်ကို။ လာဘိံ-လာဘိနော၊ ရသောပုဂ္ဂိုလ်အား။ဝါ၊ရသော ပုဂ္ဂိုလ်၏သန္တာန်၌။ ကာမသဟဂတာ၊ ကာမနှင့်တကွဖြစ်ကုန်သော။ သညာမနသိကာရာ၊ သညာ မနသိကာရတို့သည်။ သမုဒါစရန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဝါ၊ဖြစ်ပေါ်လာကုန်ငြားအံ့။ ဟာနဘာဂိယော၊

ဆုတ်ယုတ်ခြင်း အဘို့ရှိသော။ ဓမ္မာ၊ တရားပေတည်း။ ဌိတိဘာဂိယာ၊ ထိုဈာန်သို့ အစဉ်လျှောက်သော သဘောရှိသော။သတိ၊ ဈာန်ကိုစွဲ၍ဖြစ်သော နိကန္တိဟုဆိုအပ်သော သတိသည်။ သန္တိဋ္ဌတိ၊ တည်၏။ ဝါ၊ တည်ငြားအံ့။ဌိတိဘာဂိယော၊ တည်တန့်ခြင်းအဘို့ရှိသော။ဓမ္မော၊ တရား ပေတည်း။ အဝိတက္ကသဟဂတာ၊ ဝိတက်နှင့်တကွမဖြစ်ကုန်သော။ ဝါ၊ ဝိတက် ကင်းကုန်သော။ သညာမနသိကာရာ၊ သညာမနသိကာရတို့သည်။ သမုဒါစရန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဝါ၊ ဖြစ်ပေါ်ကုန် ငြားအံ့။ ဝိသေသဘာဂိယော၊ ထူးသောအဘို့ရှိသော။ ဓမ္မော၊ တရားပေတည်း။ နိဗ္ဗိဒါသဟဂတာ၊ ငြီးငွေ့သော ဝိပဿနာနှင့်တကွဖြစ်ကုန်သော။ ဝိရာဂူပသံဟိတာ၊ အရိယာမဂ်နှင့်စပ်ကုန်သော။ သညာမနသိကာရာ၊ သညာမနသိကာရတို့သည်။ သမုဒါစရန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဝါ၊ ဖြစ်ပေါ်ကုန် ငြားအံ့။ နိဗ္ဗေဓဘာဂိယော၊ ဖောက်ခွဲခြင်း အဘို့ရှိသော။ ဓမ္မော၊ တရားပေတည်း။

ဒုတိယဿ ဈာနဿ၊ ဒုတိယဈာန်ကို။လာဘိံ-လာဘိနော၊ ရသောပုဂ္ဂိုလ်အား။ ဝိတက္ကသဟဂတာ၊ဝိတက်နှင့်တကွဖြစ်ကုန်သော။သညာမနသိကာရာ၊သညာမနသိကာရ တို့သည်။သမုဒါစရန္တိ၊ ဖြစ်ကုန်၏။ပ။

[တတိယဿ ဈာနဿ အစရှိသော ကြွင်းသော ဝါရတို့၌ အနက် သိသာပြီ။]

တံ၊ ထိုသုတမယ ဉာဏ်သည်။ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက် သဘောကြောင့်။ ပညာ၊ ပညာမည်၏။တေန၊ ထိုကြောင့်။ဣမေ ဓမ္မာ ဟာနဘာဂိယာ,ဣမေ ဓမ္မာ ဌိတိဘာဂိယာ,ဣမေ ဓမ္မာ ဝိသေသဘာဂိယာ, ဣမေ ဓမ္မာ နိဗ္ဗေဓဘာဂိယာတိ သောတာဝဓာနံ၊ တံပဇာနနာ ပညာ သုတ-မယေ ဉာဏန္တိ၊ ဣမေ ဓမ္မာ ဟာနဘာဂိယာ။ပ။ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

## (၁၀-၁၂) လက္ခဏတ္တိကနိဒ္ဒေသ

၃၁။ သဗ္ဗေအလုံးစုံကုန်သော။သင်္ခါရာ၊သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဒုက္ခာ၊ ဆင်းရဲသော သဘော ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ ရုပ်-နာမ် တရားတို့သည်။ အနတ္တာ၊ အတ္တကောင်မဟုတ်ကုန်။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နာကြားအပ်သောတရားအပေါင်းသည်။ ကထံ ဟောတိ၊ သနည်း။ ။ တနည်းကား၊ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ နာကြားအပ် သောတရား အပေါင်းသည်။ ကထံ ဟောတိ၊ သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဓမ္မဇာတံ၊ တရားအပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာနမည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ တံပဇာနနာ၊ ထိုသောတာဝဓာနကိုသိသော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။

ရုပ်ံ၊ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်သောအနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဘယဋ္ဌေန၊ ကြောက်ဖွယ် ဘေးဟူသောအနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ အနှစ်မရှိသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တမည်၏။ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ဓမ္မဇာတံ၊တရားအပေါင်းသည်။)သောတာဝဓာနံ၊ နာကြားအပ် သိမှတ်အပ်သောတရားပေတည်း။ တံပဇာနနာ၊ ထိုနာကြားအပ် သိမှတ်

အပ်သော တရားကို အပြားအားဖြင့် သိသော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယဉာဏ်မည်၏။ [ဝေဒနာအနိစ္စာ-စသော ကြွင်းသော ပါဠိရတို့၌ အနက်တူပြီ။]

တံ၊ ထိုသုတမယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ သဗ္ဗေ သင်္ခါရာ အနိစ္စာ, သဗ္ဗေ သင်္ခါရာ ဒုက္ခာ, သဗ္ဗေ ဓမ္မာ အနတ္တာတိ သောတာဝဓာနံ၊ တံပဇာနနာ ပညာ သုတမယေ ဉာဏန္တိ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ။ပ။ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

## (၁၃-၁၆) သစ္စနိဒ္ဒေသ

၁၂။ ဣဒံ၊ ဤသည်ကား။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ ဣဒံ၊ ဤသည်ကား။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ ဣဒံ၊ ဤသည်ကား။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ ဣဒံ၊ ဤသည်ကား။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ ဣတိ၊ ဤသို့။ သောတာဝဓာနံ၊ နာကြားအပ်သော တရားအပေါင်းသည်။ ကထံ ဟောတိ၊ သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောကြားစဉ်။) သောတာဝဓာနံ၊ သည်။ ကထံ ဟောတိ၊ သနည်း။ ။တနည်းကား၊ ဣတိ၊ ဤသို့။ (ဒေသယန္တဿ၊ ဟောတော်မူသော မြတ်စွာဘုရား၏။ ဓမ္မဇာတံ၊ တရား အပေါင်းသည်။) သောတာဝဓာနံ၊ သောတာဝဓာန မည်သည်။ ကထံ ဟောတိ၊ သနည်း။ တံပဇာနနာ၊ ထိုသောတာဝဓာနကိုသိသော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယ ဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။

## (က) ဒုက္ခသစ္စနိဒ္ဒေသ

၁၃။ တတ္ထ၊ ထိုသစ္စာလေးပါးတို့တွင်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမံ၊ အဘယ်နည်း။ ဇာတိပိ၊ ပဋိသန္ဓေနေခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲတည်း။ ဇရာပိ၊ အိုခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲတည်း။ မရဏမ္ပိ၊ သေခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲတည်း။ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာပိ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပင်ပန်းခြင်းတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲတို့တည်း။ အပ္ပိယေဟိ၊ မချစ်မနှစ်လိုအပ်သောသူတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းဖော်ရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲတည်း။ ပိယေဟိ၊ ချစ်မြတ်နိုးအပ်သောသူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲတည်း။ ယမ္ပိစ္ဆံ၊ အကြင်လိုအပ် တောင့်တအပ်သော ဝတ္ထုကိုလည်း။ နလဘတိ၊ မရ။ တမ္ပိ၊ ထိုမရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲတည်း။ ။တနည်းကား၊ ယမ္ပိ ယေနပိ၊ အကြင်လိုချင်ခြင်းတရားဖြင့်လည်း။ ဣစ္ဆံ ဣစ္ဆန္တော၊ မရနိုင်ကောင်းသည်ကို လိုချင်သောသူသည်။ နလဘတိ၊ မရ။ တမ္ပိ၊ ထိုမရနိုင်သည်ကို လိုချင်ခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲတည်း။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန်၏ အာရုံဖြစ်သော ငါးပါးသော ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲတို့တည်း။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌာ၊ ကောင်းစွာအကျုံးဝင်သော။) ဇာတိ၊ ဇာတိသည်။ ကတမာ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ၊ ထိုထိုသတ္တဝါ

အပေါင်း၌။ ယာ ဇာတိ၊ အကြင်ရှေးဦးစွာဖြစ်ပေါ်ခြင်းသည်ရှင်း။ ယာ သဉ္ဇာတိ၊ အကြင်ပြည့်စုံစွာဖြစ်ခြင်းသည်ရှင်း။ ယာ ဩက္ကန္တိ၊ အကြင်အမိဝမ်းသို့ သက်ဝင်ခြင်းသည်ရှင်း။ ယာ အဘိနိဗ္ဗတ္တိ၊ အကြင်ထင်ရှားဖြစ်ခြင်းသည်ရှင်း။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ယော ပါတုဘာဝေါ၊ အကြင်ထင်ရှားစွာဖြစ်ခြင်းသည်ရှင်း။ အာယတနာနံ၊ အာယတနတို့ကို။ ယော ပဋိလာဘော၊ အကြင်တဖန်ရခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောတရားကို။ ဇာတိ၊ ဇာတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌာ၊ ကောင်းစွာ အကျုံးဝင်သော။) ဇရာ၊ ဇရာသည်။ ကတမာ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထို သတ္တဝါတို့၏။ တမှိတမှိ သတ္တနိကာယေ၊ ထိုထို သတ္တဝါအပေါင်း၌။ ယာ ဇရာ၊ အကြင်အိုခြင်းသည်ရှင်း။ ယာ ဇီရဏတာ၊ အကြင်အိုသောအခြင်းအရာသည်ရှင်း။ ယံ ခဏ္ဍိစ္စံ၊ အကြင်သွားကျိုးသော အဖြစ်သည်ရှင်း။ ယံ ပါလိစ္စံ၊ အကြင်ဆံဖြူသောအဖြစ်သည်ရှင်း။ ယာ ဝလိတ္တစတာ၊ အကြင်တွန့်သော အရေရှိသည်၏ အဖြစ်သည်ရှင်း။ အာယုနော၊ အသက်၏။ (ဇီဝိတိန္ဒြေ၏လည်းဟူ) ယာ သံဟာနိ၊ အကြင်ဆုတ်ယုတ်ခြင်းသည်ရှင်း။ ဣန္ဒြိယာနံ၊ စက္ခုအစရှိသော ဣန္ဒြေတို့၏။ ယော ပရိပါကော၊ အကြင်ရင့်ခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောတရားကို။ ဇရာ၊ ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌံ၊ ကောင်းစွာအကျုံးဝင်သော။) မရဏံ၊ မရဏသည်။ ကတမံ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှာတမှာ သတ္တနိကာယာ၊ ထိုထိုသတ္တဝါအပေါင်းမှ။ ယာ စုတိ၊ အကြင်ရွေ့လျောခြင်းသည်ရှင်း။ ယာ စဝနတာ၊ အကြင်ရွေ့လျောသော အခြင်းအရာသည်ရှင်း။ ယော ဘေဒေါ၊ အကြင်ပျက်ခြင်းသည်ရှင်း။ ယံ အန္တရဓာနံ၊ အကြင်ကွယ်ခြင်းသည်ရှင်း။ မစ္စု၊ မစ္စုဟုဆိုအပ်သော။ ယံ မရဏံ၊ အကြင်သေခြင်းသည်ရှင်း။ ယာ ကာလကိရိယာ၊ အကြင်နောက်ဆုံးကာလကိုပြုခြင်းသည်ရှင်း။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ယော ဘေဒေါ၊ အကြင်ပျက်ခြင်းသည်ရှင်း။ ကဠေဝရဿ၊ အကောင်ကို။ ယော နိက္ခေပေါ၊ အကြင်ပစ်ချခြင်းသည်ရှင်း။ဇီဝိတိန္ဒြိယဿ၊ဇီဝိတိန္ဒြေ၏။ယော ဥပစ္ဆေဒေါ၊ အကြင် ပြတ်ခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသဘောတရားကို။ မရဏံ၊ မရဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌော၊ ကောင်းစွာအကျုံးဝင်သော။) သောကော၊ သောကသည်။ ကတမော၊ အဘယ်နည်း။ ဉာတိဗျသနေန ဝါ၊ အဆွေအမျိုးတို့၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူ၏။ ဘောဂဗျသနေန ဝါ၊ စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူ၏။ ရောဂဗျသနေန ဝါ၊ အနာဟူသော ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူ၏။ သီလဗျသနေန ဝါ၊ သီလ၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူ၏။ ဒိဋ္ဌိဗျသနေန ဝါ၊ အယူ၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ၊ နှိပ်စက်အပ် သောသူ၏။ အညတရညတရေန၊ တပါးပါးသော။ ဗျသနေန၊ ပျက်စီးခြင်းနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသောသူ၏။ အညတရညတရေန၊ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲဖြစ်ကြောင်း တရားဖြင့်။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူ၏။ ယော သောကော၊ အကြင်စိုးရိမ်ပူဆွေးခြင်းသည်ရှင်း။ ယာ သောစနာ၊ အကြင်စိုးရိမ်ပူဆွေးခြင်းအရာသည်ရှင်း။ ယံ သောစိတတ္တံ၊ အကြင်စိုးရိမ်ပူဆွေးသောသူ၏ အဖြစ်သည်ရှင်း။ ယော အန္တောသောကော၊ အကြင်အတွင်း၌ စိုးရိမ်ပူဆွေးခြင်းသည်ရှင်း။ ယော အန္တောပရိသောကော၊ အကြင်အတွင်း၌ အဖန်တလဲလဲ စိုးရိမ်ပူဆွေးခြင်းသည်ရှင်း။ စေတသော၊ စိတ်၏။ ယော ပရိသောကော၊ အကြင်အဖန်တလဲလဲ

စိုးရိမ်ပူဆွေးခြင်းသည်ရှင်း။ ယာ ပရိဇ္ဈာယနာ၊ အကြင်ပူလောင်ခြင်းသည်ရှင်း။ ယံ ဒေါမနဿံ၊ အကြင်နှလုံး မသာယာခြင်းသည်ရှင်း။ ယံ သောကသလ္လံ၊ အကြင်သောကတည်းဟူသော ငြောင့်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောတရားကို။ သောကော၊ သောကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌော၊ ကောင်းစွာအကျုံးဝင်သော) ပရိဒေဝေါ၊ ပရိဒေဝသည်။ ကတမော၊ အဘယ်နည်း။ ဉာတိဗျသနေန ဝါ၊ အဆွေအမျိုး တို့၏ ပျက်စီးခြင်းဖြင့် မူလည်း။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သော သူ၏။ပ။ ယော အာဒေဝေါ၊ အကြင်ငိုကြွေးခြင်းသည်ရှင်း။ ယော ပရိဒေဝေါ၊ အကြင် အဖန်တလဲလဲ ငိုကြွေးခြင်း သည်ရှင်း။ ယာ အာဒေဝနာ၊ အကြင်ငိုကြွေးသော အခြင်းအရာသည်ရှင်း။ ယာ ပရိဒေဝနာ၊ အကြင် အဖန်တလဲလဲ ငိုကြွေးသော အခြင်းအရာသည်ရှင်း။ ယံ အာဒေဝိတတ္တံ၊ အကြင်ငိုကြွေးသော သူ၏ အဖြစ်သည်ရှင်း။ ယံ ပရိဒေဝိတတ္တံ၊ အကြင်ပြင်းစွာ ငိုကြွေးသောသူ၏ အဖြစ်သည်ရှင်း။ ယော ဝါစာ ပလာပေါ၊ အကြင်ပြောဆိုခြင်းသည်ရှင်း။ ယော ဝိပ္ပလာပေါ၊ အကြင်အထူးထူး အပြားပြား ပြောဆိုခြင်းသည်ရှင်း။ ယော လာလပ္ပေါ၊ အကြင် ယောင်ယမ်းခြင်းသည်ရှင်း။ ယာ လာလပ္ပနာ၊ အကြင်ယောင်ယမ်းသော အခြင်းအရာသည်ရှင်း။ ယံ လာလပ္ပိတတ္တံ၊ အကြင် ယောင်ယမ်းသော သူ၏အဖြစ်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောတရားကို။ ပရိဒေဝေါ၊ ပရိဒေဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌံ၊ ကောင်းစွာ အကျုံးဝင်သော။) ဒုက္ခံ၊ ဒုက္ခသည်။ ကတမံ၊ အဘယ်နည်း။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ ယံ အသာတံ၊ အကြင်မသာယာ အပ်သော သဘောသည်ရှင်း။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ အကြင် ဆင်းရဲသည်ရှင်း။ ကာယသမ္ဖဿဇံ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော။ (ကာယသမ္ဖဿကို မှီ၍ဖြစ်သောလည်းဟူ။) အသာတံ၊ မသာယာအပ်သော။ ဒုက္ခံ၊ ဆင်းရဲသော။ ယံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်ရှင်း။ ကာယသမ္ဖဿဇာ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော။ အသာတာ၊ မသာယာအပ်သော။ ဒုက္ခာ၊ ဆင်းရဲသော။ ယာ ဝေဒနာ၊ အကြင်ဝေဒနာသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသဘောတရားကို။ ဒုက္ခံ၊ ဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌံ၊ ကောင်းစွာအကျုံးဝင်သော။) ဒေါမနဿံ၊ ဒေါမနဿသည်။ ကတမံ၊ အဘယ်နည်း။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ယံ အသာတံ၊ အကြင်မသာယာအပ်သော သဘောသည်ရှင်း။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ အကြင်ဆင်းရဲသည်ရှင်း။ စေတောသမ္ဖဿဇံ၊ စိတ်အတွေ့ကြောင့်ဖြစ်သော။ အသာတံ၊ မသာယာအပ်သော။ ဒုက္ခံ၊ ဆင်းရဲသော။ ယံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်ရှင်း။ စေတောသမ္ဖဿဇာ၊ စိတ်အတွေ့ကြောင့် ဖြစ်သော။ အသာတာ၊ မသာယာအပ်သော။ ဒုက္ခာ၊ ဆင်းရဲသော။ ယာ ဝေဒနာ၊ အကြင်ဝေဒနာသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသဘောတရားကို။ ဒေါမနဿံ၊ ဒေါမနဿဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိနိဝိဋ္ဌော၊ ကောင်းစွာ အကျုံးဝင်သော။) ဥပါယာသော၊ ဥပါယာသသည်။ ကတမော၊ အဘယ်နည်း။ ဉာတိဗျသနေန ဝါ၊ အဆွေအမျိုးတို့၏ ပျက်စီးခြင်းဖြင့် မူလည်း။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူ၏။ပ။ ယော အာယာသော၊ အကြင်ပင်ပန်း ခြင်းသည်ရှင်း။ ယော ဥပါယာသော၊ အကြင်ပြင်းစွာ ပင်ပန်းခြင်းသည်ရှင်း။ ယာ အာယာသနာ၊ အကြင်ပင်ပန်းသောအခြင်းအရာသည်ရှင်း။ ယာ ဥပါယာသနာ၊ အကြင်ပြင်းစွာပင်ပန်းသော အခြင်းအရာ

သည့်ရှင်း။ ယံ အာယာသိတတ္တံ၊ အကြင်ပင်ပန်းသော သူ၏အဖြစ်သည်ရှင်း။ ယံ ဥပါယာသိတတ္တံ၊ အကြင် ပြင်းစွာ ပင်ပန်းသောသူ၏ အဖြစ်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘော တရားကို။ ဥပါယာသော၊ ဥပါယာသဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိံနိံဝိဇ္ဇော၊ ကောင်းစွာအကျုံးဝင်သော။) အပ္ပိယေဟိ၊ မချစ် မနှစ်သက်အပ်သောသူတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းဖော်ရခြင်း ဟူသော။ ဒုက္ခော၊ ဆင်းရဲသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤလောက၌။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အနိဋ္ဌာ၊ မလို အပ်ကုန်သော။ အကန္တာ၊ မနှစ်လိုအပ်ကုန်သော။ အမနာပါ၊ နှလုံးကို မပွါးစေတတ်ကုန်သော။ ဝါ၊ မမြတ်နိုးအပ်ကုန်သော။ ယေ တေ ရူပါ၊ အကြင်ရူပါရုံ တို့သည်ရှင်း။ ယေ တေ သဒ္ဒါ၊ အကြင် သဒ္ဒါရုံတို့သည်ရှင်း။ ယေ တေ ဂန္ဓာ၊ အကြင်ဂန္ဓာရုံတို့သည်ရှင်း။ ယေ တေ ရသာ၊ အကြင်ရသာရုံ တို့သည်ရှင်း။ ယေ တေ ဖောဋ္ဌဗ္ဗာ၊ အကြင်ဖောဋ္ဌဗ္ဗာရုံတို့သည်ရှင်း။ ယေ တေ ဓမ္မာ၊ အကြင်ဓမ္မာရုံ တို့သည်ရှင်း။ ဟောန္တိ၊ ရှိကုန်၏။ ပန၊ ထိုမှတပါး။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အနတ္ထကာမာ၊ အကျိုး မဲ့ကို အလိုရှိကုန်သော။ အဟိတကာမာ၊ အစီးအပွါးမဲ့ကို အလိုရှိကုန်သော။ အဖာသုကကာမာ၊ မချမ်း သာခြင်းကို အလိုရှိကုန်သော။ အယောဂက္ခေမကာမာ၊ ဘေးမငြိမ်းခြင်းကို အလိုရှိကုန်သော။ ယေ ဝါ တေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်မူလည်း။ ဟောန္တိ၊ ရှိကုန်၏။ တေဟိ၊ ထိုမနှစ်လိုအပ် သော အာရုံ၊ အကျိုးမဲ့ကို အလိုရှိသောသူ အစရှိသည်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ယာ သင်္ဂတိ၊ အကြင် တွေ့ရခြင်းသည်ရှင်း။ ယော သမာဂမော၊ အကြင်ဆုံရခြင်းသည်ရှင်း။ ယံ သမောဓာနံ၊ အကြင် ပေါင်းဖော် ရခြင်းသည်ရှင်း။ ယော မိဿီဘာဝေါ၊ အကြင်ရောနှော၍ နေရသည်၏ အဖြစ် သည်ရှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောတရားကို။ အပ္ပိယေဟိ၊ မချစ် မနှစ်သက် မမြတ်နိုး အပ်သော သူတို့နှင့်။ သမ္ပယောဂေါ၊ ပေါင်းဖော်ရခြင်း ဟူသော။ ဒုက္ခော၊ ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမတိံနိံဝိဇ္ဇော၊ ကောင်းစွာအကျုံးဝင်သော။) ပိယေဟိ၊ ချစ်မြတ် နိုးအပ်သော သူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းဟူသော။ ဒုက္ခော၊ဆင်းရဲသည်။ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤလောက၌။ အဿ၊ ထိုသူ၏။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊နှစ်လို အပ်ကုန်သော။ မနာပါ၊ နှလုံးကို ပွါးစေတတ်ကုန်သော။ ဝါ၊ မြတ်နိုးအပ်ကုန်သော။ ယေ တေ ရူပါ၊ အကြင်ရူပါရုံတို့သည်ရှင်း။ပ။ ဟောန္တိ၊ ရှိကုန်၏။ ပန၊ ထိုမှတပါး။ အဿ၊ ထိုသူ၏။ အတ္ထ ကာမာ၊ အကျိုးကို အလိုရှိကုန်သော။ ဟိတကာမာ၊ စီးပွါးကို အလိုရှိကုန်သော။ ဖာသုကကာမာ၊ ချမ်းသာကို အလိုရှိကုန်သော။ ယောဂက္ခေမကာမာ၊ ခန့်ခြင်းကို အလိုရှိကုန်သော။ မာတာ ဝါ၊ အမိသော်ရှင်း။ ပိတာ ဝါ၊ အဖသော်ရှင်း။ ဘာတာ ဝါ၊ အစ်ကိုသော်ရှင်း။ ဘဂိနီ ဝါ၊ အစ်မ နှမ သော်ရှင်း။ မိတ္တာ ဝါ၊ အဆွေခင်ပွန်းတို့သော်ရှင်း။ အမစ္စာ ဝါ၊ ချစ်ကျွမ်းဝင်သော သူတို့သော်ရှင်း။ ဉာတီ ဝါ၊ ဆွေမျိုးတို့သော်ရှင်း။ သာလောဟိတာ ဝါ၊ သားချင်းတို့သော်ရှင်း။ ယေ ဝါ တေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ရှိကုန်၏။ တေဟိ၊ ထိုနှစ်သက်အပ်သော အာရုံ၊ အကျိုးစီးပွါးကို အလိုရှိသော အမိအဖ အစရှိသော သူတို့နှင့်။ ယာ အသင်္ဂတိ၊ အကြင် မတွေ့ရခြင်းသည်ရှင်း။ ယော အသမာဂမော၊ အကြင်မဆုံရခြင်းသည်ရှင်း။ ယံ အသမောဓာနံ၊ အကြင်တပေါင်းတည်း မနေရခြင်းသည်ရှင်း။ ယော အမိဿီဘာဝေါ၊ အကြင်ရောနှော၍ မနေရသည်၏ အဖြစ်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောတရားကို။ ပိယေဟိ၊ ချစ်ခင်လေးမြတ်အပ်သော သူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်း ဟူသော။ ဒုက္ခော၊ ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမဘိနိဝိဋ္ဌ၊ ကောင်းစွာ အကျုံးဝင်သော) ယမ္ပိစ္ဆံ၊ အကြင်အလိုကိုလည်း။န လဘတိ၊ မရ။တမ္ပိ ဒုက္ခံ၊ ထိုသို့ မရခြင်းဟူသော ဆင်းရဲသည်လည်း။ ကတမံ၊ အဘယ်နည်း။ ဇာတိဓမ္မာနံ၊ ပဋိသန္ဓေနေခြင်းသဘော ရှိကုန်သော၊ သတ္တာနံ၊ သတ္တဝါတို့၏။ ဧဝံ၊ဤသို့။ ဣစ္ဆာ၊ အလိုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ့မယံ၊ ငါတို့သည်။ ဇာတိဓမ္မာ၊ ပဋိသန္ဓေနေခြင်းသဘောတို့သည်။ နအဿာမ၊ မဖြစ်ပါကုန်မူကား။ အဟော ဝတ၊ဩော်ကောင်းလေစွ။ဇာတိ စ၊ ဇာတိသည်လည်း။ နော၊ ငါတို့သို့။ န အာဂစ္ဆေယျ၊ မလာပါမူကား။ အဟောဝတ၊ ဩော်ကောင်းလေစွ။ ဣတိ ဧဝံ၊ ဤသို့။ ဣစ္ဆာ၊ အလိုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံ၊ ဤဇာတိကင်းခြင်းကို။ ဣစ္ဆာယ၊ အလိုမျှဖြင့်။န ခေါ ပန ပတ္တဗ္ဗံ၊မရောက်အပ် မရောက်နိုင်ပေ။ဣဒမ္ပိ၊ ဤသဘောတရားသည်လည်း။ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခမည်၏။ ဇရာဓမ္မာနံ၊ အိုခြင်းသဘောရှိကုန်သော။သတ္တာနံ၊သတ္တဝါတို့၏။ဗျာဓိဓမ္မာနံ၊ နာခြင်းသဘောရှိကုန်သော။ မရဏဓမ္မာနံ၊ သေခြင်းသဘောရှိကုန်သော။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသ ဓမ္မာနံ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာ ပင်ပန်းခြင်း သဘောရှိကုန်သော။ သတ္တာနံ၊ တို့၏။ ဧဝံ၊ သို့။ ဣစ္ဆာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ မယံ၊ ငါတို့သည်။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်း သဘောရှိကုန်သည်။န အဿာမ၊ မဖြစ်ပါကုန်မူကား။ အဟောဝတ၊ ဩော်ကောင်းလေစွ။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ စ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပင်ပန်းခြင်းတို့ သည်လည်း။ နော၊ ငါတို့သို့။ န အာဂစ္ဆေယျုံ၊ မလာပါကုန်မူကား။ အဟောဝတ၊ ဩော်ကောင်းလေစွ။ ဣတိ ဧဝံ ဣစ္ဆာ၊ ဤသို့သော အလိုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတံ၊ ဤစိုးရိမ်မှုစသည် ကင်းခြင်းကို။ ဣစ္ဆာယ၊ အလိုမျှဖြင့်။ န ခေါ ပန ပတ္တဗ္ဗံ၊ မရောက်အပ် မရောက်နိုင်ပေ။ ဣဒမ္ပိ၊ ဤတရားသည်လည်း။ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊ ယမ္ပိစ္ဆံနလဘတိတမ္ပိဒုက္ခမည်၏။

တတ္ထ၊ ထိုဒုက္ခသစ္စာ၌။ (သမဘိနိဝိဋ္ဌာ၊ ကောင်းစွာ အကျုံးဝင်ကုန်သော။) သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာဒုက္ခတို့သည်။ ကတမေ၊ အဘယ်တို့နည်း။ ဣဒံ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်။ သေယျထာ ကတမေ၊အဘယ်တို့နည်းဟူမူကား။ရူပုပါဒါနက္ခန္ဓော၊ရူပုပါဒါနက္ခန္ဓာဒင်း။ပ။ဝိညာဏုပါဒါနက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓာဒင်း။ (ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။) ဣမေ၊ ဤသဘောတရားတို့ကို။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာဒုက္ခတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣဒံ ဓမ္မဇာတံ၊ ဤဆိုအပ်ခဲ့သော တရားအပေါင်းကို။ ဒုက္ခံ၊ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## (ခ) သမုဒယသစ္စနိဒ္ဒေသ

၃၄။ တတ္ထ၊ ထိုသစ္စာလေးပါးတို့တွင်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမံ၊ အဘယ်နည်း။ ယာယံ တဏှာ၊ အကြင်တဏှာသည်။ ပေါနောဘဝိကာ၊ တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒိရာဂသဟဂတာ၊ နှစ်သက် တပ်စွဲသောရာဂနှင့် တကွဖြစ်၏။ တတြတတြ၊ ထိုထိုဘဝ ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။ ဣဒံ အယံ တဏှာ၊ဤတဏှာသည်။သေယျထာ ကတမာ၊အဘယ်နည်း။ကာမတဏှာ၊ ကာမတဏှာဒင်း။ ဘဝတဏှာ၊ ဘဝတဏှာဒင်း။ ဝိဘဝတဏှာ၊ ဝိဘဝတဏှာဒင်း။ (ဣဒံ ဣမာ၊ဤသည်တို့တည်း။)

သာ ခေါ ပနေသာ-သာ ခေါ ပန သော တဏှာ၊ ထိုတဏှာသည်လည်း၊ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ်သည် ရှိသော်။ ကတ္ထ၊ အဘယ်အရာ၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ နိဝိသမာနာ၊ ဝင်၍တည်သည်ရှိသော်။ ကတ္ထ၊ အဘယ်အရာ၌။ နိဝိသတိ၊ ဝင်၍တည်သနည်း။ လောကေ၊ လောက၌။ ယံ ပိယရူပံ၊ အကြင်ချစ်ဘွယ် သဘောသည်။ ယံ သာတရူပံ၊ အကြင်သာယာဘွယ်သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧသာ တဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ်သည်ရှိသော်။ ဧတ္ထ၊ ဤချစ်ဘွယ် သာယာဘွယ်သဘော၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိဝိသမာနာ၊ ဝင်၍တည်သည်ရှိသော်။ ဧတ္ထ၊ ဤချစ်ဘွယ် သာယာဘွယ်သဘော၌။ နိဝိသတိ၊ ဝင်၍တည်၏။

လောကေ၊ လောက၌။ ပိယရူပံ၊ ချစ်ဘွယ်သဘောသည်။ သာတရူပံ၊ သာယာဘွယ်သဘော သည်။ ကိဉ္စ၊ အဘယ်နည်း။ လောကေ၊ ၌။ စက္ခု၊ မျက်စိသည်။ ပိယရူပံ၊ ချစ်ဘွယ်သဘောတည်း။ သာတရူပံ၊ သာယာဘွယ်သဘောတည်း။ ဧသာ တဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ် သည်ရှိသော်။ ဧတ္ထ၊ ဤမျက်စိ၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိဝိသမာနာ၊ ဝင်၍တည်သည်ရှိသော်။ ဧတ္ထ၊ ဤမျက်စိ၌။ နိဝိသတိ၊ ဝင်၍တည်၏။

[သောတံ လောကေ အစရှိသော ကြွင်းသော ပါဠိရတို့၌ အနက်ပေါ်ပြီ။]

ဣဒံ၊ ဤသဘောတရားကို။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## (ဂ) နိရောဓသစ္စနိဒ္ဒေသ

၃၅။ တတ္ထ၊ ထိုသစ္စာလေးပါးတို့တွင်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမံ၊ အဘယ်နည်း။ တဿာယေဝ တဏှာယ၊ ထိုတဏှာ၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြင်အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်ရှင်း။ ယော စာဂေါ၊ အကြင်စွန့်ခြင်းသည်ရှင်း။ ယော ပဋိနိဿဂ္ဂေါ၊ အကြင်တဖန်စွန့်ခြင်းသည်ရှင်း။ ယာ မုတ္တိ၊ အကြင် လွတ်ခြင်းသည်ရှင်း။ ယော အနာလယော၊ အကြင်မငြိတွယ်ခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ (အယံ၊ ဤသဘောတရားပင်တည်း။)

သာ ခေါ ပနေသာ တဏှာ၊ ထိုတဏှာကို။ ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ ကတ္ထ၊ အဘယ်အရာ၌။ ပဟီယတိ၊ ပယ်အပ်သနည်း။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ကတ္ထ၊ အဘယ်အရာ၌။ နိရုဇ္ဈတိ၊ ချုပ်သနည်း။ လောကေ၊ လောက၌။ ယံ ပိယရူပံ၊ အကြင်ချစ်ဘွယ်သဘောသည်။ ယံ သာတရူပံ၊ အကြင်သာယာဘွယ်သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧသာ တဏှာ၊ ဤတဏှာကို။ ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ ဧတ္ထ၊ ဤချစ်ဘွယ် သာယာဘွယ်သဘော၌။ ပဟီယတိ၊ ပယ်အပ်၏။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ဧတ္ထ၊ ဤချစ်ဘွယ်သာယာဘွယ်သဘော၌။ နိရုဇ္ဈတိ၊ ချုပ်၏။

လောကေ၊ လောက၌။ ပိယရူပံ၊ ချစ်ဘွယ်သဘောသည်။ သာတရူပံ၊ သာယာဘွယ်သဘော သည်။ ကိဉ္စ၊ အဘယ်နည်း။

လောကေ၊ ၌။ စက္ခု၊ သည်။ ပိယရူပံ၊ တည်း။ သာတရူပံ၊ တည်း။ ဧသာ တဏှာ၊ ထိုတဏှာကို။ ပဟီယမာနာ၊ ပယ်အပ်သည်ရှိသော်။ ဧတ္ထ၊ ဤမျက်စိ၌။ ပဟီယတိ၊ ပယ်အပ်၏။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ ဧတ္ထ၊ ဤမျက်စိ၌။ နိရုဇ္ဈတိ၊ ချုပ်၏။ ပ။ ဣဒံ၊ ဤသဘောတရားကို။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## (ဃ) မဂ္ဂသစ္စနိဒ္ဒေသ

၃၆။ တတ္ထ၊ ထိုသစ္စာလေးပါးတို့တွင်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမံ၊ အဘယ်နည်း။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်ပင်လျှင်တည်း။ ဣဒံ ဧယံ မဂ္ဂေါ၊ ဤမဂ်သည်။ သေယျထာ ကတမော၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ မှန်စွာမြင်ခြင်းရင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်စွာကြံခြင်းရင်း။ သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်းရင်း။ သမ္မာကမ္မန္တော၊ မှန်စွာပြုခြင်းရင်း။ သမ္မာအာဇီဝေါ၊ မှန်စွာအသက်မွေးခြင်းရင်း။ သမ္မာဝါယာမော၊ မှန်စွာအားထုတ်ခြင်းရင်း။ သမ္မာသတိ၊ မှန်စွာအမှတ်ရခြင်းရင်း။ သမ္မာသမာဓိ၊ မှန်စွာတည်ကြည်ခြင်းရင်းတည်း။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာဒိဋ္ဌိ၊ သည်။ ကတမာ၊ အဘယ်နည်း။ ဒုက္ခေ၊ ၌။ ဉာဏံ၊ သိသောဉာဏ်ရင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏ဖြစ်ကြောင်း၌။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်၌၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောအကျင့်၌။ ဉာဏံ၊ သိသောဉာဏ်ရင်း။ အယံ၊ ဤသဘောတရားကို။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည်။ ကတမော၊ အဘယ်နည်း။ နေက္ခမ္မသင်္ကပ္ပေါ၊ ကာမမှ ထွက်မြောက်သောကြံစည်ခြင်းရင်း။ အဗျာပါဒသင်္ကပ္ပေါ၊ သေပျက်စေလိုမှုဒေါသမှ ထွက်မြောက်သောကြံစည်ခြင်းရင်း။ အဝိဟိံသာသင်္ကပ္ပေါ၊ ညှဉ်းဆဲလိုမှုမှ ထွက်မြောက်သောကြံစည်ခြင်းရင်း။ အယံ၊ ဤ သဘောတရားကို။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာဝါစာ၊ သမ္မာဝါစာသည်။ ကတမာ၊ အဘယ်နည်း။ မုသာဝါဒါဝေရမဏီ၊ မဟုတ်မမှန်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းရင်း၊ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ကုန်းတိုက်မှုမှ ရှောင်ကြဉ်ခြင်းရင်း။ ဖရုသာယ ဝါစာယ ဝေရမဏီ၊ ကြမ်းတမ်းသောဆဲဆိုမှုမှ ရှောင်ကြဉ်ခြင်းရင်း။ သမ္ဖပ္ပလာပါ ဝေရမဏီ၊ ပြိန်ဖျင်းသောစကားကိုပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းရင်း။ အယံ၊ ဤသဘောတရားကို။ သမ္မာဝါစာ၊ သမ္မာဝါစာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်။ ကတမော၊ အဘယ်နည်း။ ပါဏာတိပါတာ ဝေရမဏီ၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းရင်း။ အဒိန္နာဒါနာ ဝေရမဏီ၊ သူ့ဥစ္စာကို မပေးဘဲယူခြင်းမှ ရှောင်ကြဉ်ခြင်းရင်း။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းရင်း။ အယံ၊ ဤသဘောတရားကို။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယသာဝကသည်။ မိစ္ဆာအာဇီဝံ၊ မှားသောအသက်မွေးမှုကို။ ပဟာယ၊ ပယ်စွန့်၍။ သမ္မာအာဇီဝေန၊ မှန်သောအသက်မွေးမှုဖြင့်။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြု၏။ အယံ၊ ဤသဘောတရားကို။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာဝါယာမော၊ သမ္မာဝါယာမသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ ကို။ ပဂ္ဂဏှာတိ၊ ချီးမြှင့်၏။ ပဒဟတိ၊ အားထုတ်၏။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ပ။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ပ။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဌိတိယာ၊ တည်စေခြင်းငှါ။ အသမ္မောသာယ၊ မမေ့မပျောက်စေခြင်းငှါ။ ဘိယျောဘာဝါယ၊ လွန်စွာပွါးစေခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှါ။ ဘာဝနာယ၊ ပွါးစေခြင်းငှါ၊ ပါရိပူရိယာ၊ ပြည့်စေခြင်းငှါ။ ။တနည်းကား၊ ဘာဝနာယပါရိပူရိယာ၊ ပွါးစေမှုဘာဝနာ၏ထက်ဝန်းကျင်ပြည့်စေခြင်းငှါ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ပ။ ပဒဟတိ၊ အားထုတ်၏။ အယံ၊ ဤသဘောတရားကို။ သမ္မာဝါယာမော၊ သမ္မာဝါယာမဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာသတိ၊ သမ္မာသတိသည်။ ကတမာ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ကိုယ်၌။ (ရူပကာယ၌လည်းဟူ) ကာယာနုပဿီ၊ ကိုယ်ဟုရှုသည်ဖြစ်၍။ ။တနည်းကား၊ ဆံ့ အမွေး့ အစရှိသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အပေါင်းကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ။တနည်းကား၊ အနိစ္စ့ ဒုက္ခ့ အနတ္တ အသုဘဖြစ်သော ရုပ်တရား အပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ အာတာပီ၊ ကိလေသာတို့ကို ပူလောင်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ ဝါ၊ မှန်စွာသိသည်ဖြစ်၍။ သတိမာ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ လိုချင်မက်မောခြင်း့ နှလုံးမသာယာခြင်းကို။ ဝိနေယျ၊ ဖျောက်၍။ ဝိဟရတိ။ နေ၏။ (ဣရိယာပုထ်လေးပါးကို ဆောင်၏လည်းဟူ) ဝေဒနာသု၊ ဝေဒနာတို့၌။ပ။ စိတ္တေ၊ စိတ်၌။ပ။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားဟု ရှုသည်ဖြစ်၍။ အာတာပီ၊ ကိလေသာတို့ကို ပူလောင်စေတတ်သောလုံ့လရှိသည်ဖြစ်၍။ပ။ ဝိဟရတိ။ နေ၏။ အယံ၊ ဤသဘောတရားကို။ သမ္မာသတိ၊ သမ္မာသတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးတို့တွင်။ သမ္မာသမာဓိ၊ သမ္မာသမာဓိသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ဆိတ်၍သာလျှင်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့မှ။ ဝိဝိစ္စဝေ၊ ဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွသော။ သဝိစာရံ၊ ဝိစာရနှင့်တကွသော။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ။တနည်းကား၊ ပဌမံဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကောင်းစွာကြည်စေတတ်သော။ ဧကောဒိဘာဝံ၊ မြတ်သော တည်ကြည်ခြင်းကို ပွါးစေတတ်သော။ အဝိတက္ကံ၊ ဝိတက်မရှိသော။ အဝိစာရံ၊

ဝိစာရမရှိသော။ သမာဓိဇံ၊ သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

ပီတိယာ စ၊ ပီတိကိုလည်း။ ဝိရာဂါ၊ စက်ဆုပ်ခြင်းကြောင့်။ ။တနည်းကား၊ ပီတိယာ စ၊ ပီတိ၏လည်း။ ဝိရာဂါ၊ ကင်းခြင်းကြောင့်။ သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာအဆင်အခြင်နှင့် ပြည့်စုံ၍။ ဥပေက္ခကော၊ လျစ်လျူရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သုခဉ္စ၊ သုခကိုလည်း။ ကာယေန၊ နာမကာယရူပကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံဈာနဟေတု၊ အကြင်ဈာန်ဟူသော အကြောင်းကြောင့်။ တံ တတိယဈာနသမင်္ဂိံ ပုဂ္ဂလံ၊ ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ "ဥပေက္ခကော သတိမာ သုခဝိဟာရီတိ၊သတိနှင့်ပြည့်စုံ၍ လျစ်လျူရှုလျက်ချမ်းသာစွာ နေပါပေသည်" ဟူ၍။ အရိယာ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ အာစိက္ခန္တိ၊ ချီးမွမ်းပြောကြားကုန်၏။ တံ တတိယံ ဈာနံ၊ ထိုတတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

သုခဿ စ၊ သုခကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဒုက္ခဿ စ၊ ဒုက္ခကိုလည်း။ပဟာနာ၊ ပယ်ခြင်းကြောင့်။ ပုဗ္ဗေဝ၊ ဈာန်၏ ဥပစာရ အခိုက်အတန့် ရှေးအဘို့ကပင်လျှင်။ သောမနဿ ဒေါမနဿာနံ၊ သောမနဿ ဒေါမနဿတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခသုခမရှိသော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဥပေက္ခာကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ အယံ၊ ဤသဘောတရားကို။ သမ္မာသမာဓိ၊ သမ္မာသမာဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒံ၊ ဤဆိုအပ်ခဲ့သော သဘောတရားကို။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယ သစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တံ၊ ထိုသုတမယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက် သဘောကြောင့်။ ဉာဏံ၊ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဣဒံ ဒုက္ခံ အရိယသစ္စံ။ပ။ သုတမယေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

ဝေါ၊ ဤသို့။ သောတာဝဓာနေ၊ နားကြားအပ်သော တရားအပေါင်း၌။ ဝါ၊ သောတဒွါရကို အစဉ်မှီးသဖြင့် သိအပ် မှတ်အပ်သော တရားအပေါင်း၌။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ ပညာသည်။ သုတမယေ ဉာဏံ၊ သုတမယဉာဏ်မည်၏။ ဝါ၊ သုတဖြင့် ပြီးသောဉာဏ်မည်၏။

ပဌမော၊ ရှေးဦးစွာသော။ သုတမယဉာဏနိဒ္ဒေသော၊ သုတမယဉာဏ်ကို အကျယ်ပြရာအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၂-သီလမယဉာဏနိဒ္ဒေသ

၃၇။ (သုတမယဉာဏေ၊ သုတမယဉာဏ်၌။ ဝုတ္တံ၊ ဆိုအပ်ပြီးသော။ ဓမ္မံ၊ တရားကို)သုတွာန၊ နာကြားပြီး၍။ ဝါ၊ နာကြားရသောကြောင့်။ သံဝရေ၊ လေးပါးသော စောင့်စည်းခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သီလမယေ ဉာဏံ၊ သီလမယဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။

သီလာနိ၊ သီလတို့သည်။ ပရိယန္တပါရိသုဒ္ဓိသီလံ၊ အပိုင်းအခြားရှိ၍ ထက်ဝန်းကျင်စင်ကြယ်သော ပရိယန္တပါရိသုဒ္ဓိသီလရင်း။ အပရိယန္တပါရိသုဒ္ဓိသီလံ၊ အပိုင်းအခြား မရှိမူ၍ ထက်ဝန်းကျင် စင်ကြယ်သော အပရိယန္တပါရိသုဒ္ဓိသီလရင်း။ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ၊ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော ပရိပုဏ္ဏပါရိသုဒ္ဓိသီလရင်း။ အပရာမဋ္ဌပါရိသုဒ္ဓိသီလံ၊ မှားသောအားဖြင့် မသုံးသပ်အပ်မူ၍ ထက်ဝန်းကျင် စင်ကြယ်သော အပရာမဋ္ဌပါရိသုဒ္ဓိသီလရင်း။ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလံ၊ ငြိမ်းပြီးဖြစ်၍ ထက်ဝန်းကျင် စင်ကြယ်သော ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလရင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့တည်း။

တတ္ထ၊ ထိုငါးပါးသော သီလတို့တွင်။ ပရိယန္တပါရိသုဒ္ဓိသီလံ၊ အပိုင်းအခြားရှိ၍ ထက်ဝန်းကျင် စင်ကြယ်သော ပရိယန္တပါရိသုဒ္ဓိသီလသည်။ ကတမံ၊ အဘယ်နည်း။ ပရိယန္တသိက္ခာပဒါနံ၊ အပိုင်းအခြားရှိသော သိက္ခာပုဒ်ရှိကုန်သော။ အနုပသမ္ပန္နာနံ၊ လူသာမဏေတို့၏။ သီလံ၊ သီလတည်း။ ဣဒံ သီလံ၊ ဤသီလသည်။ ပရိယန္တပါရိသုဒ္ဓိသီလံ၊ ပရိယန္တပါရိသုဒ္ဓိ သီလမည်၏။

အပရိယန္တပါရိသုဒ္ဓိသီလံ၊ အပိုင်းအခြားမရှိမူ၍ ထက်ဝန်းကျင် စင်ကြယ်သော အပရိယန္တပါရိသုဒ္ဓိသီလသည်။ ကတမံ၊ အဘယ်နည်း။ အပရိယန္တသိက္ခာပဒါနံ၊ အပိုင်းအခြား မရှိသော သိက္ခာပုဒ်ရှိကုန်သော။ ဥပသမ္ပန္နာနံ၊ ရဟန်းတို့၏။ သီလံ၊ သီလတည်း။ ဣဒံ သီလံ၊ ဤသီလသည်။ အပရိယန္တပါရိသုဒ္ဓိသီလံ၊ အပရိယန္တပါရိသုဒ္ဓိ သီလမည်၏။

ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ၊ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော ပရိပုဏ္ဏပါရိသုဒ္ဓိသီလသည်။ ကတမံ၊ အဘယ်နည်း။ ကာယေစ၊ ကိုယ်၌ရင်း။ ဇီဝိတေစ၊ အသက်၌ရင်း။ အနပေက္ခာနံ၊ မငဲ့ကုန်သော။ ဝါ၊ မငဲ့ကုန်သည်ဖြစ်၍။ ပရိစ္စတ္တဇီဝိတာနံ၊ စွန့်အပ်သော အသက်ရှိကုန်သော။ ။တနည်းကား။ ပရိစ္စတ္တဇီဝိတာနံ၊ စွန့်လှူအပ်ပြီးသော အသက်ရှိကုန်သည် ဖြစ်၍။ ကာယေစ၊ ကိုယ်၌ရင်း၊ ဇီဝိတေစ၊ အသက်၌ရင်း။ အနပေက္ခာနံ၊ မငဲ့ကုန်သော။ ဝါ၊ မငဲ့ကုန်ဘဲ။ ကုသလဓမ္မေ ယုတ္တာနံ၊ ဝိပဿနာကုသိုလ်တရား၌ အားထုတ်ကုန်သော။ သေက္ခပရိယန္တေ၊ အရိယမဂ်ဟူသော သေက္ခတရားလျှင် အဆုံးရှိသော အကျင့်၌။ ပရိပူရကာရီနံ၊ အပြည့်အစုံ ဖြည့်ကျင့်လေ့ ရှိကုန်သော။ ပုထုဇ္ဇနကလျာဏကာနံ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏။ သီလံ၊ သီလပေတည်း။ ဣဒံ သီလံ၊ ဤသီလသည်။ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ၊ ပရိပုဏ္ဏပါရိသုဒ္ဓိသီလမည်၏။

အပရာမဋ္ဌပါရိသုဒ္ဓိသီလံ၊ မှားသောအားဖြင့် မသုံးသပ်အပ်သော အပရာမဋ္ဌပါရိသုဒ္ဓိသီလသည်။ ကတမံ၊ အဘယ်နည်း။ သတ္တန္နံ၊ ခုနစ်ယောက်ကုန်သော။ သေက္ခာနံ သေက္ခတို့၏။ သီလံ၊ သီလတည်း။ ဣဒံ သီလံ၊ ဤသီလသည်။ အပရာမဋ္ဌပါရိသုဒ္ဓိသီလံ၊ အပရာမဋ္ဌပါရိသုဒ္ဓိ သီလမည်၏။

ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလံ၊ ငြိမ်းပြီးဖြစ်၍ ထက်ဝန်းကျင် စင်ကြယ်သော ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလသည်။ ကတမံ၊ အဘယ်နည်း။ တထာဂတသာဝကာနံ၊ ဘုရားတပည့် သားတော် ဖြစ်ကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ရင်း။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏ရင်း။ တထာဂတာနံ၊ ဝိပဿီ စသော ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူကုန်သော။ အရဟန္တာနံ၊ ပစ္စည်းလေးပါးကိုခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏ရင်း။ သီလံ၊ သီလတည်း။ ဣဒံ သီလံ၊ ဤသီလသည်။ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလံ၊ ငြိမ်းပြီးသော ပါရိသုဒ္ဓိသီလမည်၏။

၃၈။ ပရိယန္တ၊ အပိုင်းအခြားရှိသော။သီလံ၊ သီလသည်။ အတ္ထိ၊ရှိ၏။ အပရိယန္တံ၊ အပိုင်းအခြားမရှိသော။သီလံ၊သီလသည်။ အတ္ထိ၊ရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ပရိယန္တံ၊ အပိုင်းအခြားရှိသော။တံသီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ လာဘပရိယန္တံ၊ လာဘ်လျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ရှိ၏။ ယသပရိယန္တံ၊ အခြံအရံလျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။အတ္ထိ၊ရှိ၏။ ဉာတိပရိယန္တံ၊ ဆွေမျိုးလျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။အတ္ထိ၊ ရှိ၏။ အင်္ဂပရိယန္တံ၊ အင်္ဂါလျှင်အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ ဇီဝိတပရိယန္တံ၊ အသက်လျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။

လာဘပရိယန္တံ၊ လာဘ်လျှင်အပိုင်းအခြားရှိသော။ တံသီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သောရဟန်းသည်။ လာဘဟေတု၊ လာဘ်ဟူသောအကြောင်းကြောင့်။ လာဘပစ္စယာ၊ လာဘ်ဟူသော အကြောင်းကြောင့်။ လာဘကာရဏာ၊ လာဘ်ဟူသော အကြောင်းကြောင့်။ ယထာသမာဒိန္နံ၊ အကြင်အကြင် ဆောက်တည်အပ်သော။ (ဆောက်တည်တိုင်းသောလည်းဟူ) သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ဝီတိက္ကမတိ၊ လွန်ကျူး၏။ဣဒံ တံ သီလံ၊ဤသီလသည်။ လာဘပရိယန္တံ၊ လာဘ်လျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလပေတည်း။ ။တနည်းကား၊ လာဘပရိယန္တံ၊ လာဘ်လျှင် အပိုင်းအခြားရှိသော။ တံသီလံ၊ ထိုသီလသည်။ ဣဒံ၊ ဤဆိုအပ်ပြီးသော သီလပေတည်း။

ယသပရိယန္တံ၊ အခြံအရံလျှင် အပိုင်းအခြားရှိသော။ တံ သီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သော ရဟန်းသည်။ ယသဟေတု၊ အခြံအရံဟူသောအကြောင်းကြောင့်။ပ။ ဉာတိပရိယန္တံ၊ ဆွေမျိုးလျှင် အပိုင်းအခြား ရှိသော။ တံသီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ဧကစ္စော၊ အချို့သော ရဟန်းသည်။ ဉာတိဟေတု၊ ဆွေမျိုးဟူသော အကြောင်းကြောင့်။ပ။ အင်္ဂပရိယန္တံ၊ အင်္ဂါလျှင် အပိုင်းအခြားရှိသော။ တံ သီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သောရဟန်းသည်။ အင်္ဂဟေတု၊ အင်္ဂါဟူသော အကြောင်းကြောင့်။ပ။ ဇီဝိတပရိယန္တံ၊ အသက်လျှင်အပိုင်းအခြား ရှိသော။ တံ သီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သောရဟန်းသည်။ ဇီဝိတဟေတု၊ အသက်ဟူသော အကြောင်းကြောင့်။ ဇီဝိတပစ္စယာ၊ အသက်ဟူသော အကြောင်းကြောင့်။ ဇီဝိတကာရဏာ၊ ကြောင့်။ ယထာသမာဒိန္နံ၊ အကြင်အကြင် ဆောက်တည်အပ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ဝီတိက္ကမတိ၊ လွန်ကျူး၏။ ဣဒံ တံ သီလံ၊ ဤသီလသည်။ ဇီဝိတပရိယန္တံ၊ အသက်လျှင် အပိုင်းအခြား ရှိသော။ သီလံ၊ သီလပေတည်း။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ သီလာနိ၊ သီလတို့သည်။ ခဏ္ဍာနိ၊ ကျိုးကုန်သည်။ ဆိဒ္ဒါနိ၊ ပေါက်ကုန်သည်။ သဗလာနိ၊ ကြောင်ကျားကုန်သည်။ ကမ္မာသာနိ၊ ပြောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ န ဘုဇိဿာနိ၊ တဏှာ၏ ကျွန်အဖြစ်မှ မတော်လွန်ကုန်။ န ဝိညူပသတ္ထာနိ၊ ပညာရှိတို့ မချီးမွမ်းအပ်ကုန်။ ပရာမဋ္ဌာနိ၊ မှားသောအားဖြင့် သုံးသပ်အပ်ကုန်၏။ န သမာဓိသံဝတ္တနိကာနိ၊ သမာဓိကိုမဖြစ်စေနိုင်ကုန်။ န အဝိပ္ပဋိသာရဝတ္ထုကာနိ၊ နှလုံးသာရွှင်ခြင်း၏ အကြောင်းမဖြစ်ကုန်။န ပါမောဇ္ဇဝတ္ထုကာနိ၊ ဝမ်းမြောက်ခြင်း၏ အကြောင်းမဖြစ်ကုန်။န ပီတိဝတ္ထုကာနိ၊ ပီတိ၏ အကြောင်း မဖြစ်ကုန်။ န ပဿဒ္ဓိဝတ္ထုကာနိ၊ ပဿဒ္ဓိ၏ အကြောင်း မဖြစ်ကုန်။ န သုခဝတ္ထုကာနိ၊ သုခ၏အကြောင်း မဖြစ်ကုန်။ န သမာဓိဝတ္ထုကာနိ၊ သမာဓိ၏ အကြောင်းမဖြစ်ကုန်။

န ယထာဘူတဉာဏဒဿနဝတ္တကာနိ၊ယထာဘူတ ဉာဏ်၏ အကြောင်း မဖြစ်ကုန်။ကေနန္ဒိပ္ပဒါယ၊ စင်စစ်အားဖြင့် ငြီးငွေ့ခြင်းငှါ။ န သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှါ။ န သံဝတ္တန္တိ၊ မဖြစ်ကုန်။ နိရောဓာယ၊ ချုပ်ခြင်းငှါ။ န သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဥပသမာယ၊ ငြိမ်းခြင်းငှါ။ န သံဝတ္တန္တိ၊ မဖြစ်ကုန်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ န သံဝတ္တန္တိ၊ မဖြစ်ကုန်။ သမ္ဗောဓာယ၊ ကောင်းစွာ ထိုးထွင်း၍သိခြင်းငှါ။ န သံဝတ္တန္တိ၊ မဖြစ်ကုန်။ နိဗ္ဗာနာယ၊ နိဗ္ဗာန် အလို့ငှါ။ န သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣဒံ တံ သီလံ၊ ဤသီလသည်။ ပရိယန္တံ၊ အပိုင်းအခြားရှိသော။ သီလံ၊ သီလပေတည်း။ ။တနည်းကား။ ပရိယန္တံ၊ အပိုင်းအခြားရှိသော။ တံ သီလံ၊ ထိုသီလသည်။ ဣဒံ၊ ဤဆိုအပ်ပြီးသော သီလပေတည်း။

အပရိယန္တံ၊ အပိုင်းအခြား မရှိသော။ တံ သီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ န လာဘပရိယန္တံ၊လာဘ်လျှင်အပိုင်းအခြား မရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ န ယသပရိယန္တံ၊ အခြံအရံလျှင် အပိုင်းအခြားမရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ န ဉာတိပရိယန္တံ၊ အဆွေအမျိုးလျှင် အပိုင်းအခြားမရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ရှိ၏။ န အင်္ဂပရိယန္တံ၊ အင်္ဂါလျှင်အပိုင်းအခြားမရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ န ဇီဝိတပရိယန္တံ၊ အသက်လျှင် အပိုင်းအခြားမရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ရှိ၏။

န လာဘပရိယန္တံ၊လာဘ်လျှင် အပိုင်းအခြားမရှိသော။တံ သီလံ၊ထိုသီလသည်၊ကတမံ ၊အဘယ်နည်း။ ဣဓ၊ဤသာသနာတော်၌။ဧကစ္စော၊ အချို့သောရဟန်းသည်။ လာဘဟေတု၊ လာဘ်ဟူသော အကြောင်းကြောင့်။လာဘပစ္စယာ၊ လာဘ်ဟူသော အကြောင်းကြောင့်။လာဘကာရဏာ၊ အကြောင်းကြောင့်။ယထာသမာဒိန္နံ၊အကြင်အကြင် ဆောက်တည် အပ်သော။သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ဝီတိက္ကမာယ၊ လွန်ကျူးခြင်းငှါ။ စိတ္တမ္ပိ၊ စိတ်ကိုမျှသော်လည်း။ န ဥပ္ပါဒေတိ၊ မဖြစ်စေ။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ ကိံ ဝီတိက္ကမိဿတိ၊ အဘယ်မှာ လွန်ကျူးပါအံ့နည်း။ (နဝီတိက္ကမိဿတိဧဝ၊ မလွန်ကျူးအံ့သည်သာလျှင်တည်း။) ဣဒံ တံ သီလံ၊ ဤသီလသည်။ န လာဘပရိယန္တံ၊ လာဘ်လျှင် အပိုင်းအခြားမရှိသော။ သီလံ၊ သီလပေတည်း။ ။တနည်းကား။ န လာဘပရိယန္တံ၊ လာဘ်လျှင် အပိုင်းအခြား မရှိသော။ တံ သီလံ၊ ထိုသီလသည်။ ဣဒံ၊ ဤဆိုအပ်ပြီးသော သီလပေတည်း။

[ကတမံ တံ သီလံ နယသပရိယန္တံ၊ အစရှိသော ကြွင်းသော ပုစ္ဆာ ဝိဿဇ္ဇနာ လေးဝါရတို့၌ အနက် ပေါ်ပြီ။]

ဝေရူပါနိ၊ ဤသို့သဘောရှိကုန်သော။ သီလာနိ၊ သီလတို့သည်။အခဏ္ဍာနိ၊ မကျိုးကုန်သည်။ အဆိဒ္ဒါနိ၊ မပေါက်ကုန်သည်။ အသဗလာနိ၊ မကြောင်ကျားကုန်သည်။ အကမ္မာသာနိ၊ မပြောက်ကုန်သည်။(ဟောန္တိ၊ ဖြစ်ကုန်၏။) ဘုဇိဿာနိ၊ (တဏှာ၏ကျွန်အဖြစ်မှ) တော်လှန်ကုန်၏။ ဝိညူပသတ္ထာနိ၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်၏။ အပရာမဋ္ဌာနိ၊ မှားသောအားဖြင့် မသုံးသပ်အပ်ကုန်။ သမာဓိသံဝတ္တနိကာနိ၊ သမာဓိကို ဖြစ်စေနိုင်ကုန်၏။ပ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အလို့ငှါ။သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣဒံ တံ သီလံ၊ ဤသီလသည်။ အပရိယန္တံ၊ အပိုင်းအခြား မရှိသော။ သီလံ၊ သီလပေတည်း။ ။တနည်းကား၊ အပရိယန္တံ၊ အပိုင်းအခြားမရှိသော။ တံ သီလံ၊ ထိုသီလသည်။ ဣဒံ၊ ဤဆိုအပ်ပြီးသော သီလပေတည်း။

၃၉။ သီလံ၊ သီလသည်။ကိံ၊အဘယ်နည်း။ သီလာနိ၊ သီလတို့သည်။ ကတိ၊ အဘယ်မျှ ရှိကုန်သနည်း။ သီလံ၊ သီလသည်။ကိံ၊သမုဋ္ဌာနံ၊ အဘယ်ဖြစ်ကြောင်း သမုဋ္ဌာန်ရှိသနည်း။ ဝါ၊ အဘယ်အကြောင်းကြောင့်ဖြစ်သနည်း။ သီလံ၊ သီလသည်။ ကတိဓမ္မသမောဓာနံ၊ အဘယ်မျှ သောတရားတို့၏ စုပေါင်းပါဝင်ရာ ဖြစ်သနည်း။

သီလံ၊ သီလသည်။ကိံ၊အဘယ်နည်း။ ဣတိဧတ္ထပဥှေ၊ ဤအမေး၌။ စေတနာ၊ စေတနာသည်။ သီလံ၊သီလမည်၏။ စေတသိကံ၊ စေတသိက်သည်။ သီလံ၊ သီလမည်၏။ သံဝရော၊ စောင့်စည်းခြင်းသည်။ သီလံ၊သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။သီလံ၊ သီလမည်၏။ (ဣတိဣမေ၊ ဤသည်တို့တည်း။) သီလာနိ၊ သီလတို့သည်။ ကတိ၊ အဘယ်မျှရှိကုန်သနည်း။ ဣတိပဥှေ၊ ဤအမေး၌။ သီလာနိ၊ သီလတို့သည်။ ကုသလသီလံ၊ ကုသလ သီလရင်း။ အကုသလသီလံ၊အကုသလ သီလရင်း။ အဗျာကတသီလံ၊ အဗျာကတ သီလရင်း။ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးတို့တည်း။

သီလံ၊ သီလသည်။ ကိံ၊သမုဋ္ဌာနံ၊ အဘယ်ဖြစ်ကြောင်း သမုဋ္ဌာန်ရှိသနည်း။ ဝါ၊အဘယ် အကြောင်းကြောင့်ဖြစ်သနည်း။ ဣတိပဥှေ၊ ဤအမေး၌။ ကုသလသီလံ၊ ကုသိုလ်သီလသည်။ ကုသလစိတ္တသမုဋ္ဌာနံ၊ ကုသိုလ်စိတ်လျှင် ဖြစ်ကြောင်း သမုဋ္ဌာန်ရှိ၏။ ဝါ၊ ကုသိုလ်စိတ်ကြောင့် ဖြစ်၏။ အကုသလသီလံ၊ အကုသိုလ်သီလသည်။ အကုသလစိတ္တသမုဋ္ဌာနံ၊ အကုသိုလ်စိတ်လျှင် ဖြစ်ကြောင်း သမုဋ္ဌာန်ရှိ၏။ ဝါ၊ အကုသိုလ် စိတ်ကြောင့်ဖြစ်၏။ အဗျာကတသီလံ၊ အဗျာကတ သီလသည်။ အဗျာကတစိတ္တသမုဋ္ဌာနံ၊ အဗျာကတစိတ်လျှင် ဖြစ်ကြောင်း သမုဋ္ဌာန်ရှိ၏။ ဝါ၊ အဗျာကတစိတ်ကြောင့်ဖြစ်၏။

သီလံ၊ သီလသည်။ ကတိဓမ္မသမောဓာနံ၊ အဘယ်မျှသော တရားတို့၏ စုပေါင်းပါဝင်ရာ ဖြစ်သနည်း။ ဣတိပဥှေ၊ဤအမေး၌။ သီလံ၊ သီလသည်။ သံဝရသမောဓာနံ၊ စောင့်စည်းခြင်း၏ စုပေါင်း ပါဝင်ရာဖြစ်၏။ သီလံ၊ သီလသည်။ အဝီတိက္ကမသမောဓာနံ၊ မလွန်ကျူးခြင်း၏ စုပေါင်းပါဝင်ရာဖြစ်၏။ သီလံ၊ သီလသည်။ တထာဘာဝေ ဇာတစေတနာသမောဓာနံ၊ ထိုစောင့်စည်းခြင်းသဘော, မလွန်ကျူးခြင်း သဘော၌ ပါဝင်လျက်ဖြစ်သော စေတနာ၏ စုပေါင်း ပါဝင်ရာ ဖြစ်၏။

၄၀။ ပါဏာတိပါတံ၊ ပါဏာတိပါတကို။ သံဝရဋ္ဌေန၊ စောင့်တတ်သော အနက် သဘောကြောင့်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမဋ္ဌေန၊ မလွန်ကျူးတတ်သော အနက် သဘောကြောင့်။သီလံ၊ သီလမည်၏။ [အဒိန္နာဒါနံ သံဝရဋ္ဌေန သီလံ၊ အစရှိသော ကြွင်းသော ပုဒ်တို့၌ အနက်ထင်ပြီ။]

သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ ဒိဋ္ဌေကဋ္ဌေ၊ မိစ္ဆာဒိဋ္ဌိနှင့်တကွ တည်းထည်း၏ သန္တာန်၌တည်ကုန်သော။ကိလေသေ၊ ကိလေသာတို့ကို။ သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်ဖြင့်။ ဩဠာရိကေ၊ရုန့်ရင်းကုန်သော။ ကိလေသေ၊ ကာမရာဂ,ဗျာပါဒ ကိလေသာ တို့ကို။ အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်ဖြင့်။ အဏုသဟဂတေ၊ သိမ်မွေ့ကုန်သော။ ကိလေသေ၊ ကာမရာဂ,ဗျာပါဒ ကိလေသာတို့ကို။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသော

ကိလေသာတို့ကို။ သံဝရဋ္ဌေန၊ စောင့်တတ်သော အနက် သဘောကြောင့်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမဋ္ဌေန၊ မလွန်ကျူးသော အနက် သဘောကြောင့်။ သီလံ၊ သီလမည်၏။

သီလာနိ၊ သီလတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ပါဏာတိပါတဿ၊ ပါဏာတိပါတကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သီလံ၊ သီလမည်၏။ ဝေရမဏိ၊ ရှောင်ကြဉ်ခြင်းသည်။ သီလံ၊ သီလမည်၏။ စေတနာ၊ စေတနာသည်။ သီလံ၊ သီလမည်၏။ သံဝရော၊ စောင့်စည်းခြင်းသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ သီလာနိ၊ သီလတို့သည်။ စိတ္တဿ၊ စိတ်၏။ အဝိပ္ပဋိသာရာယ၊ နှလုံးသာရွှင်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပါမောဇ္ဇာယ၊ ဝမ်းမြောက်ခြင်းငှါ။ ပီတိယာ၊ နှစ်သက်ခြင်းငှါ။ ပဿဒ္ဓိယာ၊ ငြိမ်းခြင်းငှါ။ သောမနဿာယ၊ ဝမ်းမြောက်ခြင်းငှါ။ အာသေဝနာယ၊ အဖန်တလဲလဲ မှီဝဲခြင်းငှါ။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ ဗဟုလီကမ္မာယ၊ အကြိမ် များစွာပြုခြင်းငှါ။ အလင်္ကာရာယ၊ တန်ဆာဆင်ခြင်းငှါ။ ပရိက္ခာရာယ၊ အထောက်အပံ့ အလို့ငှါ။ ပရိဝါရာယ၊ အခြံအရံအလို့ငှါ။ ပါရိပူရိယာ၊ ထက်ဝန်းကျင် ပြည့်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ်ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှါ။ နိရောဓာယ၊ ချုပ်ခြင်းငှါ။ ဥပသမာယ၊ ငြိမ်းခြင်းငှါ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ ကောင်းစွာ ထိုးထွင်း၍ သိခြင်းငှါ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အလို့ငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

၄၂။ ဧဝရူပါနံ၊ ဤသို့သဘောရှိကုန်သော။ သီလာနံ၊ သီလတို့၏။ သံဝရပါရိသုဒ္ဓိ၊ စောင့်စည်းခြင်းဟူသော ထက်ဝန်းကျင် စင်ကြယ်ခြင်းသည်။ အဓိသီလံ၊ အဓိသီလမည်၏။ သံဝရပါရိသုဒ္ဓိယာ၊ စောင့်စည်းခြင်း ဟူသော ထက်ဝန်းကျင် စင်ကြယ်ခြင်း၌။ ဌိတံ၊ တည်သော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်။ အဝိက္ခေပပါရိသုဒ္ဓိ၊ စိတ်၏မပျံ့လွင့်ခြင်း ဟူသော ထက်ဝန်းကျင် စင်ကြယ်ခြင်းသည်။ အဓိစိတ္တံ၊ အဓိစိတ္တမည်၏။ သံဝရပါရိသုဒ္ဓိံ၊ စောင့်စည်းခြင်း ဟူသော စင်ကြယ်ခြင်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿတိ၊ မြင်၏။ အဝိက္ခေပပါရိသုဒ္ဓိံ၊ စိတ်၏ မပျံ့လွင့်ခြင်းဟူသော စင်ကြယ်ခြင်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿတိ၊ မြင်၏။ ဒဿနပါရိသုဒ္ဓိ၊ မြင်ခြင်း၏ စင်ကြယ်ခြင်းသည်။ ဝါ၊ မြင်ခြင်း ဟူသော စင်ကြယ်ခြင်းသည်။ အဓိပညာ၊ အဓိပညာ မည်၏။ တတ္ထ၊ ထိုသံဝရသီလ၌။ ယော သံဝရဋ္ဌော၊ အကြင် စောင့်စည်းခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤစောင့်စည်းခြင်း သဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာ မည်၏။ တတ္ထ၊ ထိုသံဝရသီလ၌။ ယော အဝိက္ခေပဋ္ဌော၊ အကြင်မပျံ့လွင့်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမပျံ့လွင့်ခြင်းသဘောသည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တ သိက္ခာမည်၏။ တတ္ထ၊ ထိုသံဝရသီလ၌။ ယော ဒဿနဋ္ဌော၊ အကြင် မြင်ခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမြင်ခြင်းသဘောသည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။ တိဿော၊ သုံးပါးကုန်သော။ ဣမာ သိက္ခာယော၊ ဤသိက္ခာတို့ကို။ အာဝဇ္ဇန္တော၊ နှလုံးသွင်းသည် ဖြစ်၍။ သိက္ခတိ၊ ကျင့်၏။ ဇာနန္တော၊ သိသည်ဖြစ်၍။ သိက္ခတိ၊ ကျင့်၏။ ပဿန္တော၊ ရှုသည်ဖြစ်၍။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်သည်ဖြစ်၍။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌဟန္တော၊ ဆောက်တည်သည် ဖြစ်၍။ သဒ္ဓါယ၊ သဒ္ဓါဖြင့်။ အဓိမုစ္စန္တော၊ ဆုံးဖြတ်သည်ဖြစ်၍။ ဝီရိယံ၊ ဝီရိယကို။ ပဂ္ဂဏှန္တော၊ ချီးမြှောက်သည်ဖြစ်၍။ သတိံ၊ သတိကို။ ဥပဋ္ဌပေန္တော၊ ရှေးရှုထင်စေသည်ဖြစ်၍။ စိတ္တံ၊ စိတ်ကို။ သမာဒဟန္တော၊ ကောင်းစွာ ထားသည်ဖြစ်၍။ ပညာယ၊ ပညာဖြင့်။ ပဇာနန္တော၊ အပြားအားဖြင့်

သိသည်ဖြစ်၍။ သိက္ခတိ၊ ကျင့်၏။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်သော တရားကို။ အဘိဇာနန္တော၊ ထူးသောဉာဏ်ဖြင့်သိသည်ဖြစ်၍။ ပရိညေယျံ၊ ပိုင်းခြား၍သိအပ်သောတရားကို။ ပရိဇာနန္တော၊ ပိုင်းခြား၍ သိသည်ဖြစ်၍။ ပဟာတဗ္ဗံ၊ ပယ်အပ်သောတရားကို။ ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော တရားကို။ သစ္ဆိကရောန္တော၊ မျက်မှောက်ပြုသည်ဖြစ်၍။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်သောတရားကို။ ဘာဝေန္တော၊ ပွါးစေသည်ဖြစ်၍။ သိက္ခတိ၊ ကျင့်၏။

သီလာနိ၊ သီလတို့သည်။ ပဉ္စ၊ ငါးပါး တို့တည်း။ ပါဏာတိပါတဿ၊ ပါဏာတိပါတကို။ ပ။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသာနံ၊ အလုံးစုံသော ကိလေသာတို့ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သီလံ၊ သီလမည်၏။ ပ။

တံ၊ ထိုသီလမယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ် မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ "သုတွာန သံဝရေ ပညာ သီလမယေ ဉာဏ"န္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ် ပေသတည်း။

ဒုတိယော၊ နှစ်ခုမြောက်ဖြစ်သော။ သီလမယဉာဏနိဒ္ဒေသော၊ သီလမယဉာဏ်ကို
အကျယ်ပြရာအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၃-သမာဓိဘာဝနာမယဉာဏ နိဒ္ဒေသ

၄၃။ သီလမယဉာဏေ၊ သီလမယဉာဏ်၌။ ဝုတ္တသီလသံဝရေန၊ ဆိုအပ်သော သီလသံဝရဖြင့်။ သံဝရိတွာ၊ ကောင်းစွာစောင့်စည်း၍။ သမာဒဟနေ၊ တခုတည်းသောအာရုံ၌ စိတ်ကို ကောင်းစွာ ထားရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမာဓိ ဘာဝနာမယေ ဉာဏံ၊ သမာဓိ ဘာဝနာမယဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ ဧကော၊ တပါး သော။ သမာဓိ၊ သမာဓိသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊ တခုတည်း သော အာရုံရှိသည်၏ အဖြစ်ပေတည်း။ ဝါ၊ တအာရုံတည်း၌ တည်သည်၏အဖြစ်ပေတည်း။

သမာဓိ၊ သမာဓိတို့သည်။ လောကိယော သမာဓိ၊ လောကီသမာဓိရင်း။ လောကုတ္တရော သမာဓိ၊ လောကုတ္တရာ သမာဓိရင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။

သမာဓိ၊ သမာဓိတို့သည်။ သဝိတက္ကသဝိစာရော၊ ဝိတက်လည်းရှိ ဝိစာရလည်း ရှိသော။ သမာဓိ၊ သမာဓိရင်း။ အဝိတက္ကဝိစာရမတ္တော၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော။ သမာဓိ၊ သမာဓိရင်း။ အဝိတက္ကအဝိစာရော၊ ဝိတက် ဝိစာရ မရှိသော။ သမာဓိ၊ သမာဓိရင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့တည်း။

သမာဓိ၊ သမာဓိတို့သည်။ ဟာနဘာဂိယော၊ ဆုတ်ယုတ်ခြင်း အဖို့ရှိသော။ သမာဓိ၊ သမာဓိရင်း။ ဌိတိ ဘာဂိယော၊ တည်တန့်ခြင်း အဖို့ ရှိသော။ သမာဓိ၊ သမာဓိရင်း။ ဝိသေသ ဘာဂိယော၊ ထူးခြားသော အဖို့ရှိသော။ သမာဓိ၊ သမာဓိရင်း။ နိဗ္ဗေဓဘာဂိယော၊ ဖောက်ခွဲခြင်းအဖို့ရှိသော။ သမာဓိ၊ သမာဓိရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့တည်း။

သမာဓီ၊ သမာဓိတို့သည်။ ပီတိဖရဏတာ၊ ပီတိပြန့်နှံ့သည်၏ အဖြစ်တည်းဟူသော ပဌမစျာန် ဒုတိယစျာန်သမာဓိငှင်း။ သုခဖရဏတာ၊ သုခပြန့်နှံ့သည်၏ အဖြစ်တည်းဟူသော ပဌမ ဒုတိယ တတိယစျာန်သမာဓိငှင်း။ စေတောဖရဏတာ၊ သူတပါး၏စိတ်ကို သိလျက် ပြန့်နှံ့သည်၏ အဖြစ် တည်းဟူသော စေတောပရိယအဘိညာသမာဓိငှင်း။ အာလောကဖရဏတာ၊ အရောင်အလင်း ပြန့်နှံ့သည်၏ အဖြစ်တည်းဟူသော ဒိဗ္ဗစက္ခုအဘိညာသမာဓိငှင်း။ပစ္စဝေက္ခဏာနိမိတ္တံ၊ ပစ္စဝေက္ခဏာသမာဓိငှင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့တည်း။

သမာဓီ၊ သမာဓိတို့သည်။ ဆ၊ ခြောက်ပါးတို့တည်း။ ဗုဒ္ဓါနုဿတိဝသေန၊ ဗုဒ္ဓါနုဿတိ၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊ တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းတည်းဟူသော။ သမာဓိ၊ သမာဓိငှင်း။ ဓမ္မာနုဿတိဝသေန၊ ဓမ္မာ နုဿတိ၏ အစွမ်းအားဖြင့်။ပ။ ဒေဝတာနုဿတိဝသေန၊ ဒေဝတာနုဿတိ၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊ တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော။ အဝိက္ခေပေါ၊ မပျံ့လွင့် ခြင်းတည်းဟူသော။ သမာဓိ၊ သမာဓိငှင်းတည်း။

သမာဓီ၊ တို့သည်။ သတ္တ၊ ခုနစ်ပါးတို့တည်း။ သမာဓိကုသလတာ၊ သမာဓိ၌ ကျွမ်းကျင်လိမ္မာ သည်၏ အဖြစ်ငှင်း။ သမာဓိဿ၊ သမာဓိကို။ သမာပတ္တိကုသလတာ၊ ဝင်စားခြင်း၌ လိမ္မာသည်၏ အဖြစ်ငှင်း။ သမာဓိဿ၊ သမာဓိ၏။ ဌိတိကုသလတာ၊ တည်တန့်မှု၌ လိမ္မာသည်၏ အဖြစ်ငှင်း။ သမာဓိဿ၊ သမာဓိ၏။ ဝါ၊ မှ။ ဝုဋ္ဌာနကုသလတာ၊ ထခြင်း၌ လိမ္မာသည်၏ အဖြစ်ငှင်း။ သမာဓိဿ၊ သမာဓိ၏။ကလ္လတာကုသလတာ၊ ခန့်ကျန်းမှု၌ လိမ္မာသည်၏ အဖြစ်ငှင်း။ သမာဓိဿ၊ သမာဓိ၏။ ဂေါစရကုသလတာ၊ အာရုံ၌ လိမ္မာသည်၏ အဖြစ်ငှင်း။ သမာဓိဿ၊ သမာဓိကို။ အဘိနီဟာရကုသလတာ၊ လိုရာရာသို့ ရှေးရှုဆောင်ခြင်း၌ လိမ္မာသည်၏ အဖြစ်ငှင်းတည်း။

သမာဓီ၊ သမာဓိတို့သည်။ အဋ္ဌ။ ရှစ်ပါးတို့တည်း။ ပထဝီကသိဏဝသေန၊ ပထဝီကသိုဏ်း၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊ တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းတည်းဟူသော။ သမာဓိ၊ သမာဓိငှင်း။ အာပေါကသိဏဝသေန၊ အာပေါကသိုဏ်း၏ အစွမ်းအားဖြင့်။ပ။ ဩဒါတကသိဏဝသေန၊ ဩဒါတကသိုဏ်း၏ အစွမ်း အားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းတည်းဟူသော။ သမာဓိ၊ သမာဓိငှင်းတည်း။

သမာဓီ၊ သမာဓိတို့သည်။ နဝ၊ ကိုးပါးတို့တည်း။ ရူပါဝစရောသမာဓိ၊ ရူပါဝစရသမာဓိသည်။ ဟီနော၊ ယုတ်သော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ မဇ္ဈိမော၊ အလတ်ဖြစ်သော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ပဏီတော၊ မြတ်သော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ အရူပါဝစရော သမာဓိ၊ အရူပါဝစရသမာဓိသည်။ ဟီနော၊ ယုတ်သော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ မဇ္ဈိမော၊ အလတ် ဖြစ်သော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ပဏီတော၊ မြတ်သော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ သုညတောသမာဓိ၊သုညတသမာဓိငှင်း။ အနိမိတ္တောသမာဓိ၊အနိမိတ္တသမာဓိငှင်း။ အပ္ပဏိဟိတော သမာဓိ၊ အပ္ပဏိဟိတသမာဓိငှင်းတည်း။

သမာဓိ၊ သမာဓိတို့သည်။ ဒသ၊ ဆယ်ပါးတို့တည်း။ ဥဒ္ဓုမာတကသညာဝသေန၊ ဥဒ္ဓုမာတက သညာ၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊ တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ် သော။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းတည်းဟူသော။ သမာဓိ၊ ငှင်း။ ဝိနီလကသညာဝသေန၊

ဝိနီလကသညာ၏ အစွမ်းအားဖြင့်။ပ။ အဋ္ဌိကသညာဝသေန၊ အဋ္ဌိကသညာ၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတာ၊ တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းတည်းဟူသော။ သမာဓိ၊ သမာဓိဟုဆိုအပ်သော။ ဣမေ ပဉ္စပညာသ သမာဓီ၊ ဤငါးဆယ့်ငါးပါးသော သမာဓိတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄၄။ အပိစ၊ တနည်းလည်း။ သမာဓိဿ၊ သမာဓိ၏။ သမာဓိဋ္ဌာ၊ တည်ကြည်ခြင်းသဘောတို့သည်။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးတို့တည်း။ ပရိဂ္ဂဟဋ္ဌေန၊ သဒ္ဓါစသော ဣန္ဒြေတို့က သိမ်းဆည်းအပ်သော အနက်သဘောကြောင့်။ သမာဓိ၊ သမာဓိမည်၏။ ပရိဝါရဋ္ဌေန၊ တပါးသည် တပါး၏ အခြံအရံဟူသော အနက်သဘောကြောင့်။ ပရိပူရဋ္ဌေန၊ ပြည့်တတ်သော အနက်သဘောကြောင့်။ ဧကဂ္ဂဋ္ဌေန၊ တခုတည်းသော အာရုံရှိသော အနက်သဘောကြောင့်။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော အနက်သဘောကြောင့်။ အဝိသာရဋ္ဌေန၊ မပြန့်သော အနက်သဘောကြောင့်။ (ဖရိုဖရဲမရှိသော အနက်သဘောကြောင့်လည်းဟူ။ ။အဋ္ဌကထာ အလိုအားဖြင့် ဤပုဒ် မရှိသင့်။) အနာဝိလဋ္ဌေန၊ မနောက်ကျုသော အနက်သဘောကြောင့်။ အနိဉ္ဇနဋ္ဌေန၊ မတုန်လှုပ်သော အနက်သဘောကြောင့်။ ဝိမုတ္တဋ္ဌေန၊ လွတ်သော အနက်သဘောကြောင့်။ ဧကတ္တုပဋ္ဌာနဝသေန၊ တခုတည်းသော အာရုံ၌ တည်သည်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ သမာဓိ၊ သမာဓိမည်၏။

သမံ၊ (ဈာန်၏ ဆန့်ကျင်ဘက် နီဝရဏစသည်ကို) ငြိမ်းစေတတ်သော အပ္ပနာကို။ ဝါ၊ အညီအမျှဖြစ်သော အပ္ပနာကို။ ဧသတိ၊ ရှာမှီးတတ်၏။ (သမံ၊ အညီအညွတ်။ ဧသတိ၊ ရှာမှီးတတ်၏ ဟူ၍လည်း သင့်၏။) ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ သမာဓိမည်၏။ ဝိသမံ၊ အပ္ပနာ၏ ဆန့်ကျင်ဘက် နီဝရဏစသည်ကို။ ဝါ၊ မညီမညွတ်သော နီဝရဏစသည်ကို။ န ဧသတိ၊ မရှာမှီးတတ်။ (ဝိသမံ၊ မညီမညွတ်။ နဧသတိ၊ မရှာမှီးတတ် ဟူ၍လည်း သင့်၏။ နောက်၌လည်း နည်းတူပင်။) ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ သမာဓိမည်၏။ သမံ၊ အပ္ပနာကို။ ဧသိတတ္တာ၊ ရှာမှီးတတ်သည်၏ အဖြစ်ကြောင့်။ သမာဓိ၊ မည်၏။ ဝိသမံ၊ ဆန့်ကျင်ဘက် နီဝရဏစသည်ကို။ နဧသိတတ္တာ၊ မရှာမှီးတတ်သည်၏ အဖြစ်ကြောင့်။ သမာဓိ၊ မည်၏။ သမံ၊ အပ္ပနာကို။ အာဒိယတိ၊ ယူတတ်၏။ ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ မည်၏။ ဝိသမံ၊ ဆန့်ကျင်ဘက် နီဝရဏစသည်ကို။ နအာဒိယတိ၊ မယူတတ်။ ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ မည်၏။ သမံ၊ အပ္ပနာကို။ အာဒိန္နတ္တာ၊ ယူတတ်သည်၏ အဖြစ်ကြောင့်။ သမာဓိ၊ မည်၏။ ဝိသမံ၊ ဆန့်ကျင်ဘက် နီဝရဏစသည်ကို။ အနာဒိန္နတ္တာ၊ မယူတတ်သည်၏ အဖြစ်ကြောင့်။ သမာဓိ၊ မည်၏။ သမံ၊ အပ္ပနာသို့။ ပဋိပဇ္ဇတိ၊ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ မည်၏။ ဝိသမံ၊ ဆန့်ကျင်ဘက် နီဝရဏစသည်သို့။ နပ္ပဋိပဇ္ဇတိ၊ မသွားတတ်။ ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ မည်၏။ သမံ၊ အပ္ပနာသို့။ ပဋိပန္နတ္တာ၊ သွားတတ်သည်၏ အဖြစ်ကြောင့်။ သမာဓိ၊ မည်၏။ ဝိသမံ၊ ဆန့်ကျင်ဘက် နီဝရဏစသည်သို့။ နပ္ပဋိပန္နတ္တာ၊ မသွားတတ်သည်၏အဖြစ်ကြောင့်။ သမာဓိ၊ မည်၏။ သမံ၊ အညီအညွတ်။ ဈာယတိ၊ ထွန်းတောက်တတ်၏။ (ဤ၌ သမံပုဒ်ကို ဘာဝ နပုံးဟု အဋ္ဌကထာက ဖွင့်၏။) ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ မည်၏။ ဝိသမံ၊ ဆန့်ကျင်ဘက် နီဝရဏစသည်ကို။ ဈာပေတိ၊ လောင်ကျွမ်းစေတတ်၏။ (နဈာယတိဟုရှိလျှင်၊ နေသတိ စသည်နှင့်ညီညွတ်၏။ သို့ရှိလျှင်၊ သမံ ဈာယတိ၊ အညီအညွတ် ရှု၏။ ဝိသမံနဈာယတိ၊ မညီမညွတ်မရှုဟူ၍လည်း သင့်ရာ၏။) ဣတိ၊ ထို့ကြောင့်။ သမာဓိ၊

မည်၏ သမံ၊ အညီအညွတ်။ ဈာပတ္တော၊ ထွန်းတောက်တတ်သည်၏အဖြစ်ကြောင့်။ သမာဓိ မည်၏ ဝိသမံ၊ ဆန့်ကျင်ဘက်နီဝရဏစသည်ကို။ ဈာပိတတ္တာ၊ လောင်ကျွမ်းစေတတ်သည်၏အဖြစ်ကြောင့်။ သမာဓိ၊ သမာဓိမည်၏။ သမော စ၊ ဆန့်ကျင်ဘက်တို့ကို ငြိမ်းလည်း ငြိမ်းစေတတ် ၏။ ဝါ၊ ညီလည်းညီညွတ်၏။ ဟိတော စ၊ အာရုံ၌မတုန်မလှုပ်သည်ကို ပြုသဖြင့်• တည်လည်း တည်စေအပ်၏။ (သမောဟူသောပုဒ်ဖြင့် သမ၏အနက်၊ သို့မဟုတ်သံ၏အနက်ကိုပြသည်။ ဟိတော ဟူသောပုဒ်ဖြင့် အာဓိ၏အနက်ကိုပြသည်။ ထိုနှစ်ပုဒ်ဖြင့် သမ+အာဓိ မှ၊ သို့မဟုတ် သံ+အာဓိမှ သမာဓိပုဒ်ပြီးသည်ဟုဆိုလို၏။) သုခေါ စ၊ ငြိမ်သက်သောသဘောဖြစ်၍ချမ်းသာလည်းချမ်းသာ၏။ ဣတိ၊ ထို့ကြောင့်။ သမာဓိ၊ သမာဓိမည်၏။ ဣမေ၊ ဝိသမံ ဈာပိတတ္တ တိုင်အောင် ဤ နှစ်ဆယ့် ငါးပါးသော သဘောတို့သည်။ သမာဓိဿ၊ သမာဓိ၏။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးကုန်သော။ သမာဓိဋ္ဌာ၊ တည်ကြည်ခြင်းသဘောတို့ပေတည်း။

တံ၊ ထိုသမာဓိဘာဝနာမယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ သံဝရိတွာ သမာဒဟနေ ပညာ သမာဓိဘာဝနာမယေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပေသတည်း။

တတိယော၊ သုံးခုမြောက်ဖြစ်သော။ သမာဓိဘာဝနာမယဉာဏနိဒ္ဒေသော၊ သမာဓိဘာဝနာမယဉာဏ်ကို အကျယ်ပြရာအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၄- ဓမ္မဋ္ဌိတိဉာဏနိဒ္ဒေသ

၄၅။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းတရားတို့ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။

အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ဥပ္ပါဒဋ္ဌိတိ စ၊ ဖြစ်ပေါ်ခြင်း၏အကြောင်း လည်း ဖြစ်၏။ ပဝတ္တဋ္ဌိတိ စ၊ ဖြစ်ပွါးခြင်း၏အကြောင်းလည်းဖြစ်၏။ နိမိတ္တဋ္ဌိတိ စ၊ နိမိတ်အကြောင်း လည်းဖြစ်၏။ အာယူဟနဋ္ဌိတိ စ၊ အားထုတ်တတ်သောအကြောင်းလည်းဖြစ်၏။ သညောဂဋ္ဌိတိ စ၊ ဖြစ်ပေါ်မှု၌ ယှဉ်စေသောအကြောင်းလည်း ဖြစ်၏။ ပလိဗောဓဋ္ဌိတိ စ၊ ဖြစ်ပွါးမှု၌ နှောင့်ဖွဲ့သော အကြောင်းလည်း ဖြစ်၏။ သမုဒယဋ္ဌိတိ စ၊ အကြောင်းရင်းဖြစ်သော သမုဒယအကြောင်းလည်း ဖြစ်၏။ ဟေတုဋ္ဌိတိ စ၊ ဖြစ်စေတတ်သော ဇနကအကြောင်းလည်း ဖြစ်၏။ ပစ္စယဋ္ဌိတိ စ၊ ထောက်ပံ့တတ်သော ဥပထမ္ဘက အကြောင်းလည်းဖြစ်၏။ ဣမေဟိ နဝဟာကာရေဟိ၊ ဤကိုးပါး သောအခြင်းအရာတို့ဖြင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပစ္စယော၊ အကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ပစ္စယသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ်သောအကျိုးတို့တည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာနှင့်သင်္ခါရတို့သည်။ ပစ္စယသမုပ္ပန္နာ၊ အကြောင်း ကြောင့်ဖြစ်သောအကျိုးတို့တည်း။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်း (အကျိုး) ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်

မည်၏။ အတီတမ္ပိ အဒ္ဓါနံ၊ အတိတ်ကာလ၌လည်း။ ဝါ၊ အတိတ်ကာလပတ်လုံးလည်း။ (ဤအစ္စန္တသံယောဂတ္ထကား ဤအဋ္ဌကထာအဖွင့်ပေတည်း။) အနာဂတမ္ပိ အဒ္ဓါနံ၊ အနာဂတ် ကာလ၌လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ဥပ္ပါဒဋ္ဌိတိ စ၊ ဖြစ်ပေါ်ခြင်းငှါ အကြောင်းလည်းဖြစ်၏။ ပ။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ဝိညာဏဿ၊ ဝိညာဉ်၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ နာမရူပဿ၊ နာမ်ရုပ်၏။ နာမရူပံ၊ နာမ်ရုပ်သည်။ သဠာယတနဿ၊ သဠာယတန၏။ သဠာယတနံ၊ သဠာယတနသည်။ ဖဿဿ၊ ဖဿ၏။ ဖဿော၊ ဖဿသည်။ ဝေဒနာယ၊ ဝေဒနာ၏။ ဝေဒနာ၊ ဝေဒနာသည်။ တဏှာယ၊ တဏှာ၏။ တဏှာ၊ တဏှာသည်။ ဥပါဒါနဿ၊ ဥပါဒါန်၏။ ဥပါဒါနံ၊ ဥပါဒါန်သည်။ ဘဝဿ၊ ဘဝ၏။ ဘဝေါ၊ ဘဝသည်။ ဇာတိယာ၊ ဇာတိ၏။ ဇာတိ၊ ဇာတိသည်။ ဇရာမရဏဿ၊ ဇရာမရဏ၏။ ဥပ္ပါဒဋ္ဌိတိစ၊ ဖြစ်ပေါ်ခြင်းငှါ အကြောင်းလည်းဖြစ်၏။ ပ။ ဇာတိ၊ ဇာတိသည်။ ပစ္စယော၊ အကြောင်းတည်း။ ဇရာမရဏံ၊ ဇရာမရဏသည်။ ပစ္စယသမုပ္ပန္နံ၊ အကြောင်းကြောင့်ဖြစ်သောအကျိုးတည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤဇာတိ ဇရာမရဏတို့သည်။ ပစ္စယသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတို့တည်း။ ပ။

၄၆။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ဟေတု၊ ဇနကအကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဟေတုသမုပ္ပန္နာ၊ ဇနကအကြောင်းကြောင့်ဖြစ်သောအကျိုးတရားတို့တည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာ သင်္ခါရတို့သည်။ ဟေတုသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့တည်း။ ပ။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ဟေတု၊ ဇနကအကြောင်းတည်း။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဟေတုသမုပ္ပန္နံ၊ ဇနကအကြောင်းကြောင့် ဖြစ်သောအကျိုးတည်း။ ပ။ ဇာတိ၊ ဇာတိသည်။ ဟေတု၊ ဇနကအကြောင်းတည်း။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဟေတုသမုပ္ပန္နံ၊ ဇနကအကြောင်းကြောင့် ဖြစ်သောအကျိုးတည်း။ ပ။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ (သင်္ခါရေဟိ အဝိဇ္ဇာ ပဋိမုခံ ဧတဗ္ဗာ ဂန္တဗ္ဗာတိ ပဋိစ္စာ-ဟု ပြဆိုသော အဋ္ဌကထာဝစနတ္ထအလိုအားဖြင့် "အဝိဇ္ဇာ ပဋိစ္စာ, ဝိညာဏ ပဋိစ္စံ, ဖဿော ပဋိစ္စော" စသည်ဖြင့် တိလိင် ဝစ်နှစ်ပါးနှင့် ရှိသင့်၏။ သို့သော်လည်း ပိဋကတ်၌ ပဋိစ္စ-ဟု တွာပစ္စယန္တသာ ထင်သည်ဖြစ်၍ ဤ၌ ရှိရင်းအတိုင်း အနက်ပြန်သည်။) သင်္ခါရာ၊ သင်္ခါရတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာ သင်္ခါရတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်း (အကျိုး) ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏။ အတီတမ္ပိ အဒ္ဓါနံ၊ အတိတ်ကာလ၌လည်း။ အနာဂတမ္ပိ အဒ္ဓါနံ၊ အနာဂါတ်ကာလ၌လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ပ။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ ဝိညာဏံ၊ ဝိညာဉ်သည်။ ပဋိစ္စသမုပ္ပန္နံ၊ စွဲမှီ၍ဖြစ်သောအကျိုးတည်း။ ပ။ ဇာတိ၊ ဇာတိသည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ ဇရာမရဏံ၊

ဇရာမရဏာသည်၊ ပဋိစ္စသမုပ္ပန္နံ၊ စွဲမှီ၍ဖြစ်သောအကျိုးတည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤဇာတိ ဇရာမရဏာတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သောအကျိုးတို့တည်း။ ပ။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အဝိဇ္ဇာ၊ သည်။ ပစ္စယော၊ ဥပတ္ထမ္ဘက အကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရ တို့သည်။ ပစ္စယသမုပ္ပန္နာ၊ ဥပတ္ထမ္ဘကအကြောင်းကြောင့် ဖြစ်သော အကျိုးတို့ပေတည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာသင်္ခါရတို့သည်။ ပစ္စယသမုပ္ပန္နာ၊ ဥပတ္ထမ္ဘကအကြောင်းကြောင့်ဖြစ်သော အကျိုးတို့တည်း။ ပ။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ပစ္စယော၊ ဥပတ္ထမ္ဘကအကြောင်းတည်း။ ဝိညာဏံ၊ ဝိညာဉ်သည်။ ပစ္စယသမုပ္ပန္နံ၊ ဥပတ္ထမ္ဘကအကြောင်းကြောင့် ဖြစ်သောအကျိုးတည်း။ ပ။ ဇာတိ၊ ဇာတိသည်။ ပစ္စယော၊ ဥပတ္ထမ္ဘကအကြောင်းတည်း။ ဇရာမရဏံ၊ ဇရာမရဏာသည်။ ပစ္စယသမုပ္ပန္နံ၊ ဥပတ္ထမ္ဘက အကြောင်းကြောင့် ဖြစ်သောအကျိုးတည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤဇာတိ ဇရာ မရဏာတို့သည်။ ပစ္စယသမုပ္ပန္နာ၊ ဥပတ္ထမ္ဘက အကြောင်းကြောင့် ဖြစ်သော အကျိုးတို့တည်း။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။

၄၇။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သော ကမ္မဘဝ၌။ ဝါ၊ ရှေးကမ္မဘဝကို ပြုစဉ်၌။ မောဟော၊ ဒုက္ခစသည်တို့၌ အမှန်အတိုင်းမသိမှု၊ သုခစသည်ထင်မှုဟူသော မောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ တည်း။ အာယူဟနာ၊ ကောင်းစားချမ်းသာရေးကိုမျှော်၍ အားထုတ်မှုတို့သည်။ သင်္ခါရာ၊ သင်္ခါရ တို့တည်း။ နိကန္တိ၊ ငြိကပ်ခြင်းသည်။ တဏှာ၊ တဏှာတည်း။ ဥပဂမနံ၊ ချဉ်းကပ်စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်တည်း။ စေတနာ၊ စေ့ဆော်မှု အဆုံးသတ် စေတနာသည်။ ဘဝေါ၊ ကမ္မဘဝ တည်း။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သောကမ္မဘဝ၌။ ဝါ၊ ရှေးကမ္မဘဝကို ပြုစဉ်၌။ (ပဝတ္တာ၊ ဖြစ်ကုန်သော။) ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိ၊ ရှေးဘဝစုတိနှင့် ဆက်စပ်၍ဖြစ်သော စိတ်သည်။ ဝိညာဏံ၊ ဝိညာဉ်တည်း။ ဩက္ကန္တိ၊ သက်ဝင်ခြင်းသည်။ ဝါ၊ သက်ဝင်သကဲ့သို့ဖြစ်သောတရားအပေါင်းသည်။ နာမရူပံ၊ နာမ်ရုပ်တည်း။ ပသာဒေါ၊ ကြည်သောအဖြစ်သည်။ ဝါ၊ ကြည်ခြင်းသည်။ အာယတနံ၊ အာယတနတည်း။ ဖုဋ္ဌော၊ ထိခြင်းသည်။ ဖဿော၊ ဖဿတည်း။ ဝေဒယိတံ၊ ခံစားခြင်းသည်။ ဝေဒနာ၊ ဝေဒနာတည်း။ ဣဓ ဥပပတ္တိဘဝသ္မိံ၊ ဤပစ္စုပ္ပန် ဥပပတ္တိဘဝ၌။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါး သောတရားတို့သည်။ ပုရေ၊ ရှေး၌။ ကတဿ၊ ပြုအပ်သော။ ကမ္မဿ၊ ကံ၏။ ပစ္စယာ၊ အကြောင်း ကြောင့်။ ။ဝွာနည်းကား၊ ပုရေ ကတဿ ကမ္မဿ ပစ္စယာ၊ ရှေး၌ ပြုအပ်ပြီးသော ကံဟူသော အကြောင်းကြောင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ အာယတနာနံ၊ အာယတနတို့၏။ ပရိပက္ကတ္တာ၊ ရင့်ကျက်သည်၏အဖြစ် ကြောင့်။ ဝါ၊ ရင့်ကျက်သောကာလ၌။ မောဟော၊ မောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတည်း။ ပ။ စေတနာ၊ စေတနာသည်။ ဘဝေါ၊ ကမ္မဘဝတည်း။ ဣဓ ကမ္မဘဝသ္မိံ၊ ဤပစ္စုပ္ပန်ကမ္မဘဝ၌။ ဝါ၊ ဤပစ္စုပ္ပန် ကမ္မဘဝကို ပြုစဉ်၌။ (ပဝတ္တာ၊ ဖြစ်ကုန်သော။) ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရား

တို့သည်။ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိ၊ ဘဝဟောင်းစုတိနှင့် ဆက်စပ်၍ ဖြစ်သောစိတ်သည်။ ဝိညာဏံ၊ ဝိညာဉ်တည်း။ ဩက္ကန္တိ၊ သက်ဝင်ခြင်းသည်။ နာမရူပံ၊ နာမ်ရုပ်တည်း။ပ။ ဝေဒယိတံ၊ ခံစားခြင်းသည်။ ဝေဒနာ၊ ဝေဒနာတည်း။ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ အာယတိံ ဥပပတ္တိဘဝသ္မိံ၊ နောင်အခါ ဥပပတ္တိဘဝ၌။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ကတဿ၊ ပြုအပ်သော။ ကမ္မဿ၊ ကံ၏။ ဝါ၊ ကံဟူသော။ ပစ္စယာ၊ အကြောင်းကြောင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဣတိ၊ ဤသို့။ ဣမေ စတုသင်္ခေပေ၊ဤလေးပါးသောအလှည့်တို့ကိုရင်း။ ဣမေ တယော အဒ္ဓေ၊ ဤသုံးပါးသော ကာလတို့ကိုရင်း။ တိသန္ဓိံ၊သုံးပါးသောအစပ်ရှိသော။ ဣမံ ပဋိစ္စသမုပ္ပါဒံ၊ဤပဋိစ္စသမုပ္ပါဒ်ကိုရင်း။ ဝီသတိယာ အာကာရေဟိ၊ နှစ်ဆယ်သော အခြင်းအရာ (အဖို့) တို့ဖြင့်။ ဝါ၊ နှစ်ဆယ်သောအခြင်းအရာ တို့နှင့်တကွ။ ဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏။ အညာတိ၊ အပိုင်းအခြားဖြင့်သိ၏။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

တံ၊ ထိုဓမ္မဋ္ဌိတိဉာဏ်သည်။ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ဉာဏံ၊ဉာဏ်မည်၏။ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သောအနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏန္တိ၊ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ဆိုအပ်ပေသတည်း။

စတုတ္ထော၊ လေးခုမြောက်ဖြစ်သော။ ဓမ္မဋ္ဌိတိဉာဏနိဒ္ဒေသော၊ ဓမ္မဋ္ဌိတိဉာဏ်ကို အကျယ်ပြရာအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၅-သမ္မသနဉာဏနိဒ္ဒေသ

၄၈။ အတီတာနာဂတပစ္စုပ္ပန္နာနံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ သင်္ခိပိတွာ၊ချုံး၍။ ဝါ၊ပေါင်းရုံး၍။ဝဝတ္ထာနေ၊ပိုင်းခြားမှတ်သားရာ၌။(ပဝတ္တာ၊ဖြစ်သော။) ပညာ၊ ပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဖြစ်သော။ အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တသန္တာန်၌မူလည်း ဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ အပြင်ပ၌မူလည်း ဖြစ်သော။ ဩဠာရိကံ ဝါ၊ကြမ်းတမ်းသည်မူလည်း ဖြစ်သော။ သုခုမံဝါ၊ သိမ်မွေ့သည်မူလည်းဖြစ်သော။ ဟီနံ ဝါ၊ ယုတ်သည်မူလည်းဖြစ်သော။ ပဏီတံ ဝါ၊ မြတ်သည်မူလည်း ဖြစ်သော။ ယံ ဒူရေ ဝါ၊အဝေး၌မူလည်းဖြစ်သော။ ယံသန္တိကေ ဝါ၊ အနီး၌မူလည်းဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ရူပံ၊ ရုပ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊အလုံးစုံသော။တံ ရူပံ၊ ထိုရုပ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ဝါ၊ မမြဲဟု။ဝဝတ္ထေတိ၊ ပိုင်းခြားရှုမှတ်၏။(တေံ ဓမ္မဇာတံ၊ ဤတရားသည်။)ဧကံ၊တခုသော။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်မှု သမ္မသနဉာဏ်ပေတည်း။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဝါ၊ ဆင်းရဲဟု။ ဝဝတ္ထေတိ၊ပိုင်းခြားရှုမှတ်၏။ (တေံဓမ္မဇာတံ၊ဤတရားသည်။) ဧကံ၊

တခုသော။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်မှု သမ္မသန ဉာဏ်ပေတည်း။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝါ၊ အတ္တမဟုတ်ဟု။ ဝဝတ္ထေတိ၊ ပိုင်းခြားမှတ်၏။ (တေ၊ ဓမ္မဇာတ်၊ ဤတရားသည်။) ကော၊ တခုသော။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်မှု သမ္မသနဉာဏ်ပေတည်း။ ယာကာစိ၊ အလုံးစုံသော။ (အမှတ်မရှိသောလည်းဟူ) ဝေဒနာ၊ ဝေဒနာသည်။ပ။ ယာကာစိ၊ အလုံးစုံသော။ သညာ၊ သညာသည်။ပ။ ယေကေစိ၊ အလုံးစုံကုန်သော၊ သင်္ခါရာ၊ သင်္ခါရတို့သည်။ပ။ အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော။ အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တသန္တာန်၌မူလည်း ဖြစ်သော။ပ။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝိညာဏံ၊ ဝိညာဉ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ ရူပံ၊ ထိုရုပ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဝါ၊ မမြဲဟု။ပ။

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဝါ၊ မမြဲ။ ဘယဋ္ဌေန။ ကြောက်ဖွယ်ကောင်းသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဝါ၊ ဆင်းရဲတည်း။ အသာရကဋ္ဌေန၊ အနှစ်မရှိသော အနက်သဘောကြောင့်၊ အနတ္တာ၊ အနတ္တမည်၏။ ဝါ၊ အတ္တမဟုတ်။ ဣတိ၊ ဤသို့။ သင်္ခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနေ၊ ပိုင်းခြား ရှုမှတ်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။ ဝေဒနာ၊ ဝေဒနာသည်။ပ။

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲ။ သင်္ခတံ၊ ပြုအပ်သောသဘောတည်း။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကို စွဲ၍ဖြစ်၏။ ခယဓမ္မံ၊ ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မံ၊ ပျက်ပြယ်ခြင်း, ကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ သင်္ခိပိတွာ၊ ချုံး၍။ပ။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိယာ၊ ဇာတိသည်၊ အသတိ၊ မရှိသော်။ ဇရာမရဏံ၊ ဇရာမရဏသည်။ နတ္ထိ၊ မရှိ။ပ။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ဇာတိ၊ ဇာတိသည်။ ဟောတိ၊ ဖြစ်၏။ ဘဝေ၊ ဘဝသည်။ အသတိ၊ မရှိသော်။ပ။အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ အသတိ၊ မရှိသော်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နတ္ထိ နသန္တိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ သင်္ခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနေ၊ ပိုင်းခြားရှုမှတ်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

တံ၊ ထိုသမ္မသနဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ အတီတာနာဂတပစ္စုပ္ပန္နာနံ ဓမ္မာနံ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

ပဉ္စမော၊ ငါးခုမြောက်ဖြစ်သော၊ သမ္မသနဉာဏနိဒ္ဒေသော၊ သမ္မသနဉာဏ်ကို

အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၆-ဥဒယဗ္ဗယဉာဏနိဒ္ဒေသ

၄၉။ ပစ္စုပ္ပန္နာနံ ဓမ္မာနံ၊ ပစ္စုပ္ပန်ဖြစ်သော တရားတို့၏။ ဝိပရိဏာမာနုပဿနေ၊ ဖောက်ပြန်ပျက်စီးခြင်းကို အဖန်တလဲလဲရှုရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာနုပဿနေဉာဏံ၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။

ဇာတံ၊ ဖြစ်ပေါ်ဆဲဖြစ်သော။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တဿ၊ ထိုပစ္စုပ္ပန်ဖြစ်သောရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာသည်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ပျက်စီးခြင်း လက္ခဏာသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ အဖန်တလဲလဲရှုခြင်းသည်။ ဉာဏံ၊ ဉာဏ်မည်၏။ ဇာတာ၊ ဖြစ်ပေါ်ဆဲဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ပ။ ဇာတော၊ ဖြစ်ပေါ်ဆဲဖြစ်သော။ ဘဝေါ၊ ဘဝသည်။ ပစ္စုပ္ပန္နော၊ ပစ္စုပ္ပန်မည်၏။ တဿ၊ ထိုပစ္စုပ္ပန်ဖြစ်သော ဘဝ၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာသည်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ပျက်စီးခြင်း လက္ခဏာသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ အဖန်တလဲလဲရှုခြင်းသည်။ ဉာဏံ၊ဉာဏ်မည်၏။

ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသောယောဂီပုဂ္ဂိုလ်သည်။ ကတိ လက္ခဏာနိ၊ အဘယ်မျှသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။ ဝယံ၊ ပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီ ပုဂ္ဂိုလ်သည်။ ကတိ လက္ခဏာနိ၊ အဘယ်မျှသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿန္တော၊ ရှုသောယောဂီပုဂ္ဂိုလ်သည်။ ကတိ လက္ခဏာနိ၊ အဘယ်မျှသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။

၅၀။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ပဉ္စဝီသတိ လက္ခဏာနိ၊ နှစ်ဆယ့်ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿန္တော၊ ရှုသောယောဂီပုဂ္ဂိုလ်သည်။ ပဉ္စဝီသတိလက္ခဏာနိ၊ နှစ်ဆယ့်ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ပညာသ လက္ခဏာနိ၊ ငါးဆယ်သော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။

ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ကတိ လက္ခဏာနိ၊ အဘယ်မျှသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။ ဝယံ၊ ပျက်ခြင်းကို။ ပဿန္တော၊ ရှုသောယောဂီပုဂ္ဂိုလ်သည်။ ကတိ လက္ခဏာနိ၊ အဘယ်မျှသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ကတိ လက္ခဏာနိ၊ အဘယ်မျှသော လက္ခဏာတို့ကို။ပဿတိ၊ မြင်သနည်း။ ဝေဒနာက္ခန္ဓဿ၊ ဝေဒနာက္ခန္ဓာ၏။ပ။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ပ။ ဝယံ၊ ပျက်ခြင်းကို။ပ။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ကတိ လက္ခဏာနိ၊ အဘယ်မျှသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။

ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသောယောဂီပုဂ္ဂိုလ်သည်။ ပဉ္စ လက္ခဏာနိ၊ ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ပဉ္စ လက္ခဏာနိ၊ ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဒသ လက္ခဏာနိ၊ ဆယ်ပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။ပ။

ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ကတမာနိ ပဉ္စလက္ခဏာနိ၊အဘယ်ငါးပါးသော လက္ခဏာတို့ကို။ပဿတိ၊မြင်သနည်း။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ၏ဖြစ်ခြင်း (ရှိခြင်း) ကြောင့်။ ရူပသမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ဖြစ်ခြင်း,ရှိခြင်းကြောင့်။ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿတိ၊ မြင်၏။ တဏှာသမုဒယာ၊ တဏှာ၏ဖြစ်ခြင်း,ရှိခြင်းကြောင့်။ရူပသမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ပ။ ကမ္မသမုဒယာ၊ ကံ၏ဖြစ်ခြင်း, ရှိခြင်းကြောင့်။ ရူပသမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ပ။ အာဟာရသမုဒယာ၊အာဟာရ၏ဖြစ်ခြင်း, ရှိခြင်းကြောင့်။ ရူပသမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ပ။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ပေါ်ခြင်း လက္ခဏာကို။ ပဿန္တောပိ၊ ရှုသည်ဖြစ်၍လည်း။ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿတိ၊ မြင်၏။ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ ဤငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။

ဝယံ၊ ပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ကတမာနိ ပဉ္စ လက္ခဏာနိ၊ အဘယ်ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။ အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာ၏ ချုပ်ခြင်း, (မရှိခြင်း)ကြောင့်။ ရူပနိရောဓော၊ ရုပ်၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ချုပ်ခြင်း, (မရှိခြင်း)ကြောင့်။ ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿတိ၊ မြင်၏။ တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ခြင်း, (မရှိခြင်း)ကြောင့်။ပ။ ကမ္မနိရောဓာ၊ကံ၏ချုပ်ခြင်း,မရှိခြင်းကြောင့်။ပ။အာဟာရနိရောဓာ၊အာဟာရ၏ ချုပ်ခြင်း,(မရှိခြင်း)ကြောင့်။ပ။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ပျက်စီးခြင်း လက္ခဏာကို။ ပဿန္တောပိ၊ ရှုသည်ဖြစ်၍လည်း။ ရူပက္ခန္ဓဿ၊ရူပက္ခန္ဓာ၏။ဝယံ၊ပျက်ခြင်းကို။ ပဿတိ၊မြင်၏။ ရူပက္ခန္ဓဿ၊ရူပက္ခန္ဓာ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ ဤငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဣမာနိ ဒသ လက္ခဏာနိ၊ ဤဆယ်ပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။

ဝေဒနာက္ခန္ဓဿ၊ ဝေဒနာက္ခန္ဓာ၏။ပ။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ကတမာနိ ပဉ္စ လက္ခဏာနိ၊အဘယ်ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်သနည်း။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ၏ ဖြစ်ခြင်း, (ရှိခြင်း)ကြောင့်။ ဝိညာဏသမုဒယော၊ ဝိညာဉ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ဖြစ်ခြင်း,(ရှိခြင်း)ကြောင့်။ ဝိညာဏက္ခန္ဓဿ၊ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿတိ၊ မြင်၏။ပ။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿန္တော၊ ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ ဤငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။

အဿာသပဿာသာ၊ အဿာသပဿာသဟု ဆိုအပ်ကုန်သော။ ကာယသင်္ခါရာ၊ ကာယသင်္ခါရတို့သည်။ပဋိပ္ပဿဒ္ဓါ၊ ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သညာဝေဒယိတံ နိရောဓံ၊ သညာ ဝေဒနာတို့၏ ချုပ်ခြင်းကို။ သမာပန္နဿ၊ ဝင်စားသော ပုဂ္ဂိုလ်အား။သညာ စ၊ သညာလည်းဟူသော။ ဝေဒနာစ၊ ဝေဒနာလည်းဟူသော။ စိတ္တသင်္ခါရာ၊ စိတ္တသင်္ခါရတို့သည်။ ပဋိပ္ပဿဒ္ဓါ၊ ငြိမ်းကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣမေသံ တိဏ္ဏန္နံ သင်္ခါရာနံ၊ဤသုံးပါးသော သင်္ခါရတို့၏။ ပဋိပ္ပဿဒ္ဓိယာ၊ ငြိမ်းခြင်းကြောင့်ပေတည်း။

၈၄။ သောဠသဟိ ဉာဏစရိယာဟီတိတ္ထေ၊ သောဠသဟိ ဉာဏစရိယာဟိ-ဟူသော ဤပုဒ်၌။ ကတမာဟိ သောဠသဟိ ဉာဏစရိယာဟိ၊ အဘယ်တဆယ့် ခြောက်ပါးသော ဉာဏစရိယာတို့ဖြင့် နည်းဟူမူကား။ အနိစ္စာနုပဿနာ၊ အနိစ္စဟု အဖန်တလဲလဲ ရှုခြင်းသည်။ ဉာဏစရိယာ၊ ဉာဏစရိယာမည်၏။ပ။ ဝိဝဋ္ဋာနုပဿနာ၊ သင်္ခါရအာရုံမှ ဆုတ်နစ်လျက် ရှုခြင်းသည်။ ဉာဏစရိယာ၊ ဉာဏစရိယာမည်၏။ သောတာပတ္တိမဂ္ဂေါ၊ သောတာပတ္တိမဂ်သည်။ ဉာဏစရိယာ၊ ဉာဏစရိယာမည်၏။ပ။ ဣမာဟိ သောဠသဟိ ဉာဏစရိယာဟိ၊ ဤတဆယ့်ခြောက်ပါးသော ဉာဏစရိယာတို့ဖြင့် ပေတည်း။

၈၅။ နဝဟိ သမာဓိစရိယာဟီတိတ္ထေ၊ နဝဟိ သမာဓိစရိယာဟိ-ဟူသော ဤပုဒ်၌။ ကတမာဟိ နဝဟိ သမာဓိစရိယာဟိ၊ အဘယ်ကိုးပါးသော သမာဓိ စရိယာတို့ဖြင့် နည်းဟူမူကား။ ပဌမံ ဈာနံ၊ ပဌမဈာန်သည်။ သမာဓိစရိယာ၊ သမာဓိစရိယာမည်၏။ပ။ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ ပဋိလာဘတ္ထာယ၊ ရခြင်းငှါ။ ဝိတက္ကော စ၊ ဝိတက်သည်၎င်း။ ဝိစာရော စ၊ ဝိစာရသည်၎င်း။ ပီတိ စ၊ ပီတိသည်၎င်း။သုခဉ္စ၊ သုခသည်၎င်း။ စိတ္တေကဂ္ဂတာ စ၊ စိတ္တေကဂ္ဂတာသည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တနည်း၊ ကေဂ္ဂတာ စ၊ ကေဂ္ဂတာသည်၎င်း။ သမာဓိစရိယာ၊ သမာဓိစရိယာ မည်၏။ပ။ နေဝသညာနာသညာယတနသမာပတ္တိံ၊ နေဝသညာနာသညာယတနသမာပတ်ကို။ ပဋိလာဘတ္ထာယ၊ ရခြင်းငှါ။ ဝိတက္ကော စ၊ ဝိတက်သည်၎င်း။ပ။စိတ္တေကဂ္ဂတာ စ၊ စိတ္တေကဂ္ဂတာသည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။တနည်း၊ ကေဂ္ဂတာ စ၊ သည်၎င်း။ သမာဓိစရိယာ၊ သမာဓိစရိယာမည်၏။ ဣမာဟိ နဝဟိ သမာဓိစရိယာဟိ၊ ဤကိုးပါးသော သမာဓိစရိယာတို့ဖြင့်ပေတည်း။

ဝသီတိတ္ထေ၊ ဝသီ-ဟူသော ဤပုဒ်၌။ ဝသိယော၊ ဝသီတို့သည်။ အာဝဇ္ဇနဝသီ၊ အာဝဇ္ဇနဝသီ၎င်း။ပ။ ပစ္စဝေက္ခဏာဝသီ၊ ပစ္စဝေက္ခဏာဝသီ၎င်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့တည်း။ ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ ယတ္ထိစ္ဆကံ၊ အလိုရှိတိုင်းသောအရပ်၌။ ယဒိစ္ဆကံ၊ အလိုရှိတိုင်းသောအခါ၌။ ယာဝတိစ္ဆကံ၊ အလိုရှိတိုင်းသောကာလပတ်လုံး။ အာဝဇ္ဇတိ၊ နှလုံးသွင်းဆင်ခြင်၏။ အာဝဇ္ဇနာယ၊ နှလုံးသွင်းဆင်ခြင်ခြင်း၌။ ဒန္ဓာယိတတ္တံ၊ နှေးသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဝဇ္ဇနဝသီ၊ အာဝဇ္ဇနဝသီမည်၏။ ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ပ။ သမာပဇ္ဇတိ၊ ဝင်စား၏။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ ဝုဋ္ဌာတိ၊ ထ၏။ ပစ္စဝေက္ခတိ၊ ပြန်လည်၍ဆင်ခြင်၏။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ပ။ နေဝသညာနာသညာယတနသမာပတ္တိံ၊ နေဝသညာနာသညာယတနသမာပတ်ကို။ ယတ္ထိစ္ဆကံ၊ အလိုရှိတိုင်းသောအရပ်၌။ ယဒိစ္ဆကံ၊ အလိုရှိတိုင်းသောအခါ၌။ ယာဝတိစ္ဆကံ၊ အလိုရှိတိုင်းသော ကာလပတ်လုံး။ အာဝဇ္ဇတိ၊ နှလုံးသွင်းဆင်ခြင်၏။ အာဝဇ္ဇနာယ၊ နှလုံးသွင်းဆင်ခြင်ခြင်း၌။ ဒန္ဓာယိတတ္တံ၊ နှေးသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဝဇ္ဇနဝသီ၊ အာဝဇ္ဇနဝသီမည်၏။ပ။ ဣမာ ပဉ္စ ဝသိယော၊ ဤငါးပါးသောဝသီတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တံ၊ ထိုနိရောဓသမာပတ္တိဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ကြောင့်။ ဒွီဟိ ဗလေဟိ သမန္နာဂတတ္တာ တယော စ သင်္ခါရာနံ ပဋိပ္ပဿဒ္ဓိယာ သောဠသဟိ ဉာဏစရိယာဟိ နဝဟိ သမာဓိစရိယာဟိ ဝသီဘာဝတာ ပညာ နိရောဓသမာပတ္တိယာ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

စတုတ္တိံသတိမော၊ သုံးဆယ့်လေးခုမြောက်ဖြစ်သော။ နိရောဓသမာပတ္တိဉာဏနိဒ္ဒေသော၊ နိရောဓသမာပတ္တိဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၃၅-ပရိနိဗ္ဗာနဉာဏနိဒ္ဒေသ

၈၆။ သမ္ပဇာနဿ၊ ကောင်းစွာအပြားအားဖြင့် သိသောသူ၏။ပဝတ္တပရိယာဒါနေ၊ ကိလေသာခန္ဓာတို့၏ဖြစ်စဉ်ကိုကုန်စေရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိနိဗ္ဗာနေ ဉာဏံ၊ ပရိနိဗ္ဗာနဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ ဣဓ၊ ဤသာသနာတော်၌။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့်သိသောသူသည်။နေက္ခမ္မေန၊ အလောဘဖြင့်။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ပဝတ္တံ၊ မပြတ်ဖြစ်သော အလျဉ်ကို။ ဝါ၊ ဖြစ်စဉ်ကို။ ပရိယာဒိယတိ၊ ကုန်စေ၏။ အဗျာပါဒေန၊ အဗျာပါဒဖြင့်။ ဗျာပါဒဿ၊ ဗျာပါဒ၏။ အာလောကသညာယ၊ အာလောကသညာဖြင့်။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ၏။ အဝိက္ခေပေန၊ မပျံ့လွင့်ခြင်းဖြင့်။ ဥဒ္ဓစ္စဿ၊ ဥဒ္ဓစ္စ၏။ ဓမ္မဝဝတ္ထာနေန၊ ဓမ္မဝဝတ္ထာန်ဖြင့်။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာ၏။ပ။ ဉာဏေန၊ ဉာဏ်ဖြင့်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ ပါမောဇ္ဇေန၊ ပါမောဇ္ဇဖြင့်။ အရတိယာ၊ မမွေ့လျော်ခြင်း၏။ ပဌမေန ဈာနေန၊ ပဌမဈာန်ဖြင့်။ နီဝရဏာနံ၊ နီဝရဏတို့၏။ပ။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသာနံ၊ အလုံးစုံသော ကိလေသာတို့၏။ ပဝတ္တံ၊ ဖြစ်ခြင်းကို။ ပရိယာဒိယတိ၊ ကုန်စေ၏။

အထ ဝါ ပန၊ ထိုမှတပါးလည်း။ သမ္ပဇာနဿ၊ ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍။ အနုပါဒိသေသာယ၊ ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယန္တဿ၊ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်အား။ ဣဒံ စေဝ စက္ခုပဝတ္တံ၊ ဤမျက်မှောက်ဘဝ စက္ခု၏ဖြစ်စဉ်ကိုလည်း။ ပရိယာဒိယတိ၊ ကုန်စေ၏။ အညံ စ၊ တပါးလည်းဖြစ်သော။ စက္ခုပဝတ္တံ၊ စက္ခု၏ဖြစ်စဉ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဣဒဉ္စေဝ သောတပဝတ္တံ၊ ဤမျက်မှောက်ဘဝ သောတ၏ဖြစ်စဉ်ကိုလည်း။ပ။ ဣဒဉ္စေဝ မနောပဝတ္တံ၊ ဤမျက်မှောက်ဘဝ စိတ်၏ဖြစ်စဉ်ကိုလည်း။ ပရိယာဒိယတိ၊ ကုန်စေ၏။ အညဉ္စ၊ တပါးလည်း ဖြစ်သော။ မနောပဝတ္တံ၊ စိတ်၏ ဖြစ်စဉ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဣဒံ၊ ဤဆိုအပ်ပြီးသည်ကား။ သမ္ပဇာနဿ၊ ကောင်းစွာ အပြားအားဖြင့် သိသောသူ၏။ ပဝတ္တပရိယာဒါနေ၊ ကိလေသာခန္ဓာတို့၏ ဖြစ်စဉ်ကို ကုန်စေရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာဟုဆိုအပ်သော။ ပရိနိဗ္ဗာနေ ဉာဏံ၊ ပရိနိဗ္ဗာနဉာဏ်ပေတည်း။

တံ၊ ထိုပရိနိဗ္ဗာနဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊

ပညာမည်၏။ တေန၊ ထိုကြောင့်။ သမ္ပဇာနသ္သ ပဝတ္တပရိယာဒါနေ ပညာ ပရိနိဗ္ဗာနေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဉ္စတိံသတိမော၊ သုံးဆယ့်ငါးခုမြောက်ဖြစ်သော။ ပရိနိဗ္ဗာနဉာဏနိဒ္ဒေသော၊
ပရိနိဗ္ဗာနဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၃၆–သမသီသဋ္ဌဉာဏနိဒ္ဒေသ

၇၇။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော တေဘူမကသင်္ခါရတရားတို့ကို။ သမ္မာ၊ ကောင်းစွာ။ သမုစ္ဆေဒေ စ၊ ဖြတ်ရာ၌၎င်း။ နိရောဓေ စ၊ ချုပ်စေရာ၌၎င်း။ အနုပဋ္ဌာနတာ- အနုပဋ္ဌာနတာယ စ၊ တဖန် မထင်ခြင်း, မဖြစ်ခြင်း၌၎င်း။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမသီသဋ္ဌေဉာဏံ၊ သမသီသဋ္ဌဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ သဗ္ဗဓမ္မာနန္တိဧတ္ထ၊ သဗ္ဗဓမ္မာနံ-ဟူသော ဤပုဒ်၌။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်၎င်း။ ဒွါဒသာယတနာနိ၊ တဆယ့်နှစ်ပါးသော အာယတန တို့သည်၎င်း။ အဋ္ဌာရသဓာတုယော၊ တဆယ့်ရှစ်ပါးသော ဓာတ်တို့သည်၎င်း။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်၎င်း။ အကုသလာ ဓမ္မာ၊ အကုသိုလ် တရားတို့ သည်၎င်း။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်၎င်း။ ကာမာဝစရာ ဓမ္မာ၊ ကာမာဝစရ တရားတို့သည်၎င်း။ ရူပါဝစရာ ဓမ္မာ၊ ရူပါဝစရ တရားတို့သည်၎င်း။ အရူပါဝစရာဓမ္မာ၊ အရူပါဝစရ တရားတို့သည်၎င်း။ အပရိယာပန္နာ ဓမ္မာ၊ လောကုတ္တရာတရားတို့သည်၎င်း။ သဗ္ဗဓမ္မာ၊ အလုံးစုံသော တရားမည်ကုန်၏။

သမ္မာသမုစ္ဆေဒေတိဧတ္ထ၊ သမ္မာသမုစ္ဆေဒေ-ဟူသော ဤပုဒ်၌။ နေက္ခမ္မေန၊ ကာမမှထွက်မြောက်သော အလောဘဖြင့်။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ သမ္မာ၊ ကောင်းစွာ။ သမုစ္ဆိန္ဒတိ၊ ဖြတ်၏။ အဗျာပါဒေန၊ အဗျာပါဒဖြင့်။ ဗျာပါဒံ၊ ဗျာပါဒကို။ပ။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသော ကိလေသာတို့ကို။ သမ္မာ၊ ကောင်းစွာ။ သမုစ္ဆိန္ဒတိ၊ ဖြတ်၏။

နိရောဓေတိဧတ္ထ၊ နိရောဓေ-ဟူသော ဤပုဒ်၌။ နေက္ခမ္မေန၊ ဖြင့်။ပ။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသော ကိလေသာတို့ကို။ နိရောဓေတိ၊ ချုပ်စေ၏။

အနုပဋ္ဌာနတာတိဧတ္ထ၊ အနုပဋ္ဌာနတာ-ဟူသော ဤပုဒ်၌။ နေက္ခမ္မံ၊ ကာမမှ ထွက်မြောက်သော အလောဘကို။ ပဋိလဒ္ဓဿ၊ ရသော ယောဂီပုဂ္ဂိုလ်အား။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ န ဥပဋ္ဌာတိ၊ မဖြစ်။ပ။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကို။ ပဋိလဒ္ဓဿ၊ ရသောယောဂီပုဂ္ဂိုလ်အား။ သဗ္ဗကိလေသာ၊ အလုံးစုံသော ကိလေသာတို့သည်။ န ဥပဋ္ဌဟန္တိ၊ မဖြစ်ကုန်။

သမန္တိဧတ္ထ၊ သမံ-ဟူသော ဤပုဒ်၌။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ပဟီနတ္တာ၊ ပယ်သည်၏ အဖြစ်ကြောင့်။ နေက္ခမ္မံ၊ ကာမမှ ထွက်မြောက်သော အလောဘသည်။ သမံ၊ သမ မည်၏။ ဝါ၊ ငြိမ်းစေသော တရားမည်၏။ပ။ သဗ္ဗကိလေသာနံ၊ အလုံးစုံသော ကိလေသာတို့ကို။ ပဟီနတ္တာ၊ ပယ်သည်၏အဖြစ်ကြောင့်။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ သမံ၊ သမ မည်၏။

သီသန္တိဧတ္ထ၊ သီသံ-ဟူသော ဤပုဒ်၌။ သီသာနိ၊ ဦးခေါင်းသဖွယ် ပြဓာန်းသော ခေါင်းချုပ် တရားတို့သည်။ တေရသ၊ တဆယ့်သုံးပါးတို့တည်း။ တဏှာ၊ တဏှာဟူသော။ ပလိဗောဓသီသဉ္စ၊

ကြောင့်ကြမှု၏ဦးခေါင်းရင်း။ (ပလိဗောဓသီသဉ္စ၊ ကြောင့်ကြမှု၏ ဦးခေါင်းကား။ တဏှာ၊ တဏှာ ပေတည်း ဟူ၍လည်း ပြန်သင့်၏။ နောက်ပုဒ် များ၌လည်း နည်းတူပင်။) မာနော၊ မာန ဟူသော။ ဝိနိဗန္ဓနသီသဉ္စ၊ တက်ကြွလျက် ဖွဲ့တွယ်မှု၏ ဦးခေါင်းရင်း။ ဒိဋ္ဌိ၊ ဒိဋ္ဌိဟူသော။ ပရာမာသသီသဉ္စ၊ မှားသောအားဖြင့် သုံးသပ်မှု ဦးခေါင်းရင်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စ ဟူသော။ ဝိက္ခေပသီသဉ္စ၊ ပျံ့လွင့်မှုဦးခေါင်းရင်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာဟူသော။ သံကိလေသသီသဉ္စ၊ ညစ်နွမ်းပူပန် စေတတ်သော ကိလေသာ ဦးခေါင်းရင်း။ သဒ္ဓါ၊ သဒ္ဓါဟူသော။ အဓိမောက္ခသီသဉ္စ၊ ယုံကြည်ဆုံးဖြတ်မှု ဦးခေါင်းရင်း။ ဝီရိယံ၊ ဝီရိယဟူသော။ ပဂ္ဂဟသီသဉ္စ၊ ချီးမြှောက်မှုဦးခေါင်းရင်း။ သတိ၊ သတိ ဟူသော။ ဥပဋ္ဌာနသီသဉ္စ၊ အာရုံ၌ကပ်၍တည်မှု, အာရုံထင်မှု ဦးခေါင်းရင်း။ သမာဓိ၊ သမာဓိ ဟူသော။ အဝိက္ခေပသီသဉ္စ၊ မပျံ့မလွင့်စိတ်တည်ကြည်မှု ဦးခေါင်းရင်း။ ပညာ၊ ပညာဟူသော။ ဒဿနသီသဉ္စ၊ သိမြင်မှုဦးခေါင်းရင်း။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေဟူသော။ ပဝတ္တသီသဉ္စ၊ မပြတ်ဖြစ်နေသော ဥပါဒိန္နကသန္တာအလျဉ်၏ဦးခေါင်းရင်း။ ဝိမောက္ခော၊ လွတ်မြောက်ရာ အရဟတ္တဖိုလ်ဟူသော။ ဝါ၊ နိဗ္ဗာန်ဟူသော။ (ရှေးကား ပုဂ္ဂလ ပညတ် မူလဋီကာ၊ နောက်ကား ဤ အဋ္ဌကထာ အဖွင့်တည်း)။ ဂေါစရသီသဉ္စ၊ ကျက်စားရာအာရုံ၏ဦးခေါင်းရင်း။ နိရောဓော၊ ချုပ်ရာနိဗ္ဗာန်ဟူသော။ သင်္ခါရသီသဉ္စ၊ သင်္ခါရတို့၏ ပြီးဆုံးရာ ဦးခေါင်းရင်း ပေတည်း။

တံ၊ ထိုသမသီသဋ္ဌဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ သဗ္ဗဓမ္မာနံ သမ္မာ သမုစ္ဆေဒေ နိရောဓေ စ အနုပဋ္ဌာနတာ ပညာ သမသီသဋ္ဌေ ဉာဏန္တိ၊ ဉာဏံ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဆတ္တိံသတိမော၊ သုံးဆယ့်ခြောက်ခုမြောက်ဖြစ်သော။ သမသီသဋ္ဌ ဉာဏနိဒ္ဒေသော၊ သမသီသဋ္ဌဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၃၇-သလ္လေခဋ္ဌဉာဏနိဒ္ဒေသ

၈၈။ ပုထုနာနတ္တတေဇပရိယာဒါနေ၊ ရာဂစသော သီးခြားတရား, ကာမစ္ဆန္ဒ စသော အထူးထူးသောသဘော, ဒုဿီလျစသော တန်ခိုးတို့ကို ကုန်စေရာ၌။

(ဥဒ္ဒေသ၌ ကေတ္တ-မပါခဲ့သောကြောင့်ရင်း၊ ကေတ္တသည် ကုန်စေအပ် ပယ်အပ်သော ပဟာတဗ္ဗမဟုတ်သော ကြောင့်ရင်း ဤ၌လည်း ကေတ္တ မပါသင့်။ နိဒ္ဒေသ၌ကား အဋ္ဌကထာမှာ အထူးဖွင့်သည်။)

(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သလ္လေခဋ္ဌေဉာဏံ၊ သံလေခဋ္ဌဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း-ဟူမူကား။ ပုထူတိဧတ္ထ၊ ပုထု—ဟူသော ဤပုဒ်၌။ ရာဂေါ၊ ရာဂ သည်။ ပုထု၊ သီးခြားတရားပေတည်း။ ဒေါသော၊ ဒေါသသည်။ မောဟော၊ မောဟသည်။ ကောဓော၊ အမျက်ထွက်ခြင်းသည်။ ဥပနာဟော၊ ရန်ငြိုးဖွဲ့ခြင်းသည်။ မက္ခော၊ သူ့ကျေးဇူးကို ခြေဖျက်ခြင်း သည်။ ပဠာသော၊ အဖျင်းမှု ြင်းသည်။ ဣဿာ၊ ငြူစူခြင်းသည်။ မစ္ဆရိယံ၊ ဝန်တိုခြင်းသည်။ မာယာ၊ လှည့်ပတ်ခြင်းသည်။ သာဌေယျံ၊ စဉ်းလဲစဉ်းစားပြုခြင်းသည်။ ထမ္ဘော၊ တောင့်ခိုင်ခြင်း သည်။ သာရမ္ဘော၊ ချုတ်ချယ်ခြင်းသည်။ မာနော၊ မာန်မူခြင်းသည်။ အတိမာနော၊ အလွန်

မာန်မူခြင်းသည်။ မဒေါ၊ မာန်ယစ်ခြင်းသည်။ ပမာဒေါ၊ မေ့လျော့ခြင်းသည်။ သဗ္ဗေ ကိလေသာ၊ အလုံးစုံသော ကိလေသာတို့သည်။ သဗ္ဗေ ဒုစ္စရိတာ၊ အလုံးစုံသော ဒုစ္စရိုက်တရားတို့သည်။ သဗ္ဗေ အဘိသင်္ခါရာ၊ အလုံးစုံသော အဘိသင်္ခါရတို့သည်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘဝဂါမိကမ္မာ၊ ဘဝ တပါးသို့ လားစေတတ်ကုန်သော ကံတို့သည်။ ပုထု၊ သီးခြားတရားတို့ပေတည်း။

နာနတ္တေကတ္တန္တိ ဧတ္ထ၊ နာနတ္တေကတ္တံ—ဟူသော ဤ ပုဒ်၌။

(ဥဒ္ဒေသ၌ ဧကတ္တမပါခဲ့သော်လည်း ဤနိဒ္ဒေသအရာ၌ ဧကတ္တပါထည့်၍ သံဝဏ္ဏနာတဗ္ဗ တည်ခြင်းမှာ အဋ္ဌကထာ၌ ပြသောရည်ရွယ်ချက်အားလျော်စွာ အသင့်ပင်တည်း။ အဋ္ဌကထာ ကို ကြည့်ပါ။)

ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်၊ နာနတ္တံ၊ နာနတ္တမည်၏။ နေက္ခမ္မံ၊ နေက္ခမ္မသည်။ ဧကတ္တံ၊ ဧကတ္တမည်၏။ ဗျာပါဒေါ၊ ဗျာပါဒသည်.ပ။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ ဧကတ္တံ၊ ဧကတ္တ မည်၏။

တေဇောတိ ဧတ္ထ၊ တေဇော—ဟူသော ဤပုဒ်၌။ တေဇာ၊ တန်ခိုးတို့သည်။ စရဏတေဇော၊ သီလအကျင့်တန်ခိုးငုင်း။ ဂုဏတေဇော၊ သမာဓိဂုဏ်ကျေးဇူး တန်ခိုးငုင်း။ ပညာတေဇော၊ ပညာ တန်ခိုးငုင်း။ ပုညတေဇော၊ ကောင်းမှုတန်ခိုးငုင်း။ ဓမ္မတေဇော၊ ဒေသနာတရားတော်တန်ခိုးငုင်း။ ဣတိ၊ ဤသို့။ ပဉ္စငါးပါးတို့တည်း။ စရဏတေဇေန၊ သီလဟူသော စရဏတန်ခိုးဖြင့်။ တေဇိတတ္တာ၊ ထက်စေအပ်သည်၏အဖြစ်ကြောင့်။ ဒုဿီလျတေဇံ၊ သီလမဲ့ခြင်းဟူသော ဒုဿီလတန်ခိုးကို။ ပရိယာ ဒိယတိ၊ ကုန်စေ၏။ ဂုဏတေဇေန၊ သမာဓိဟူသော ဂုဏ်တန်ခိုးဖြင့်။ တေဇိတတ္တာ၊ ထက်စေအပ် သည်၏အဖြစ်ကြောင့်၊ အဂုဏတေဇံ၊ ပျံ့လွင့်ခြင်းဟူသောဂုဏ်မဲ့ တန်ခိုးကို။ ပရိယာဒိယတိ၊ ကုန်စေ၏။ ပညာတေဇေန၊ ဝိပဿနာပညာတန်ခိုးဖြင့်။ တေဇိတတ္တာ၊ ထက်စေအပ်သည်၏ အဖြစ်ကြောင့်။ ဒုပ္ပညတေဇံ၊ ပညာမဲ့ခြင်းဟူသော ဒုပ္ပညာတန်ခိုးကို။ ပရိယာဒိယတိ၊ ကုန်စေ၏။ ပုညတေဇေန၊ ကောင်းမှုဟူသော တန်ခိုးဖြင့်။ တေဇိတတ္တာ၊ ထက်စေအပ်သည်၏ အဖြစ်ကြောင့်။ အပုညတေဇံ၊ မကောင်းမှုတန်ခိုးကို။ ပရိယာဒိယတိ၊ ကုန်စေ၏။ ဓမ္မတေဇေန၊ ဒေသနာ တရားတော်ဟူသော ဓမ္မ တန်ခိုးဖြင့်။ တေဇိတတ္တာ၊ ထက်စေအပ်သည်၏ အဖြစ်ကြောင့်။ အဓမ္မတေဇံ၊ တိတ္ထိတို့၏ တရား အမှားဟူသော အဓမ္မတန်ခိုးကို။ ပရိယာဒိယတိ၊ ကုန်စေ၏။

သလ္လေခေါတိ ဧတ္ထ၊ သလ္လေခေါ-ဟူသော ဤပုဒ်၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ အသလ္လေခေါ၊ အသလ္လေခမည်၏။ နေက္ခမ္မံ၊ နေက္ခမ္မသည်။ သလ္လေခေါ၊ သလ္လေခမည်၏ ။ပ။ သဗ္ဗ ကိလေသာ၊ အလုံးစုံသော ကိလေသာတို့သည်။ အသလ္လေခေါ၊ အသလ္လေခမည်၏။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ သလ္လေခေါ၊ သလ္လေခမည်၏။ တံ၊ ထိုသလ္လေခဋ္ဌဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ် သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ပုထုနာနတ္တ တေဇပရိယာဒါနေ ပညာ သလ္လေခဋ္ဌေ ဉာဏန္တိ။ ဉာဏံ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သတ္တတိံ သတိမာ၊ သုံးဆယ့်ခုနစ်ခုမြောက်ဖြစ်သော။ သလ္လေခဋ္ဌဉာဏနိဒ္ဒေသော၊

သလ္လေခဋ္ဌဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၃၈-ဝီရိယာရမ္ဘေဉာဏနိဒ္ဒေသ

၇၉။ အသလ္လီနတ္တ ပဟိတတ္တ ပဂ္ဂဟဋ္ဌေ၊ မဆုတ်နစ်သော စိတ်ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိလျက် အားထုတ်ခြင်းသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝီရိယာရမ္ဘေ ဉာဏံ၊ ဝီရိယာရမ္ဘဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ အသလ္လီနတ္တ ပဟိတတ္တ ပဂ္ဂဟဋ္ဌေ၊ မဆုတ်နစ်သော စိတ်ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိလျက် အားထုတ်ခြင်းသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝီရိယာရမ္ဘေ ဉာဏံ၊ ဝီရိယာရမ္ဘဉာဏ်မည်၏။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ၊အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ပ။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ပ။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဌိတိယာ၊ တည်စေခြင်းငှါ။ အသမ္မောသာယ၊ မပျောက်ပျက်စေခြင်းငှါ။ ဘိယျောဘာဝါယ၊ လွန်စွာဖြစ်စေခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောစေခြင်းငှါ။ ဘာဝနာယ၊ပွါးစေခြင်းငှါ။ ပါရိပူရိယာ၊ ပြည့်စေခြင်းငှါ။ပ။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ နေက္ခမ္မဿ၊ နေက္ခမ္မကို။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ပ။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ အရဟတ္တမဂ္ဂဿ၊ အရဟတ္တမဂ်ကို။ ဌိတိယာ၊ တည်စေခြင်းငှါ။ အသမ္မောသာယ၊ မပျောက်ပျက်စေခြင်းငှါ။ ဘိယျောဘာဝါယ၊ လွန်စွာဖြစ်စေခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပြောစေခြင်းငှါ။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ ပါရိပူရိယာ၊ ပြည့်စေခြင်းငှါ။ အသလ္လီနတ္တ ပဟိတတ္တ ပဂ္ဂဟဋ္ဌေ၊ မဆုတ်နစ်သော စိတ်ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိလျက် အားထုတ်ခြင်းသဘော၌။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ ပညာသည်။ ဝီရိယာရမ္ဘေ ဉာဏံ၊ ဝီရိယာရမ္ဘဉာဏ်မည်၏။

တံ၊ ထိုဝီရိယာရမ္ဘဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ အသလ္လီနတ္တ ပဟိတတ္တ ပဂ္ဂဟဋ္ဌေ ပညာ ဝီရိယာရမ္ဘေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဋ္ဌတိံသတိမော၊ သုံးဆယ့်ရှစ်ခုမြောက်ဖြစ်သော။ ဝီရိယာရမ္ဘဉာဏနိဒ္ဒေသော၊

ဝီရိယာရမ္ဘဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၃၉-အတ္ထသန္ဒဿန ဉာဏနိဒ္ဒေသ

၈၀။ နာနာ ဓမ္မပ္ပကာသနတာ၊ အထူးထူးသော တရားကို ပြတတ်သည်၏ အဖြစ်တည်းဟူသော။ ပညာ၊ ပညာသည်။ အတ္ထသန္ဒဿနေ ဉာဏံ၊ အတ္ထသန္ဒဿနဉာဏ်မည်သည်။ ကထံ ဟောတိ။ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ နာနာဓမ္မာတိ ဧတ္ထ၊ နာနာဓမ္မာ-ဟူသော ဤပုဒ်၌။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်ရင်း။ ဒွါဒသာယတနာနိ၊ တဆယ့်နှစ်ပါးသော အာယတနတို့သည်ရင်း။ပ။

အပရိယာပန္နာ ဓမ္မာ၊ လောကုတ္တရာတရားတို့သည်ရှင်း။ နာနတ္တေကတ္တ၊ အထူးထူးသော တရားတို့ မည်ကုန်၏။

ပကာသနတာတိ ဧတ္ထ၊ ပကာသနတာ—ဟူသော ဤပုဒ်၌။ ရူပံ၊ ရုပ်ကို။ အနိစ္စတော၊ အနိစ္စ အားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ပကာသေတိ၊ ပြတတ်၏။ ဝေဒနံ၊ ဝေဒနာကို။ပ။ ဇရာမရဏံ၊ ဇရာမရဏကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ပကာသေတိ၊ ပြတတ်၏။

အတ္တသန္ဒဿနေတိ ဧတ္ထ၊ အတ္တသန္ဒဿနေ—ဟူသော ဤပုဒ်၌။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဇဟန္တော၊ စွန့်သော ယောဂီပုဂ္ဂိုလ်သည်။ ဝါ၊ စွန့်စေသော ဒေသကပုဂ္ဂိုလ်သည်။ နေက္ခမ္မတ္ထံ၊ နေက္ခမ္မ ဟူသော အကျိုးကို။ သန္ဒဿေတိ၊ ပြ၏။ ဗျာပါဒံ၊ ဗျာပါဒကို။ပ။ သဗ္ဗကိလေသေ၊ အလုံးစုံသော ကိလေသာတို့ကို။ ပဇဟန္တော၊ စွန့်သော ယောဂီပုဂ္ဂိုလ်သည်။ အရဟတ္တမဂ္ဂတ္ထံ၊ အရဟတ္တမဂ် ဟူသော အကျိုးကို။ သန္ဒဿေတိ၊ ပြ၏။

တံ၊ ထိုအတ္တသန္ဒဿနဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ နာနာဓမ္မပ္ပကာသနတာ ပညာ အတ္တသန္ဒဿနေ ဉာဏန္တိ၊ ဉာဏံ—ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

နဝတိံသတိမာ၊ သုံးဆယ့်ကိုးခုမြောက်ဖြစ်သော။ အတ္တသန္ဒဿနဉာဏနိဒ္ဒေသော၊ အတ္တသန္ဒဿနဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄၀-ဒဿနဝိသုဒ္ဓိဉာဏနိဒ္ဒေသ

၉၁။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော တရားတို့၏။ ဧကသင်္ဂဟတာ နာနတ္တေကတ္တ ပဋိဝေဓေ၊ တူသောအားဖြင့် ရေတွက်အပ်သည်၏ အဖြစ်, အထူးထူးသော သဘော, တမျိုးတည်းသော သဘောတို့ကို သိရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဒဿနဝိသုဒ္ဓိဉာဏံ၊ ဒဿန ဝိသုဒ္ဓိဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ သဗ္ဗဓမ္မာနန္တိ ဧတ္ထ၊ သဗ္ဗဓမ္မာနံ—ဟူသော ဤပုဒ်၌။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်ရှင်း။ပ။ အပရိယာပန္နာ ဓမ္မာ၊ အပရိယာပန္နတရားတို့သည်ရှင်း။ သဗ္ဗဓမ္မာ၊ သဗ္ဗဓမ္မမည်ကုန်၏။

ဧကသင်္ဂဟတာတိ ဧတ္ထ၊ ဧကသင်္ဂဟတာ—ဟူသော ဤပုဒ်၌။ ဒွါဒသဟိ၊ တဆယ့်နှစ်ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ သဗ္ဗဓမ္မာ၊ အလုံးစုံသော တရားတို့ကို။ ဧကသင်္ဂဟိတာ၊ တူသောအားဖြင့် ရေတွက်အပ်ကုန်၏။ တထဋ္ဌေန၊ မချွတ်ယွင်းသော သဘောအားဖြင့်ရှင်း။ အနတ္တဋ္ဌေန၊ အတ္တမဟုတ်သောသဘောအားဖြင့်ရှင်း။ သစ္စဋ္ဌေန၊ မှန်သော သဘောအားဖြင့်ရှင်း။ ပဋိဝေဓဋ္ဌေန၊ ထိုးထွင်း၍ သိအပ်သော သဘောအားဖြင့်ရှင်း။ အဘိဇာနနဋ္ဌေန၊ အထူးသိအပ်သော သဘောအားဖြင့်ရှင်း။ ပရိဇာနနဋ္ဌေန၊ ပိုင်ခြားသိအပ်သော သဘောအားဖြင့်ရှင်း။ ဓမ္မဋ္ဌေန၊ တရားဟူသော သဘောအားဖြင့်ရှင်း။ ဓာတုဋ္ဌေန၊ ဓာတ်ဟူသော သဘောအားဖြင့်ရှင်း။ ဉာတဋ္ဌေန၊ သိအပ်သော သဘောအားဖြင့်ရှင်း။ သစ္ဆိကိရိယဋ္ဌေန၊ မျက်မှောက်ပြုအပ်သော

သဘောအားဖြင့်ရင်း။ ဖုသနဋ္ဌေန၊ ဉာဏ်ဖြင့်တွေ့ထိအပ်သော သဘောအားဖြင့်ရင်း။ အဘိသမယဋ္ဌေန၊ သိလျက်ရအပ်သော သဘောအားဖြင့်ရင်း။ ဣမေဟိ ဒွါဒသဟိ အာကာရေဟိ၊ ဤတဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်။ သဗ္ဗေဓမ္မာ၊ အလုံးစုံသော တရားတို့ကို။ ဧကသင်္ဂဟိတာ၊ တူသောအားဖြင့် ရေတွက်အပ်ကုန်၏။

နာနတ္တေကတ္တန္တိ ဧတ္ထ၊ နာနတ္တေကတ္တ–ဟူသော ဤပုဒ်၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ နာနတ္တံ၊ နာနတ္တမည်၏။ နေက္ခမ္မံ၊ နေက္ခမ္မသည်။ ဧကတ္တံ၊ ဧကတ္တမည်၏။ပ။ သဗ္ဗကိလေသာ၊ အလုံးစုံသော ကိလေသာတို့သည်။ နာနတ္တံ၊ နာနတ္တမည်၏။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ ဧကတ္တံ၊ ဧကတ္တမည်၏။

ပဋိဝေဓေတိ ဧတ္ထ၊ ပဋိဝေဓေ–ဟူသော ဤပုဒ်၌။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓံ၊ ပိုင်းခြား၍ သိခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ သိ၏။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဟာနပဋိဝေဓံ၊ ပယ်ခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ သိ၏။ နိရောဓသစ္စံ၊ ကို။သစ္ဆိကိရိယာပဋိဝေဓံ၊မျက်မှောက်ပြုခြင်း ဟူသော ထိုးထွင်း၍ သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ သိ၏။ မဂ္ဂသစ္စံ၊ ကို။ ဘာဝနာပဋိဝေဓံ၊ ပွါးစေခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ သိ၏။

ဒဿနဝိသုဒ္ဓိန္တိ ဧတ္ထ၊ ဒဿနဝိသုဒ္ဓိ–ဟူသော ဤပုဒ်၌။ သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ ဒဿနံ၊ မြင်ခြင်းသည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ သောတာပတ္တိဖလက္ခဏေ၊ သောတာပတ္တိဖိုလ်ခဏ၌။ ဒဿနံ၊ မြင်ခြင်းသည်။ ဝိသုဒ္ဓံ၊ စင်ကြယ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ပ။ အရဟတ္တဖလက္ခဏေ၊ အရဟတ္တဖိုလ်ခဏ၌။ ဒဿနံ၊ မြင်ခြင်းသည်။ ဝိသုဒ္ဓံ၊ စင်ကြယ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။

တံ၊ ထိုဒဿနဝိသုဒ္ဓိ ဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သောအနက်သဘောကြောင့်။ ပညာ၊ပညာမည်၏။ တေန၊ ထို့ကြောင့်။ သဗ္ဗဓမ္မာနံ ဧကသင်္ဂဟတာ နာနတ္တေကတ္တပဋိဝေဓေ ပညာ ဒဿနဝိသုဒ္ဓိဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

စတ္တာလီသမော၊ လေးဆယ်မြောက်ဖြစ်သော။ ဒဿနဝိသုဒ္ဓိဉာဏနိဒ္ဒေသော၊

ဒဿနဝိသုဒ္ဓိဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄၁-ခန္တိဉာဏနိဒ္ဒေသ

၈၂။ ဝိဒိတတ္တာ၊ သိအပ်ပြီးသည်၏ အဖြစ်ကြောင့်။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ပညာသည်။ ခန္တိဉာဏံ၊ ခန္တိဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ ရူပံ၊ ရုပ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဝိဒိတံ၊ သိအပ်၏။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊အနတ္တအားဖြင့်။ ဝိဒိတံ၊ သိအပ်၏။ ယံ ယံ၊ အကြင်အကြင်တရားကို။ ဝိဒိတံ၊ သိအပ်၏။ တံ တံ၊ ထိုထိုတရားကို။ ခမတိ ရုစ္စတိ၊ နှစ်သက်၏။ ဣတိ၊ ဤသို့။ ဝိဒိတတ္တာ၊ သိအပ်သည်၏အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ခန္တိဉာဏံ၊ ခန္တိဉာဏ်မည်၏။ ဝေဒနံ၊ ဝေဒနာကို။ပ။

ဇရာမရဏံ၊ ဇရာမရဏကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝိဒိတံ၊ သိအပ်၏။ ယံ ယံ၊ အကြင်အကြင်တရားကို။ ဝိဒိတံ၊ သိအပ်၏။ တံ တံ၊ ထိုထိုတရားကို။ ခမတိ၊ နှစ်သက်၏။ ဣတိ၊ ဤသို့။ ဝိဒိတတ္တာ၊ သိအပ်သည်၏ အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ခန္တိဉာဏံ၊ ခန္တိဉာဏ်မည်၏။

တံ၊ ထိုခန္တိဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သောအနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဝိဒိတတ္တာ ပညာ ခန္တိဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။

ကေစတ္တာလီသမော၊ လေးဆယ့်တခုမြောက်ဖြစ်သော။ ခန္တိဉာဏနိဒ္ဒေသော၊ ခန္တိဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄၂-ပရိယောဂါဟဏဉာဏနိဒ္ဒေသ

၉၃။ ဖုဋ္ဌတ္တာ၊ ဉာဏ်ဖြင့်တွေ့အပ်ပြီးသည်၏ အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိယောဂါဟဏေ ဉာဏံ၊ ပရိယောဂါဟဏဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ရူပံ၊ ရုပ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဖုသတိ၊ ဉာဏ်ဖြင့် တွေ့၏။ ရူပံ၊ ရုပ်ကို။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ပ။ ယံ ယံ၊ အကြင်အကြင်တရားကို။ ဖုသတိ၊ ဉာဏ်ဖြင့် တွေ့၏။ တံ တံ၊ ထိုထိုတရားကို။ ပရိယောဂါဟတိ၊ သက်ဝင်၏။ ဣတိ၊ ဤသို့။ ဖုဋ္ဌတ္တာ၊ ဉာဏ်ဖြင့် တွေ့အပ်ပြီးသည်၏အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိယောဂါဟဏေ ဉာဏံ၊ ပရိယောဂါဟဏဉာဏ်မည်၏။ ဝေဒနံ၊ ဝေဒနာကို။ပ။ ဇရာမရဏံ၊ ဇရာမရဏကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ဖုသတိ၊ ဉာဏ်ဖြင့် တွေ့၏။ ယံ ယံ၊ အကြင်အကြင်တရားကို။ ဖုသတိ၊ ဉာဏ်ဖြင့် တွေ့၏။ တံ တံ၊ ထိုထိုတရားကို။ ပရိယောဂါဟတိ၊ သက်ဝင်၏။ ဣတိ၊ ဤသို့ ဖုဋ္ဌတ္တာ၊ တွေ့အပ်ပြီးသည်၏အဖြစ်ကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပရိယောဂါဟဏေ ဉာဏံ၊ ပရိယောဂါဟဏဉာဏ်မည်၏။

တံ၊ ထိုပရိယောဂါဟဏ ဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဖုဋ္ဌတ္တာ ပညာ ပရိယောဂါဟဏေ ဉာဏန္တိ၊ ဉာဏ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဒွေစတ္တာလီသမော၊ သော။ ပရိယောဂါဟဏဉာဏနိဒ္ဒေသော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄၃-ပဒေသဝိဟာရဉာဏနိဒ္ဒေသ

၉၄။ သမောဒဟနေ၊ စုပေါင်း၍ရှုရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ပဒေသဝိဟာရေ ဉာဏံ၊ ပဒေသဝိဟာရဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ မိစ္ဆာဒိဋ္ဌိပစ္စယာပိ၊ မိစ္ဆာဒိဋ္ဌိဟူသောအကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစားအပ်၏။ မိစ္ဆာဒိဋ္ဌိဝူပသမပစ္စယာပိ၊ မိစ္ဆာဒိဋ္ဌိ၏ ငြိမ်းခြင်းဟူသော အကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစားအပ်

၏။ သမ္မာဒိဋ္ဌိပစ္စယာပိ၊ သမ္မာဒိဋ္ဌိဟူသောအကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစားအပ်၏။ သမ္မာဒိဋ္ဌိဝူပသမပစ္စယာပိ၊ သမ္မာဒိဋ္ဌိ၏ ငြိမ်းခြင်းဟူသော အကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစားအပ်၏။ မိစ္ဆာသင်္ကပ္ပပစ္စယာပိ၊ မိစ္ဆာသင်္ကပ္ပဟူသော အကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစားအပ်၏။ပ။ သညာပစ္စယာပိ၊ သညာဟူသော အကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစား အပ်၏။ သညာဝူပသမပစ္စယာပိ၊သညာ၏ငြိမ်းခြင်းဟူသော အကြောင်းကြောင့်လည်း။ဝေဒယိတံ၊ ခံစားအပ်၏။

ဆန္ဒော စ၊ ဆန္ဒသည်လည်း။ အဝူပသန္တော၊ မငြိမ်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိတက္ကော စ၊ ဝိတက်သည်လည်း။ အဝူပသန္တော၊ မငြိမ်းသည်။ ဟောတိ၊ ဖြစ်၏။ သညာ စ၊ သညာသည်လည်း။ အဝူပသန္တာ၊ မငြိမ်းသည်။ ဟောတိ၊ ဖြစ်၏။ တပ္ပစ္စယာပိ၊ ထိုသို့မငြိမ်းခြင်းဟူသော အကြောင်း ကြောင့်လည်း။ ဝေဒယိတံ၊ ခံစားအပ်၏။ ဆန္ဒော စ၊ ဆန္ဒသည်လည်း။ ဝူပသန္တော၊ ငြိမ်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိတက္ကော စ၊ ဝိတက်သည်လည်း။ အဝူပသန္တော၊ မငြိမ်းသည်။ ဟောတိ၊ ဖြစ်၏။ သညာ စ၊ သညာသည်လည်း။ အဝူပသန္တာ၊ မငြိမ်းသည်။ ဟောတိ၊ ၏။ တပ္ပစ္စယာပိ၊ ထိုသို့ငြိမ်းခြင်း မငြိမ်းခြင်းဟူသော အကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစားအပ်၏။ပ။ အပ္ပတ္တဿ၊ မရောက်သောတရားသို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ အာသဝံ၊ အားထုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တသ္မိမ္ပိ ဌာနေ၊ ထိုမရောက်သေးသော အရာသို့လည်း။ အနုပ္ပတ္တေ၊ ရောက်သည် ရှိသော်။ တပ္ပစ္စယာပိ၊ထိုသို့ရောက်ခြင်းဟူသော အကြောင်းကြောင့်လည်း။ ဝေဒယိတံ၊ ခံစား အပ်၏။

တံ၊ ထိုပဒေသဝိဟာရဉာဏ်သည်။ ဉာတဋ္ဌေန၊ကြောင့်။ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ သမောဒဟနေ ပညာ ပဒေသဝိဟာရေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တေစတ္တာလီသမော၊ သော။ ပဒေသဝိဟာရဉာဏနိဒ္ဒေသော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄၄-၄၉-ဆ ဝိဝဋ္ဋဉာဏနိဒ္ဒေသ

၉၅။ အဓိပတတ္တာ၊ ကာမစ္ဆန္ဒသည်ကို အကြီးအမှူးပြု၍ဖြစ်သော။ ဝါ၊ကာမစ္ဆန္ဒသည်သည် လွှမ်းမိုးအပ်သော။ (အဓိပတိယတိ အဘိဘဝိယတိ၊ အဓိပတော အတ္တာ သဘာဝေါ အဿာ၊ အဓိပတာ ဧဝ ဝါ အတ္တာတိ အဓိပတတ္တာ ပညာ-ဟု၊ ဝစနတ္ထ ကြံသင့်၏။) ပညာ၊ ပညာသည်။ သညာဝိဝဋ္ဋေ ဉာဏံ၊ သညာဝိဝဋ္ဋဉာဏ် မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ နေက္ခမ္မာဓိပတတ္တာ၊ နေက္ခမ္မကို အကြီးအမှူးပြု၍ ဖြစ်သော။ ဝါ၊ နေက္ခမ္မသည် လွှမ်းမိုးအပ်သော။ ပညာ၊ ပညာသည်။ ကာမစ္ဆန္ဒတော၊ ကာမစ္ဆန္ဒမှ။ သညာယ၊ သညာ ကြောင့်။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဝါ၊ လည်၍ဖြစ်၏။ ။တနည်းကား၊ သညာယ၊ သညာဖြင့်။ ဝိဝဋ္ဋတိ၊ မျက်လှဲပြု၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အဓိပတတ္တာ၊ (နေက္ခမ္မကို) အကြီး အမှူးပြု၍ဖြစ်သော။ ဝါ၊ (နေက္ခမ္မသည်) လွှမ်းမိုးအပ်သော။ ပညာ၊ ပညာသည်။ သညာ ဝိဝဋ္ဋေ ဉာဏံ၊ သညာဝိဝဋ္ဋဉာဏ် မည်၏။ပ။

တံ၊ ထိုသညာဝိဝဋ္ဋဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ အဓိပတတ္တာ ပညာ သညာ ဝိဝဋ္ဋေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၄၅။ နာနတ္တေ၊ အထူးထူးသော သဘောကြောင့်။ ဝါ၊ အထူးထူးသောသဘောကို ပယ်ခြင်းကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စေတောဝိဝဋ္ဋေ ဉာဏံ၊ စေတောဝိဝဋ္ဋဉာဏ် မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ နာနတ္တံ၊ နာနတ္တ မည်၏။ နေက္ခမ္မံ၊ နေက္ခမ္မသည်။ ဧကတ္တံ၊ ဧကတ္တမည်၏။ နေက္ခမ္မေကတ္တံ၊ နေက္ခမ္မ ဧကတ္တကို။ စေတယတော၊ စေ့ဆော်သော ယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ကာမစ္ဆန္ဒတော၊ ကာမစ္ဆန္ဒမှ။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နာနတ္တေ၊ အထူးထူးသောသဘောကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စေတောဝိဝဋ္ဋေ ဉာဏံ၊ စေတောဝိဝဋ္ဋဉာဏ် မည်၏။ပ။ သဗ္ဗကိလေသာ၊ အလုံးစုံသောကိလေသာတို့သည်။ နာနတ္တံ၊ နာနတ္တ မည်၏။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ ဧကတ္တံ၊ ဧကတ္တ မည်၏။ အရဟတ္တမဂ္ဂေကတ္တံ၊ အရဟတ္တမဂ် ဧကတ္တကို။ စေတယတော၊ စေ့ဆော်သော ယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ သဗ္ဗကိလေသေဟိ၊ အလုံးစုံသော ကိလေသာတို့မှ။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နာနတ္တေ၊ အထူးထူးသော သဘောကြောင့်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စေတောဝိဝဋ္ဋေ ဉာဏံ၊ စေတော ဝိဝဋ္ဋ ဉာဏ်မည်၏။

တံ၊ ထို စေတော ဝိဝဋ္ဋဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ နာနတ္တေ ပညာ စေတော ဝိဝဋ္ဋေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၄၆။ အဓိဋ္ဌာနေ၊ ဆောက်တည်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စိတ္တဝိဝဋ္ဋေ ဉာဏံ၊ စိတ္တဝိဝဋ္ဋဉာဏ် မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဇဟန္တော၊ စွန့်သော ယောဂီပုဂ္ဂိုလ်သည်။ နေက္ခမ္မဝသေန၊ နေက္ခမ္မ၏ အစွမ်းအားဖြင့်။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဓိဋ္ဌာနေ၊ ဆောက်တည်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စိတ္တဝိဝဋ္ဋေ ဉာဏံ၊ စိတ္တဝိဝဋ္ဋဉာဏ် မည်၏။ပ။ သဗ္ဗကိလေသေ၊ အလုံးစုံသောကိလေသာတို့ကို။ ပဇဟန္တော၊ စွန့်သော ယောဂီပုဂ္ဂိုလ်သည်။ အရဟတ္တမဂ္ဂဝသေန၊ အရဟတ္တမဂ်၏ အစွမ်းအားဖြင့်။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဓိဋ္ဌာနေ၊ ဆောက်တည်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စိတ္တဝိဝဋ္ဋေ ဉာဏံ၊ စိတ္တဝိဝဋ္ဋဉာဏ် မည်၏။

တံ၊ ထို စိတ္တဝိဝဋ္ဋဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ အဓိဋ္ဌာနေ ပညာ စိတ္တဝိဝဋ္ဋေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၄၇။ သုညတေ၊ ဆိတ်သုဉ်းခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဉာဏဝိဝဋ္ဋေ ဉာဏံ၊ ဉာဏဝိဝဋ္ဋ ဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ စက္ခု၊

စက္ခုသည်။ အတ္တေန ဝါ၊ အတ္တအဖြစ်, အသက်ကောင်အဖြစ်, ငါ အဖြစ်မှုရင်း။ အတ္တနိယေန ဝါ၊ အတ္တ၏ဥစ္စာ, အသက်ကောင်၏ဥစ္စာ, ငါ၏ဥစ္စာအဖြစ်မှုရင်း။ နိစ္စေန ဝါ၊ မြဲခြင်းမှုရင်း။ ဓုဝေန ဝါ၊ ခိုင်မြဲခြင်းမှုရင်း။ သဿတေန ဝါ၊ တည်မြဲခြင်းမှုရင်း။ အဝိပရိဏာမဓမ္မေန ဝါ၊ မဖောက်ပြန်ခြင်းသဘောမှုရင်း။ သုညံ၊ ဆိတ်သည်း၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဇာနတော၊ သိသော ယောဂီပုဂ္ဂိုလ်၏။ ပဿတော၊ မြင်သော ယောဂီပုဂ္ဂိုလ်၏။ ဉာဏံ၊ ဉာဏ်သည်။ စက္ခာဘိနိဝေသတော၊ စက္ခုကို အတ္တ, အတ္တနိယ-ငါ, ငါ့ဥစ္စာဟု မှားသော အားဖြင့် နှလုံးသွင်းခြင်းမှ။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဝါ၊ လည်၍ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုညတော၊ ဆိတ်သည်းခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဉာဏဝိဝဋ္ဋေ ဉာဏံ၊ ဉာဏဝိဝဋ္ဋဉာဏ် မည်၏။ ပ။ မနော၊ မနသည်။ အတ္တေန ဝါ၊ အတ္တအဖြစ်, အသက်ကောင်အဖြစ်, ငါအဖြစ်မှုရင်း၊ အတ္တနိယေန ဝါ၊ အတ္တ၏ဥစ္စာ, အသက်ကောင်၏ဥစ္စာ, ငါ၏ဥစ္စာ, အဖြစ်မှုရင်း။ နိစ္စေန ဝါ၊ မြဲခြင်းမှုရင်း။ ပ။ အဝိပရိဏာမဓမ္မေန ဝါ၊ မဖောက်ပြန်ခြင်း သဘောမှုရင်း။ သုညော၊ ဆိတ်သည်း၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဇာနတော၊ သိသော ယောဂီပုဂ္ဂိုလ်၏။ ပဿတော၊ မြင်သော ယောဂီပုဂ္ဂိုလ်၏။ ဉာဏံ၊ ဉာဏ်သည်။ မနာဘိနိဝေသတော၊ မနကို ငါ, ငါ၏ဥစ္စာဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းမှ။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုညတော၊ ဆိတ်သည်းခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဉာဏဝိဝဋ္ဋေ ဉာဏံ။ ဉာဏဝိဝဋ္ဋဉာဏ်မည်၏။

တံ၊ ထိုဉာဏဝိဝဋ္ဋဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ သုညတေ ပညာ ဉာဏဝိဝဋ္ဋေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၉၉။ ဝေါသဂ္ဂေ၊ စွန့်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိမောက္ခဝိဝဋ္ဋေ ဉာဏံ၊ ဝိမောက္ခဝိဝဋ္ဋဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ နေက္ခမ္မေန၊ နေက္ခမ္မဖြင့်။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ဝေါသဇ္ဇတိ၊ စွန့်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝေါသဂ္ဂေ၊ စွန့်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိမောက္ခဝိဝဋ္ဋေ ဉာဏံ၊ ဝိမောက္ခဝိဝဋ္ဋဉာဏ်မည်၏။ ပ။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသော ကိလေသာတို့ကို။ ဝေါသဇ္ဇတိ၊ စွန့်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝေါသဂ္ဂေ၊ စွန့်ခြင်း၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိမောက္ခဝိဝဋ္ဋေ ဉာဏံ၊ ဝိမောက္ခဝိဝဋ္ဋဉာဏ် မည်၏။

တံ၊ ထိုဝိမောက္ခဝိဝဋ္ဋဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဝေါသဂ္ဂေ ပညာ ဝိမောက္ခဝိဝဋ္ဋေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၀၀။ တထဋ္ဌေ၊ မှန်သောသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သစ္စဝိဝဋ္ဋေ ဉာဏံ၊ သစ္စဝိဝဋ္ဋဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌံ၊ နှိပ်စက်တတ်သော သဘောကို။ သင်္ခတဋ္ဌံ၊ ပြုပြင်အပ်သော သဘောကို။ သန္တာပဋ္ဌံ၊ ပူပန်စေတတ်သော သဘောကို။ ဝိပရိဏာမဋ္ဌံ၊ ဖောက်ပြန်တတ်သော သဘောကို။ ပရိဇာနန္တော၊ ပိုင်းခြား၍ သိသော ယောဂီပုဂ္ဂိုလ်သည်။ ဝိဝဋ္ဋတိ၊ (နိမိတ္တ, ပဝတ္တမှ) ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တထဋ္ဌေ၊ မှန်သောသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။

သစ္စဝိဝဋ္ဋေ ဉာဏံ၊ သစ္စဝိဝဋ္ဋဉာဏ်မည်၏။ သမုဒယာ၊ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌံ၊ အားထုတ်ခြင်းသဘောကို။ နိဒါနဋ္ဌံ၊ အကြောင်းဖြစ်သော သဘောကို။ သညောဂဋ္ဌံ၊ ဝဋ်၌ယှဉ်ခြင်းသဘောကို။ ပလိဗောဓဋ္ဌံ၊ ဝဋ်၌နှောင်ဖွဲ့ခြင်းသဘောကို။ပဇဟန္တော၊စွန့်သောယောဂီပုဂ္ဂိုလ်သည်။ ဝိဝဋ္ဋတိ၊ (နိမိတ္တ,ပဝတ္တမှ) ကင်း၏။ နိရောဓာ၊ နိရောဓသစ္စာ၏။ နိဿရဏဋ္ဌံ၊ ဝဋ်မှ ထွက်မြောက်ခြင်း သဘောကို။ ဝိဝေကဋ္ဌံ၊ ကင်းဆိတ်ခြင်းသဘောကို။ အသင်္ခတဋ္ဌံ၊ မပြုပြင်အပ်သောသဘောကို။ အမတဋ္ဌံ၊ မသေခြင်းသဘောကို။ သစ္ဆိကရောန္တော၊ မျက်မှောက်ပြုသော ယောဂီပုဂ္ဂိုလ်သည်။ ဝိဝဋ္ဋတိ၊ (နိမိတ္တ,ပဝတ္တမှ) ကင်း၏။ မဂ္ဂါ၊ မဂ္ဂသစ္စာ၏။ နိယျာနဋ္ဌံ၊ ဝဋ်မှ ထွက်သွားခြင်းသဘောကို။ ဟေတုဋ္ဌံ၊ အကြောင်းဖြစ်သောသဘောကို။ ဒဿနဋ္ဌံ၊ နိဗ္ဗာန်ကို မြင်ခြင်းသဘောကို။ အာဓိပတေယျဋ္ဌံ၊ အစိုးရခြင်း သဘောကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်သည်။ ဝိဝဋ္ဋတိ၊ (နိမိတ္တ,ပဝတ္တမှ) ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တထဋ္ဌေ၊ မှန်သောသဘော၌။(ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ပညာသည်။ သစ္စဝိဝဋ္ဋေ ဉာဏံ၊ သစ္စဝိဝဋ္ဋဉာဏ် မည်၏။

သညာဝိဝဋ္ဋော စ၊ သညာဝိဝဋ္ဋရင်း ။ပ။ သစ္စဝိဝဋ္ဋော စ၊ သစ္စဝိဝဋ္ဋရင်း။ (ဣတိ၊ ဤသို့။ ဝိဝဋ္ဋော၊ ဝိဝဋ္ဋသည်။ ဆဗ္ဗိဓော၊ ခြောက်ပါးအပြားရှိ၏။) သဉ္ဇာနန္တော၊ မှတ်သိသည်ဖြစ်၍။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သညာဝိဝဋ္ဋော၊ သညာဝိဝဋ္ဋမည်၏။ စေတယန္တော၊ စေ့ဆော်သည်ဖြစ်၍။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စေတောဝိဝဋ္ဋော၊ စေတောဝိဝဋ္ဋမည်၏။ ဝိဇာနန္တော၊ အထူးသဖြင့် သိသည်ဖြစ်၍။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စိတ္တဝိဝဋ္ဋော၊ စိတ္တဝိဝဋ္ဋမည်၏။ ဉာဏံ၊ ဉာဏ်ကို။ ကရောန္တော၊ ပြုသည်ဖြစ်၍။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဉာဏဝိဝဋ္ဋော၊ ဉာဏဝိဝဋ္ဋမည်၏။ ဝေါသဇ္ဇန္တော၊ စွန့်သည်ဖြစ်၍။ ဝိဝဋ္ဋတိ၊ကင်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိမောက္ခဝိဝဋ္ဋော၊ ဝိမောက္ခဝိဝဋ္ဋ မည်၏။ တထဋ္ဌေ၊ မှန်ခြင်းသဘော၌။ ဝိဝဋ္ဋတိ၊ ကင်း၏။ ဝါ၊ လည်း၍ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သစ္စဝိဝဋ္ဋော၊ သစ္စဝိဝဋ္ဋမည်၏။

`ယတ္ထ၊ အကြင်တရား၌။ သညာဝိဝဋ္ဋော၊ သညာဝိဝဋ္ဋသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုတရား၌။ စေတောဝိဝဋ္ဋော၊ စေတောဝိဝဋ္ဋသည်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ၊ အကြင်တရား၌။ စေတောဝိဝဋ္ဋော၊ စေတောဝိဝဋ္ဋသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုတရား၌။ သညာဝိဝဋ္ဋော၊ သညာဝိဝဋ္ဋသည်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ၊ အကြင်တရား၌။ သညာဝိဝဋ္ဋော၊ သညာဝိဝဋ္ဋ သည်ရင်း။ စေတောဝိဝဋ္ဋော၊ စေတောဝိဝဋ္ဋသည်ရင်း။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုတရား၌။ စိတ္တဝိဝဋ္ဋော၊ စိတ္တဝိဝဋ္ဋသည်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ၊အကြင်တရား၌။ စိတ္တဝိဝဋ္ဋော၊ စိတ္တဝိဝဋ္ဋ သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုတရား၌။ သညာဝိဝဋ္ဋော၊ သညာဝိဝဋ္ဋသည်ရင်း။ စေတော ဝိဝဋ္ဋော၊စေတောဝိဝဋ္ဋသည်ရင်း။ဟောတိ၊ဖြစ်၏။　　။[တိက စတုက္ကဝါရတို့၌ကား အနက်ပေါ်ပြီ။]

တံ ၊ထိုသစ္စဝိဝဋ္ဋဉာဏ်သည်။ ဉာတဋ္ဌေန၊ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ တထဋ္ဌေ ပညာ သစ္စဝိဝဋ္ဋေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

နဝစတ္တာလီသမော၊ လေးဆယ့်ကိုးခုမြောက်ဖြစ်သော။ ဆဝိဝဋ္ဋဉာဏနိဒ္ဒေသော၊ ဉာဏ်ခြောက်ပါးကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၅၀-ဣဒ္ဓိဝိဓဉာဏနိဒ္ဒေသ

၁၀၁။ ကာယမ္ပိ၊ ရုပ်ကိုယ်ကိုရင်း။ စိတ္တမ္ပိ၊ ပါဒကစျာန်စိတ်ကိုရင်း။ ဧကဝဝတ္ထာနတာ စ၊ တခုတည်း ပိုင်းခြား မှတ်သားခြင်းဖြင့်ရင်း။ သုခသညဉ္စ၊ သုခသညာကိုရင်း။ လဟုသညဉ္စ၊ လဟုသညာကိုရင်း။ အဓိဋ္ဌာနဝသေန စ၊ ဆောက်တည်သည်၏ အစွမ်းအားဖြင့်ရင်း။ ဉာဏုပ္ပတ္တေ၊ ပြည့်စုံခြင်းသဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဣဒ္ဓိဝိဓေ ဉာဏံ၊ ဣဒ္ဓိဝိဓဉာဏ် မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဆန္ဒ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ၊ ဆန္ဒကြီးမှူးသော သမာဓိ, ပြင်းစွာ အားထုတ်မှုဟူသော ပဓာန သင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ပြီးစီးပြည့်စုံကြောင်း ဣဒ္ဓိပါဒ်ကို။ ဘာဝေတိ၊ ပွါးစေ၏။ပ။ ဝီမံသ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ၊ ပညာကြီးမှူးသောသမာဓိ, ပြင်းစွာအားထုတ်မှုဟူသောပဓာန သင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ပြီးစီးပြည့်စုံကြောင်း ဣဒ္ဓိပါဒ်ကို။ ဘာဝေတိ၊ ပွါးစေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမေသု စတူသု ဣဒ္ဓိပါဒေသု၊ ဤလေးပါးသော ဣဒ္ဓိပါဒ်တို့၌။ စိတ္တံ၊ စိတ်ကို။ ပရိဘာဝေတိ၊ ထက်ဝန်းကျင် ပွါးစေ၏။ပရိဒမေတိ၊ ထက်ဝန်းကျင်ဆုံးမ၏။ မုဒုံ၊ နူးညံ့သည်ကို။ ကမ္မနိယံ၊ အမှု၌ ခံ့သည်ကို။ ကရောတိ၊ ပြု၏။ သော၊ သည်။ဣမေသု စတူသု ဣဒ္ဓိပါဒေသု၊ ဤလေးပါးသော ဣဒ္ဓိပါဒ်တို့၌။ စိတ္တံ၊ စိတ်ကို။ ပရိဘာဝေတွာ၊ ထက်ဝန်းကျင် ပွါးစေ၍။ပရိဒမေတွာ၊ထက်ဝန်းကျင် ဆုံးမ၍။မုဒုံ၊ နူးညံ့သည်ကို။ ကမ္မနိယံ၊ အမှု၌ ခံ့သည်ကို။ ကရိတွာ၊ ပြု၍။ ကာယမ္ပိ၊ ရုပ်ကိုယ်ကိုလည်း။ စိတ္တေ၊ စိတ်၌။ သမောဒဟတိ၊ ပေါင်းထည့်ထား၏။ စိတ္တမ္ပိ၊ စိတ်ကိုလည်း။ ကာယေ၊ ရုပ်ကိုယ်၌။ သမောဒဟတိ၊ ပေါင်းထည့်ထား၏။ ကာယဝသေန၊ ကိုယ်၏အစွမ်းအားဖြင့်။ စိတ္တံ၊ စိတ်ကို။ ပရိဏာမေတိ၊ ညွတ်စေ၏။ ဝါ၊ပြောင်းလဲစေ၏။ စိတ္တဝသေန၊ စိတ်၏အစွမ်းအားဖြင့်။ ကာယံ၊ ကိုယ်ကို။ ပရိဏာမေတိ၊ ညွတ်စေ၏။ ဝါ၊ ပြောင်းလဲစေ၏။ ကာယဝသေန၊ ကိုယ်၏အစွမ်းအားဖြင့်။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ပ။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍။ သုခသညဉ္စ၊ သုခသညာကိုရင်း။ လဟုသညဉ္စ၊ လဟုသညာကိုရင်း။ ကာယေ၊ ကိုယ်၌။ ဩက္ကမိတွာ၊ သက်ဝင်စေ၍။ ဝိဟရတိ၊ နေ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ တထာဘာဝိတေန၊ထိုသို့သော အခြင်းအရာဖြင့် ပွါးစေအပ်သော။ ပရိသုဒ္ဓေန၊ စင်ကြယ်သော။ ပရိယောဒါတေန၊ ဖြူစင်သော။ စိတ္တေန၊ ဖြင့်။ ဣဒ္ဓိဝိဓဉာဏာယ၊ ဣဒ္ဓိဝိဓဉာဏ်အကျိုးငှါ။စိတ္တံ၊စိတ်ကို။အဘိနီဟရတိ၊ရှေ့ရှုဆောင်၏။အဘိနိန္နာမေတိ၊ ရှေ့ရှုညွတ်စေ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။အနေကဝိဟိတံ၊ တပါးမက များသော အပြားရှိသော။ ဣဒ္ဓိဝိဓံ၊ တန်ခိုးအထူးကို။ ဝါ၊ ပြီးမြောက်ခြင်းအဘို့ကို။ ပစ္စနုဘောတိ၊ ခံစား၏။ ဝါ၊ မျက်မှောက်ပြု၏။

၁၀၂။ ဧကောပိ၊ တယောက်သည်မူလည်း။ ဟုတွာ၊ ဖြင်လျက်။ ဗဟုဓာ၊ အများသည်။ ဟောတိ၊ ဖြစ်၏။ ဗဟုဓာပိ၊ အများသည်မူလည်း။ ဟုတွာ၊ဖြစ်လျက်။ ဧကော၊ တယောက်သည်။ ဟောတိ၊ ဖြစ်၏၊ အာဝိဘာဝံ၊ မျက်မှောက်၏ အဖြစ် (ကိုယ်ထင်ရှားခြင်း) ကိုရင်း။ တိရောဘာဝံ၊ မျက်ကွယ်၏အဖြစ် (ကိုယ်ပျောက်ကွယ်ခြင်း) ကိုရင်း။ ကရောတိ၊ ပြု၏။ တိရောကုဋ္ဋံ၊ နံရံ၏ တဖက်သို့ရင်း။ တိရောပါကာရံ၊ တံတိုင်း၏ တဖက်သို့ရင်း။ တိရောပဗ္ဗတံ၊ တောင်၏ တဖက်သို့ရင်း။ အာကာသေ သေယျထာပိ၊ ကောင်းကင်၌ကဲ့သို့။ အသဇ္ဇမာနော၊ မထိမငြိသည်ဖြစ်၍။ ဂစ္ဆတိ၊ သွား၏။ ပထဝိယာပိ၊ မြေ၌မူလည်း။ဥဒကေ သေယျထာပိ၊ရေ၌ကဲ့သို့။ ဥမ္မုဇ္ဇနိမုဇ္ဇံ၊ ငုပ်ခြင်း ပေါ်ခြင်းကို။

(ဥမ္မုဇ္ဇ-ပေါ်ခြင်း၊ နိမုဇ္ဇ-ငုပ်ခြင်း၊ သို့ဖြစ်၍ ပေါ်ခြင်း ငုပ်ခြင်းဟု ပြန်သင့်သော်လည်း မြန်မာစကား၌ ပြောရိုးရှိသည့်အတိုင်း ငုပ်ခြင်း ပေါ်ခြင်းဟု ပြန်သည်။)

ကာယေတိ၊ ပြု၍။ အဘိဇ္ဇမာနေ၊ မကွဲမကျွံသော။ ဥဒကေပိ၊ ရေ၌မူလည်း။ ပထဝိယံ သေယျထာပိ၊ မြေ၌ကဲ့သို့။ဂစ္ဆတိ၊ သွား၏။အာကာသေပိ၊ ကောင်းကင်၌လည်း။ ပက္ခီသကုဏော သေယျထာပိ၊ အတောင်ရှိသော ငှက်ကဲ့သို့။ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့၍။ စင်္ကမတိ၊ သွား၏။ ဇေ မဟိဒ္ဓိကေ၊ ဤသို့ကြီးသော တန်ခိုးရှိကုန်သော။ ဇေ မဟာနုဘာဝေ၊ ဤသို့ကြီးသော အာနုဘော် ရှိကုန်သော။ဣမေပိ စန္ဒိမသူရိယေ၊ ဤ လ နေတို့ကိုလည်း။ပါဏိနာ၊လက်ဖြင့်။ပရာမသတိ၊သုံးသပ် ၏။ ပရိမဇ္ဇတိ၊ ဆုပ်နယ်၏။ ယာဝ ဗြဟ္မလောကာပိ၊ ဗြဟ္မပြည်တိုင်အောင်လည်း။ ကာယေန၊ ကိုယ်ဖြင့်။ ဝသံ၊ အလိုကို။ ဝတ္တေတိ၊လိုက်စေ၏။

တံ၊ထိုဣဒ္ဓိဝိဓဉာဏ်သည်။ဉာတဋ္ဌေန၊ကြောင့်။ဉာဏံ၊ဉာဏ်မည်၏။ပဇာနနဋ္ဌေန၊ကြောင့်။ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ ကာယမ္ပိ စိတ္တမ္ပိ ဧကဝဝတ္ထာနတာ သုခသညဉ္စ လဟုသညဉ္စ အဓိဋ္ဌာနဝသေန ဣဇ္ဈနဋ္ဌေ ပညာ ဣဒ္ဓိဝိဓေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပညာသမော၊ ငါးဆယ်မြောက်ဖြစ်သော။ ဣဒ္ဓိဝိဓဉာဏနိဒ္ဒေသော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၅၁-သောတဓာတုဝိသုဒ္ဓိဉာဏနိဒ္ဒေသ

၁၀၃။ ဝိတက္ကဝိပ္ဖါရဝသေန၊ဝိတက်ပြန့်နှံ့သည်၏ အစွမ်းအားဖြင့်။နာနတ္တေကတ္တသဒ္ဒနိမိတ္တာနံ၊ အထူးထူးသော အသံနိမိတ်,တမျိုးတည်းသော အသံနိမိတ်တို့သို့။ပရိယောဂါဟဏေ၊သက်ဝင်ရာ၌။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ပညာသည်။သောတဓာတုဝိသုဒ္ဓိဉာဏံ၊ သောတဓာတု ဝိသုဒ္ဓိဉာဏ်မည် သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ဣဓ၊ ဤသာသနာတော်၌။ဘိက္ခု၊ ရဟန်း သည်။ ဆန္ဒ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ၊ ဆန္ဒကြီးမှူးသော သမာဓိ,ပြင်းစွာအားထုတ်မှု ဟူသောပဓာန,သင်္ခါရတို့နှင့်ပြည့်စုံသော။ဣဒ္ဓိပါဒံ၊ဣဒ္ဓိပါဒ်ကို။ဘာဝေတိ၊ပွါးစေ၏။ပ။ဝီမံသ သမာဓိ ပဓာန သင်္ခါရသမန္နာဂတံ၊ပညာကြီးမှူးသောသမာဓိ,ပြင်းစွာအားထုတ်မှုဟူသော ပဓာန,သင်္ခါရတို့ နှင့်ပြည့်စုံသော။ဣဒ္ဓိပါဒံ၊ဣဒ္ဓိပါဒ်ကို။ဘာဝေတိ၊ပွါး စေ၏၊ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမေသု စတူသု ဣဒ္ဓိပါဒေသု၊ဤလေးပါးသော ဣဒ္ဓိပါဒ်တို့၌။စိတ္တံ၊စိတ်ကို။ ပရိဘာဝေတိ၊ထက်ဝန်းကျင် ပွါးစေ၏။ ပရိဒမေတိ၊ထက်ဝန်းကျင် ဆုံးမ၏။မုဒုံ၊နူး ညံ့သည်ကို။ကမ္မနိယံ၊အမှု၌ခံ့သည်ကို။ ကရောတိ၊ပြု၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမေသု စတူသု ဣဒ္ဓိပါဒေသု၊ ဤလေးပါးသော ဣဒ္ဓိပါဒ်တို့၌။ စိတ္တံ၊ စိတ်ကို။ ပရိဘာဝေတွာ၊ ထက်ဝန်းကျင် ပွါးစေ၍။ ပရိဒမေတွာ၊ ထက်ဝန်းကျင်ဆုံးမ၍။ မုဒုံ၊ နူးညံ့သည်ကို။ ကမ္မနိယံ၊ အမှု၌ ခံ့သည်ကို။ ကတွာ၊ ပြု၍။ဒူရေပိ၊ အဝေး၌လည်း။သဒ္ဒါနံ၊အသံ တို့၏။သဒ္ဒနိမိတ္တံ၊အသံနိမိတ်ကို။ မနသိကရောတိ၊ နှလုံးသွင်း၏။ သန္တိကေပိ၊ အနီး၌မူလည်း။ပ။ ဩဠာရိကာနမ္ပိ၊ရုန့်ရင်းသည်မူလည်း ဖြစ်ကုန်သော။သုခုမာနမ္ပိ၊ သိမ်မွေ့သည်မူလည်း ဖြစ်ကုန် သော။သဏှာနမ္ပိ၊သာလွန်၍ သိမ်မွေ့သည်လည်း ဖြစ်ကုန်သော။

(အဋ္ဌကထာ၌ "သဏှသဏှာနမ္ပိ" ဟု ရှိ၏။ "သိမ်မွေ့သည်ထက် သိမ်မွေ့ကုန်သည်လည်း ဖြစ်ကုန်သော" ဟု အနက်ပေးရာ၏။)

သဒ္ဒါနံ၊ အသံတို့၏။ သဒ္ဒနိမိတ္တံ၊ အသံနိမိတ်ကို။ မနသိကရောတိ၊ နှလုံးသွင်း၏။ ပုရတ္ထိမာယပိ ဒိသာယ၊ အရှေ့အရပ်၌မူလည်း။ပ။ ပစ္ဆိမာယပိ ဒိသာယ၊ အနောက်အရပ်၌မူလည်း။ ဥတ္တရာယပိ ဒိသာယ၊ မြောက်အရပ်၌မူလည်း။ ဒက္ခိဏာယပိ ဒိသာယ၊ တောင်အရပ်၌မူလည်း။ ပုရတ္ထိမာယပိ အနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌မူလည်း။ပ။ ဟေဋ္ဌိမာယပိ ဒိသာယ၊ အောက်အရပ်၌ မူလည်း။ ဥပရိမာယပိ ဒိသာယ၊ အထက်အရပ်၌မူလည်း။ သဒ္ဒါနံ၊ အသံတို့၏။ သဒ္ဒနိမိတ္တံ၊ အသံနိမိတ်ကို။ မနသိကရောတိ၊ နှလုံးသွင်း၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ တထာဘာဝိတေန၊ ထိုသို့သော အခြင်းအရာအားဖြင့် ပွါးစေအပ်သော။ ပရိသုဒ္ဓေန၊ စင်ကြယ်သော။ ပရိယောဒါတေန၊ ဖြူစင်စွာသော။ စိတ္တေန၊ စိတ်ဖြင့်။ သောတဓာတုဝိသုဒ္ဓိဉာဏာယ၊ သောတဓာတုဝိသုဒ္ဓိဉာဏ်အကျိုးငှါ။ စိတ္တံ၊ စိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ အဘိနိန္နာမေတိ၊ ရှေးရှုညွတ်၏။ ဒိဗ္ဗာယ၊ နတ်၌ဖြစ်သော။ ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ အတိက္ကန္တမာနုသိကာယ၊ လူတို့၏ နားကို သာလွန်သော။ သောတဓာတုယာ၊ သောတဓာတ်ဖြင့်။ ဒိဗ္ဗေ စ၊ နတ်၌လည်း ဖြစ်ကုန်သော။ မာနုသေ စ၊ လူ၌လည်း ဖြစ်ကုန်သော။ ယေ၊ အကြင်အသံတို့သည်။ ဒူရေ စ၊ အဝေး၌လည်း ဖြစ်ကုန်၏။ သန္တိကေ စ၊ အနီး၌လည်း ဖြစ်ကုန်၏။ ဥဘော၊ နှစ်ပါးကုန်သော။ တေ သဒ္ဒေ၊ ထိုအသံတို့ကို။ သုဏာတိ၊ ကြား၏။

တံ၊ ထိုသောတဓာတုဝိသုဒ္ဓိဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဝိတက္ကဝိပ္ဖါရဝသေန နာနတ္တေကတ္တသဒ္ဒနိမိတ္တာနံ ပရိယောဂါဟဏေ ပညာ သောတဓာတုဝိသုဒ္ဓိဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဧကပညာသမော၊ ငါးဆယ့်တခုမြောက်ဖြစ်သော။ သောတဓာတုဝိသုဒ္ဓိဉာဏနိဒ္ဒေသော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၅၂- စေတောပရိယဉာဏနိဒ္ဒေသ

၁၀၄။ တိဏ္ဏံ၊ သုံးပါးကုန်သော။ စိတ္တာနံ၊ စိတ်တို့၏။ ဝိပ္ဖါရတ္တာ၊ ပြန့်နှံ့သည်၏ အဖြစ်ကြောင့်။ ဣန္ဒြိယာနံ၊ စက္ခုစသော ဣန္ဒြေတို့၏။ ပသာဒဝသေန၊ ကြည်သည်၏ အစွမ်းအားဖြင့်။ နာနတ္တေကတ္တဝိညာဏစရိယာ ပရိယောဂါဟဏေ၊ အထူးထူးသော စိတ်ဝိညာဉ်, တမျိုးတည်းသော စိတ်ဝိညာဉ်တို့၏ဖြစ်ပုံကို သက်ဝင်ရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ စေတောပရိယဉာဏံ၊ စေတောပရိယဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ။[ဆန္ဒ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ- စသည်၌ အနက် ရှေးဉာဏ်နှစ်ပါးနှင့် တူပြီ။] မုဒုံ၊ နူးညံ့သည်ကို။ ကမ္မနိယံ၊ အမှု၌ ခံ့သည်ကို။ ကရိတွာ၊ ပြု၍။ ဧဝံ၊ ဤသို့။ ဇာနာတိ၊ သိ၏။ ဣဒံ ရူပံ၊ ဤရုပ်သည်။ သောမနဿိန္ဒြိယ သမုဋ္ဌိတံ၊ သောမနဿိန္ဒြေကြောင့် ဖြစ်၏။ ဣဒံ ရူပံ၊ ဤရုပ်သည်။ ဒေါမနဿိန္ဒြိယသမုဋ္ဌိတံ၊ ဒေါမနဿိန္ဒြေကြောင့် ဖြစ်၏။ ဣဒံ ရူပံ၊ ဤရုပ်သည်။ ဥပေက္ခိန္ဒြိယသမုဋ္ဌိတံ၊ ဥပေက္ခိန္ဒြေကြောင့် ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ တထာဘာဝိတေန၊ ထိုသို့သော အခြင်းအရာအားဖြင့် ပွါးစေအပ်သော။ ပရိသုဒ္ဓေန၊ စင်ကြယ်သော။ ပရိယောဒါတေန၊ ဖြူစင်သော။ စိတ္တေန၊ စိတ်ဖြင့်။ စေတောပရိယဉာဏာယ၊ စေတောပရိယ ဉာဏ်အကျိုးငှါ။

စိတ္တံ၊ စိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပရသတ္တာနံ၊ တပါးသော သတ္တဝါတို့၏။ ပရပုဂ္ဂလာနံ၊ တပါးသောပုဂ္ဂိုလ်တို့၏။ စေတသာ၊ စိတ်ကို။ စေတသာ၊ မိမိစိတ်ဖြင့်။ ပရိစ္စ၊ ပိုင်းခြား၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ သရာဂံ ဝါ၊ ရာဂရှိသည်မှုလည်းဖြစ်သော။ စိတ္တံ၊ စိတ်ကို။ သရာဂံ စိတ္တန္တိ၊ သရာဂစိတ်ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ဝီတရာဂံ ဝါ၊ ရာဂ မရှိသည်မှုလည်းဖြစ်သော။ စိတ္တံ၊ စိတ်ကို။ ဝီတရာဂံ စိတ္တန္တိ၊ ဝီတရာဂစိတ်ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ သဒေါသံ ဝါ၊ ဒေါသရှိသည်မှုလည်းဖြစ်သော။ပ။ ဝီတဒေါသံ ဝါ၊ဒေါသမရှိသည်မှုလည်း ဖြစ်သော။သမောဟံ ဝါ၊ မောဟရှိသည်မှုလည်းဖြစ်သော။ ဝီတမောဟံ ဝါ၊ မောဟမရှိသည်မှုလည်းဖြစ်သော။ သံခိတ္တံ ဝါ၊ ကျုံ့သည်မှုလည်းဖြစ်သော။ဝိက္ခိတ္တံ ဝါ၊ပျံ့လွင့်သည်မှုလည်းဖြစ်သော။မဟဂ္ဂတံ ဝါ၊မဟဂ္ဂုတ်မှုလည်း ဖြစ်သော။ အမဟဂ္ဂတံ ဝါ၊မဟဂ္ဂုတ်မဟုတ်သည်မှုလည်း ဖြစ်သော။သဥတ္တရံ ဝါ၊အလွန်အကဲရှိသော လောကီမှုလည်းဖြစ်သော။ အနုတ္တရံ ဝါ၊ အလွန်အကဲမရှိသော လောကုတ္တရာမှုလည်း ဖြစ်သော။ သမာဟိတံ ဝါ၊ တည်ကြည်သည်မှုလည်း ဖြစ်သော။ အသမာဟိတံ ဝါ၊ မတည်ကြည်သည်မှုလည်း ဖြစ်သော။ ဝိမုတ္တံ ဝါ၊ လွတ်သည်မှုလည်းဖြစ်သော။ အဝိမုတ္တံ ဝါ၊ မလွတ်သည်မှုလည်းဖြစ်သော။ စိတ္တံ၊စိတ်ကို။ အဝိမုတ္တံ စိတ္တန္တိ၊ မလွတ်သောစိတ်ဟူ၍။ ပဇာနာတိ၊အပြားအားဖြင့်သိ၏။

တံ၊ ထိုစေတောပရိယဉာဏ်သည်။ ဉာတဋ္ဌေန၊ကြောင့်။ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ပညာ၊ပညာမည်၏။တေန၊ ထို့ကြောင့်။တိဏ္ဏံ စိတ္တာနံ ဝိပ္ဖါရတ္တာ ဣန္ဒြိယာနံ ပသာဒဝသေန နာနတ္တေကတ္တဝိညာဏစရိယာ ပရိယောဂါဟဏေ ပညာ စေတောပရိယဉာဏန္တိ၊ဉာဏံ-ဟူ၍၊ဝုစ္စတိ၊ ဆိုအပ်၏။

ဓမ္မပညာသမော၊ငါးဆယ့်နှစ်ခုမြောက်ဖြစ်သော။စေတောပရိယဉာဏနိဒ္ဒေသော၊သည်။

နိဋ္ဌိတော၊ ပြီးပြီ။

## ၅၃–ပုဗ္ဗေနိဝါသာနုဿတိဉာဏနိဒ္ဒေသ

၁၀၅။ ပစ္စယပဝတ္တာနံ၊ အကြောင်းကြောင့် ဖြစ်ကုန်သော။ ဓမ္မာနံ၊ အကျိုးတရားတို့၏။ နာနတ္တေကတ္တကမ္မဝိပ္ဖါရဝသေန၊အထူးထူးသောကံ,တမျိုးတည်းသောကံတို့၏ပြန့်နှံ့ သည်၏ အစွမ်းအားဖြင့်။ ပရိယောဂါဟဏေ၊ သက်ဝင်ရာ၌။(ပဝတ္တာ၊ ဖြစ်သော။)ပညာ၊ ပညာသည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။ ။[ဆန္ဒ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ-စသည်၌ ရှေးဉာဏ်များနှင့်တူပြီ။] မုဒုံ၊နူးညံ့သည်ကို။ ကမ္မနိယံ၊ အမှု၌ ခံ့သည်ကို။ ကရိတွာ၊ ပြု၍။ဇေ၊ဤသို့။ပဇာနာတိ၊အပြားအားဖြင့် သိ၏။ ဣမသ္မိံ၊ ဤအကြောင်းသည်။ သတိ၊ရှိသော်။ ဣဒံ၊ဤအကျိုးတရားသည်။ဟောတိ၊ဖြစ်၏။ ဣမဿ၊ ဤအကြောင်းတရား၏။ ဥပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ ဣဒံ၊ ဤအကျိုးတရားသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ယဒိဒံ၊ ယင်းဖြစ်ပုံကား။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ၊သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသောအကြောင်းကြောင့်။ ဝိညာဏံ၊ဝိညာဉ်သည်။ သမ္ဘဝတိ၊ဖြစ်၏။ပ။ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာ မရဏံ၊ အိုခြင်း,သေခြင်းသည်၎င်း။သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း,

ပြင်းစွာပင်ပန်းခြင်းတို့သည်ရှင်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဝေါ၊ ဤသို့။ ကောဝလဿ၊ ချမ်းသာနှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။)

သော၊ ထိုပုဂ္ဂိုလ်သည်။ တထာဘာဝိတေန၊ ထိုသို့သော အခြင်းအရာအားဖြင့် ပွါးစေအပ်သော။ ပရိသုဒ္ဓေန၊ စင်ကြယ်သော။ ပရိယောဒါတေန၊ ဖြူစင်သော။ စိတ္တေန၊ ဖြင့်။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏာယ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အကျိုးငှါ။ စိတ္တံ၊ စိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ အဘိ နိန္နာမေတိ၊ ရှေးရှုညွတ်စေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အနေကဝိဟိတံ၊ တပါးမကများသောအပြား ရှိသော။ ပုဗ္ဗေနိဝါသံ၊ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို။ အနုဿရတိ၊ အောက်မေ့၏။ ကထံ အယံ ပုဗ္ဗေ နိဝါသော၊ ဤရှေး၌နေဘူးသော ခန္ဓာအစဉ်သည်။ သေယျထာ ကတမော၊ အဘယ်နည်းဟူမူကား။ ဧကမ္ပိ ဇာတိံ၊ တခုသောဘဝကိုရှင်း၊ ဒွေပိ ဇာတိယော၊ နှစ်ဘဝတို့ကိုရှင်း။ တိဿောပိ ဇာတိယော၊ သုံးဘဝတို့ကိုရှင်း။ စတဿောပိ ဇာတိယော၊ လေးဘဝတို့ကိုရှင်း။ ပဉ္စပိ ဇာတိယော၊ ငါးဘဝတို့ကို ရှင်း၊ ဒသပိ ဇာတိယော၊ ဆယ်ဘဝတို့ကိုရှင်း။ ဝီသမ္ပိ ဇာတိယော၊ ဘဝနှစ်ဆယ်တို့ကိုရှင်း။ တိံသမ္ပိ ဇာတိယော၊ ဘဝသုံးဆယ်တို့ကိုရှင်း။ စတ္တာလီသမ္ပိ ဇာတိယော၊ ဘဝလေးဆယ်တို့ကိုရှင်း။ ပညာသမ္ပိ ဇာတိယော၊ ဘဝငါးဆယ်တို့ကိုရှင်း။ သတမ္ပိ ဇာတိယော၊ ဘဝအရာတို့ကိုရှင်း။ သဟဿမ္ပိ ဇာတိ ယော၊ ဘဝ အထောင်တို့ကိုရှင်း။ သတသဟဿမ္ပိ ဇာတိယော၊ ဘဝ အသိန်းတို့ကိုရှင်း။ အနေကေပိ၊ များစွာလည်းဖြစ်ကုန်သော။ သံဝဋ္ဋကပ္ပေ၊ သံဝဋ္ဋကပ်တို့ကိုရှင်း။ အနေကေပိ၊ များ စွာလည်းဖြစ်ကုန်သော။ ဝိဝဋ္ဋကပ္ပေ၊ ဝိဝဋ္ဋကပ်တို့ကိုရှင်း။ အနေကေပိ၊ များစွာလည်း ဖြစ်ကုန် သော။ သံဝဋ္ဋ ဝိဝဋ္ဋကပ္ပေ၊ သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ကိုရှင်း။ အနုဿရတိ၊ အောက်မေ့၏။ အမုတြ၊ ဤမည်သောဘဝ၌။ ဧဝံနာမော၊ ဤသို့အမည်ရှိသည်။ ဧဝံဂေါတ္တော၊ ဤသို့အနွယ်ရှိသည်။ ဧဝံဝဏ္ဏော၊ ဤသို့ အဆင်းရှိသည်။ ဧဝမာဟာရော၊ ဤသို့အာဟာရရှိသည်။ ဧဝံ သုခဒုက္ခပဋိသံဝေဒီ၊ ဤသို့ချမ်းသာ ဆင်းရဲကို ခံစားလေ့ရှိသည်၊ ဧဝမာယုပရိယန္တော၊ ဤသို့ အသက်အပိုင်းအခြားရှိသည်။ အာသိံ၊ ဖြစ်ခဲ့ပြီ။ သော အဟံ၊ ထိုငါသည်။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေသည်ရှိသော်။ အမုတြ၊ ဤမည် သောဘဝ၌။ ဥဒပါဒိံ၊ ထင်ရှားဖြစ်ခဲ့ပြီ။ တတြာပိ၊ ထိုဘဝ၌လည်း။ ဧဝံနာမော၊ ဤသို့ အမည် ရှိသည်။ပ။ ဧဝမာယုပရိယန္တော၊ ဤသို့အသက်အပိုင်းအခြားရှိသည်။ အာသိံ၊ ဖြစ်ခဲ့ပြီ။ သော အဟံ၊ ထိုငါသည်။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေသည်ရှိသော်။ ဣဓ၊ ဤလူ့ပြည်၌။ ဥပပန္နော၊ ဖြစ်လာ ၏။ ဣတိ၊ ဤသို့။ သာကာရံ၊ အခြင်းအရာနှင့်တကွသော။ သဥဒ္ဒေသံ၊ ညွှန်းပြကြောင်းနှင့်တကွသော။ အနေကဝိဟိတံ၊ တပါးမကများသောအပြားရှိသော။ ပုဗ္ဗေနိဝါသံ၊ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို။ အနုဿရတိ၊ အောက်မေ့၏။

တံ၊ ထိုပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ ပဉ္စယပဝတ္တာနံ ဓမ္မာနံ နာနတ္တေကတ္တကမ္မဝိပ္ဖါရ ဝသေန ပရိယောဂါဟဏေ ပညာ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တေပညာသမော၊ ငါးဆယ့်သုံးခုမြောက်ဖြစ်သော။ ပုဗ္ဗေနိဝါသာနုဿတိဉာဏနိဒ္ဒေသော၊

သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၅၄-ဒိဗ္ဗစက္ခုဉာဏနိဒ္ဒေသ

၁၀၆။ ဩဘာသဝသေန၊ အရောင်အလင်း၏ အစွမ်းအားဖြင့်။ နာနတ္တေကတ္တရူပနိမိတ္တာနံ၊ အထူးထူးသော အဆင်း နိမိတ်, တမျိုးတည်းသော အဆင်းနိမိတ်တို့ကို။ ဒဿနဋ္ဌေ၊ မြင်ခြင်း သဘော၌။ (ပဝတ္တာ၊ဖြစ်သော။)ပညာ၊ ပညာသည်။ ဒိဗ္ဗစက္ခုဉာဏံ၊ ဒိဗ္ဗစက္ခုဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်း သည်။ ။[ဆန္ဒ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ၊ စသည်၌ တူပြီ။] မုဒုံ၊ နူးညံ့သည်ကို။ ကမ္မနိယံ၊ အမှု၌ခံ့သည်ကို။ ကရိတွာ၊ ပြု၍။ အာလောကသညံ၊ အာလောကသညာကို။ မနသိကရောတိ၊ နှလုံးသွင်း၏။ ဒိဝါသညံ၊ နေ့ဟူသောအမှတ်ကို။ အဓိဋ္ဌာတိ၊ နှလုံးသွင်းဆောက်တည်၏။ယထာ၊ အကြင်အခြင်းဖြင့်။ ဒိဝါ၊ နေ့၌။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းဖြင့်။ ရတ္တိံ၊ညဥ့်၌။ ဟောတိ၊ ဖြစ်၏။ ယထာ၊ အကြင်အခြင်းဖြင့်။ ရတ္တိံ၊ ညဥ့်၌။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဒိဝါ၊ နေ့၌။ ဟောတိ၊ ဖြစ်၏။ (ပါဠိ၌-ရတ္တိံအရာတွင် ရတ္တိ ဟု နိဂ္ဂဟိတ်မပါဘဲ ရှိနေသည်။) ဣတိ၊ ဤသို့။ ဝိဝဋေန၊ ဟင်းလင်းအပြင်ရှိသော။ အပရိယောနဒ္ဓေန၊ မဖြေးယှက် အပ်သော။ စေတသာ၊ စိတ်ဖြင့်။ သပ္ပဘာသံ၊ တောက်ပခြင်းရှိသော။ စိတ္တံ၊ စိတ်ကို။ဘာဝေတိ၊ ပွါးစေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ တထာဘာဝိတေန၊ ထိုသို့သော အခြင်းအရာအားဖြင့် ပွါးစေ အပ်သော။ ပရိသုဒ္ဓေန၊ စင်ကြယ်သော။ ပရိယောဒါတေန၊ ဖြူစင်သော။ စိတ္တေန၊ စိတ်ဖြင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ စုတူပပါတဉာဏာယ၊ စုတိပဋိသန္ဓေကိုသိသောဉာဏ်အကျိုး ငှါ။ စိတ္တံ၊စိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ အဘိနိန္နာမေတိ၊ ရှေးရှုညွတ်စေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓေန၊ စင်ကြယ်သော။ အတိက္ကန္တမာနုသကေန၊ လူတို့၏မျက်စိကို သာ လွန်သော။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုဖြင့်။ စဝမာနေ၊ စုတေဆဲဖြစ်ကုန်သော။ ဥပပဇ္ဇမာနေ၊ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။ ဟီနေ၊ ယုတ်ညံ့ကုန်သော။ ပဏီတေ၊မြင့်မြတ်ကုန်သော၊ သုဝဏ္ဏေ၊ အဆင်းလှကုန်သော။ ဒုဗ္ဗဏ္ဏေ၊ အဆင်းမလှကုန်သော။ သုဂတေ၊ ကောင်းသောအလားရှိကုန် သော။ ဒုဂ္ဂတေ၊ မကောင်းသောအလားရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿတိ၊ မြင်၏။ ယထာကမ္မူပဂေ၊ ကံအားလျော်စွာ ကပ်ရောက်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ဘောန္တော၊ အချင်းတို့။ ဝတ၊ စင်စစ်။ဣမေ သတ္တာ၊ဤသတ္တဝါတို့သည်။ ကာယဒုစ္စရိတေန၊ ကာယဒုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ ဝစီဒုစ္စရိတေန၊ ဝစီဒုစရိုက် နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ မနောဒုစ္စရိတေန၊ မနောဒုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့ကို။ ဥပဝါဒကာ၊ စွပ်စွဲတတ်ကုန်၏။ မိစ္ဆာဒိဋ္ဌိကာ၊ မှားသောအယူရှိကုန်၏။ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ မှားသောအယူဖြင့် ဆောက်တည်ပြုလုပ်အပ် သောကံရှိကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ကာယဿ၊ ခန္ဓာကိုယ်၏။ဘေဒါ၊ပျက်သည်မှ။ ပရံ၊ နောက်ကာလ၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊မကောင်းမှု ရှိသူတို့၏ လားရာဖြစ်သော။ဝါ၊ မကောင်းသော လားရောက်ရာဖြစ်သော။ ဝိနိပါတံ၊ပျက်စီးလျက် ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပန္နာ၊ ကပ်ရောက်၍ဖြစ်ကုန်၏။ ဘောန္တော၊ အချင်းတို့။ ဣမေ ဝါ ပန သတ္တာ၊ဤသတ္တဝါတို့သည်ကား။ ကာယသုစရိတေန၊ ကာယသုစရိုက်နှင့်။ သမန္နာ ဂတာ၊ ပြည့်စုံကုန်၏။ပ။အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့ကို။ အနုပဝါဒကာ၊ မစွပ်စွဲတတ်ကုန်။ သမ္မာဒိဋ္ဌိကာ၊ မှန်သောအယူရှိကုန်၏။ သမ္မာဒိဋ္ဌိကမ္မသမာဒါနာ၊ မှန်သောအယူဖြင့် ဆောက် တည်ပြုလုပ်အပ်သောကံရှိကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။

ဘေဒါ၊ ပျက်သည်မှ။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်ကာလ၌။ သုဂတိံ၊ ကောင်းမှုရှိသူတို့၏ လားရာဖြစ်သော။ ဝါ၊ ကောင်းသော လားရောက်ရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည် လောကသို့။ ဥပပန္နာ၊ ကပ်ရောက်၍ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိသုဒ္ဓေန၊ စင်ကြယ်သော။ အတိက္ကန္တမာနုသကေန၊ လူတို့၏မျက်စိကို သာလွန်သော။ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုဖြင့်။စဝမာနေ၊ စုတေဆဲဖြစ်ကုန်သော။ပ။ယထာကမ္မူပဂေ၊ ကံအားလျော်စွာ ကပ်ရောက်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

တံ၊ ထိုဒိဗ္ဗစက္ခုဉာဏ်သည်။ ဉာတဋ္ဌေန၊ကြောင့်။ ဉာဏံ၊ဉာဏ်မည်၏။ပဇာနနဋ္ဌေန၊ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ထိုကြောင့်။ ဩဘာသဝသေန နာနတ္တေကတ္တ ရူပနိမိတ္တာနံ ဒဿနဋ္ဌေ ပညာ ဒိဗ္ဗစက္ခုဉာဏန္တိ၊ ဉာဏံ—ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။

စတုပညာသမော၊ ငါးဆယ့်လေးခုမြောက်ဖြစ်သော။ ဒိဗ္ဗစက္ခုဉာဏနိဒ္ဒေသော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၅၅-အာသဝက္ခယဉာဏနိဒ္ဒေသ

၁၀၇။ စတုသဋ္ဌိယာ အာကာရေဟိ၊ ခြောက်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့်။တိဏ္ဏန္နံ၊ သုံးပါးကုန်သော။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ဝသီဘာဝတာ၊လေ့လာသည်၏အဖြစ်ဟု ဆိုအပ်သော။ ပညာ၊ ပညာသည်။ အာသဝါနံ ခယေ ဉာဏံ၊ အာသဝက္ခယဉာဏ်မည်သည်။ ကတမံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ကတမေသံ တိဏ္ဏန္နံ ဣန္ဒြိယာနံ၊အဘယ်သုံးပါးသော ဣန္ဒြေတို့၏။ ဝသီဘာဝတာ၊ လေ့လာသည်၏အဖြစ်ဟု ဆိုအပ်သော။ ပညာ၊ ပညာသည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယေ ဉာဏံ၊ ခယဉာဏ်မည်သနည်း။ အနညာတညဿာမီတိန္ဒြိယဿ၊ အနညာတညဿာမိတိန္ဒြေ၏ရင်း။ အညိန္ဒြိယဿ၊ အညိန္ဒြေ၏ရင်း၊ အညာတာဝိန္ဒြိယဿ၊ အညာတာဝိန္ဒြေ၏ရင်း ပေတည်း။

အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမိတိန္ဒြေသည်။ ကတိဌာနာနိ၊အဘယ်မျှသော အရာတို့သို့။ ဂစ္ဆတိ၊ ရောက်သနည်း။ အညိန္ဒြိယံ၊အညိန္ဒြေသည်။ ကတိဌာနာနိ၊ အဘယ်မျှသော အရာတို့သို့။ ဂစ္ဆတိ၊ ရောက်သနည်း။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေသည်။ ကတိဌာနာနိ၊ အဘယ်မျှသောအရာတို့သို့။ ဂစ္ဆတိ၊ ရောက်သနည်း။ အနညာတညဿာမီတိန္ဒြိယံ၊ အနညာတညဿာမိတိန္ဒြေသည်။ ဧကံ၊ တခုသော။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်ဟု ဆိုအပ်သော။ ဌာနံ၊ အရာသို့။ ဂစ္ဆတိ၊ ရောက်၏။အညိန္ဒြိယံ၊ အညိန္ဒြေသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့ရင်း။ သကဒါဂါမိမဂ္ဂံ သကဒါဂါမိမဂ်သို့ရင်း။ သကဒါဂါမိဖလံ၊ သကဒါဂါမိဖိုလ်သို့ရင်း။ အနာဂါမိမဂ္ဂံ၊ အနာဂါမိမဂ်သို့ရင်း။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့ရင်း။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်သို့ရင်း။ ဣတိ၊ဤသို့။ ဆ ဌာနာနိ၊ ခြောက်ပါးသော အရာတို့သို့။ ဂစ္ဆတိ၊ ရောက်၏။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေသည်။ ဧကံ၊ တခုသော။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော။ဌာနံ၊ အရာသို့။ ဂစ္ဆတိ၊ရောက်၏။

သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ အနညာတညဿာမီတိန္ဒြိယဿ၊ အနညာတညဿာမိတိန္ဒြေ၏။ သဒ္ဒိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ အဓိမောက္ခပရိဝါရံ၊ ဆုံးဖြတ်ခြင်းကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ ဖြစ်၏။

[သဒ္ဓိန္ဒြေသည် ဆုံးဖြတ်ခြင်းကိစ္စအားဖြင့် အနညာတညဿာမိတိန္ဒြေ၏ အခြံအရံဖြစ်သည်။ ၎င်းဣန္ဒြေအား ယုံကြည်ဆုံးဖြတ်ခြင်းကိစ္စဖြင့် သဒ္ဓိန္ဒြေက ထောက်ပံ့ ကျေးဇူးပြုသည်ဟု ဆိုလို၏။ နောက်ပုဒ်တို့၌လည်း နည်းတူပင်။]

ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေသည်။ ပဂ္ဂဟပရိဝါရံ၊ ချီးမြှင့်ခြင်း ကိစ္စအားဖြင့် အခြံ အရံသည်။ ဟောတိ၊ ဖြစ်၏။ သတိန္ဒြိယံ၊ သတိန္ဒြေသည်။ ဥပဋ္ဌာန ပရိဝါရံ၊ ထင်ခြင်း ကိစ္စအားဖြင့် အခြံ အရံသည်။ ဟောတိ၊ ဖြစ်၏။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေသည်။ အဝိက္ခေပ ပရိဝါရံ၊ မပျံ့လွင့်ခြင်းကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ၊ ဖြစ်၏။ ပညိန္ဒြိယံ၊ ပညိန္ဒြေသည်။ ဒဿန ပရိဝါရံ၊ မြင်ခြင်း ကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ၊ ဖြစ်၏။ မနိန္ဒြိယံ၊ မနိန္ဒြေသည်။ ဝိဇာနန ပရိဝါရံ၊ သိခြင်း ကိစ္စအားဖြင့် အခြံ အရံသည်။ ဟောတိ၊ ဖြစ်၏။ သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေသည်။ အဘိသန္ဒနပရိဝါရံ၊ စိတ်စေတသိက်တို့ကို စိုပြေစေခြင်းကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ၊ ဖြစ်၏။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ပဝတ္တသန္တတာဓိပတေယျ ပရိဝါရံ၊ မပြတ်ဖြစ်သောအစဉ်ကို အစိုးရသောကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ၊ ဖြစ်၏။ သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ ဇာတာ၊ ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ စိတ္တသမုဋ္ဌာနံ ရူပံ၊ စိတ်ကြောင့်ဖြစ်သောရုပ်ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗေဝ၊ အလုံးစုံတို့သည်ပင်လျှင်။ ကုသလာ၊ ကုသိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ သဗ္ဗေဝ၊ အလုံးစုံတို့သည်ပင်လျှင်။ အနာသဝါ၊ အာသဝ မရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေဝ၊ အလုံးစုံတို့သည်ပင်လျှင်။ နိယျာနိကာ၊ ဝဋ်မှထွက်သွားတတ်ကုန်သည်။ အပစယဂါမိနော၊ ကိလေသာတို့ကို ဖျက်ဆီးလျက် သွားတတ်ကုန်သည်။ လောကုတ္တရာ၊ လောကုတ္တရာတို့သည်။ နိဗ္ဗာနာရမ္မဏာ၊ နိဗ္ဗာန်လျှင် အာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ အနညာတညဿာမီတိန္ဒြိယဿ၊ အနညာတညဿာမိတိန္ဒြေ၏။ ဣမာနိ အဋ္ဌိန္ဒြိယာနိ၊ ဤရှစ်ပါးသော ဣန္ဒြေတို့သည်။ သဟဇာတပရိဝါရာ၊ တကွဖြစ်သော အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမည ပရိဝါရာ၊ အချင်းချင်း၏ အခြံအရံတို့သည်။ နိဿယ ပရိဝါရာ၊ မှီရာဖြစ်သော အခြံအရံတို့သည်။ သမ္ပယုတ္တ ပရိဝါရာ၊ ယှဉ်သော အခြံအရံတို့သည်။ သဟဂတာ၊ တကွဖြစ်ကုန်သည်။ သဟဇာတာ၊ ပြိုင်တူဖြစ်ကုန်သည်။ သံသဋ္ဌာ၊ ရောနှောကုန်သည်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဝ၊ ထိုရှစ်ပါးသော ဣန္ဒြေတို့သည်ပင်လျှင်။ တဿ၊ ထို အနညာတညဿာမိတိန္ဒြေ၏။ အာကာရာ စေဝ၊ အခြင်းအရာတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိဝါရာ စ၊ အခြံအရံတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

သောတာပတ္တိဖလက္ခဏေ၊ သောတာပတ္တိဖိုလ်ခဏ၌။ အညိန္ဒြိယဿ၊ အညိန္ဒြေ၏။ သဒ္ဒိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ အဓိမောက္ခ ပရိဝါရံ၊ ဆုံးဖြတ်ခြင်းကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ၊ ဖြစ်၏။ပ။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ပဝတ္တသန္တတာဓိပတေယျ ပရိဝါရံ၊ မပြတ်ဖြစ်သောအစဉ်ကို အစိုးရသော ကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ၊ ဖြစ်၏။ သောတာပတ္တိဖလက္ခဏေ၊ သောတာပတ္တိဖိုလ်ခဏ၌။ ဇာတာ၊ ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သဗ္ဗေဝ၊ အလုံးစုံတို့သည်ပင်လျှင်။ အဗျာကတာ၊ အဗျာကတတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စိတ္တသမုဋ္ဌာနံ ရူပံ၊ စိတ်ကြောင့်ဖြစ်သော

ရုပ်ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗေ၀၊အလုံးစုံတို့သည်ပင်လျှင်။ အနာသ၀ါ၊ အာသ၀ မရှိကုန်သည်။ပ။ သဗ္ဗေ၀၊ အလုံး ့တို့သည်ပင်လျှင်။ နိဗ္ဗာနာရမ္မဏာ၊ နိဗ္ဗာန်လျှင် အာရုံရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ သောတာပတ္တိဖလက္ခဏေ၊ သောတာပတ္တိဖိုလ်ခဏ၌။ အညိန္ဒြိယဿ၊ အညိန္ဒြေ၏။ ဌပေမာနိ အင်္ဂိန္ဒြိယာနိ၊ ဤရှစ်ပါးသော ဣန္ဒြေတို့သည်။ သဟဇာတ ပရိ၀ါရာ၊ သဟဇာတ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။သမ္ပယုတ္တာ၊ယှဉ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၀၊ ထိုရှစ်ပါးသော ဣန္ဒြေတို့သည်ပင်လျှင်။ တဿ၊ ထို အညိန္ဒြေ၏။ အာကာရာ စေ၀၊ အခြင်းအရာ တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိ၀ါရာ စ၊ အခြံအရံတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

သကဒါဂါမိ မဂ္ဂက္ခဏေ၊သကဒါဂါမိ မဂ်ခဏ၌။ပ။သကဒါဂါမိ ဖလက္ခဏေ၊သကဒါဂါမိ ဖိုလ်ခဏ၌။ အနာဂါမိ မဂ္ဂက္ခဏေ၊ အနာဂါမိမဂ်ခဏ၌။ အနာဂါမိ ဖလက္ခဏေ၊ အနာဂါမိ ဖိုလ်ခဏ၌။ အရဟတ္တမဂ္ဂက္ခဏေ၊ အရဟတ္တမဂ်ခဏ၌။ပ။

အရဟတ္တဖလက္ခဏေ၊ အရဟတ္တဖိုလ်ခဏ၌။ အညာတာ၀ိန္ဒြိယဿ၊ အညာတာ၀ိန္ဒြေ၏။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ အဓိမောက္ခ ပရိ၀ါရံ၊ဆုံးဖြတ်ခြင်းကိစ္စအားဖြင့်အခြံအရံသည်။ ဟောတိ၊ ဖြစ်၏။ပ။ဇီ၀ိတိန္ဒြိယံ၊ ဇီ၀ိတိန္ဒြေသည်။ ပ၀တ္တသန္တတာဓိပတေယျပရိ၀ါရံ၊ မပြတ်ဖြစ်သောအစဉ်ကို အစိုးရသော ကိစ္စအားဖြင့် အခြံအရံသည်။ ဟောတိ၊ဖြစ်၏။ အရဟတ္တဖလက္ခဏေ၊ အရဟတ္တဖိုလ်ခဏ၌။ဇာတာ၊ဖြစ်ကုန်သော။ဓမ္မာ၊တရားတို့သည်။သဗ္ဗေ၀၊အလုံးစုံတို့သည်ပင်လျှင်၊အဗျာကတာ၊ အဗျာကတတို့သ ည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စိတ္တသမုဋ္ဌာနံ ရူပံ၊ စိတ်ကြောင့်ဖြစ်သော ရုပ်ကို။ ဌပေတွာ၊ထား၍။ သဗ္ဗေ၀၊အလုံးစုံတို့သည်ပင်လျှင်။ အနာသ၀ါ၊အာသ၀မရှိကုန်သည်။ပ။နိဗ္ဗာနာရမ္မဏာ၊ နိဗ္ဗာန်လျှင် အာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အရဟတ္တဖလက္ခဏေ၊ အရဟတ္တဖိုလ်ခဏ၌။ အညာတာ၀ိန္ဒြိယဿ၊ အညာတာ၀ိန္ဒြေ၏။ ဌပေမာနိ အင်္ဂိန္ဒြိယာနိ၊ ဤရှစ်ပါးသော ဣန္ဒြေတို့သည်။ သဟဇာတပရိ၀ါရာ၊သဟဇာတ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၀၊ ထိုရှစ်ပါးသော ဣန္ဒြေတို့သည်ပင်လျှင်။ တဿ၊ ထိုအညာတာ၀ိန္ဒြေ၏။ အာကာရာ စေ၀၊ အခြင်းအရာတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပရိ၀ါရာ စ၊ အခြံအရံတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဌပေမာနိ အဋ္ဌကာနိ၊ ဤရှစ်ခုအပေါင်း အဋ္ဌကတို့သည်။ စတုသဋ္ဌိ၊ ခြောက်ဆယ့်လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။[အာသ၀ါတိ-စသည်၌ ၃၃-ဉာဏနိဒ္ဒေသ အဆုံးပိုင်းနှင့် တူပြီ။]

တံ၊ ထိုအာသ၀က္ခယဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့်သိတတ်သောအနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ထိုကြောင့်။ စတုသဋ္ဌိယာအာကာရေဟိ တိဏ္ဏန္နံ ဣန္ဒြိယာနံ ၀သီဘာ၀တာ ပညာ အာသ၀ါနံ ခယေ ဉာဏန္တိ၊ ဉာဏံ—ဟူ၍။ ၀ုစ္စတိ၊ ဆိုအပ်၏။

ပဋ္ဌပညာသမော၊ ငါးဆယ့်ငါးခုမြောက်ဖြစ်သော။ အာသဝက္ခယဉာဏနိဒ္ဒေသော၊ သည်။

နိဋ္ဌိတော၊ ပြီးပြီ။

## ၅၆-၆၃-သစ္စဉာဏစတုက္ကဒွယနိဒ္ဒေသ

▤ ၁၀၇။ ပရိညဋ္ဌေ၊ ပိုင်းခြား၍သိအပ်သော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဒုက္ခေ ဉာဏံ၊ ဒုက္ခကိုသိသော ဉာဏ်မည်သည်။ ပဟာနဋ္ဌေ၊ ပယ်အပ်သော၊သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ သမုဒယေ ဉာဏံ၊ သမုဒယဉာဏ် မည်သည်။ သစ္ဆိကိရိယဋ္ဌေ၊ မျက်မှောက်ပြုအပ်သော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ နိရောဓေ ဉာဏံ၊ နိရောဓဉာဏ်မည်သည်။ ဘာဝနဋ္ဌေ၊ ပွါးစေအပ်သော သဘော၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ မဂ္ဂေ ဉာဏံ၊ မဂ္ဂဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ နှိပ်စက်တတ်သော သဘောသည်။ သင်္ခတဋ္ဌော၊ ပြုပြင်အပ်သော သဘောသည်။ သန္တာပဋ္ဌော၊ ပူပန်စေတတ်သောသဘောသည်။ ဝိပရိဏာမဋ္ဌော၊ ဖောက်ပြန်တတ်သော သဘောသည်။ ပရိညာတဋ္ဌော၊ ပိုင်းခြား၍ သိအပ်သော သဘောမည်၏။ သမုဒယဿ၊ သမုဒယသစ္စာ၏။အာယူဟနဋ္ဌော၊အားထုတ်သော သဘောသည်။ နိဒါနဋ္ဌော၊ အကြောင်းဖြစ်သော သဘောသည်။ သညောဂဋ္ဌော၊ ဝဋ်၌ ယှဉ်စေတတ်သော သဘောသည်။ ပလိဗောဓဋ္ဌော၊ ဝဋ်၌နှောင်ဖွဲ့တတ်သော သဘောသည်။ ပဟာနဋ္ဌော၊ ပယ်အပ်သော သဘောမည်၏။ နိရောဓဿ၊ နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော၊ ဝဋ်မှ ထွက်မြောက်သော သဘောသည်။ ဝိဝေကဋ္ဌော၊ ဝဋ်မှကင်းဆိတ်သော သဘောသည်။ အသင်္ခတဋ္ဌော၊ မပြုပြင်အပ်သော သဘောသည်။ အမတဋ္ဌော၊ သေခြင်းကင်းသော သဘောသည်။ သစ္ဆိကိရိယဋ္ဌော၊ မျက်မှောက်ပြုအပ်သော သဘောမည်၏။ မဂ္ဂဿ၊ မဂ္ဂသစ္စာ၏။ နိယျာနဋ္ဌော၊ ဝဋ်မှထွက်သွားသော သဘောသည်။ ဟေတုဋ္ဌော၊ အကြောင်းဖြစ်သော သဘောသည်။ ဒဿနဋ္ဌော နိဗ္ဗာန်ကို မြင်သော သဘောသည်။ အာဓိပတေယျဋ္ဌော၊ အစိုးရသော သဘောသည်။ ဘာဝနဋ္ဌော၊ ပွါးအပ်သောသဘောမည်၏။

တံ၊ ထိုဒုက္ခသစ္စာစသည်ကို သိသော ဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထိုကြောင့်။ ပရိညဋ္ဌေ ပညာ ဒုက္ခေ ဉာဏံ ပဟာနဋ္ဌေ ပညာ သမုဒယေ ဉာဏံ၊ သစ္ဆိကိရိယဋ္ဌေ ပညာ နိရောဓေ ဉာဏံ၊ ဘာဝနဋ္ဌေ ပညာ မဂ္ဂေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၀၈။ ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏ဖြစ်ကြောင်း၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာ၌။ဉာဏံ၊ သိသောဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အကျင့်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ မဂ္ဂသမင်္ဂိဿ၊ မဂ်ဖြစ်ဆဲ မဂ္ဂသမင်္ဂီပုဂ္ဂိုလ်၏။ ယံဉာဏံ၊ အကြင်မဂ်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တံဉာဏံ၊ ဤမဂ်ဉာဏ်သည်။ ဒုက္ခေပိ၊ ဒုက္ခသစ္စာ၌လည်း။ ဟောတိ၊ ဖြစ်၏။ တံ ဉာဏံ၊ ဤမဂ်ဉာဏ်သည်။ ဒုက္ခသမုဒယေပိ၊ ဒုက္ခ၏ဖြစ်ကြောင်း၌လည်း။ ဟောတိ၊ ဖြစ်၏။ တံ ဉာဏံ၊ ဤမဂ်ဉာဏ်သည်။ ဒုက္ခနိရောဓေပိ၊ ဒုက္ခ၏ချုပ်ရာ၌လည်း။ ဟောတိ၊ ၏။ တံ ဉာဏံ၊ ဤမဂ်ဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယပိ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်၌လည်း။ ဟောတိ၊ ၏။

တတ္ထ၊ ထိုလေးပါးသော ဉာဏ်တို့တွင်။ ဒုက္ခေ ဉာဏံ၊ ဒုက္ခဉာဏ်သည်။ ကတမံ၊ အဘယ်နည်း။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ အာရဗ္ဘ၊ အာရုံပြု၍။ ယာ ပညာ၊ အကြင်အပြားအားဖြင့်သိသော ပညာသည်။ယာပဇာနနာ၊ အကြင်အပြားအားဖြင့်သိခြင်းသည်။ယောဝိစယော၊ အကြင်စိစစ်ခြင်းသည်။ ယော ပဝိစယော၊ အကြင်အပြားအားဖြင့် စိစစ်ခြင်းသည်။ ယော ဓမ္မဝိစယော၊ အကြင်တရားတို့ကို စိစစ်ခြင်းသည်။ ယာ၊ အကြင်သို့သော။ သလ္လက္ခဏာ၊ ကောင်းစွာမှတ်ခြင်းသည်။ ဥပလက္ခဏာ၊ မြဲမြံစွာမှတ်ခြင်းသည်။ ပစ္စုပလက္ခဏာ၊ အနိစ္စစသည်ကို စွဲ၍ မြဲမြံစွာမှတ်ခြင်းသည်။ ယံ၊ အကြင်သို့သော။ ပဏ္ဍိစ္စံ၊ ပညာရှိအဖြစ်သည်။ ကောသလ္လံ၊ ကျွမ်းကျင်လိမ္မာသည်၏အဖြစ်သည်။ နေပုညံ၊ သိမ်မွေ့သည်၏အဖြစ်သည်။ ယာ၊ အကြင်သို့သော။ ဝေဘဗျာ၊ အနိစ္စစသည်ကို ထင်စွာပြုခြင်းသည်။ စိန္တာ၊ အနိစ္စစသည်ကို ကြံခြင်းသည်။ ဥပပရိက္ခာ၊ စူးစမ်းဆင်ခြင်ခြင်းသည်။ ဘူရိ၊ မြေကြီးအလား ထုထဲကြီးမားသော ပညာသည်။ မေဓာ၊ ကိလေသာကို နှိပ်စက်ဖျက်ဆီးတတ်သောပညာသည်။ ပရိဏာယိကာ၊ ရှေ့ဆောင်ညွှန်ပြတတ်သော ပညာသည်။ ဝိပဿနာ၊ အနိစ္စအစရှိသော အထူးထူးသော အ◌င်းအရာဖြင့် ရှုတတ်သော ပညာသည်။ ယံ သမ္ပဇညံ၊ အကြင်ကောင်းစွာ အပြားအားဖြင့်သိသည်၏ အဖြစ်သည်။ ယော ပတောဒေါ၊ အကြင်လမ်းမှန်သို့ သွားအောင် ထိုးဆွတတ်သော နှင်တံနှင့်တူစွာသော ပညာသည်။ ပညာ၊ ပညာဟု ဆိုအပ်သော။ ယံ၊ အကြင်သို့သော။ ပညိန္ဒြိယံ၊ ပညိန္ဒြေသည်။ ပညာဗလံ၊ ပညာဗိုလ်သည်။ ပညာသတ္ထံ၊ ပညာတည်းဟူသော ဓားလက်နက်သည်။ ယော၊ အကြင်သို့သော။ ပညာပါသာဒေါ၊ ပညာတည်းဟူသော ပြာသာဒ်သည်။ ပညာအာလောကော၊ ပညာတည်းဟူသော အလင်းသည်။ ပညာဩဘာသော၊ ပညာတည်းဟူသော အရောင်သည်။ ပညာပဇ္ဇောတော၊ ပညာတည်းဟူသော တောက်ပခြင်းသည်။ ယံ ပညာရတနံ၊ အကြင်ပညာတည်းဟူသော ရတနာသည်။ ယော အမောဟော၊ အကြင် မတွေဝေခြင်းသည်။ ယော ဓမ္မဝိစယော၊ အကြင်တရားကို စိစစ်ခြင်းသည်။ ယာ သမ္မာဒိဋ္ဌိ၊ အကြင်မှန်စွာ မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံကို။ ဒုက္ခေဉာဏန္တိ၊ ဒုက္ခဉာဏ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခသမုဒယဉာဏ်သည်။ ကတမံ၊ အဘယ်နည်း။ (ပါဠိ၌ ဤပုစ္ဆာ ကျနေသည်။) ဒုက္ခသမုဒယံ၊ ဒုက္ခ၏ဖြစ်ကြောင်းကို။ အာရဗ္ဘ၊ အာရုံပြု၍။ပ။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ပ။ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ယာ ပညာ၊ အကြင်ပညာသည်။ပ။ ယာ သမ္မာဒိဋ္ဌိ၊ အကြင်မှန်စွာ မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံကို။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တံ၊ ထိုဒုက္ခစသောဉာဏ်သည်။ ဉာတဋ္ဌေန၊ ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ ကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တေသဋ္ဌိမော၊ ခြောက်ဆယ့် သုံးခုမြောက်ဖြစ်သော။ သစ္စဉာဏစတုက္ကဒွယနိဒ္ဒေသော၊

သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၆၄-၆၇-သုဒ္ဓိကပဋိသမ္ဘိဒါဉာဏနိဒ္ဒေသ

၁၁၀။ အတ္ထပဋိသမ္ဘိဒေ၊ အကျိုးကိုသိခြင်း၌။ ဉာဏံ၊ ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒေ၊ အကြောင်းကိုသိခြင်း၌။ ဉာဏံ၊ ဉာဏ်သည်။ နိရုတ္တိပဋိသမ္ဘိဒေ၊ သဒ္ဒါကိုသိခြင်း၌။ ဉာဏံ၊ ဉာဏ်သည်။ ပဋိဘာနပဋိသမ္ဘိဒေ၊ ပညာကိုသိခြင်း၌။ ဉာဏံ၊ ဉာဏ်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ အတ္ထေသု၊ အကျိုးတို့၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါမည်၏။ပ။ ပဋိဘာနေသု၊ ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ပဋိဘာနပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါမည်၏။ အတ္ထနာနတ္တေ၊ အကျိုးအထူး၌။ ပညာ၊ ပညာသည်။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ပ။ပဋိဘာနနာနတ္တေ၊ ပညာအထူး၌။ ပညာ၊ ပညာသည်။ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏံ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ ။အတ္ထဝဝတ္ထာနေ၊ အကျိုးကိုပိုင်းခြားမှတ်သားရာ၌။ ပညာ၊ ပညာသည်။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ပ။ ပဋိဘာနဝဝတ္ထာနေ၊ ပညာကိုပိုင်းခြား မှတ်သားရာ၌။ ပညာ၊ ပညာသည်။ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏံ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ ။အတ္ထသလ္လက္ခဏေ၊ အကျိုးကို မှတ်ရာ၌။ပ။ ပဋိဘာနသလ္လက္ခဏေ၊ ပညာကိုမှတ်ရာ၌။ ။အတ္ထုပလက္ခဏေ၊ အကျိုးကို မြဲမြံစွာ မှတ်သားရာ၌။ပ။ ။အတ္ထပ္ပဘေဒေ၊ အကျိုးအထူးအပြား၌။ ။အတ္ထပ္ပဘာဝနေ၊ အကျိုးကိုထင်စွာ ပြုရာ၌။ ။အတ္ထဇောတနေ၊ အကျိုးကို ထွန်းပစေရာ၌။ ။အတ္ထဝိရောစနေ၊ အကျိုးကို အထူးထူးအပြားပြား ထွန်းပစေရာ၌။ အတ္ထပ္ပကာသနေ၊ အကျိုးကို ထောက်ပစေရာ၌။ ပညာ၊ ပညာသည်။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ပ။ ပဋိဘာနပ္ပကာသနေ၊ ပညာကို ထောက်ပစေရာ၌။ ပညာ၊ ပညာသည်။ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏံ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

တံ၊ ထိုအတ္ထပဋိသမ္ဘိဒါစသော ဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ၊ ဓမ္မပဋိသမ္ဘိဒေ ဉာဏံ၊ နိရုတ္တိပဋိသမ္ဘိဒေ ဉာဏံ၊ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏန္တိ၊ ဉာဏံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သတ္တသဋ္ဌိမော၊ ခြောက်ဆယ့်ခုနစ်ခုမြောက်ဖြစ်သော။ သုဒ္ဓိကပဋိသမ္ဘိဒါဉာဏနိဒ္ဒေသော၊

သုဒ္ဓိကပဋိသမ္ဘိဒါဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၆၈-ဣန္ဒြိယပရောပရိယတ္တဉာဏနိဒ္ဒေသ

၁၁၁။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဣန္ဒြိယပရောပရိယတ္တေ ဉာဏံ၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်သည်။ ကတမံ၊အဘယ်နည်း။ ဣဓ၊ ဤလောက၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ အပ္ပရဇက္ခေ၊ ပညာမျက်စိ၌ နည်းသောကိလေသာ မြူရှိကုန်သော။ မဟာရဇက္ခေ၊ ပညာမျက်စိ၌ များသော ကိလေသာမြူရှိကုန်သော။ တိက္ခိန္ဒြိယေ၊ ထက်သော ဣန္ဒြေရှိကုန်သော။ မုဒိန္ဒြိယေ၊ နုံးညံ့သော ဣန္ဒြေရှိကုန်သော။ သွာကာရေ၊ ကောင်းသောအခြင်း အရာရှိကုန်သော။ ဒွါကာရေ၊ မကောင်းသော အခြင်းအရာရှိကုန်သော။ သုဝိညာပယေ၊ သိစေလွယ်ကုန်သော။ ဒုဝိညာပယေ၊ သိစေနိုင်ခဲကုန်သော။ အပ္ပေကစ္စေ၊ အချို့ကုန်သော။ ပရလောကဝဇ္ဇဘယဒဿာဝိနော၊ တမလွန်လောကနှင့် အပြစ်တို့ကို ကြောက်ဖွယ်ဘေးဟု ရှုလေ့ရှိကုန်သော။ အပ္ပေကစ္စေ၊ အချို့ကုန်

သော။ နပရလောကဝဇ္ဇဘယဒဿာဝိနော၊ တမလွန်လောကနှင့် အပြစ်တို့ကို ကြောက်ဖွယ်ဘေးဟု ရှုလေ့မရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ပဿတိ၊ မြင်တော်မူ၏။

အပ္ပရဇက္ခေ မဟာရဇက္ခေတိ တွေ၊ အပ္ပရဇက္ခေ မဟာရဇက္ခေ-ဟူသော ဤပုဒ်တို့၌။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ဝါ၊ ယုံကြည်မှုရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပရဇက္ခော၊ အပ္ပရဇက္ခ ပုဂ္ဂိုလ်မည်၏။ အဿဒ္ဓေါ၊ သဒ္ဓါတရားမရှိသော။ ဝါ၊ ယုံကြည်မှုမရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မဟာရဇက္ခော၊ မဟာရဇက္ခပုဂ္ဂိုလ်မည်၏။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပရဇက္ခော၊ အပ္ပရဇက္ခပုဂ္ဂိုလ် မည်၏။ ကုသီတော၊ ပျင်းရိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မဟာရဇက္ခော။ မဟာရဇက္ခပုဂ္ဂိုလ်မည်၏။ ဥပဋ္ဌိတသတိ၊ ထင်သော သတိရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပရဇက္ခော၊ အပ္ပရဇက္ခပုဂ္ဂိုလ်မည်၏။ မုဋ္ဌဿတိ၊ လွတ်သော သတိရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မဟာရဇက္ခော၊ မဟာရဇက္ခပုဂ္ဂိုလ်မည်၏။ သမာဟိတော၊ တည်ကြည်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပရဇက္ခော၊ အပ္ပရဇက္ခပုဂ္ဂိုလ် မည်၏။ အသမာဟိတော၊ မတည်ကြည်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မဟာရဇက္ခော၊ မဟာရဇက္ခပုဂ္ဂိုလ်မည်၏။ ပညဝါ၊ ပညာရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပရဇက္ခော၊ အပ္ပရဇက္ခပုဂ္ဂိုလ် မည်၏။ ဒုပ္ပညော၊ ပညာနည်းသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မဟာရဇက္ခော၊ မဟာရဇက္ခပုဂ္ဂိုလ် မည်၏။

တိက္ခိန္ဒြိယေ မုဒိန္ဒြိယေတိတွေ၊ တိက္ခိန္ဒြိယေ မုဒိန္ဒြိယေ-ဟူသော ဤပုဒ်တို့၌။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ တိက္ခိန္ဒြိယော၊ တိက္ခိန္ဒြိယ ပုဂ္ဂိုလ်မည်၏။ အဿဒ္ဓေါ၊ သဒ္ဓါတရားမရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မုဒိန္ဒြိယော၊ မုဒိန္ဒြိယ ပုဂ္ဂိုလ်မည်၏။ပ။

သွာကာရေ ဒွါကာရေတိတွေ၊ သွာကာရေ ဒွါကာရေ-ဟူသော ဤပုဒ်တို့၌။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သွာကာရော၊ သွာကာရပုဂ္ဂိုလ်မည်၏။ အဿဒ္ဓေါ၊ သဒ္ဓါတရားမရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဒွါကာရော၊ ဒွါကာရပုဂ္ဂိုလ်မည်၏။ပ။

သုဝိညာပယေ ဒုဝိညာပယေတိတွေ၊ သုဝိညာပယေ ဒုဝိညာပယေ-ဟူသော ဤပုဒ်တို့၌။သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သုဝိညာပယော၊ သုဝိညာပယ ပုဂ္ဂိုလ်မည်၏။ အဿဒ္ဓေါ၊ သဒ္ဓါတရားမရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဒုဝိညာပယော၊ ဒုဝိညာပယပုဂ္ဂိုလ် မည်၏။ပ။

အပ္ပေကစ္စေ ပရလောကဝဇ္ဇဘယဒဿာဝိနောတိတွေ၊ အပ္ပေကစ္စေပရလောကဝဇ္ဇဘယဒဿာ-ဝိနော-ဟူသော ဤပုဒ်၌။ သဒ္ဓေါ၊ သဒ္ဓါတရားရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ပရလောကဝဇ္ဇဘယဒဿာဝီ၊ ပရလောကဝဇ္ဇဘယဒဿာဝီ ပုဂ္ဂိုလ်မည်၏။ အဿဒ္ဓေါ၊ သဒ္ဓါတရားမရှိသော။ ပုဂ္ဂလော ပုဂ္ဂိုလ်သည်။ နပရလောကဝဇ္ဇဘယဒဿာဝီ၊ နပရလောကဝဇ္ဇဘယဒဿာဝီပုဂ္ဂိုလ်မည်၏။ပ။

၁၁၂။ လောကောတိတွေ။ လောကော-ဟူသော ဤပုဒ်၌။ ခန္ဓလောကော၊ ခန္ဓလောကဟူ၍၎င်း၊ ဓာတုလောကော၊ ဓာတုလောကဟူ၍၎င်း။ အာယတနလောကော၊အာယတနလောကဟူ၍၎င်း။ ဝိပတ္တိဘဝလောကော၊ ဝိပတ္တိဘဝလောကဟူ၍၎င်း။ ဝိပတ္တိသမ္ဘဝလောကော၊ ၎င်း။ သမ္ပတ္တိဘဝလောကော၊ သမ္ပတ္တိဘဝလောကဟူ၍၎င်း။ သမ္ပတ္တိသမ္ဘဝလောကော၊ ၎င်း။ ဣတိ၊ ဣမေ၊ ဤသည်တို့တည်း။

လောကော၊ လောကသည်။ ဧကော၊ တပါးတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အကြောင်း အာဟာရလျှင် တည်ရာ ရှိကုန်၏။

လောကာ၊ လောကတို့သည်။ ဒွေ၊ နှစ်ပါးတို့ဘည်း။ နာမဉ္စ၊ နာမ်ရုပ်း။ ရူပဉ္စ၊ ရုပ်ရုပ်းတည်း။ လောကာ၊ လောကတို့သည်။ တယော၊ သုံးပါးတို့ဘည်း။ တိဿော ဝေဒနာ၊ သုံးပါးသော ဝေဒနာတို့တည်း။ လောကာ၊ လောကတို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ စတ္တာရော အာဟာရာ၊ လေးပါးသော အာဟာရတို့တည်း။ လောကာ၊လောကတို့သည်။ပဉ္စ၊ ငါးပါးတို့တည်း။ ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါသော ဥပါဒါနက္ခန္ဓာတို့ဘည်း။ လောကာ၊ လောကတို့သည်။ ဆ၊ ခြောက်ပါးတို့ဘည်း။ ဆ အဇ္ဈတ္တိကာနိ အာယတနာနိ၊ ခြောက်ပါးသော အဇ္ဈတ္တိက အာယတနတို့တည်း။ လောကာ၊ လောကတို့သည်။ သတ္တ၊ ခုနစ်ပါးတို့ဘည်း။ သတ္တဝိညာဏဋ္ဌိတိယော၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့ဘည်း။ လောကာ၊ လောကတို့သည်။ အဋ္ဌ၊ ရှစ်ပါးတို့ဘည်း။ အဋ္ဌ လောကဓမ္မာ၊ ရှစ်ပါးသောလောကဓံတရားတို့တည်း။လောကာ၊လောကတို့သည်။ နဝ၊ ကိုးပါးတို့တည်း။ နဝ သတ္တာဝါသာ၊ ကိုးပါးသော သတ္တာဝါသတို့ဘည်း။ လောကာ၊ လောကတို့သည်။ ဒသ၊ ဆယ်ပါးတို့တည်း။ ဒသာယတနာနိ၊ ဆယ်ပါးသော အာယတနတို့တည်း။ လောကာ၊ တို့သည်။ဒွါဒသ၊ တဆယ့်နှစ်ပါးတို့တည်း။ ဒွါဒသာယတနာနိ၊ တဆယ့်နှစ်ပါးသော အာယတနတို့တည်း။ လောကာ၊ တို့သည်။အဋ္ဌာရသ၊တဆယ့်ရှစ်ပါးတို့တည်း။အဋ္ဌာရသဓာတုယော၊တဆယ့်ရှစ်ပါးသောဓာတ်တို့တည်း။

ဝဋ္ဋန္တိဝေ္ဝ၊ ဝဋ္ဋံ-ဟူသော ဤပုဒ်၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ကိလေသာ၊ ကိလေသာတို့သည်။ ဝဋ္ဋာ၊ ဝဋ္ဋမည်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဒုစ္စရိတာ၊ ဒုစရိုက် တရားတို့သည်။ ဝဋ္ဋာ၊ ဝဋ္ဋမည်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အဘိသင်္ခါရာ၊ အဘိသင်္ခါရ တရားတို့သည်။ ဝဋ္ဋာ၊ ဝဋ္ဋမည်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘဝဂါမိကမ္မာ၊ ဘဝသို့ လားစေတတ်သော ကံတို့သည်။ ဝဋ္ဋာ၊ ဝဋ္ဋမည်ကုန်၏။ဣတိ၊ ဤသို့။ဣမသ္မိံ စ လောကေ၊ ဤလောက၌လည်း။ဣမသ္မိံ စ ဝဋ္ဋေ၊ ဤဝဋ္ဋ၌လည်း။တိဗ္ဗာ၊ ထက်စွာသော။ဘယသညာ၊ ကြောက်ဖွယ်ဘေးဟု ဖြစ်သော အမှတ်သည်။ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ဟောတိ၊ဖြစ်၏။ ဥက္ခိတ္တာသိကေ၊ ချီခိုးအပ်သော သန်လျက်ရှိသော။ ဝဓကေ သေယျထာပိ၊သူသတ်ယောကျ်ား၌ကဲ့သို့တည်း။ ဣမေဟိ ပညာသာယ အာကာရေဟိ၊ ဤငါးဆယ်သော အခြင်းအရာတို့ဖြင့်။ ဣမာနိ ပဉ္စိန္ဒြိယာနိ၊ ဤငါးပါးသော ဣန္ဒြေတို့ကို။ ဇာနာတိ၊ သိတော်မူ၏။ ပဿတိ၊ မြင်တော်မူ၏။ အညာတိ၊ ခပ်သိမ်းသော အပိုင်းအခြားတို့ဖြင့် သိတော်မူ၏။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိတော်မူ၏။ ဣဒံ၊ ဤ ဆိုအပ်ပြီးသည်ကား။ တထာဂတဿ၊ မြတ်စွာဘုရား၏။ဣန္ဒြိယပရောပရိယတ္တေ ဉာဏံ၊ ဣန္ဒြိယပရောပရိယတ္တ ဉာဏ်ပေတည်း။

အဋ္ဌသဋ္ဌိမော၊ ခြောက်ဆယ့် ရှစ်ခုမြောက်ဖြစ်သော။

ဣန္ဒြိယပရောပရိယတ္တ ဉာဏနိဒ္ဒေသော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၆၉-အာသယာနုသယဉာဏနိဒ္ဒေသ

၁၁၃။ တထာဂတဿ၊ မြတ်စွာဘုရား၏။ သတ္တာနံ၊ သတ္တဝါတို့၏။ အာသယာနုသယေ ဉာဏံ။အာသယနှင့်အနုသယတို့ကို သိသော အာသယာနုသယဉာဏ်သည်။ ကတမံ၊အဘယ်နည်း။ ဣဓ၊ ဤလောက၌၊ တထာဂတော၊ မြတ်စွာဘုရားသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ အာသယံ၊ အလိုကို။ ဇာနာတိ၊ သိတော်မူ၏။ အနုသယံ၊ ကိန်းဝပ်သော ကိလေသာဟူသောအနုသယကို။

စရိတံ၊ ပြုကျင့်မှု စရိုက်ကို။ အဓိမုတ္တိံ၊ နှလုံးသွင်းခြင်းကို။ ဇာနာတိ၊ သိတော်မူ၏။ ဘဗ္ဗာဘဗ္ဗေ၊ ကျွတ်ထိုက်မကျွတ်ထိုက်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။

သတ္တာနံ၊ သတ္တဝါတို့၏။ အာသယော၊ အလိုသည်။ ကတမော၊ အဘယ်နည်း။ လောကော၊ လောကသည်။ သဿတော၊ မြဲ၏။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ လောကော၊ လောကသည်။ အသဿတော၊ မမြဲ။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ လောကော၊ လောကသည်။ အန္တဝါ၊ အဆုံးရှိ၏။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ လောကော၊ လောကသည်။ အနန္တဝါ၊ အဆုံးမရှိ။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ တံ၊ ထိုကိုယ်သည်ပင်။ ဇီဝံ၊ အသက်တည်း။ တံ၊ ထိုအသက်သည်ပင်။ သရီရံ၊ ကိုယ်တည်း။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ ဇီဝံ၊ အသက်သည်။ အညံ၊ တခြားတပါးတည်း။ သရီရံ၊ ကိုယ်သည်။ အညံ၊ တခြားတပါးတည်း။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ တထာဂတော၊ သတ္တဝါသည်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ ဟောတိ၊ ရှိနေ၏။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ တထာဂတော၊ သတ္တဝါသည်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ န ဟောတိ၊ မရှိတော့။ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ တထာဂတော၊ သတ္တဝါသည်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ ဟောတိ စ၊ ရှိလည်းရှိ၏။ န စ ဟောတိ၊ မရှိလည်းမရှိ။ ဣတိ ဝါ၊ ဤသို့ သော်ငြင်း။ တထာဂတော၊ သတ္တဝါသည်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ နေဝ ဟောတိ၊ ရှိသည်လည်း မဟုတ်။ န န ဟောတိ၊ မရှိသည်လည်း မဟုတ်၊ ဣတိ ဝါ၊ ဤသို့သော်ငြင်း။ ဣတိ၊ ဤသို့။ ဘဝဒိဋ္ဌိသန္နိဿိတာ ဝါ၊ သဿတဒိဋ္ဌိကို မှီသည်မူလည်း ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဟောန္တိ၊ ရှိကုန်၏။ ဝိဘဝဒိဋ္ဌိသန္နိဿိတာ ဝါ၊ ဥစ္ဆေဒ ဒိဋ္ဌိကိုမှီသည်မူလည်း ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဟောန္တိ၊ ရှိကုန်၏။

ပန၊ ထိုမှတပါး။ ဧတေဝါ ဥဘော အန္တေ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော ဤနှစ်ပါးသော အဖို့တို့ကိုလည်း။ ဝါ၊ ဤနှစ်ပါးသော အဖို့တို့ကိုပင်လျှင်။ အနုပဂမ္မ၊ မကပ်မမှီမူ၍။ ဣဒပ္ပစ္စယတာ-ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု၊ ဣဒပ္ပစ္စယတာမည်သော အကြောင်းတရားနှင့်, စွဲမှီ၍ဖြစ်သော အကျိုးတရားတို့၌။ အနုလောမိကာ၊ လောကုတ္တရာ တရားအားလျော်သော။ ခန္တိ ဝါ၊ နှစ်သက် သဘောကျသောဉာဏ်ကိုမူလည်း။ (သတ္တေဟိ၊ သတ္တဝါတို့သည်။) ပဋိလဒ္ဓါ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ ယထာဘူတံ ဝါ ဉာဏံ၊ ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်ကိုမူလည်း။ ပဋိလဒ္ဓံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

ကာမံ၊ ကာမကို။ သေဝန္တညေဝ၊ မှီဝဲနေသောပုဂ္ဂိုလ်ကိုပင်လျှင်။ "အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ကာမဂရုကော၊ ကာမကိုအလေးပြု၏။ ကာမာသယော၊ ကာမလျှင် တည်ရာ မှီရာရှိ၏။ ကာမာဓိမုတ္တော၊ ကာမ၌ နှလုံးသွင်းညွတ်ကိုင်းခြင်းရှိ၏"။ ဣတိ၊ ဤသို့။ (တထာဂတော၊ မြတ်စွာဘုရားသည်။) ဇာနာတိ၊ သိတော်မူ၏။ ကာမံ၊ ကာမကို။ သေဝန္တညေဝ၊ မှီဝဲနေသော ပုဂ္ဂိုလ်ကိုပင်လျှင်။ "အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ နေက္ခမ္မဂရုကော၊ နေက္ခမ္မကိုအလေးပြု၏။ နေက္ခမ္မာသယော၊ နေက္ခမ္မလျှင် တည်ရာ မှီရာရှိ၏။ နေက္ခမ္မာဓိမုတ္တော၊ နေက္ခမ္မ၌ နှလုံးသွင်း ညွတ်ကိုင်းခြင်းရှိ၏"။ ဣတိ၊ ဤသို့။ (တထာဂတော၊ မြတ်စွာဘုရားသည်။) ဇာနာတိ၊ သိတော် မူ၏။ နေက္ခမ္မံ၊ နေက္ခမ္မကို။ သေဝန္တညေဝ၊ မှီဝဲနေသော ပုဂ္ဂိုလ်ကိုပင်လျှင်။ပ။ ဗျာပါဒံ၊ ဗျာပါဒ ကို။ပ။ အဗျာပါဒံ၊ မေတ္တာကို။ပ။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ပ။ အာလောကသညံ၊ အာလောကသညာကို။ သေဝန္တညေဝ၊ မှီဝဲနေသောပုဂ္ဂိုလ်ကိုပင်လျှင်။ပ။ ထိနမိဒ္ဓါဓိမုတ္တော၊ ထိနမိဒ္ဓ၌ ညွတ်ကိုင်း နှလုံး သွင်းခြင်းရှိ၏။ ဣတိ၊ ဤသို့။ (တထာဂတော၊ မြတ်စွာဘုရားသည်။) ဇာနာတိ၊ သိတော်မူ၏။

အယံ၊ ဤဆိုအပ်ခဲ့ပြီးသော ဒိဋ္ဌိ ၂-မျိုးနှင့် ဉာဏ် ၂-မျိုးသည်။ သတ္တာနံ၊ ဝဋ္ဋနိဿိတသတ္တဝါ, ဝိဝဋ္ဋနိဿိတသတ္တဝါတို့၏။ အာသယော၊ အလိုပေတည်း။ ဝါ၊ တည်ရာနေရာပေတည်း။

(သဿတ အယူရှိသောပုဂ္ဂိုလ်သည် ရံခါ၌ ဥစ္ဆေဒအယူကို သဘောကျသော်လည်း အများအားဖြင့် မိမိ၏မူလ သဿတအယူ၌သာလျှင် သက်ဝင်လျက်တည်နေ၏။ ဥစ္ဆေဒအယူရှိသောပုဂ္ဂိုလ်, အနုလောမိက ဉာဏ်ရှိသောပုဂ္ဂိုလ်, ယထာဘူတဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည်လည်း နည်းတူပင် အများအားဖြင့် မိမိ၏အယူ, မိမိဉာဏ်၌သာလျှင် သက်ဝင်လျက်တည်နေကုန်၏၊ ထို့ကြောင့် ထိုအယူ ၂-ပါး, ဉာဏ် ၂-ပါးတို့ကို အာသယ-တည်နေရာဟု ဆိုအပ်ပေသည်။)

၁၁၄။ သတ္တာနံ၊ သတ္တဝါတို့၏။ အနုသယော၊ ကိန်းဝပ်သော အနုသယသည်။ ကတမော စ၊ အဘယ်နည်း။ အနုသယာ။ အနုသယတို့သည်။ ကာမရာဂါနုသယော၊ ကာမရာဂါနုသယငင်း။ပ။ အဝိဇ္ဇာနုသယော၊ အဝိဇ္ဇာနုသယငင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ခုနစ်ပါးတို့တည်း။ လောကေ၊ လောက၌။ ယံ ပိယရူပံ၊ အကြင်ချစ်ဖွယ်သဘောသည်။ ယံ သာတရူပံ၊ အကြင်သာယာဖွယ်သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤချစ်ဖွယ် သာယာဖွယ်သဘောဖြစ်သော ဣဋ္ဌာရုံ၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ကာမရာဂါနုသယော၊ ကာမရာဂါနုသယသည်။ အနုသေတိ၊ ကိန်း၏။ပ။ လောကေ၊ လောက၌။ ယံအပိယရူပံ၊ အကြင်မနှစ်ဖွယ်သဘောသည်။ ယံအသာတရူပံ၊ အကြင်မသာယာဖွယ်သဘောသည်။အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ မနှစ်ဖွယ် မသာယာဖွယ်သဘောဖြစ်သော အနိဋ္ဌာရုံ၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ အနုသေတိ၊ ကိန်း၏။ ဣတိ၊ ဤသို့။ ဒွီသု၊ နှစ်ပါးကုန်သော။ ဣမေသု ဓမ္မေသု၊ ဤဣဋ္ဌာရုံ အနိဋ္ဌာရုံတရားတို့၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ အနုပတိတာ၊ အစဉ်လိုက်သျှက် ကျရောက်၏။ တဒေကဋ္ဌော၊ ထိုအဝိဇ္ဇာနုသယနှင့် အတူတကွတည်သော။ မာနော စ၊ မာနကိုငင်း။ ဒိဋ္ဌိ စ၊ ဒိဋ္ဌိကိုငင်း။ ဝိစိကိစ္ဆာ စ၊ ဝိစိကိစ္ဆာကိုငင်း။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ သတ္တာနံ၊ သတ္တဝါတို့၏။ အနုသယော၊ အနုသယတည်း။

သတ္တာနံ၊ သတ္တဝါတို့၏၊ စရိတံ၊ ပြုကျင့်မှုစရိုက်သည်။ ကတမဉ္စ၊ အဘယ်နည်း။ ပရိတ္တဘူမကော ဝါ၊ ကာမဘုံ၌သော်လည်းဖြစ်သော။ မဟာဘူမကော ဝါ၊ မဟဂ္ဂုတ်ဘုံ၌သော်လည်းဖြစ်သော။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရငင်း။ အပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရငင်း။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရငင်း။ ဣဒံ၊ ဤဆိုအပ်ပြီးသည်ကား။ သတ္တာနံ၊ သတ္တဝါတို့၏။ စရိတံ၊ ပြုကျင့်မှု စရိုက်တည်း။

၁၁၅။ သတ္တာနံ၊ သတ္တဝါတို့၏။ အဓိမုတ္တိ၊ နှလုံးသွင်းခြင်းသည်။ ကတမာ စ၊ အဘယ်နည်း။ ဟီနာဓိမုတ္တိကာ၊ ယုတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ ပဏီတာဓိမုတ္တိကာ၊ မြတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ ဟီနာဓိမုတ္တိကာ၊ ယုတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဟီနာဓိမုတ္တိကေ၊ ယုတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ သေဝန္တိ၊ မှီဝဲကုန်၏။ ဘဇန္တိ၊ ချဉ်းကပ်ကုန်၏။ ပယိရုပါသန္တိ၊ ဆည်းကပ်ကုန်၏။ ပဏီတာဓိမုတ္တိကာ၊ မြတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ပဏီတာဓိမုတ္တိကေ၊ မြတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ သေဝန္တိ၊ မှီဝဲကုန်၏။ ဘဇန္တိ၊ ချဉ်းကပ်ကုန်၏။ ပယိရုပါသန္တိ၊

ဆည်းကပ်ကုန်၏။ အတီတမ္ပိ အဒ္ဓါနံ၊ လွန်လေပြီးသော ကာလ၌လည်း။ ဟီနာဓိမုတ္တိကာ၊ ယုတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ပ။ သေဝိံသု၊ မှီဝဲကုန်ပြီ။ ဘဇိံသု၊ ချဉ်းကပ်ကုန်ပြီ။ ပယိရုပါသိံသု၊ ဆည်းကပ်ကုန်ပြီ။ အနာဂတမ္ပိ အဒ္ဓါနံ၊ လာလတ္တံ့သော ကာလ၌လည်း။ ဟီနာဓိမုတ္တိကာ၊ ယုတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ပ။ သေဝိဿန္တိ၊ မှီဝဲကုန်လတ္တံ့။ ဘဇိဿန္တိ၊ ချဉ်းကပ်ကုန်လတ္တံ့။ ပယိရုပါသိဿန္တိ၊ ဆည်းကပ်ကုန်လတ္တံ့။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ သတ္တာနံ၊ သတ္တဝါတို့၏။ အဓိမုတ္တိ၊ နှလုံးသွင်းခြင်းတည်း။

အဘဗ္ဗာ၊ မကျွတ်ထိုက်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကတမေ၊ အဘယ်တို့နည်း။ ယေ တေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ကမ္မာဝရဏေန၊ ကံ ဟူသော တားမြစ်ခြင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ ကိလေသာဝရဏေန၊ ကိလေသာဟူသော တားမြစ်ခြင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ ဝိပါကာဝရဏေန၊ ဝိပါက်ဟူသောတားမြစ်ခြင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ အဿဒ္ဓါ၊ သဒ္ဓါတရား ကင်းကုန်၏။ အစ္ဆန္ဒိကာ၊ ကုသိုလ်ဆန္ဒမှ ကင်းကုန်၏။ ဒုပ္ပညာ၊ ပညာ မရှိကုန်။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သမ္မတ္တံ နိယာမံ၊ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယာမဂ်သို့။ ဩက္ကမိတုံ၊ သက်ခြင်းငှါ။ အဘဗ္ဗာ၊ မထိုက်ကုန်။ ဣမေ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အဘဗ္ဗာ၊ အဘဗ္ဗမည်ကုန်၏။

ဘဗ္ဗာ၊ ကျွတ်ထိုက်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကတမေ၊ အဘယ်တို့နည်း။ ယေ တေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ကမ္မာဝရဏေန၊ ကံ ဟူသော တားမြစ်ခြင်းနှင့်။ န သမန္နာဂတာ၊ မပြည့်စုံကုန်။ ပ။ သဒ္ဓါ၊ သဒ္ဓါတရားရှိကုန်၏။ ဆန္ဒိကာ၊ ကုသိုလ်ဆန္ဒရှိကုန်၏။ ပညဝန္တော၊ ပညာရှိကုန်၏။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သမ္မတ္တံ နိယာမံ၊ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယာမဂ်သို့။ ဩက္ကမိတုံ၊ သက်ခြင်းငှါ။ ဘဗ္ဗာ၊ ထိုက်ကုန်၏။ ဣမေ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ဘဗ္ဗာ၊ မည်ကုန်၏။ ဣဒံ၊ ဤဆိုအပ်ပြီးသည်ကား။ တထာဂတဿ၊ မြတ်စွာဘုရား၏။ သတ္တာနံ၊ သတ္တဝါတို့၏။ အာသယာနုသယေ ဉာဏံ၊ အာသယအနုသယကို သိသောဉာဏ်မည်၏။

နဝသဋ္ဌိမော၊ ခြောက်ဆယ့်ကိုးခုမြောက်ဖြစ်သော။ အာသယာနုသယဉာဏနိဒ္ဒေသော၊ သည်။

နိဋ္ဌိတော၊ ပြီးပြီ။

## ၇၀-ယမကပါဋိဟီရဉာဏနိဒ္ဒေသ

၁၁၆။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ယမကပါဋိဟီရေ ဉာဏံ၊ ယမကပါဋိဟာရိယဉာဏ်သည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤလောက၌။ တထာဂတော၊ သည်။ သာဝကေဟိ၊ သာဝကတို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော။ ယမကပါဋိဟီရံ၊ အစုံ အစုံ တန်ခိုးပြာဋိဟာကို။ ကရောတိ၊ ပြုတော်မူ၏။ ဥပရိမကာယတော၊ အထက်ဖြစ်သော ကိုယ်တော်မှ။ အဂ္ဂိက္ခန္ဓော၊ မီးအစုသည်။ ပဝတ္တတိ၊ ဖြစ်၏။ ဟေဋ္ဌိမကာယတော၊ အောက်ဖြစ်သော ကိုယ်တော်မှ။ ဥဒကဓာရာ၊ ရေအယဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ ဟေဋ္ဌိမကာယတော၊ အောက်ဖြစ်သော

ကိုယ်တော်မှ။ အဂ္ဂိက္ခန္ဓော၊ မီးအစုသည်။ ပဝတ္တတိ၊ ဖြစ်၏။ ဥပရိမ ကာယတော၊ အထက်ဖြစ်သော ကိုယ်တော်မှ။ ဥဒကဓာရာ၊ ရေအယဉ်သည်။ ပဝတ္တတိ၊ ၏။ ။ပုရတ္ထိမ ကာယတော၊ ရှေ့ပိုင်း ကိုယ်တော်မှ။ အဂ္ဂိက္ခန္ဓော၊ မီးအစုသည်။ ပဝတ္တတိ၊ ၏။ ပစ္ဆိမ ကာယတော၊ နောက်ပိုင်း ကိုယ်တော်မှ။ ဥဒကဓာရာ၊ ရေအယဉ်သည်။ ပဝတ္တတိ၊ ၏ ပစ္ဆိမကာယတော၊ နောက်ပိုင်း ကိုယ်တော်မှ။ အဂ္ဂိက္ခန္ဓော၊ မီးအစုသည်။ ပဝတ္တတိ၊ ဖြစ်၏။ ပုရတ္ထိမ ကာယတော၊ ရှေ့ပိုင်း ကိုယ်တော်မှ။ ဥဒကဓာရာ၊ ရေအယဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ ။ဒက္ခိဏအက္ခိတော၊ လကျ်ာမျက်စိတော်မှ။ပ။ ဝါမအက္ခိတော၊ လက်ဝဲ မျက်စိတော်မှ။ ။ဒက္ခိဏကဏ္ဏသောတတော၊ လကျ်ာ နားတွင်းတော်မှ။ ဝါမကဏ္ဏသောတတော၊ လက်ဝဲနားတွင်းတော်မှ။ ဒက္ခိဏနာသိကာသောတတော၊ လကျ်ာနှာခေါင်းတွင်းတော်မှ။ ဝါမနာသိကာ သောတတော၊ လက်ဝဲနှာခေါင်းတွင်းတော်မှ။ ဒက္ခိဏအံသကူဋတော၊ လကျ်ာ ပခုံးစွန်းတော်မှ။ ဝါမအံသကူဋတော၊ လက်ဝဲ ပခုံးစွန်းတော်မှ။ ဒက္ခိဏဟတ္ထတော၊ လကျ်ာလက်တော်မှ။ ဝါမဟတ္ထတော၊ လက်ဝဲလက်တော်မှ။ ဒက္ခိဏပဿတော၊ လကျ်ာ နံပါးတော်မှ။ ဝါမပဿတော၊ လက်ဝဲ နံပါးတော်မှ။ ဒက္ခိဏပါဒတော၊ လကျ်ာ ခြေတော်မှ။ ဝါမပါဒတော၊ လက်ဝဲ ခြေတော်မှ။ အင်္ဂုလင်္ဂုလေဟိ၊ လက်ချောင်းတိုင်း လက်ချောင်းတိုင်းတို့မှ။ အင်္ဂုလင်္ဂုလန္တရိကာဟိ၊ လက်ကြားတော်တိုင်း လက်ကြားတော်တိုင်းတို့မှ။ ဧကေကလောမတော၊ တချောင်း တချောင်းသော မွေးညှင်းတော်မှ။ လောမကူပတော လောမကူပတော၊ မွေးညှင်းတွင်းတော်တိုင်း မွေးညှင်းတွင်းတော်တိုင်းတို့မှ။ အဂ္ဂိက္ခန္ဓော၊ မီးအစုသည်။ ပဝတ္တတိ၊ ၏။ လောမကူပတော လောမကူပတော၊ မွေးညှင်းတွင်းတော်တိုင်း မွေးညှင်းတွင်းတော်တိုင်းတို့မှ။ ဥဒကဓာရာ၊ ရေအယဉ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

နီလာနံ၊ ညိုကုန်သော။ ပီတကာနံ၊ ရွှေကုန်သော။ လောဟိတကာနံ၊ နီကုန်သော။ ဩဒါတာနံ၊ ဖြူကုန်သော။ မဉ္ဇိဋ္ဌာနံ၊ မောင်းကုန်သော။ ဝါ၊ နီပြေပြေအရောင်ရှိကုန်သော။ ပဘဿရာနံ၊ ပြိုးပြိုးပြက်ရှိကုန်သော။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဝဏ္ဏာနံ၊ ရောင်ခြည်တော်တို့၏။ (အန္တရေ ဝေမဇ္ဈေ၊ အလယ်၌။) ဘဂဝါ၊ မြတ်စွာဘုရားသည်။ စင်္ကမတိ၊ စင်္ကြံ ကြွတော်မူ၏။ နိမ္မိတော၊ ဖန်ဆင်းအပ်သော နိမ္မိတဘုရားသည်။ တိဋ္ဌတိ ဝါ၊ ရပ်မူလည်း ရပ်တော်မူ၏။ နိသီဒတိ ဝါ၊ ထိုင်မူလည်း ထိုင်တော်မူ၏။ သေယျံ ဝါ၊ လျောင်းခြင်းကိုမူလည်း။ ကပ္ပေတိ၊ ပြုတော်မူ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တိဋ္ဌတိ၊ ရပ်တော်မူ၏။ နိမ္မိတော၊ ဖန်ဆင်းအပ်သော ဘုရားသည်။ စင်္ကမတိ ဝါ၊ စင်္ကြံသွားမူလည်း သွားတော်မူ၏။ နိသီဒတိ ဝါ၊ ထိုင်မူလည်း ထိုင်တော်မူ၏။ သေယျံ ဝါ၊ လျောင်းခြင်းကိုမူလည်း။ ကပ္ပေတိ၊ ပြုတော်မူ၏။ပ။ နိမ္မိတော၊ ဖန်ဆင်းအပ်သော ဘုရားသည်၊ သေယျံ၊ လျောင်းခြင်းကို။ ကပ္ပေတိ၊ ပြုတော်မူ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စင်္ကမတိ ဝါ၊ စင်္ကြံကြွမူလည်း ကြွတော်မူ၏။ တိဋ္ဌတိ ဝါ၊ ရပ်မူလည်း ရပ်တော်မူ၏။ နိသီဒတိ ဝါ၊ ထိုင်မူလည်း ထိုင်တော်မူ၏။ ဣဒံ၊ ဤဆိုအပ်ပြီးသည်ကား။ တထာဂတဿ၊ ၏။ ယမကပါဋိဟီရေ ဉာဏံ၊ ယမကပါဋိဟာရိယ ဉာဏ်မည်၏။

သတ္တတိမော၊ ခုနစ်ဆယ်မြောက်ဖြစ်သော။ ယမကပါဋိဟီရဉာဏနိဒ္ဒေသော၊ သည်။

နိဋ္ဌိတော၊ ပြီးပြီ။

## ၇၁-မဟာကရုဏာဉာဏနိဒ္ဒေသ

၁၁၇။ တထာဂတဿ၊ မြတ်စွာဘုရား၏။ မဟာကရုဏာသမာပတ္တိယာ ဉာဏံ၊ မဟာကရုဏာ သမာပတ္တိဉာဏ်သည်။ ကတမံ၊ အဘယ်နည်း။ ဗဟုကေဟိ၊ များစွာကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ပဿန္တာနံ၊ ရှုကုန်သော။ ဝါ၊ ရှုကုန်လျက်။ ဘဂဝန္တာနံ၊ ဘုန်းတော်ကြီး ကုန်သော။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သတ္တေသု၊ သတ္တဝါတို့၌။ မဟာကရုဏာ၊ ကြီးစွာသော သနားခြင်း မဟာကရုဏာသည်။ ဩက္ကမတိ၊ သက်၏။ လောကသန္နိဝါသော၊ လောက၌နေသော သတ္တဝါအပေါင်းကို။ အာဒိတ္တော၊ ရာဂအစရှိသောမီးတို့ဖြင့် တပြောင်ပြောင် တောက်လောင် အပ်၏။ ဣတိ၊ ဤသို့။ ပဿန္တာနံ၊ ရှုကုန်သော။ ဝါ၊ ရှုကုန်လျက်။ ။[နောက်၌လည်းနည်းတူ။] ဘဂဝန္တာနံ၊ ဘုန်းတော်ကြီးကုန်သော။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သတ္တေသု၊ သတ္တဝါတို့၌။ မဟာကရုဏာ၊ မဟာကရုဏာတော်သည်။ ဩက္ကမတိ၊ သက်၏။ လောကသန္နိဝါသော၊ လောက၌ နေသော သတ္တဝါအပေါင်းသည်။ ဥယျုတ္တော၊ များစွာသောကိစ္စတို့၌ အားထုတ်ခြင်းရှိ၏။ ပ။ ပယာတော၊ သေမင်းထံသို့ မရပ်မနား ပြေးသွားလျက်ရှိ၏။ ပ။ ကုမ္မဂ္ဂပ္ပဋိပန္နော၊ လမ်းမှားကို သွားလျက်ရှိ၏။ ပ။ လောကော၊ လူအပေါင်းသည်။ အဒ္ဓုဝေါ၊ မခိုင်မမြဲသည်ဖြစ်၍။ ဥပနီယတိ၊ သေမင်းထံသို့ ပို့ဆောင်ခံရ၏။ အတာဏော၊ စောင့်ရှောက်မည့်သူမှ ကင်း၏။ အနဘိဿရော၊ အားကိုးရသောသူ မရှိ။ သဗ္ဗံ၊ အလုံးစုံကို။ ပဟာယ၊ စွန့်၍။ ဂမနီယံ၊ သွားရမည်။ ဣတိ၊ ထို့ကြောင့်။ လောကော၊ သည်။ အဿကော၊ ကိုယ်ပိုင်ဥစ္စာမရှိ။ ပ။ လောကော၊ သည်။ ဦနော၊ အလိုမပြည့်။ အတိတ္တော၊ ရောင့်ရဲခြင်းမရှိ။ တဏှာဒါသော၊ တဏှာ၏ကျွန်ဖြစ်၏။ ပ။ လောက သန္နိဝါသော၊ လောက၌နေသော သတ္တဝါအပေါင်းသည်။ အတာယနော၊ သားသမီးစသည်တို့ ကလည်း စောင့်ရှောက်ခြင်းမရှိ။ အလေဏော၊ ပုန်းအောင်းရာမရှိ။ အသရဏော၊ ကိုးကွယ်ရာ မရှိ။ အသရဏီဘူတော၊ ကိုးကွယ်ရာသဖွယ် ဖြစ်သူမရှိ။ ပ။

ဥဒ္ဓတော၊ ပျံ့လွင့်၏။ အဝူပသန္တော၊ ငြိမ်သက်သောသဘောမရှိ။ ပုထုသလ္လေဟိ၊ များစွာ သောရာဂ အစရှိသောမြားတို့ဖြင့်။ ဝိဒ္ဓေါ၊ စူးဝင်အပ်သည်ဖြစ်၍။ သသလ္လော၊ ရာဂ စသောမြား တို့နှင့်တကွဖြစ်၏။ မယာ၊ ငါ့ကို။ အညတြ၊ ကြဉ်၍။ တေသံ လောကသန္နိဝါသာနံ၊ ထိုလောက၌ နေသော သတ္တဝါအပေါင်း၏။ သလ္လာနံ၊ ရာဂအစရှိသောမြားတို့ကို။ ဥဒ္ဓတာ၊ နှုတ်တတ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ၊ မရှိ။ ပ။ အဝိဇ္ဇန္ဓ ကာရာဝရဏော၊ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ဖြင့် ပိတ်ပင်ဖုံးအုပ်လျက်။ ကိလေသပဉ္ဇရ ပက္ခိတ္တော၊ ကိလေသာတည်းဟူသော နှောင်အိမ်၌ သွင်းထားအပ်၏။ မယာ၊ ငါ့ကို။ အညတြ၊ ကြဉ်၍။ တေသံ လောကသန္နိဝါသာနံ၊ ထိုလောက၌ နေသောသတ္တဝါအပေါင်းအား။ အာလောကံ၊ အလင်းကို။ ဒဿေတာ၊ ပြတတ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက် သောသူသည်။ နတ္ထိ၊ မရှိ။ ပ။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာ၌ ဖြစ်၏။ အဏ္ဍဘူတော၊ အဝိဇ္ဇာဟူသော ဥခွံတွင်း၌ ဖြစ်၏။ ပရိယောနဒ္ဓေါ၊ ထက်ဝန်းကျင်မှ မြှေးရှက်အပ်၏။ တန္တာကုလကဇာတော၊ ရှုပ်သော ခြည်ထွေးကဲ့သို့ ဖြစ်၏။ ကုလာဂုဏ္ဍိကဇာတော၊ ယက်ကန်းသည်၏ မြိတ်ဆာခြည်ထွေး ကဲ့သို့ ဖြစ်ခဲ့၏။ ဝါ၊ စာပေါင်းသိုက်ရှုပ်ကဲ့သို့ ဖြစ်၏။ မုဉ္ဇပဗ္ဗဇဘူတော၊ ဖြူဆံမြက် ပြိတ်မြက်ကဲ့သို့ ဖြစ်၏။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှုရှိသူတို့၏ လားရာဖြစ်သော။ ဝါ၊ မကောင်းသော လားရောက်ရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီးလျက်ကျရာဖြစ်သော။ သံသာရံ၊

သံသရာကို။ နာတိဝတ္တတိ၊ မကျော်လွန်နိုင်။ပ။ လောကသန္နိဝါသော၊ လောက၌နေသောသတ္တဝါ အပေါင်းသည်၊ အဝိဇ္ဇာဝိသဒေါသာ သံလိတ္တော၊ အဝိဇ္ဇာတည်းဟူသော အဆိပ်ဒေါသဖြင့်လိမ်းကျံ အပ်လျက်ရှိ၏။ ကိလေသကလလီဘူတော၊ ကိလေသာဟူသော ညွန်ဖြင့် လူးလဲလျက် ရှိ၏။ပ။ ရာဂ ဒေါသ မောဟ ဇဋ္ဌာဇဋ္ဋိတော၊ ရာဂ ဒေါသ မောဟတည်းဟူသော အရှုပ်အထွေးဖြင့် ရှုပ်ထွေးစေအပ်၏။မယာ၊ ငါ့ကို။ အညတြ၊ ကြဉ်၍။ တဿ၊ ထိုသတ္တဝါအပေါင်း၏။ ဇဋံ၊ အရှုပ်အထွေးကို။ ဝိဇဋ္ဋေတာ၊ ဖြေရှင်းနိုင်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သည်။ နတ္ထိ၊ မရှိ။ပ။

တဏှာသံဃာတပဋိမုက္ကော၊ တဏှာတည်းဟူသော ထုပ်လျှောက်ဖြင့် အစွပ်ခံရ၏။ပ။ တဏှာဇာလေန၊ တဏှာတည်းဟူသော ကွန်ရက်ဖြင့်။ ဩတ္ထဋော၊ ဖုံးအုပ်ခံရ၏။ပ။ တဏှာသောတေန၊ တဏှာတည်းဟူသော ရေအယဉ်ဖြင့်။ ဝုယှတိ၊ မျော၏။ပ။တဏှာသညောဇနေန၊ တဏှာတည်းဟူသော သံယောဇဉ်နှင့်။ သညုတ္တော၊ စပ်ယှဉ်၏။ပ။တဏှာနုသယေန၊ တဏှာတည်းဟူသော အနုသယဖြင့်။ အနုသဋော၊ အစဉ်လျှောက်ချဲ့ဝင်အပ် ပျံ့နှံ့အပ်၏။ပ။တဏှာသန္တာပေန၊ တဏှာတည်းဟူသောပူပန်ခြင်းဖြင့်။ သန္တပ္ပတိ၊ ပူပန်၏။ပ။တဏှာပရိဠာဟေန၊ တဏှာတည်းဟူသောပူလောင်ခြင်းဖြင့်။ ပရိဍယှတိ၊ ထက်ဝန်းကျင်ပူလောင်၏။ပ။

ဒိဋ္ဌိသံဃာဋပဋိမုက္ကော၊ ဒိဋ္ဌိတည်းဟူသောထုပ်လျှောက်ဖြင့် အစွပ်ခံရ၏။ ဒိဋ္ဌိဇာလေန၊ ဒိဋ္ဌိတည်းဟူသောကွန်ရက်ဖြင့်။ ဩတ္ထဋော၊ ဖုံးလွှမ်းအပ်၏။ ဒိဋ္ဌိသောတေ၊ ဒိဋ္ဌိတည်းဟူသော ရေအယဉ်၌။ ဝုယှတိ၊ မျော၏။ ဒိဋ္ဌိသညောဇနေန၊ ဒိဋ္ဌိတည်းဟူသော သံယောဇဉ်နှင့်။ သညုတ္တော၊ စပ်ယှဉ်၏။ ဒိဋ္ဌာနုသယေန၊ ဒိဋ္ဌိဟူသော အနုသယဖြင့်။ အနုသဋော၊ အစဉ်လျှောက်ချဲ့ဝင်အပ် ပျံ့နှံ့အပ်၏။ဒိဋ္ဌိသန္တာပေန၊ ဒိဋ္ဌိတည်းဟူသော ပူပန်ခြင်းဖြင့်။ သန္တပ္ပတိ၊ ပူပန်၏။ ဒိဋ္ဌိပရိဠာဟေန၊ ဒိဋ္ဌိတည်းဟူသော ပူလောင်ခြင်းဖြင့်။ ပရိဍယှတိ၊ ထက်ဝန်းကျင်ပူလောင်၏။

လောကသန္နိဝါသော၊ သတ္တဝါအပေါင်းကို။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းဖြင့်။ အနုဂတော၊ အစဉ်လိုက်အပ်၏။ ဇရာယ၊ အိုခြင်းဖြင့်။အနုသဋော၊ အစဉ်လျှောက်ချဲ့ဝင်အပ် ပျံ့နှံ့အပ်၏။(အဋ္ဌကထာ၌ "အနုဂတောတိ အနုဓာဝိတော။ အနုသဋောတိ အနုပဝိဋ္ဌော"ဟု ရှိသင့်၏။)ဗျာဓိနာ၊ နာခြင်းဖြင့်။ အဘိဘူတော၊ နှိပ်စက်အပ်၏။ မရဏေန၊ သေခြင်းဖြင့်။ အဗ္ဘာဟတော၊ ပြင်းစွာ ပုတ်ခတ်အပ်၏။ လောကသန္နိဝါသော၊ သတ္တဝါအပေါင်းသည်။ ဒုက္ခေ၊ ဆင်းရဲ၌။ ပတိဋ္ဌိတော၊ တည်နေ၏။

လောကသန္နိဝါသော၊ သတ္တဝါအပေါင်းကို။ တဏှာယ၊ တဏှာညွတ်ကွင်းဖြင့်။ ဥဍ္ဍိတော၊ ထောင်ဖမ်းအပ်၏။ ဇရာပါကာရပရိက္ခိတ္တော၊ အိုခြင်းတည်းဟူသော တံတိုင်းဖြင့် ကာရံအပ်၏။ မစ္စုပါသေန၊ သေမင်းတည်းဟူသော ကြော့ကွင်းဖြင့်။ ပရိက္ခိတ္တော၊ ဝိုင်းရံအပ်၏။ မဟာဗန္ဓန ဗဒ္ဓေါ၊ ကြီးစွာသောအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့အပ်၏။ ရာဂဗန္ဓနေန၊ ရာဂတည်းဟူသောအနှောင် အဖွဲ့ဖြင့်၎င်း။ ဒေါသဗန္ဓနေန၊ ဒေါသတည်းဟူသော အနှောင်အဖွဲ့ဖြင့်၎င်း။မောဟဗန္ဓနေန၊မောဟ တည်းဟူသော အနှောင်အဖွဲ့ဖြင့်၎င်း။ မာနဗန္ဓနေန၊ မာနတည်းဟူသော အနှောင်အဖွဲ့ဖြင့်၎င်း။ ဒိဋ္ဌိဗန္ဓနေန၊ ဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့ဖြင့်၎င်း။ ကိလေသဗန္ဓနေန၊ ကိလေသာတည်းဟူ သော အနှောင်အဖွဲ့ဖြင့်၎င်း။ ဒုစ္စရိတဗန္ဓနေန၊ ဒုစရိုက်တည်းဟူသော အနှောင်အဖွဲ့ဖြင့်၎င်း။ ဗဒ္ဓေါ၊ နှောင်ဖွဲ့အပ်၏။ မယာ၊ ငါ့ကို။ အညတြ၊ ကြဉ်၍။ တဿ၊ ထိုသတ္တဝါအပေါင်း၏။ ဗန္ဓနံ၊ အနှောင်အဖွဲ့ကို။ မောစေတာ၊ ဖြေနိုင်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်

သည်။နတ္ထိ၊မရှိ။ပ။ မဟာသမုဒ္ဒံမပ္ပတွာပနေ့ော၊ အလွန်ကျဉ်းမြောင်းသောအရပ်၌ ရောက်လျက်ရှိ၏။ မယာ၊ငါ့ကို။အညတြ၊ကြဉ်၍။ တဿ လောကသန္နိဝါသဿ၊ထိုလောက၌နေသော သတ္တဝါအပေါင်းအား။ ဩကာသံ၊ ကျယ်ပြန့် လွတ်လပ်သောအရပ်ကို။ ဒဿေတာ၊ ပြတတ်သော။ အညော၊တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ၊ မရှိ။ပ။ မဟာပလိဗောဓေန၊ ကြီးစွာသော ရာဂအစရှိသော ပလိဗောဓဖြင့်။ ပလိဗုဒ္ဓေ၊ နှောင်ဖွဲ့အပ်၏။ပ။ ပလိဗောဓံ၊ ရာဂအစရှိသော အနှောင်အဖွဲ့ကို။ ဆေတာ၊ ဖြတ်တတ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သော သူသည်။ နတ္ထိ၊ မရှိ။ပ။ မဟာပပါတေ၊ ဂတိငါးပါးတည်းဟူသော ကြီးစွာသော ကမ်းပါးပြတ်၌။ ဝါ၊ ဇာတိ ဇရာ မရဏအစရှိသော ကြီးစွာသောကမ်းပါးပြတ်၌။ ပတိတော၊ ကျလျက်ရှိ၏။ပ။ ပပါတာ၊ ဇာတိ ဇရာ မရဏ အစရှိသော ကြီးစွာသောကမ်းပါးပြတ်မှ။ ဥဒ္ဓတာ၊ ထုတ်ဆောင်ကယ်တင်တတ်သော။ အညော၊ ငါမှတပါးသော။ ကောစိ၊ တစုံတယောက်သော သူသည်။ နတ္ထိ၊ မရှိ။ပ။ မဟာကန္တာရပ္ပဋိပန္နော၊ ဇာတိ ဇရာ မရဏ အစရှိသော ကြီးစွာသော ခရီးခဲသို့ သွားလျက်ရှိ၏။ပ။ကန္တာရာ၊ ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသော ခရီးခဲကို။ တာရေတာ၊ ကူးမြောက်စေတတ်သော။ အညော၊ ငါမှတပါးသော။ ကောစိ၊ တစုံတယောက်သော သူသည်။ နတ္ထိ၊ မရှိ။ပ။ မဟာသံသာရပ္ပဋိပန္နော၊ မပြတ်ဖြစ်သော ခန္ဓာအစဉ်တည်းဟူသော ကြီးစွာသော သံသာရာရေး၌ သွားလျက်ရှိ၏။ပ။ သံသာရာ၊ သံသရာမှ။ မောစေတာ၊ လွတ်စေတတ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ၊မရှိ။ပ။မဟာဝိဒုဂ္ဂေ၊လွန်စွာ အသွားရခက်သော သံသရာခရီးခဲ၌။ သမ္ပရိဝတ္တတိ၊ တပြောင်းပြန်ပြန်လည်လျက်ရှိ၏။ပ။ ဝိဒုဂ္ဂါ၊ အသွားရခက်သော ခရီးခဲမှ။ပ။ မဟာပလိပေ၊ ကြီးစွာသောကာမဂုဏ်ညွန်ပျောင်း၌။ပလိပန္နော၊ ကျွံနစ်လျက်ရှိ၏။ပ။ ပလိပါ၊ ကာမဂုဏ်ညွန်ပျောင်းမှ။ပ။

အဗ္ဘာဟတော၊ အလုံးစုံသော ဘေးရန်တို့ဖြင့် နှိပ်စက်အပ်၏။ပ။ ရာဂဂ္ဂိနာ၊ ရာဂတည်းဟူသော မီးဖြင့်။ ဒေါသဂ္ဂိနာ၊ဒေါသတည်းဟူသောမီးဖြင့်။မောဟဂ္ဂိနာ၊ မောဟတည်းဟူသောမီးဖြင့်။ ဇာတိဇရာမရဏေဟိ၊ ဇာတိဇရာမရဏတို့ဖြင့်။ သောကေဟိ၊ စိုးရိမ်ခြင်းတို့ဖြင့်။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့ဖြင့်။ ဒုက္ခေဟိ၊ကိုယ်ဆင်းရဲခြင်းတို့ဖြင့်။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့ဖြင့်။ ဥပါယာသေဟိ၊ ပြင်းစွာပင်ပန်းခြင်းတို့ဖြင့်။ အာဒိတ္တော၊တပြောင်ပြောင်တောက်လောင်အပ်၏။ မယာ၊ ငါ့ကို။ အညတြ၊ ကြဉ်၍။ တဿ လောကသန္နိဝါသဿ၊ ထိုလောက၌နေသော သတ္တဝါအပေါင်းအား။ နိဗ္ဗာပေတာ၊ ရာဂအစရှိသည်ကို ငြိမ်းစေတတ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ၊ မရှိ။ပ။ လောကသန္နိဝါသော၊ လောက၌နေသော သတ္တဝါအပေါင်းကို။ ဥန္နီတကော၊ ဘေးရန်ရှိရာသို့ဆောင်အပ်၏။ အတာဏော၊ စောင့်ရှောက်သူ မရှိသည်ဖြစ်၍။ နိစ္စံ၊ အမြဲ။ ဟညတိ၊ ညှဉ်းဆဲအပ်၏။ ပတ္တဒဏ္ဍော၊ ရောက်အပ်သော မင်းဒဏ်ရှိသော။ တက္ကရော၊ ခိုးသူသဖွယ်ဖြစ်၏။ပ။ ဝဇ္ဇဗန္ဓနေန၊ ရာဂအစရှိသော အပြစ်တည်းဟူသော အနှောင်အဖွဲ့ဖြင့်။ ဗဒ္ဓေါ၊ နှောင်ဖွဲ့အပ်သည်ဖြစ်၍။ အာဃာတနပစ္စုပဋ္ဌိတော၊ သူသတ်ကုန်းသို့ ကပ်ရောက်လျက်တည်၏။ပ။ အနာထော၊ ကိုးကွယ်ရာမရှိသည်ဖြစ်၍။ ပရမကာပညပတ္တော၊ အလွန်ပင် အထီးကျန်သည်၏ အဖြစ်သို့ ရောက်၏။ပ။ တာယေတာ၊စောင့်ရှောက်တတ်သော။ပ။ ဒုက္ခာဘိတုန္နော၊ ဇာတိဒုက္ခအစရှိသော များစွာသော ဆင်းရဲတို့ဖြင့် အလွန် ထိုးဆွအပ်သည်ဖြစ်၍။ စိရရတ္တံ၊မြင့်စွာသော ကာလပတ်လုံး။ပီဠိတော၊ နှိပ်စက်အပ်၏။ (ဂဓိတော၊မက်မောသည်ဖြစ်၍။) နိစ္စံ၊ အမြဲ။ ပိပါသိတော၊ မွတ်သိပ်လျက်ရှိ၏။

အစက္ခုကောတိ၊ ပညာမျက်စိမရှိသည်ဖြစ်၍။ အန္ဓောတိ၊ အကန်းသဖွယ်ဖြစ်၏။ပ။ဟတနေတ္တောတိ၊ လမ်းမှန်သို့ ဆောင်တတ်သော ပညာမျက်စိပျက်သည်ဖြစ်၍။ အပရိဏာယကောတိ၊ ခရီးညွှန်မှု ကင်း၏။ပ။ဝိပထပက္ခန္ဒောတိ၊ မိစ္ဆာအယူ တည်းဟူသော လမ်းမှားသို့ လိုက်သည်ဖြစ်၍။ အဥ္ဇသာ ပရဒ္ဓေါ၊ လမ်းလွဲလျက်ရှိ၏။ပ။ မယာ၊ ငါကို။ အညတြ၊ ကြဉ်၍။ တဿ လောကသန္နိဝါသဿ၊ ထိုလောက၌ နေသော သတ္တဝါ အပေါင်းကို။ အရိယပထံ၊ အရိယာတို့၏ ခရီးလမ်းမှန်သို့။ အာနေတာ၊ ဆောင်တတ်သော။ အညော၊ တပါးသော။ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ၊ မရှိ ။ပ။ မဟောဃပက္ခန္ဒော၊ ကြီးစွာသော ကိလေသာ ရေအယဉ်သို့ ပြေးဝင်ကျရောက်လျက်ရှိ၏။ပ။

၁၁၇။ ဒွီဟိနှစ်ပါးကုန်သော။ ဒိဋ္ဌိဂတေဟိ၊သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့သည်။ပရိယုဋ္ဌိတော၊ထကြွနှိပ်စက်အပ်၏။ပ။တီဟိ၊ သုံးပါးကုန်သော။ ဒုစ္စရိတေဟိ၊ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ဖြင့်။ ဝိပ္ပဋိပန္နော၊ မှားယွင်းစွာပြုကျင့်လျက်ရှိ၏။ပ။

စတုယောဂယောဇိတောတိ၊ ကာမယောဂ အစရှိသော လေးပါးသောယောဂတို့က ဝဋ်ဆင်းရဲ၌ ယှဉ်စေအပ်သည်ဖြစ်၍။စတူဟိယောဂေဟိ၊လေးပါးသောယောဂတို့နှင့်။ယုတ္တော၊ ယှဉ်လျက်ရှိ၏။ပ။ စတူဟိ၊ လေးပါးကုန်သော။ ဂန္ထေဟိ၊ အဘိဇ္ဈာအစရှိသော ဂန္ထတို့ဖြင့်။ ဂန္ထိတော၊ ထုံးဖွဲ့အပ်၏။ပ။ စတူဟိ၊ လေးပါးကုန်သော။ ဥပါဒါနေဟိ၊ဥပါဒါန်တို့ဖြင့်။ ဥပါဒိယတိ၊ပြင်းစွာ စွဲလမ်းလျက်ရှိ၏။ပ။ ပဉ္စဂတိသမာရုဠှော၊ ငါးပါးသော ဂတိသို့ အဖန်တလဲလဲ တက်ရောက်လျက်ရှိ၏ ။ပ။ ပဉ္စဟိ ကာမဂုဏေဟိ၊ ငါးပါးသော ကာမဂုဏ်တို့ဖြင့်။ ရဇ္ဇတိ၊ တပ်မက်နေ၏ ။ပ။ ပဉ္စဟိနီဝရဏေဟိ၊ ငါးပါးသော နီဝရဏတို့ဖြင့်။ ဩတ္ထဋော၊ ဖုံးလွှမ်းအပ်၏။ပ။ဆဟိ ဝိဝါဒမူလေဟိ၊ ခြောက်ပါးသော ဝိဝါဒမူလတို့ဖြင့်။ ဝိဝဒတိ၊ ငြင်းခုန်နေ၏။ပ။ ဆဟိ တဏှာကာယေဟိ၊ ခြောက်ပါးသော တဏှာကာယတို့ဖြင့်။ ရဇ္ဇတိ၊ တပ်မက်နေ၏။ပ။ ဆဟိ ဒိဋ္ဌိဂတေဟိ၊ ခြောက်ပါးသော မိစ္ဆာအယူတို့ဖြင့်။ ပရိယုဋ္ဌိတော၊ ထကြွနှိပ်စက်အပ်၏။ပ။ သတ္တဟိ အနုသယေဟိ၊ ခုနစ်ပါးသော အနုသယတို့ဖြင့်။ အနုသဋော၊အစဉ်လျှောက်၍ဝင်အပ် ပျံ့နှံ့အပ်၏။ပ။ သတ္တဟိ သညောဇနေဟိ၊ ခုနစ်ပါးသော သံယောဇဉ်တို့နှင့်။ သညုတ္တော၊ စပ်ယှဉ်၏။ပ။ သတ္တဟိ မာနေဟိ၊ ခုနစ်ပါးသော မာနတို့ဖြင့်။ ဥန္နတော၊ တက်ကြွလျက်ရှိ၏။ပ။ အဋ္ဌဟိ လောကဓမ္မေဟိ၊ ရှစ်ပါးသော လောကဓံ တရားတို့ဖြင့်။သမ္ပရိဝတ္တတိ၊တပြောင်း ပြန်ပြန်လည်လျက်ရှိ၏။ပ။အဋ္ဌဟိ မိစ္ဆတ္တေဟိ၊ ရှစ်ပါးသော မိစ္ဆတ္တတို့ဖြင့်။ နိယျာတော၊ ထိုမှ ဤမှ ပြေးသွား၏။ပ။ အဋ္ဌဟိ ပုရိသဒေါသေဟိ၊ ရှစ်ပါးသော ပုရိသဒေါသတို့ဖြင့်။ဒုဿတိ၊ပျက်စီးလျက်ရှိ၏ ပ။နဝဟိအာဃာတဝတ္ထူဟိ၊ကိုးပါးသောအာဃာတဝတ္ထုတို့ဖြင့်။ အာဃာတိတော၊ ထိပါးနှိပ်စက်အပ်၏ ။ပ။ နဝဝိဓမာနေဟိ၊ ကိုးပါးအပြားရှိသော မာနတို့ဖြင့်။ ဥန္နတော၊ တက်ကြွလျက်ရှိ၏။ပ။ တဏှာမူလကေဟိ၊ တဏှာလျှင် အကြောင်းရင်း ရှိကုန်သော။နဝဟိ ဓမ္မေဟိ၊ ၉-ပါးသော တရားတို့ဖြင့်။ ရဇ္ဇတိ၊တပ်မက်နေ၏။ပ။ဒသဟိ ကိလေသဝတ္ထူဟိ၊ဆယ်ပါးသော ကိလေသဝတ္ထုတို့ဖြင့်။ ကိလိဿတိ၊ ပူပန်စေအပ် နှိပ်စက်အပ်၏။ပ။ဒသဟိ အာဃာတဝတ္ထူဟိ၊ ဆယ်ပါးသော အာဃာတဝတ္ထုတို့ဖြင့်။ အာဃာတိတော၊ ထိပါးနှိပ်စက်အပ်၏။ပ။ဒသဟိ အကုသလကမ္မပထေဟိ၊ဆယ်ပါးသော အကုသလကမ္မပထတို့နှင့်။သမန္နာဂတော၊ ပြည့်စုံ၏။ပ။ဒသဟိ သညောဇနေဟိ၊ ဆယ်ပါးသော သံယောဇဉ် တရားတို့သည်။ သညုတ္တော၊ ယှဉ်စေအပ်၏။ပ။ဒသဟိ မိစ္ဆတ္တေဟိ၊ ဆယ်ပါးသော မိစ္ဆာတရားတို့ဖြင့်။ နိယျာတော၊ ထိုမှ ဤမှ ပြေးသွား၏။ပ။ဒသဝတ္ထုကာယ၊ ဆယ်ပါးသော မှီရာဝတ္ထုရှိသော။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာအယူနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ပ။ဒသဝတ္ထုကာယ၊ဆယ်ပါးသော မှီရာဝတ္ထုရှိသော။ အန္တဂ္ဂါဟိကာယ၊

အန္တဂ္ဂါဟိကဟု ဆိုအပ်သော။ ဒိဋ္ဌိယာ၊ အယူနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ပ။ လောကသန္နိဝါသော၊ လောက၌နေသော သတ္တဝါအပေါင်းသည်။ အဋ္ဌသတတဏှာပပဉ္စသတေဟိ၊ တရာ့ရှစ်ပါးသော တဏှာ ပပဉ္စတရားများစွာတို့ဖြင့်။ ပဋဉ္စိတော၊ အကျယ်ချဲ့လျက်ရှိ၏ ။ပ။ လောကသန္နိဝါသော၊ လောက၌ နေသောသတ္တဝါ အပေါင်းကို။ ဒွါသဋ္ဌိဒိဋ္ဌိဂတေဟိ၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့သည်။ ပရိယုဋ္ဌိတော၊ ထကြွနှိပ်စက်အပ်၏။ ဣတိ၊ ဤသို့။ ပဿန္တာနံ၊ ရှုကုန်သော။ ဘဂဝန္တာနံ၊ ဘုန်းတော်ကြီးကုန်သော။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သတ္တေသု၊ သတ္တဝါတို့၌။ မဟာကရုဏာ၊ လွန်စွာသနားသော မဟာကရုဏာတော်သည်။ဩက္ကမတိ၊ သက်၏။

အဟဉ္စ၊ ငါသည်ကား (ငါသည်သာလျှင်-ဟု အဝဓာရဏအနက်လည်း ပြန်ကြ၏။ ပဋ္ဌဝဂ္ဂိငါးဦး ရဟန္တာဖြစ်သည်မှ နောက်ကာလ၌ ငါသည်သာလျှင်ဟု နှလုံးသွင်းရန် မဖြစ်သင့်သောကြောင့် ဆင်ခြင်သင့်၏)။ တိဏ္ဏော၊ သံသရာတည်းဟူသော သမုဒ္ဒရာမှ ကူးမြောက်ပြီးသည်။ အမှို၊ ဖြစ်၏။ လောကော စ၊ သတ္တဝါ အပေါင်းသည်ကား။အတိဏ္ဏော၊မကူးမြောက်ရသေး။အဟဉ္စ၊ငါသည်ကား။ မုတ္တော၊ ရာဂ အစရှိသော အနှောင်အဖွဲ့မှ လွတ်ပြီးသည်။ အမှို၊ ဖြစ်၏။ လောကော စ၊ သတ္တဝါ အပေါင်းသည်ကား။ အမုတ္တော၊ မလွတ်သေး။ အဟဉ္စ၊ ငါသည်ကား။ ဒန္တော၊ ယဉ်ကျေးပြီးသည်။ အမှို၊ဖြစ်၏။ လောကော စ၊သတ္တဝါအပေါင်းသည်ကား။အဒန္တော၊ မယဉ်ကျေးသေး။အဟဉ္စ၊ငါ သည်ကား။သန္တော၊ငြိမ်သက်ပြီးသည်။အမှို၊ဖြစ်၏။လောကော စ၊သတ္တဝါအပေါင်းသည်ကား။အသန္တော၊မငြိမ်သက်သေး။အဟဉ္စ၊ငါသည်ကား။ အဿတ္ထော၊ သက်သာရာကိုရပြီးသည်။အမှို၊ဖြစ်၏။ လောကော စ၊သတ္တဝါအပေါင်းသည်ကား။ အနဿတ္ထော၊ သက်သာရာကိုမရသေး။ အဟဉ္စ၊ ငါသည်ကား။ ပရိနိဗ္ဗုတော၊ ကိလေသာမီး အလုံးစုံ ငြိမ်းပြီးသည်။ အမှို၊ ဖြစ်၏။ လောကော စ၊သတ္တဝါအပေါင်းသည်ကား။အပရိနိဗ္ဗုတော၊ မငြိမ်းသေး။အဟံ၊ ငါသည်။တိဏ္ဏော၊ သံသရာတည်းဟူသောသမုဒ္ဒရာမှကူးမြောက်ပြီးသည်ဖြစ်၍။ပရေ စ၊သူတပါးတို့ကိုလည်း။တာရေတုံ၊ ကူးမြောက်စေခြင်းငှါ။မုတ္တော၊ ရာဂအစရှိသော အနှောင်အဖွဲ့မှ လွတ်ပြီးသည်ဖြစ်၍။ ပရေ စ၊ သူတပါးတို့ကိုလည်း။မောစေတုံ၊ လွတ်စေခြင်းငှါ။ ဒန္တော၊ ယဉ်ကျေးပြီးသည်ဖြစ်၍။ ပရေ စ၊ သူတပါးတို့ကိုလည်း။ ဒမေတုံ၊ ယဉ်ကျေးစေခြင်းငှါ။ သန္တော၊ ငြိမ်သက်ပြီးသည်ဖြစ်၍။ ပရေ စ၊ သူတပါးတို့ကိုလည်း။သမေတုံ၊ ငြိမ်သက်စေခြင်းငှါ။ အဿတ္ထော၊ သက်သာရာ ရပြီးသည်ဖြစ်၍။ ပရေ စ၊ သူတပါးတို့ကိုလည်း။အဿာသေတုံ၊ သက်သာရာရစေခြင်းငှါ။ ပရိနိဗ္ဗုတော၊ ငြိမ်းပြီးသည်ဖြစ်၍။ပရေ စ၊ သူတပါးတို့ကိုလည်း။ပရိနိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှါ။ ခေါ စင်စစ်။ ပဟောမိ၊ စွမ်းနိုင်၏။ ဣတိ၊ ဤသို့။ ပဿန္တာနံ၊ ရှုကုန်သော။ ဘဂဝန္တာနံ၊ ဘုန်းတော်ကြီးကုန်သော။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သတ္တေသု၊ သတ္တဝါတို့၌။ မဟာကရုဏာ၊ လွန်စွာသနားသော မဟာကရုဏာတော်သည်။ဩက္ကမတိ၊သက်ဝင်၏။ ဣဒံ၊ ဤဆိုအပ်ပြီးသည်ကား။ တထာဂတဿ၊ ၏။ မဟာကရုဏာသမာပတ္တိယာ ဉာဏံ၊ မဟာကရုဏာသမာပတ္တိဉာဏ်ပေတည်း။

ကေသတ္တတိမော၊ခုနစ်ဆယ့်တခုမြောက်ဖြစ်သော။မဟာကရုဏာဉာဏနိဒ္ဒေသော၊သည်၊နိဋ္ဌိတော၊ပြီးပြီ။

---

## ၇၂-၇၃-သဗ္ဗညုတညာဏနိဒ္ဒေသ

၁၁၉။ တထာဂတဿ၊၏။သဗ္ဗညုတညာဏံ၊သဗ္ဗညုတဉာဏ်တော်သည်။ ကတမံ၊ အဘယ်နည်း။ သဗ္ဗံ၊ အလုံးစုံသော။ သင်္ခတံ၊ သင်္ခတတရားကိုင်း။ အသင်္ခတံ၊ အသင်္ခတ တရားကိုင်း။

အနုပဝေသံ၊ အကြွင်းမဲ့။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့ (အကြွင်းမရှိသော သင်္ခတ အသင်္ခတကို) သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနာဝရဏ ဉာဏံ၊ အနာဝရဏဉာဏ်မည်၏။

၁၂၀။ အတီတံ၊ အတိတ်ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသောတရားကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့ (အတိတ်တရားကို) သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသောတရားကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်၊ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့ (အနာဂတ်တရားကို) သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ သဗ္ဗံ၊ ကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတ-ညာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့ (ပစ္စုပ္ပန်တရားကို) သိရာ၌၊ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ၊ ဣတိ၊ ထို့ကြောင့်၊ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။

စက္ခုဉ္စေဝ၊ စက္ခုပသာဒသည်၎င်း။ ရူပါ စ၊ ရူပါရုံတို့သည်၎င်း။ အတ္ထိ၊ ရှိကုန်၏။ ဧဝံ၊ ဤသို့။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်မည်၏၊ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။ သောတဉ္စေဝ၊ သောတပသာဒသည်၎င်း။ သဒ္ဒါ စ၊ သဒ္ဒါရုံတို့သည်၎င်း။ ပ။ ဃာနဉ္စေဝ၊ ဃာနပသာဒသည်၎င်း။ ဂန္ဓာ စ၊ ဂန္ဓာရုံတို့သည်၎င်း။ ဇိဝှါစေဝ၊ ဇိဝှါ ပသာဒသည်၎င်း။ ရသာ စ၊ ရသာရုံတို့သည်၎င်း။ ကာယောစေဝ၊ ကာယပသာဒသည်၎င်း။ ဖောဋ္ဌဗ္ဗာ စ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်၎င်း။ မနောစေဝ၊ မနတို့သည်၎င်း။ ဓမ္မာ စ၊ ဓမ္မာရုံ တို့သည်၎င်း။ အတ္ထိ၊ ရှိကုန်၏။ ဧဝံ၊ ဤသို့၊ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ၊ ဣတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ် မည်၏။

ယာဝတာ၊ အကြင်မျှလောက်။ အနိစ္စဋ္ဌံ၊ အနိစ္စသဘောသည်။ ဒုက္ခဋ္ဌံ၊ ဒုက္ခသဘောသည်။ အနတ္တဋ္ဌံ၊ အနတ္တသဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ မည်၏။

ယာဝတာ၊ အကြင်မျှလောက်။ ရူပဿ၊ ရုပ်၏။ အနိစ္စဋ္ဌံ၊ အနိစ္စသဘောသည်။ ဒုက္ခဋ္ဌံ၊ ဒုက္ခသဘောသည်။ အနတ္တဋ္ဌံ၊ အနတ္တသဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ ဉာဏ်မည်၏။ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ ဉာဏ်မည်၏။ ယာဝတာ၊ အကြင်မျှလောက်။ ဝေဒနာယ၊ ဝေဒနာ၏။ ပ။ ဇရာမရဏဿ၊ ဇရာမရဏ၏။ အနိစ္စဋ္ဌံ၊ အနိစ္စသဘောသည်။ ဒုက္ခဋ္ဌံ၊ ဒုက္ခသဘောသည်။ အနတ္တဋ္ဌံ၊ အနတ္တ သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ ဉာဏ်မည်၏။ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။

ယာဝတာ၊ အကြင်မျှလောက်။ အဘိညာယ၊ အဘိညာ၏။ အဘိညဋ္ဌံ၊ အထူးသဖြင့်သိအပ်သော သဘောသည်။ ယာဝတာ၊ အကြင်မျှလောက်။ ပရိညာယ၊ ပရိညာ၏။ ပရိညဋ္ဌံ၊ ပိုင်းခြား၍ သိအပ်သော သဘောသည်။ ပဟာနဿ၊ ပဟာန၏။ ပဟာနဋ္ဌံ၊ ပယ်အပ်သော သဘောသည်။ ဘာဝနာယ၊ ဘာဝနာ၏။ ဘာဝနဋ္ဌံ၊ ပွါးစေအပ်သော သဘောသည်။ သစ္ဆိကိရိယာယ၊ သစ္ဆိကိရိယာ၏။ သစ္ဆိကိရိယဋ္ဌံ၊ မျက်မှောက်ပြုအပ်သော သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဉာတံ၊ ထို့ကြောင့်။ သဗ္ဗညုတဉာဏံ၊ ဉာဏ်မည်၏။ပ။

ယာဝတာ၊ အကြင်မျှလောက်။ခန္ဓာနံ၊ ခန္ဓာတို့၏။ခန္ဓဋ္ဌံ၊အဖို့အစုသဘောသည်။ အာယတနာနံ၊ အာယတနတို့၏။ အာယတနဋ္ဌံ၊အကြောင်းသဘောသည်။ဓာတူနံ၊ဓာတ်တို့၏။ဓာတဋ္ဌံ၊ဆောင်တတ်သောသဘောသည်။ သစ္စာနံ၊ သစ္စာတရားတို့၏။သစ္စဋ္ဌံ၊သစ္စာသဘောသည်။ အသင်္ခတဿ၊ အသင်္ခတ၏။ အသင်္ခတဋ္ဌံ၊ အသင်္ခတသဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ဇာနာတိ၊ သိတတ်၏။ပ။

ယာဝတာ၊ အကြင်မျှလောက်။ ကုသလေ၊ ကုသိုလ်ဖြစ်သော။ ဓမ္မေ၊ တရား၌။ ပဝတ္တံ၊ ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော တရားကို။ ဇာနာတိ၊ ၏။ ။တနည်းကား၊ ယာဝတာ၊ အကြင်မျှလောက်။ ကုသလေ ဓမ္မေ၊ ကုသိုလ်တရား၌။ ဇာနိတဗ္ဗံ၊ သိသင့်သိထိုက်သော သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ တဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ။[နောက်၌လည်းနည်းတူပင်။] ဉာတိ၊ ထို့ကြောင့်။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဉာတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။ ယာဝတာ၊အကြင်မျှလောက်။ အကုသလေ၊ အကုသိုလ်ဖြစ်သော။ ဓမ္မေ၊ တရား၌။ အဗျာကတေ၊ အဗျာကတဖြစ်သော။ ဓမ္မေ၊ တရား၌။ ကာမာဝစရေ၊ ကာမာဝစရဖြစ်သော။ ဓမ္မေ၊ ၌။ ရူပါဝစရေ၊ ရူပါဝစရဖြစ်သော။ ဓမ္မေ၊ ၌။ အရူပါဝစရေ၊ အရူပါဝစရဖြစ်သော။ ဓမ္မေ၊ ၌။ ယာဝတာ၊ အကြင်မျှလောက်။ အပရိယာပန္နေ၊ လောကသုံးပါး၌ အကျုံးမဝင်သော။ ဓမ္မေ၊ တရား၌။ ပဝတ္တံ၊ ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော တရားကို။ ဇာနာတိ၊ ၏။ ဉာတိ၊ ထို့ကြောင့်။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဉာတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။

ယာဝတာ၊ အကြင်မျှလောက်။ ဒုက္ခဿ၊ ဒုက္ခ၏။ ဒုက္ခဋ္ဌံ၊ ဒုက္ခသဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊၏။ပ။ ယာဝတာ၊ အကြင်မျှလောက်။ သမုဒယဿ၊ သမုဒယသစ္စာ၏။ သမုဒယဋ္ဌံ၊ ဖြစ်ကြောင်းသဘောသည်။ နိရောဓဿ၊ နိရောဓသစ္စာ၏။ နိရောဓဋ္ဌံ၊ ချုပ်ခြင်းသဘောသည်။မဂ္ဂဿ၊ မဂ္ဂသစ္စာ၏။ မဂ္ဂဋ္ဌံ၊ အကြောင်းသဘောသည်။ အတ္ထိ၊ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဉာတိ၊ ထို့ကြောင့်။ပ။

ယာဝတာ၊ အကြင်မျှလောက်။အတ္ထပဋိသမ္ဘိဒါယ၊ ၏။အတ္ထပဋိသမ္ဘိဒဋ္ဌံ၊ အနက်ကို သိသော သဘောသည်။ဓမ္မပဋိသမ္ဘိဒါယ၊၏။ဓမ္မပဋိသမ္ဘိဒဋ္ဌံ၊ဒေသနာပါဠိကိုသိသောသဘောသည်။ နိရုတ္တိပဋိသမ္ဘိဒါယ၊ ၏။ နိရုတ္တိပဋိသမ္ဘိဒဋ္ဌံ၊ ပါဠိသဒ္ဒါကို သိသောသဘောသည်။ ပဋိဘာနပဋိသမ္ဘိဒါယ၊ ၏။ ပဋိဘာနပဋိသမ္ဘိဒဋ္ဌံ၊ ပဋိဘာနကို သိသောသဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ သိတတ်၏။ ဉာတိ၊ ထို့ကြောင့်။ပ။

ယာဝတာ၊ အကြင်မျှလောက်။ ဣန္ဒြိယပရောပရိယတ္တေ၊ ဣန္ဒြိယပရောပရိယတ္တင်း။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ ယာဝတာ၊ အကြင်မျှလောက်။ သတ္တာနံ၊ သတ္တဝါတို့၏။ အာသယာနုသယေ၊ အာသယာနုသယ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထိ၊ ၏။ ယမကပါဋိဟီရေ၊ ယမကပါဋိဟာရိယ၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ မဟာကရုဏာ သမာပတ္တိယာ၊ မဟာကရုဏာသမာပတ်၌။ ဉာဏံ၊ သိသောဉာဏ် သည်။ အတ္ထိ၊ ၏။ တံ သဗ္ဗံ၊ ထိုအသုံးစုံကို။ ဇာနာတိ၊ ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတဉာဏံ၊ ဉာဏ် မည်၏။ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ အပိတ်အပင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။

ယာဝတာ၊ အကြင်မျှလောက်။ သဒေဝကဿ၊ နတ်ပြည်ငါးထပ်နှင့်တကွသော။ သမာရကဿ၊ မာရနတ်ပြည်နှင့် တကွသော။ သဗြဟ္မကဿ၊ ဗြဟ္မာပြည်နှင့် တကွသော။ လောကဿ၊ လောက၏။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားနှင့် တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိ နတ်တည်းဟူသော မင်း ကြွင်းသော လူနှင့်တကွသော။ ပဇာယ၊ သတ္တဝါအပေါင်း၏။ ဒိဋ္ဌံ၊ မြင်အပ် သောတရားသည်။ သုတံ၊ ကြားအပ်သောတရားသည်။ မုတံ၊ တွေ့အပ်သော တရားသည်။ ဝိညာ တံ၊ သိအပ်သောတရားသည်။ ပတ္တံ၊ ရောက်အပ်သောတရားသည်။ ပရိယေသိတံ၊ ရှာမှီးအပ်သော တရားသည်။ မနသာ၊ စိတ်ဖြင့်။ အနုဝိစရိတံ၊ အဖန်တလဲလဲ လှေ့ကျက်အပ်သော တရားသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်မည်၏။ တတ္ထ၊ ထိုသို့သိရာ၌။ အာဝရဏံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်မည်၏။

၁၂၁။ တဿတထာဂတဿ၊ ထိုမြတ်စွာဘုရားအား။ ဣဓ၊ ဤသုံးပါးသောလောကဓာတ်၌။ ပညာစက္ခုနာ၊ ပညာမျက်စိဖြင့်။ အဒိဋ္ဌံနာမ၊ မမြင်အပ်သောတရားမည်သည်။ ကိဉ္စိ၊ တစုံတခုမျှ။ န အတ္ထိ၊ မရှိ။ အထော၊ ထို့မှ။ အဝိညာတံ၊ မသိအပ်သော တရားမည်သည်။ ကိဉ္စိ၊ တစုံတခုမျှ။ န အဟောသိ၊ မရှိခဲ့။ အဇာနိတဗ္ဗံ၊ မသိအပ် မသိနိုင်သော တရားမည်သည်။ ကိဉ္စိ၊ တစုံတခုမျှ။ န အဘိဇာနိ၊ မရှိလတ္တံ့။ နေယျံ၊ သိအပ် သိထိုက်သော။ ကိဉ္စိ၊ တစုံတခုသော။ ယံ ခမ္မဇာတံ၊ အကြင်တရားသဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော တရား သဘောကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အဘိညာသိ၊ ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူပြီ။ တေန၊ ထို့ကြောင့်။ တထာဂတော၊ မြတ်စွာဘုရားကို။ သမန္တစက္ခု ဣတိ၊ ထက်ဝန်းကျင်မြင်စွမ်းနိုင်သော ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူသည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သမန္တစက္ခု ဣတိ ကေန္တော၊ သမန္တစက္ခု-ဟူသော ဤပုဒ်၌။ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ သမန္တစက္ခု၊ သမန္တစက္ခုမည်သနည်း။ ဗုဒ္ဓဉာဏာနိ၊ ဗုဒ္ဓဉာဏ်တော်တို့သည်။ စုဒ္ဒသ၊ တဆယ့်လေးပါး တို့တည်း။ ဒုက္ခေ၊ ဒုက္ခ၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ဗုဒ္ဓဉာဏံ၊ ဗုဒ္ဓဉာဏ်မည်၏။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏ဖြစ်ကြောင်း၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ ဉာဏ်သည်။ ဗုဒ္ဓဉာဏံ၊ ဗုဒ္ဓဉာဏ် မည်၏။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ ၏။ ဒုက္ခနိရောဓ ဂါမိနိယာ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ ပဋိပဒါယ၊ အကျင့်၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ ဗုဒ္ဓဉာဏ်မည်၏။ အတ္ထပဋိသမ္ဘိဒေ၊ အနက်ကိုသိရာ၌။ ပဝတ္တံ၊ ဖြစ်

သော။ ဉာဏံ၊ ဉာဏ်သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ ဓမ္မပဋိသမ္ဘိဒေ၊ ဒေသနာပါဠိကို သိရာ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ နိရုတ္တိပဋိသမ္ဘိဒေ၊ ပါဠိသဒ္ဒါကိုသိရာ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ ဉာဏ်သည်၊ ဗုဒ္ဓဉာဏံ၊ မည်၏။ ပဋိဘာနပဋိသမ္ဘိဒေ၊ ပဋိဘာနကိုသိရာ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ ဣန္ဒြိယပရောပရိယတ္တေ၊ ဣန္ဒြိယပရောပရိယတ္တ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ အာသယာနုသယေ၊ အာသယာနုသယ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ ယမကပါဋိဟီရေ၊ ယမကပါဋိဟာရိယ၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ မဟာကရုဏာသမာပတ္တိယာ၊ မဟာကရုဏာသမာပတ်၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဗုဒ္ဓဉာဏံ၊ ဗုဒ္ဓဉာဏ်မည်၏။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်သည်။ ဗုဒ္ဓဉာဏံ၊ မည်၏။ ဗုဒ္ဓသ၊ တဆယ့်လေးပါးကုန်သော။ ဣမာနိ ဉာဏာနိ၊ ဤဉာဏ်တို့သည်။ ဗုဒ္ဓဉာဏာနိ၊ ဗုဒ္ဓဉာဏ်တို့မည်ကုန်၏။ ဗုဒ္ဓသန္နံ၊ တဆယ့်လေးပါးကုန်သော။ ဣမေသံ ဗုဒ္ဓဉာဏာနံ၊ ဤဗုဒ္ဓဉာဏ်တို့တွင်။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဉာဏာနိ၊ ဉာဏ်တို့သည်။ သာဝက သာဓာရဏာနိ၊ သာဝကတို့နှင့်ဆက်ဆံကုန်၏။ ဆ၊ ခြောက်ပါးကုန်သော။ ဉာဏာနိ၊ ဉာဏ်တို့သည်။ သာဝကေဟိ၊ သာဝကတို့နှင့်။ အသာဓာရဏာနိ၊ မဆက်ဆံကုန်။

တည်းပင် ဆက်လျက်ရှိ၏။ "ဣမေဟိ စ ပ န နီဝရဏေဟိ။ပ။ ခဏိကသမောဓာနာ" ဟူသော စကားရပ်ထဲတွင် ပမာဒဖြစ်သော ကတ္တား နှင့် ကြိယာ မရှိသည်ကို ထောက်ဆလျှင် ၎င်းစကားရပ်သည် "ကတမေ အဋ္ဌာရသ"စသည်နှင့် တဝါကျ တည်းဖြစ်ကြောင်း ထင်ရှား၏။ ဤအရာ၌ 'ခဏိကသမောဓာနာ'ပုဒ်ကို "ဥပက္ကိလေသာ ဥပ္ပဇ္ဇန္တိ"၏ ဟိတ်အဖြစ်, ဝိသေသနအဖြစ်ဖြင့် ဖွင့်ပြထားသော အဋ္ဌကထာကိုလည်း အထူးသတိပြုသင့်၏။ ထို့ပြင် ပါဠိစာအုပ်နံပါတ် ၁၆၆-ဤဥပက္ကိလေသဉာဏနိဒ္ဒေသ၏ အဆုံး၌ "တေဟိ စ ပ န နီဝရဏေဟိ။ပ။ ခဏိကသမောဓာနာ အဋ္ဌာရသ ဥပက္ကိလေသာ ဥပ္ပဇ္ဇန္တိ"ဟု တဝါကျတည်း တည်ရှိသော နိဂုံးစကားကို ထောက်လျှင် ဤဥဒ္ဒေသအရာ၌လည်း တဝါကျတည်းဖြစ်ကြောင်း အထူးသဖြင့် ထင်ရှားလှပေ၏။ သို့သော် ကတမေ ဟူသော-ပုစ္ဆာဝါစကပုဒ်မှာ ဝါကျ၏ အစ၌သာရှိတတ်သောကြောင့်၎င်း၊ နိဒ္ဒေသပုစ္ဆာ ဝါကျရှိလျှင် ဥဒ္ဒေသသာမညဝါကျရှိပြီး ဖြစ်သင့်သောကြောင့်၎င်း တဝါကျတည်းယူရန် သံသယ မကင်းသည်လည်း ရှိရာ၏။ ထို့ကြောင့် ခဏိကသမောဓာနာ-နောင်"အဋ္ဌာရသ ဥပက္ကိလေသာ ဥပ္ပဇ္ဇန္တိ" ဟူသော ပမာဒ သုံးပုဒ်ကို ထည့်၍ ဥဒ္ဒေသသာမညဝါကျ အဖြစ်ဖြင့် ယူလိုကယူရန်၎င်း၊ သို့မဟုတ် ၎င်း သုံးပုဒ်ကို မထည့်ဘဲ တဝါကျတည်း ယူလိုက ယူရန်၎င်း ရည်ရွယ်၍ "အဋ္ဌာရသ ဥပက္ကိလေသာ ဥပ္ပဇ္ဇန္တိ" ဟူသော အပိုသုံးပုဒ်ကို လက်သည်းကွင်းဖြင့် ပိုင်းခြား၍ ထည့်ပြလိုက်ပေသည်)။

## ပဌမဆက္က

အဿာသာဒိမဇ္ဈပရိယောသာနံ၊ ဝင်သက်လေ၏ အစ အလယ် အဆုံးကို။ သတိယာ၊ အမှတ်သတိဖြင့်။ အနုဂစ္ဆတော၊အစဉ်လိုက်သော ယောဂီပုဂ္ဂိုလ်၏။အဇ္ဈတ္တံဝိက္ခေပဂတံ၊ အတွင်းသန္တာန်၌ ပျံ့လွင့်ခြင်းသို့ ရောက်သော။ (အဿာသ၏ အစ အလယ် အဆုံးကို လိုက်၍ ရှုလျှင် ကိုယ်တွင်း၌ ပျံ့လွင့်သည်ဟု ဆိုသော ဤပါဠိကို မှီ၍ ရှေးစာအုပ်နံပါတ် ၇၁-၌လည်း အဿာသဝသေန၊ ဝင်သက်၏ အစွမ်းအားဖြင့် ဟု ပြန်ခဲ့သည်၊ နောက်၌လည်း အဿာသ-ပုဒ်ကို ဝင်သက်ဟူ၍ချည်း ပြန်မည်။ သို့မှ ဤကျမ်းကိုဟောသော ဒေသကပုဂ္ဂိုလ်၏ အလိုကျ၍ ရှေးနောက်လည်း ညီမည်။) စိတ္တံ၊ စိတ်သည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ အနှောင့်အယှက်ဘေးရန်တည်း။ ပဿာသာဒိမဇ္ဈပရိယောသာနံ၊ ထွက်သက်လေ၏ အစ အလယ် အဆုံးကို။ သတိယာ၊ အမှတ်သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ်လိုက်သော ယောဂီပုဂ္ဂိုလ်၏။ ဗဟိဒ္ဓါဝိက္ခေပဂတံ၊ အပ၌ ပျံ့လွင့်ခြင်းသို့ ရောက်သော။ (ဤပါဠိနှင့်အညီ ရှေးစာပိုဒ်နံပါတ် ၇၁-၌လည်း ပဿာသဝသေန၊ ထွက်သက်၏ အစွမ်းအားဖြင့် ဟု ပြန်ခဲ့သည်။ နောက်၌လည်း ပဿာသ-ကို ထွက်သက်ဟူ၍ချည်း ပြန်မည်။) စိတ္တံ၊ စိတ်သည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်တည်း။ အဿာသပဋိကင်္ခနာနိကန္တိ၊ ဝင်သက်လေကို တောင့်တလိုလားခြင်း ဟူသော။

(ပဿာသပဋိကင်္ခနာနိကန္တိတိ-ဟု သံဝဏ္ဏေတဗ္ဗ တည်၍ ပြသော အဋ္ဌကထာနှင့်အညီ နိကန္တိ-ပုဒ်ကို ရှေးပုဒ်နှင့် သမာသ်တွဲလျက်သော်လည်း ယူသင့်၏။ စာမျက်နှာ ၁၆၅-၌ "အဿာသပဋိကင်္ခနာယ နိကန္တိယာ" ဟူသောပါဠ်နှင့်အညီ သမာသ်မတွဲဘဲ အသီး အသီး တပုဒ်စီ သော်လည်း ယူသင့်၏)။

တဏှာစရိယာ၊ တဏှာ၏ ဖြစ်ခြင်းသည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်တည်း။ ပဿာသပဋိကင်္ခနာနိကန္တိ၊ ထွက်သက်လေကို တောင့်တလိုလားခြင်းဟူသော။ တဏှာစရိယာ၊ တဏှာ၏ဖြစ်ခြင်းသည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်တည်း။ အဿာသေန၊ ဝင်သက်လေဖြင့်။ ဝါ၊သည်။အဘိတုန္နဿ၊နှိပ်စက်အပ်သော ယောဂီပုဂ္ဂိုလ်၏။ပဿာသပဋိလာဘေ၊ ထွက်သက်လေကိုရခြင်း၌။ မုစ္ဆနာ၊ သာယာဖွယ် ထင်လျက် တပ်မက်ခြင်းသည်။ ဝါ၊ သာယာဖွယ် ထင်ခြင်းဟူသော တွေဝေခြင်းသည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်တည်း။ ပဿာသေန၊ ထွက်သက်လေဖြင့်။ ဝါ၊ သည်။ အဘိတုန္နဿ၊ နှိပ်စက်အပ်သော ယောဂီပုဂ္ဂိုလ်၏။ အဿာသပဋိလာဘေ။ ဝင်သက်လေကို ရခြင်း၌။ မုစ္ဆနာ၊ သာယာဖွယ် ထင်လျက် တပ်မက်ခြင်းသည်။ ဝါ၊ သာယာဖွယ်ထင်ခြင်းဟူသော တွေဝေခြင်းသည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ အနှောင့်အယှက်ဘေးရန်တည်း။

အဿာသံ၊ ဝင်သက်လေကို။ အနုဂစ္ဆနာ၊ အစဉ်လိုက်သော။ သတိ စ၊ အတွင်းသန္တာန်၌ ပျံ့လွင့်ကြောင်းဖြစ်သော အမှတ်သတိရင်း။ ပဿာသံ၊ ထွက်သက်လေကို။ အနုဂစ္ဆနာ၊ အစဉ်လိုက်သော။ သတိ စ၊ အပ၌ ပျံ့လွင့်ကြောင်းဖြစ်သော အမှတ်သတိရင်း။ အဇ္ဈတ္တ ဝိက္ခေပါကင်္ခနာ စ၊ အတွင်းသန္တာန်၌ ပျံ့လွင့်စေတတ်သော ဝင်သက်လေကို တောင့်တခြင်းရင်း။ ဗဟိဒ္ဓါဝိက္ခေပပတ္ထနာ စ၊ အပ၌ ပျံ့လွင့်စေတတ်သော ထွက်သက်လေကို တောင့်တခြင်းရင်း။

အဿာသေန၊ ဝင်သက်လေဖြင့်။ ဝါ၊ ဝင်သက်လေသည်။ အဘိတုန္နဿ၊ နှိပ်စက်အပ်သော ယောဂီပုဂ္ဂိုလ်၏။ ပဿာသပဋိလာဘေ၊ ထွက်သက်လေကို ရခြင်း၌။ မုစ္ဆနာ၊ သာယာဖွယ်ထင်လျက် တပ်မက်ခြင်းရင်း။ ဝါ၊ သာယာဖွယ်ထင်ခြင်းဟူသော တွေဝေခြင်းရင်း။ ပဿာသေန၊ ထွက်သက်လေဖြင့်။ ဝါ၊ သည်။ အဘိတုန္နဿ၊ နှိပ်စက်အပ်သော ယောဂီပုဂ္ဂိုလ်၏။ အဿာသ ပဋိလာဘေ၊ ဝင်သက်ကို ရခြင်း၌။ မုစ္ဆနာ၊ သာယာဖွယ် ထင်လျက် တပ်မက်ခြင်းရင်း။ ဝါ၊ သာယာဖွယ်ထင်ခြင်းဟူသော တွေဝေခြင်းရင်း။ (ဣတိ၊ ဤသို့။) ဧတေ ဆ၊ ဤ ၆-ပါးတို့သည်။ အာနာပါနဿတိသမာဓိဿ၊ အာနာပါနသတိ သမာဓိ၏။ ဥပက္ကိလေသာ၊ ညစ်ညူးကြောင်း ဥပက္ကိလေသ တို့တည်း။

ယေဟိ၊ ယင်း ဥပက္ကိ လေသတို့သည်။ ဝါ၊ ယင်း ဥပက္ကိလေသတို့က။ ဝိက္ခိပ္ပမာနဿ၊ ပျံ့လွင့်ခြင်းသို့ ရောက်စေအပ်သော သူ၏။ စိတ္တံ၊ စိတ်သည်။ နော စ ဝိမုစ္စတိ၊ ဝင်သက် ထွက်သက်အာရုံ၌လည်း မသက်ဝင်။ ဝါ၊ ဆန့်ကျင်ဘက်တို့မှလည်း မလွတ်မြောက်။ ဝိမောက္ခံ၊ သက်ဝင်ခြင်း, လွတ်မြောက်ခြင်းကို။ အပ္ပဇာနန္တာ၊ မျက်မှောက်ကိုယ်တွေ့ အားဖြင့် မသိကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ပရပတ္တိယာ စ၊ သူတပါးပြောချက်ကိုသာ အားကိုးယုံကြည်ရကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ဒုတိယဆက္က

၁၅၅။ နိမိတ္တံ၊ (ဝင်လေထွက်လေတို့၏ ထိရာဌာနဟူသော) နိမိတ်ကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသော ယောဂီ၏။ စိတ္တံ၊ စိတ်သည်။ အဿာသေ၊ ဝင်သက်လေ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ (မတည်ဟု ဆိုလို၏။) သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်တည်း။ အဿာသံ၊ ဝင်သက်

လေကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသောယောဂီ၏။ စိတ္တံ၊ စိတ်သည်။ နိမိတ္တေ၊ နိမိတ်၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ (ဝင်သက် နောက်သို့ လိုက်လျက် အတွင်းသို့ ဝင်သွားသောကြောင့် နိမိတ်၌ မတည်ဟု ဆိုလို၏။) သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ နိမိတ္တံ၊ နိမိတ်ကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသော ယောဂီ၏။ စိတ္တံ၊ စိတ်သည်။ ပဿာသေ၊ ထွက်သက်လေ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ ပဿာသံ၊ ထွက်သက်လေကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသော ယောဂီ၏။ စိတ္တံ၊ စိတ်သည်။ နိမိတ္တေ၊ နိမိတ်၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ အဿာသံ၊ ဝင်သက်လေကိုသာလျှင်။ အာဝဇ္ဇတော၊ ၏။ စိတ္တံ၊ သည်။ ပဿာသေ၊ ထွက်သက်လေ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ ပဿာသံ၊ ထွက်သက်လေကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသောယောဂီ၏။ စိတ္တံ၊ စိတ်သည်။ အဿာသေ၊ ဝင်သက်လေ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ အနှောင့်အယှက် ဘေးရန်တည်း။

နိမိတ္တံ၊ နိမိတ်ကိုသာလျှင်။ အာဝဇ္ဇမာနဿ၊ နှလုံးသွင်းသောယောဂီ၏။ မနော၊ စိတ်သည်။ အဿာသေ၊ ဝင်သက်လေ၌။ ဝိက္ခိပတေ၊ ပျံ့လွင့်၏။ အဿာသံ၊ ဝင်သက်လေကိုသာလျှင်။ အာဝဇ္ဇမာနဿ၊ ၏။ စိတ္တံ၊ သည်။ နိမိတ္တေ၊ ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။

နိမိတ္တံ၊ ကိုသာလျှင်။ အာဝဇ္ဇမာနဿ၊ ၏။ မနော၊ စိတ်သည်။ ပဿာသေ၊ ထွက်သက်လေ၌။ ဝိက္ခိပတေ၊ ပျံ့လွင့်၏။ ပဿာသံ၊ ထွက်သက်လေကိုသာလျှင်။ အာဝဇ္ဇမာနဿ၊ ၏။ စိတ္တံ၊ သည်။ နိမိတ္တေ။ ၌။ ဝိကမ္ပတိ၊ ၏။ အဿာသံ၊ ဝင်သက်လေကိုသာလျှင်။ အာဝဇ္ဇမာနဿ၊ ၏။ မနော၊ သည်။ ပဿာသေ၊ ထွက်သက်လေ၌။ ဝိက္ခိပတေ၊ ပျံ့လွင့်၏။ ပဿာသံ၊ ထွက်သက်လေကိုသာလျှင်။ အာဝဇ္ဇမာနဿ၊ ၏။ စိတ္တံ၊ သည်။ အဿာသေ၊ ဝင်သက်လေ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။

ဧတေ ဆ၊ ဤ၆ ပါးတို့သည်။ အာနာပါနဿတိသမာဓိဿ၊ ၏။ ဥပက္ကိလေသာ၊ ညစ်ညူးကြောင်းဥပက္ကိလေသတို့တည်း။ ယေဟိ၊ ယင်း ဥပက္ကိလေသတို့သည်။ ဝိက္ခိပ္ပမာနဿ၊ ပျံ့လွင့်ခြင်းသို့ ရောက်စေအပ်သောပုဂ္ဂိုလ်၏။ စိတ္တံ၊ သည်။ နော စ ဝိမုစ္စတိ၊ ဝင်သက် ထွက်သက် အာရုံ၌လည်း မသက်ဝင်။ ဝါ၊ ဆန့်ကျင်ဘက်တို့မှလည်း မလွတ်မြောက်။ ဝိမောက္ခံ၊ သက်ဝင်ခြင်း လွတ်မြောက်ခြင်းကို။ အပ္ပဇာနန္တာ၊ မျက်မှောက်ကိုယ်တွေ့အားဖြင့် မသိကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ပရပတ္တိယာ စ၊ သူတပါးပြောချက်ကိုသာ အားကိုးယုံကြည်ရကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## တတိယဆက္က

၁၅၆။ အတီတာနုဓာဝနံ၊ အတိတ်သို့ အစဉ်လိုက်သော။ ဝါ၊ ထိရာဌာနကို လွန်သွားပြီးသော ဝင်သက် ထွက်သက်ကိုအစဉ်လိုက်သော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပါနုပတိတံ၊ ပျံ့လွင့်မှုက အစဉ်လိုက်အပ်၏။ ဝါ၊ ပျံ့လွင့်မှု၌ ကျရောက်၏။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော အနှောင့်အယှက် ဘေးရန်တည်း။ အနာဂတပဋိကင်္ခနံ၊ အနာဂတ်ကို မျှော်လင့်တောင့်တသော။ ဝါ၊ ထိရာဌာနသို့ မရောက်သေးသော ဝင်သက်ထွက်သက်ကို မျှော်လင့်တောင့်တသော။ စိတ္တံ၊ သည်။ ဝိကမ္ပိတံ၊ (ထိရာဌာန၌ မတည်တံ့ဘဲ ပျံ့လွင့်သဖြင့်) တုန်လှုပ်၏။ သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ လီနံ၊ တွန့်ဆုတ်သော။ စိတ္တံ၊ သည်။ ကောသဇ္ဇာနုပတိတံ၊ ပျင်းရိမှုက အစဉ်လိုက်အပ်၏။ ဝါ၊ ပျင်းရိမှု၌ကျရောက်

၏၊ သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ အတိပဂ္ဂဟိတံ၊ အလွန်ချီးမြှောက်အပ်သော၊ ဝါ၊ အားထုတ်လွန်းသော။ စိတ္တံ၊ သည်။ ဥဒ္ဓစ္စာနုပတိတံ၊ ပျံ့လွင့်မှုက အစဉ်လိုက်အပ်၏။ ဝါ၊ ပျံ့လွင့်မှု၌ ကျရောက်၏။ သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ (ရှေး၌ ဝိက္ခေပ—ကား မိမိစိတ်ကို အဝေးသို့ ပစ်လွှင့်လိုက်သကဲ့သို့ လွင့်သွားခြင်းသဘောဖြစ်သည်။ ဤ၌ ဥဒ္ဓစ္စ—ကားအနီး၌ပင် ကြောင့်ကြ စိုက်မှုကြောင့် အာရုံ၌မကပ်ဘဲ ကြွတက်လျက် ပျံ့လွင့်သောသဘော ဖြစ်သည်ဟု ခွဲခြားအပ်၏။) အဘိနတံ၊ အလွန်ညွတ်သော။ စိတ္တံ၊ စိတ်သည်။ (သမာဓိ ဥာဏ်ထူးများကို ရရန် စိတ်ညွတ်လွန်း တောင့်တလွန်းသည်ကို ဆိုလိုသည်)။ ရာဂါနုပတိတံ၊ တပ်မက်မှုက အစဉ် လိုက်အပ်၏။ ဝါ၊ တပ်မက်မှု၌ ကျရောက်၏။ သမာဓိဿ၊ ၏။ ပရိပန္ထော၊ တည်း။ အပနတံ၊ ဖဲခွါသော၊ ဝါ၊ ညွတ်ခြင်းကင်းသော။ စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ စိတ်ပျက်မှုဗျာပါဒက အစဉ်လိုက်အပ်၏။ ဝါ၊ စိတ်ပျက်မှု၌ ကျရောက်၏။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ အနှောင့်အယှက် ဘေးရန်တည်း။

အတီတာနုဓာဝနံ၊ အတိတ်သို့အစဉ်လိုက်သော။ စိတ္တံ၊ စိတ်သည်၎င်း။ အနာဂတပဋိကင်္ခနံ၊ အနာဂတ်ကိုမျှော်လင့်တောင့်တသော။ စိတ္တံ၊ စိတ်သည်၎င်း။ လီနံ၊ တွန့်ဆုတ်သော။ စိတ္တံ၊ စိတ်သည်၎င်း။ အတိပဂ္ဂဟိတံ၊ အလွန်ချီးမြှောက်အပ်သော။ စိတ္တံ၊ စိတ်သည်၎င်း။ အဘိနတံ၊ အလွန်ညွတ်သော။ စိတ္တံ၊ စိတ်သည်၎င်း။ အပနတံ၊ ဖဲခွါသော။ စိတ္တံ၊ စိတ်သည်၎င်း။ န သမာဓိယတိ၊ မတည်ကြည်။

ဧတေ ဆ၊ ဤခြောက်ပါးတို့သည်။ အာနာပါနဿတိသမာဓိဿ၊ ၏။ ဥပက္ကိလေသာ၊ ညစ်ညူးကြောင်း ဥပက္ကိလေသတို့တည်း။ ယေဟိ၊ ယင်းဥပက္ကိလေသတို့ဖြင့်။ ဥပက္ကိလိဋ္ဌ သက်ပြေ၊ ညစ်ညူးသော အကြံအစည်ရှိသော ပုဂ္ဂိုလ်သည်။ အဓိစိတ္တံ၊ လွန်ကဲ ထူးမြတ်သော စိတ် ဟု ဆိုအပ်သောသမာဓိကို။ နပ္ပဇာနာတိ၊ မျက်မှောက် ကိုယ်တွေ့အားဖြင့် မသိနိုင်။ ဝါ၊ မရနိုင်။ ဣတိ၊ ဤသို့ သိအပ်၏။

၁၅၇။ အဿာသာဒိမဇ္ဈပရိယောသာနံ၊ ဝင်သက်လေ၏ အစ အလယ် အဆုံးကို။ သတိယာ၊ အမှတ်သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ်လိုက်သော ယောဂီပုဂ္ဂိုလ်၏။ အဇ္ဈတ္တံ ဝိက္ခေပဂတေန၊ အတွင်းသန္တာန်၌ ပျံ့လွင့်ခြင်းသို့ရောက်သော။ စိတ္တေန၊ စိတ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်၎င်း။ စိတ္တမ္ပိ၊ စိတ်သည်၎င်း။ သာရဒ္ဓါ စ၊ ပူပန်ပင်ပန်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဉ္ဇိတာ စ၊ လှုပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဿာသာဒိမဇ္ဈပရိယောသာနံ၊ ထွက်သက်လေ၏ အစ အလယ် အဆုံးကို။ သတိယာ၊ ဖြင့်။ အနုဂစ္ဆတော၊ ၏။ ဗဟိဒ္ဓါ ဝိက္ခေပဂတေန၊ အပ၌ပျံ့လွင့်ခြင်းသို့ ရောက်သော။ စိတ္တေန၊ စိတ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်၎င်း။ပ။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဿာသပဋိကင်္ခနာယ၊ ဝင်သက်လေကို တောင့်တသော။ နိကန္တိယာ၊ အလိုရှိခြင်းသဘော ဟူသော။ တဏှာစရိယာယ၊ တဏှာဖြစ်ခြင်းကြောင့်။ ကာယောပိ၊ ကိုယ်သည်၎င်း။ပ။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဿာသပဋိကင်္ခနာယ၊ ထွက်သက်လေကို တောင့်တသော။ နိကန္တိယာ၊ အလိုရှိခြင်းသဘောဟူသော။ တဏှာစရိယာယ၊ တဏှာဖြစ်ခြင်းကြောင့်။ ကာယောပိ၊ ကိုယ်သည်၎င်း။ပ။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဿာသေန၊ ဝင်သက်လေဖြင့်။ အဘိတုန္နဿ၊ နှိပ်စက်အပ်သောယောဂီပုဂ္ဂိုလ်၏။ ပဿာသပဋိလာဘေ၊ ထွက်သက်လေကို ရခြင်း၌။ မုစ္ဆိတတ္တာ၊ သာယာဖွယ်ဟုထင်လျက် တပ်မက်ဘည်၏အဖြစ်ကြောင့်။

ကာယောပိ၊ကိုယ်သည်ရင်း။ပ။ဖန္ဒိတာ စ၊တုန်ကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ ပဿာသေန၊ ထွက်သက်လေဖြင့်။အဘိတုန္နဿ၊၏။ အဿာသပဋိလာဘေ၊ ဝင်သက်လေကိုရခြင်း၌။မုစ္ဆိတတ္တာ၊ ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း။ပ။ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

နိမိတ္တံ၊ ထိရာနိမိတ်ကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသောယောဂီ၏။ စိတ္တံ-စိတ္တဿ၊ စိတ်၏။ အဿာသေ၊ ဝင်သက်လေ၌။ ဝိကမ္ပိတတ္တာ၊ တုန်လှုပ်သည်၏ အဖြစ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း။ စိတ္တမ္ပိ၊ စိတ်သည်ရင်း။ သာရဒ္ဓါ စ၊ ပူပန်ပင်ပန်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဉ္ဇိတာ စ၊ လှုပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဿာသံ၊ ဝင်သက်လေကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသောယောဂီ၏ ။ပ။ ပဿာသံ၊ ထွက်သက်လေကိုသာလျှင်။ အာဝဇ္ဇတော၊ နှလုံးသွင်းသောယောဂီ၏။ စိတ္တံ-စိတ္တဿ၊ စိတ်၏။ အဿာသေ၊ ဝင်သက်လေ၌။ ဝိကမ္ပိတတ္တာ၊ တုန်လှုပ်သည်၏ အဖြစ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း။ စိတ္တမ္ပိ၊ စိတ်သည်ရင်း။ပ။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

အတီတာနုဓာဝနေန၊ အတိတ် (ဝင်သက်ထွက်သက်) သို့ အစဉ်လိုက်သော။ ဝါ၊ အတိတ်သို့ အစဉ်လိုက်သည်ဖြစ်၍။ ဝိက္ခေပါနုပတိတေန၊ ပျံ့လွင့်မှုက အစဉ်လိုက်အပ်သော။ ဝါ၊ ပျံ့လွင့်မှု၌ ကျရောက်သော။ စိတ္တေန၊ စိတ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း။ စိတ္တမ္ပိ၊ စိတ်သည်ရင်း။ သာရဒ္ဓါ စ၊ ပူပန်ပင်ပန်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ဣဉ္ဇိတာ စ။ လှုပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနာဂတပဋိကင်္ခနေန၊ အနာဂတ် (ဝင်သက်ထွက်သက်) ကို မျှော်လင့်တောင့်တသော။ ဝါ၊ အနာဂတ်ကို မျှော်လင့် တောင့်တသည်ဖြစ်၍။ ဝိကမ္ပိတေန၊ တုန်လှုပ်သော။ စိတ္တေန၊ စိတ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း ။ပ။ လီနေန၊ တွန့်ဆုတ်သော။ဝါ၊ တွန့်ဆုတ်သည်ဖြစ်၍။ ကောသဇ္ဇာနုပတိတေန၊ ပျင်းရိမှုကအစဉ် လိုက်အပ်သော။ ဝါ၊ ပျင်းရိမှု၌ ကျရောက်သော။ စိတ္တေန၊ စိတ်ကြောင့်။ကာယောပိ၊ ကိုယ်သည်ရင်း ။ပ။ အတိပဂ္ဂဟိတေန၊ အလွန်ချီးမြှောက်အပ်သော။ ဝါ၊ အလွန်ချီးမြှောက်အပ်သည်ဖြစ်၍။ ဥဒ္ဓစ္စာနုပတိတေန၊ ပျံ့လွင့်မှုက အစဉ်လိုက်အပ်သော။ ဝါ၊ ပျံ့လွင့်မှု၌ ကျရောက်သော။ စိတ္တေန၊ စိတ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း ။ပ။ အဘိနတေန၊ အလွန်ညွတ်သော။ ဝါ၊ အလွန်ညွတ်သည်ဖြစ်၍။ ရာဂါနုပတိတေန၊ တပ်မက်မှုက အစဉ်လိုက်အပ်သော။ဝါ၊ တပ်မက်မှု၌ ကျရောက်သော။ စိတ္တေန၊ စိတ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း။ပ။ အပနတေန၊ ညွတ်ခြင်းကင်းသော။ ဝါ၊ ညွတ်ခြင်းကင်းသည်ဖြစ်၍။ ဗျာပါဒါနုပတိတေန၊ စိတ်ပျက်မှုက အစဉ်လိုက်အပ်သော။ ဝါ၊ စိတ်ပျက်မှု၌ ကျရောက်သော။ စိတ္တေန၊ စိတ်ကြောင့်။ ကာယောပိ၊ ကိုယ်သည်ရင်း။ စိတ္တမ္ပိ၊ စိတ်သည်ရင်း။ သာရဒ္ဓါ စ၊ ပူပန်ပင်ပန်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဉ္ဇိတာ စ၊ လှုပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဖန္ဒိတာ စ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဝါ၊ အကြင်ပုဂ္ဂိုလ်သည်။ အာနာပါနသတိ၊ ကို။ ပရိပုဏ္ဏာ၊ ပြည့်စုံစွာ။ ဝါ၊ အပြည့်အစုံ။ (ကြိယာဝိသေသနပင်တည်း။ ပရိပုဏ္ဏံ-ဟု ဒုတိယာနှင့်ရှိလျှင် ယုတ္တတရဖြစ်သည်။) အဘာဝိတာ၊ မပွါးစေအပ်သေးသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ကာယောပိ၊ ကိုယ်သည်လည်း။ ဣဉ္ဇိတော၊ လှုပ်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ ဣဉ္ဇိတံ၊ လှုပ်သည်။ ဟောတိ၊ ဖြစ်၏။ ကာယောပိ၊ ကိုယ်သည်

လည်း။ ဖန္ဒိတော၊ တုန်သည်။ ဟောတိဖြစ်၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ ဖန္ဒိတံ၊ တုန်သည်။ ဟောတိ၊ ဖြစ်၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဝါ၊ အကြင်ပုဂ္ဂိုလ်သည်။ အာနာပါနဿတိ၊ ကို။ ပရိပုဏ္ဏာ၊ ပြည့်စုံစွာ။ ဝါ၊ အပြည့်အစုံ။ ဘာဝိတာ၊ ပွါးစေအပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ကာယောပိ၊ ကိုယ်သည်လည်း။ အနိဉ္ဇိတော၊ မလှုပ်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ အနိဉ္ဇိတံ၊ မလှုပ်သည်။ ဟောတိ၊ ဖြစ်၏။ ကာယောပိ၊ ကိုယ်သည်လည်း။ အဖန္ဒိတော၊ မတုန်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ အဖန္ဒိတံ၊ မတုန်သည်။ ဟောတိ၊ ဖြစ်၏။

တေဟိ စ ပန နီဝရဏေဟိ၊ ထိုရှစ်ပါးသောနီဝရဏတို့မှ။ ဝိသုဒ္ဓစိတ္တဿ၊ စင်ကြယ်သော စိတ်ရှိသည်ဖြစ်၍။ ဝါ၊ စင်ကြယ်သောစိတ် ရှိလျက်။ သောဠသဝတ္ထုကံ၊ တဆယ့်ခြောက်ပါးသော ဝတ္ထုရှိသော။ အာနာပါနဿတိသမာဓိံ၊ အာနာပါနဿတိသမာဓိကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်အား။ ခဏိကသမောဓာနာ၊ ထိုထိုခဏ၌ ဖြစ်သော ဥပက္ကိလေသတို့၏ စုပေါင်းမိခြင်းကြောင့်။ ဝါ၊ ထိုထိုခဏ၌ဖြစ်သောဥပက္ကိလေသတို့၏ အစုအပေါင်း၏ အစွမ်းအားဖြင့်။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးကုန်သော။ ဣမေ ဥပက္ကိလေသာ၊ ဤဥပက္ကိလေသတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်တတ်ကုန်၏။

တတိယော၊ သုံးခုမြောက်ဖြစ်သော။ ဥပက္ကိလေသဉာဏနိဒ္ဒေသော၊ ဥပက္ကိလေသတို့၌ ဖြစ်သောဉာဏ်တို့ကို အကျယ်ပြရာအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

## ၄-ဝေါဒါနဉာဏနိဒ္ဒေသ

၁၅၈။ တေရသ၊ တဆယ့်သုံးပါးကုန်သော။ ဝေါဒါနေ ဉာဏာနိ၊ ဝေါဒါန၌ဉာဏ်တို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

အတီတာနုဓာဝနံ၊ အတိတ် (ဝင်သက်ထွက်သက်) သို့ အစဉ်လိုက်သော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပါနုပတိတံ၊ ပျံ့လွင့်မှုက အစဉ်လိုက်အပ်၏။ ဝါ၊ ပျံ့လွင့်မှု၌ ကျရောက်၏။ တံ၊ ထိုအတိတ် (ဝင်သက်ထွက်သက်) သို့ အစဉ်လိုက်သောစိတ်ကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်၍။ ဧကဋ္ဌာနေ၊ ဝင်သက်ထွက်သက်လေတို့၏ ထိခိုက်ရာတခုတည်းသောဌာန၌။ သမာဒဟတိ၊ အညီအညွတ် ကောင်းစွာထား၏။ ဧဝမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့ထားသဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ အနာဂတပဋိကင်္ခနံ၊ အနာဂတ် (ဝင်သက်ထွက်သက်) ကို မျှော်လင့်တောင့်တသော။ စိတ္တံ၊ စိတ်သည်။ ဝိကမ္ပိတံ၊ တုန်လှုပ်၏။ တံ၊ ထိုအနာဂတ် (ဝင်သက်ထွက်သက်) ကိုမျှော်လင့်တောင့်တသောစိတ်ကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်၍။ တတ္ထေဝ၊ ထိုထိခိုက်ရာတခုတည်းသောဌာန၌ပင်လျှင်။ အဓိမောစေတိ၊ နှလုံးသွင်းစေ၏။ ဝါ၊ ဆုံးဖြတ်စေ၏။

(ဒုတိယအနက်ကား သန္ဒိဋ္ဌာပေတိ-ဟု ဖွင့်သော အဋ္ဌကထာနှင့်အညီ အဓိမောက္ခပုဒ်၌ ကဲ့သို့ အဓိပုဗ္ဗ-မုစ-ဓာတ်၏ ယုံကြည်ဆုံးဖြတ်ခြင်း အနက်နှင့် ကာရိတ်ဏေပစ္စည်း၏ အနက်များကို ထင်ရှားစေလျက်ပြန်အပ်သော အနက်ပေတည်း။ မရောက်လာသေးသော ဝင်သက်

ထွက်သက်လေတို့ကို မမျှော်ဘဲ ထိခိုက်ရာဌာနၶ၌ ရှုခြင်းဖြင့်သာလျှင် ဘာဝနာကိစ္စကို ပြီးစေနိုင်သည်ဟု မိမိ၏စိတ်ကို ယုံကြည်ဆုံးဖြတ်စေရမည်ဟု ဆိုလိုဟန်ရှိ၏။ ထိုသို့ မိမိစိတ်ကို ယုံကြည်ဆုံးဖြတ်စေခြင်းမှာလည်း မိမိကိုယ်တိုင် ယုံကြည်ဆုံးဖြတ်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ "သန္နိဋ္ဌာနံကရောတိ"ဟုသုဒ္ဓကတ္တုအနက်လည်း ထပ်ဆင့်၍ ဖွင့်ပြသည်ဟု ယူသင့်၏။ နှလုံးသွင်းစေ၏ဟူသော ပဌမအနက်ကရှင်းလင်း၍ သိလွယ်၏)။

ဝေမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့ နှလုံးသွင်းစေ သဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်။ လီနံ၊ တွန့်ဆုတ်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇာနုပတိတံ၊ ပျင်းရိမှုက အစဉ်လိုက်အပ်၏။ တံ၊ ထိုတွန့်ဆုတ်သောစိတ်ကို။ ပဂ္ဂဏှိတွာ၊ ချီးမြှောက်အားပေး၍။ ကောသဇ္ဇံ၊ ပျင်းရိခြင်းကို။ ပဇဟတိ၊ ပယ်၏။ ဝေမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့ပယ်သဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ သို့။ န ဂစ္ဆတိ၊ မရောက်။ အတိပဂ္ဂဟိတံ၊ အလွန်ချီးမြှောက်အပ်သော။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စာနုပတိတံ၊ ပျံ့လွင့်မှုက အစဉ်လိုက်အပ်၏။ တံ၊ ထိုအလွန်ချီးမြှောက်အပ်သောစိတ်ကို။ ဝိနိဂ္ဂဏှိတွာ၊ နှိမ့်ချ၍။ ဝါ၊ အားလျော့စေ၍။ ဥဒ္ဓစ္စံ ကို။ ပဇဟတိ၊ ပယ်၏။ ဝေမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့ နှိမ့်ချသဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ သို့။ န ဂစ္ဆတိ၊ မရောက်။ အဘိနတံ၊ အလွန်ညွတ်သော။ စိတ္တံ၊ စိတ်သည်။ ရာဂါနုပတိတံ၊ တပ်မက်မှုက အစဉ်လိုက်အပ်၏။ တံ၊ ထိုအလွန်ညွတ်သောစိတ်ကို။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိသည်။ ဟုတွာ၊ ဖြစ်၍။ ရာဂံ၊ တပ်မက်သောရာဂကို။ ပဇဟတိ၊ ပယ်၏။ ဝေမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့ ပယ်သဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ သို့။ န ဂစ္ဆတိ၊ မရောက်။ အပနတံ၊ ညွတ်ခြင်းကင်းသော။ စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ စိတ်ပျက်မှုက အစဉ်လိုက်အပ်၏။ တံ၊ ထိုညွတ်ခြင်းကင်းသောစိတ်ကို။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိသည်။ ဟုတွာ၊ ဖြစ်၍။ ဗျာပါဒံ၊ စိတ်ပျက်မှုဗျာပါဒကို။ ပဇဟတိ၊ ပယ်၏။ ဝေမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့ ပယ်သဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်။ ဣမေဟိ ဆဟိ ဌာနေဟိ၊ ဤခြောက်ပါးသော အကြောင်းတို့ဖြင့်။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်သန့်ရှင်းသော။ ပရိယောဒါတံ၊ ထက်ဝန်းကျင် ဖြူစင်သော။ စိတ္တံ၊ စိတ်သည်။ ဧကတ္တဂတံ၊ ကိလေသာအဖော်မမှီးသော တခုတည်းအဖြစ် တခုတည်းသဘော၌ တည်သည်။ ဟောတိ၊ ဖြစ်၏။

တေ ဧကတ္တာ၊ ထိုတခုတည်း အဖြစ်, တခုတည်းသဘောတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဒါနဝေါသဂ္ဂုပဋ္ဌာနေကတ္တံ၊ လှူဖွယ်ဝတ္ထုကို ပေးလှူမှု ထင်သော ဧကတ္တရှင်း။

* (အဋ္ဌကထာ၌ ဒါနပသဂ္ဂုပဋ္ဌာနေကတ္တံ-ပုဒ်ကို မူတည်၍ ဖွင့်၏။ သို့သော်လည်း ဥပသဂ္ဂသဒ္ဒါသည် ငြိကပ်တွယ်တာခြင်း အနက်၌သာထင်၏၊ စွန့်လွှတ်ခြင်းအနက်၌ မထင်။ ထို့ကြောင့် "ဒါနဝေါသဂ္ဂုပဋ္ဌာနေကတ္တံ"ဟု ရှိရင်းပါဠိသာသင့်သည်။ အဋ္ဌကထာသို့ လိုက်၍ ရှင်းပါဠိကို မပြင်သင့်)။

သမထနိမိတ္တုပဋ္ဌာနေကတ္တံ၊ ကသိုဏ်းစသော သမထ၏ အာရုံနိမိတ်ထင်သော ဧကတ္တရှင်း။ ဝယလက္ခဏုပဋ္ဌာနေကတ္တံ၊ ပျက်ခြင်းလက္ခဏာထင်သော ဧကတ္တရှင်း။ နိရောဓုပဋ္ဌာနေကတ္တံ၊ သင်္ခါရချုပ်ရာနိဗ္ဗာန်ထင်သော ဧကတ္တရှင်း။ (ဣတိ-ဣမေ၊ ဤသည်တို့ပင်တည်း)။ ဒါနဝေါသဂ္ဂုပဋ္ဌာ

နေကတ္တံ၊ လှူဖွယ်ဝတ္ထုကို ပေးလှူမှုထင်သော ကေတ္တသည်။ စာဂါဓိမုတ္တာနံ၊ စွန့်ကြဲပေးလှူခြင်းကို နှလုံးသွင်းကုန်သော စာဂါနုဿတိ ယောဂီတို့၏။ ဧကတ္တံ၊ ဘာဝနာကုသိုလ်စိတ်တခုတည်း အဖြစ်ပေတည်း။ ဝါ၊ ဘာဝနာကုသိုလ်စိတ်တခုတည်း သဘောပေတည်း။ သမထနိမိတ္တုပဋ္ဌာနေကတ္တဉ္စ၊ သမထ၏ အာရုံနိမိတ်ထင်သော ကေတ္တသည်ကား။ အဓိစိတ္တာနံ၊ လွန်ကဲထူးမြတ်သောစိတ်ဟု ခေါ်ဆိုအပ်သော သမာဓိကို။ အနုယုတ္တာနံ၊ အားထုတ်ကုန်သော သမထယောဂီတို့၏။ ဧကတ္တံ၊ တည်း။ (အဋ္ဌကထာ၌ ဝိပဿနာ၏ ပါဒကဖြစ်သော သမာဓိကို အဓိစိတ္တ-ဟု ဖွင့်၏။ မပျံ့နှံ့မပြည့်စုံဟု ထင်သည်၊ဆင်ခြင်ပါ)။ ဝယလက္ခဏုပဋ္ဌာနေကတ္တဉ္စ၊ပျက်ခြင်းလက္ခဏာ ထင်သော ကေတ္တသည်ကား။ ဝိပဿကာနံ၊ ဝိပဿနာရှုသော ယောဂီတို့၏။ ဧကတ္တံ၊ ဝိပဿနာ ဘာဝနာစိတ်တခုတည်း၏ အဖြစ်ပေတည်း။ ဝါ၊ ဝိပဿနာဘာဝနာ စိတ်တခုတည်းသဘောပေတည်း။ နိရောဓုပဋ္ဌာနေကတ္တဉ္စ၊ သင်္ခါရချုပ်ရာနိဗ္ဗာန်ထင်သော ကေတ္တသည်ကား။ အရိယပုဂ္ဂလာနံ၊ မဂ်ဖိုလ်သို့ ရောက်ဆဲ အရိယာပုဂ္ဂိုလ်တို့၏။ ဧကတ္တံ၊ မဂ်စိတ် ဖိုလ်စိတ်တခုတည်း အဖြစ်ပေတည်း။ ဝါ၊ မဂ်စိတ် ဖိုလ်စိတ်တခုတည်းသဘောပေတည်း။ ဣမေဟိ စတူဟိ ဌာနေဟိ၊ ဤလေးပါးသော ဌာနတို့ဖြင့်။ ဝါ၊ အကြောင်းတို့ဖြင့်။ ဧကတ္တဂတံ၊ တခုတည်း အဖြစ်, တခုတည်း သဘော၌ တည်သော။ စိတ္တံ၊ စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိပက္ခန္ဒဉ္စေဝ၊ ရောက်ကြောင်း အကျင့်၏ စင်ကြယ်ခြင်းသို့ ပြေးဝင်သည်လည်း။ ဝါ၊ စင်ကြယ်သောရောက်ကြောင်းအကျင့်သို့ ပြေးဝင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပေက္ခာနုဗြူဟိတဉ္စ၊ ဥပေက္ခာဖြင့် ပွါးစေအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဉာဏေန၊ ဉာဏ်ဖြင့်။ သမ္ပဟံသိတံ စ၊ ရွှင်စေအပ်, သန့်ရှင်းဖြူစင်စေအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ပဌမဿ ဈာနဿ၊ပဌမဈာန်၏။ အာဒိ၊ အစကား။ ကော၊အဘယ်နည်း။ မဇ္ဈေ၊အလယ်ကား။ ကိံ၊ အဘယ်နည်း။ ပရိယောသာနံ၊ အဆုံးကား။ ကိံ၊အဘယ်နည်း။ ပဌမဿ ဈာနဿ၊ပဌမဈာန်၏။ အာဒိ၊ အစကား။ ပဋိပဒါဝိသုဒ္ဓိ၊ ရောက်ကြောင်းအကျင့်၏ စင်ကြယ်ခြင်းပေတည်း။ မဇ္ဈေ၊ အလယ်ကား။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာဖြင့် ပွါးစေခြင်းပေတည်း။ ပရိယောသာနံ၊ အဆုံးကား။ သမ္ပဟံသနာ၊ ရွှင်ခြင်းပေတည်း။

ပဌမဿ ဈာနဿ၊ ၏။ အာဒိ၊ အစကား။ ပဋိပဒါဝိသုဒ္ဓိ၊ အကျင့်၏ စင်ကြယ်ခြင်းပေတည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ အမှတ်လက္ခဏာတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ အမှတ်လက္ခဏာတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ တဿ၊ ထိုပဌမဈာန်၏။ ယော ပရိပန္ထော၊ အကြင်နီဝရဏဟူသော အနှောင့်အယှက်ဘေးရန်သည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုအနှောင့်အယှက်ဘေးရန်မှ။ စိတ္တံ၊ စိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံ၊ အလယ် အလတ် အညီ အမျှဖြစ်သော။ သမထနိမိတ္တံ၊ အပ္ပနာသမာဓိဟူသော သမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်။ တတ္ထ၊ ထိုသမထနိမိတ်၌။ စိတ္တံ၊ စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပရိပန္ထတော၊ ဘေးရန်မှ။ စိတ္တံ၊ စိတ်သည်။ ယဉ္စ ဝိသုဇ္ဈတိ၊ အကြင်စင်ကြယ်လည်း စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံ၊ အလယ် အလတ် အညီ အမျှဖြစ်သော။ သမထနိမိတ္တံ၊ သမထနိမိတ်သို့။ ယဉ္စ ပဋိပဇ္ဇတိ၊အကြင်ရောက်လည်း ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်။ တတ္ထ၊ ထိုအလယ် အလတ် အညီ အမျှ ဖြစ်သော သမထနိမိတ်၌။ စိတ္တံ၊ စိတ်သည်။ ယဉ္စ ပက္ခန္ဒတိ၊ အကြင်ပြေးဝင်လည်း ပြေးဝင်၏။ ပဌမဿ ဈာနဿ၊ ပဌမဈာန်၏။

အာဒိ၊ အစကား။ ပဋိပဒါဝိသုဒ္ဓိ၊ တည်း။ အာဒိဿ၊ အစ၏။ တီဏိ လက္ခဏာနိ၊ သုံးပါးသော လက္ခဏာတို့သည်။ ဣမာနိ၊ ဤဆိုခဲ့သော စင်ကြယ်ခြင်း, ရောက်ခြင်း, ပြေးဝင်ခြင်းတို့ ပေတည်း။ တေန၊ ထို့ကြောင့်။ ပဌမံ ဈာနံ၊ ပဌမဈာန်သည်။ အာဒိကလျာဏဉ္စေဝ၊ အစ၏ကောင်းခြင်းရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ လက္ခဏသမ္ပန္နဉ္စ၊ လက္ခဏာနှင့် ပြည့်စုံသည် လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဌမဿဈာနဿ၊ ၏။ မဇ္ဈေ၊ အလယ်ကား။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာဖြင့် ပွါးစေခြင်း တည်း။ ဝါ၊ ဥပေက္ခာ၏ပွါးစေခြင်းတည်း။

(ဥပေက္ခာကို ပွါးစေခြင်းတည်း-ဟူ၍လည်း ပြန်ဆိုကြ၏။ ဤအရာ၌ ဥပေက္ခာက ဈာန်ကို ပွါးစေသလော၊ ဈာန်က ဥပေက္ခာကို ပွါးစေသလော ဟု ဆင်ခြင်အပ်၏။ "ဥပေက္ခာနုဗြူဟိတန္တိ တတြမဇ္ဈတ္တုပေက္ခာယဗြူဟိတံ ဝဍ္ဎိတံ" ဟူသော အဋ္ဌကထာ အဖွင့်ကို ထောက်လျှင် "တတြမဇ္ဈတ္တတာ ဥပေက္ခာကဈာန်စိတ်ကို ပွါးစေသည်"ဟု ထင် ရှား၏။ ဝိသုဒ္ဓိမဂ်၌ရင်း ဤအဋ္ဌကထာ၌ရင်း "တတြမဇ္ဈတ္တုပေက္ခာယ ကိစ္စဝသေန ဥပေက္ခာနုဗြူဟနာ ဝေဒိတဗ္ဗာ"ဟု မိန့်ဆိုထား၏။ဝိသုဒ္ဓိမဂ်အဖွင့် မဟာဋီကာ၌ "ပရိပန္ထ ဝိသုဒ္ဓိမဇ္ဈိမသမထပဋိပတ္တိပက္ခန္ဒနေဟိ ဗုဒ္ဓိပတ္တိယာ အနုဗြူဟိတေ ဈာနစိတ္တေ လဒ္ဓေါ ကာသာ တတြမဇ္ဈတ္တုပေက္ခာသမ္ပယုတ္တေသု သမဝါဟိတာဝေန ပဝတ္တမာနာ တေ အနု ဗြူဟေန္တီ ဝိယ ဟောတီတိ အာဟ-'တတြမဇ္ဈတ္တုပေက္ခာယ ကိစ္စဝသေန ဥပေက္ခာနုဗြူ ဟနာ ဝေဒိတဗ္ဗာတိ" ဟု ထပ်ဆင့်၍ ဖွင့်ပြထား၏။ ထိုအဖွင့်ဖြင့် ဆိုလိုသည်မှာ "နီဝရဏ ဘေးရန်မှ စင်ကြယ်ခြင်း, မဇ္ဈိမသမထသို့ ရောက်ခြင်း, ပြေးဝင်ခြင်းတို့ဖြင့် ဈာန်စိတ်ကြီး ပွါးခြင်းသို့ ရောက်သည်။ ထိုသို့သော ကြီးပွါးခြင်းဖြင့် ပွါးစေအပ်သော ဈာန်စိတ်၌ အခွင့်ရသော တတြမဇ္ဈတ္တုပေက္ခာသည် သမ္ပယုတ်တရားတို့ကို အညီအမျှဆောင်လျက် ဖြစ်၏။ ထိုသို့ ဖြစ်သော ဥပေက္ခာသည် ၎င်းသမ္ပယုတ်တရားတို့ကို ပွါးစေသကဲ့သို့ဖြစ်ပေ သည်။ ထို့ကြောင့် 'တတြမဇ္ဈတ္တုပေက္ခာ၏ အညီအမျှရှုမှု ကိစ္စအလိုအားဖြင့် ဥပေက္ခာနု ဗြူဟနာ ဥပေက္ခာက ပွါးစေခြင်းကို သိရမည်,ဟု အဋ္ဌကထာဆရာကဆိုသည်"ဟု ဆိုလို၏။ ဤအဋ္ဌကထာ, ဋီကာတို့ အလိုအားဖြင့် "ဥပေက္ခာက အညီအမျှ ရှုလျက် ဈာန်စိတ်ကို ပွါးစေသည်" ဟူသော အနက်ထင်ရှား၏ "ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာဖြင့် ပွါးစေ ခြင်း"ဟု ပြန်ဆိုရာ၌လည်း 'ဖြင့်' ဟူသော ဝိဘတ်မှာ ကရိုဏ်းအနက်မဟုတ်၊ ကတ္တား အနက်သာတည်း။ "ဇာတိယာ အနုဂတော လောကသန္နိဝါသော၊ သတ္တဝါအပေါင်းကို ဇာတိဖြင့် အစဉ်လိုက်အပ်၏။ အာဒိတ္တောလောကသန္နိဝါသော ရာဂဂ္ဂိနာ၊ သတ္တဝါအပေါင်း ကို ရာဂမီးဖြင့် တောက်လောင်အပ်၏"ဟု ပြန်ဆိုရာများ၌ကဲ့သို့ပင် မှတ်အပ်၏)။ ။

မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ မဇ္ဈဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ် ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ သမထပဋိပန္နံ၊ သမထသို့ ရောက်သော။ စိတ္တံ၊ စိတ် ကို။ အဇ္ဈုပေက္ခတိ၊ ၏။ ဧကတ္တုပဋ္ဌာနံ၊ ဘာဝနာစိတ်တခုတည်း အဖြစ်ထင်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဝိသုဒ္ဓံ၊ သော။ စိတ္တံ၊ ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူ လည်း ရှု၏။ သမထပဋိပန္နံ၊ သော။ စိတ္တံ၊ ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ ၏။ ဧကတ္တုပဋ္ဌာနံ၊ သော။

စိတ္တံ၊ ကို။ ယဒ္ဓ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူလည်း ရှု၏။ ပဌမဿ ဈာနဿ၊ ၏။ ဥပေက္ခာနု ဗြူဟနာ၊ သည်။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈဿ၊ ၏။ တိဏ္ဏံ လက္ခဏာနံ၊ သုံးပါးသော လက္ခဏာတို့ သည်။ ဣမာနိ၊ ဤဆိုခဲ့သော လျစ်လျူရှုခြင်း သုံးပါးတို့ပေတည်း။တေန၊ ထို့ကြောင့်။ပဌမံ ဈာနံ၊ သည်။ မဇ္ဈေကလျာဏဉ္စေဝ၊ အလယ်၏ ကောင်းခြင်း ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ လက္ခဏ သမ္ပန္နဉ္စ၊ လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဌမဿ ဈာနဿ၊ ၏။ ပရိယောသာနံ၊ အဆုံးကား။ သမ္ပဟံသနာ၊ ရွှင်ခြင်းပေတည်း။ ပရိယောသာနဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ ပရိယောသာ နဿ၊ ၏။ လက္ခဏာနိ၊တို့သည်။ စတ္တာရိ၊လေးပါးတို့တည်း။ တတ္ထ၊ ထိုပဌမဈာန်စိတ်၌။ ဇာတာနံ၊ ပါဝင်လျက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ သမ္ပယုတ်တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်း မလွန် သော သဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်ခြင်းသည်ရင်း။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသ ဋ္ဌေန၊ တူသော ကိစ္စရှိသော သဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်ခြင်းသည်ရင်း။ တဒုပဂဝီရိယ ဝါဟနဋ္ဌေန၊ ထိုမလွန်ခြင်းသဘော, ကိစ္စတူခြင်းသဘောတို့အား လျော်သော ဝီရိယကို ဆောင် စေခြင်း,ဖြစ်စေခြင်း သဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်ခြင်းသည်ရင်း။ အာသေဝနဋ္ဌေန၊ မှီဝဲ ခြင်းသဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်ခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ ပဌမဿ ဈာနဿ၊ ၏။ ပရိယောသာနံ၊ အဆုံးကား။ သမ္ပဟံသနာ၊ ရွှင်ခြင်းတည်း။ ပရိယောသာနဿ၊ ၏။ စတ္တာရိ လက္ခဏာနိ၊ လေးပါးသော လက္ခဏာတို့သည်။ ဣမာနိ၊ ဤဆိုခဲ့သော ရွှင်ခြင်းလေးပါးတို့ပေတည်း။ တေန၊ ထို့ကြောင့်။ ပဌမံ ဈာနံ၊ သည်။ ပရိယောသာနကလျာဏဉ္စေဝ၊ အဆုံး၏ ကောင်းခြင်းရှိ သည်လည်း။ ဟောတိ၊ ဖြစ်၏။ လက္ခဏာသမ္ပန္နဉ္စ၊ လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ် ၏။ ဣတိ၊ သို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဧဝံ-ယထာဝုတ္တေန ဝိဓိနာ၊ ဤသို့ ဆိုအပ်ခဲ့ဘိုင်းသော အစီအရင်ဖြင့်။ ဝါ၊ ဧဝံ၊ ဤဆိုခဲ့သော ဝေဘန်ချက်ဖြင့်။ တိဝဂ္ဂဂတံ၊ သုံးဆင့်သုံးတန်ရှိသော။ တိဝိဓကလျာဏကံ၊ သုံးပါးသော ကောင်း ခြင်းရှိသော။ ဒသလက္ခဏသမ္ပန္နံ၊ ဆယ်ပါးသော လက္ခဏာနှင့် ပြည့်စုံသော။ စိတ္တံ၊ စိတ်သည်။ ဝိတက္ကသမ္ပန္နဉ္စေဝ၊ ဝိတက်နှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိစာရသမ္ပန္နဉ္စ၊ ဝိစာရနှင့် ပြည့်စုံသည်လည်း။ ပီတိသမ္ပန္နဉ္စ၊ ပီတိနှင့် ပြည့်စုံသည်လည်း။ သုခသမ္ပန္နဉ္စ၊ သုခနှင့် ပြည့်စုံသည် လည်း။ စိတ္တဿ၊ စိတ်၏။ အဓိဋ္ဌာနသမ္ပန္နဉ္စ၊ အဓိဋ္ဌာန်နှင့် ပြည့်စုံသည်လည်း။ သဒ္ဓါသမ္ပန္နဉ္စ၊ ကြည်လင်သောသဒ္ဓါနှင့်ပြည့်စုံသည်လည်း။ဝီရိယသမ္ပန္နဉ္စ၊ဝီရိယနှင့်ပြည့်စုံသည်လည်း။သတိသမ္ပန္နဉ္စ၊ သတိနှင့် ပြည့်စုံသည်လည်း။ သမာဓိသမ္ပန္နဉ္စ၊ သမာဓိနှင့် ပြည့်စုံသည်လည်း။ ပညာသမ္ပန္နဉ္စ၊ ပညာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဒုတိယဿ ဈာနဿ၊ ဒုတိယဈာန်၏။ အာဒိ၊ အစကား။ ကော၊ အဘယ်နည်း။ပ။တတိယဿ ဈာနဿ၊ တတိယဈာန်၏။ပ။ စတုတ္ထဿ ဈာနဿ၊ စတုတ္ထဈာန်၏။ပ။ အာကာသာနဉ္စာယတန သမာပတ္တိယာ၊ အာကာသာနဉ္စာယတန သမာပတ်၏။ပ။ဝိညာဏဉ္စာယတနသမာပတ္တိယာ၊ ဝိညာ ဏဉ္စာယတန သမာပတ်၏။ပ။ အာကိဉ္စညာယတနသမာပတ္တိယာ၊ အာကိဉ္စညာယတနသမာပတ် ၏။ပ။ နေဝသညာနာသညာယတနသမာပတ္တိယာ၊ နေဝသညာနာသညာယတန သမာပတ်၏။ အာဒိ၊ အစကား။ ကော၊ အဘယ်နည်း။ပ။ပညာသမ္ပန္နဉ္စ၊ ပညာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။

အနိစ္စာနုပဿနာယ၊ မမြဲဟုရှုမြင်သော ဝိပဿနာ၏။ အာဒိ၊ အစကား။ ကော၊ အဘယ်နည်း။ မဇ္ဈေ၊ ကား။ ကိံ၊ နည်း။ ပရိယောသာနံ၊ ကား။ ကိံ၊ နည်း။ ပ။

အနိစ္စာနုပဿနာယ၊ မမြဲဟုရှုမြင်သောဝိပဿနာ၏။ အာဒိ၊ အစကား။ ပဋိပဒါဝိသုဒ္ဓိ၊ ရောက်ကြောင်းအကျင့်၏ စင်ကြယ်ခြင်းပေတည်း။ မဇ္ဈေ၊ အလယ်ကား၊ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာဖြင့်ပွါးစေခြင်းပေတည်း။ ပရိယောသာနံ၊ အဆုံးကား။ သမ္ပဟံသနာ၊ ရွှင်ခြင်း, သန့်ရှင်းဖြူစင်ခြင်းပေတည်း။

အနိစ္စာနုပဿနာယ၊ မမြဲဟုရှုမြင်သောဝိပဿနာ၏။ အာဒိ၊ အစကား။ ပဋိပဒါဝိသုဒ္ဓိ၊ ရောက်ကြောင်းအကျင့်၏ စင်ကြယ်ခြင်းပေတည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ တဿာ၊ ထိုအနိစ္စာနုပဿနာ၏။ ယော ပရိပန္ထော၊ မြဲသည်ဟု ထင်မှတ်သော နိစ္စသညာ အစရှိသော အကြင်တားရန်သည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုတားရန်မှ။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ မဇ္ဈိမံ၊ အလယ်အလတ်ညီမျှသော။ သမထနိမိတ္တံ၊ ခဏိကသမာဓိဟူသောသမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။ တတ္ထ၊ ထိုခဏိကသမာဓိဟူသောသမထနိမိတ်၌။ ပက္ခန္ဒတိ၊ ပြေးဝင်၏။

(ဝိပဿနာအရာ၌ အပ္ပနာသမာဓိကိုကား မရနိုင်၊ခဏိကသမာဓိကိုသာ ရနိုင်သည်။ ။ ၎င်းခဏိကသမာဓိသည်ပင် "လီန၊ တွန့်ဆုတ်ခြင်း၊ ဥဒ္ဓစ္စ၊ တက်ကြွပျံ့လွင့်ခြင်း" တို့ကင်း၍ အလယ်အလတ်ညီမျှသောကြောင့် မဇ္ဈိမလည်းမည်၏။ အနိစ္စသညာစသော ဆန့်ကျင်ဘက် ကိလေသာတို့ကို ငြိမ်းစေတတ်သောကြောင့် သမထလည်းမည်၏။ ဝိပဿနာယောဂီအား ချမ်းသာအထူးတို့ကို ရကြောင်းဖြစ်သောကြောင့် နိမိတ္တလည်းမည်၏။ ထို့ကြောင့် ၎င်းခဏိကသမာဓိကိုပင် ဤဝိပဿနာအရာ၌ မဇ္ဈိမသမထနိမိတ်ဟုဆိုသည်ဟူ၍ သိအပ်၏။ ဤအဋ္ဌကထာနှင့်, ဝိသုဒ္ဓိမဂ်ဋီကာ အဖွင့်ကိုမှီသည်)။

။ပ။ အနိစ္စာနုပဿနာယ၊ မမြဲဟု ရှုမြင်သော ဝိပဿနာ၏။ အာဒိ၊ အစကား။ ပဋိပဒါဝိသုဒ္ဓိ၊ ရောက်ကြောင်းအကျင့်၏ စင်ကြယ်ခြင်းပေတည်း။ အာဒိဿ၊ အစ၏။ တီဏိ လက္ခဏာနိ၊ သုံးပါးသောလက္ခဏာတို့သည်။ ဣမာနိ၊ ဤဆိုခဲ့သော ရောက်ကြောင်းအကျင့်၏ စင်ကြယ်ခြင်း, သမထနိမိတ်သို့ ရောက်ခြင်း, ပြေးဝင်ခြင်းတို့ပေတည်း။ တေန၊ ထို့ကြောင့်။ အနိစ္စာနုပဿနာ၊ သည်။ အာဒိကလျာဏာစေဝ၊ အစ၏ကောင်းခြင်း ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ လက္ခဏသမ္ပန္နာ စ၊ လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

(အလယ်လက္ခဏာ သုံးပါး၊ အဆုံးလက္ခဏာ လေးပါးတို့၏ ပါဠိအနက်ကို ပဌမစျာန် ပါဠိမှ နည်းမှီ၍ထုတ်ဖော်ပါ)။

၉၀၊ ဤဆိုခဲ့သော အစီအရင်တေသန်ချက်ဖြင့်။ တိဝဋ္ဋဂတံ၊ သုံးဆင့်သုံးတန်ရှိသော။ တိဝိဓကလျာဏကံ၊ သုံးပါးသောကောင်းခြင်းရှိသော။ ဒသလက္ခဏသမ္ပန္နံ၊ ဆယ်ပါးသော လက္ခဏာနှင့်

ပြည့်စုံသော။ စိတ္တံ၊ မမြဲဟုရှုမြင်သော ဝိပဿနာစိတ်သည်။ ဝိတက္ကသမ္ပန္နံ့ဝ၊ ဝိတက်နှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ပ။ ပညာသမ္ပန္နဥ၊ ပညာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။

(ဤအနိစ္စာနုပဿနာစိတ်ကို ပဌမစျာန်စိတ်ကဲ့သို့ပင် လက္ခဏာဆယ်ပါးစသည်နှင့် ပြည့်စုံသည်ဟု ပြဆိုထားသောကြောင့် ထိုလက္ခဏာ ဆယ်ပါးနှင့်ပြည့်စုံမှ "အနိစ္စာနုပဿနာ" အစစ်ဖြစ်သည်ဟု မှတ်အပ်၏)။

ဒုက္ခာနုပဿနာယ၊ ဆင်းရဲဟု ရှုမြင်သောဝိပဿနာ၏။ပ။ အနတ္တာ နုပဿနာယ၊ အတ္တမဟုတ်ဟု ရှုမြင်သော ဝိပဿနာ၏။ပ။ နိဗ္ဗိဒါနုပဿနာယ၊ ငြီးငွေ့လျက် ရှုမြင်သော ဝိပဿနာ၏။ ဝိရာဂါနုပဿနာယ၊ တပ်မက်ကင်းလျက်ရှုမြင်သော ဝိပဿနာ၏။ နိရောဓာနုပဿနာယ၊ ရာဂကို ချုပ်စေလျက် ရှုမြင်သောဝိပဿနာ၏။ ပဋိနိဿဂ္ဂါနုပဿနာယ၊ တဖန်စွန့်လွှတ်, စေလွှတ်လျက်ရှုမြင်သောဝိပဿနာ၏။ ခယာနုပဿနာယ၊ ကုန်ခြင်းကို ရှုမြင်သော ဝိပဿနာ၏။ ဝယာနုပဿနာယ၊ ပျက်ခြင်းကို ရှုမြင်သော ဝိပဿနာ၏။ပ။ ဝိပရိဏာမာနုပဿနာယ၊ ဖောက်ပြန်ခြင်းကို ရှုမြင်သော ဝိပဿနာ၏။ အနိမိတ္တာနုပဿနာယ၊ မြဲသောအရိပ်နိမိတ်မရှိ (မမြဲ) ဟု ရှုမြင်သော အနိမိတ္တာနုပဿနာ၏။ပ။ အပ္ပဏိဟိတာနုပဿနာယ၊ နှစ်သက်တောင့်တဖွယ်မရှိ (ဆင်းရဲ)ဟု ရှုမြင်သော အပ္ပဏိဟိတာနုပဿနာ၏။သုညတာနုပဿနာယ၊ အတ္တမှဆိတ်သုံးသည်ဟု ရှုမြင်သော သုညတာနုပဿနာ၏။အဓိပညာဓမ္မဝိပဿနာယ၊ လွန်မြတ်သောပညာဖြစ်၍သဘောတရားတို့သာ ပျက်သည်ဟု ရှုမြင်သော ဘင်္ဂဝိပဿနာ၏။ ယထာဘူတဉာဏဒဿနာယ၊ ဟုတ်တိုင်းမှန်စွာသိမြင်သော ယထာဘူတဉာဏ်၏။ ။(ရှင်းမှာ ဤအဋ္ဌကထာအလိုအားဖြင့် ဘယဉာဏ်၊ ဝိသုဒ္ဓိမဂ်အလိုအားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်သည်။) အာဒီနဝါနုပဿနာယ၊ အပြစ်ကိုရှုမြင်သောအာဒီနဝဉာဏ်၏။ ပဋိသင်္ခါနုပဿနာယ၊ လွတ်မြောက်စေရန် တဖန်ရှုသော ပဋိသင်္ခါဉာဏ်၏။ ဝိဝဋ္ဋနာနုပဿနာယ၊ သင်္ခါရမှ ဆုတ်နစ်ဖဲခွါလျက်ရှုသော ဝိဝဋ္ဋနာနုပဿနာ၏။ ။(ရှင်းမှာ ဤအဋ္ဌကထာ ပဌမ ၉၇၊ ၉၈ အလိုအားဖြင့် ဂေါတြဘူဉာဏ်၊ ဝိသုဒ္ဓိမဂ်အလိုအားဖြင့် သင်္ခါရုပေက္ခာနှင့် အနုလောမ ဉာဏ်တို့ ဖြစ်သည်။) အာဒိ၊ အစကား။ ကော၊ အဘယ်နည်း။ပ။

သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ပ။ သကဒါဂါမိမဂ္ဂဿ၊ သကဒါဂါမိမဂ်၏။ပ။ အနာဂါမိမဂ္ဂဿ၊ အနာဂါမိမဂ်၏။ပ။ အရဟတ္တမဂ္ဂဿ၊ အရဟတ္တမဂ်၏။ အာဒိ၊ ကား။ ကော၊ အဘယ်နည်း။ပ။အရဟတ္တမဂ္ဂဿ၊၏။ အာဒိ၊ အစကား။ ပဋိပဒါဝိသုဒ္ဓိ၊ ရောက်ကြောင်းအကျင့်၏ စင်ကြယ်ခြင်းပေတည်း။ပ။အာဒိဿ၊ အစ၏။လက္ခဏာနိ၊လက္ခဏာတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ အာဒိဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။တဿ၊ ထိုအရဟတ္တမဂ်၏။ ယောပရိပန္ထော၊ ဘဝရာဂ, မာန, အဝိဇ္ဇာအစရှိသောအကြင်ဘေးရန်သည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုဘေးရန်မှ။ စိတ္တံ၊ စိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံ၊ အလယ်အလတ်အညီအမျှဖြစ်သော။ သမထနိမိတ္တံ၊ မဂ်အပ္ပနာသမာဓိဟူသောသမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။ တတ္ထ၊ ထိုမဂ် အပ္ပနာသမာဓိဟူသော သမထနိမိတ်၌။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ပ။ ။(ပဌမစျာန်ဝါရမှ နည်းမှီ၍ အနက်ပြန်ပါ)။

ဧဝံ၊ ဤဆိုခဲ့သော အစီအရင်ဝေဘန်ချက်ဖြင့်။ တိဝတ္တဂတံ၊ သော။ တိဝိဓကလျာဏကံ၊သော။ ဒသလက္ခဏသမ္ပန္နံ၊ သော။ စိတ္တံ၊အရဟတ္တမဂ်စိတ်သည်။ ဝိတက္ကသမ္ပန္နံ့ဝ၊ သည်လည်း။ ဟောတိ၊ ဖြစ်၏။ပ။ ပညာသမ္ပန္နဥ၊ သည်လည်း။ ဟောတိဖြစ်၏။

၁၅၉။ နိမိတ္တံ၊ (ဝင်သက်ထွက်သက်တို့၏ ထိခိုက်ရာ) နိမိတ်သည်၎င်း။ အဿာသ ပဿာသာ၊ ဝင်သက် ထွက်သက် တို့သည်၎င်း။ ဧကစိတ္တဿ၊ တခုတည်းသောစိတ်၏။ အနာရမ္မဏံ၊ အာရုံမဟုတ်သည်။ ဟောန္တိ၊ ဖြစ်ကုန်သည်မဟုတ်ပါလော။ စ-ဧဝ္ဝ သတိ၊ ဤသို့ဖြစ်ခဲ့သော်။ (စ သဒ္ဒါဗျာတိရေကတ္ထ-ဟု ဖွင့်သောဋီကာတို့နှင့် အညီပင်။) တယော ဓမ္မေ၊ သုံးပါးသောတရားတို့ကို။ အဇာနတော၊ မသိသောသူအား။ ဝါ၊ မသိသောသူသည်။ ဘာဝနာ၊ အာနာပါနဿတိ သမာဓိ ဘာဝနာကို။ နုပလဗ္ဘတိ-န ဥပလဗ္ဘတိ၊ မရအပ်၊ မရနိုင်သည် မဟုတ်ပါလော။

နိမိတ္တံ၊ သည်၎င်း။ အဿာသပဿာသာ၊ တို့သည်၎င်း။ ဧကစိတ္တဿ၊ ၏။ အနာရမ္မဏံ၊ အာရုံမဟုတ်သည်။ ဟောန္တိ၊ ဖြစ်ပေကုန်၏။ စ၊ သို့သော်လည်း။ တယော ဓမ္မေ၊ တို့ကို။ ဇာနတော၊ သိသောသူအား။ ဝါ၊ သိသည်ဖြစ်၍။ ဘာဝနာ၊ ကို။ ဥပလဗ္ဘတိ၊ ရအပ် ရနိုင်ပေ၏။

ကထံ တယော ဓမ္မာ၊ ဤသုံးပါးသောတရားတို့သည်။ ဧကစိတ္တဿ၊ တခုတည်းသောစိတ်၏။ အာရမ္မဏာ၊ အာရုံတို့သည်။ ကထံ န ဟောန္တိ၊ အဘယ်သို့မဖြစ်ကုန်သနည်း။ ကထံ တယော ဓမ္မာ၊ တို့သည်။ အဝိဒိတာ စ၊ မသိအပ်ကုန်သည်လည်း။ ကထံ န ဟောန္တိ၊ အဘယ်သို့မဖြစ်ကုန်သနည်း။ စိတ္တံ စ၊ စိတ်သည်လည်း။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ ကထံ န ဂစ္ဆတိ၊ အဘယ်သို့ မရောက်သနည်း။ ပဓာနဉ္စ၊ သမာဓိဘာဝနာကို အားထုတ်မှု ဝီရိယသည်လည်း။ ကထံ ပညာယတိ၊ အဘယ်သို့ထင်သနည်း။ ပယောဂဉ္စ၊ နီဝရဏကို ပယ်ခွါတတ်သောစျာန်ဟူသောပယောဂကိုလည်း။ ကထံ သာဓေတိ၊ အဘယ်သို့ပြီးစေသနည်း။ ဝိသေသံ၊ သံယောဇဉ်ကို ပယ်တတ်သော မဂ်ဟူသော အကျိုးထူးကို။ ကထံ အဓိဂစ္ဆတိ၊ အဘယ်သို့ရသနည်း။

သေယျထာပိ၊ ဥပမာအားဖြင့်။ ရုက္ခော၊ သစ်တုံးကို။ သမေ၊ ညီညွတ်သော။ ဘူမိဘာဂေ၊ မြေအဖို့၌။ နိက္ခိတ္တော၊ ချထားအပ်သည်။ (အဿ၊ ဖြစ်ရာ၏။) တမေနံ၊ ထိုသစ်တုံးကို။ ပုရိသော၊ ယောကျ်ားသည်။ ကကစေန၊ လက်ထိုးလွှယ်ဖြင့်။ ဆိန္ဒေယျ၊ ဖြတ်ရာ၏။ (ဇေ၀၊ ဤသို့ဖြတ်သည် ရှိသော်။) ရုက္ခေ၊ သစ်တုံး၌။ ဖုဋ္ဌကကစဒန္တာနံ၊ ထိသောလွှသွားတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ပုရိသဿ၊ ဖြတ်နေသောယောကျ်ား၏။ သတိ၊ အမှတ်သတိသည်။ ဥပဋ္ဌိတာ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။ အာဂတေ ဝါ၊ သစ်တုံးမှ အတွင်းဘက်သို့ လာသည်လည်းဖြစ်ကုန်သော။ ဂတေ ဝါ၊ သစ်တုံးမှ အပြင်ဘက်သို့ သွားသည်လည်းဖြစ်ကုန်သော။ ကကစဒန္တေ၊ လွှသွားတို့ကို။ န မနသိကရောတိ၊ နှလုံးမသွင်း။ အာဂတာ ဝါ၊ အတွင်းဘက်သို့လာသည်လည်းဖြစ်ကုန်သော။ ဂတာ ဝါ၊ အပြင်ဘက်သို့ သွားသည်လည်းဖြစ်ကုန်သော။ ကကစဒန္တာ၊ လွှသွားတို့သည်။ အဝိဒိတာ၊ မသိအပ်ကုန်၊ မထင်ရှားကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပဓာနဉ္စ၊ သစ်တုံးကိုဖြတ်ကြောင်း လုံ့လဝီရိယသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဉ္စ၊ သစ်တုံးကိုဖြတ်မှု ကိရိယာကိုလည်း။ သာဓေတိ၊ ပြီးစေ၏။

သမေ၊ ညီညွတ်သော။ ဘူမိဘာဂေ၊ မြေအဖို့၌။ နိက္ခိတ္တော၊ ချထားအပ်သော။ ရုက္ခော ယထာ၊ သစ်တုံးကိုကဲ့သို့။ ဧဝံ၊ ဤအတူ။ ဥပနိဗန္ဓနာ နိမိတ္တံ၊ အမှတ်သတိဖြင့်ဖွဲ့အပ်သော (ဝင်သက်ထွက်သက်တို့၏ထိရာ) နိမိတ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ကကစဒန္တာ ယထာ၊ လွှသွားတို့ကိုကဲ့သို့။ ဧဝံ၊ ဤအတူ။ အဿာသပဿာသာ၊ ဝင်သက်ထွက်သက်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ရုက္ခေ၊ သစ်တုံး၌။ ဖုဋ္ဌကကစဒန္တာနံ၊ ထိသောလွှသွားတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ပုရိသဿ၊ ယောကျ်ား၏။ သတိ၊ အမှတ်သတိသည်။ ဥပဋ္ဌိတာ၊ ထင်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့၎င်း။ အာဂတေ ဝါ၊ အတွင်းဘက်သို့လာသည်လည်းဖြစ်ကုန်သော။ ဂတေ ဝါ၊ အပြင်ဘက်သို့ သွားသည်လည်း ဖြစ်ကုန်သော။

ကာကစဒ္ဒန္တေ၊ လှည်းသွားတို့ကို။ န မနသိကရောတိ ယထာ၊ နှလုံးမသွင်းသကဲ့သို့ရင်း။ အာဂတာ ဝါ၊ အတွင်းဘက်သို့လာသည်လည်းဖြစ်ကုန်သော။ ဂတာ ဝါ၊ အပြင်ဘက်သို့ သွားသည်လည်းဖြစ်ကုန်သော။ ကာကစဒ္ဒန္တာ၊ လှည်းသွားတို့သည်။ အဝိဒိတာ၊ မသိအပ်ကုန်, မထင်ရှားကုန်သည်။ န ဟောန္တိ ယထာ၊ မဖြစ်ကုန်သကဲ့သို့ရင်း။ ပဓာနဋ္ဌ၊ သစ်တုံးကိုဖြတ်ကြောင်း လုံ့လ ဝီရိယ သည်လည်း။ ပညာယတိ ယထာ၊ ထင်သကဲ့သို့ရင်း။ ပယောဂဋ္ဌ၊ သစ်တုံးကို ဖြတ်မှုကိစ္စကိုလည်း။ သာဓေတိ ယထာ၊ ပြီးစေသကဲ့သို့ရင်း။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဘိက္ခု၊ ယောဂီရဟန်းသည်။ နာသိကဂ္ဂေ ဝါ၊ နှာသီးဖျားဌ၌သော်၎င်း။ မုခနိမိတ္တေ ဝါ၊ အထက်နှုတ်ခမ်း ဟူသော မုခ နိမိတ်၌သော်၎င်း။ ဝါ၊ ခံတွင်းကိုဖုံးသော အထက်နှုတ်ခမ်း၌သော်၎င်း။ သတိံ၊ အမှတ်သတိကို။ ဥပဋ္ဌပေတွာ၊ ကပ်လျက်ထား၍။ ဝါ ထင်စေ၍။ နိသိန္နော၊ ထိုင်နေသည်။ ဟောတိ၊ ဖြစ်၏။ အာဂတေ ဝါ၊ လာသည်လည်းဖြစ်ကုန်သော။ ဂတေ ဝါ၊ သွားလည်းလည်း ဖြစ်ကုန်သော။ အဿာသပဿာသေ၊ ဝင်သက်ထွက်သက်တို့ကို။ န မနသိကရောတိ၊ နှလုံးမသွင်း။ အာဂတာ ဝါ၊ လာသည်လည်း ဖြစ်ကုန်သော။ ဂတာ ဝါ၊ သွားသည်လည်းဖြစ်ကုန်သော၊ အဿာသပဿာသာ၊ ဝင်သက်ထွက်သက်တို့သည်။ အဝိဒိတာ၊ မသိအပ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပဓာနဋ္ဌ၊ သမာဓိ ဘာဝနာကို အားထုတ်မှုဝီရိယသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဋ္ဌ၊ နီဝရဏကို ပယ်ခွါတတ်သော ချွန်ဟု ဆိုအပ်သော ပယောဂကိုလည်း။ သာဓေတိ၊ ပြီးစေ၏။ ဝိသေသံ၊ သံယောဇဉ်ကို ပယ်တတ် သော မဂ်ဟူသောအကျိုးထူးကို။ အဓိဂစ္ဆတိ၊ ရ၏။

ပဓာနံ၊ ပဓာနဟူသည်။ ကတမံ၊ အဘယ်နည်း။ အာရဒ္ဓဝီရိယဿ၊ ပြင်းစွာ အားထုတ်သော လုံ့လရှိသောပုဂ္ဂိုလ်၏။ ကာယောပိ၊ ကိုယ်သည်လည်း၊ စိတ္တမ္ပိ၊ စိတ်သည်လည်း။ (ယေန၊ အကြောင်း ဝီရိယဖြင့်။) ကမ္မနိယံ၊ ဘာဝနာအမှုအား လျော်သည်။ ဝါ၊ ဘာဝနာ အမှုကိုပြုရန် ခန့်သည်။ ဟောတိ၊ ၏။ ဣဒံ၊ ဤဝီရိယသည်၊ ပဓာနံ၊ မည်၏။ ပယောဂေါ၊ ပယောဂဟူသည်။ ကတမော၊ အဘယ်နည်း။ အာရဒ္ဓဝီရိယဿ၊ ၏။ ဥပက္ကိလေသာ၊ ညစ်ညူးကြောင်း နီဝရဏတို့ကို။ (ယေန၊ အကြောင်းချွန်ဖြင့်။) ပဟီယန္တိ၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်အပ်ကုန်၏။ ဝိတက္ကာ၊ ဝိတက်တို့သည်။ ဝူပသမန္တိ၊ ငြိမ်းကုန်၏၊ အယံ၊ ဤချွန်သည်။ ပယောဂေါ၊ ပယောဂမည်၏။ ဝိသေသော၊ အထူးဟူသည်၊ ကတမော၊ အဘယ်နည်း။ အာရဒ္ဓဝီရိယဿ၊ ၏။ သညောဇနာ၊ သံယောဇဉ် တို့သည်။ (ယေန၊ အကြောင်းမဂ်ဖြင့်။) ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တီဟောန္တိ၊ အစွန်းအစမကျန်အောင် ပျောက်ကင်းကုန်၏၊ အယံ၊ ဤမဂ်သည်။ ဝိသေသော၊ အကျိုးထူးမည်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့သော အခြင်းအရာဖြင့်။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသော တရားတို့သည်။ ဧကစိတ္တဿ၊ တခုတည်းသောစိတ်၏။ အာရမ္မဏာ၊ အာရုံတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသော တရားတို့သည်။ အဝိဒိတာ စ၊ မသိအပ်ကုန်သည် လည်း။ န ဟောန္တိ၊ မဖြစ်ကုန်၊ စိတ္တံ စ၊ စိတ်သည်လည်း။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်။ ပဓာနဋ္ဌ၊ ဝီရိယသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဋ္ဌ၊ ပယောဂကိုလည်း။ သာဓေတိ၊ ပြီးစေ၏။ ဝိသေသံ၊ မဂ်ဟူသော အကျိုးထူးကို။ အဓိဂစ္ဆတိ၊ ရ၏။

၁၆၀။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဝါ၊ အကြင်ပုဂ္ဂိုလ်သည်။ အာနာပါနဿတိ၊ ကို။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော် မူအပ်၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ ပရိပုဏ္ဏာ၊ အပြည့်အစုံ။ သုဘာဝိတာ၊ ကောင်းစွာ ပွါးစေအပ်သည်။ အနုပုဗ္ဗံ၊ အစဉ်အတိုင်း။ ပရိစိတာ၊ လေ့လာအပ်သည်။ ဟောတိ၊ ဖြစ်၏။

သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမံ လောကံ၊ ဤခန္ဓာငါးပါးဟူသော လောကကို၊ ဝါ၊ ဤခန္ဓာ အစရှိသော လောကကို။ ပဘာသေတိ၊ ထွန်းလင်းထင်ရှားစေ၏၊ (ကိံ ဝိယ၊ အဘယ် ကဲ့သို့နည်းဟူမူကား။) အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ လွတ်သော၊ စန္ဒိမာ၊ လသည်။ ဣမံ လောကံ၊ ဤလူ့ပြည်လောကကို။ ပဘာသေတိ ဣဝ၊ ထွန်းလင်းထင်ရှားစေသကဲ့သို့ပင် တည်း။ ။

တနည်း၊အဋ္ဌကထာနှင့် အညီအနက်ကား။ ။ယထာ၊ အကြင်အခြင်းအရာဖြင့်။ဗုဒ္ဓေန၊ သည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။ (တထာ၊ ထိုအခြင်းအရာဖြင့်။) ပရိပုဏ္ဏာ၊ အပြည့်အစုံ။ ဝါ၊ ပြည့်စုံလှန်သော။ သုဘာဝိတာ၊ ကောင်းစွာ ပွါးစေအပ်ကုန်သော။ အနုပုဗ္ဗံ၊ အစဉ်အတိုင်း။ ပရိစိတာ၊ လေ့လာအပ်ကုန်သော။ အာနာပါနဿတိယော၊ အာနာပါနဿတိတို့သည်။ ယဿ၊ ထိုပုဂ္ဂိုလ်အား။ဝါ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ (ဤ အလို "အာနာပါန ဿတိယဿ"ကို အာနာပါနဿတိ ယော အဿ-ဟု ပုဒ်ဖြတ်သည်။ တနည်း၊ "အာနာပါနဿတီ ယဿ"ဟု ရှိစေရမည်။ထိုအရအားဖြင့် အနက်ကား) အာနာပါနဿတိ၊ တို့သည်။ ယဿ၊ အား။ဝါ၊ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌။ အတ္ထိ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမံ လောကံ၊ ဤခန္ဓာအစရှိသော လောကကို။ ပဘာသေတိ၊ ၏။ ကိံ ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အဗ္ဘာ၊ တိမ်တိုက် စသည်မှ။ (ပဉ္စမီ နိဒ္ဒေသနှင့်နည်းတို့ အရ ပြန်သည်။) မုတ္တော၊ လွတ်သော၊ စန္ဒိမာ၊ လသည်။ ဣမံ လောကံ၊ ဤ ဩကာသ လောကကို။ ပဘာသေတိ ဣဝ၊ ထွန်းလင်း ထင်ရှားစေသကဲ့သို့ပင်တည်း။

အာနန္တိ၊ အာန-ဟူသည်ကား။ အဿာသော၊ ဝင်သက်တည်း။ နော ပဿာသော၊ ထွက်သက် မဟုတ်။ အပါနန္တိ၊ အပါန-ဟူသည်ကား။ (အဋ္ဌကထာ ဗြဲ-၌ ဤအရာတွင် ပါဠိ၌"အာပါနန္တိ"ဟု အာဒီဃနှင့် ရှိကြောင်းပြခဲ့၏။ ထိုပြဆိုချက်သို့ လိုက်၍ အာဒီဃနှင့် ပြင်ခြင်းဖြင့် အကျိုးမရှိပြီ။) ပဿာသော၊ ထွက်သက်တည်း။ နော အဿာသော၊ ဝင်သက်မဟုတ်။အဿာသဝသေန၊ ဝင်သက် အလိုအားဖြင့်၊ ဥပဋ္ဌာနံ၊ ကပ်၍တည်ခြင်း ထင်ခြင်းသည်၊ သတိ၊ သတိမည်၏။ ပဿာသဝသေန၊ ထွက်သက်အလိုအားဖြင့်။ ဥပဋ္ဌာနံ၊ ကပ်၍တည်ခြင်းထင်ခြင်းသည်။သတိ၊ သတိမည်၏။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အဿသတိ၊ ဝင်သက်ရှူ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဥပဋ္ဌာတိ၊ ထင်၏။ ယော၊ သည်။ ပဿသတိ၊ထွက် သက်ရှူ၏။ဝါ၊ ထွက်သက်ရှိုက်၏။ တဿ၊ အား။ဥပဋ္ဌာတိ၊ ထင်၏။ ပရိပုဏ္ဏာတိ၊ ပရိပုဏ္ဏာ-ဟူသည်ကား။ ပရိဂ္ဂဟဋ္ဌေန၊ သိမ်းဆည်းအပ်သော အနက်သဘော ကြောင့်။ ပရိပုဏ္ဏာ၊ ပရိပုဏ္ဏာ မည်ကုန်၏။ (ပရိပူရေဘဗ္ဗာတိ ပရိပုဏ္ဏာ-ဟူသော ဝစနတ္ထကို ပြ၏။ သိမ်းဆည်းအပ် ပြည့်စုံစေအပ်သော ဈာန်ဝိပဿနာမဂ်ဘရားတို့ကို ရ၏။) ပရိဝါရဋ္ဌေန၊ အခြံအရံ ဟူသော အနက်သဘောကြောင့်။ပရိပုဏ္ဏာ၊ မည်ကုန်၏။ ။(ပရိသမန္တတော ပူရန္တိ ပူရိယန္တီတိ ဝါ ပရိပုဏ္ဏာ။) ပရိပူရဋ္ဌေန၊ ထက်ဝန်းကျင်ပြည့်စုံသော အနက်သဘောကြောင့်။ ပရိပုဏ္ဏာ၊ ပရိပုဏ္ဏာ မည်ကုန်၏။ သုဘာဝိတာတိ၊ ဟူသည်ကား။ ဘာဝနာ၊ တို့သည်။ စတဿော၊ လေးပါးတို့တည်း။ တတ္ထ၊ ထိုဘာဝနာစတုက္ကပါဒ်၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏၊ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်းကို မလွန်သော သဘောအားဖြင့်။ဘာဝနာ၊ပွါးစေခြင်းငှါ။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသော ကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ငှါ။တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တန ဧကရသသဘောတို့အား လျော်သော ဝီရိယကို ဖြစ်စေသော သဘောအားဖြင့်။ ဘာဝနာ၊ ငှါ။ အာသေဝနဋ္ဌေန၊ မှီဝဲစေသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းငှါ။

ရုတိ၊ ဤသို့။ စတဿော။ လေးပါးတို့တည်း။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ဝါ၊ သည်။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ဘာဝနဍ္ဍာ၊ ဤဘာဝနာ၏သဘောတို့ကို။ ဝါ။ ဤပွါးစေခြင်း သဘောတို့ကို။ ယာနီကတာ၊ ယှဉ်ကအပ်ပြီးသော ယာဉ်ကဲ့သို့ပြုအပ်ကုန်သည်။ ဝတ္ထုကတာ၊ တည်ရာကဲ့သို့ ပြုအပ်ကုန်သည်။အနုဋ္ဌိတာ၊ရှေးရှုထင်စေအပ်ကုန်သည်။ဝါ၊ဆောက်တည်အပ်ကုန်သည်။ပရိစိတာ၊ လေ့လာအပ်ကုန်သည်။ ဝါ၊ ထက်ဝန်းကျင်ဆည်းပူးအပ်ကုန်သည်။သုသမာရဒ္ဓါ၊ ကောင်းစွာအားထုတ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယာနီကတာတိ၊ ဟူသည်ကား။ ယတ္ထ ယတ္ထ၊အကြင် အကြင် ဈာန်ဝိပဿနာတို့၌။အာကင်္ခတိ၊ အလိုရှိ၏။ တတ္ထ တတ္ထ၊ ထိုထိုဈာန်ဝိပဿနာတို့၌။ ဝသိပ္ပတ္တော၊ နိုင်နင်းခြင်းသို့ရောက်သည်။ ဝါ၊ စွမ်းနိုင်ခြင်းသို့ ရောက်သည်။ ဗလပ္ပတ္တော၊ သမထ ဝိပဿနာအားစွမ်းသို့ ရောက်သည်။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်။ ဟောတိ၊ ၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ တေ ဓမ္မာ၊ ထိုသမထ ဝိပဿနာတရားတို့သည်။ ။(မြန်မာမူ၌"တဿ မေ တေ ဓမ္မာ"ဟု မေ-ပုဒ် ပိုလျက်ရှိ၏။ ယိုးဒယားမူ၌"တဿ တေ ဓမ္မာ"ဟူ၍သာ ရှိ၏၊ သင့်၏။) အာဝဇ္ဇနပဋိဗဒ္ဓါ၊ နှလုံးသွင်းဆင်ခြင်မှုနှင့်စပ်ကုန်သည်။ အာကင်္ခပဋိဗဒ္ဓါ၊ လိုမျှင်မှုနှင့် စပ်ကုန်သည်။ မနသိကာရပဋိဗဒ္ဓါ၊ နှလုံးသွင်းမှုနှင့် စပ်ကုန်သည်။ စိတ္တုပ္ပါဒပဋိဗဒ္ဓါ၊ စိတ်ဖြစ်ခြင်းနှင့် စပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။တေန၊ ထိုကြောင့်။ ယာနီကတာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဝတ္ထုကတာတိ၊ ဟူသည်ကား။ ယသ္မိံ ယသ္မိံ ဝတ္ထုသ္မိံ၊ တဆယ့်ခြောက်ပါးသော ဝတ္ထုတို့တွင် အကြင် အကြင်ဝတ္ထု၌။ စိတ္တံ၊ စိတ်ကို။ သွာဓိဋ္ဌိတံ၊ ကောင်းစွာ တည်စေအပ်သည်။ဟောတိ၊ ၏။ တသ္မိံ တသ္မိံ ဝတ္ထုသ္မိံ၊ ထိုထိုဝတ္ထု၌။ သူပဋ္ဌိတာ၊ ကောင်းစွာတည်သည်။ ဟောတိ၊ ၏။ ဝါ၊ ပန၊ တနည်းအားဖြင့်မူကား။ ယသ္မိံ ယသ္မိံ ဝတ္ထုသ္မိံ၊ အကြင် အကြင် ဝတ္ထု၌။ သတိ၊ သတိသည်။ သူပဋ္ဌိတာ၊ သည်။ ဟောတိ၊ ၏။ တသ္မိံ တသ္မိံ ဝတ္ထုသ္မိံ၊ ထိုထိုဝတ္ထု၌။ စိတ္တံ၊ စိတ်သည်။ သွာဓိဋ္ဌိတံ၊ ကောင်းစွာတည်စေအပ်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ကြောင့်။ ဝတ္ထုကတာတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အနုဋ္ဌိတာတိ၊ ဟူသည်ကား။ ။(ဤ၌လည်း"ဝတ္ထုသ္မိံ"ပိုနေ၏၊ ယိုးဒယားမူ၌ မရှိ။) ယေန ယေန၊ အကြင် အကြင် ဘာဝနာအထူး၌။ စိတ္တံ၊ စိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ တေန တေန၊ထိုထိုဘာဝနာအထူး၌။သတိ၊သည်။အနုပရိဝတ္တတိ၊အစဉ်လိုက်ပါလျက်ဖြစ်၏။ဝါ၊ ပန၊ ကား။ ယေန ယေန၊ အကြင် အကြင် ဘာဝနာအထူး၌။ သတိ၊ သည်။ အနုပရိဝတ္တတိ၊ အစဉ်လိုက်ပါလျက် ဖြစ်၏။ တေန တေန၊ ထိုထိုဘာဝနာအထူး၌။ စိတ္တံ၊ စိတ်ကို။ အဘိနီဟရတိ၊ ရှေးရှုဆောင်၏။ တေန၊ ကြောင့်။ အနုဋ္ဌိတာတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပရိစိတာတိ၊ ဟူသည်ကား။ ပရိဂ္ဂဟဋ္ဌေန၊ သိမ်းဆည်းအပ်သော အနက်သဘောကြောင့်။ ပရိစိတာ၊ ပရိစိတမည်ကုန်၏။ ပရိဝါရဋ္ဌေန၊ အခြံအရံဟူသော အနက်သဘောကြောင့်။ပရိစိတာ၊ မည်ကုန်၏။ ပရိပူရဋ္ဌေန၊ ထက်ဝန်းကျင်ပြည့်စေအပ်သော အနက်သဘောကြောင့်။ ပရိစိတာ၊ မည်ကုန်၏။ သတိယာ၊ သတိဖြင့်။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းလျက်။ ပါပကေ၊ ယုတ်ညံ့ကုန်သော။ အကုသလေ ဓမ္မေ၊ အကုသိုလ်တရားတို့ကို။ဇိနာတိ၊ အောင်နိုင်၏။ (ဣတိ၊ ထိုကြောင့်။) ပရိစိတာ၊ မည်ကုန်၏။

သုသမာရဒ္ဓါတိ ဧတ္ထ၊ သုသမာရဒ္ဓါ-ဟူသော ဤပုဒ်၌။ သုသမာရဒ္ဓါ၊ ကောင်းစွာအားထုတ်ခြင်း အနက်သဘောတို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ တတ္ထ၊ ထိုဘာဝနာစိတ္တုပ္ပါဒ်၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်းကို မလွန်သောသဘောအားဖြင့်။ သုသမာရဒ္ဓါ၊ သုသမာရဒ္ဓမည်ကုန်၏။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသော သဘောအားဖြင့်။ သုသမာရဒ္ဓါ၊ မည်ကုန်၏။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တန, ဧကရသသဘောတို့အား လျော်သော ဝီရိယကို ဖြစ်စေသော သဘောအားဖြင့်။ သုသမာရဒ္ဓါ၊ မည်ကုန်၏။ တပ္ပစ္စနီကာနံ၊ ထိုအချာန်, ဝိပဿနာ, မဂ်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ကိလေသာနံ၊ ကိလေသာတို့၏။ သုသမူဟတတ္တာ၊ ကောင်းစွာ ပယ်ဖျက်အပ်ပြီးသည်၏အဖြစ်ကြောင့်။ သုသမာရဒ္ဓါ၊ မည်ကုန်၏။

၁၆၁။ သုသမန္တိ ဧတ္ထ၊ သုသမံ-ဟူသော ဤပုဒ်၌။ သမံ၊ သမသည်။ အတ္ထိ၊ ရှိ၏။ သုသမံ၊ သုသမသည်။ အတ္ထိ၊ ရှိ၏။ သမံ၊ သမကား။ ကတမံ၊ အဘယ်နည်း။ တတ္ထ၊ ထိုဘာဝနာအထူး၌။ ဇာတာ၊ ဖြစ်ကုန်သော။ အနဝဇ္ဇာ၊ အပြစ်ကင်းကုန်သော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣဒံ၊ ဤဗောဓိပက္ခိယတရား အပေါင်းသည်။ သမံ၊ ကိလေသာကိုငြိမ်းစေတတ်သောကြောင့် သမမည်၏။ ။သုသမံ၊ သုသမကား။ ကတမံ၊ အဘယ်နည်း။ တေသံ ဓမ္မာနံ၊ ထိုဗောဓိပက္ခိယတရားတို့၏။ (ဤ၌လည်း တေသံ ပုဒ်တခု ပိုနေသည်။ ယိုးဒယားမူ၌ တေသံ တပုဒ်သာရှိသည်၊ သင့်၏။) အာရမ္မဏံ၊ အာရုံဖြစ်သော။ နိရောဓော၊ သင်္ခါရတို့၏ ချုပ်ရာဖြစ်သော။ ယံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤနိဗ္ဗာန်သည်။ သုသမံ၊ အလွန်ညီညွတ်သော တရားဖြစ်သောကြောင့် သုသမမည်၏။

(သဗ္ဗသင်္ခတ ဝိသမာပဂတတ္တာ သုဋ္ဌုသမန္တိ သုသမံ-ဟူသော အဋ္ဌကထာနှင့် အညီပြန် ချက်ပေတည်း။ ရှေးသမပုဒ်၏ ဝစနတ္ထနှင့် တခြားစီဖြစ်နေသောကြောင့် မကောင်းလှ။ သဗ္ဗသင်္ခတသမာပကတ္တာ သုဋ္ဌု သမန္တိ သုသမံ-ဟု ရှိသင့်၏။ သို့ရှိလျှင် အလုံးစုံသော သင်္ခတတရားတို့ကို ငြိမ်းစေသဖြင့် အလွန်ငြိမ်းစေတတ်သောကြောင့် သုသမ မည်၏ဟု အနက်ပြန်ရာ၏။ ရှေးဝစနတ္ထနှင့်လည်း ညီညွတ်၏)။

ဉာတံ၊ ဤသို့။ ဣဒဉ္စ သမံ၊ ဤသမမည်သော ဗောဓိပက္ခိယ တရားအပေါင်းကိုရင်း။ ဣဒဉ္စ သုသမံ၊ ဤသုသမ မည်သော နိဗ္ဗာန်ကိုရင်း။ ဉာတံ၊ သိအပ်ပြီးသည်။ ဒိဋ္ဌံ၊ မြင်အပ်ပြီးသည်။ ဝိဒိတံ၊ ရအပ်ပြီးသည်။ ပညာယ၊ ပညာဖြင့်။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်ပြီးသည်။ ဖဿိတံ၊ တွေ့အပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ ဝီရိယံ၊ ကို။ အာရဒ္ဓံ၊ အားထုတ်အပ်ပြီးသည်။ အသလ္လီနံ၊ တွန့်ဆုတ်ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ သတိ၊ သည်။ ဥပဋ္ဌိတာ၊ ထင်သည်။ အသမ္မုဋ္ဌာ၊ မမေ့သည်။ ဟောတိ၊ ၏။ ကာယော၊ ကိုယ်သည်။ ပဿဒ္ဓေါ၊ ငြိမ်းအေးသည်။ အသာရဒ္ဓေါ၊ ပူပန်ခြင်းမရှိသည်။ ဟောတိ၊ ၏။ စိတ္တံ၊ စိတ်သည်။ သမာဟိတံ၊ တည်ကြည်သည်။ ဧကဂ္ဂံ၊ တခုသည်းသော အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ သုသမာရဒ္ဓါတိ၊ ငြိမ်းစေတတ်, အလွန်ငြိမ်းစေတတ်သော တရားတို့ကို ပြီးစေအပ်သိအပ်ပြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ပဌမ အဖွင့် အလို အားဖြင့် သု-သံ-အာရဒ္ဓါ-တို့ကို တွဲ၍ "သုသမာရဒ္ဓါ" ဟု ပြီးစေသည်။ "ကောင်းစွာ အားထုတ်အပ်ကုန်ပြီးသည်" ဟု အနက်ရ၏။ သုသမန္တိ-

စသည်ဖြင့် ပြသော ဒုတိယအဖွင့် အလိုအားဖြင့် သမနန္တရ သုသမကို ကောသိက်ပြု၍ သုသမာ-ဟု ပြီးစေသည်။ ဝါ-ဖန် ထိုသုသမာ ကို အာရဒ္ဓါနှင့် တွဲ၍ "သုသမာရဒ္ဓါ" ဟု ပြီးစေသည်။ "သမမည်သော ဗောဓိပက္ခိယတရားအပေါင်းနှင့် သုသမမည်သော နိဗ္ဗာန်ကိုကို သိအပ် ရအပ်ကုန်ပြီးသည်" ဟု အနက်ရ၏။ ပဌမအနက်ကို ဟောသော သုသမာရဒ္ဓါ-ပုဒ်နှင့် ဒုတိယအနက်ကို ဟောသော သုသမာရဒ္ဓါ-ပုဒ်တို့ကို တပေါင်းတည်း တွဲလျက် ကောသိက် ပြုပြီးလျှင်"သုသမာရဒ္ဓါ"ပုဒ်ပြီးသည်ဟု အဋ္ဌကထာ၌ဖွင့်၏။ အလွန်ပင် ဆန်းကြယ်လှပါပေ၏)။

အနုပုဗ္ဗံ ပရိစိတာတိ ဧတ္ထ၊ ဟူသော ဤပါဠိ၌။ ဣဓ အဿာသာသဝသေန၊ ရှည်သည်ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်သော အမှတ်သတိသည်။ ပရိစိတာ၊ လေ့ကျက်အပ်သော ပရိစိတမည်၏။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်၌ ဖြစ်သော အမှတ် သတိသည်။ အနုပရိစိတာ၊ နောက်ထပ် ဆင့်၍ လေ့ကျက် အပ်သော အနုပရိစိတမည်၏။

(ရှည်သော ဝင်သက်ကို ရှုမှတ်ရာ၌ ပဌမ အမှတ်သတိက ပရိစိတမည်၏။ ဒုတိယ အမှတ်သတိက အနုပရိစိတမည်၏။ ဝါ-ဖန် ဒုတိယအမှတ်သတိက ပရိစိတမည်၏။ တတိယ အမှတ်သတိက အနုပရိစိတမည်ပြန်၏။ ဤနည်းဖြင့် ရှေးရှေး အမှတ်သတိက ပရိစိတ မည်သည်၊ နောက်နောက် အမှတ်သတိက အနုပရိစိတ မည်သည် ဟု ဆိုလို၏)။

ဒီဃံ ပဿာသဝသေန၊ ရှည်သည်ဟု ဟောအပ်သော ထွက်သက်၏အစွမ်းအားဖြင့်။ ပုရိမာ ပုရိမာ၊ရှေးရှေး၌ဖြစ်သော အမှတ်သတိသည်။ပရိစိတာ၊မည်၏။ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်၌ ဖြစ်သော အမှတ် သတိသည်။အနုပရိစိတာ၊မည်၏။ ရဿံ အဿာသာသဝသေန၊တိုသည်ဟု ဟောအပ်သောဝင်သက်၏အစွမ်းအားဖြင့်။ပ။ပဋိနိဿဂ္ဂါနုပဿီ ပဿာသဝသေန၊ ပဋိနိဿဂ္ဂါနုပဿီ-ဟု ဟော အပ်သောထွက်သက်၏ အစွမ်းအားဖြင့်။ပုရိမာ ပုရိမာ၊ သတိသည်။ ပရိစိတာ၊ မည်၏။ ပစ္ဆိမာ ပစ္ဆိမာ၊သတိသည်။ အနုပရိစိတာ၊ မည်၏။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သောဠသ ဝတ္ထုကာ၊ တဆယ့်ခြောက်ပါးသော ဝတ္ထုရှိကုန်သော။ အာနာပါနဿတိယော၊ သတိသည်။ အညမညံ၊ အချင်းချင်းထောက်ဆသော အားဖြင့်။ ပရိစိတာ စေဝ၊(ရှေးကျသော အမှတ်သတိတို့က) လေ့ကျက်အပ်သော ပရိစိတမည်ကုန်သည်၎င်း။ အနုပရိစိတာစ၊ (နောက်ကျသော အမှတ်သတိတို့က)ထပ်ဆင့်၍ လေ့ကျက်အပ်သော အနုပရိစိတမည်ကုန်သည်၎င်း။ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ ထို့ကြောင့်။ အနုပုဗ္ဗံ ပရိစိတာတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

ယထာဝတီ ဧတ္ထ၊ ယထာ ဟူသော ဤပုဒ်၌။ ယထတ္တာ၊ ယထာသဒ္ဒါ၏ အနက်တို့သည်။ ဝါ၊ မဖောက်မပြန်မှန်သောအနက်တို့သည်။ ဒသ၊ ဆယ်ပါးတို့တည်း။ အတ္တဒမထေ၊ မိမိ ကိုယ်ကို ဆုံးမခြင်းအနက်သည်။ ယထတ္ထော၊ ယထာသဒ္ဒါ၏အနက်တည်း။ ဝါ၊မှန်သောအနက်တည်း။

(ယထာ ဗုဒ္ဓေန ဒေသိတာ-ဟူသော ပါဌ်၌ "မိမိကိုယ်ကို ဆုံးမရန် ရည်ရွယ်သော အကြောင်း အခြင်းအရာဖြင့် အာနာပါနဿတိကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊ ထိုအခြင်းအရာသည်ယထာသဒ္ဒါ၏ အနက်တခု ဖြစ်သည်ဟု" ယူအပ်၏။ အတ္တသမထတ္ထ စသည်တို့၌လည်း နည်းတူပင်။ ဤသို့ယူလျှင် ဤ၌ ပြသော ယထတ္ထ (၁၀) ပါး သည် "ယထာ၊ အကြောင်း အခြင်း အရာဖြင့်" ဟူသော ဒေသနာ အာကာရထဲမှာပင် အတွင်း

ဝင်သွားသောကြောင့် အနက်လည်း ရှင်း၏။သိလည်း သိလွယ်၏။ သို့သော် အဋ္ဌကထာ၌ ဤယထတ္တ သဘာဝအနက် (၁၁)ပါးက တခြား၊ယထာသဒ္ဒါ၏ ပကာရတ္ထကား တခြား ဟူ၍ရှင်း၊ ထိုအနက် နှစ်မျိုးကို ဟောသော ယထာသဒ္ဒါ နှစ်ပုဒ်ကို ကေသိက်ပြုသည် ဟူ၍ရှင်း စာမျက်နှာ ၈၆-၌ ဖွင့်ပြထား၏)။

အတ္တသမထတ္တော၊မိမိကိုယ်ကိုငြိမ်းအေးစေခြင်း အနက်သည်။ယထတ္တော၊တည်း။အတ္တပရိနိဗ္ဗာပနတ္တော၊ မိမိ၌ ကိလေသာတို့ကို လုံးဝငြိမ်းစေခြင်း အနက်သည်။အဘိညတ္တော၊ အထူး သိခြင်းအနက်သည်။ပရိညတ္တော၊ ပိုင်းခြား၍သိခြင်းအနက်သည်။ ပဟာနတ္တော၊ ပယ်ခြင်းအနက်သည်။ ဘာဝနတ္တော၊ ပွါးစေခြင်းအနက်သည်။ သစ္ဆိကိရိယတ္တော၊ မျက်မှောက် ပြုခြင်းအနက်သည်။သစ္စာဘိသမယတ္တော၊ သစ္စာကို သိခြင်းအနက်သည်။ နိရောဓေ၊ ချုပ်ရာနိဗ္ဗာန်၌။ ပတိဋ္ဌာပကတ္တော၊ တည်စေခြင်း အနက်သည်။ယထတ္တော၊ ယထာသဒ္ဒါ၏ အနက်တည်း။ ဝါ၊ မှန်သောအနက်တည်း။

ဗုဒ္ဓေါတိ၊ ဗုဒ္ဓ-ဟူသည်ကား။ ယော သော ဘဂဝါ၊ အကြင် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သယမ္ဘူ၊ မိမိအလိုလိုဖြစ်တော်မူ၏။ အနာစရိယကော၊ ဆရာမရှိတော်မမူ။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု၊ မကြားဘူးကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သာမံ၊ ကိုယ်တော်တိုင်။ သစ္စာနိ၊ သစ္စာတို့ကို။ အဘိသမ္ဗုဇ္ဈိ၊ ထိုးထွင်း၍သိတော်မူပြီ။ တတ္ထ စ၊ ထိုသိအပ်သော သစ္စာတို့၌လည်း ။ ဝါ၊ ထိုသို့သိရာ၌လည်း။ သဗ္ဗညုတံ၊ အလုံးစုံကို သိသည်၏ အဖြစ်သို့။ ပတ္တော၊ ရောက်တော်မူ၏။ (အဋ္ဌကထာ၌ ပါဠိကို မူတည်၍ ဖွင့်သည်။) ဗလေသု စ၊ ဆယ်ပါးသော ဉာဏ်တော်အားတို့၌လည်း ။ ဝသီဘာဝံ၊ အစိုးရပိုင်နိုင်သည်၏အဖြစ်သို့။ ပတ္တော၊ ရောက်တော်မူ၏။ သော ဘဂဝါ၊ ထိုဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

၁၆၂။ ဗုဒ္ဓေါတိ ဧတ္ထ၊ ဗုဒ္ဓေါ-ဟူသော- ဤပုဒ်၌။ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ဗုဒ္ဓေါ၊ ဗုဒ္ဓမည်သနည်း။ သစ္စာနိ၊ သစ္စာတို့ကို၊ ဗုဇ္ဈိတာ၊ သိတော်မူ၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ ဗုဒ္ဓမည်တော်မူ၏။ ပဇာယ၊ သတ္တဝါ အပေါင်းကို။ ဗောဓေတာ၊ သိစေတော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။သဗ္ဗညုတာယ၊အလုံးစုံ (သောတရား)ကို သိတော်မူသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်တော်မူ၏။ သဗ္ဗဒဿာဝိတာယ၊အလုံးစုံ (သောတရား)ကို မြင်တော်မူသည်၏အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊မည်တော်မူ၏။အနညနေယျတာယ၊သူတပါးက မသိစေအပ်ပဲ (မိမိအလိုလို)သိတော်မူသည်၏အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်တော်မူ၏။ ဝိသဝိတာယ၊အမျိုးမျိုးသော ဂုဏ်ကျေးဇူးတို့ကို ထွက်ပေါ်စေသောအားဖြင့် ပွင့်တော်မူသည်၏ အဖြစ်ကြောင့်။ဗုဒ္ဓေါ၊မည်တော်မူ၏။ ခီဏာသဝသင်္ခါတေန၊ ကုန်ပြီးသော အာသဝေါ ရှိသည်၏ အဖြစ်ဟူသော အဖို့ကြောင့်။ ဝါ၊အာသဝေါကုန်သည်၏ အဖြစ်ဟု ဆိုအပ်သော နည်းခြင်းကြောင့်။ဗုဒ္ဓေါ၊မည်တော်မူ၏။ ။(ပဌမအနက်အလို ဘာသာပုဒ်ကြသည်၊ဒုတိယအနက်အလို ဘာဝနှင့်ဗုဒ္ဓနှစ်ပုဒ်ကြသည်။) နိရုပလေပသင်္ခါတေန၊ ဥပက္ကိလေသ ကင်းသော အဖို့ကြောင့်။ ဝါ၊တဏှာဒိဋ္ဌိလူးလဲမှုကင်းခြင်းဟု ဆိုအပ်သောညာဏ်မျက်စိ ပွင့်ခြင်း နည်းခြင်းကြောင့်။ ဗုဒ္ဓေါ၊ မည်တော်မူ၏။ ဧကန္တဝီတရာဂေါ၊ စင်စစ် ရာဂကင်းတော်မူ၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ မည်တော်မူ၏။ ဧကန္တဝီတဒေါသော၊ စင်စစ်ဒေါသကင်းတော်မူ၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ မည်တော်မူ၏။ဧကန္တဝီတမောဟော၊ စင်စစ်မောဟကင်းတော်မူ၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ မည်တော်မူ၏။ဧကန္တနိက္ကိလေသော၊ စင်စစ် ကိလေသာကင်းတော်မူ၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ မည်တော်မူ၏။ ဧကာယနမဂ္ဂံ၊

တကြောင်းတည်းသော နိဗ္ဗာန်ခရီးကို။ ဂတော၊ သွားတော်မူ၏။ ဣတိ၊ ထိုကြောင့်၊ ဗုဒ္ဓေါ၊ မည်တော်မူ၏။ အနုတ္တရံ၊ အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်သော။ သမ္မာသမ္ဗောဓိံ၊ မှန်စွာ ကိုယ်တိုင်သိသော ဘုရားဉာဏ်ကို။ ဧကော၊ သိစေသူမရှိပဲ တပါးတည်း။ အဘိသမ္ဗုဒ္ဓေါ၊ သိတော်မူ၏။ ဣတိ၊ ထိုကြောင့်။ ဗုဒ္ဓေါ၊ မည်တော်မူ၏။ အဗုဒ္ဓိဝိဟတတ္တာ၊ မသိမှုမောဟကို ပယ်ပြီးသည်၏အဖြစ်ကြောင့်။ ဗုဒ္ဓိပဋိလာဘတ္တာ၊ သိမှုဉာဏ်ကိုရခြင်းကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။ ဗုဒ္ဓေါတိ၊ ဗုဒ္ဓ ဟူသော။ ဧတံ နာမံ၊ ဤအမည်သည်။ မာတရာ၊ အမိသည် နကတံ၊ ပြုအပ်၊ မှည့်အပ်သည်မဟုတ်။ ပိတရာ၊ အဖသည်။ နကတံ၊ ပြုအပ်၊ မှည့်အပ်သည်မဟုတ်။ ဘာတရာ၊ အစ်ကိုသည်။ နကတံ၊ မဟုတ်။ ဘဂိနိယာ၊ အစ်မသည်။ နကတံ၊ မဟုတ်။ မိတ္တာမစ္စေဟိ၊ အဆွေခင်ပွန်းတို့သည်။ ဝါ၊ မိတ်ဆွေကျေးကျွန်တို့သည်။ (အမစ္စာ ဘစ္စာ-ဤအဋ္ဌကထာ အရ ဒုတိယအနက်ပြန်သည်။) နကတံ၊ မဟုတ်။ ဉာတိသာလောဟိတေဟိ၊ ဆွေမျိုးသားချင်း တို့သည်။ နကတံ၊ ပြုအပ်သည်မဟုတ်။ သမဏဗြာဟ္မဏေဟိ၊ ရဟန်းပုဏ္ဏားတို့သည်။ နကတံ၊ မဟုတ်။ ဒေဝတာဟိ၊ နတ်ဗြဟ္မာတို့သည်။ နကတံ၊ ပြုအပ် မှည့်အပ်သည်မဟုတ်။ ဗုဒ္ဓေါတိ၊ ဗုဒ္ဓ-ဟူသော။ ယဒိဒံ နာမံ၊ အကြင်အမည်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ နာမံ၊ ဤအမည်သည်။ ဘဂဝန္တာနံ၊ ဘုန်းတော်ကြီးကုန်သော။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အနီးအောက်အရပ်၌။ သဗ္ဗညုတညာဏဿ၊ အလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်ကို။ ပဋိလာဘာ၊ ရသည်နှင့်။ သဟ၊ တပြိုင်နက်။ ဝိမောက္ခန္တိကံ၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် ပြီးစီး ထင်ရှားသော အမည်ပေတည်း။ သစ္ဆိကာ၊ အသုံးစုံသော တရားတို့ကို မျက်မှောက်ပြုခြင်းဖြင့် ပြီးသော။ ပညတ္တိ၊ အမည်ပညတ်တော်ပေတည်း။

ဒေသိတာတိဧတ္ထ၊ ဒေသိတာ-ဟူသော ဤပုဒ်၌။ အတ္တဒမထော၊ မိမိကိုယ်ကို ဆုံးမခြင်း အနက်ဟူသော။ ယထတ္တော၊ ယထာသဒ္ဒါ၏အနက်ကို။ ဝါ၊ မှန်သောအနက်ကို။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဒေသိတော၊ ဟောအပ်၏။ ။[အတ္တသမထတ္တော-စသည်၌ အနက် ထင်ရှားပြီ။]

သောတိ၊ သော-ဟူသည်ကား။ ဂဟဋ္ဌော ဝါ၊ လူသည်သော်လည်း။ ဟောတိ၊ ဖြစ်၏။ ပဗ္ဗဇိတော ဝါ၊ ရဟန်းသည်သော်လည်း။ ဟောတိ၊ ဖြစ်၏။ လောကောတိဧတ္ထ၊ လောကော ဟူသောပုဒ်၌။ ခန္ဓလောကော၊ ခန္ဓာလောကသည်၎င်း။ ဓာတုလောကော၊ ဓာတုလောက-သည်၎င်း။ အာယတနလောကော၊ အာယတနလောကသည်၎င်း။ ဝိပတ္တိဘဝလောကော၊ အပါယ် လေးပါးဟူသော ဝိပတ္တိဘဝလောကသည်၎င်း။ ဝိပတ္တိသမ္ဘဝလောကော၊ အပါယ်လားကြောင်း ကံဟူသော ဝိပတ္တိသမ္ဘဝလောကသည်၎င်း။ သမ္ပတ္တိဘဝလောကော၊ သုဂတိဘဝဟူသော သမ္ပတ္တိဘဝလောကသည်၎င်း။ သမ္ပတ္တိသမ္ဘဝလောကော၊ သုဂတိရောက်ကြောင်း ကံဟူသော သမ္ပတ္တိသမ္ဘဝလောကသည်၎င်း။ (လောကော၊ လောကမည်၏။) လောကော၊ လောကသည်။ ဧကော၊ တပါးသာတည်း။ (ကတမော၊ အဘယ်နည်းဟူမူ။)အာဟာရဋ္ဌိတိကာ၊ အာဟာရလျှင် တည်ကြောင်းရှိကုန်သော။ သဗ္ဗေ သတ္တာ၊ ခပ်သိမ်းသော သတ္တဝါတို့ပေတည်း။ပ။လောကာ၊ လောကတို့သည်။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးတို့တည်း။ (ကတမေ၊ အဘယ်သည်တို့နည်းဟူမူ။) အဋ္ဌာရသဓာတုယော၊ တဆယ့်ရှစ်ပါးသော ဓာတ်တို့ပေတည်း။

ပကာသေတီတိဧတ္ထ၊ ပကာသေတိ-ဟူသော ဤပုဒ်၌။အတ္တဒမတ္ထတ္တံ၊ မိမိကိုယ်ကို ဆုံးမခြင်း အနက်ဟူသော။ ယထတ္တံ၊ ယထာသဒ္ဒါ၏အနက်ကို။ ဝါ၊ မှန်သောအနက်ကို။ အဘိသမ္ဗုဒ္ဓတ္တာ၊

ထိုးထွင်း၍သိသည်၏အဖြစ်ကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ဣမံ လောကံ၊ ဤခန္ဓာအစရှိသော လောကကို။ ဩဘာသေတိ၊ ထွန်းလင်းစေ၏။ ဘာသေတိ၊ တောက်ပစေ၏။ ပဘာသေတိ၊ ထွန်းလင်း တောက်ပ စေ၏။ပ။နိဂုမနံ၌။ ပတိဋ္ဌာပကတ္ထံ၊ ဟူသော။ ယထတ္ထံ၊ ကို။ အဘိသမ္ဗုဒ္ဓတ္တာ၊ ကြောင့်။ဣမံ လောကံ၊ ကို။ ဩဘာသေတိ၊ ၏။ ဘာသေတိ၊၏။ပဘာသေတိ၊ ထွန်းလင်းတောက်ပစေ၏။

အဗ္ဘာမုတ္တောဝ စန္ဒိမာတိဧတ္ထ၊ ဟူသော ဤပါဌ်၌။ အဗ္ဘာယထာ၊ တိမ်တိုက်ကိုကဲ့သို့။ ဧဝံ၊ ဤအတူ။ ကိလေသာ၊ ကိလေသာတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။စန္ဒော ယထာ၊ လကိုကဲ့သို့။ ဧဝံ၊ ဤအတူ။ အရိယဉာဏံ၊ အရိယဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ စန္ဒိမာဒေဝပုတ္တော ယထာ၊ လနတ်သားကိုကဲ့သို့။ ဧဝံ၊ ဤအတူ။ ဘိက္ခု၊ ယောဂီရဟန်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊လွတ်သော။ မဟိကာ၊ ဆီးနှင်းမှ။ မုတ္တော၊ လွတ်သော။ဓူမရဇာ၊မီးခိုးမြူမှ၊ မုတ္တော၊ လွတ်သော။ ရာဟုဂဟဏာ၊ ရာဟုဖမ်းခြင်းမှ။ ဝိပ္ပမုတ္တော၊ လွတ်သော။ စန္ဒော၊ လသည်။ဘာသတေ ယထာ စ၊ထွန်းလင်းသကဲ့သို့ရင်း။တပတေ ယထာ စ၊တောက်ပသကဲ့သို့ရင်း။ ဝိရောစတေ ယထာ စ၊ တင့်တယ်သကဲ့သို့ရင်း။ ဧဝမေဝံ၊ ဤအတူပင်လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သဗ္ဗကိလေသေဟိ၊ အလုံးစုံသော ကိလေသာတို့မှ။ ဝိပ္ပမုတ္တော၊ လွတ်သည်ဖြစ်၍။ဘာသတေ စ၊ ထွန်းလည်းထွန်းလင်း၏။ တပတေ စ၊ တောက်လည်း တောက်ပ၏။ဝိရောစတေ စ၊ တင့်လည်း တင့်တယ်၏။ တေန၊ ထိုကြောင့်။ အဗ္ဘာမုတ္တောဝ စန္ဒိမာတိ၊ စန္ဒိမာ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဣမာနိ၊ ဤသည်တို့ကား။ တေရသ၊ တဆယ့်သုံးပါးကုန်သော။ ဝေါဒါနေ ဉာဏာနိ၊ ဝေါဒါန ဉာဏ်တို့တည်း။

စတုတ္ထော၊ လေးခုမြောက်ဖြစ်သော။ ဝေါဒါနဉာဏနိဒ္ဒေသော၊ ဝေါဒါနဉာဏ်တို့ကို

အကျယ်ပြရာအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

**ဘာဏဝါရော၊ တကြိမ်ရွတ်စာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

---

## ၅-သတောကာရိဉာဏနိဒ္ဒေသ

၁၆၃။ ဗာတ္တိံသ၊ သုံးဆယ့်နှစ်ပါးသော။ သတောကာရိဿဉာဏာနိ၊ သတောကာရိဉာဏ်တို့သည်။ ဝါ၊ အမှတ်သတိပြုသူ၏ဉာဏ်တို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊ တောသို့ ကပ်သည်ဖြစ်၍ သော်၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍ သော်၎င်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်သော ကျောင်းသို့ ကပ်သည်ဖြစ်၍သော်၎င်း။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ခွေ၍။ ကာယံ၊ အထက်ပိုင်းကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေးရှု။ သတိံ၊ အမှတ်သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ထိုင်၏။ သော၊ ထိုသို့ ထိုင်ပြီးသော ရဟန်းသည်။ သတောဝ၊ အမှတ်ရသည်ဖြစ်၍ သာလျှင်။ဝါ၊ မှတ်ရှုသည်ဖြစ်၍သာလျှင်။ (သရတီတိ သတော၊ ဝစနတ္ထ။) အဿသတိ၊ဝင်သက် ရှူ၏။ (ဝင်သက် ရှိုက်၏-ဟူ၍လည်း ပြန်ကြ၏။) သတောဝ၊ အမှတ်ရသည်ဖြစ်၍သာလျှင်။ ဝါ၊ မှတ်ရှုသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ထွက်သက်ရှိုက်၏။

(ထွက်သက်ရှူ၏-ဟူ၍လည်း ပြန်ကြ၏။ ထွက်သက်ရှူထုတ်၏-ဟု ပြန်လျှင် သာ၍ ရှင်းလင်း၏။သို့သော်"ရှူသည် ရှိုက်သည်"ဟူသော စကားနှစ်လုံးမှာ တွဲ၍ သုံးသောအခါ၌ ဝင်သက်နှင့် ထွက်သက်ကိုပင် အစဉ်အတိုင်း ရည်၍ ပြောသော စကားလုံးများ ဖြစ်သောကြောင့်၎င်း၊ ဝင်သက်၌ "ရှူသည်"ဟူသော စကားလုံးကဲ့သို့ ထွက်သက်၌လည်း အလားတူ မြန်မာစကားလုံး သီးခြားရှိသင့်သောကြောင့်၎င်း ဤ၌ ၎င်းကို "ရှိုက်"၏ဟု ဖော်ပြလိုက်သည်)။

ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ဝင်သက်ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ရှူသည်ဟူ၍။ ပဇာနာတိ၊ သိ၏။ (ဒီဃံ ဝါ၊ ရှည်သော ဝင်သက်ကိုမူလည်း။ အဿသန္တော၊ ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်သော ဝင်သက်ကို။ အဿသာမီတိ၊ ရှူသည်ဟူ၍။ ပဇာနာတိ၊ သိ၏-ဟူ၍လည်း ပြန်ကြ၏။) ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ထွက်သက်ရှိုက်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ရှိုက်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ (၁) ရဿံ ဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ဝင်သက်ရှူသည်ရှိသော်။ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ရှူသည်ဟူ၍။ ပဇာနာတိ၊ သိ၏။ (ရဿံ ဝါ၊ တိုသော ဝင်သက်ကိုမူလည်း။ အဿသန္တော၊ ရှူသည်ရှိသော်။ ရဿံ၊ တိုသော ဝင်သက်ကို။ အဿသာမီတိ၊ ရှူသည်ဟူ၍။ ပဇာနာတိ၊ သိ၏-ဟူ၍လည်း ပြန်ကြ၏။) ရဿံ ဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ထွက်သက်ရှိုက်သည်ရှိသော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ရှိုက်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ (၂) သဗ္ဗကာယပဋိသံဝေဒီ၊ အစ အလယ် အဆုံး အလုံးစုံသော ဝင်သက်အပေါင်း (ကာယ) ကို ထင်ရှားစေသည်ဖြစ်၍။ ဝါ၊ ထင်ရှားစေလျက်။ အဿသိဿာမိ၊ ဝင်သက်ရှူအံ့၊ ဣတိ၊ ဤသို့။ သိက္ခတိ၊ လေ့ကျင့်အားထုတ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အစ အလယ် အဆုံး အလုံးစုံသော ထွက်သက်အပေါင်း (ကာယ) ကို ထင်ရှားစေသည်ဖြစ်၍။ ဝါ၊ ထင်ရှားစေလျက်။ ပဿသိဿာမိ၊ ထွက်သက်ရှိုက်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ လေ့ကျင့်အားထုတ်၏။ (၃)။ ကာယသင်္ခါရံ၊ အရှူပြင်း၍ ရုန့်ရင်းသော ဝင်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ ငြိမ်းစေသည်ဖြစ်၍။ ဝါ၊ ငြိမ်းစေလျက်။ အဿသိဿာမိ၊ ဝင်သက်ရှူအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ လေ့ကျင့်အားထုတ်၏။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသော ထွက်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေသည်ဖြစ်၍။ ဝါ၊ ငြိမ်းစေလျက်။ ပဿသိဿာမိ၊ ထွက်သက်ရှိုက်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ၏။ (၄)

ပီတိပဋိသံဝေဒီ၊ ပီတိကို ထင်ရှားစေသည်ဖြစ်၍။ ဝါ၊ လျက်။ အဿသိဿာမိ၊ ရှူအံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ ပီတိပဋိသံဝေဒီ၊ လျက်။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၁)။ ။သုခပဋိသံဝေဒီ၊ သုခကို ထင်ရှားစေသည်ဖြစ်၍။ ဝါ၊ လျက်။ အဿသိဿာမိ၊ ရှူအံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ သုခပဋိသံဝေဒီ၊ လျက်၊ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၂)။ ။စိတ္တသင်္ခါရပဋိသံဝေဒီ၊ သညာ, ဝေဒနာဟူသော စိတ္တသင်္ခါရကို ထင်ရှားစေသည်ဖြစ်၍။ ဝါ၊ လျက်။ အဿသိဿာမိ၊ ရှူအံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တသင်္ခါရပဋိသံဝေဒီ၊ လျက်။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၃)။ ။စိတ္တသင်္ခါရံ၊ ရုန့်ရင်းသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေသည်ဖြစ်၍။ ဝါ၊ ငြိမ်းစေလျက်။ အဿသိဿာမိ၊ ရှူအံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တသင်္ခါရံ၊ ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ လျက်။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၄)

စိတ္တပဂ္ဂဟံ ဝေဒိ၊ စိတ်ကို ထင်ရှားစေသည်ဖြစ်၍။ ဝါ၊ စိတ်ကို ထင်ရှားစေလျက်။ အဿသိဿာမိ၊ ရှူအံ့။ပ။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၁)။ ။စိတ္တံ၊ စိတ်ကို။ အဘိပ္ပမောဒယံ-အဘိပ္ပမောဒယန္တော၊ ရွှင်လန်း ဝမ်းမြောက်စေသည်ဖြစ်၍။ ဝါ၊ ဝမ်းမြောက်စေလျက်။ ။အဿသိဿာမိ၊ရှူအံ့။ပ။ပဿသိဿာမိ၊ ရှိုက်အံ့။ဣတိ၊သို့။ သိက္ခတိ၊ ၏။ (၂)။ ။စိတ္တံ၊ စိတ်ကို။ သမာဒဟံ-သမာဒဟန္တော၊ အာရုံ၌ အညီအညွတ် ကောင်းစွာထားသည်ဖြစ်၍။ ဝါ၊ထားလျက်။ ။အဿသိဿာမိ၊ရှူအံ့။ပ။ ပဿသိဿာမိ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၃)။ ။စိတ္တံ၊ စိတ်ကို။ ဝိမောစယံ-ဝိမောစယန္တော၊ လွတ်စေသည်ဖြစ်၍။ ဝါ၊ လွတ်စေလျက်။ ။ အဿသိဿာမိ၊ ရှူအံ့။ပ။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၄)

အနိစ္စာနုပဿီ၊ မမြဲဟု ရှုသည်ဖြစ်၍။ ဝါ၊ မမြဲဟု ရှုလျက်။ အဿသိဿာမိ၊ ရှူအံ့။ပ။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၁)။ ။ဝိရာဂါနုပဿီ၊ ပျက်ပြယ်ခြင်းကို ရှုသည်ဖြစ်၍။ ဝါ၊ တပ်မက်ခြင်း ကင်းလျက် ရှုသည်ဖြစ်၍။ ။အဿသိဿာမိ၊ ရှူအံ့။ပ။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၂)။ ။နိရောဓာနုပဿီ၊ ချုပ်ခြင်းကို ရှုသည်ဖြစ်၍။ ဝါ၊ ချုပ်စေလျက် ရှုသည်ဖြစ်၍။ အဿသိဿာမိ၊ ရှူအံ့။ပ။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ (၃)။ ။ပဋိနိဿဂ္ဂါနုပဿီ၊ တဖန် စွန့်လွှတ် စေလွှတ်လျက် ရှုသည်ဖြစ်၍။ အဿသိဿာမိ၊ ရှူအံ့။ပ။ ပဿသိဿာမိ၊ ရှိုက်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ အားထုတ်၏။ ဝါ၊ ကျင့်၏။ (၄)

၁၆၄။ ဣဓာတိ၊ ဣဓ-ဟူသည်ကား။ ဣမိဿာ ဒိဋ္ဌိယာ၊ ဤအမြင်၌။ ဣမိဿာ ခန္တိယာ၊ ဤအလို၌။ ဣမိဿာ ရုစိယာ၊ ဤနှစ်သက်ခြင်း၌။ ဣမသ္မိံ အာဒါယေ၊ ဤအယူ၌။ ဣမသ္မိံ ဓမ္မေ၊ ဤတရား၌။ ဣမသ္မိံ ဝိနယေ၊ ဤဝိနည်း၌။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤဓမ္မဝိနယ၌။ ဣမသ္မိံ ပါဝစနေ၊ ဤမြတ်စွာဘုရား စကားတော်၌။ ဣမသ္မိံ ဗြဟ္မစရိယေ၊ ဤမြတ်သောအကျင့်၌။ ဣမသ္မိံ သတ္ထုသာသနေ၊ ဤမြတ်စွာဘုရားသာသနာတော်၌။ တေန၊ ထို့ကြောင့်။ ဣဓာတိ၊ ဣဓ ဟူ၍။ ဝုစ္စတိ၊ ၏။

ဘိက္ခူတိ၊ ဘိက္ခု ဟူသည်ကား။ ပုထုဇ္ဇနကလျာဏကော ဝါ၊ ကလျာဏပုထုဇဉ်သော်လည်း ဖြစ်သော။ သေက္ခော ဝါ၊ သေက္ခ သော်လည်းဖြစ်သော။ အကုပ္ပဓမ္မော၊ မပျက်သော သဘော ရှိသော။ အရဟာ ဝါ၊ ရဟန္တာ သော်လည်းဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဟောတိ၊ ၏။

အရညန္တိ ဧတ္ထ၊ အရညံ-ဟူသော ဤပုဒ်၌။ ဣန္ဒခီလာ၊ တံခါးခုံမှ။ နိက္ခမိတွာ၊ ထွက်၍။ ဗဟိ၊ အပ၌။ ဝါ၊ အပဖြစ်သော။ ယံ ဌာနံ၊ အကြင်ဌာနသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောအရပ်သည်။ အရညံ၊ အရညမည်၏။ ရုက္ခမူလန္တိ၊ ရုက္ခမူလံ-ဟူသည်ကား။ ယတ္ထ၊ အကြင်သစ်ပင်ရင်းအရပ်၌။ ဘိက္ခုနော၊ ရဟန်း၏။ မဉ္စော ဝါ၊ ညောင်စောင်းသော်လည်းဖြစ်သော။ ပီဌံ ဝါ၊ အင်းပျဉ်သော်လည်းဖြစ်သော။ ဘိသိ ဝါ၊ အုံလျှိုသော်လည်းဖြစ်သော။ တဋ္ဋိကာ ဝါ၊ ဖျာ အခင်းသော်လည်းဖြစ်သော။ စမ္မခဏ္ဍော ဝါ၊ သားရေပိုင်း အခင်းသော်လည် ဖြစ်သော။ တိဏသန္ထရော ဝါ၊ မြက်အခင်းသော်လည်းဖြစ်သော။ ပဏ္ဏသန္ထရော ဝါ၊ သစ်ရွက်အခင်းသော်လည်းဖြစ်သော။ ပလာလသန္ထရော ဝါ၊ ကောက်ရိုးအခင်းသော်လည်းဖြစ်သော။ အာသနံ၊ နေရာကို။ ပညတ္တံ၊ ခင်းအပ်သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုသစ်ပင်ရင်းအရပ်၌။ ဘိက္ခု၊ ရဟန်းသည်။ စင်္ကမတိ ဝါ၊ စင်္ကြံ မှုလည်းသွား၏။ တိဋ္ဌတိ ဝါ၊ ရပ်မူလည်း ရပ်၏။ နိသီဒတိ ဝါ၊ ထိုင်မူလည်းထိုင်၏။ သေယျံ ဝါ၊ အိပ်ခြင်း ကိုမူလည်း။ ကပ္ပေတိ၊ ပြု၏။ (တံ၊ ထိုအရပ်သည်။ ရုက္ခမူလံ၊ သစ်ပင်ရင်းမည်၏။) သုညန္တိ၊ သုညံ-

ဟူသည်ကား။ (ယံ ဌာနံ၊ အကြင်အရပ်သည်။) ဂဟဌ္ဌေဟိ ဝါ၊ လူတို့နှင့်ရင်း။ ပဗ္ဗဇိတေဟိ ဝါ၊ ရဟန်းတို့နှင့်ရင်း။ ကေနစိ၊ တစုံတယောက်သောသူနှင့်။ အနာကိဏ္ဏံ၊ မပြွမ်းသည်။ ဟောတိ၊ ၏။ (တံ၊ ထိုအရပ်သည်။ သုညံ၊ မည်၏။) အဂါရန္တိ၊ အဂါရံ-ဟူသည်ကား။ ဝိဟာရော၊ နှစ်ဘက်စောင်းမိုးသော ကျောင်းရင် ။ အဍ္ဎယောဂေါ၊ တဘက်စောင်းမိုးသော ကျောင်းရင်း။ ပါသာဒေါ၊ ပြာသာဒ်ရှည်ရင်း။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်းရင်း။ ဂုဟာ၊ လိုဏ်ခေါင်းရင်း။ (ဣတိ ဣမေ၊ ဤသည်တို့တည်း။) နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာတိ ဧတ္ထ၊ ဟူသော ဤပုဒ်တို့၌။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ခွေ၍။ နိသိန္နော၊ ထိုင်နေသည်။ ဟောတိ၊ ဖြစ်၏။ ဥဇုံ ကာယံ ပဏိဓာယာတိ၊ ဟူသော ဤပုဒ်တို့၌။ သုပဏိဟိတော၊ ကောင်းစွာထားအပ်သည်ဖြစ်၍။ ကာယော၊ ကိုယ်သည်။ ဥဇုကော၊ ဖြောင့်မတ်သည်ဖြစ်၍။ ဌိတော၊ တည်သည်။ ဟောတိ၊ ၏။ ပရိမုခံ သတိံ ဥပဋ္ဌပေတွာတိ ဧတ္ထ၊ ဟူသော ဤပုဒ်တို့၌။ ပရိတိ ဧသော သဒ္ဒေါ၊ ပရိ-ဟူသော ဤသဒ္ဒါသည်။ ပရိဂ္ဂဟဋ္ဌော၊ သိမ်းဆည်းခြင်း အနက်ရှိ၏။ မုခန္တိ ဧသော သဒ္ဒေါ၊ မုခံ-ဟူသော ဤသဒ္ဒါသည်။ နိယျာနဋ္ဌော၊ ဝဋ်မှထွက်သွားခြင်း အနက်ရှိ၏။ သတိတိ ဧသော သဒ္ဒေါ၊ သတိ-ဟူသော ဤသဒ္ဒါသည်။ ဥပဋ္ဌာနဋ္ဌော၊ ထင်ခြင်းအနက်ရှိ၏။ တေန၊ ထို့ကြောင့်။ ပရိမုခံ သတိံ ဥပဋ္ဌပေတွာတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၆၅။ သတော ဝ အဿသတိ သတော ဝ ပဿသတီတိ ဧတ္ထ၊ ဟူသော ဤပါဠိ၌။ ဗာတ္တိံသာယ အာကာရေဟိ၊ သုံးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်။ သတော၊ အမှတ်ရသည်ဖြစ်၍။ ဝါ အမှတ်ရလျက်။ (သရတီတိ သတော၊ ဝစနတ္ထ။) ကာရီ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒီဃံ အဿာသဝသေန၊ ရှည်စွာဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တခုတည်းသောအာရုံရှိသည်၏အဖြစ်ဟုဆိုအပ်သော။ အဝိက္ခေပံ၊ မပျံ့လွင့်ခြင်း ,တည်ကြည်ခြင်းကို။ ပဇာနတော၊ သိသော ယောဂါဝစရ်၏။ ဝါ၊ အား။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ၊ အာရုံ၌ကပ်၍ တည်သည်။ ဝါ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။ တာယ သတိယာ၊ ထိုသတိဖြင့်။ တေန ဉာဏေန၊ ထိုဉာဏ်ဖြင့်။ သတော၊ အမှတ်ရသည်ဖြစ်၍။ ဝါ၊ လျက်။ ကာရီ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒီဃံ ပဿာသဝသေန၊ ရှည်စွာဟုဟောအပ်သော ထွက်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ တခုတည်းသော အာရုံရှိသည်၏ အဖြစ်ဟု ဆိုအပ်သော။ အဝိက္ခေပံ၊ မပျံ့လွင့်ခြင်း, တည်ကြည်ခြင်းကို။ ပဇာနတော၊ ၏။ ဝါ၊ အား။ သတိ၊ သည်။ ဥပဋ္ဌိတာ၊ ထင်သည်။ ဟောတိ၊ ၏။ တာယ သတိယာ၊ ဖြင့်။ တေန ဉာဏေန၊ ဖြင့်။ သတော၊ အမှတ်ရလျက်။ ကာရီ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ၏။ ရဿံ အဿာသဝသေန၊ တိုစွာဟုဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ ရဿံ ပဿာသဝသေန၊ တိုစွာဟု ဟောအပ်သော ထွက်သက်၏ အစွမ် အားဖြင့်။ပ။ သဗ္ဗကာယပဋိသံဝေဒီအဿာသဝသေန၊ အစ အလယ် အဆုံး အသုံးစုံသော ဝင်သက်အပေါင်းကို ထင်ရှားစေသည်ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသဝသေန၊ အရှုပြင်း၍ ရှန့်ရင်းသော ဝင်သက်ကာယသင်္ခါရကို ငြိမ်းစေသည်ဟု ဟောအပ်သော ဝင်သက်၏အစွမ်းအားဖြင့်။ပ။ ပီတိပဋိသံဝေဒီ အဿာသဝသေန၊ ပီတိကိုထင်ရှား စေသည်ဟု ဟောအပ်သော ဝင်သက်၏အစွမ်းအားဖြင့်။ပ။ သုခပဋိသံဝေဒီ အဿာသဝသေန၊ သုခကိုထင်ရှား စေသည်ဟု ဟောအပ်သောဝင်သက်၏အစွမ်းအားဖြင့်။ပ။ စိတ္တသင်္ခါရပဋိသံဝေဒီအဿာသဝသေန၊ စိတ္တသင်္ခါရကိုထင်ရှားစေသည်ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿာသဝသေန၊ စိတ္တသင်္ခါရကို ငြိမ်းစေသည်ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ စိတ္တပဋိသံဝေဒီ အဿာသဝသေန၊ စိတ်ကို ထင်ရှားစေသည်ဟု ဟောအပ်သော

ဝင်သက်၏အစွမ်းအားဖြင့်။ပ။အဘိပ္ပမောဒယံ စိတ္တံ အဿာသဝသေန၊ စိတ်ကို ရွှင်လန်းဝမ်းမြောက် စေသည်ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ သမာဒဟံ စိတ္တံ အဿာသဝသေန၊ စိတ်ကို အညီအညွတ်ကောင်းစွာထားသည်ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ ဝိမောစယံ စိတ္တံ အဿာသဝသေန၊ စိတ်ကိုလွတ်စေသည်ဟု ဟောအပ်သော ဝင်သက်၏ အစွမ်း အားဖြင့်။ပ။အနိစ္စာနုပဿီ အဿာသဝသေန၊အနိစ္စာနုပဿီ ဟု ဟောအပ်သော ဝင်သက်၏အစွမ်း အားဖြင့်။ပ။ ဝိရာဂါနုပဿီအဿာသဝသေန၊ ဝိရာဂါနုပဿီဟု ဟောအပ်သော ဝင်သက်၏အစွမ်း အားဖြင့်။ပ။ နိရောဓာနုပဿီ အဿာသဝသေန၊ နိရောဓာနုပဿီ ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ ပဋိနိဿဂ္ဂါနုပဿီ အဿာသဝသေန၊ ပဋိနိဿဂ္ဂါနုပဿီဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ပ။ ပဋိနိဿဂ္ဂါနုပဿီ ပဿာသဝသေန၊ ပဋိနိဿဂ္ဂါနုပဿီဟုဟောအပ် သော ထွက်သက်၏အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ ဆိုအပ်သော။ အဝိက္ခေပံ၊ မပျံ့လွင့်ခြင်း, တည်ကြည်ခြင်းကို။ ပဇာနတော၊ ၏။ ဝါ၊ အား။ သတိ၊ သည်။ ဥပဋ္ဌိတာ၊သည်။ ဟောတိ၊ ၏။ တာယ သတိယာ၊ဖြင့်။ တေန ဉာဏေန၊ ဖြင့်။ သတော၊ အမှတ်ရသည်ဖြစ်၍။ ဝါ၊ အမှတ်ရလျက်။ ကာရီ၊ ပွါးလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

## ပဌမစတုက္ကနိဒ္ဒေသ

၁၆၆။ ဒီဃံ၊ ရှည်စွာ။ အဿသန္တော၊ ဝင်သက်ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိတိ၊ ရှူသည်ဟူ၍။ ကထံ၊ အဘယ်သို့။ ပဇာနာတိ၊ သိသနည်း။ ဒီဃံ၊ ရှည်စွာ။ ပဿသန္တော၊ ထွက်သက်ရှိုက်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမိတိ၊ ရှိုက်သည်ဟူ၍။ ကထံ၊အဘယ်သို့။ ပဇာနာတိ၊ သိသနည်းဟူမူကား။ ဒီဃံ၊ ရှည်သော။ အဿာသံ၊ ဝင်သက်ကို။ အဒ္ဓါနသင်္ခါတေ၊ အချိန်ဟုဆိုအပ်သောရှည်သောကာလ၌။ဝါ၊ရှည်သောအဖို့၌။(နောက်အနက်ဝိသုဒ္ဓိမဂ်ဋီကာအဖွင့်) အဿသတိ၊ရှူ၏။ဒီဃံ၊ ရှည်သော။ပဿာသံ၊ ထွက်သက်ကို။အဒ္ဓါနသင်္ခါတေ၌။ပဿသတိ၊ရှိုက်၏။ ဒီဃံ၊ ရှည်သော။ အဿာသပဿာသံ၊ ဝင်သက်ထွက်သက်ကို။ အဒ္ဓါနသင်္ခါတေ၊ ၌။ အဿသတိပိ၊ ရှူလည်းရှူ၏။ ပဿသတိပိ၊ ရှိုက်လည်း ရှိုက်၏။ ဒီဃံ၊ရှည်သော။ အဿာသပဿာသံ၊ ဝင်သက် ထွက်သက်ကို။ အဿသတောပိ၊ ရှူသော ယောဂီအားငှင်း။ ပဿသတောပိ၊ ရှိုက်သော ယောဂီ အားငှင်း။ ဆန္ဒော၊ ထက်သန်သော လိုလားမှုဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ဆန္ဒဝသေန၊ ဆန္ဒ၏အစွမ်းအားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သာလွန်၍သိမ်မွေ့သော။ ဒီဃံ၊ရှည်သော။ အဿာသံ၊ ဝင်သက်ကို။ အဒ္ဓါနသင်္ခါတေ၊ အချိန်ဟုဆိုအပ်သော ရှည်သောကာလ၌။ အဿသတိ၊ ရှူ၏။ဆန္ဒဝသေန၊အားဖြင့်။တတော၊ထိုထက်။သုခုမတရံ၊သာလွန်၍သိမ်မွေ့သော။ဒီဃံ၊ရှည်သော။ ပဿာသံ၊ထွက်သက်ကို။ အဒ္ဓါနသင်္ခါတေ၌။ပဿသတိ၊ ရှိုက်၏။ဆန္ဒဝသေန၊အားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သော။ ဒီဃံ၊ သော။ အဿာသပဿာသံ၊ ဝင်သက်ထွက်သက်ကို။ အဒ္ဓါနသင်္ခါတေ၊ အချိန်ဟု ဆိုအပ်သော ရှည်သောကာလ၌။ အဿသတိပိ၊ ရှူလည်းရှူ၏။ ပဿသတိပိ၊ ရှိုက်လည်းရှိုက်၏။ ဆန္ဒဝသေန၊ အာ ဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သော။ ဒီဃံ၊ သော။ အဿာသပဿာသံ၊ ကို။ အဒ္ဓါနသင်္ခါတေ၊ ၌။ အဿသတောပိ၊ ရှူသော ယောဂီအားငှင်း။ ပဿသတောပိ၊ ရှိုက်သောယောဂီအားငှင်း။ ပါမောဇ္ဇံ၊ ပါမောဇ္ဇသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ပါမောဇ္ဇဝသေန၊ ပါမောဇ္ဇ၏အစွမ်းအားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သော။ ဒီဃံ၊ ရှည်သော။ အဿာသံ၊ ဝင်သက်ကို။ အဒ္ဓါနသင်္ခါတေ၊ ၌။ အဿသတိ၊

ရှု၏။ ပါမောဇ္ဇဝသေန၊ အားဖြင့်။ တဒေါ၊ ထိုထက်။ သုခုမတရံ၊ သော။ ဒီဃံ၊ သော။ ပဿာသံ၊ ထွက်သက်ကို။ အဒ္ဓါနသင်္ခါတေ၊ ၌။ ပဿသတိ၊ ရှိုက်၏။ ပါမောဇ္ဇဝသေန၊ အားဖြင့်။ တဒေါ၊ ထိုထက်။ သုခုမတရံ၊ သော။ ဒီဃံ၊ သော။ အဿာသပဿာသံ၊ ကို။ အဒ္ဓါနသင်္ခါတေ၊ ၌။ အဿသတိပိ၊ ရှုလည်းရှု၏။ ပဿသတိပိ၊ ရှိုက်လည်းရှိုက်၏။ ပါမောဇ္ဇဝသေန၊ အားဖြင့်။ တဒေါ၊ ထိုထက်။ သုခုမတရံ၊ သော။ ဒီဃံ၊ သော။ အဿာသပဿာသံ၊ ကို။ အဒ္ဓါနသင်္ခါတေ၊ ၌။ အဿသတောပိ၊ ရှုသော ယောဂီအားရင်း။ ပဿသတောပိ၊ ရှိုက်သောယောဂီအားရင်း။ ဒီဃံ၊ ရှည်သော။ ဝါ၊ ရှည်စွာဟု ဟောအပ်သော။ အဿာသပဿာသာ၊ ပကာသ ဝင်သက်ထွက်သက်မှ။

(ဤတွင် ပဋ္ဌိစာအုပ်၌ ပိသဒ္ဒါပိုသည်၊ ပေါင်းဆည်းစရာလည်းမရှိ၊ အထက်ရသာံဝါရ၌လည်း ၎င်းပိသဒ္ဒါမရှိ၊ ယိုးဒယားမူ၌ လည်း မရှိ၊ ထို့ပြင် ဤ၌ နိဂ္ဂဟိတန္တနှင့်ရှိသော ဒီဃံ ပုဒ်ကိုလည်း အထူးသတ်ပြုသင့်၏)။

ဝိဝတ္တတိ၊ ဆုတ်နစ်ဖဲခွါ၏။ ဝါ၊ ဆုတ်နင်၍ ငဋ္ဌိဘာဂနိမိတ်၌ တည်၏။ (လည်၍ဖြစ်၏လည်းဟူ)။ ဥပေက္ခာ၊ ဥပေက္ခာသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏၊ ဣမေဟိ နဝဟာကာရေဟိ၊ ဤကိုးပါးသော အခြင်းအရာတို့ဖြင့်။ ဒီဃံ၊ ရှည်သော။ ဝါ၊ ရှည်စွာဟု ဟောအပ်ကုန်သော။ အဿာသပဿာသာ၊ ဝင်သက်ထွက်သက်တို့သည်။ ကာယော၊ ကာယမည်၏။ (ဤ၌လည်း ဒီဃံ ပုဒ်မှာ နိဂ္ဂဟိတန္တနှင့် ရှိပြန်သဖြင့် အဿာသပဿာသာ ပုဒ်၏ တုလျာဓိကရဏဝိသေသန မဟုတ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် "ဒီဃံ ဝါ အဿာသန္တော" သည်တို့၌လည်း ၎င်းကိုကြိယာဝိသေသန-ဟု ယူခြင်းသာလျှင် ယုတ္တတရ ဖြစ်သည်။) ဥပဋ္ဌာနံ၊ ထင်သောသဘောသည်။ ဝါ၊ ထင်ခြင်းသည်။ သတိ၊ သတိ မည်၏။ အနုပဿနာ၊ ရှုခြင်းသည်။ ဉာဏံ၊ ဉာဏ်မည်၏။ ကာယော၊ ကာယသည်။ ဥပဋ္ဌာနံ၊ သတိ၏ကပ်၍တည်ရာ (ထင်ရာ) ဖြစ်သောကြောင့် ဥပဋ္ဌာန မည်၏။ နော သတိ၊ သတိ မမည်။ သတိ၊ သတိသည်။ ဥပဋ္ဌာနဉ္စေဝ၊ အာရုံ၌ ကပ်၍တည်တတ် (ထင်တတ်)သောကြောင့် ဥပဋ္ဌာနလည်း မည်၏။ သတိ စ၊ သတိလည်း မည်၏။ တာယ သတိယာ၊ ထိုသတိဖြင့်။ တေန ဉာဏေန၊ ထိုဉာဏ်ဖြင့်။ တံ ကာယံ၊ ထိုဝင်သက်ထွက်သက် အပေါင်းကာယကို။ အနုပဿတိ၊ ရှု၏။ တေန၊ ထို့ကြောင့်။ ကာယေ၊ ရုပ်အပေါင်းကိုယ်၌။ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာတိ၊ ရုပ်အပေါင်းကိုယ်ဟု ရှုသော သတိပဋ္ဌာန်ဘာဝနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၆၇။ အနုပဿတီတိဧတ္ထ၊ ၌။ တံ ကာယံ၊ ထိုကာယကို။ ကထံ၊ အသို့လျှင်။ အနုပဿတိ၊ ရှုသနည်း။ အနိစ္စတော၊ မမြဲဟု။ အနုပဿတိ၊ ရှု၏။ နိစ္စတော၊ မြဲသည်ဟု။ နော အနုပဿတိ၊ မရှု။ ဒုက္ခတော။ ဆင်းရဲဟု။ အနုပဿတိ၊ ရှု၏။ သုခတော၊ ချမ်းသာဟု။ နော အနုပဿတိ၊ မရှု။ အနတ္တတော၊ အတ္တမဟုတ်ဟု။ အနုပဿတိ၊ ရှု၏။ အတ္တတော၊ အတ္တဟု။ နော အနုပဿတိ၊ မရှု။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နော နန္ဒတိ၊ မနှစ်သက် မပျော်မွေ့။ ဝိရဇ္ဇတိ၊ တပ်မက်ခြင်းကင်း၏။ နော ရဇ္ဇတိ၊ မတပ်မက်။ နိရောဓေတိ၊ ရာဂကိုချုပ်စေ၏။ နော သမုဒေတိ၊ မဖြစ်စေ။ ။တနည်း၊ နိရောဓေတိ၊ ချုပ်သည်ဟု နှလုံးသွင်း၏။ နော သမုဒေတိ၊ ဖြစ်သည်၊ ကြီးပွါးသည်ဟု နှလုံးမသွင်း။ ပဋိနိဿဇ္ဇတိ၊ စွန့်လွှတ်၏။ နော အာဒိယတိ၊ မယူ၊ လက်မခံ။ အနိစ္စတော၊ မမြဲဟု။ အနုပဿန္တော၊ ရှုသည်ရှိသော်။ နိစ္စသညံ၊ မြဲသည်ဟု ထင်သော အမှတ်သညာကို။ ပဇဟတိ၊ ပယ်၏၊ ကင်းပျောက်စေ၏။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿန္တော၊ သော်။ သုခသညံ၊ ချမ်းသာဟု

ထင်သောအမှတ်သညာကို။ ပဇဟတိ၊ ၏။ အနတ္တတော၊ အတ္တမဟုတ်ဟု။ အနုပဿန္တော၊ သော်။
အတ္တသညံ၊ အတ္တဟု ထင်သော အမှတ်သညာကို။ ပဇဟတိ၊ ၏။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ရှိသော်။
နန္ဒိံ ၊ နှစ်သက်ပျော်မွေ့ခြင်းကို။ ပဇဟတိ၊ ၏။ ဝိရဇ္ဇန္တော၊ တပ်မက်ခြင်းကင်းသည် ရှိသော်။ ရာဂံ၊
တပ်မက်ခြင်းကို။ ပဇဟတိ၊ ၏။ နိရောဓေန္တော၊ ချုပ်စေသည်ရှိသော်။ သမုဒယံ၊ ရာဂဖြစ်ခြင်း
ကို။ ပဇဟတိ၊ ၏။ ပဋိနိဿဇ္ဇန္တော၊ စွန့်လွှတ်သည်ရှိသော်။ အာဒါနံ၊ ယူခြင်း, လက်ခံခြင်းကို။
ပဇဟတိ၊ ပယ်၏, ကင်းပျောက်စေ၏။ ဧဝံ၊ ဤသို့။ တံ ကာယံ၊ ထိုကာယကို။ အနုပဿတိ၊ ရှု၏။

ဘာဝနာတိဣတ္တော၊ ဟူသောပုဒ်၌။ ဘာဝနာ၊ တို့သည်။ စတဿော၊ လေးပါး တို့တည်း။
တတ္ထ၊ ထိုဘာဝနာစတ္တုပ္ပါဒ်၌။ ဇာတာနံ၊ ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနတိဝတ္တနဋ္ဌေန၊
အချင်းချင်း မလွန်သောသဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းဒင်း။ ဣန္ဒြိယာနံ၊ တို့၏။
ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းငင်း။ တဒုပဂဝီရိယ
ဝါဟနဋ္ဌေန၊ ထိုအနတိဝတ္တန, ဧကရသသဘောတို့အား သျော်သော ဝီရိယကို ဆောင်သော
သဘောအားဖြင့်။ ဘာဝနာ၊ ငင်း။ အာသေဝနဋ္ဌေန၊ မှီဝဲထုံစေသော သဘောအားဖြင့်။
ဘာဝနာ၊ ငင်းတည်း။ ဒီဃံ အဿာသပဿာသဝသေန၊ ရှည်စွာဟု ဟောအပ်သော ဝင်သက်
ထွက်သက်၏ အစွမ်းဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တခုတည်းသော အာရုံရှိသည်၏အဖြစ်ဟု
ဆိုအပ်သော။ အဝိက္ခေပံ၊ မပျံ့လွင့်ခြင်း, တည်ကြည်ခြင်းကို။ ပဇာနတော၊ သိသောယောဂီပုဂ္ဂိုလ်
အား။ ဝေဒနာ၊ တို့သည်။ ဝိဒိဘာ၊ ထင်ရှားကုန်သည် ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဝိဒိတာ၊
ထင်ရှားကုန်သည်ဖြစ်၍။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝိဒိတာ၊ ထင်ရှားကုန်သည် ဖြစ်၍။ အဗ္ဘတ္ထံ၊
ချုပ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။သညာ၊ တို့သည်။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ဥပ္ပဇ္ဇန္တိ၊
ဖြစ်ပေါ်ကုန်၏။ ဝိဒိတာ၊ ကုန်သည်ဖြစ်၍။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝိဒိတာ၊ ကုန်သည်ဖြစ်၍။
အဗ္ဘတ္ထံ၊ ချုပ်ခြင်းသို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဝိတက္ကာ၊ တို့သည်။ ဝိဒိတာ၊ကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊
ကုန်၏။ ဝိဒိတာ၊ ကုန်သည်ဖြစ်၍။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝိဒိတာ၊ ကုန်သည်ဖြစ်၍။ အဗ္ဘတ္ထံ၊
ချုပ်ခြင်းသို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ကထံ၊ အဘယ်သို့လျှင်။ ဝေဒနာ၊ တို့သည်။ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်
ပေါ်ကုန်သနည်း။ ကထံ၊ အဘယ်သို့လျှင်။ ဝိဒိဘာ၊ ကုန်သည်ဖြစ်၍၊ဥပဋ္ဌဟန္တိ၊ထင်ကုန်သနည်း။
ကထံ၊ အဘယ်သို့လျှင်။ဝိဒိတာ၊ ကုန်သည်ဖြစ်၍။ အဗ္ဘတ္ထံ၊ ချုပ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်
သနည်း။ ဝေဒနာယ၊၏။ ဥပ္ပါဒေါ၊ဖြစ်ခြင်းသည်။ ကထံ၊အဘယ်သို့လျှင်။ ဝိဒိတော၊ထင်ရှားသည်။
ဟောတိ၊ ဖြစ်သနည်း။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ၏ ဖြစ်ခြင်းကြောင့်။ ဝေဒနာ
သမုဒယော၊ ဝေဒနာ၏ဖြစ်ခြင်းသည်။ဟောတိ၊၏။ ဣတိ၊ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း
၏ဖြစ်ခြင်းသဘောကြောင့်။ ဝေဒနာယ၊၏။ ဥပ္ပါဒေါ၊ဖြစ်ခြင်းသည်။ ဝိဒိတော၊ ထင်ရှားသည်။
ဟောတိ၊၏။တဏှာသမုဒယာ၊ တဏှာ၏ဖြစ်ခြင်းကြောင့်။ ဝေဒနာသမုဒယော၊ဝေဒနာ၏ ဖြစ်ခြင်း
သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ပ။ ကမ္မသမုဒယာ၊ ကံ၏ဖြစ်ခြင်းကြောင့်။ ဝေဒနာသမုဒယော၊
သည်။ ဟောတိ၊ ၏။ဣတိ၊ဤသို့၊ပ။ ဖဿသမုဒယာ၊ဖဿ၏ဖြစ်ခြင်းကြောင့်။ဝေဒနာသမုဒယော၊
သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ဖြစ်ခြင်းသဘောကြောင့်။
ဝေဒနာယ၊၏။ ဥပ္ပါဒေါ၊သည်။ဝိဒိတော၊သည်။ ဟောတိ၊ ၏။နိဗ္ဗတ္တိလက္ခဏံ၊ဖြစ်ပေါ်ခြင်း လက္ခဏာ
ကို။ ပဿတောပိ၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်အားလည်း။ ဝေဒနာယ၊၏။ဥပ္ပါဒေါ၊သည်။ ဝိဒိတော၊

သည်။ ဟောတိ၊ ၏။ ဧဝံ ဤသို့။ ဝေဒနာယ၊ ၏။ ဥပ္ပါဒေါ၊ သည်။ ဝိဒိတော၊ ထင်ရှားသည်။ ဟောတိ၊ ၏။

ဝေဒနာယ၊၏။ ဥပဋ္ဌာနံ၊ ထင်ခြင်းသည်။ ကထံ၊ အဘယ်သို့လျှင်။ ဝိဒိတံ၊သည်။ဟောတိ၊ ဖြစ်သနည်း ။ အနိစ္စတော၊ မမြဲဟူ။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ခယတုပဋ္ဌာနံ၊ ကုန်ဆုံးသွားသည်ဟုထင်ခြင်းသည်။ ဝိဒိတံ၊သည်။ဟောတိ၊၏။ ဒုက္ခတော၊ ဆင်းရဲဟူ။မနသိကရောတော၊အား။ ဘယတုပဋ္ဌာနံ၊ ကြောက်ဖွယ်ဘေးဟု ထင်ခြင်းသည်။ ဝိဒိတံ၊သည်။ ဟောတိ၊၏။ အနတ္တတော၊ အတ္တမဟုတ်ဟူ။ မနသိကရောတော၊အား။ သုညတုပဋ္ဌာနံ၊ အတ္တမှ ဆိတ်သည်ဟုထင်ခြင်းသည်။ ဝိဒိတံ၊ သည်။ ဟောတိ၊၏။ ဧဝံ၊ ဤသို့။ ဝေဒနာယ၊ ၏။ ဥပဋ္ဌာနံ၊ သည်။ ဝိဒိတံ၊သည်။ဟောတိ၊၏။

ဝေဒနာယ၊၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ ကထံ၊အဘယ်သို့လျှင်။ ဝိဒိတော၊ထင်ရှားသည်။ ဟောတိ၊ သနည်း။ အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာ၏ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနာ၏ချုပ်ခြင်းသည်။ ဟောတိ၊၏။ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်ခြင်းသဘောကြောင့်။ ဝေဒနာယ၊၏။ အတ္ထင်္ဂမော၊ သည်။ ဝိဒိတော၊ ထင်ရှားသည်။ ဟောတိ၊၏။ တဏှာနိရောဓာ၊ တဏှာ၏ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ သည်။ ဟောတိ၊၏။ပ။ ကမ္မနိရောဓာ၊ ကံ၏ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊သည်။ဟောတိ၊၏။ပ။ ဖဿနိရောဓာ၊ဖဿ၏ ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ဝေဒနာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်ခြင်းသဘောကြောင့်။ ဝေဒနာယ၊၏။အတ္ထင်္ဂမော၊ သည်။ ဝိဒိတော၊သည်။ ဟောတိ၊၏။ဝိပရိဏာမလက္ခဏံ၊ဖောက်ပြန်ပျက်စီးခြင်းလက္ခဏာကို။ပဿတောပိ၊ အားလည်း။ ဝေဒနာယ၊၏။ အတ္ထင်္ဂမော၊သည်။ ဝိဒိတော၊ သည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ ဝေဒနာယ၊၏။ အတ္ထင်္ဂမော၊သည်။ ဝိဒိတော၊ သည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ ဝေဒနာ၊ တို့သည်။ ဝိဒိတာ၊ ကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဝိဒိတာ၊ ကုန်သည်ဖြစ်၍။ ဥပဋ္ဌဟန္တိ၊ထင်ကုန်၏။ ဝိဒိတာ၊ကုန်သည်ဖြစ်၍။ အဗ္ဘတ္ထံ၊ ချုပ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ သညာ၊ တို့သည်။ ကထံ၊ အဘယ်သို့လျှင်။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်သနည်း။ ။[ဝေဒနာဝါရနှင့်တူပြီ]။

ဝိတက္ကာ၊ ဝိတက်တို့သည်။ ကထံ၊ အဘယ်သို့လျှင်။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ပေါ်ကုန်သနည်း။ပ။ ဝိတက္ကာနံ၊ဝိတက်တို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ကထံ၊ အဘယ်သို့လျှင်၊ ဝိဒိတော၊ ထင်ရှားသည်။ဟောတိ၊ ဖြစ်သနည်း။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ၏ဖြစ်ခြင်းကြောင့်။ ဝိတက္ကသမုဒယော၊သည်။ဟောတိ၊၏။ ဣတိ၊ ဤသို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ဖြစ်ခြင်းသဘောကြောင့်။ ဝိတက္ကာနံ၊တို့၏၊ ဥပ္ပါဒေါ၊သည်။ ဟောတိ၊၏။ ။[ဝေဒနာဝါရနှင့်တူပြီ။] ဧဝံ၊ဤသို့။ ဝိတက္ကာ၊ဝိတက်တို့သည်။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ ဖြစ်ပေါ်ကုန်၏။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဝိဒိတာ၊ ထင်ရှားကုန်သည် ဖြစ်၍။အဗ္ဘတ္ထံ၊ချုပ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

၁၆၇။ ဒီဃံ အဿာသပဿာသဝသေန၊ ရှည်စွာဟု ဟောအပ်သော ဝင်သက်ထွက်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တခုတည်းသော အာရုံရှိသည်၏ အဖြစ်ဟု ဆိုအပ်သော။ အဝိက္ခေပံ၊ မပျံ့လွင့်ခြင်း တည်ကြည်ခြင်းကို။ ပဇာနန္တော၊ သိသော ယောဂီပုဂ္ဂိုလ်သည်။

ဣန္ဒြိယာနိ၊ဣန္ဒြေတို့ကို။သမောဓာနေတိ၊ပေါင်း၏။ ။(အာရုံ၌ ထား၏၊ တည်စေ၏ ဟူ၍လည်း ပြန်အပ်၏။ အဋ္ဌကထာ၌ အာရမ္မဏံ-ဟု ဒုတိယန္တနှင့်ရှိသည်မှာ မသင့်။ “အာရမ္မဏေ ဌပေတိ၊ အာရမ္မဏေ ပတိဋ္ဌာပေတီတိ ဝါ အတ္ထော”ဟု ရှိသင့်၏။သို့မှ “အာရမ္မဏေ သမောဓာနေတိ” ဟူသောအဖွင့် ပါဠိနှင့် ညီမည်။) ဂေါစရဉ္စ၊ ကျက်စားရာကိုလည်း။ပဇာနာတိ၊ သိ၏။သမတ္ထဉ္စ၊ညီမျှခြင်းသဘောနှင့် ညီမျှခြင်း၏ အကျိုးကိုလည်း။ ပဋိဝိဇ္ဈတိ၊ သိ၏။

(ဤဥဒ္ဒေသအရာ၌ ပါဠိစာအုပ်တွင် ပြထားသော ပေယျာလမှာ ရှေး၌ မပြရသေးသော ဝါကျများဖြစ်သောကြောင့် မသင့်လျော်။ ထို့ကြောင့် ၎င်းကို ပြလတ္တံ့သော နိဒ္ဒေသ စကားရပ်မှ ယူ၍ ဖော်ပြဦးအံ့။ ။ဗလာနိ သမောဓာနေတိ၊ဂေါစရဉ္စ ပဇာနာတိ၊ သမတ္ထဉ္စ ပဋိဝိဇ္ဈတိ။ ဗောဇ္ဈင်္ဂေ သမောဓာနေတိ၊ ဂေါစရဉ္စ ပဇာနာတိ၊သမတ္ထဉ္စ ပဋိဝိဇ္ဈတိ။ မဂ္ဂံ သမောဓာနေတိ၊ ဂေါစရဉ္စ ပဇာနာတိ၊ သမတ္ထဉ္စ ပဋိဝိဇ္ဈတိ။ ဤသို့ အပြည့်အစုံပင် ပါဠိစာအုပ်၌ ဖော်ပြလျက် ရှိသင့်၏)။

ဗလာနိ၊ ဗိုလ်တို့ကို။ သမောဓာနေတိ၊ ပေါင်း၏။ပ။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ သမောဓာနေတိ၊ ပေါင်း၏။ပ။ မဂ္ဂံ၊ မဂ်မည်သော မဂ္ဂင်တရားကို။ သမောဓာနေတိ၊ ၏။ပ။ ဓမ္မေ၊ တရားတို့ကို။ သမောဓာနေတိ၊ ၏။ဂေါစရဉ္စ၊ ကျက်စားရာကိုလည်း။ပဇာနာတိ၊ သိ၏။ သမတ္ထဉ္စ၊ကိုလည်း။ ပဋိဝိဇ္ဈတိ၊ သိ၏။

ဣန္ဒြိယာနိ သမောဓာနေတီတိ ဧတ္ထ၊ ဣန္ဒြိယာနိ သမောဓာနေတိ- ဟူသောပါဌ်၌။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့ကို။ ကထံ၊ အဘယ်သို့လျှင်။သမောဓာနေတိ၊ ပေါင်းသနည်း။ အဓိမောက္ခဋ္ဌေန၊ ဆုံးဖြတ်သော သဘောအားဖြင့်။ သဒ္ဓိန္ဒြိယံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်သော သဘောအားဖြင့်။ ဝီရိယိန္ဒြိယံ၊ ကို။ သမောဓာနေတိ၊ ၏။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သော သဘောအားဖြင့်။ သတိန္ဒြိယံ၊ ကို။ သမောဓာနေတိ၊ ၏။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ သမာဓိန္ဒြိယံ၊ ကို။ သမောဓာနေတိ၊ ၏။ ဒဿနဋ္ဌေန၊ မြင်သောသဘောအားဖြင့်။ပညိန္ဒြိယံ၊ ကို။သမောဓာနေတိ၊ပေါင်း၏။ အယံ ပုဂ္ဂလော၊ သည်။ ဣမာနိ ဣန္ဒြိယာနိ၊ ဤဣန္ဒြေတို့ကို။ ဣမသ္မိံ အာရမ္မဏေ၊ ၌။ သမောဓာနေတိ၊ ပေါင်း၏။ တေန၊ ထို့ကြောင့်။ ဣန္ဒြိယာနိ သမောဓာနေတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဂေါစရဉ္စ ပဇာနာတီတိ ဧတ္ထ၊ ၌။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ယံ အာရမ္မဏံ၊ အကြင်အာရုံသည်။ အတ္ထိ၊ ၏။ တံ အာရမ္မဏံ၊ ထိုအာရုံသည်။ တဿ၊ထိုယောဂီပုဂ္ဂိုလ်၏။ ဂေါစရံ၊ ကျက်စားရာတည်း။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ယံ ဂေါစရံ၊ အကြင်ကျက်စားရာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကျက်စားရာသည်။တဿ၊၏။အာရမ္မဏံ၊အာရုံတည်း။ပဇာနာတီတိ ဧတ္ထ၊၌။ပုဂ္ဂလော၊ သည်။ ပဇာနာတိ၊ သိတတ်၏။ ။(ပဇာနာတီတိ၊သိတတ်၏ ဟူသည်ကား။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်တည်း။ ဤသို့လည်း ပြန်သင့်၏။) ပဇာနနာ၊ သိခြင်းသည်။ ပညာ၊ ပညာတည်း။

သမတ္ထံ၊ ဟူသည်ကား။ အာရမ္မဏဿ၊ သင်္ခါရအာရုံ, နိဗ္ဗာန်အာရုံသို့။ ဥပဋ္ဌာနံ၊ ကပ်၍ တည်သောသတိသည်။ သမံ၊ ညီမျှစေတတ်သောကြောင့် သမမည်၏။ စိတ္တဿ၊ ဝိပဿနာမဂ်ဖိုလ်စိတ်၏။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းသမာဓိသည်။ သမံ၊ သမမည်၏။ စိတ္တဿ၊ ဝိပဿနာမဂ်ဖိုလ်စိတ်၏။ အဓိဋ္ဌာနံ၊ တည်ရာဖြစ်သော သင်္ခါရအာရုံ, နိဗ္ဗာန်အာရုံသည်။ သမံ၊ သမမည်၏။ စိတ္တဿ၊ ဝိပဿနာ မဂ်ဖိုလ်စိတ်၏။ ဝေါဒါနံ၊ စင်ကြယ်ကြောင်းဖြစ်သောဉာဏ်သည်။ သမံ၊ သမမည်၏။

အတ္ထောတိ၊ ဟူသည်ကား၊ အနဝဇ္ဇဋ္ဌော၊ ဝိပဿနာ၏ အပြစ်မရှိခြင်း သဘောတည်း။ နိက္ကိလေသဋ္ဌော၊ မင်္ဂ၏အညစ်အကြေးကင်းခြင်းသဘောတည်း။ ဝေါဒါနဋ္ဌော၊ ဖိုလ်၏ စင်ကြယ်ခြင်း သဘောတည်း။ ပရမဋ္ဌော၊ နိဗ္ဗာန်၏မြတ်သော သဘောတည်း။ ပဋိဝိဇ္ဈတီတိ၊ ဟူသည်ကား။ အာရမ္မဏဿ၊ သို့။ ဥပဋ္ဌာနဋ္ဌံ၊ ကပ်၍ တည်သော သတိသဘောကို။ ပဋိဝိဇ္ဈတိ၊ သိ၏။ စိတ္တဿ၊ ၏။ အဝိက္ခေပဋ္ဌံ၊ မပျံ့လွင့်ခြင်းသမာဓိသဘောကို။ ပဋိဝိဇ္ဈတိ၊ သိ၏။ စိတ္တဿ၊ ၏။ အဓိဋ္ဌာနဋ္ဌံ၊ တည်ရာဖြစ်သော သင်္ခါရအာရုံ, နိဗ္ဗာန်အာရုံသဘောကို။ ပဋိဝိဇ္ဈတိ၊ သိ၏။ စိတ္တဿ၊ ၏။ ဝေါဒါနဋ္ဌံ၊ ဖြူစင်ခြင်းသဘောကို။ ပဋိဝိဇ္ဈတိ၊ သိ၏။ တေန၊ ကြောင့်။ သမတ္တဋ္ဌ ပဋိဝိဇ္ဈတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဗလာနိ သမောဓာနေတီတိ တွော၊ ဟူသောပါဌ်၌။ ဗလာနိ၊ ဗိုလ်တို့ကို။ ကထံ၊ အဘယ်သို့လျှင်။ သမောဓာနေတိ၊ ပေါင်းသနည်း။ အဿဒ္ဓိယေ၊ မယုံကြည်ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ သဒ္ဓါဗလံ၊ ကို။ သမောဓာနေတိ၊ ၏။ ကောသဇ္ဇေ၊ ပျင်းရိခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ အားဖြင့်။ ဝီရိယဗလံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ ပမာဒေ၊ မေ့လျော့ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ အားဖြင့်။ သတိဗလံ၊ ကို။ သမောဓာနေတိ၊ ၏။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်ခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ အားဖြင့်။ သမာဓိဗလံ၊ ကို။ သမောဓာနေတိ၊ ၏။ အဝိဇ္ဇာယ၊ မသိခြင်းကြောင့်။ အကမ္ပိယဋ္ဌေန၊ အားဖြင့်။ ပညာဗလံ၊ ကို။ သမောဓာနေတိ၊ ၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ဣမာနိ ဗလာနိ၊ ဤဗိုလ်တို့ကို။ ဣမသ္မိံ အာရမ္မဏေ၊ ၌။ သမောဓာနေတိ၊ ပေါင်း၏။ တေန၊ ထို့ကြောင့်။ ဗလာနိ သမောဓာနေတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။[ဂေါစရဋ္ဌ ပဇာနာတီတိ-စသည်၌ အနက်တူပြီ]။

ဗောဇ္ဈင်္ဂေ သမောဓာနေတီတိ တွော၊ ဟူသောပါဌ်၌။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ကထံ၊ အဘယ်သို့လျှင်။ သမောဓာနေတိ၊ ပေါင်းသနည်း။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သောသဘောအားဖြင့်။ သတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ သမောဓာနေတိ၊ ၏။ ပဝိစယဋ္ဌေန၊ စိစစ်ဆင်ခြင်ခြင်းသဘောအားဖြင့်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ ကို။ သမောဓာနေတိ၊ ၏။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်ခြင်းသဘောအားဖြင့်။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ၊ ကို။ သမောဓာနေတိ၊ ၏။ ဖရဏဋ္ဌေန၊ ပျံ့နှံ့စေခြင်းသဘောအားဖြင့်။ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ သမောဓာနေတိ၊ ၏။ ဥပသမဋ္ဌေန၊ ငြိမ်းခြင်းသဘောအားဖြင့်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ သမောဓာနေတိ၊ ၏။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်ခြင်းသဘောအားဖြင့်။ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ သမောဓာနေတိ၊ ၏။ ပဋိသင်္ခါနဋ္ဌေန၊ ဆင်ခြင်ခြင်းသဘောအားဖြင့်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ သမောဓာနေတိ၊ ၏။ အယံ ပုဂ္ဂလော၊ သည်။ ဣမေ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ဣမသ္မိံ အာရမ္မဏေ၊ ဤဘာခု တည်းသောအာရုံ၌။ သမောဓာနေတိ၊ ၏။ တေန၊ ထို့ကြောင့်။ ဗောဇ္ဈင်္ဂေ သမောဓာနေတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ။[ဂေါစရဋ္ဌပဇာနာတီတိ စသည်၌တူပြီ]။

မဂ္ဂံ သမောဓာနေတီတိ တွော၊ ဟူသော ဤပါဌ်၌။ မဂ္ဂံ၊ မဂ်ကို။ ကထံ၊ အဘယ်သို့လျှင်။ သမောဓာနေတိ၊ ပေါင်းသနည်း။ ဒဿနဋ္ဌေန၊ မြင်ခြင်းသဘောအားဖြင့်။ သမ္မာဒိဋ္ဌိံ၊ ကို။ သမောဓာနေတိ၊ ၏။ အဘိနိရောပနဋ္ဌေန၊ အာရုံသို့ရှေးရှုတင်ခြင်းသဘောအားဖြင့်။ သမ္မာသင်္ကပ္ပံ၊ ကို။ သမောဓာနေတိ၊ ၏။ ပရိဂ္ဂဟဋ္ဌေန၊ သိမ်းဆည်းခြင်းသဘော အားဖြင့်။ သမ္မာဝါစံ၊ ကို။ သမောဓာနေတိ၊ ၏။ သမုဋ္ဌာနဋ္ဌေန၊ ဖြစ်စေခြင်းသဘောအားဖြင့်။ သမ္မာကမ္မန္တံ၊ ကို။ သမောဓာနေတိ၊ ၏။ ဝေါဒါနဋ္ဌေန၊ ဖြူစင်ခြင်းသဘောအားဖြင့်။ သမ္မာအာဇီဝံ၊ ကို။ သမောဓာနေတိ၊ ၏။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက်ခြင်းသဘောအားဖြင့်။ သမ္မာဝါယာမံ၊ ကို။ သမောဓာနေတိ၊ ၏။ ဥပဋ္ဌာနဋ္ဌေန၊ အာရုံ၌ကပ်၍ တည်ခြင်းထင်ခြင်းသဘောအားဖြင့်။ သမ္မာသတိံ၊ ကို။ သမောဓာနေတိ၊ ၏။ အဝိက္ခေ-

ပဋ္ဌေန၊ မပျံ့လွင့်ခြင်းသဘောအားဖြင့်။ သမ္မာသမာဓိံ ကို။ သမောဓာနေဘိ၊ ၏။အယံ ပုဂ္ဂလော၊ သည်။ ဣမံ မဂ္ဂံ၊ ကို။ ဣမသ္မိံ အာရမ္မဏေ၊ ၌။ သမောဓာနေတိ၊ ၏။ တေန၊ ထို့ကြောင့်။ မဂ္ဂံ သမောဓာနေတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ။ [ဂေါစရဥ္စ ပဇာနာတီတိစသည်၌တူပြီ]။

ဓမ္မေ သမောဓာနေတီတိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ ကထံ၊ အဘယ်သို့လျှင်။ ဓမ္မေတို့ကို။ သမောဓာနေဘိ၊ နည်း။ အာဓိပတေယျဋ္ဌေန၊ အစိုးရသော သဘောအားဖြင့်။ ဣန္ဒြိယာနိ၊ တို့ကို။သမောဓာနေတိ၊ ၏။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်ခြင်းသဘောအားဖြင့်။ ဗလာနိ၊ တို့ကို။ သမောဓာနေ-တိ၊ ၏။ နိယျာနဋ္ဌေန၊ ဝဋ်မှထွက်သွားခြင်းသဘောအားဖြင့်။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ သမောဓာနေတိ၊ ၏။ ဟေတုဋ္ဌေန၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော သဘောအားဖြင့်။ မဂ္ဂံ၊ ကို။ သမောဓာနေ-တိ၊ ၏။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သောသဘောအားဖြင့်။ သတိပဋ္ဌာနံ၊ ကို။ သမောဓာနေတိ၊ ၏။ ပဒဟနဋ္ဌေန၊ အားထုတ်သောသဘောအားဖြင့်။ သမ္မပ္ပဓာနံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ ဣဇ္ဈနဋ္ဌေန၊ ပြည့်စုံကြောင်း ဖြစ်သော သဘောအားဖြင့်။ ဣဒ္ဓိပါဒံ၊ ကို။ သမောဓာနေတိ၊ ၏။ တထဋ္ဌေန မဖောက်မပြန်မှန်သော သဘောအားဖြင့်။သစ္စံ၊သစ္စာကို။သမောဓာနေတိ၊၏။ အဝိက္ခေ-ပဋ္ဌေန၊ မပျံ့လွင့်ခြင်းသဘောအားဖြင့်။ သမထံ၊ ကို။ သမောဓာနေတိ၊ ၏။ အနုပဿနဋ္ဌေန၊ အဖန်တလဲလဲရှုခြင်းသဘောအားဖြင့်။ ဝိပဿနံ၊ ကို၊ သမောဓာနေတိ၊ ၏။ ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသောသဘောအားဖြင့်။ သမထဝိပဿနံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ အနတိ-ဝတ္တနဋ္ဌေန၊ အချင်းချင်းကို မလွန်သောသဘောအားဖြင့်။ ယုဂနဒ္ဓံ၊ အစုံဖွဲ့အပ်သောသမာဓိပညာကို။သမောဓာနေတိ၊ပေါင်း၏။သံဝရဋ္ဌေန၊ စောင့်ရှောက်ခြင်းသဘောအားဖြင့်။ သီလဝိသုဒ္ဓိံ၊ သီလဝိသုဒ္ဓိကို။ သမောဓာနေတိ၊ ၏။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်ခြင်းသဘောအားဖြင့်။ စိတ္တ-ဝိသုဒ္ဓိံ၊ စိတ္တဝိသုဒ္ဓိကို။ သမောဓာနေတိ၊ ပေါင်း၏။ ဒဿနဋ္ဌေန၊ မြင်သောသဘောအားဖြင့်။ ဒိဋ္ဌိဝိသုဒ္ဓိံ၊ ဒိဋ္ဌိဝိသုဒ္ဓိကို။ သမောဓာနေတိ၊ ၏။ ဝိမုတ္တဋ္ဌေန၊ လွတ်သောသဘောအားဖြင့်။ ဝိမောက္ခံ၊ ဝိမောက္ခကို။ သမောဓာနေတိ၊ ၏။ ပဋိဝေဓဋ္ဌေန၊ ထိုးထွင်း၍သိသော သဘောအားဖြင့်။ဝိဇ္ဇံ၊ ဝိဇ္ဇာကို။ သမောဓာနေတိ၊ ၏။ ပရိစ္စာဂဋ္ဌေန၊ စွန့်လွှတ်သောသဘောအားဖြင့်။ ဝိမုတ္တိံ၊ ကို။ သမောဓာနေတိ၊ ၏။ သမုစ္ဆေဒဋ္ဌေန၊ အကြွင်းမဲ့ဖြတ်သောသဘောအားဖြင့်။ ခယေဉာဏံ၊ ခယဉာဏ်ကို။ သမောဓာနေတိ၊ ၏။ ပဋိပ္ပဿဒ္ဓဋ္ဌေန၊ တဖန်ငြိမ်းစေသောသဘောအားဖြင့်။ အနုပ္ပါဒေ ဉာဏံ၊ ဖိုလ်ဉာဏ်ဟူသော အနုပ္ပါဒဉာဏ်ကို။ သမောဓာနေတိ၊ ၏။ မူလဋ္ဌေန၊ မူလအကြောင်းရင်းသဘောအားဖြင့်။ ဆန္ဒံ၊ ကို။ သမောဓာနေတိ၊ ၏။ သမုဋ္ဌာနဋ္ဌေန၊ ဖြစ်ကြောင်း သဘောအားဖြင့်။ မနသိကာရံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ သမောဓာနဋ္ဌေန၊ ပေါင်းဆုံသော သဘောအားဖြင့်။ ဖဿံ၊ ဖဿကို။ သမောဓာနေတိ၊ ပေါင်း၏။ သမောသရဏဋ္ဌေန၊ စုဝေးရာ သဘောအားဖြင့်။ ဝေဒနံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ ပမုခဋ္ဌေန၊ အကြီးအမှူး သဘောအားဖြင့်။ သမာဓိံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။အာဓိပတေယျဋ္ဌေန၊ အစိုးရခြင်းသဘောအားဖြင့်။ သတိံ၊ ကို။ သမောဓာနေတိ၊ ၏။ တတုတ္တရဋ္ဌေန၊ ထိုထိုတရားထက်လွန်မြတ်သော သဘောအားဖြင့်။ ပညံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ သာရဋ္ဌေန၊ မြတ်သော သဘောအားဖြင့်။ ဝိမုတ္တိံ၊ ကို၊ သမောဓာနေတိ၊ ပေါင်း၏။ ပရိယောသာနဋ္ဌေန၊ အပြီးအဆုံးသဘောအားဖြင့်။ အမတောဂဓံ၊ အမြိုက်သို့သက်ဝင်သော။ ဝါ၊ သက်ဝင်၍ တည်ရာအမြိုက်တရားဖြစ်သော။ နိဗ္ဗာနံ၊ ကို။ သမောဓာနေတိ၊ ပေါင်း၏။ အယံ ပုဂ္ဂလော၊ သည်။ ဣမေ ဓမ္မေ၊ ဤတရားတို့ကို။ ဣမသ္မိံ အာရမ္မဏေ၊ ၌။ သမောဓာနေတိ၊ ပေါင်း၏။ တေန၊ ထို့ကြောင့်။ ဓမ္မေ

သမောဓာနေတိဘိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ။[ဝေါစရဋ္ဌ ပဇာနာတိတိ-စသည်၌ အနက်တူပြီ]။ တေန၊ ထိုကြောင့်။ သမတ္တဋ္ဌ ပဋိဝိဇ္ဈတိတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (၁)

၁၆၉။ ရဿံ၊ တိုစွာ။ အဿသန္တော၊ ဝင်သက်ရှူသည်ရှိသော်။ ရဿံ၊ တိုစွာ။ အဿသာ-မီတိ၊ ရှူသည်ဟူ၍၊ ကထံ၊ အဘယ်သို့။ ပဇာနာတိ၊ သိသနည်း။ ရဿံ၊ တိုစွာ။ ပဿ-သန္တော၊ ထွက်သက်ရှိုက်သည်ရှိသော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ရှိုက်သည်ဟူ၍။ ကထံ၊ အဘယ်သို့။ ပဇာနာတိ၊ သိသနည်း။ ရဿံ၊ တိုသော။ အဿာသံ၊ ဝင်သက်ကို။ ဣတ္တရသင်္ခါတေ၊ ဣတ္တရဟု ဆိုအပ်သော တိုသောကာလ၌။ ဝါ၊ တိုသောအဖို့၌။ အဿသတိ၊ ရှူ၏။ ရဿံ၊ တိုသော။ ပဿာသံ၊ ထွက်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ ပဿသတိ၊ ရှိုက်၏။ ရဿံ၊ တိုသော။ အဿာသပဿာသံ၊ ဝင်သက်ထွက်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ အဿသတိပိ၊ ရှူလည်း ရှူ၏။ ပဿသတိပိ၊ ရှိုက်လည်း ရှိုက်၏။ ရဿံ၊ တိုသော။ အဿာသပဿာသံ၊ ဝင်သက်ထွက်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ အဿသတောပိ၊ ရှူသော ယောဂီအားရှင်း။ ပဿသတောပိ၊ ရှိုက်သောယောဂီအားရှင်း။ ဆန္ဒော၊ ထက်သန်သော လိုလားမှု ဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။

ဆန္ဒဝသေန၊ ဆန္ဒ၏အစွမ်းအားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သာလွန်၍သိမ်မွေ့သော။ ရဿံ၊ တိုသော။ အဿာသံ၊ ဝင်သက်ကို။ ဣတ္တရသင်္ခါတေ၊ ဣတ္တရ ဟုဆိုအပ်သော တိုသော ကာလ၌။ အဿသတိ၊ ရှူ၏။ ဆန္ဒဝသေန၊ အားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သော။ ရဿံ၊ သော။ ပဿာသံ၊ ထွက်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ ပဿသတိ။ ရှိုက်၏။ ဆန္ဒဝသေန၊ အားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ သော။ ရဿံ၊ တိုသော။ အဿာသပဿာသံ၊ ဝင်သက်ထွက်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ အဿသတိပိ၊ ရှူလည်း ရှူ၏။ ပဿသတိပိ၊ ရှိုက်လည်းရှိုက်၏။ ဆန္ဒဝသေန၊ အားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သော။ ရဿံ၊ တိုသော။ အဿာသပဿာသံ၊ ဝင်သက်ထွက်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ အဿသတောပိ၊ ရှူသောယောဂီအားရှင်း။ ပဿသတောပိ၊ ရှိုက်သောယောဂီအားရှင်း။ ပါမောဇ္ဇံ၊ ပါမောဇ္ဇသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပါမောဇ္ဇဝသေန၊ ပါမောဇ္ဇ၏အစွမ်းအားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သာလွန်၍သိမ်မွေ့သော။ ရဿံ၊ တိုသော။ အဿာသံ၊ ဝင်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ အဿသတိ၊ ရှူ၏။ ပါမောဇ္ဇဝသေန၊ ဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သော။ ရဿံ၊ သော။ ပဿာသံ၊ ကို။ ဣတ္တရသင်္ခါတေ၊ ၌။ ပဿသတိ၊ ရှိုက်၏။ ပါမောဇ္ဇဝသေန၊ အားဖြင့်။ တတော၊ ထိုထက်။ သုခုမတရံ၊ သော။ ရဿံ၊ သော။ အဿာသပဿာသံ၊ ဝင်သက်ထွက်သက်ကို။ ဣတ္တရသင်္ခါတေ၊ ၌။ အဿသတိပိ၊ ရှူလည်း ရှူ၏။ ပဿသတိပိ၊ ရှိုက်လည်းရှိုက်၏။ ပါမောဇ္ဇဝသေန၊အားဖြင့်။ တတော၊ ထက်။ သုခုမတရံ၊ သော။ ရဿံ၊သော။ အဿာသပဿာသံ၊ ကို။ ဣတ္တရသင်္ခါတေ၊ ၌။ အဿသတောပိ၊ရှူသော ယောဂီအားရှင်း။ ပဿသတောပိ၊ရှိုက်သောယောဂီအားရှင်း။ရဿံ၊ တိုသော။ ဝါ၊ 'တိုစွာ'ဟု ဟော အပ်သော။ ။(မြန်မာစာအုပ်ဟိုဒ်ကား ရဿာ-ဟု ရှိ၏။ ရှေး၌ ဒီဃံ ဟုရှိခဲ့သောကြောင့်ရှင်း။ အထက်စာမျက်နှာ ၁၇၃ ပဿမ္ဘယံဝါရ-၌ "ဒီဃံအဿာသသာ၊ဒီဃံ ပဿာသသာ၊ရဿံအဿာသသာ၊ရဿံ ပဿာသသာ"ဟု ရှိသောကြောင့်ရှင်း ဤအရာတွင် ယိုးဒယားမူ၌ရှိသောရဿံ ဟူသော နိဂ္ဂဟိတန္တ ပုဒ်သာ ယုတ္တဘရဖြစ်သည်။) အဿာသပဿာသာ၊ ပဘာတိ ဝင်သက်ထွက်သက်မှု။စိတ္တံ စိတ်သည်။ ဝိဝတ္တတိ၊ဆုတ်နစ်ဖဲခွါ၏။ဝါ၊ဆုတ်နစ်၍ပဋိဘာဂနိမိတ်၌တည်၏။ဥပေက္ခာ၊ဥပေက္ခာသည်။သဏ္ဌာတိ၊

ကောင်းစွာတည်၏။ ဣမေဟိ နဝဟာကာရေဟိ၊ ဤကိုးပါးသော အခြင်းအရာတို့ဖြင့်။ ရဿံ၊ တိုသော။ဝါ တိုစွာဟု ဟောအပ်ကုန်သော။ ။(ဤ၌လည်းနိဂ္ဂဟိတန္တနှင့် ယှဉ်းဒယားမူသာ ယုတ္တတရ ဖြစ်သည်။) အဿာသပဿာသာ၊ ဝင်သက်ထွက်သက် တို့သည်။ ကာယော၊ ကာယမည်၏။ ဥပဋ္ဌာနံ၊ သည်။ သတိ၊ မည်၏။ အနုပဿနာ၊ သည်။ ဉာဏံ၊ ဉာဏ်မည်၏။ကာဒယော၊ကာယ သည်။ ဥပဋ္ဌာနံ၊ ဥပဋ္ဌာန မည်၏။ နော သတိ၊ သတိ မမည်။ သတိ၊ သည်၊ ဥပဋ္ဌာနဉ္စေဝ၊ ဥပဋ္ဌာန လည်း မည်၏။ သတိစ၊ သတိလည်း မည်၏။ တာယ သတိယာ၊ ထိုသတိဖြင့်။ တေန ဉာဏေန၊ ထိုဉာဏ်ဖြင့်။ တံ ကာယံ၊ ထိုကာယကို။ အနုပဿတိ၊ ရှု၏။ တေန၊ ထိုကြောင့်။ ကာယေ၊ ၌။ ကာယာနုပဿနာ၊ သော။ သတိပဋ္ဌာနဘာဝနာတိ၊ ဘာဝနာ-ဟူ၍။ ဝုစ္စတိ၊ ၏။

[အနုပဿတီတိ-စသည်၌ အနက်တူပြီ။] ။ပ။ တေန၊ ထိုကြောင့်။ သမတ္တူ ပဋိဝိဇ္ဈတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (၂)

၁၇၀။ သဗ္ဗကာယပဋိသံဝေဒီ၊ အစ အလယ် အဆုံး အလုံးစုံသော ဝင်သက်အပေါင်း(ကာယ) ကို ထင်ရှားစေသည်ဖြစ်၍။ အဿသိဿာမီတိ၊ ဝင်သက်ရှုအံ့ ဟူ၍။ ကထံ၊ အဘယ်သို့။ သိက္ခတိ၊ လေ့ကျင့်အားထုတ်သနည်း။ သဗ္ဗကာယပဋိသံဝေဒီ၊ အစ အလယ် အဆုံး အလုံးစုံသော ထွက်သက်အပေါင်း (ကာယ)ကို ထင်ရှားစေသည်ဖြစ်၍။ ပဿသိဿာမီတိ၊ ထွက်သက်ရှိုက်အံ့ ဟူ၍။ ကထံ၊ အဘယ်သို့လျှင်။ သိက္ခတိ၊ လေ့ကျင့်အားထုတ်သနည်း။ ကာယောတိ ဒွေ၊ ဟူသော ဤပုဒ်၌။ ကာယာ၊ ကာယတို့သည်။ နာမကာယော စ၊ နာမကာယငင်း။ ရူပကာယော စ၊ ငင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။ နာမကာယော၊ သည်။ကတမော၊ အဘယ်နည်း။ ဝေဒနာ၊ ငင်း။ သညာ၊ ငင်း။ စေတနာ၊ ငင်း။ ဖဿော၊ ငင်း။ မနသိကာရော၊ ငင်း။ နာမဉ္စ၊ နာမ်ငင်း။ နာမကာယော စ၊ နာမ်အပေါင်းငင်း။ ယေ စ၊ အကြင် ဝေဒနာ သညာစေတသိက် တို့ကိုလည်း။ စိတ္တသင်္ခါရာ၊ စိတ္တသင်္ခါရတို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တေ စ၊ ထို စေတသိက်တို့ငင်း။ အယံ၊ ဤတရားအပေါင်းသည်။ နာမကာယော၊ နာမကာယမည်၏။ ရူပကာယော၊ သည်။ ကတမော၊ နည်း။ စတ္တာရော၊ ကုန်သော။ မဟာဘူတာ စ၊မဟာဘုတ်တို့ ငင်း။ စတုန္နံ၊ကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ဥပါဒါယရူပဉ္စ၊စွဲမှီ၍ ဖြစ်သော ရုပ်ငင်း။ အဿာသော စ၊ ဝင်သက်ငင်း။ပဿာသော စ၊ထွက်သက်ငင်း။ဥပနိဗန္ဓနာ-ဥပနိဗန္ဓနာယ၊ သတိဖြင့် ဖွဲ့ခြင်း၏။ နိမိတ္တံ၊ အကြောင်းနိမိတ်ဖြစ်သော ဝင်သက် ထွက်သက်တို့၏ ထိရာဌာနငင်း။ ယေ စ၊ အကြင် ဝင်သက် ထွက်သက်တို့ကိုလည်း။ ကာယသင်္ခါရာ၊ ကာယသင်္ခါရာတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ် ကုန်၏။ တေ စ၊ ထိုဝင်သက် ထွက်သက်တို့ငင်း။ အယံ၊ ဤတရားအပေါင်းသည်။ ရူပကာယော၊ ရူပကာယမည်၏။

တေ ကာယာ၊ ထိုကာယတို့သည်။ ကထံ၊ အဘယ်သို့လျှင်။ ပဋိဝိဒိတာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဒီဃံ အဿာသဝသေန၊ ရှည်စွာဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ တခုတည်းသော အာရုံရှိသည်၏ အဖြစ်ဟု ဆိုအပ် သော။ အဝိက္ခေပံ၊ မပျံ့လွင့်ခြင်း တည်ကြည်ခြင်းကို။ ပဇာနတော၊ သိသော ယောဂီပုဂ္ဂိုလ်အား။ သတိ၊ သည်။ ဥပဋ္ဌိတာ၊ သည်။ ဟောတိ၊ ၏။ တာယ သတိယာ၊ ထို သတိဖြင့်။ တေန ဉာဏေန၊ ဖြင့်။ တေ ကာယာ၊ တို့သည်။ ပဋိဝိဒိတာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒီဃံ ပဿာသဝသေန၊ ရှည်စွာဟု ဟောအပ်သော ထွက်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ ၏။

ဧကဂ္ဂတံ၊ သော။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ သတိ၊ သည်။ ဥပဋ္ဌိတာ၊ သည်။ ဟောတိ၊ ၏။ တာယ သတိယာ၊ ဖြင့်။ တေန ဉာဏေန၊ ဖြင့်။ တေ ကာယာ၊ တို့သည်။ ပဋိဝိဒိတာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရဿံ အဿာသဝသေန၊ တိုစွာဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ သော။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ သတိ၊ သည်။ ဥပဋ္ဌိတာ၊ သည်။ ဟောတိ၊ ၏။ တာယ သတိယာ၊ ဖြင့်။ တေန ဉာဏေန၊ ဖြင့်။ တေ ကာယာ၊ တို့သည်။ ပဋိဝိဒိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ရဿံ ပဿာသဝသေန၊ အားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ သော။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ သတိ၊ သည်။ ဥပဋ္ဌိတာ၊ သည်။ ဟောတိ၊ ၏။ တာယ သတိယာ၊ ဖြင့်။ တေန ဉာဏေန၊ ဖြင့်။ တေ ကာယာ၊ တို့သည်။ ပဋိဝိဒိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

အာဝဇ္ဇတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ တေ ကာယာ၊ တို့သည်။ ပဋိဝိဒိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဇာနတော၊ အား။ တေ ကာယာ၊ တို့သည်။ ပဋိဝိဒိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပဿတော၊ ရှုသော ယောဂီပုဂ္ဂိုလ်အား။ပ။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား။ပ။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌဟတော၊ ဆောက်တည်သော ယောဂီပုဂ္ဂိုလ်အား။ပ။ သဒ္ဓါယ၊ သဒ္ဓါခြင်းဖြင့်။ အဓိမုစ္စတော၊ ဆုံးဖြတ်သော ယောဂီပုဂ္ဂိုလ်အား။ပ။ ဝီရိယံ၊ ကို။ ပဂ္ဂဏှတော၊ ချီးမြှင့်သော ယောဂီပုဂ္ဂိုလ်အား။ပ။ သတိံ၊ ကို။ ဥပဋ္ဌာပယတော၊ အား။ပ။ စိတ္တံ၊ ကို။ သမာဒဟတော၊ ကောင်းစွာ ထားသော တည်ကြည်စေသော ယောဂီပုဂ္ဂိုလ်အား။ပ၊ ပညာယ၊ ဖြင့်။ ပဇာနတော၊ အား။ပ။ အဘိညေယျံ၊ ရှေးရှုပြု၍ သိအပ်သော တရားကို။ အဘိဇာနတော၊ ရှေးရှုသိသော ယောဂီပုဂ္ဂိုလ်အား။ပ။ ပရိညေယျံ၊ ပိုင်းခြား၍ သိအပ်သော တရားကို။ ပရိဇာနတော၊ ပိုင်းခြား၍သိသော ယောဂီပုဂ္ဂိုလ်အား။ပ။ ပဟာတဗ္ဗံ၊ ပယ်အပ်သော တရားကို။ ပဇဟတော၊ ပယ်သော ယောဂီပုဂ္ဂိုလ်အား။ပ။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်သော တရားကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်အား။ပ။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော တရားကို။ သစ္ဆိကရောတော၊ မျက်မှောက်ပြုသော ယောဂီပုဂ္ဂိုလ်အား။ တေ ကာယာ၊ ထိုကာယတို့သည်။ ပဋိဝိဒိတာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ တေ ကာယာ၊ ထိုကာယတို့သည်။ ပဋိဝိဒိတာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗကာယပဋိသံဝေဒီ-အဿာသပဿာသာ၊ သဗ္ဗကာယပဋိသံဝေဒီ-ဟု ဟောအပ်သော ဝင်သက်ထွက်သက်တို့သည်။ ကာယော၊ ကာယမည်၏။ ဥပဋ္ဌာနံ၊ ထင်သော သဘောသည်။ ဝါ၊ ထင်ခြင်းသည်။ သတိ၊ သတိမည်၏။ အနုပဿနာ၊ ရှုခြင်းသည်။ ဉာဏံ၊ ဉာဏ်မည်၏။ [ကာယော ဥပဋ္ဌာနံ-စသည်၌ အနက်တူပြီ]။

အနုပဿတီတိ ဧတ္ထ၌။ တံ ကာယံ၊ ကို။ ကထံ၊ လျှင်။ အနုပဿတိ၊ နည်း။ပ။ အာသေဝနဋ္ဌေန၊ မှီဝဲထုံစေသော သဘောအားဖြင့်။ ဘာဝနာ၊ ပွါးစေခြင်းရင်းတည်း။

သဗ္ဗကာယပဋိသံဝေဒီ အဿာသပဿာသာနံ၊ သဗ္ဗကာယပဋိသံဝေဒီဟု ဟောအပ်သော ဝင်သက်ထွက်သက်တို့၏။ ဝါ၊ သဗ္ဗကာယပဋိသံဝေဒီ-ဟု ဟောအပ်သော ဝင်သက် ထွက်သက်တို့မှ ဖြစ်သောဈာန် ဝိပဿနာ မဂ်တို့၏။ သံဝရဋ္ဌေန၊ စောင့်စည်းတတ်သော သဘောကြောင့်။ ဝါ၊ စောင့်စည်းခြင်းသဘောသည်။ သီလဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိမည်၏။ ။(ယိုးဒယားမူအရအနက်ကား၊ သဗ္ဗကာယပဋိသံဝေဒီအဿာသပဿာသာ၊ သဗ္ဗကာယပဋိသံဝေဒီ-ဟု ဟောအပ်သော ဝင်သက် ထွက်သက်တို့သည်။ ဝါ၊ ဝင်သက်ထွက်သက်တို့မှဖြစ်သောဈာန် ဝိပဿနာ မဂ်တို့သည်။ သံဝရဋ္ဌေန၊ စောင့်စည်းခြင်းသဘောအားဖြင့်။ သီလဝိသုဒ္ဓိ၊ မည်၏။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်ခြင်း သဘော

အားဖြင့်။ စိတ္တာဝိသုဒ္ဓိ၊ မည်၏။ ဒဿနဋ္ဌေန၊ မြင်ခြင်းသဘောအားဖြင့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ မည်၏-ဟု အနက်ပြန်ရာ၏။ အနက်အဓိပ္ပါယ်သာ၍ ချောမော ပြေပြစ်သည်)။ ။အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောကြောင့်။ ဝါ၊ မပျံ့လွင့်ခြင်းသဘောသည်။ စိတ္တဝိသုဒ္ဓိ၊ မည်၏။ ဒဿနဋ္ဌေန၊ မြင်တတ်သော သဘောကြောင့်။ ဝါ၊ မြင်ခြင်းသဘောသည်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ မည်၏။ တတ္ထ၊ ထိုစျာန်ဝိပဿနာ မဂ်စိတ္တုပ္ပါဒ်၌။ယော သံဝရဋ္ဌော၊ အကြင်စောင့်စည်းခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤစောင့်စည်းခြင်းသဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။ တတ္ထ၊ ၌။ ယော အဝိက္ခေပဋ္ဌော၊ အကြင်မပျံ့လွင့်ခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမပျံ့လွင့်ခြင်း သဘောသည်။ အဓိစိတ္တသိက္ခာ၊ မည်၏။ တတ္ထ၊ ၌။ ယော ဒဿနဋ္ဌော၊ အကြင်မြင်ခြင်းသဘော သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမြင်ခြင်းသဘောသည်။ အဓိပညာသိက္ခာ၊ မည်၏။ ဣမာ တိဿော သိက္ခာယော၊ ဤသုံးပါးသောသိက္ခာတို့ကို။ အာဝဇ္ဇန္တော၊ နှလုံးသွင်းသည်ဖြစ်၍။ သိက္ခတိ၊ ၏။ ဇာနန္တော၊ သိသည်ဖြစ်၍။ သိက္ခတိ၊ ၏။ပ။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော တရားကို။ သစ္ဆိကရောန္တော၊ ဖြစ်၍။ သိက္ခတိ၊ ၏။

သဗ္ဗကာယပဋိသံဝေဒီ အဿာသပဿာသဝသေန၊ အားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ ကို။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ ဝေဒနာ၊ တို့သည်။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ပ။ တေန၊ ထိုကြောင့်။ သမတ္တဉ္စ ပဋိဝိဇ္ဈတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (၃)

၁၇၁။ ကာယသင်္ခါရံ၊ ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ငြိမ်းစေသည်ဖြစ်၍။ အဿသိဿာမီတိ၊ ဝင်သက်ရှူအံ့ဟူ၍။ ကထံ၊ သို့။ သိက္ခတိ၊ အားထုတ်သနည်း။ ကာယသင်္ခါရံ၊ ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ၍။ ပဿသိဿာမီတိ၊ ထွက်သက်ရှိုက်အံ့ဟူ၍။ ကထံ၊ သို့။ သိက္ခတိ၊ နည်းဟူမူ။ ကာယသင်္ခါရော၊ သည်။ ကတမော၊ အဘယ်နည်း။ ဒီဃံ အဿာသာ၊ ရှည်စွာဟု ဟောအပ်သော ဝင်သက်တို့သည်။ ကာယိကာ၊ ကိုယ်၌ဖြစ်ကုန်၏။ ဧတေ ဓမ္မာ၊ ဤတရားတို့သည်။ ကာယပဋိဗဒ္ဓါ၊ ကိုယ်နှင့်စပ်ကုန်သည်ဖြစ်၍။ ကာယသင်္ခါရာ၊ ကာယသင်္ခါရတို့မည်ကုန်၏။ တေ ကာယသင်္ခါရေ၊ ထိုကာယသင်္ခါရတို့ကို။ ပဿမ္ဘေန္တော၊ ငြိမ်းစေသည်ဖြစ်၍။ နိရောဓေန္တော၊ ချုပ်စေသည်ဖြစ်၍။ ဝူပသမေန္တော၊ ကင်းငြိမ်းစေသည်ဖြစ်၍။ သိက္ခတိ၊ ၏။ ဒီဃံ ပဿာသာ၊ ရှည်စွာဟု ဟောအပ်သော ထွက်သက်တို့သည်။ ကာယိကာ၊ ကိုယ်၌ဖြစ်ကုန်၏။ဧတေ ဓမ္မာ၊ တို့သည်။ ကာယပဋိဗဒ္ဓါ၊ ကိုယ်နှင့်စပ်ကုန်သည်ဖြစ်၍။ ကာယသင်္ခါရာ၊ မည်ကုန်၏။ တေ ကာယသင်္ခါရေ၊ တို့ကို။ ပဿမ္ဘေန္တော၊ ငြိမ်းစေသည်ဖြစ်၍။ နိရောဓေန္တော၊ ချုပ်စေသည်ဖြစ်၍။ ဝူပသမေန္တော၊ ကင်းငြိမ်းစေသည်ဖြစ်၍။ သိက္ခတိ၊ ၏။ ရဿံ အဿာသာ၊ တိုစွာဟု ဟောအပ်သော ဝင်သက်တို့သည်။ ရဿံ ပဿာသာ၊ တိုစွာဟုဟောအပ်သော ထွက်သက်တို့သည်။ သဗ္ဗကာယပဋိသံဝေဒီ၊သဗ္ဗကာယပဋိသံဝေဒီ-ဟု ဟောအပ်ကုန်သော။ အဿာသာ၊ တို့သည်။ သဗ္ဗကာယပဋိသံဝေဒီ၊ ကုန်သော။ ပဿာသာ၊ တို့သည်။ ကာယိကာ၊ ကိုယ်၌ဖြစ်ကုန်၏။ ဧတေ ဓမ္မာ၊ ဤတရားတို့သည်။ ကာယပဋိဗဒ္ဓါ၊ ဖြစ်၍။ ကာယသင်္ခါရာ၊မည်ကုန်၏။ တေ ကာယသင်္ခါရေတို့ကို။ပဿမ္ဘေန္တော၊ ငြိမ်းစေသည်ဖြစ်၍။ နိရောဓေန္တော၊ ချုပ်စေသည်ဖြစ်၍။ ဝူပသမေန္တော၊ ကင်းငြိမ်းစေသည် ဖြစ်၍။ သိက္ခတိ၊ ၏။

ယထာရူပေဟိ၊ အကြင်သို့သဘောရှိကုန်သော။ ကာယသင်္ခါရေဟိ၊ ရှုန့်ရင်းသော ဝင်သက် ထွက်သက်ဟူသော ကာယသင်္ခါရတို့ဖြင့်။ ဝါ၊ တို့ကြောင့်။ (ဟိတ်အနက်ကား သန္တသုခုမပက္ခ၌

အပရိဖန္ဒနပဟောတုဟိ-ဟု ထပ်ဆင့်၍ဖွင့်သော ဝိသုဒ္ဓိမဂ်ဋီကာနှင့်အညီဖြစ်သည်။ ဤအရာ၌ ကရိဏ်းလော၊ ဟိတ်လော ဆင်ခြင်ရာ၏။ ဟိတ်အနက် ယုတ္တတရ ဟု ထင်သည်။) ကာယဿ၊ ကိုယ်၏။ ယာ အာနမနာ၊ အကြင်နောက်သို့ ညွတ်ခြင်းသည်။ ဝါ၊ ရှေးရှုညွတ်ခြင်း၊ ရှေ့သို့ ညွတ်ခြင်းသည်။ (ဒုအနက် ဝိသုဒ္ဓိ၊ ဋီ) ယာ ဝိနမနာ၊ အကြင်နံပါးသို့ ညွတ်ခြင်းသည်။ ယာ သန္နမနာ၊ အကြင်ထက်ဝန်းကျင်အားဖြင့် ညွတ်ခြင်းသည်။ ဝါ၊ အလွန်ညွတ်ခြင်းသည်။ ယာ ပဏာမနာ၊ အကြင်ရှေ့သို့ ညွတ်ခြင်းသည်။ ဝါ၊ နောက်သို့ညွတ်ခြင်းသည်။ (ဒုအနက် ဝိသုဒ္ဓိ၊ ဋီ) ယာ ဣဉ္ဇနာ၊ အကြင်လှုပ်ခြင်းသည်။ ယာ ဖန္ဒနာ၊ အကြင်စဉ်းငယ်လှုပ်ခြင်းသည်။ ယာ စလနာ၊ အကြင်တုန်လှုပ်ခြင်းသည်။ (အဋ္ဌကထာ၌ ဤပုဒ်၏အဖွင့် မထင်။) ယာ ပကမ္ပနာ၊ အကြင်ပြင်းစွာတုန်လှုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တထာရူပံ၊ ထိုသို့သဘောရှိသော။ ကာယသင်္ခါရံ၊ ရုန့်ရင်းသော ဝင်သက် ထွက်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ (တဉ္စ အာနမနာဒိကံ၊ ထိုအာနမနအစရှိသော ညွတ်ခြင်း၊ တုန်လှုပ်ခြင်းကိုလည်း။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။)အဿသိဿာမီတိ၊ဝင်သက်ရှူအံ့ဟူ၍။သိက္ခတိ၊လေ့ကျင့်အားထုတ်၏။ ။

(ဤ၌ လက်သည်းကွင်းဖြင့်ပြသော ထည့်ပါဌ်အနက်မှာ ပါဠိ၌ ယာ-ပုဒ်ပါရှိ၍ အဋ္ဌကထာ၌ ဖွင့်ပြချက်အာလျော်စွာ ပြလိုက်သော ပါဌ်အနက် ဖြစ်သည်။ ဝိသုဒ္ဓိ မဂ်၌ကား ၎င်းယာ-ပုဒ်မရှိပေ၊ ဋီကာ၌လည်း ထိုယာ-ပုဒ်၏ အဖွင့်မရှိပေ။ အာနမန-စသည်၏ အကြောင်း ဖြစ်သော ကာယသင်္ခါရကိုငြိမ်းစေသည်ဟု ဆိုလျှင် အာနမန-စသည်ကိုလည်း ငြိမ်းစေပြီး ဖြစ်တော့သည်။ ထို့ပြင် ပဿမ္ဘယံ ကာယသင်္ခါရံ—ဟူသော ပါဠိဖြင့်လည်း အာနမန-စသည်၏ အကြောင်း ဖြစ်သော ကာယသင်္ခါရကို ငြိမ်းစေသည်ဟုသာ ပြလိုရင်းဖြစ်သည်၊ အာနမန-စသည်ကို ငြိမ်းစေသည်ဟု ပြလိုရင်းမဟုတ်။ ထို့ကြောင့် ယာ ပုဒ် မပါသော ဝိသုဒ္ဓိမဂ်၌ရှိသော ပါဠိသာလျှင် ပရိသုဒ္ဓပါဌ ဖြစ်ရာ၏)။

တထာရူပံ၊ ထိုသို့သဘောရှိသော။ကာယသင်္ခါရံ၊ကာယသင်္ခါရကို။ပဿမ္ဘယံ—ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ပဿသိဿာမီတိ၊ထွက်သက်ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ လေ့ကျင့်အားထုတ်၏။ ယထာရူပေဟိ၊အကြင်သို့ သဘောရှိကုန်သော။ ကာယသင်္ခါရေဟိ၊ သိမ်မွေ့သော ဝင်သက်ထွက်သက်ဟူသောကာယသင်္ခါရတို့ဖြင့်။ ဝါ၊တို့ကြောင့်။ ကာယဿ၊ကိုယ်၏။ ယာ အာနမနာ၊ အကြင်နောက်သို့ညွတ်ခြင်းသည်။န ဟောတိ၊ မဖြစ်။ယာ ဝိနမနာ၊သည်။န ဟောတိ၊မဖြစ်။ ယာ သန္နမနာ၊သည်။ န ဟောတိ၊ မဖြစ်။ ယာ ပဏာမနာ၊ သည်။ န ဟောတိ၊ မဖြစ်။ယာ အနိဉ္ဇနာ၊ အကြင်မလှုပ်ခြင်းသည်။ ယာ အဖန္ဒနာ၊ အကြင်စဉ်းငယ် မလှုပ်ခြင်းသည်။ ယာ အစလနာ၊ အကြင်မတုန်လှုပ်ခြင်းသည်။ ယာ အကမ္ပနာ၊ အကြင်ပြင်းစွာ မတုန်လှုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တထာရူပံ၊ ထိုသို့သဘောရှိသော။ သန္တံ၊ ငြိမ်သက်သော။ သုခုမံ၊ သိမ်မွေ့သော။ ကာယသင်္ခါရံကို။ ပဿမ္ဘယံ—ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။(တဉ္စ န အာနမနာဒိကံ၊ ထိုမညွတ်ခြင်း စသည်ကိုလည်း။ သန္တံ၊ ငြိမ်သက်စွာ။ သုခုမံ၊ သိမ်မွေ့စွာ။ ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။) အဿသိဿာမီတိ၊ ဝင်သက်ရှူအံ့ဟူ၍။ သိက္ခတိ၊ လေ့ကျင့်အားထုတ်၏။

(ဤ၌သည်း လက်သည်းကွင်း အတွင်းက ထည့်သော ပါဌ်အနက်မှာ အဋ္ဌကထာမှ ယူ၍ပြထားသော ပါဌ်အနက်ဖြစ်သည်၊ သင့်မသင့်ကို ဆင်ခြင်ရာ၏။ မညွတ်ခြင်း၊ မတုန် မလှုပ်ခြင်းတို့ကို ငြိမ်းစေလျှင် အဘယ်သို့ ဖြစ်လာမည်နည်း။ ညွတ်ခြင်း၊ တုန်လှုပ်ခြင်း၊

ယိမ်းယိုင်ခြင်းတို့ ဖြစ်ပေါ်လာကုန်ရာ၏။ ဤအရာ၌ သင့်အောင်ယူဆရန် နည်းလမ်းကို မမြင်မိပေ။ ဤအနက်ကို အဋ္ဌကထာ၌ ဖွင့်ပြခြင်းမှာလည်း ပါဠိ၌ ယာ-ဟူသော ပုဒ်ကိုငဲ့၍ ဖွင့်ပြခြင်းဖြစ်သည်။ ထို့ကြောင့် ဤပါဠိ၌လည်း ဝိသုဒ္ဓိမဂ်၌ကဲ့သို့ ယာ-ပုဒ်မရှိခြင်းသာလျှင် သင့်သည်)။

တထာရူပံ၊သော။သန္တိ၊ သော။သုခုမံ၊သော။ ကာယသင်္ခါရံ။ ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ထွက်သက်ရှိုက်အံ့ဟူ၍။ သိက္ခတိ၊၏။

ဣတိ ဧဝံ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ခဲ့သော အပြားအားဖြင့်။ ကာယသင်္ခါရံ၊ (သိမ်မွေ့သော) ကာယသင်္ခါရကို(သော်လည်း)။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ဝင်သက်ရှူအံ့ ဟူ၍။ ကိရ ယဒိ သိက္ခတိ၊ အကယ်၍ လေ့ကျင့် အားထုတ် ငြားအံ့။ ။တနည်း၊ သိက္ခတိ ကိရ၊ အားထုတ်သတတ်။ ကာယသင်္ခါရံ၊ ကို(သော်လည်း)။ ပဿမ္ဘယံ၊ လျက်။ ပဿသိဿာမီတိ၊ ထွက်သက်ရှိုက်အံ့ဟူ၍၊ ကိရ ယဒိ သိက္ခတိ၊ အကယ်၍ လေ့ကျင့်အားထုတ်ငြားအံ့။ ။တနည်း၊ သိက္ခတိ ကိရ၊ အားထုတ်သတတ်။ ဧဝံ၊ ဤသို့သိမ်မွေ့သော ဝင်သက်ထွက်သက် ကာယသင်္ခါရကိုလည်း ငြိမ်းစေလျက် လေ့ကျင့်အားထုတ်သည်။ သန္တေ၊ ဖြစ်လတ်သော်။ ။တနည်း၊ ဧဝံသန္တေ၊ ဤသို့ဖြစ်လတ်သော်။ ဝါတူပလဒ္ဓိယာ စ၊ ဝင်သက်ထွက်သက် လေကိုရသော(အာရုံပြုသော) စိတ်ကိုလည်း။(ဝင်သက်ထွက်သက် လေကိုရခြင်းကိုလည်း ဟူ၍လည်း ပြန်သင့်၏။) ပဘာဝနာ၊ ဖြစ်စေခြင်းသည်။ န ဟောတိ၊ မဖြစ်။ အဿာသပဿာသာနဉ္စ၊ (သာ၍ သာ၍ သိမ်မွေ့သော) ဝင်သက်ထွက်သက်တို့ကိုလည်း။ ပဘာဝနာ၊ ဖြစ်စေခြင်း ပွါးစေခြင်းသည်။ န ဟောတိ၊ မဖြစ်။ အာနာပါနဿတိယာ စ၊ အာနာပါနဿတိကိုလည်း။ ပဘာဝနာ၊ ဖြစ်စေခြင်း ပွါးစေခြင်းသည်။ န ဟောတိ၊ မဖြစ်။ အာနာပါနဿတိသမာဓိဿ စ၊ အာနာပါနဿတိ သမာဓိကိုလည်း။ ပဘာဝနာ၊ ဖြစ်စေခြင်း ပွါးစေခြင်းသည်။ န ဟောတိ၊ မဖြစ်။ တံ စ သမာပတ္တိံ၊ ထိုသမာပတ်ကိုလည်း။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ န သမာပဇ္ဇန္တိပိ၊ ဝင်စားသည်လည်း မရှိနိုင်ကုန်။ န ဝုဋ္ဌဟန္တိပိ(ထိုသမာပတ်မှ)ထသည်လည်း မရှိနိုင်ကုန်။ (ဣတိ၊ ဤကား စောဒနာပုံတည်း)။

ဣတိ ကိရ-ဝေမေဝ၊ ဤဆိုခဲ့ပြီးသော အပြားအားဖြင့်ပင်လျှင်။ (ကိရသဒ္ဒါ ဧဝ-အနက်) ကာယသင်္ခါရံ၊ ကို။ပဿမ္ဘယံ၊လျက်။ အဿသိဿာမီတိ၊ ဟူ၍။ သိက္ခတိ၊ အားထုတ်၏။ ကာယသင်္ခါရံ၊ ကို။ ပဿမ္ဘယံ၊လျက်။ ပဿသိဿာမီတိ၊ ဟူ၍။သိက္ခတိ၏။ ။တနည်း၊ ဣတိဧဝံ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ခဲ့သောအပြားအားဖြင့်။ကာယသင်္ခါရံ၊ကို။ပဿမ္ဘယံ၊လျက်။အဿသိဿာမီတိ၊ဟူ၍။ပ။ ပဿသိဿာမီတိ၊ ဟူ၍။ကိရ ယဒိ သိက္ခတိ၊ အကယ်၍ လေ့ကျင့်အားထုတ်ငြားအံ့။ (ကိရ သဒ္ဒါ ယဒိအနက်၊ ဝိသုဒ္ဓိဋီ။) ဧဝံ သန္တေ၊ ဤသို့အားထုတ်သည်ရှိသော်။ ဝါတူပလဒ္ဓိယာ စ၊ ကိုလည်း။ ပဘာဝနာ၊သည်။ဟောတိ၊ဖြစ်၏။ပ။ အာနာပါနဿတိ သမာဓိဿစ၊ကိုလည်း။ ပဘာဝနာ၊သည်။ ဟောတိ၊ဖြစ်၏။ တံ စ သမာပတ္တိံ၊ကိုလည်း။ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သမာပဇ္ဇန္တိပိ၊ ဝင်စားသည်လည်း ရှိကုန်၏။ ဝုဋ္ဌဟန္တိပိ၊(ထိုသမာပတ်မှ) ထသည်လည်း ရှိကုန်၏။ ယထာ ကထံ ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သေယျထာပိ၊ ဥပမာအားဖြင့်။ ကံသေ၊ ကြေးခွက်ကို။ အာကောဋိတေ၊တီးခေါက်အပ်သည်ရှိသော်။ ပဌမံ၊ ရှေးဦးစွာ။ ဩဠာရိကာ၊ရုန့်ရင်းကုန်သော။ သဒ္ဒါ၊ အသံတို့သည်။ပဝတ္တန္တိ၊ဖြစ်ပေါ်ကုန်၏။ဩဠာရိကာနံ၊ ရုန့်ရင်းကုန်သော။သဒ္ဒါနံ၊တို့၏။ နိမိတ္တံ-နိမိတ္တဿ၊ အခြင်းအရာ၏။ဝါ၊ကို။ သုဂ္ဂဟိတတ္တာ၊ ကောင်းစွာယူအပ်သည်၏ အဖြစ်ကြောင့်။ သုမနသိကတတ္တာ၊ကောင်းစွာနှလုံးသွင်းအပ်သည်၏ အဖြစ်ကြောင့်။ သူပဓာရိတတ္တာ၊ကောင်းစွာ မှတ်အပ်

သည်၏အဖြစ်ကြောင့်။သြဠာရိကေ၊ ရုန့်ရင်းသော။ သဒ္ဒေ၊ အသံသည်။ နိရုဒ္ဓေပိ၊ ချုပ်သော်လည်း။ အထ ပစ္ဆာ၊ ထိုနောင်မှ။ သုခုမကာ၊ သိမ်မွေ့ကုန်သော။သဒ္ဒါ၊ အသံတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သုခုမကာနံ၊ကုန်သော။ သဒ္ဒါနံ၊ တို့၏။ နိမိတ္တံ- နိမိတ္တဿ၊ ၏။ ဝါ၊ကို။ သုဂ္ဂဟိတတ္တာ၊ ကြောင့်။ 'သုမနသိကတတ္တာ၊ကြောင့်။ သူပဓာရိတတ္တာ၊ကြောင့်။ သုခုမကေ၊ သိမ်မွေ့စွာသော။ သဒ္ဒေ၊ အသံသည်။ နိရုဒ္ဓေပိ၊ ချုပ်သော်လည်း။ အထ ပစ္ဆာ၊ ထိုနောင်မှ။ သုခုမသဒ္ဒနိမိတ္တာ- ရမ္မဏတာပိ၊ သိမ်မွေ့သော အသံ နိမိတ်လျှင် အာရုံ ရှိသည်၏ အဖြစ်ဖြင့်လည်း။ စိတ္တံ၊ စိတ် သည်။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝံ၊ ဤအတူပင်လျှင်။ ပဌမံ၊ သော။ သြဠာရိကာ၊ ကုန်သော။ အဿာသပဿာသာ၊ တို့သည်။ ပဝတ္တန္တိ၊ ကုန်၏။ သြဠာရိကာနံ၊ ကုန်သော။ အဿာသပဿာသာနံ၊ တို့၏။ နိမိတ္တံ- နိမိတ္တဿ၊ ၏။ ဝါ၊ ကို။ သုဂ္ဂဟိတတ္တာ၊ ကြောင့်။ သုမနသိကတတ္တာ၊ ကြောင့်။ သူပဓာရိတတ္တာ၊ ကြောင့်။ သြဠာရိကေ၊ ရုန့်ရင်းသော။ အဿာသပဿာသေ၊သည်။ နိရုဒ္ဓေပိ၊ ချုပ်သော်လည်း။ အထ ပစ္ဆာ၊ မှ။ သုခုမကာ၊ကုန်သော။ အဿာသပဿာသာ၊ တို့သည်။ ပဝတ္တန္တိ၊ ကုန်၏။ သုခုမကာနံ၊ ကုန်သော။ အဿာသပဿာသာနံ၊ တို့၏။ နိမိတ္တံ- နိမိတ္တဿ၊ ၏။ ဝါ၊ ကို။ သုဂ္ဂဟိတတ္တာ၊ ကြောင့်။သုမနသိကတတ္တာ၊ ကြောင့်။ သူပဓာရိတတ္တာ၊ ကြောင့်။ သုခုမကေ၊ ကုန်သော။ အဿာသပဿာသေ၊သည်။နိရုဒ္ဓေပိ၊ ချုပ်သော်လည်း။ အထ ပစ္ဆာ၊ ထိုနောင်မှ။ သုခုမကာနံ၊ ကုန်သော။ အဿာသပဿာသာနံ၊ တို့၏။ နိမိတ္တာရမ္မဏတာပိ၊ နိမိတ်လျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န ဂစ္ဆတိ၊ မရောက်။

ဧဝံ သန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ဝါတူပလဒ္ဓိယာ စ၊ကိုလည်း။ပဘာဝနာ၊သည်။ ဟောတိ၊၏။ အဿာသပဿာသာနဉ္စ၊ တို့ကိုလည်း။ပဘာဝနာ၊ သည်။ ဟောတိ၊ ၏။ အာနာပါနဿတိယာ စ၊ ကိုလည်း။ ပဘာဝနာ၊ သည်။ဟောတိ၊၏။အာနာပါနဿတိ သမာဓိဿ စ၊ကိုလည်း။ ပဘာဝနာ၊ သည်။ ဟောတိ၊၏။ တဉ္စ သမာပတ္တိံ၊ ကို။ ပဏ္ဍိတာ၊ တို့သည်။သမာပဇ္ဇန္တိပိ၊ကုန်၏။ ဝုဋ္ဌဟန္တိပိ၊ ကုန်၏။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသပဿာသာ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ဟု ဟောအပ် သော ဝင်သက် ထွက်သက်တို့သည်။ ကာယော၊ ကာယမည်၏။ ဥပဋ္ဌာနံ၊ သည်။ သတိ၊ မည်၏။ပ။ တေန၊ ကြောင့်၊ သမတ္တဉ္စ ပဋိဝိဇ္ဈတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (၄)

ကာယေ ကာယာနုပဿနာယ၊ ကာယေ ကာယာနုပဿနာ၌။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ အနုပဿနာဉာဏာနိ စ၊ အနုပဿနာဉာဏ်တို့သည်၎င်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဥပဋ္ဌာနာနုဿတိယော စ၊ ဥပဋ္ဌာနာနုဿတိတို့သည်၎င်း။ စတ္တာရိ၊ ကုန်သော။ သုတ္တန္တိကဝတ္ထူနိ၊ သုတ္တန်၌ ဟောတော်မူအပ်ကုန်သော ဝတ္ထုတို့သည်၎င်း။ ဟောန္တိ၊ ကုန်၏။

(ဤအရာတွင် အဋ္ဌကထာ၌ "ပဌမစတုက္ကနိဒ္ဒေသဝဏ္ဏနာ နိဋ္ဌိတာ"ဟု ရှိသောကြောင့် "ပဌမ စတုက္က နိဒ္ဒေသော နိဋ္ဌိတော"ရှိသင့်၏)။

(ပဌမ စတုက္ကနိဒ္ဒေသော၊ ပဌမ စတုက္ကကို အကျယ်ပြခြင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။)

ဒုတိယော၊ သော။ ဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ဒုတိယစတုက္ကနိဒ္ဒေသ

၁၇၂။ ပီတိပဋိသံဝေဒီ၊ ပီတိကို ထင်ရှားစေသည် ဖြစ်၍။ အဿသိဿာမီတိ၊ ဟူ၍။ ကထံ အဘာယ်သို့။ သိက္ခတိ၊ အားထုတ်သနည်း။ ပီတိပဋိသံဝေဒီ၊ ၍။ ပဿသိဿာမီတိ၊ ဟူ၍။ ကထံ၊ အဘာယ်သို့။ သိက္ခတိ၊ နည်း။ ပီတိ၊ သည်။ ကတမာ၊ အဘာယ်နည်း။ ဒီဃံ အဿာသ ဝသေန၊ ရှည်စွာဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ သော။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ ပီတိပါမောဇ္ဇံ၊ နှစ်သိမ့်ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ယာ၊ ယင်းနှစ်သိမ့်ဝမ်းမြောက်ခြင်းသည်။ ပီတိ၊ နှစ်သိမ့်အားရမှု ပီတိလည်း မည်၏။ ပါမောဇ္ဇံ၊ ဝမ်းမြောက်သည်၏အဖြစ် ပါမောဇ္ဇလည်း မည်၏။ အာမောဒနာ၊ ဝမ်းမြောက်ခြင်းလည်း မည်၏။ ပမောဒနာ၊ အလွန်ဝမ်းမြောက်ခြင်းလည်း မည်၏။ ဟာသော၊ ရွှင်ခြင်းလည်းမည်၏။ ပဟာသော၊ အလွန်ရွှင်ခြင်းလည်း မည်၏။ ဝိတ္တိ၊ (ဥစ္စာကဲ့သို့)နှစ်သက်ဖွယ်လည်း မည်၏။ ဝါ၊ နှစ်သက်ခြင်းလည်း မည်၏။ ဩဒဂျံ၊ တက်ကြွသော စိတ်ရှိသည်၏ အဖြစ်လည်း မည်၏။ စိတ္တဿ၊ စိတ်၏။ အတ္တမနတာ၊ မိမိစိတ်၏ အဖြစ်လည်း မည်၏။ ဒီဃံ ပဿာ-သဝသေန၊ ရှည်စွာဟု ဟောအပ်သော ထွက်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ ကို။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ ပီတိပါမောဇ္ဇံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ပ။ ရဿံ အဿာ-သဝသေန၊ တိုစွာဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ ရဿံ ပဿာသဝသေန၊ အားဖြင့်။ သဗ္ဗကာယပဋိသံဝေဒီ အဿာသဝသေန၊ သဗ္ဗကာယ ပဋိသံဝေဒီ-ဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ သဗ္ဗကာယပဋိသံဝေဒီ ပဿာသဝသေန၊ အားဖြင့်။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသဝသေန၊ ပဿမ္ဘယံ ကာယသင်္ခါရံ-ဟု ဟောအပ်သော ဝင်သက်၏အစွမ်းအားဖြင့်။ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿာသဝသေန၊ အားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ သော။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ ပီတိပါမောဇ္ဇံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ပ။ စိတ္တဿ၊ ၏ ၊ အတ္တမနတာ၊ မိမိစိတ်၏ အဖြစ်လည်း မည်၏။ အယံ၊ ဤနှစ်သိမ့်ဝမ်းမြောက်ခြင်းသည်။ ပီတိ၊ ပီတိမည်၏။

သာ ပီတိ၊ ထိုပီတိသည်။ ကထံ၊ အဘာယ်သို့။ ပဋိဝိဒိတာ၊ သိအပ်သည်။ ဝါ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်သနည်း။ ဒီဃံ အဿာသဝသေန၊ ရှည်စွာဟု ဟောအပ်သော ဝင်သက်၏ အစွမ်းအားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ သော။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ၊ ထင်သည်။ ဟောတိ၊ ၏။ တာယ သတိယာ၊ ဖြင့်။ တေန ဉာဏေန၊ ဖြင့်။ သာ ပီတိ၊ သည်။ ပဋိဝိဒိတာ၊ သိအပ်သည်။ ဝါ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ ဒီဃံ ပဿာသဝသေန၊ အားဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတံ၊ သော။ အဝိက္ခေပံ၊ ကို။ ပဇာနတော၊ အား။ပ။ သတ္တိကာတဗ္ဗံ၊ ကို။ သစ္ဆိကရောတော၊ အား။ သာ ပီတိ၊ သည်။ ပဋိဝိဒိတာ၊ သည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ သာ ပီတိ၊ သည်။ ပဋိဝိဒိတာ၊ သည်။ ဟောတိ၊ ၏။

တေနဟိ၊ ထိုသို့ အရူပါဝစရစိတ်နှင့် ဉာဏ်နှစ်ပါးစုံဖြင့် မသိပါမူကား။ပ။ တေနဟိ၊ ထိုသို့ ကမ္မဿကတာစိတ်နှင့် ဉာဏ်နှစ်ပါးစုံဖြင့် မသိပါမူကား။ သစ္စာနုလောမိကစိတ္တေန စ၊ သစ္စာအား လျော်သောစိတ်ဖြင့်၎င်း။ပ။ တေနဟိ၊ ထိုသို့သစ္စာအားလျော်သော စိတ်နှင့် ဉာဏ်နှစ်ပါးစုံဖြင့် မသိပါမူကား။ အတီတစိတ္တေန စ၊အတိတ်စိတ်ဖြင့်၎င်း။ပ။တေနဟိ၊ ထိုသို့ အတိတ် စိတ်နှင့်ဉာဏ် နှစ်ပါးစုံဖြင့် မသိပါမူကား။ပ။ တေနဟိ၊ ထိုသို့အနာဂတ် စိတ်နှင့်ဉာဏ် နှစ်ပါးစုံဖြင့် မသိပါမူကား။ ပစ္စုပ္ပန္နလောကိယစိတ္တေန စ၊ ပစ္စုပ္ပန်လောကီစိတ်ဖြင့်၎င်း။ ဉာဏေန စ၊ ဖြင့်၎င်း။ အဘိသမေတိ၊ သိသလော။ ·ပစ္စုပ္ပန္နလောကိယစိတ္တေန စ၊ ဖြင့်၎င်း။ ဉာဏေန စ၊ ဖြင့်၎င်း။ န အဘိသမေတိ၊ သိသည်ကား မဟုတ်။လောကုတ္တရမဂ္ဂက္ခဏေ၊ လောကုတ္တရာမဂ်ခဏ၌။ပစ္စုပ္ပန္နစိတ္တေန စ၊ ပစ္စုပ္ပန် စိတ်ဖြင့်၎င်း။ဉာဏေန စ၊ ဉာဏ်ဖြင့်၎င်း။အဘိသမေတိ၊သိ၏။ပ။ကထံ အဘိသမေတိ၊သိသနည်း။ လောကုတ္တရမဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ ဥပ္ပါဒါဓိပတေယျံ၊ ဖြစ်ပေါ်ရာ၌ အကြီးအကဲဖြစ်သော။ စိတ္တံ၊ မဂ်စိတ်သည်။ ဉာဏဿ၊ မဂ်ဉာဏ်၏။ဟေတု စ၊ဇနကအကြောင်းလည်းဖြစ်၏။ပစ္စယော စ၊ ဥပတ္ထမ္ဘကအကြောင်းလည်း ဖြစ်၏။ တံသမ္ပယုတ္တံ၊ ထိုမဂ်ဉာဏ်နှင့်ယှဉ်သော။ စိတ္တံ၊မဂ်စိတ်သည်။ (ပါဠိ၌ ဤစိတ္တံ-ပုဒ်ကျနေသည်။ သျှာမူ၌ ပါရှိ၏)။ ။နိရောဓဂေါစရံ၊ နိဗ္ဗာန်လျှင် အာရုံရှိ၏။ (ဤစကားဖြင့် ဉာဏ်နှင့်ယှဉ်သောစိတ်ဖြင့် အဘိသမယဖြစ်ပုံကိုပြသည်)။ ။ဒဿနာဓိပတေယျံ၊ နိဗ္ဗာန်ကိုမြင်ရာ၌ အကြီးအကဲဖြစ်သော။ ဉာဏံ၊ မဂ်ဉာဏ်သည်။ စိတ္တဿ၊ မဂ်စိတ်၏။ဟေတု စ၊ ဇနကအကြောင်းလည်း ဖြစ်၏။ ပစ္စယော စ၊ ဥပတ္ထမ္ဘကအကြောင်းလည်း ဖြစ်၏။ တံသမ္ပယုတ္တံ၊ ထိုမဂ်စိတ်နှင့်ယှဉ်သော။ ဉာဏံ၊ မဂ်ဉာဏ်သည်။ နိရောဓဂေါစရံ၊ နိဗ္ဗာန်လျှင် အာရုံရှိ၏။ (ဤစကားဖြင့် မဂ်စိတ်နှင့်ယှဉ်သောဉာဏ်ဖြင့် အဘိသမယဖြစ်ပုံကိုပြသည်။ ဤသို့ စိတ်ဖြင့်၎င်း ဉာဏ်ဖြင့်၎င်း အဘိသမယကိုစွပြီးသောကြောင့် ဧဝံ-စသည်ဖြင့် နိဂုံးချုပ်၍ပြသည်)။ ။ဧဝံ၊ဤသို့။ လောကုတ္တရမဂ္ဂက္ခဏေ၊လောကုတ္တရာမဂ်ခဏ၌။ပစ္စုပ္ပန္နစိတ္တေန စ၊ပစ္စုပ္ပန်စိတ်ဖြင့်၎င်း။ ဉာဏေန စ၊ ဉာဏ်ဖြင့်၎င်း။ အဘိသမေတိ၊ သိ၏။

▤ ၂၀။ ကိံ နု၊ အသို့နည်း။ အဘိသမယော၊ ထိုးထွင်း၍သိခြင်းသည်။ ဧတ္တကောယေဝ၊ ဤမျှ သာလော။ နဟိ၊ (ဤမျှသာ)မဟုတ်သေး။ လောကုတ္တရမဂ္ဂက္ခဏေ၊ လောကုတ္တရာမဂ်ခဏ၌။ သမ္မာဒိဋ္ဌိ၊ သည်။ဒဿနာဘိသမယော၊မြင်ခြင်းဟူသော ထိုးထွင်း၍သိခြင်းမည်၏။သမ္မာသင်္ကပ္ပေါ၊ သည်။ အဘိနိရောပနာဘိသမယော၊ ရှေးရှုတင်ခြင်းဟူသော ထိုးထွင်း၍သိခြင်း မည်၏။ပ။ ပရိဂ္ဂဟာဘိသမယော၊ သိမ်းဆည်းခြင်း ဟူသော သိခြင်းမည်၏။ပ။ သမုဋ္ဌာနာဘိသမယော၊ ကောင်းစွာ ဖြစ်စေခြင်းဟူသော သိခြင်းမည်၏။ပ။ဝေါဒါနာဘိသမယော၊ စင်ကြယ်စေခြင်း ဟူသော သိခြင်းမည်၏။ပ။ပဂ္ဂဟာဘိသမယော၊ ချီးမြှောက်ခြင်းဟူသော သိခြင်းမည်၏။ပ။ ဥပဋ္ဌာနာဘိသမယော၊ ထင်ခြင်းဟူသော သိခြင်းမည်၏။ပ။အဝိက္ခေပါဘိသမယော၊ မပျံ့လွင့်ခြင်း ဟူသော သိခြင်းမည်၏။ပ။ပဋိစယာဘိသမယော၊စိစစ်ခြင်းဟူသော သိခြင်းမည်၏။ပ။ဖရဏာဘိ သမယော၊ ပြန့်နှံ့စေခြင်းဟူသော သိခြင်းမည်၏။ပ။ဥပသမာဘိသမယော၊ ငြိမ်းခြင်းဟူသော

သိခြင်းမည်၏။ပ။ပဋိသမ္ဘိဒါ အဘိသမယော၊ အမျှရှုခြင်းဟူသော သိခြင်းမည်၏။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်သည်။ အဿဒ္ဓိယေ၊မယုံကြည်ခြင်းကြောင့်။ အကမ္ပိယာဘိသမယော၊ မတုန်လှုပ်ခြင်းဟူသော သိခြင်းမည်၏။ပ။ပညိန္ဒြိယံ၊ သည်။ ဒဿနာဘိသမယော၊ မည်၏။ ဣန္ဒြိယာ၊ တို့သည်။ အာဓိပတေယျဋ္ဌေန၊ အစိုးရသော သဘောအားဖြင့်။ အဘိသမယော၊ ထိုးထွင်း၍သိကြောင်း အဘိသမယမည်၏။ ဗလာ၊ တို့သည်။ အကမ္ပိယဋ္ဌေန၊ မတုန်လှုပ်သော သဘောအားဖြင့်။ အဘိသမယော၊ မည်၏။ ဗောဇ္ဈင်္ဂါ၊ တို့သည်။ နိယျာနဋ္ဌေန၊ ထွက်မြောက်ကြောင်း သဘောအားဖြင့်။ပ။မဂ္ဂါ၊ တို့သည်။ ဟေတုဋ္ဌေန၊ အကြောင်းရင်းသဘောအားဖြင့်။ သတိပဋ္ဌာနာ၊ တို့သည်။ ဥပဋ္ဌာနဋ္ဌေန၊ ထင်သောသဘောအားဖြင့်။ သမ္မပ္ပဓာနာ၊ တို့သည်။ ပဒဟဋ္ဌေန၊ အားထုတ်သော သဘောအားဖြင့်။ ဣဒ္ဓိပါဒါ၊ တို့သည်။ ဣဇ္ဈနဋ္ဌေန၊ ပြီးစီးကြောင်းသဘောအားဖြင့်။ သစ္စာ၊သစ္စာတို့သည်။ တထဋ္ဌေန၊ မှန်သောသဘောအားဖြင့်။ အဘိသမယော၊ သိအပ်သော အဘိသမယမည်၏။ တနည်းကား။ သစ္စာ၊ သစ္စာဉာဏ်တို့သည်။ တထဋ္ဌေန၊ဖြင့်။ အဘိသမယော၊ သိကြောင်း အဘိသမယမည်၏။သမထော၊တို့သည်။အဝိက္ခေပဋ္ဌေန၊မပျံ့လွင့်သော သဘောအားဖြင့်။ ဝိပဿနာ၊ တို့သည်။အနုပဿနဋ္ဌေန၊ အဖန်တလဲလဲ ရှုသောသဘောအားဖြင့်။ သမထဝိပဿနာ၊ တို့သည်။ ဧကရသဋ္ဌေန၊တူသောကိစ္စရှိသော သဘောအားဖြင့်။ယုဂနဒ္ဓါ၊ အစုံတွဲအပ်သောတရားတို့သည်။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်းကို မလွန်သော သဘောအားဖြင့်။ သီလဝိသုဒ္ဓိ၊ သည်။ သံဝရဋ္ဌေန၊ စောင့်စည်းခြင်း သဘောအားဖြင့်။ စိတ္တဝိသုဒ္ဓိ၊ သည်။ (ပါဠိ၌ စိတ္တ-ကျနေသည်)။ ။ အဝိက္ခေပဋ္ဌေန၊ ဖြင့်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ သည်။ ဒဿနဋ္ဌေန၊ ဖြင့်။ ဝိမောက္ခော၊ ဝိမောက္ခတို့သည်။ မုတ္တဋ္ဌေန၊ လွတ်သောသဘောအားဖြင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ပဋိဝေဓဋ္ဌေန၊ ထိုးထွင်း၍သိသော သဘောအားဖြင့်။ ဝိမုတ္တိ၊ သည်။ ပရိစ္စာဂဋ္ဌေန၊ စွန့်သော သဘောအားဖြင့်။ ခယေဉာဏံ၊ ခယဉာဏ်သည်။ သမုစ္ဆေဒဋ္ဌေန၊ အကြွင်းမဲ့ ပယ်ဖြတ်သော သဘောအားဖြင့်။ အဘိသမယော၊ သိသော အဘိသမယမည်၏။ ဆန္ဒော၊ ဆန္ဒသည်။ မူလဋ္ဌေန၊ အကြောင်းရင်း မူလသဘောအားဖြင့်။ အဘိသမယော၊ သိကြောင်း အဘိသမယမည်၏။ပ။ ဝိမုတ္တိ၊ သည်။ သာရဋ္ဌေန၊ အနှစ်သာရသဘောအားဖြင့်။ အဘိသမယော၊ သိကြောင်း အဘိသမယမည်၏။ အမတောဂဓံ၊ သော။ နိဗ္ဗာနံ၊ သည်။ ပရိယောသာနဋ္ဌေန၊ အပြီးအဆုံးသတ် သဘောအားဖြင့်။ အဘိသမယော၊ သိအပ်သော အဘိသမယမည်၏။

၂၁။ ကိန္နု၊ အသို့နည်း။ အဘိသမယော၊ သည်။ ဧတ္တကောယေဝ၊ ဤမျှသာလော။ နဟိ (ဤမျှသာ) မဟုတ်သေး။ သောတာပတ္တိမဂ္ဂက္ခဏေ၊ ၌။ပ။ အရဟတ္တဖလက္ခဏေ၊ အရဟတ္တဖိုလ်ခဏ၌။ပ။ အမတောဂဓံ၊ သော။ နိဗ္ဗာနံ၊ သည်။ ပရိယောသာနဋ္ဌေန၊ ဖြင့်။ အဘိသမယော၊ မည်၏။

ယွာယံ-ယော အယံ ပုဂ္ဂလော၊ အကြင်မဂ္ဂဋ္ဌာန် အရိယာပုဂ္ဂိုလ်သည်။ ကိလေသေ၊ ကိလေသာတို့ကို။ ပဇဟတိ၊ ပယ်၏။ သော။ ထိုပုဂ္ဂိုလ်သည်။ အတီတေ၊ အတိတ်ဖြစ်ကုန်သော။ကိလေသေ၊ ကိလေသာတို့ကို။ ပဇဟတိ၊ ပယ်သလော။ (ပါဠိ၌ ဤအရာတွင်။ပ။ ပိုနေသည်။ သျှာမှု၌ "သွာယံ အတီတေ ကိလေသေ ပဇဟတိ"ဟု ရှိ၏)။ ။အနာဂတေ၊ အနာဂတ် ဖြစ်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပဇဟတိ၊ ပယ်သလော။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော။ ကိလေသေ၊ တို့ကို။ ပဇဟတိ၊ ပယ်သလော။ အတီတေ၊ ကုန်သော။ ကိလေသေ၊ တို့ကို။

ပဇဟတိ၊ ပယ်၏။ ဣတိ၊ ဤကား စောဒနာခွင့်ရစေရန် ဝိဿဇ္ဇနာပေတည်း။ အတီတေ၊ ဖြစ်သော။ ကိလေသေ၊ တို့ကို။ ဟန္ဒိ ယဒိ ပဇဟတိ၊ အကယ်၍ ပယ်သည်ဖြစ်အံ့။ တေနဟိ၊ ထိုသို့ ဖြစ်မူကား။ (ထိုသို့ပယ်တပြီးကား။) ခီဏံ၊ ကုန်ပြီးသော ကိလေသာကို။ ခေပေတိ၊ ကုန်စေ၏။ ဝါ၊ ကုန်စေရာရောက်၏။ နိရုဒ္ဓံ၊ ချုပ်ပြီးသော ကိလေသာကို။ နိရောဓေတိ၊ ချုပ်စေ၏။ ဝိဂတံ၊ ကင်းပြီးသောကိလေသာကို။ ဝိဂမေတိ၊ ကင်းစေ၏။ အတ္ထင်္ဂတံ၊ ကွယ်ပျောက်ပြီးသော ကိလေသာကို။ အတ္ထင်္ဂမေတိ၊ ကွက်ပျောက်စေ၏။အတီတံ၊ အတိတ်ဖြစ်သော။ ယံ ကိလေသဇာတံ၊ အကြင် ကိလေသာအပေါင်းသည်။ နအတ္ထိ၊ မရှိ။ ဝါ၊ ရှိဆဲမဟုတ်။ တံ၊ ထိုမရှိသောကိလေသာကို။ ပဇဟတိ၊ ပယ်၏။ ဝါ၊ ပယ်ရာရောက်၏။ ဣတိ၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့်။ အတီတေ၊ အတိတ်ဖြစ်ကုန်သော။ ကိလေသေ၊ တို့ကို။ န ပဇဟတိ၊ ပယ်သည်မဟုတ်။

အနာဂတေ၊ အနာဂတ် ဖြစ်ကုန်သော။ ကိလေသေ၊ တို့ကို။ ပဇဟတိ၊ ပယ်၏။ ဣတိ၊ ဤသည်သည်း စောဒနာခွင့်ရစေရန် ဝိဿဇ္ဇနာပေတည်း။ အနာဂတေ၊ ကုန်သော။ ကိလေသေ၊ တို့ကို။ ဟန္ဒိ ယဒိ ပဇဟတိ၊ အကယ်၍ ပယ်သည်ဖြစ်အံ့။ တေနဟိ၊ ထိုသို့ဖြစ်မူကား။ (ထိုသို့ ပယ်တပြီးကား။) အဇာတံ၊ မဖြစ်သေးသော ကိလေသာကို။ ပဇဟတိ၊ ပယ်၏။ ဝါ၊ ပယ်ရာ ရောက်၏။ အနိဗ္ဗတ္တံ၊ မပေါ်သေးသော။ပ။ အနုပ္ပန္နံ၊ မဖြစ်ပေါ်သေးသော။ အပါတုဘူတံ၊ ထင်ရှားမဖြစ်သေးသော ကိလေသာကို။ ပဇဟတိ၊ ပယ်၏။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ ယံ ကိလေသဇာတံ၊ အကြင်ကိလေသာ အပေါင်းသည်။ နအတ္ထိ၊ မရှိ။ ဝါ၊ ရှိဆဲမဟုတ်။ တံ၊ ထိုမရှိသော ကိလေသာကို။ ဝါ၊ ရှိဆဲမဟုတ်သော ကိလေသာကို။ ပဇဟတိ၊ ပယ်၏။ ဣတိ၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့်။ အနာဂတေ၊ အနာဂတ်ဖြစ်ကုန်သော။ ကိလေသေ၊ တို့ကို။ နပဇဟတိ၊ ပယ်သည်မဟုတ်။

ပစ္စုပ္ပန္နေ၊ ကုန်သော။ ကိလေသေတို့ကို။ ပဇဟတိ၊ ပယ်၏။ ဣတိ၊ ဤသည်လည်း စောဒနာခွင့်ရစေရန် ဝိဿဇ္ဇနာပေတည်း။ ပစ္စုပ္ပန္နေ၊ ကုန်သော။ ကိလေသေ၊ တို့ကို။ ဟန္ဒိ ယဒိ ပဇဟတိ၊ အံ့။ တေနဟိ၊ ထိုသို့ဖြစ်မူကား။ (ထိုသို့ပယ်တပြီးကား။)ရတ္တော၊ တပ်မက်လျက်။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ပယ်၏။ ဒုဋ္ဌော၊ ပြစ်မှားလျက်။ ဒေါသံ၊ ဒေါသကို။ ပဇဟတိပယ်၏။ မူဠှော၊ တွေဝေလျက်။ မောဟံ၊ မောဟကို။ ပဇဟတိ၊ ပယ်၏။ ဝိနိဗဒ္ဓေါ၊ မာနဖြင့် ခက်ထန်လျက်။ မာနံ၊ ကို။ ပဇဟတိ၊ ပယ်၏။ ပရာမဋ္ဌော၊ မှားသောအားဖြင့် သုံးသပ်လျက်။ ဒိဋ္ဌိံ၊ ဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်၏။ ဝိက္ခေပဂတော၊ ပျံ့လွင့်ခြင်းသို့ ရောက်လျက်။ ဥဒ္ဓစ္စံ၊ ကို။ ပဇဟတိ၊ ပယ်၏။ အနိဋ္ဌင်္ဂတော၊ မဆုံးဖြတ်နိုင်ခြင်းသို့ ရောက်လျက်။ ဝိစိကိစ္ဆံ၊ ကို။ ပဇဟတိ၊ ပယ်၏။ ထာမဂတော၊ ဖြစ်စွမ်းနိုင်သော ကိလေသာရှိလျက်။ အနုသယံ၊ အနုသယကို။ ပဇဟတိ၊ ပယ်၏။ ကဏှသုက္ကာ၊ မည်းညစ်သော အကုသိုလ် ဖြူစင်သော ကုသိုလ်တရားတို့သည်။ ယုဂနဒ္ဓါ၊ အစုံတွဲအပ်ကုန်လျက်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ မဂ္ဂဘာဝနာ စ၊ မဂ္ဂဘာဝနာသည်လည်း။ သံကိလေသိကာ၊ ညစ်ညူးကြောင်း ကိလေသာနှင့်ယှဉ်သည်။ ဟောတိ၊ ၏။

အတီတေ၊ အတိတ်ဖြစ်ကုန်သော။ ကိလေသေ၊ တို့ကို။ န ဟိ ပဇဟတိ၊ ပယ်သည်မဟုတ်။ပ။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ကိလေသေ၊ တို့ကိုလည်း။ ဟန္ဒိ ယဒိ နပဇဟတိ၊ အကယ်၍ ပယ်သည် မဟုတ်ငြားအံ့။ တေနဟိ၊ ထိုသို့ဖြစ်မူကား။ ဝါ၊ ထိုသို့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကိလေသာတို့ကို မပယ်သည်ရှိသော်။ မဂ္ဂဘာဝနာ၊ မဂ်ကို ပွါးစေခြင်းသည်။ နတ္ထိ၊ မရှိရာ။

ဖလသစ္ဆိကိရိယာ၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည်။ နတ္ထိ၊ မရှိရာ။ ကိလေသပ္ပဟာနံ၊ ကိလေသာကို ပယ်ခြင်းသည်။ နတ္ထိ၊ မရှိရာ။ ဓမ္မာဘိသမယော၊ တရားကို သိခြင်းသည်။ နတ္ထိ၊ မရှိရာ။ ဣတိ၊ ဤကား စောဒနာတည်း။

နဟိ၊ မရှိသည်ကား မဟုတ်။ မဂ္ဂဘာဝနာ၊ မဂ်ကို ပွါးစေခြင်းသည်။ အတ္ထိ၊ ရှိပေ၏။ပ။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကိုသိခြင်းသည်။ အတ္ထိ၊ ရှိပေ၏။ ။(ပါဠိ၌ နဟိ-ပါဌ်ကျနေသည်။ သျာမဠ္ဌ "နဟိ၊ အတ္ထိ မဂ္ဂဘာဝနာ-စသည်ဖြင့် ရှိ၏။ အဋ္ဌကထာနှင့် ညီညွတ်ပေ၏။ ဝိသုဒ္ဓိမဂ်၌ကား "နဟိ နတ္ထိ မဂ္ဂဘာဝနာ" စသည်ဖြင့် ရှိ၏။ဋီကာ၌လည်း ထိုနှင့်အညီပင် ဖွင့်ပြထား၏)။ ။ ယထာကထံဝိယ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ တရုဏော၊ နုပျိုသော။ အဇာတဖလော၊ မဖြစ်သေးသော အသီးရှိသော။ ဝါ၊ မသီးသေးသော။ ရုက္ခော၊ သစ်ပင်သည်။ အဿ၊ ရှိရာ၏။ ယမေနံ-တံ ဇနံ ရုက္ခံ၊ ထိုသစ်ပင်ကို။ ပုရိသော၊ ယောကျ်ားသည်။ မူလံ၊ အမြစ်ကို။ ဝါ၊အမြစ်ရင်းမှ။ ဆိန္ဒေယျ၊ ဖြတ်ရာ၏။ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ တဿ ရုက္ခဿ၊ ထိုသစ်ပင်၏။ယေ အဇာတဖလာ၊အကြင်မဖြစ်သေးသော အသီးတို့သည်။(တဿ ရုက္ခဿ ထိုသစ်ပင်ကို။ မူလံ- မူလတော၊ အမြစ်ရင်းမှ။ အစ္ဆိန္ဒေ၊ မဖြတ်အပ်သည်ရှိသော်။ ဇာယေယျုံ၊ ဖြစ်ကုန်ရာ၏။)တေ၊ ထိုသို့သောအသီးတို့သည်။ အဇာတာယေဝ၊ မဖြစ်သေးကုန်မူ၍သာလျှင်။ န ဇာယန္တိ၊ မဖြစ်လာကုန်။ အနိဗ္ဗတ္တာယေဝ၊ မပေါ်သေးကုန်မူ၍သာလျှင်။ န နိဗ္ဗတ္တန္တိ၊ မပေါ်လာကုန်။ အနုပ္ပန္နာယေဝ၊ မဖြစ်ပေါ်သေးကုန်မူ၍သာလျှင်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်လာကုန်။ အပါတုဘူတာယေဝ၊ထင်ရှားမဖြစ်သေးကုန်မူ၍သာလျှင်။န ပါတုဘဝန္တိ သေယျထာပိ၊ထင်ရှားမဖြစ်ကုန်သကဲ့သို့။ ဧဝမေဝံ၊ ထိုအတူပင်လျှင်။ ကိလေသာနံ၊ ကိလေသာတို့၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်း၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ ဟေတု၊ဇနက အကြောင်းတည်း။ ဥပ္ပါဒေါ၊ဥပ္ပါဒသည်။ ပစ္စယော၊ ဥပတ္ထမ္ဘက အကြောင်းတည်း။ ဣတိ၊ ဤသို့။ ဥပ္ပါဒေ၊ ဖြစ်ပေါ်ခြင်း၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊မြင်၍။ အနုပ္ပါဒေ၊ မဖြစ်ပေါ်ခြင်း၌။ စိတ္တံ၊ စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ အနုပ္ပါဒေ၊ ၌။ စိတ္တဿ၊ စိတ်၏။ပက္ခန္ဒတ္တာ၊ပြေးဝင်သည်၏အဖြစ်ကြောင့်။ ။(ဤဟိတ်ပုဒ်ကို န ဇာယန္တိ-စသည်၌စပ်)။ ။ ဥပ္ပါဒပစ္စယာ၊ ဖြစ်ပေါ်ခြင်းဟူသောအကြောင်းကြောင့်။ ဝါ၊ ဖြစ်ပေါ်ခြင်းနှင့်စပ်သော သင်္ခါရဟူသော အကြောင်းကြောင့်။ ယေ ကိလေသာ၊ အကြင်ကိလေသာတို့သည်။ နိဗ္ဗတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ တေ ကိလေသာ၊ ထိုဖြစ်ထိုက်သော ကိလေသာတို့သည်။ အဇာတာယေဝ၊ မဖြစ်သေးကုန်မူ၍သာလျှင်။ န ဇာယန္တိ၊ မဖြစ်လာကုန်။ အနိဗ္ဗတ္တာယေဝ၊ မပေါ်သေးကုန် မူ၍သာလျှင်။ န နိဗ္ဗတ္တန္တိ၊ မပေါ်လာကုန်။ အနုပ္ပန္နာယေဝ၊ မဖြစ်ပေါ်သေးကုန်မူ၍သာလျှင်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်လာကုန်။ အပါတုဘူတာယေဝ၊ ထင်ရှားမဖြစ်သေးကုန်မူ၍သာလျှင်။ နပါတုဘဝန္တိ၊ ထင်ရှားမဖြစ်ကုန်။ဧဝံ၊ဤသို့။ဟေတုနိရောဓာ၊အကြောင်း၏ချုပ်ခြင်းကြောင့်။ဒုက္ခနိရောဓော၊ ဒုက္ခ၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ကိလေသာနံ၊ တို့၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်းငှါ။ ပဝတ္တံ၊ ဖြစ်ပွါးခြင်းသည်။ ဟေတု၊ ဇနက အကြောင်းတည်း။ နိမိတ္တံ၊ သင်္ခါရ နိမိတ်သည်။ ဟေတု၊ တည်း။ အာယူဟနာ၊ အားထုတ်ခြင်းသည်။ ဟေတု၊ တည်း။အာယူဟနာ၊ သည်။ ပစ္စယော၊ ဥပတ္ထမ္ဘက အကြောင်းတည်း။ ဣတိ၊ ဤသို့။ အာယူဟနေ၊ အားထုတ်ခြင်း၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ အနာယူဟနေ၊ အားမထုတ်ခြင်း၌။ စိတ္တံ၊ စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ အနာယူဟနေ၊ အားမထုတ်ခြင်း၌။

စိတ္တဿ၊ စိတ်၏။ ပက္ခန္ဒတ္တာ၊ ပြေးဝင်သည်၏ အဖြစ်ကြောင့်။ (နဇာယန္တီ-စသည်၌စပ်)။ ။အာယူဟနပစ္စယာ၊ အားထုတ်ခြင်း ဟူသောအကြောင်းကြောင့်။ ယေ ကိလေသာ၊ အကြင်ကိလေသာတို့သည်။နိဗ္ဗတ္တေယျုံ၊ဖြစ်ကုန်ရာ၏။ တေ ကိလေသာ၊ ထိုကိလေသာတို့သည်။ အဇာတာယေဝ၊ မဖြစ်သေးကုန်မူ၍သာလျှင်။ န ဇာယန္တိ၊မဖြစ်လာကုန်။ အနိဗ္ဗတ္တာယေဝ၊ သာလျှင်။ နနိဗ္ဗတ္တန္တိ၊ မပေါ်လာကုန်။ ။ပ။ န ပါတုဘဝန္တိ၊ထင်ရှားမဖြစ်ကုန်။ ဧဝံ၊ ဤသို့။ဟေတုနိရောဓာ၊ အကြောင်း၏ ချုပ်ခြင်းကြောင့်။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤဆိုအပ်ခဲ့သော အပြားအားဖြင့်။ မဂ္ဂဘာဝနာ၊ သည်။ အတ္ထိ၊ ရှိပေ၏။ပ။ ဓမ္မာဘိသမယော၊ တရားကို သိခြင်းသည်။ အတ္ထိ၊ ရှိပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အဘိသမယကထာ၊ အဘိသမယကထာသည်။ နိဋ္ဌိတာ၊ပြီးပြီ။

---

## ၄-ဝိဝေက ကထာ

၂၂။ သာဝတ္ထိနိဒါနံ၊ သာဝတ္ထိနိဒါန်းရှိသောသုတ်တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေကေစိ၊ အကြင်အမှတ်မရှိကုန်သော။ ဗလကရဏီယာ၊ခွန်အားဖြင့် ပြုအပ်ကုန်သော။ ကမ္မန္တာ၊ အမှုတို့ကို။ ကရီယန္တိ၊ပြုအပ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ကမ္မန္တာ၊ ထိုအမှုတို့ကို။ ပထဝိံ ၊မြေကို။ နိဿာယ၊ မှီ၍။ ပထဝိယံ၊ မြေ၌။ ပတိဋ္ဌာယ၊တည်၍။ ကရီယန္တိ၊ ပြုအပ်ကုန်၏။ဧဝံ၊ ဤနည်းဖြင့်။ ဗလကရဏီယာ၊ခွန်အားဖြင့်ပြုအပ်ကုန်သော။ဧဝေ ကမ္မန္တာ၊ထိုအမှုတို့ကို။ကရီယန္တိ သေယျထာပိ၊ ပြုအပ်ကုန်သကဲ့သို့။ ဧဝမေဝံ၊ ဤအတူပင်လျှင်။ ဘိက္ခဝေ၊ တို့။ဘိက္ခု၊ ရဟန်းသည်။ သီလံ သီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ အရိယံ၊ ဖြူစင်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂံ၊ မဂ်ကို။ ဘာဝေတိ၊ ပွါးစေ၏။ပ။ ဗဟုလီ ကရောတိ၊ အကြိမ်များစွာ ပြု၏။ ဘိက္ခဝေ၊ တို့။ပ။ မဂ္ဂံ၊ မဂ်ကို။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘာဝေတိ၊ပွါးစေသနည်း။ပ။ ဗဟုလီကရောတိ၊ အကြိမ်များစွာပြုသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ ဝိဝေကကို မှီသော။ ဝိရာဂနိဿိတံ၊ ဝိရာဂကိုမှီသော။ နိရောဓနိဿိတံ၊နိရောဓကိုမှီသော။ဝေါဿဂ္ဂပရိဏာမိံ ၊ ဝေါသဂ္ဂ အလို့ငှါ ရင့်ကျက်ဆဲ ရင့်ကျက်ပြီးဖြစ်သော။ သမ္မာဒိဋ္ဌိံ ၊ သမ္မာဒိဋ္ဌိကို ။ပ။ သမ္မာသမာဓိံ ၊ သမ္မာသမာဓိကို။ ဘာဝေတိ၊ ပွါးစေ၏။ ဘိက္ခဝေ၊ တို့။ ဧဝံခေါ၊ဤသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သီလံ၊ သီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ အရိယံ၊ သော။ အဋ္ဌင်္ဂိကံ၊ သော။ မဂ္ဂံ၊ ကို။ ဘာဝေတိ၊ ၏။ အရိယံ၊သော။ အဋ္ဌင်္ဂိကံ၊သော။ မဂ္ဂံ ကို။ ဗဟုလီ ကရောတိ၊ ၏။

၂၃။ ဘိက္ခဝေ၊ တို့။ ယေကေစိ၊ ကုန်သော။ ဗီဇဂါမဘူတဂါမာ၊ မျိုးစေ့အပေါင်း အပင်အပေါင်းတို့သည်။ ဝုဒ္ဓိံ ၊ ကြီးပွါးခြင်းသို့။ ဝိရူဠှိံ ၊ စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ဗီဇဂါမဘူတဂါမာ၊ တို့သည်။ ပထဝိံ ၊ ကို။ နိဿာယ၊မှီကုန်၍။ ပဝိယံ၊ ၌။ ပတိဋ္ဌာယ၊ တည်ကုန်၍။ ဝုဒ္ဓိံ ၊ သို့။ ဝိရူဠှိံ ၊ သို့။ ဝေပုလ္လံ၊ သို့။ အာပဇ္ဇန္တိ၊ ကုန်၏။ ဧဝံ၊ ဤသို့။ ဧတေ ဗီဇဂါမဘူတဂါမာ၊ ထိုမျိုးစေ့အပေါင်း အပင်အပေါင်းတို့သည်။ ဝုဒ္ဓိံ ၊ သို့။ ဝိရူဠှိံ ၊ သို့။ ဝေပုလ္လံ၊ သို့။ အာပဇ္ဇန္တိ သေယျထာပိ၊ ရောက်ကုန်သကဲ့သို့။ ဧဝမေဝံ ခေါ၊ ဤအတူပင်လျှင်။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ပ။ မဂ္ဂံ၊ ကို။ ဘာဝေန္တော၊ ပွါးစေ

သည်ရှိသော်။ ဗဟုလီကရောဇနွော၊ အကြိမ်များစွာပြုသည်ဖြစ်သော်။ ဓမ္မေသု၊ တရားတို့၌။ ဝုဒ္ဓိံ၊ ကြီးပွါးခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သီလံ၊ ကို။ နိဿာယ၊ မှီ၍။ပ။ ဝေပုလ္လံ၊ သို့။ ပါပုဏာတိ၊ ရောက်သနည်း။ပ။

၂၄။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ ပဉ္စ၊ ငါးပါးကုန်သော။ ဝိဝေကာ၊ ဝိဝေကတို့သည်။ ပဉ္စ၊ ငါးပါးကုန်သော။ ဝိရာဂါ၊ ဝိရာဂတို့သည်။ ပဉ္စ၊ ငါးပါးကုန်သော။ နိရောဓာ၊ နိရောဓတို့သည်။ ပဉ္စ၊ ကုန်သော။ ဝေါသဂ္ဂါ၊ ဝေါသဂ္ဂတို့သည်။ ဒွါဒသ၊ ကုန်သော။ နိဿယာ၊ မှီရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။သမ္မာ သမာဓိဿ၊ သမ္မာ သမာဓိ၏။ ပဉ္စ၊ ငါးပါးကုန်သော။ ဝိဝေကာ၊ ဝိဝေကတို့သည်။ပ။

သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ ပဉ္စ၊ ကုန်သော။ ဝိဝေကာ၊ ဝိဝေကတို့သည်။ ကတမေ၊ အဘယ် တို့နည်း။ ဝိက္ခမ္ဘနဝိဝေကော၊ ဝိက္ခမ္ဘနဝိဝေက၎င်း။ပ။ နိဿရဏဝိဝေကော၊ နိဿရဏ ဝိဝေက၎င်း။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

ဝိက္ခမ္ဘနဝိဝေကော စ၊ ဝိက္ခမ္ဘနဝိဝေကသည်ကား။ ပဌမံ ဈာနံ၊ ပဌမဈာန်ကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်၏။ နီဝရဏာနံ၊ နီဝရဏတို့၏။ ဝိဝေကော၊ ကင်းဆိတ်ခြင်းပေတည်း။ တဒင်္ဂဝိဝေကော စ၊ တဒင်္ဂဝိဝေကသည်ကား။ နိဗ္ဗေဓဘာဂိယံ၊ ကိလေသာအစိုင်အခဲကို ဖောက်ခွဲခြင်းအဖို့ရှိသော။ သမာဓိံ၊ ဝိပဿနာ သမာဓိကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်၏။ ဒိဋ္ဌိဂတာနံ၊ မိစ္ဆာအယူတို့၏။ ဝိဝေကော၊ ကင်းဆိတ်ခြင်းပေတည်း။ သမုစ္ဆေဒဝိဝေကော စ၊ သည်ကား။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ခယဂါမိမဂ္ဂံ၊ နိဗ္ဗာန်သို့ သွားရောက်သော မဂ်ကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်၏။ ဝိဝေကော၊ ကိလေသာတို့၏ ကင်းဆိတ်ခြင်း ပေတည်း။ ပဋိပ္ပဿဒ္ဓိဝိဝေကော စ၊ သည်ကား။ ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ ဝိဝေကော၊ မဂ်ဖြင့် ကင်းဆိတ်ပြီးသော ကိလေသာတို့၏ တဖန်ငြိမ်းလျက် ကင်းဆိတ်ခြင်း ပေတည်း။ နိဿရဏ ဝိဝေကော စ၊ သည်ကား။ နိရောဓော၊ ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ ဣမေ ပဉ္စ ဝိဝေကာ၊ ဤငါးပါးသော ဝိဝေကတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမေသု ပဉ္စသု ဝိဝေကေသု၊ ဤငါးပါးသော ဝိဝေကတို့၌။ ဆန္ဒဇာတော၊ ဖြစ်သောအလိုရှိသည်။ သဒ္ဓါဓိမုတ္တော၊ သဒ္ဓါဖြင့်ဆုံးဖြတ်သည်။ ဟောတိ၊ ၏။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ စိတ္တဉ္စ၊ စိတ်သည် လည်း။ သွာဓိဋ္ဌိတံ၊ ကောင်းစွာ ဆောက်တည်အပ်သည်။ ဟောတိ၊ ၏။

သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ ပဉ္စ၊ ကုန်သော။ ဝိရာဂါ၊ ဝိရာဂတို့သည်။ ကတမေ၊ အဘယ်သည် တို့နည်း။ ဝိက္ခမ္ဘနဝိရာဂေါ၊ ဝိက္ခမ္ဘန ဝိရာဂ၎င်း။ပ။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။ ဝိက္ခမ္ဘန ဝိရာဂေါ စ၊ သည်ကား။ ပဌမံ ဈာနံ၊ ကို။ ဘာဝယတော၊ ပွါးစေသော ယောဂီပုဂ္ဂိုလ်၏။ နီဝရဏာနံ၊ နီဝရဏတို့၏။ ဝိရာဂေါ၊ ပျက်ပြယ်ခြင်းပေတည်း။ပ။[ဝိဝေကဝါရနှင့် နည်းမှီး၍ပြန်ပါ]။

ဝိက္ခမ္ဘနနိရောဓော စ၊ သည်ကား။ ပဌမံ ဈာနံ၊ ကို။ ဘာဝယတော၊ ၏။ နီဝရဏာနံ၊ တို့၏။ နိရောဓော၊ ချုပ်ခြင်းပေတည်း။ပ။ နိဿရဏနိရောဓော စ၊ သည်ကား။ အမတာ ဓာတု၊ အမြိုက် နိဗ္ဗာန်ဓာတ်ပေတည်း။ပ။

ဝိက္ခမ္ဘနဝေါသဂ္ဂေါ စ၊ သည်ကား။ ပဉ္စမံ ဈာနံ၊ ကို။ ဘာဝယတော၊ ၏။ နီဝရဏာနံ၊ တို့ကို။ ဝေါသဂ္ဂေါ၊ စွန့်လွှတ်ခြင်းပေတည်း။ပ။ သမ္မာဒိဋ္ဌိယာ၊ ၏။ ဣမေ ပဉ္စဝိဝေကာ၊ ဤငါးပါးသော ဝိဝေကတို့သည်။ဣမေ ပဉ္စ ဝိရာဂါ၊ဤငါးပါးသော ဝိရာဂတို့သည်။ ဣမေ ပဉ္စ နိရောဓာ၊ ဤငါးပါး သော နိရောဓတို့သည်။ ဣမေ ပဉ္စ ဝေါသဂ္ဂါ၊ ဤငါးပါးသော ဝေါသဂ္ဂတို့သည်။ ဒွါဒသ၊ တဆယ့်နှစ်ပါးကုန်သော။ ဣမေ နိဿယာ၊ ဤမှီရာတို့သည်။ ဟောန္တိ၊ ကုန်၏။

၂၅။ သမ္မာသင်္ကပ္ပဝါရ-စသည်၌ အနက်လွယ်ပြီ။

၂၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေကေစိ၊ ကုန်သော။ ဗလကရဏီယာ၊ ကုန်သော။ ကမ္မန္တာ၊ အမှုတို့ကို။ ကရီယန္တိ၊ ပြုအပ်ကုန်၏။ပ။သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ သတ္တဗောဇ္ဈင်္ဂေ၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို။ ဘာဝေတိ၊ ပွါးစေ၏။ပ။ ပဉ္စ ဗလာနိ၊ ငါးပါးသော ဗိုလ်တို့ကို။ ဘာဝေတိ၊ ၏။ပ။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးသော ဣန္ဒြေတို့ကို။ ဘာဝေတိ၊ ပွါးစေ၏။ပ။

## ၂-ဣန္ဒြိယနိဒ္ဒေသ

၂၇။ သဒ္ဓိန္ဒြိယဿ၊ ၏။ ပဉ္စ၊ ငါးပါးကုန်သော။ ဝိဝေကာ၊ ဝိဝေကတို့သည်။ ပဉ္စ၊ ကုန်သော။ ဝိရာဂါ၊ တို့သည်။ ပဉ္စ၊ ကုန်သော။ နိရောဓာ၊ တို့သည်။ ပဉ္စ၊ ကုန်သော။ ဝေါသဂ္ဂါ၊ တို့သည်။ ဒွါဒသ၊ တဆယ့်နှစ်ပါးကုန်သော။ နိဿယာ၊ မှီရာတို့သည်။ ဟောန္တိ၊ ကုန်၏။ပ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဝိဝေကကထာ၊ ဝိဝေကကထာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

## ၃-စရိယာကထာ

၂၈။ စရိယာတိဧတ္ထ၊ စရိယာ-ဟူသော ဤပုဒ်၌။ ဣရိယာပထစရိယာ။ ဣရိယာပထ စရိယ ၎င်း။ အာယတနစရိယာ၊ အာယတနစရိယ၎င်း။ သတိစရိယာ၊ ၎င်း။ပ။ ဣတိ၊ ဤသို့။ အဋ္ဌ စရိယာယော၊ ရှစ်ပါးသော စရိယတို့သည်။ ဟောန္တိ၊ ကုန်၏။ ။[ပါဠိစာမျက်နှာ နံပါတ် ၂၁၅-၌ အနက်နှင့်တူပြီ]။

စရိယကထာ၊ စရိယကထာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

## ၄-ပါဋိဟာရိယကထာ

၃၀။ ဘိက္ခဝေ၊ တို့။ ပါဋိဟာရိယာနိ၊ ဆန့်ကျင်ဘက်ကို ပယ်ရှားတတ်သော ပြာဋိဟာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ တီဏိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့ နည်း။ ဣဒ္ဓိပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာ၎င်း။ အာဒေသနာ ပါဋိဟာရိယံ၊ အတပ်ဟောပြာဋိဟာ ၎င်း။ အနုသာသနိပါဋိဟာရိယံ၊ အဆုံးအမပြာဋိဟာ၎င်း။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ဣဒ္ဓိပါဋိဟာရိယံ၊ သည်။ကတမဉ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အနေကဝိဟိတံ၊ တပါးမကများသောအပြားရှိသော။ ဣဒ္ဓိဝိဓံ၊ ဣဒ္ဓိဝိဓအဘိညာကို။ ပစ္စနုဘောတိ၊ ခံစား၏။ ဧကောပိ၊ တယောက်သည်လည်း။

ဟုတ္တာ၊ဖြစ်လျက်။ ဗဟုဓာ၊ အများသည်။ ဟောတိ၊ ၏။ ဗဟုဓာပိ၊ အများသည်လည်း။ ဟုတ္တာ၊ ဖြစ်လျက်။ ဧကော၊ တယောက်သည်။ ဟောတိ၊ ၏။ အာဝိဘာဝံ၊ မျက်မှောက်အဖြစ်ကိုရင်း။ တိရောဘာဝံ၊ မျက်ကွယ်အဖြစ်ကိုရင်း။ပ။ ယာဝဗြဟ္မလောကာပိ၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း။ ကာယေန၊ ကိုယ်ဖြင့်။ ဝသံ၊ အလိုသို့။ ဝတ္တေတိ၊ လိုက်စေ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ဤတန်ခိုးကို။ ဣဒ္ဓိပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊တို့။ အာဒေသနာပါဋိဟာရိယံ၊ သည်။ ကတမဉ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ဤ လောက၌။ ဧကစ္စော၊သည်။ နိမိတ္တေန၊ နိမိတ်ဖြင့်။ အာဒိသတိ၊ ညွှန်း၏။ ဝါ၊ အတပ်ဟော၏။ ဧဝမ္ပိ၊ ဤသို့လည်း။ တေ၊သင်၏။ မနော၊ စိတ်သည်။ ဟောတိ၊ ၏။ ဣတ္ထမ္ပိ၊ ဤသို့သောအပြားအားဖြင့်လည်း။ တေ၊ သင်၏။ မနော၊ စိတ်သည်။ ဟောတိ၊ ၏။ ဣတိပိ၊ ဤသို့လည်း။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊၏။ ဣတိ၊ ဤသို့။ အာဒိသတိ၊၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဗဟုံ၊ များစွာကို။စေပိ အာဒိသတိ၊ အကယ်၍ညွှန်းစေကာမူ။ တံ၊ထိုသို့ညွှန်းခြင်းသည်။ တထေဝ၊ ထိုညွှန်းသည့်အတိုင်း မှန်သည်သာလျှင်။ ဟောတိ၊ ၏။ အညထာ၊ တပါးသော အခြင်းအရာအားဖြင့်။ နော ဟောတိ၊ မဖြစ်။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ နိမိတ္တေန၊ နိမိတ်ဖြင့်။ န အာဒိသတိ၊ ညွှန်းသည်မဟုတ်။ အပိစ ခေါ၊ စင်စစ်သော်ကား။ မနုဿာနံ ဝါ၊လူတို့၏ရင်း။အမနုဿာနံ ဝါ၊ ဘီလူးတို့၏ရင်း။ ဒေဝါနံ ဝါ၊ နတ်တို့၏ရင်း။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ အာဒိသတိ၊ ညွှန်း၏။ ဧဝမ္ပိ၊ ဤသို့လည်း။ တေ၊ သင်၏။ မနော၊ စိတ်သည်။ ဟောတိ၊၏။ပ။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဗဟုံ၊ များစွာကို။ စေပိ အာဒိသတိ၊ အကယ်၍ညွှန်းစေကာမူ။ တံ၊ ထိုညွှန်းခြင်းသည်။ တထေဝ၊ ထိုညွှန်းသည့်အတိုင်း မှန်သည်သာလျှင်။ ဟောတိ၊ ၏။ အညထာ၊ တပါးသော အခြင်းအရာအားဖြင့်။ နောဟောတိ၊ မဖြစ်။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ နိမိတ္တေန၊ နိမိတ်ဖြင့်။ န အာဒိသတိ၊ ညွှန်းသည်မဟုတ်။ မနုဿာနံ ဝါ၊ တို့၏ရင်း။ပ။ သုတွာ၊ ကြား၍။ နာပိ အာဒိသတိ၊ ညွှန်းသည်လည်းမဟုတ်။ အပိစ ခေါ၊ စင်စစ်သော်ကား။ ဝိတက္ကယတော၊ ကြံသောပုဂ္ဂိုလ်၏။ ဝိစာရယတော၊ ဆင်ခြင်သော ပုဂ္ဂိုလ်၏။ ဝိတက္ကဝိပ္ဖါရသဒ္ဒံ၊ ဝိတက်၏ပြန့်နှံ့သော အဟုန်ကြောင့်ဖြစ်သော အသံကို။ သုတွာ၊ ကြား၍။ အာဒိသတိ၊ညွှန်း၏။ ဧဝမ္ပိ၊ ဤသို့လည်း။ တေ၊ သင်၏။ မနော၊ စိတ်သည်။ ဟောတိ၊ ၏။ပ။ အပိစ ခေါ၊စင်စစ်သော်ကား။ အဝိတက္ကံ၊ဝိတက်မရှိသော။ အဝိစာရံ၊ ဝိစာရမရှိသော။ သမာဓိံ၊သမာဓိသို့။ သမာပန္နဿ၊ ရောက်သောပုဂ္ဂိုလ်၏။ စေတသာ၊ စိတ်ကို။ စေတသာ၊ (မိမိ၏) အဘိညာစိတ်ဖြင့်။ ပရိစ္စ၊ ပိုင်းခြား၍။ ပဇာနာတိ၊ သိ၏။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ဣမဿ ဘောတော၊ ဤအသျှင်၏။ မနောသင်္ခါရာ၊ မနောသင်္ခါရတို့ကို။ ပဏိဟိတာ၊ ဆောက်တည်အပ်ကုန်၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ဣမဿ စိတ္တဿ၊ ဤစိတ်၏။အနန္တရာ၊ အခြားမဲ့၌။ အမုကံနာမ၊ ဤအမည်ရှိသော။ ဝိတက္ကံ၊ ဝိတက်ကို။ ဝိတက္ကယိဿတိ၊ ကြံလတ္တံ့။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဗဟုံ၊ များစွာကို။ စေပိ အာဒိသတိ၊ အကယ်၍ ညွှန်းစေကာမူ။ တံ၊ ထိုညွှန်းချက်သည်။ တထေဝ၊ မှန်သည်သာလျှင်။ဟောတိ၊၏။ အညထာ၊ဖြင့်။ နောဟောတိ၊ မဖြစ်။ ဘိက္ခဝေ၊တို့။ ဣဒံ၊ ဤသို့သောညွှန်းခြင်းကို။ အာဒေသနာပါဋိဟာရိယံ၊ အတပ်ဟောပြာဋိဟာဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။

။ပ။ဘိက္ခဝေ၊တို့။ ဣဓ၊၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ အနုသာသတိ၊ ဆုံးမ၏။ ဧဝံ၊ဤသို့။ ဝိတက္ကေထ၊ ကြံကြကုန်လော့။ ဧဝံ၊ ဤသို့။ မာ ဝိတက္ကေထ၊ မကြံကုန်

လင့်။ ဇေ၊ ဤသို့။ မနသိကရောတ၊ နှလုံးသွင်းကုန်လေ့။ ဇေ၊ ဤသို့။ မ၁ မနသိကရောတ၊ နှလုံးမသွင်းကုန်လင့်။ ဣဒံ၊ ဤဒုစရိုက်တရားကို။ ပဇဟာထ၊ စွန့်ကုန်လေ့။ ဣဒံ၊ ဤသုစရိုက်တရားကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရထ၊ နေကြကုန်လေ့။ ဣတိ၊ ဤသို့။ အနုသာသတိ၊ ဆုံးမ၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤသို့သောဆုံးမခြင်းကို။ အနုသာသနီပါဋိဟာရိယံ၊ အဆုံးအမ ပြာဋိဟာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊တို့။ ဣဓံ၊ ကုန်သော။ ပါဋိဟာရိယာနိ၊ဆန့်ကျင်ဘက်ကို ပယ်ရှားတတ်သော ပြာဋိဟာတို့သည်။ ဣမာနိ၊ ဤသည်တို့ပင်တည်း။

၃၁။ နေက္ခမ္မံ၊ သည်။ ဣစ္ဆတိ၊ ပြည့်စုံ၏။ ဣတိဘသ္မာ၊ ထိုကြောင့်။ ဣဒ္ဓိ၊ ဣဒ္ဓိမည်၏။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဋိဟရတိ၊ ပယ်ရှားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပါဋိဟာရိယံ၊ ပါဋိဟာရိယမည်၏။ ဝါ၊ ပြာဋိဟာမည်၏။ ယေ ပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ တေန နေက္ခမ္မေန၊ ထိုနေက္ခမ္မနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝိသုဒ္ဓစိတ္တာ၊ စင်ကြယ်သောစိတ်ရှိကုန်သည်။ အနာဝိလသင်္ကပ္ပါ၊ မနောက်ကျုသော အကြံရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ဣတိ၊ ဤသို့။(အာဒေသနာ၊ ညွှန်းခြင်းသည်။) အာဒေသနာပါဋိဟာရိယံ၊ မည်၏။ တံ ခေါ ပန နေက္ခမ္မံ၊ ထိုနေက္ခမ္မကို။ ဇေ၊ ဤသို့။ အာသေဝိတဗ္ဗံ၊ မှီဝဲအပ်၏။ ဇေ၊ဤသို့။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်၏။ ဇေ၊ ဤသို့။ ဗဟုလီကာတဗ္ဗံ၊ အကြိမ်များစွာ ပြုအပ်၏။ ဇေ၊ ဤသို့။ တဒနုဓမ္မတာ၊ ထိုနေက္ခမ္မ အားလျော်သော သဘောရှိသော။ သတိ၊ သတိကို။ ဥပဋ္ဌာပေတဗ္ဗာ၊ ထင်စေအပ်၏။ ဣတိ၊ ဤသို့။ (အနုသာသနီ၊ဆုံးမခြင်းသည်။) အနုသာသနီ ပါဋိဟာရိယံ၊ မည်၏။

အဗျာပါဒေါ၊ အဗျာပါဒသည်။ ဣစ္ဆတိ၊ ပြည့်စုံ၏။ ဣတိတသ္မာ၊ ကြောင့်။ ဣဒ္ဓိ၊ မည်၏။ ဗျာပါဒံ၊ကို။ ပဋိဝိဟရတိ၊ ပယ်ရှားတတ်၏။ ဣတိတသ္မာ၊ကြောင့်။ ပါဋိဟာရိယံ၊မည်၏။ပ။

အရဟတ္တမဂ္ဂေါ၊ သည်။ ဣစ္ဆတိ၊ပြည့်စုံ၏။ ဣတိတသ္မာ၊ ကြောင့်။ ဣဒ္ဓိ၊ မည်၏။ သဗ္ဗကိလေသေ၊ တို့ကို။ ပဋိဟရတိ၊ ပယ်ရှားတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပါဋိဟာရိယံ၊မည်၏။ပ။

၃၂။ ပ။ ယာ စ ဣဒ္ဓိ၊ အကြင်တန်ခိုးသည်၎င်း။ ယဉ္စ ပါဋိဟာရိယံ၊ အကြင်ပြာဋိဟာသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤနှစ်ပါးစုံကို။ ဣဒ္ဓိပါဋိဟာရိယံ၊ ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပါဋိဟာရိယကထာ၊ ပါဋိဟာရိယ ကထာသည်။နိဋ္ဌိတာ၊ ပြီးပြီ။

---

## ၇-သမသီသကထာ

၃၃။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော တေဘူမက သင်္ခါရတရားတို့ကို။ သမ္မာ၊ ကောင်းစွာ။ သမုစ္ဆေဒေ စ၊ ဖြတ်ရာ၌၎င်း။ နိရောဓေ စ၊ ချုပ်စေရာ၌၎င်း။ အနုပဋ္ဌာနတာ-အနုပဋ္ဌာနတာယ စ၊ တဖန် မထင်ခြင်း မဖြစ်ခြင်း၌၎င်း။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ သည်။ သမသီသဋ္ဌေဉာဏံ၊ သမသီသဋ္ဌ

ဉာဏ်မည်သည်။ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား။ ။[ဉာဏကထာ ၃၆-သမသီသဋ္ဌ ဉာဏနိဒ္ဒေသနှင့် အလုံးစုံတူ၏]။

သမသီသကထာ၊ သမသီသကထာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

## ဂ-သတိပဋ္ဌာနကထာ

၃၄။ ဘိက္ခဝေ၊ ရဟန်းတို့။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ ဣမေ စတ္တာရော၊ ဤလေးပါးတို့တည်း။ စတ္တာရော၊ လေးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ကာယေ၊ ရုပ်အပေါင်းကိုယ်၌။ ကာယာနုပဿီ၊ ရုပ်အပေါင်းကိုယ်ဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ အာတာပီ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာအပြားအားဖြင့်သိသည်ဖြစ်၍။ သတိမာ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ အဘိဇ္ဈာ ဒေါမနဿကို။ ဝိနေယျ၊ ဖျောက်၍။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ ဝေဒနာတို့၌။ စိတ္တေ၊ စိတ်၌။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ပ။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာနာ၊ တို့သည်။ ဣမေ စတ္တာရော၊ ဤလေးပါးတို့တည်း။

၃၅။ (က)ကာယေ၊ ကိုယ်၌။ ကာယာနုပဿီ၊ ကိုယ်ဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ ကထံ၊ အသို့။ ဝိဟရတိ၊ နေသနည်း။ ဣဓ၊ ၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ ပထဝီကာယံ၊ ပထဝီဓာတ် အပေါင်းကို။ အနိစ္စတော၊ မမြဲဟု။ အနုပဿတိ၊ ရှု၏။ နိစ္စတော၊ မြဲသည်ဟု။ နော အနုပဿတိ၊ မရှု။ ။[ပါဠိစာမျက် ၁၇၅-အာနာပါနကထာနှင့် တူပြီ]။

ဣဓ၊ ၌။ ဧကစ္စော၊ သည်။အာပေါကာယံ၊ ကို။ တေဇောကာယံ၊ ကို။ ဝါယောကာယံ၊ကို။ ကေသကာယံ၊ ဆံပင်အပေါင်းကို။ အဋ္ဌိမိဉ္ဇကာယံ၊ ရိုးတွင်းချဉ်ဆီအပေါင်းကို။ အနိစ္စတော၊ ဟု။ အနုပဿတိ၊ ရှု၏။ နိစ္စတော၊ ဟု။ နော အနုပဿတိ၊ မရှု။ ။[တူပြီ]။ ။ဧဝံ၊ ဤသို့။ ကာယေ၊ ကိုယ်၌။ ကာယာနုပဿီ၊ ကိုယ်ဟုရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ခ)ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာဟု ရှုသည်ဖြစ်၍။ ကထံ၊ အသို့။ ဝိဟရတိ၊နေသနည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ သုခံ ဝေဒနံ၊ သုခဝေဒနာကို။ပ။ ဒုက္ခံ ဝေဒနံ၊ ဒုက္ခဝေဒနာကို။ပ။ အဒုက္ခမသုခံ ဝေဒနံ၊ အဒုက္ခ မသုခ ဝေဒနာကို။ပ။ သာမိသံ၊ အာမိသနှင့် တကွဖြစ်သော။ သုခံ ဝေဒနံ၊ ကို။ပ။ နိရာမိသံ၊ အာမိသ ကင်းသော။ အဒုက္ခမသုခံ ဝေဒနံ၊ အဒုက္ခ မသုခဝေဒနာကို။ပ။စက္ခုသမ္ဖဿဇံ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ပ။ မနောသမ္ဖဿဇံ၊ မနောသမ္ဖဿကြောင့် ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ အနိစ္စတော၊ ဟု။အနုပဿတိ၊ ရှု၏။ နိစ္စတော၊ ဟု။ နော အနုပဿတိ၊ မရှု။ပ။ ဧဝံ၊ ဤသို့။ ဝေဒနာသု၊ တို့၌။ ဝေဒနာနုပဿီ၊ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဂ) စိတ္တေ၊ ၌။ စိတ္တာနုပဿီ၊ ရှုသည်ဖြစ်၍။ ကထံ၊ အဘယ်သို့။ ဝိဟရတိ၊ နေသနည်း။ ဣဓ၊ ၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ သရာဂံ၊ ရာဂနှင့်တကွဖြစ်သော၊ စိတ္တံ။ စိတ်ကို။ ဝီတရာဂံ၊ ရာဂကင်းသော။ စိတ္တံ၊ စိတ်ကို။ပ။ သံခိတ္တံ၊ တွန့်ဆုတ်လျက်ကျုံ့သော။ စိတ္တံ၊ကို။ ဝိက္ခိတ္တံ၊ပျံ့လွင့်သော။ စိတ္တံ၊ ကို။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်ဖြစ်သော။ စိတ္တံ၊ ကို။ အမဟဂ္ဂတံ၊ မဟဂ္ဂုတ်မဟုတ်သော။ စိတ္တံ၊ ကို။ သဉတ္တရံ၊ သဉတ္တရဖြစ်သော။ စိတ္တံ၊ ကို။ အနုတ္တရံ၊ အနုတ္တရဖြစ်သော။ စိတ္တံ၊ ကို။ သမာဟိတံ၊ တည်ကြည်သော။ စိတ္တံ၊ ကို။ အသမာဟိတံ၊ မတည်ကြည်သော။ စိတ္တံ၊ ကို။ ဝိမုတ္တံ၊ လွတ်သော။ စိတ္တံ၊ ကို။ အဝိမုတ္တံ၊ မလွတ်သော။ စိတ္တံ၊ ကို။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်ကို။ပ။ မနောဝိညာဏံ၊ မနောဝိညာဉ်ကို။ အနိစ္စတော၊ ဟု။ အနုပဿတိ၊ ရှု၏။ နိစ္စတော၊ ဟု။ နော အနုပဿတိ၊ မရှု။ပ။ ဧဝံ၊ ဤသို့။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ စိတ်ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဃ) ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ တရားဟု ရှုလေ့ရှိသည်ဖြစ်၍။ ကထံ၊ အသို့။ ဝိဟရတိ၊ နေသနည်း။ ဣဓ၊ ၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ ကာယံ၊ ရုပ်အပေါင်းကိုယ်ကို။ ဌပေတွာ၊ ထား၍။ ဝေဒနံ၊ ကို။ ဌပေတွာ၊ ထား၍။ စိတ္တံ၊ ကို။ ဌပေတွာ၊ ထား၍။ အဝသေသဓမ္မေ၊ ကြွင်းသော သဘောတရားကို။ အနိစ္စတော၊ ဟု။ အနုပဿတိ၊ ရှု၏။ နိစ္စတော၊ ဟု။ နော အနုပဿတိ၊ မရှု။ပ။ ဧဝံ၊ ဤသို့။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရား ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

သတိပဋ္ဌာနကထာ၊ သတိပဋ္ဌာနကထာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

## ၉-ဝိပဿနာကထာ

၃၆၊ မေ၊ အကျွန်ုပ်သည်။ ဧဝံ၊ ဤသို့။သုတံ၊ နာကြားမှတ်သားအပ်၏။ ဧကံ၊ တပါးသော။ သမယံ၊အခါ၌။ဘဂဝါ၊မြတ်စွာဘုရားသည်။သာဝတ္ထိယံ၊၌။အနာထပိဏ္ဍိကဿ၊အနာထပိဏ်သူဌေး၏။ အာရာမေ၊ အရာမ်ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုသို့နေတော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာ ဘုရားအား။ ပစ္စဿောသုံ၊ ဝန်ခံကုန်၏။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝတ-ဧကန္တေန၊ စင်စစ်အားဖြင့်။ ကဥ္စိ၊ တစုံတခုသော။ သင်္ခါရံ၊ သင်္ခါရကို။ နိစ္စတော၊ မြဲသောအားဖြင့်။ ဝါ၊ မြဲသည်ဟု။ သမနုပဿန္တော၊ ရှုသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အနုလောမိကာယ၊ အရိယာမဂ်အားလျော်သော။ ခန္တိယာ၊ ဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်၊ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိ-ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ အနုလောမိကာယ၊ သော။ ခန္တိယာ၊ နှင့်။ အသမန္နာဂတော၊ မပြည့်စုံဘဲ။ ဝါ၊ မပြည့်စုံသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဝါ၊ တိမတ်မှန်ကန်သော

သဘောဖြစ်လျက် ကိန်းသေမြဲစေတတ်သော အရိယာမဂ်သို့။ ဩက္ကမိဿတိ၊ သက်ရောက်လတ္တံ့၊ ဣတိ-တော် ဌာနံ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ အနောက္ကမမာနော၊ မသက်ရောက်ဘဲ။ ဝါ၊ မသက်ရောက်သော ပုဂ္ဂိုလ်သည်။ သောတာပတ္တိဖလံ ဝါ၊ သောတာပတ္တိဖိုလ်ကိုသော်၎င်း။ပ။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့။ ဣတိ-တော် ဌာနံ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ (၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ဝတ-ကေနစ္စေန၊ စင်စစ်အားဖြင့်။ သဗ္ဗသင်္ခါရေ၊ ခပ်သိမ်းသော သင်္ခါရတို့ကို။ အနိစ္စတော၊ အားဖြင့်။ ဝါ၊ ဟု။ သမနုပဿန္တော၊ ရှုသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အနုလောမိကာယ၊ အရိယာမဂ်အားလျော်သော။ ခန္တိယာ၊ ဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ-တော် ဌာနံ၊ သည်။ ဝိဇ္ဇတိ၊ ရှိပေ၏။ အနုလောမိကာယ၊ လျော်သော။ ခန္တိယာ၊ နှင့်။ သမန္နာဂတော၊ ပြည့်စုံသော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမိဿတိ၊ သက်ရောက်လတ္တံ့။ပ။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမမာနော၊ သက်ရောက်သော ပုဂ္ဂိုလ်သည်။ သောတာပတ္တိဖလံ ဝါ၊ သောတာပတ္တိဖိုလ်ကိုသော်၎င်း။ပ။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့။ ဣတိ-တော် ဌာနံ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိပေ၏။ (၂)

ဘိက္ခဝေ၊ တို့။ ဝတ-ကေနစ္စေန၊ စင်စစ်အားဖြင့်။ ကဉ္စိ၊ တစုံတခုသော။ သင်္ခါရံ၊ သင်္ခါရကို။ သုခတော၊ ချမ်းသာအားဖြင့်။ ဝါ၊ ချမ်းသာဟု။ သမနုပဿန္တော၊ ရှုသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ပ။ ဒုက္ခတော၊ ဆင်းရဲအားဖြင့်။ ဝါ၊ ဆင်းရဲဟု။ သမနုပဿန္တော၊ ရှုသော။ပ။ အတ္တတော၊ အတ္တအားဖြင့်။ ဝါ၊ အတ္တဟု။ပ။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝါ၊ အနတ္တဟု။ သမနုပဿန္တော၊ ရှုသော။ပ။

၃၇။ ကတိဟာကာရေဟိ၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ၊ အရိယာမဂ်အားလျော်သော။ ခန္တိံ၊ ဉာဏ်ကို။ ပဋိလဘတိ၊ ရသနည်း။ ကတိဟာကာရေဟိ၊ တို့ဖြင့်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ သက်ရောက်သနည်း။ စတ္တာရီသာယ အာကာရေဟိ၊ လေးဆယ်သော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ၊ သော။ ခန္တိံ၊ ကို။ ပဋိလဘတိ၊ ရ၏။ပ။

ကတမေဟိ စတ္တာရီသာယ အာကာရေဟိ၊ အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ၊ လျော်သော။ ခန္တိံ၊ ကို။ ပဋိလဘတိ၊ ရသနည်း။ပ။ ဩက္ကမတိ၊ သက်ရောက်သနည်း။ ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ရောဂတော၊ စွဲကပ်နေသော ရောဂါနှင့် တူသောအားဖြင့်။ ဂဏ္ဍတော၊ အဖူး အသိုး အနာစိမ်းနှင့် တူသောအားဖြင့်။ သလ္လတော၊ မြားငြောင့်နှင့်တူသော အားဖြင့်။ အဃတော၊ မကောင်းမှု၏ တည်ရာဝတ္ထုဖြစ်၍ မကောင်းမှုနှင့် တူသောအားဖြင့်။ အာဗာဓတော၊ နာဖျားခြင်းစသော အနာရောဂါနှင့်တူသောအားဖြင့်။ ပရတော၊ သူစိမ်းပြင်ပအားဖြင့်။ ပလောကတော၊ ပျက်စီးတတ်သော အားဖြင့်။ ဤတိတော၊ ဘေးရန်အားဖြင့်။ ဥပဒ္ဒဝတော၊ ရုတ်တရက်ကပ်ရောက်၍ နှိပ်စက်တတ်သော ဥပဒ္ဒဝေါအားဖြင့်။ ဘယတော၊ ကြောက်ဖွယ်ဘေးအားဖြင့်။ ဥပသဂ္ဂတော၊ များစွာသော အကျိုးမဲ့တို့နှင့်စပ်ယှဉ်သောအားဖြင့်။ စလတော၊ တုန်လှုပ်သောအားဖြင့်။ ပဘင်္ဂုတော၊ ပျက်စီးလွယ်သော အားဖြင့်။ အဓုဝတော၊ မခိုင်မြဲသောအားဖြင့်။ အတာဏတော၊ မစောင့်ရှောက်တတ်သောအား

ဖြင့်။ အလေဏတော၊ ပုန်းအောင်းရာ မရှိသောအားဖြင့်။ အသရဏတော၊ ကိုးကွယ်ရာမရှိသော အားဖြင့်။ ရိတ္တတော၊ အနှစ်သာရမှကင်းသောအားဖြင့်။ တုစ္ဆတော၊ အချည်းနှီးအားဖြင့်။ သုညတော၊ အတ္တမှ ဆိတ်သုဉ်းသော အားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ အာဒီနဝတော၊ အပြစ်အားဖြင့်။ ဝိပရိဏာမဓမ္မတော၊ ဖောက်ပြန်ခြင်း သဘောရှိသောအားဖြင့်။ အသာရကတော၊ အနှစ်မရှိသောအားဖြင့်။ အဃမူလတော၊မကောင်းမှု၏အကြောင်းရင်းမူလအားဖြင့်။ ဝဓကတော၊ သူသတ်ယောကျ်ားနှင့်တူသောအားဖြင့်။ဝိဘဝတော၊ကြီးပွါးမှုကင်းသောအားဖြင့်။သာသဝတော၊ အာသဝေါနှင့်တကွဖြစ်သောအားဖြင့်။ သခ်တတော၊ ပြုပြင်အပ်သောအားဖြင့်။ မာရာမိသတော၊ မစ္စုမာရ်တည်းဟူသော သေမင်း၏ အစာဖြစ်သောအားဖြင့်။ ဇာတိဓမ္မတော၊ ပဋိသန္ဓေနေခြင်း သဘောရှိသောအားဖြင့်။ ဇရာဓမ္မတော၊ အိုခြင်းသဘောရှိသောအားဖြင့်။ ဗျာဓိဓမ္မတော၊ နာခြင်းသဘောရှိသောအားဖြင့်။ မရဏဓမ္မတော၊ သေခြင်းသဘောရှိသောအားဖြင့်။ သောကဓမ္မတော၊ စိုးရိမ်ခြင်းသဘောရှိသောအားဖြင့်။ ပရိဒေဝဓမ္မတော၊ ငိုကြွေးခြင်းသဘောရှိသောအား ဖြင့်။ ဥပါယာသဓမ္မတော၊ ပင်ပန်းခြင်း သဘော ရှိသောအားဖြင့်။ သံကိလေသိကဓမ္မတော၊ ညစ်ညူးခြင်းသဘောရှိသော အားဖြင့်။ .(ပဿတိ၊ ရှု၏။)

၃၇။ ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ အားဖြင့်။ ပဿန္တော၊ ရှုသည်ရှိသော်။ ဝါ၊ရှုလျက်။ဝါ၊ ရှုသော ပုဂ္ဂိုလ်သည်။အနုလောမိကံ၊ အရိယာမဂ်အားလျော်သော။ခန္တိံ၊ဝိပဿနာ ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝါ၊ ချုပ်ရာသဘောသည်။ နိစ္စံ၊ မြဲသော။ နိဗ္ဗာနံ၊ ငြိမ်းခြင်းပေတည်း။ ဝါ၊ ငြိမ်းရာနိဗ္ဗာန်ပေ တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ ဝါ၊ မြင်လျက်။ ဝါ၊ မြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ သက်ရောက်၏။

ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ သည်။ သုခံ၊ ချမ်းသာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ပ။ အာရောဂျံ၊ ရောဂါကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ပ။ အဂဏ္ဍံ၊ အိုင်း အမာကင်းသော။ပ။ ဝိသလ္လံ၊ မြားငြောင့်ကင်းသော။ပ။ အနဃံ၊ မကောင်းမှု ကင်းသော။ပ။ အနာဗာဓံ၊ အနာကင်းသော။ပ။ အပရပ္ပစ္စယံ၊ အခြားတပါးသော အကြောင်း ကင်းသော။ပ။ အပလောကဓမ္မံ၊ ပျက်စီးခြင်းသဘော မရှိသော။ပ။ အနီတိကံ၊ ဘေးရန်ကင်း သော။ပ။ အနုပဒ္ဒဝံ၊ ဥပဒ္ဒဝေါကင်းသော။ပ။ အဘယံ၊ ဘေးမရှိသော။ပ။ အနုပသဂ္ဂံ၊ အကျိုး မဲ့နှင့် စပ်ခြင်းကင်းသော။ပ။ အစလံ၊ မတုန်လှုပ်သော။ပ။ အပဘင်္ဂုံ၊ မပျက်စီးတတ်သော။ပ။ ဓုဝံ၊ ခိုင်မြဲသော။ပ။ တာဏံ၊ စောင့်ရှောက်တတ်သော။ပ။ လေဏံ၊ ပုန်းအောင်းရာဖြစ်သော။ပ။ သရဏံ၊ ကိုးကွယ်ရာဖြစ်သော။ပ။ အရိတ္တံ၊ အနှစ်သာရမကင်းသော။ပ။ အတုစ္ဆံ၊ အချည်းနှီး မဟုတ်သော။ပ။ ပရမသုညံ၊ အလုံးစုံသောသင်္ခါရတို့၏ အလွန်ဆိတ်သုဉ်းခြင်း, မြတ်သော ဆိတ်သုဉ်းခြင်းဖြစ်သော။ပ။ပရမတ္ထံ၊ အမြတ်ဆုံးသဘောဖြစ်သော ။ပ။ အနာဒီနဝံ၊ အပြစ်မရှိ သော။ပ။အဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ခြင်းသဘောမရှိသော။ပ။သာရံ၊ အနှစ်သာရဖြစ်သော။ပ။ အနဃမူလံ၊ မကောင်းမှု၏ အကြောင်းမဟုတ်သော။ပ။အဝဓကံ၊ မသတ်တတ်သော။ပ။အဝိဘဝံ၊ ကြီးပွါးခြင်းကင်းသည် မဟုတ်သော။ပ။အနာသဝံ၊ အာသဝေါကင်းသော။ပ။အသခ်တံ၊ မပြုပြင် အပ်သော ။ပ။ နိရာမိသံ၊ မစ္စုမာရ်တည်းဟူသော သေမင်း၏အစာမဟုတ်သော။ပ။ အဇာတံ၊ ပဋိသန္ဓေနေခြင်းကင်းသော။ပ။အဇရံ၊ အိုခြင်းကင်းသော။ပ။အဗျာဓိံ၊ နာခြင်းကင်းသော။ပ။

အမတံ၊ သေခြင်းကင်းသော။ပ။အသောကံ၊ စိုးရိမ်ခြင်းမရှိသော။ပ။အပရိဒေဝံ၊ ငိုကြွေးခြင်းကင်းသော။ပ။အနုပါယာသံ၊ ပင်ပန်းခြင်းကင်းသော ။ပ။ ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ သံကိလေသိကဓမ္မတော၊ ညစ်ညူးခြင်း သဘောရှိသောအားဖြင့်။ ပဿန္တော၊ ရှုသောပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လျော်သော။ ခန္တိံ၊ ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝါ၊ ချုပ်ရာသဘောသည်။ အသံကိလိဋ္ဌ၊ ညစ်ညူးခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ သက်ရောက်၏။

၃၉။ အနိစ္စတောတိ၊ အနိစ္စဟု ရှုခြင်းသည်။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာတည်း။ ဒုက္ခတောတိ၊ ဒုက္ခဟု ရှုခြင်းသည်။ ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿနာတည်း။ ရောဂတောတိ၊ ရောဂါ-ဟု ရှုခြင်းသည်။ ဒုက္ခာနုပဿနာ၊ တည်း။ ဂဏ္ဍတောတိ၊ ဂဏ္ဍ-ဟု ရှုခြင်းသည်။ ဒုက္ခာနုပဿနာ၊ တည်း။ပ။ပရတောတိ၊ ပရ-ဟု ရှုခြင်းသည်။ အနတ္တာနုပဿနာ၊ အနတ္တာနုပဿနာတည်း။ပ။ သံကိလေသိကဓမ္မတောတိ၊ သံကိလေသိကဓမ္မတော-ဟု ရှုခြင်းသည်။ ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿနာတည်း။ ဣမေဟိ စတ္တာလီသာယ အာကာရေဟိ၊ ဤလေးဆယ်သော အခြင်းအရာတို့ဖြင့်။ အနုလောမိကံ၊ လျော်သော။ ခန္တိံ၊ ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ဣမေဟိ စတ္တာလီသာယ အာကာရေဟိ၊ တို့ဖြင့်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ ၏။

ဣမေဟိ စတ္တာလီသာယ အာကာရေဟိ၊ တို့ဖြင့်။ အနုလောမိကံ၊ လျော်သော။ ခန္တိံ၊ ကို။ ပဋိလဘန္တဿ၊ ရသောပုဂ္ဂိုလ်၏။ ဣမေဟိ စတ္တာလီသာယ အာကာရေဟိ၊တို့ဖြင့်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမန္တဿ၊ သက်ရောက်သော ပုဂ္ဂိုလ်၏။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ ဒုက္ခာနုပဿနာ၊ တို့သည်။ ကတိ၊ တို့နည်း။အနတ္တာနုပဿနာ၊တို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။

အနတ္တာနုပဿနာ၊ တို့သည်။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနိစ္စာနုပဿနာ၊ တို့သည်။ ပညာသ၊ ငါးဆယ်သည်။ ဟောန္တိ၊ ကုန်၏။ ဒုက္ခေ၊ ဒုက္ခ အခြင်းအရာ၌။ ယာနိ၊ အကြင် အနုပဿနာတို့ကို။ ဝုတ္တရေ၊ ဆိုအပ်ကုန်၏။ တာနိ၊ ထို အနုပဿနာတို့သည်။ သတဉ္စေဝ၊ တရာသည်၎င်း။ ပဉ္စဝီသတိ စေဝ၊ နှစ်ဆယ့်ငါးပါးသည် ၎င်း။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဝိပဿနာကထာ၊ ဝိပဿနာကထာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

## ၁၀-မာတိကာကထာ

၄၀။ နိစ္ဆာတော၊ဆာလောင်မှုမရှိခြင်း။ ။(အမိလာတော-ဟူသော ပဒတ္ထသံဝဏ္ဏနာ ဒဟတိ-ဒဟန္တိယေဝ, ရောဂဂ္ဂိ-စသော အဓိပ္ပါယတ္ထသံဝဏ္ဏနာတို့ကိုထောက်၍ ဤအရာ၌ နိဇ္ဈာတော-ဟု တတိယ, စတုတ္ထက္ခရာတို့နှင့် ရှိသင့်၏။ နိဇ္ဈာတော၊ မလောင်ကျွမ်းအပ်၍ မညိုးနွမ်းခြင်း-ဟု ပြန်သင့်၏)။ ။မောစက္ခော၊လွတ်ခြင်းဟူသော။ ဝိမောက္ခော၊ လွတ်မြောက်ခြင်း။ ဝိဇ္ဇာဝိမုတ္တိ၊ဝိဇ္ဇာဟူ

သောလွှတ်ခြင်း။ အဓိသီလံ၊ လွန်ကဲထူးမြတ်သောသီလ။ အဓိစိတ္တံ၊ လွန်ကဲထူးမြတ်သော စိတ်ဟူသောသမာဓိ။ အဓိပညာ၊ လွန်ကဲထူးမြတ်သောပညာ။ ပဿဒ္ဓိ၊ ငြိမ်းခြင်း။ ဉာဏံ၊ ဉာဏ်။ ဒဿနံ၊ မြင်ခြင်း။ ဝိသုဒ္ဓိ၊ အထူးသဖြင့် စင်ကြယ်ခြင်း။ နေက္ခမ္မံ၊ ကာမမှ ထွက်မြောက်ခြင်း။ နိဿရဏံ၊ ထွက်မြောက်ရာ။ ပဝိဝေကော၊ ကင်းဆိတ်ခြင်း။ ဝေါသဂ္ဂေါ၊ စွန့်လွှတ်ခြင်း။ စရိယာ၊ သွားခြင်း, ကျင့်ခြင်း။ ဈာနဝိမောက္ခော၊ ဈာန်ဝိမောက္ခ။ ဘာဝနာ၊ ပွါးစေခြင်း။ အဓိဋ္ဌာနံ၊ ဆောက်တည်ခြင်း။ ဇီဝိတံ၊ အသက်မွေးခြင်း။(ဣတိ၊ဤသည်ကား။မာတိကာ၊ မာတိကာတည်း။)

၄၁။ နိဿဋ္ဌာတောတိ ဧတ္ထ၊ နိဿဋ္ဌာတော-ဟူသော ဤပုဒ်၌။ နေက္ခမ္မေန၊ ကာမမှ ထွက်မြောက်သော အလောဘဖြင့်။ ကာမစ္ဆန္ဒတော၊ ကာမစ္ဆန္ဒအလိုအားဖြင့်။ ဝါ၊ ကာမစ္ဆန္ဒမှ။ နိဿဋ္ဌာတော၊ ဆာလောင်ခြင်းမရှိ။(နိစ္ဆာတော၊ ပူလောင်ခြင်းမရှိ။)အဗျာပါဒေန၊အဗျာပါဒဖြင့်။ဗျာပါဒတော၊ ဗျာပါဒအလိုအားဖြင့်။ ဝါ၊ ဗျာပါဒမှ။ နိဿဋ္ဌာတော၊ ဆာလောင်ခြင်းမရှိ။ပ။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။သဗ္ဗကိလေသေဟိ၊အလုံးစုံသောကိလေသာတို့မှ။နိဿဋ္ဌာတော၊ဆာလောင်ခြင်းမရှိ။

မောက္ခော ဝိမောက္ခောတိ ဧတ္ထ၊ မောက္ခော ဝိမောက္ခော- ဟူသော ဤပုဒ်၌။ နေက္ခမ္မေန၊ ဖြင့်။ ကာမစ္ဆန္ဒတော၊ ကာမစ္ဆန္ဒမှ။ မုစ္စတိ၊ လွတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မောက္ခော၊ မောက္ခမည်၏။ ဝိမောက္ခော၊ ဝိမောက္ခမည်၏။ အဗျာပါဒေန၊ အဗျာပါဒဖြင့်။ ဗျာပါဒတော၊ ဗျာပါဒမှ။ မုစ္စတိ၊ လွတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မောက္ခော၊ မောက္ခမည်၏။ ဝိမောက္ခော၊ ဝိမောက္ခမည်၏။ပ။ အရဟတ္တမဂ္ဂေန၊ ဖြင့်။ သဗ္ဗကိလေသေဟိ၊ တို့မှ။ မုစ္စတိ၊ ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မောက္ခော၊ မောက္ခမည်၏။ ဝိမောက္ခော၊ ဝိမောက္ခမည်၏။

ဝိဇ္ဇာဝိမုတ္တီတိ ဧတ္ထ၊ ဝိဇ္ဇာဝိမုတ္တိ ဟူသော ဤပုဒ်၌။ နေက္ခမ္မံ၊ ကာမမှ ထွက်မြောက်သော အလောဘသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဝါ၊ သိအပ်၏။ ဝါ၊ ရအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။ ကာမစ္ဆန္ဒတော၊ မှ။ မုစ္စတိ၊ ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိမုတ္တိ၊ မည်၏။ ဝိဇ္ဇန္တော၊ ရှိသည်ဖြစ်၍။ ဝါ၊ သိအပ်သည်ဖြစ်၍။ ဝါ၊ ရအပ်သည်ဖြစ်၍။ မုစ္စတိ၊ လွတ်၏။ မုစ္စန္တော၊ လွတ်သည်ဖြစ်၍။ ဝိဇ္ဇတိ၊ ရှိ၏။ ဝါ၊ သိအပ်၏။ ဝါ၊ ရအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိဇ္ဇာဝိမုတ္တိ၊ ဝိဇ္ဇာဝိမုတ္တိမည်၏။ အဗျာပါဒေါ၊ အဗျာပါဒသည်။ ဝိဇ္ဇတိ၊ ရှိ၏။ပ။

အဓိသီလံ အဓိစိတ္တံ အဓိပညာတိ ဧတ္ထ၊ အဓိသီလံ အဓိစိတ္တံ အဓိပညာ-ဟူသော ဤပုဒ်၌။ နေက္ခမ္မေန၊ ကာမမှ ထွက်မြောက်သော အလောဘဖြင့်။ ကာမစ္ဆန္ဒံ၊ ကို။ သံဝရဋ္ဌေန၊ စောင့်တတ်သော သဘောအားဖြင့်။ သီလဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိ မည်၏။ အဝိက္ခေပဋ္ဌေန၊ မပျံ့လွင့်သော သဘောအားဖြင့်။ စိတ္တဝိသုဒ္ဓိ၊ မည်၏။ ဒဿနဋ္ဌေန၊ မြင်သော သဘော အားဖြင့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ မည်၏။ တတ္ထ၊ ထို နေက္ခမ္မစိတ္တုပ္ပါဒ်၌။ ယော သံဝရဋ္ဌော၊ အကြင် စောင့်စည်းခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤစောင့်စည်းခြင်း သဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။ တတ္ထ၊ ထို နေက္ခမ္မစိတ္တုပ္ပါဒ်၌။ ယော အဝိက္ခေပဋ္ဌော၊ အကြင်မပျံ့လွင့်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမပျံ့လွင့်ခြင်း သဘောသည်။ အဓိစိတ္တသိက္ခာ၊ မည်၏။ တတ္ထ၊ ၌။ ယော ဒဿနဋ္ဌော၊ အကြင်မြင်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ။ ဤမြင်ခြင်း သဘောသည်။ အဓိပညာသိက္ခာ၊ မည်၏။ ။အဗျာပါဒေန၊ ဖြင့်။ ဗျာပါဒံ၊ ကို။ သံဝရဋ္ဌေန၊ စောင့်တတ်သော သဘောအားဖြင့်။ သီလဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိမည်၏။ပ။

ပဿဒ္ဓိတိ ဧတ္ထ၊ ပဿဒ္ဓိ- ဟူသော ဤပုဒ်၌။ နေက္ခမ္မေန၊ နေက္ခမ္မဖြင့်။ ကာမစ္ဆန္ဒံ၊ ကို။ ပဋိပ္ပဿမ္ဘေတိ၊ ငြိမ်းစေ၏။ပ။

ဉာဏန္တိ ဧတ္ထ၊ ဉာဏံ-ဟူသော ဤပုဒ်၌။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ပဟီနတ္တာ၊ ပယ်အပ်သည်၏ အဖြစ်ကြောင့်။ နေက္ခမ္မံ၊ နေက္ခမ္မသည်။ ဉာတဋ္ဌေန၊ ဈာနပစ္စဝေက္ခဏာ စသည်ဖြင့် သိသောသဘောအားဖြင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ဗျာပါဒဿ၊ ကို။ ပဟီနတ္တာ၊ ကြောင့်။ အဗျာပါဒေါ၊ သည်။ ဉာတဋ္ဌေန၊ အားဖြင့်။ ဉာဏံ၊ ဉာဏ်မည်၏။ပ။ သဗ္ဗကိလေသာနံ၊ အလုံးစုံသော ကိလေသာတို့ကို။ ပဟီနတ္တာ၊ ပယ်အပ်သည်၏ အဖြစ်ကြောင့်။ အရဟတ္တမဂ္ဂေါ၊ သည်။ ဉာတဋ္ဌေန၊ သိသောသဘောအားဖြင့်။ ဉာဏံ၊ ဉာဏ်မည်၏။

ဒဿနန္တိ ဧတ္ထ၊ ဒဿနံ- ဟူသော ဤပုဒ်၌။ နေက္ခမ္မံ၊ နေက္ခမ္မသည်။ ကာမစ္ဆန္ဒဿ၊ ကို။ ပဟီနတ္တာ၊ ပယ်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဒိဋ္ဌတ္တာ၊ ဈာနပစ္စဝေက္ခဏာ စသည်ဖြင့် မြင်တတ်သည်၏ အဖြစ်ကြောင့်ရင်း။ ဒဿနံ၊ ဒဿနမည်၏။ပ။

ဝိသုဒ္ဓီတိ ဧတ္ထ၊ ဝိသုဒ္ဓိ-ဟူသော ဤပုဒ်၌။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။ ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ နေက္ခမ္မေန၊ ဖြင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဗျာပါဒံ၊ ကို။ ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ အဗျာပါဒေန၊ ဖြင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ပ။

နေက္ခမ္မန္တိ ဧတ္ထ၊ နေက္ခမ္မံ-ဟူသော ဤပုဒ်၌။ ယဒိဒံ-ယံ ဣဒံ နေက္ခမ္မံ၊ အကြင်အလောဘသည်။ ဝါ၊ အကြင် အသုဘ ပဌမဈာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအလောဘသည်။ ဝါ၊ ဤအသုဘ ပဌမဈာန်သည်။ ကာမာနံ၊ ကာမတို့၏။ နိဿရဏံ၊ ထွက်သွား ကုန်ဆုံးရာတည်း။ တနည်း၊ ကာမာနံ၊ ကာမတို့မှ။ နိဿရဏံ၊ ထွက်မြောက်ရာတည်း။ ။(ဤအရာ၌ကား အာရုပ္ပနှင့်တွဲ၍ ဆိုသောကြောင့် အသုဘပဌမဈာန်လည်း သင့်၏။ အဋ္ဌကထာ၌ကား အလောဘ ဟူ၍သာ ပြဆို၏)။ ။ယဒိဒံ-ယံ ဣဒံ အာရုပ္ပံ၊ အကြင်အာရုပ္ပဈာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအာရုပ္ပဈာန်သည်။ ရူပါနံ၊ ရုပ်တို့၏။ ဝါ၊ ရုပ်တို့မှ။ နိဿရဏံ၊ ထွက်မြောက်ရာတည်း။ ပန၊ ထိုမှတပါး။ ဘူတံ၊ အကြောင်းကြောင့် ထင်ရှားဖြစ်ပေါ်သော။ သင်္ခတံ၊ အကြောင်းတရား တို့က ညီညွတ်၍ ပြုအပ်သော။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲမှီ၍ ဖြစ်ပေါ်သော။ ယံ ခေါ ကိဉ္စိ၊ အကြင်အမှတ်မရှိ တစုံတခုသော သင်္ခါရတရားသည်။ အတ္ထိ၊ ရှိ၏။ နိရောဓော၊ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ တဿ၊ ထို သင်္ခါရတရား၏။ ဝါ၊ ထိုသင်္ခါရတရားမှ။ နေက္ခမ္မံ၊ ထွက်မြောက်သော တရားတည်း။ အဗျာပါဒေါ၊ သည်။ ဗျာပါဒဿ၊ ၏။ ဝါ၊ မှ။ နေက္ခမ္မံ၊ တည်း။ပ။

နိဿရဏန္တိ ဧတ္ထ၊ နိဿရဏံ-ဟူသော ဤပုဒ်၌။ ။ယဒိဒံ-ယံ ဣဒံ နေက္ခမ္မံ၊ သည်။ အတ္ထိ၊ ၏။ ဧတံ၊ သည်။ ကာမာနံ၊ ကာမတို့၏။ ဝါ၊ တို့မှ။ နိဿရဏံ၊ ထွက်မြောက်ရာတည်း။ပ။

ပဝိဝေကောတိ ဧတ္ထ၊ ဧကော-ဟူသော ဤပုဒ်၌။ နေက္ခမ္မံ၊ သည်။ ကာမစ္ဆန္ဒဿ၊ ၏။ ပဝိဝေကော၊ ကင်းဆိတ်ရာ ပဝိဝေကတည်း။ပ။ အရဟတ္တမဂ္ဂေါ၊ သည်။ သဗ္ဗကိလေသာနံ၊ တို့၏။ ပဝိဝေကော၊ တည်း။ ။

ဝေါသဂ္ဂေါတိ ဧတ္ထ၊ ဟူသော ဤပုဒ်၌။ နေက္ခမ္မေန၊ ကာမမှထွက်မြောက်သော အလောဘ ဖြင့်။ ကာမစ္ဆန္ဒံ၊ ကို။ ဝေါသဇ္ဇတိ၊ စွန့်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေါသဂ္ဂေါ၊ မည်၏။ပ။

စရိယာတိ ဧတ္ထ၊ စရိယာ-ဟူသော ဤပုဒ်၌။ ကာမစ္ဆန္ဒံ၊ ကို။ ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ နေက္ခမ္မေန၊ အလောဘဖြင့်။ စရတိ၊ ကျင့်၏။ ဗျာပါဒံ၊ ကို။ ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ပ။

ဗျာနုဝိမောက္ခောတိ ဧတ္ထ၊ ဟူသော ဤပုဒ်၌။ နေက္ခမ္မံ၊ ကာမမှထွက်မြောက်သော အလောဘသည်။ ဗျာယတိ၊ ရှုတတ်၏။ ဝါ၊ တောက်ပတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗျာနံ၊ ဗျာန်မည်၏။ ကာမစ္ဆန္ဒံ၊ ကို။ ဗျာပေတိ၊ လောင်စေတတ်၏။ ဝါ၊ ကျွမ်းစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ဗျာနံ၊ဗျာန်မည်၏။ဗျာယန္တော၊ရှုလျက်။ ဝါ၊ တောက်ပလျက်။ဝိမုစ္စတိ၊လွတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗျာနုဝိမောက္ခော၊ မည်၏။ ဗျာပေန္တော၊ ကာမစ္ဆန္ဒကို လောင်စေ, ကျွမ်းစေလျက်။ ဝိမုစ္စတိ၊ လွတ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဗျာနုဝိမောက္ခော၊ ဗျာနုဝိမောက္ခမည်၏။ ဗျာယန္တီတိ၊ ရှုကုန်၏ တောက်ပကုန်၏ ဟူသည်ကား။ ဓမ္မာ၊ ဗျာန်တရားတို့တည်း။ ဝါ၊ ဗျာန်တရားတို့သည်။ (ဗျာယန္တိ၊ ရှုကုန် တောက်ပကုန်၏။)ဗျာပေတီတိ၊ လောင်စေ, ကျွမ်းစေ၏ ဟူသည်ကား။ ကိလေသေ၊ ကိလေသာတို့ကိုတည်း။ ဝါ၊ ကိလေသာတို့ကို။(ဗျာပေတိ၊ လောင်စေ,ကျွမ်းစေ၏။)။ ။(ဤ၌ ဗျာပေန္တီတိ-ဟု ဗဟုဝုစ်နှင့် ရှိ၏။ ဝိမောက္ခကထာ စာမျက်နှာ ၂၄၁-၌ ဗျာပေတီတိ-ဟု ဧကဝုစ်နှင့် ရှိ၏။ထိုပါဌ်သာ ယုတ္တတရ ဖြစ်သည်)။ ။ဗျာတေ စ၊ ရှုတတ်, တောက်ပတတ်သော ဗျာန်တရားတို့ကိုရင်း။ ဗျာပေ စ၊ လောင်စေအပ်, ကျွမ်းစေအပ်သော ကိလေသာတို့ကိုရင်း။ ဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗျာယီ၊ ဗျာယီမည်၏။ အဗျာပါဒေါ၊ အဗျာပါဒသည်။ ဗျာယတိ၊ ရှုတတ်၏။ ဝါ၊ တောက်ပတတ်၏။ ။[တူပြီ]။

၄၂။ ဘာဝနာ အဓိဋ္ဌာနံ ဇီဝိတန္တိ ဧတ္ထ၊ ဇီဝိတံ-ဟူသော ဤပါဌ်၌။ကာမစ္ဆန္ဒံ၊ ကို။ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ နေက္ခမ္မံ၊ ကာမမှ ထွက်မြောက်သော အလောဘကို။ဘာဝေတိ၊ ပွါးစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘာဝနာသမ္ပန္နော၊ဘာဝနာနှင့် ပြည့်စုံ၏။ နေက္ခမ္မဝသေန၊ အလောဘ၏ အစွမ်းအားဖြင့်။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဓိဋ္ဌာနသမ္ပန္နော၊ အဓိဋ္ဌာန်နှင့် ပြည့်စုံ၏။ သွာယံ၊ ထိုပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ဘာဝနာသမ္ပန္နော၊ ဘာဝနာနှင့် ပြည့်စုံသည်ဖြစ်၍။ အဓိဋ္ဌာနသမ္ပန္နော၊ အဓိဋ္ဌာန်နှင့် ပြည့်စုံသည်ဖြစ်၍။ သမံ၊ အညီအညွတ်။ ဇီဝတိ၊ အသက်မွေး၏။ ဝိသမံ၊ မညီမညွတ်။ နော ဇီဝတိ၊ အသက်မမွေး။ သမ္မာ၊ ကောင်းစွာ။ ဝါ၊ နည်းလမ်းမှန်စွာ။ ဇီဝတိ၊ အသက်မွေး၏။ မိစ္ဆာ၊ မှားသောအားဖြင့်။ နော ဇီဝတိ၊ အသက်မမွေး။ ဝိသုဒ္ဓံ၊ စင်ကြယ်စွာ။ ဇီဝတိ၊ ၏။ ကိလိဋ္ဌံ၊ ညစ်ညူးစွာ။ နော ဇီဝတိ၊ အသက်မမွေး။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာဇီဝသမ္ပန္နော၊ အာဇီဝနှင့် ပြည့်စုံ၏။ ဧဝံ၊ ဤသို့။ ဘာဝနာသမ္ပန္နော၊ သော။ အဓိဋ္ဌာနသမ္ပန္နော၊ သော။ အာဇီဝသမ္ပန္နော၊ အာဇီဝနှင့် ပြည့်စုံသော။ သွာယံ- သော အယံ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ယညဒေဝ-ယံ ယံ ဧဝ ပရိသံ၊ အကြင်အကြင် ပရိသတ်သို့လျှင်။ ဥပသင်္ကမတိ၊ ကပ်၏။ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်သည်ဖြစ်အံ့။ ဗြာဟ္မဏပရိသံ၊ ပုဏ္ဏားပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်သည်ဖြစ်အံ့။ ဂဟပတိပရိသံ၊ သူကြွယ်ပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်သည်ဖြစ်အံ့။ သမဏပရိသံ၊ ရဟန်းပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်သည်ဖြစ်အံ့။ ဝိသာရဒေါ၊ရဲရင့်သည်ဖြစ်၍။ ဥပသင်္ကမတိ၊ ကပ်ရ၏။ အမင်္ကုဘူတော၊ မျက်နှာကြည်သာသည်ဖြစ်၍။ ဥပသင်္ကမတိ၊ ကပ်ရ၏။ တံ၊ ထိုသို့ ကပ်ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း ဟူမူကား။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ယသ္မာ၊ အကြင်

ကြောင့်။ ဘာဝနာသမ္ဗန္ဓော၊ ဘာဝနာနှင့် ပြည့်စုံသည်။ အဓိဋ္ဌာနသမ္ဗန္ဓော၊ အဓိဋ္ဌာန်နှင့် ပြည့်စုံသည်။ အာဇီဝသမ္ဗန္ဓော၊ အာဇီဝနှင့် ပြည့်စုံသည်။ ဟောတိ၊ ၏။ တထာဟိ၊ ထိုကြောင့်ပင် တည်း။ပ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

မာတိကာကထာ၊ မာတိကာကထာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

တတိယော၊ သုံးခုမြောက်ဖြစ်သော။ ပညာဝဂ္ဂေါ၊ ပညာဝဂ်သည်။

နိဋ္ဌိတော၊ ပြီးပြီ။

---

တတြ၊ ထိုပညာဝဂ်၌။ ဥဒ္ဒါနံ၊ အကျဉ်းချုပ် ဥဒ္ဒါန်းကား။ ပညာ၊ ပညာကထာရင်း။ ဣဒ္ဓိ၊ ဣဒ္ဓိကထာရင်း။ အဘိသမယော၊ အဘိသမယကထာရင်း။ ဝိဝေကော၊ ဝိဝေကကထာရင်း။ စရိယပဉ္စမော၊ ငါးခုမြောက်ဖြစ်သော စရိယကထာရင်း။ ပါဋိဟာရိ၊ ပါဋိဟာရိယကထာရင်း။ သမသီသိ၊ သမသီသိကထာရင်း။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာနကထာရင်း။ ဝိပဿနာ၊ ဝိပဿနာကထာရင်း။ ဣတိ၊ ဤသို့။ မာတိကာယ၊ မာတိကာကထာနှင့် တကွ။ ဧတ-တာ ကထာယော၊ ထိုကထာတို့သည်။ တတိယေ၊ သုံးခုမြောက်ဖြစ်သော။ ပညာဝဂ္ဂမှိ၊ ပညာဝဂ်၌။ ဒသ၊ ဆယ်ပါးတို့တည်း။

ဣမမှိ ပဋိသမ္ဘိဒါပကရဏေ၊ ဤပဋိသမ္ဘိဒါမဂ်ကျမ်း၌။ ဝဂ္ဂါ၊ ဝဂ်တို့သည်။ နာမတော၊ အမည်အားဖြင့်။ မဟာဝဂ္ဂေါ စ၊ မဟာဝဂ်ရင်း။ ယုဂနဒ္ဓေါ စ၊ ယုဂနဒ္ဓဝဂ်ရင်း။ ပညာဝဂ္ဂေါ စ၊ ပညာဝဂ်ရင်း။ ဣတိ၊ ဤသို့။ တယော ဝေ၊ သုံးပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အယံ ဂန္ထော၊ ဤပဋိသမ္ဘိဒါမဂ်ကျမ်းသည်။ အနန္တနယမဂ္ဂေသု၊ အဆုံးမရှိသော နည်းလမ်းတို့၌။ ဂမ္ဘီရော၊ နက်နဲသည်။ ဟုတွာ၊ ဖြစ်၍။ သာဂရူပမော၊ မဟာသမုဒ္ဒရာကြီးနှင့် တူပေ၏။ တာရကာကိဏ္ဏံ၊ ကြယ်တာရာတို့ဖြင့် ပြွမ်းသော။ နဘံယထာ စ၊ ကောင်းကင်ကဲ့သို့ရင်း။ ထူလော၊ ကြီးကျယ်သော။ ဇာတဿရော ယထာ စ၊ အင်းအိုင်ကြီးကဲ့သို့ရင်း။ ဟောတိ၊ ဖြစ်၏။ ကထိကာနံ၊ ပို့ချဟောပြောသော ပုဂ္ဂိုလ်တို့အား။ ဝိသာလာယ၊ ဉာဏ်ပညာကျယ်ပြန့်ခြင်းငှါ။ ဟောတိ၊ ဖြစ်၏။ ယောဂီနံ၊ ကျင့်ကြံအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏။ ဉာဏဇောတနံ၊ ဉာဏ်ကို ထွန်းလင်းစေတတ်သည်။ဟောတိ၊ ဖြစ်ပေ၏။ ဣတိ၊ ဤတွင် ပြီး၏။

ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်သည်။

နိဋ္ဌိတာ၊ အပြီးအဆုံးသို့ ရောက်ပြီ။

---

(ဤနိဿယမူဟောင်း ပေစာ၌ သက္ကရာဇ် ၁၂၆၇-ခု တပို့တွဲလဆန်း ၂-ရက်နေ့ ရေးကူး၍ ပြီးသည်-ဟု ပါရှိ၏။

ထိုမူဟောင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ပုံနှိပ်ဖြန့်ဖြူးရန်အတွက် မူသန့်သုတ်သင်ပြင်ဆင်ရာ သက္ကရာဇ် ၁၃၂၁-ခုနှစ် နတ္တော်လဆုတ် ၁၂-ရက် စနေနေ့-ညဉ့်ဦး ၆-နာရီ မိနစ် ၃၀-အချိန်တွင် မူသန့်ပြင်ဆင်၍ ပြီးသည်)။

## ပဋိသမ္ဘိဒါမဂ် ပါဠိတော်နိဿယ
## ဤတွင် ပြီးပြီ။